# မြန်မာ့ ငြိမ်းချမ်းရေး
# လုပ်ငန်းစဉ်ကို
# ပုံဖော်ခြင်း

## လမ်းညွှန်အကိုးအကား

၂၀၁၄

BNI

www.bnionline.net
www.mmpeacemonitor.org

မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား ၂၀၁၄ စာအုပ်ကို
နိုင်ငံတကာ မြန်မာ့သတင်းမှ ရေးသား တည်းဖြတ်သည်။

စာမျက်နှာနှင့်မျက်နှာဖုံး ဒီဇိုင်း - မောင်မောင်မျိုးစိမ်း

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ - ဩဂုတ်လ၊ ၂၀၁၄

ပုံနှိပ် - AIPP Printing Press

နိုင်ငံတကာ မြန်မာ့သတင်းဌာန၏ မူပိုင်ဖြစ်သည်။

**နိုင်ငံတကာ မြန်မာ့သတင်းဌာန မှ ထုတ်ဝေဖြန့်ချိသည်။**
စာတိုက်သေတ္တာ အမှတ် (၇၆)
ချင်းမိုင်တက္ကသိုလ်စာတိုက်
ချင်းမိုင်မြို့ (၅၀၂၀၂)၊ ထိုင်းနိုင်ငံ။
တယ်လီဖုန်း - +၆၆(၀)၈၄ ၇၂၂ ၅၉၈၈
အီး-မေးလ် - secretary.bni@gmail.com
Website – www.mmpeacemonitor.org

http://bnionline.net

http://www.mmpeacemonitor.blogspot.com

ISBN –978-616-7898-03-2

# မာတိကာ


ကျေးဇူးတင်လွှာ ........ iii
အတိုကောက် ဝေါဟာရများ ........ iv
တရားဝင် နှင့် ယခင်အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုခဲ့သည့် အမည်များ ........ vi
ပုံများ စာရင်း ........ vi
ဇယား ကိန်းဂဏန်းများ စာရင်း ........ vii
အစီရင်ခံစာ အကျဉ်းချုပ် ........ viii
ကျွန်ုပ်တို့အကြောင်း ........ x

နိဒါန်း - ၂၀၁၃ ခုနှစ် တစ်နိုင်ငံလုံး အပစ်ရပ်ရေး သဘောတူညီချက်အတွက် ငြိမ်းချမ်းရေး အခြေခံမူဘောင်သစ် ၁
၁။ အထွေထွေ အခြေအနေ ........ ၅
- အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေ ........ ၅
- အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ ........ ၆
  - o ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် သံန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်မှုများ ........ ၆
  - o လက်တွေ့ လုပ်ငန်းများမှ တိုးတက်ဖြစ်ပေါ်မှုများ ........ ၈
- ဆက်လက်တည်ရှိနေသေးသည့် ပြဿနာများ ........ ၈
  - o ဆက်လက်ဖြစ်ပွားနေဆဲ တိုက်ပွဲများ ........ ၈
  - o လူမှုအသိုင်းအဝန်းကြား အကြမ်းဖက်မှုများ ........ ၁၈
  - o ပြည်တွင်းဒုက္ခသည်များ (IDPs) ........ ၂၄
  - o မူးယစ်ဆေး ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု တိုးတက်လာခြင်း ........ ၂၈
  - o အကြမ်းဖက်ဝါဒ ........ ၃၀
  - o မြေယာသိမ်းပိုက်မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို ဆန့်ကျင်ဆန္ဒပြမှုများနှင့် ပတ်သက်သည့် အကြမ်းဖက်မှုများ ........ ၃၃

၂။ ၂၀၁၄ ခုနှစ် - ငြိမ်းချမ်းရေး အစီအစဉ်သစ် ........ ၃၇
- ဆန့်ကျင်ကွဲလွဲနေသော ငြိမ်းချမ်းရေး အစီအစဉ် ........ ၃၇
- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ........ ၃၉
  - o တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဟူသည်မှာ အဘယ်နည်း ........ ၃၉
  - o လက်မှတ်ရေးထိုးမည့်သူများ ........ ၄၄
  - o အပစ်အခတ်ရပ်စဲရေးအလွှန် ........ ၄၅
  - o အစိုးရ၏ ငြိမ်းချမ်းရေးအစီအစဉ်တွင် ပြောင်းလဲလာမှု- လွှတ်တော်၊ စစ်တပ်နှင့် အစိုးရအကြား တင်းမာမှုများ ........ ၄၆
  - o လက်ရှိ အပစ်အခတ်ရပ်စဲရေး အတွက် တောင်းဆိုမှုများ နှင့် ခက်ခဲသည့် ပြဿနာများ ........ ၄၈
  - o တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အချိန်ပြဇယား ........ ၅၀

၃။ ပြန်လည်ပေါင်းစည်းရေးနှင့် ရေရှည်ငြိမ်းချမ်းရေး အတွက် ဆက်လက်ကြိုးပမ်းအားထုတ်မှုများ ........ ၅၅
- ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုအတွက် ပံ့ပိုးမှုများ ........ ၅၅
  - o ဆက်ဆံရေးရုံးများ ........ ၅၅
  - o တိုင်းရင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ရေး ........ ၅၈
  - o အနာဂတ် ရွေးကောက်ပွဲများအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေး ပါတီများအကြား ပူးပေါင်းဆောင်ရွက်မှုများ ........ ၅၉
  - o ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှတဆင့် ပဋိပက္ခကို ဖြေရှင်းရန် သံန္နိဋ္ဌာန် ချမှတ်ထားမှု ........ ၆၂
  - o ဆက်ဆံရေး တည်ဆောက်မှုနှင့် ဆန္ဒမွန်၊ ဆန္ဒကောင်းများဖြင့် ချစ်ကြည်ရေး လုပ်ဆောင်မှုများ ၆၃

o နိုင်ငံသား မှတ်ပုံတင်ကဒ်ပြား ............ ၆၆
o ပြန်လည်နေရာချထားရေး ............ ၆၇
o မိုင်းရှင်းလင်းရေး ............ ၆၈
o အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများ ............ ၆၉
o မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ............ ၇၁
o နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များ ............ ၇၅
• ကိုယ်ပိုင် ပြဌာန်းခွင့် ............ ၇၆
o ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ............ ၇၇
o ၂၀၁၄ ခုနှစ် - တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူမှု ............ ၇၇
o နိုင်ငံရေးအရ တိုင်ပင်အကြံဉာဏ်ရယူမှုများ ............ ၇၈
o အမျိုးသားနေ့ ............ ၇၉
o တိုင်းရင်းသား ဘာသာစကား ............ ၈၀
o တိုင်းရင်းသားဒေသများတွင် နယ်စပ်နှင့် ဖွံ့ဖြိုးတိုးတက်မှု ............ ၈၀
• ဘာသာရေး ပဋိပက္ခဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များ ............ ၈၄
o ဥပဒေကြောင်းအရ အပြစ်ပေးမှု ............ ၈၄
o အဖွဲ့အစည်း စနစ်ဆိုင်ရာ ............ ၈၅
o တိုင်ပင်အကြံဉာဏ်ရယူမှုများနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေး အစည်းအဝေးများ ............ ၈၆
o လူမှုအသိုက်အဝန်းအတွင်း အကြမ်းဖက်မှုများဖြေရှင်းရေးအတွက် နိုင်ငံတကာ၏ အကူအညီများ ............ ၈၇

၄။ (နိုင်ငံတကာနှင့် ပြည်တွင်း) အရပ်ဖက်လူမှု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ............ ၉၀

၅။ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများ၏ အခန်းကဏ္ဍ ............ ၉၃
• နိုင်ငံရပ်ခြား လေ့လာစောင့်ကြည့်သူများ ............ ၉၄
• အိမ်နီးချင်း နိုင်ငံများ ............ ၉၄
• အခြား နိုင်ငံများ ............ ၉၇
• ငြိမ်းချမ်းရေး ပံပိုးကူညီမှု အလှူရှင်များအဖွဲ့ (PDSI) နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပံ့ပိုးမှုအဖွဲ့ (MPSI) ............ ၁၀၁
• ကုလသမဂ္ဂ ............ ၁၀၉

၆။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုအတွက် သက်ဆိုင်မှီတည်နေသည့် အကြောင်းအချက်များ ..... ၁၁၀

၇။ အဖွဲ့အစည်းများ၏ အကြောင်းအချက်များ ............ ၁၁၃

နောက်ဆက်တွဲ ၁ - အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ၂၀၁၃ တွင် တွေ့ဆုံမှု စုစုပေါင်း (အပြည့်အစုံ)
နောက်ဆက်တွဲ ၂ - တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် ၁၁ ချက်
နောက်ဆက်တွဲ ၃ - တိုင်းရင်းသားလူမျိုးများ ပူးပေါင်းဆောင်ရွက်မှု အလုပ်အဖွဲ့ (WGEC) ၏ အခြေခံမူဘောင်

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (Burma News International) အနေဖြင့် ရှုပ်ထွေးလှသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နှစ်စဉ်အလိုက် လေ့လာဖော်ပြထားသည့် ဒုတိယစာအုပ်ကို တင်ဆက်ရသည်ကို အထူးဝမ်းမြောက်မိပါသည်။ ယခုစာအုပ်တွင် စုဆောင်းဖော်ပြထားသည့် သတင်းအချက်အလက်များမှာ ပြီးခဲ့သည့်နှစ်အတွင်း (BNI) ၏ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကို လေ့လာစောင့်ကြည့်ရေး စီမံချက်က၊ သတင်းမီဒီယာ ဖော်ပြချက်များကို စုဆောင်းထားမှု ဖြစ်ပါသည်။ အခြားအရေးပါသည့် သတင်းရင်းမြစ်များအဖြစ် တွေ့ဆုံမေးမြန်းမှုများ၊ ပင်ရင်း မှတ်တမ်းမှတ်ရာများ၊ ပါဝင်ပတ်သက်နေသည့် အရေးပါသူများမှ ပေးလာသည့် သတင်းများ ဖြစ်ပါသည်။

အဖွဲ့အနေဖြင့် မိမိတို့၏ ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေး စီမံချက် အဖွဲ့ဝင်များ ဖြစ်ကြသည့် စိုင်းလိတ်၊ Ms. Donna Ong၊ ကိုနေလင်းထိုက် နှင့် ကိုအောင်ကျော်ထွန်းကို သူတို့၏ သုတေသနလုပ်ငန်းများနှင့် စာအုပ်ရေးသားပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ကိုခင်မောင်ရွှေ နှင့် ဦးခွန်ဆိုင်း ဂျိုင်ယင် တို့က သူတို့သိမြင်သည့် အတွင်းကျကျကိစ္စများ ဝေမျှဖလှယ်ခဲ့ကြပြီး၊ ယခုစာအုပ်ကို တည်းဖြတ်ကူညီခဲ့ကြသည်။ မသူထိုက်စံ၊ Ms. Ngao Hseng နှင့် ကိုနေမျိုးအောင်တို့က လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ မိမိတို့က BNI အဖွဲ့ဝင် အဖွဲ့အစည်းများကိုလည်း သတင်းများ ဝေမျှဖလှယ်ခဲ့သည့်အတွက် အထူး ကျေးဇူးတင်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သုတေသနပြုမှုများကို အမည်ဖော်ပြ မပေးနိုင်သည့်သူများကလည်း အထူးတလည် ကူညီခဲ့ကြပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ကျကျ ပါဝင်နေကြသူများကလည်း သူတို့၏ မအားလပ်သည့် အချိန်၊ ကြိုးပမ်းအားထုတ်မှုများ ယခုစာအုပ်အတွက် မျှဝေခဲ့ကြပြီး၊ မိမိတို့၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပိုမိုသိမြင်နားလည်လာကြမည်ဟု ယူဆပါသည်။

ယခုစာအုပ် ထုတ်ဝေမှုကို ပွင့်လင်းသောလူ့ဘောင် ဖောင်ဒေးရှင်းများ (Open Society Foundations) ၏ စေတနာ ထက်သန်သည့် ဘဏ္ဍာငွေကြေး ထောက်ပံ့မှု မပါဝင်လျှင် ဖြစ်နိုင်ဖွယ် မရှိပါချေ။ BNI အနေဖြင့် ယခုအခြေအနေ ဖြစ်လာအောင် ဝိုင်းဝန်းပေးခဲ့ကြသည့် အလှူရှင်များ၊ ပြီးခဲ့သည့်နှစ်များအတွက် သူတို့၏ အားပေးပံ့ပိုးနေမှုအပေါ် အထူးတလည် ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ဖော်ပြလိုပါသည်။ အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် ငြိမ်း ချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## စာဖတ်သူသို့ အမှာစာ -

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ နိုင်ငံရေးအရ အကဲဆတ်မှု နှင့် အတိုင်းအဆ၊ ပဋိပက္ခသဘောတို့ကြောင့် ယခုစာအုပ် အတွက် ပြည့်စုံတိကျသည့် အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် စိန်ခေါ်မှုကြီးစွာ ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့၏ သတင်းအချက်အလက်များအတွက် အတွင်းကျကျ ပါဝင်နေကြသူများထံမှ စိတ်ကောင်းစေတနာဖြင့် သတင်း အများအပြား ရရှိခဲ့ပါသော်လည်း၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အကျယ်အပြန့် ရုပ်ပုံကားချပ်ကြီး တစ်ခုလုံးကို ဖော်ပြနိုင်ရန် များစွာ ကျန်ရှိနေသေးကြောင်း ဖော်ပြလိုပါသည်။ မိမိတို့အနေဖြင့် လွှမ်းခြုံဖော်ပြရမည့် ကိန်းဂဏန်း စာရင်းဇယားများကို မိမိတို့စွမ်းသမျှ အကောင်းဆုံး ကြိုးပမ်းထားပါသည်။ သို့အတွက်ကြောင့် ပြီးခဲ့သည့်နှစ် အတွင်း ဖြစ်ပေါ်တိုးတက်မှု အတိုင်းအဆနှင့် သက်ရောက်မှုများအပေါ် မှန်းဆနိုင်မည်ဟုလည်း ယူဆပါသည်။ သို့သော်လည်း ဤအရေအတွက် ကိန်းဂဏန်းများသည် သတင်းမီဒီယာ အစီရင်ခံမှုများအပေါ်မှ ယူရပြီး၊ အစိုးရ၏ အခြားရင်းမြစ်များ စွာမှလည်း ရယူပါသည်။ များသောအားဖြင့် ဤကိန်းဂဏန်းများ တိုက်ဆိုင်၍ မရတတ်ပါ။ သို့အတွက်ကြောင့် ယခု စာအုပ်တွင် ဖော်ပြထားသည့် သတင်းများနှင့် ကိန်းဂဏန်းများမှာ အကောင်းဆုံး ခန့်မှန်းထားခြင်းမျှသာ ဖြစ်ပါသည်။ ရုပ်ပုံများ၊ ကားချပ်များ၊ မြေပုံများသည် ပင်မအားဖြင့်၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၏ ဖက်စုံရှုထောင့်များစွာကို နားလည် စေရလေအောင် ပံ့ပိုးထားပေးခြင်း ဖြစ်ပါသည်။ ယခုစာအုပ်သည် ၂၀၁၃ ခုနှစ် အတွင်း ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ် များအပေါ် ဖော်ပြထားပြီး နေ့စွဲအတိအကျ (ဥပမာ- နေ့၊ လ) တို့ကို ချန်လှပ်ထားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ နှစ်ဆန်း ပိုင်းတွင် အရေးကြီးသည့် ဖြစ်ရပ်များ ဖြစ်ထွန်းခဲ့ပြီး၊ ယခင်နှစ်မှ ဖြစ်ရပ်များကို ပြန်ရည်ညွှန်းကိုးကားနိုင်ရန် နှစ်ကိုပါ ထည့်သွင်း ဖော်ပြထားပါသည်။ မမျှော်မှန်းထားသည့် အကြောင်းအချက်များကြောင့် စာအုပ်ထုတ်ဝေရေးမှာ မူလစီစဉ် ထားသည့်အတိုင်း ဖေဖော်ဝါရီလတွင် မဖြစ်နိုင်ခဲ့ဘဲ ကြန့်ကြာနေခဲ့ရပါသည်။ စာရေးသူများအနေဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လတိုင် အဓိကကျသည့် အပြောင်းအလဲများကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| AA | ရက္ခိုင့် တပ်မတော် (ကချင်ပြည်နယ်) |
| AAPP-B | နိုင်ငံရေးအကျဉ်းသားများ ကူညီထောက်ပံ့ရေးအသင်း (မြန်မာပြည်) |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| ALP/ALA = RSLP | ရခိုင်လွတ်မြောက်ရေးပါတီ/တပ်မတော် = ရခိုင်ပြည် လွတ်မြောက်ရေးပါတီ |
| BGF | နယ်ခြားစောင့်တပ် |
| CBOs | ဒေသခံလူထု အခြေပြု အဖွဲ့အစည်းများ |
| CNF | ချင်းအမျိုးသားတပ်ဦး |
| CSOs | လူထုအခြေပြု လူမှုအဖွဲ့အစည်းများ |
| DKBA | ဒီမိုကရေစီ ကရင်အကျိုးပြု တပ်မတော် (ယခင် ဒီကေဘီအေ တပ်မဟာ-၅) |
| EAOs | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ |
| EBO | ဥရောပ မြန်မာရုံး |
| ENC | တိုင်းရင်းသားလူမျိုးများကောင်စီ |
| IDP | ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ |
| IPSG | နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| KIO/KIA | ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/ တပ်မတော် |
| KNDP/A | ကရင်နီအမျိုးသား ဖွံ့ဖြိုးရေးပါတီ/တပ်မတော် |
| KNLP | ကယန်းပြည်သစ်ပါတီ |
| KNO | ကချင်အမျိုးသားအစည်းအရုံး |
| KNO-B | ကူကီးအမျိုးသားအစည်းအရုံး (မြန်မာနိုင်ငံ) |
| KNPDP | ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| KNPLF | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| KNSO | ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KPC | ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KPF | ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KSDDP | ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ |
| LDU | လားဟူ ဒီမိုကရက်တစ် အစည်းအရုံး |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် |
| MPC | မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှု ဗဟိုဌာန |
| MPDF | မွန် ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးတပ်ဦး |
| MPSI | မြန်မာ့ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| MTUF | မြိတ်ထားဝယ် ညီညွတ်ရေးတပ်ဦး |
| NBF | ညီနောင် တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း |
| NCA | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |

| | |
|---|---|
| NCCT | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ |
| NDA-K | ဒီမိုကရေစီသစ် တပ်မတော် - ကချင် |
| NDAA-ESS | အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း |
| NDD | ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက် |
| NDSC | အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| NMSP | မွန်ပြည်သစ်ပါတီ |
| NSAG | အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း |
| NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ - ခပ်ပလန် |
| PCG | ငြိမ်းချမ်းရေး တည်ဆောက်ရေး အုပ်စု |
| PDSG | ငြိမ်းချမ်းရေး အလှူရှင်များအုပ်စု |
| PI | ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအတွက် ပြည်ထောင်စု အင်စတီကျူ |
| PMF | ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ် |
| PNLO | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ |
| PNO | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| PSLF/O | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး/ အစည်းအရုံး |
| SEZ/ SIZ | အထူးစီးပွားရေးဇုန်/ အထူးစက်မှုဇုန် |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခင် စစ်အစိုးရ ၁၉၈၈-၁၉၉၇) |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (ယခင် စစ်အစိုးရ ၁၉၉၇- ၂၀၁၁) |
| SSA/RCSS | ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် |
| SSA/SSPP | ရှမ်းပြည် တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် |
| TNLA | တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| TNP | တအောင်း (ပလောင်) အမျိုးသားပါတီ |
| UNFC | ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ |
| UNHCR | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNODC | ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး |
| UPWC | ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| UWSA/P | ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်၊ ပါတီ |
| WGEC | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ |
| WLB | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | ဝအမျိုးသား အစည်းအရုံး/ တပ်မတော် |
| ZRO | ဇိုမီး ပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |

# တရားဝင် နှင့် ယခင် အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုခဲ့သော အမည်များ

| တရားဝင်အမည် | ယခင် အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုခဲ့သည့် အမည် |
| --- | --- |
| ဧရာဝတီ | Irrawaddy |
| ပဲခူး | Pegu |
| ထားဝယ် | Tavoy |
| ကယား | Karenni |
| ကရင် | Karen |
| မော်လမြိုင် | Moulmein |
| မြိတ် | Mergui |
| မြန်မာ | Burma |
| ရခိုင် | Arakan |
| တနင်္သာရီ | Tanessrim |
| သံတွဲ | Sandoway |
| ရန်ကုန် | Rangoon |

# ပုံများ စာရင်း


ပုံ (၁) ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ။
ပုံ (၂) ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ။
ပုံ (၃) ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ၊ သဘောတူညီချက်များ နှင့် လူထု အသိုင်းအဝန်းအကြား အကြမ်းဖက်မှုများ
ပုံ (၄) ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပဋိပက္ခ ဖြစ်ပွားနေမှု အခြေအနေပြ မြေပုံ
ပုံ (၅) ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသော လူထုများအကြား အကြမ်းဖက်မှုများ
ပုံ (၆) ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော လူထုများအကြား အကြမ်းဖက်မှုများ
ပုံ (၇) ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော လူထုများအကြား အကြမ်းဖက်မှုများ လစဉ်အလိုက် ဖြစ်ပွားနှုန်း။
ပုံ (၈) ပျံ့နှံ့ သက်ရောက်မှု၊ နိုင်ငံတကာ အကြမ်းဖက်ဝါဒ
ပုံ (၉) မြန်မာနိုင်ငံရှိ ပြည်တွင်းဒုက္ခသည် IDPs များနှင့် ထိုင်းနိုင်ငံရှိ စစ်ပြေးဒုက္ခသည်များ။
ပုံ (၁၀) ၂၀၁၃ ခုနှစ်တွင် တိုးတက်လာသော ဘိန်းစိုက်ဧရိယာ
ပုံ (၁၁) ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဗုံးပေါက်ကွဲမှု
ပုံ (၁၂) ၂၀၁၃ ခုနှစ်အတွင်း မြေယာသိမ်းပိုက်မှုများနှင့် ဆန္ဒပြမှုများ
ပုံ (၁၃) သုံးပွင့်ဆိုင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ပြပုံဇယား
ပုံ (၁၄) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအပေါ် ဆုံးဖြတ်ချက်ချမည့် လုပ်ငန်းစဉ်
ပုံ (၁၅) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအပေါ် ဆွေးနွေးညှိနှိုင်းမည့် လုပ်ငန်းစဉ်
ပုံ (၁၆) အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လှုပ်ရှားဒေသများ
ပုံ (၁၇) ဆက်ဆံရေးရုံးများ
ပုံ (၁၈) မြန်မာနိုင်ငံရှိ မြန်မာငြိမ်းချမ်းရေး ပံ့ပိုးကူညီပေးရေး ကြိုးပမ်းမှု (MPSI) ၏ စီမံကိန်းများ

# ဇယားကိန်းဂဏန်းများ စာရင်း

ဇယား (၁) အဆင့် ၃ ဆင့်ပါ အစိုးရ၏ ငြိမ်းချမ်းရေး စီမံချက်အရ လက်မှတ်ရေးထိုးထားသော အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်များ ပြ ဇယား (၂၀၁၁- ၂၀၁၃)
ဇယား (၂) တစ်လချင်း အလိုက် လက်နက် ကိုင် တိုက်ပွဲ များ ပြ ဇယား
ဇယား (၃) အပစ်အခတ်ရပ်စဲ ထားခြင်းမရှိသော အဖွဲ့ များ နှင့် တိုက်ပွဲများ နှိုင်းယှဉ် ပြ ဇယား
ဇယား (၄) အပစ်အခတ်ရပ်စဲ ထားသော အဖွဲ့ များ နှင့် တိုက်ပွဲများ နှိုင်းယှဉ် ပြ ဇယား
ဇယား (၅) အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုနှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားစေသည့် အကြောင်းအရင်းများပြ ဇယား
ဇယား (၆) ၂၀၁၃ ခုနှစ်အတွင်း ချမှတ်ခဲ့သော ညမထွက်ရအမိန့် နှင့် နိုင်ငံတော် အရေးပေါ် အခြေအနေ များ ပြ ဇယား
ဇယား (၇) လူမှုအသိုင်းအဝန်းအဓိကရုဏ်း များကြောင့် အသက် အိုးအိမ် ဆုံးရှုံး ခဲ့ရသည့် စာရင်းများ ပြ ဇယား
ဇယား (၈) ပြည်တွင်းပြည်ပ ရှိ စစ်ဒဏ်ကြောင့် ပြောင်းရွှေ့နေကြသူများ စာရင်းပြ ဇယား
ဇယား (၉) ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ရုံး (UNODC)က သုတေသန ပြုစုထားသော ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှဒေသ ဘိန်းစိုက်ပျိုးမှုပြ ဇယား
ဇယား (၁၀) ၂၀၁၃ ခုနှစ် ပုံး ပေါက်ကွဲ မှုများပြ ဇယား
ဇယား (၁၁) မြေယာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများ နှင့် ဆန္ဒပြ မှုများ ပြ ဇယား
ဇယား (၁၂) ငြိမ်းချမ်းရေး ဆွေးနွေးပွဲ များ မှ ထိလွယ် ရှလွယ် ခေါင်းစဉ်များ ပြ ဇယား
ဇယား (၁၃) ၂၀၁၃ ခုနှစ် အတွင်း ဖွင့်လှစ်ခဲ့သော ဆက်ဆံရေး ရုံးများစာရင်းပြ ဇယား
ဇယား (၁၄) ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံရေး အကျဉ်းသား များ ကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေးသည့် စာရင်းပြဇယား
ဇယား (၁၅) ၂၀၁၁ ခုနှစ်အလွန် အပစ်ရပ်သဘောတူညီချက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက ရရှိသော စီးပွားရေးလုပ်ကိုင်ခွင့်များနှင့် ကုမ္ပဏီများ ပြ ဇယား
ဇယား (၁၆) ပြည်သူ့စစ်အဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အကြား ပဋိပက္ခ များ ပြဇယား
ဇယား (၁၇) ဒေသခံ ပြည်သူများ နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ တွေ့ဆုံ ဆွေးနွေးမှုများ ပြဇယား
ဇယား (၁၈) နယ်စပ်ကုန်သွယ်မှု ဂိတ်များပြ ဇယား
ဇယား (၁၉) နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာအကူအညီများ ပြဇယား
ဇယား (၂၀) အစ္စလာမ်မစ် နိုင်ငံများ မှ ရရှိသော အကူအညီများ ပြ ဇယား
ဇယား (၂၁) ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စီမံကိန်းများအတွက် အကူအညီများ ( ၁ ရက် ဧပြီလ ၂၀၁၂ ခုနှစ်မှ ၃၁ ရက် မတ်လ ၂၀၁၃ ခုနှစ်)
ဇယား (၂၂) ဆန်နှင့် ဆေးဝါး ထောက်ပံ့ခဲ့မှုများ ပြ ဇယား (အောက်တိုဘာလ ၃၁ ရက်၊ ၂၀၁၃ ခုနှစ်အထိ)
ဇယား (၂၃) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ဒေသများတွင် ဆန်နှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးမှုပြ ဇယား
ဇယား (၂၄) ၂၀၁၃ ခုနှစ် နော်ဝေ ငြိမ်းချမ်းရေး အဖွဲ့၏ စီမံချက်များပြ ဇယား

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၃ ခုနှစ် အတွင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပဋိပက္ခများ ဆက်လက် တည်ရှိနေသေးသည့် အလျောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်ထွန်း တိုးတက်နေစဉ်အတွင်း တက်တစ်ခါ၊ ကျတစ်လှည့် ရှိနေခဲ့ပါသည်။ အင်အားစုနှစ်ဖက်စလုံးမှ ငြိမ်းချမ်းရေးအတွက် သံန္နိဋ္ဌာန်ပြုထားမှုများ၊ လိုလားမှုများ ရှိနေကြပြီး၊ မိမိတို့၏ တောင်းဆိုချက်များကို ပျော့ပြောင်းကာ ညှိနှိုင်းမှုများ ပြုခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်တည်ရှိနေစေရန်သာမက၊ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးအတွက် တစ်ခုတည်းသော စာသားများပါ သဘောတူညီချက် (NCA) ပေါ်ပေါက်လုနီးပါး အခြေအနေရောက်အောင် သေချာကြိုးပမ်းခဲ့ကြပါသည်။ အစိုးရသစ်၏ လက်အောက်တွင် နှစ်နှစ်ကျော်ကြာ ဆောင်ရွက်လာခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ နောက်ပိုင်းတွင် နှစ်ဖက်စလုံးမှ ဆွေးနွေးညှိနှိုင်းမှု မဟာဗျူဟာများ ရင့်ကျက်လာခဲ့ကြပါသည်။ ပြောင်းပြောင်တင်းတင်း တောင်းဆိုမှုများ ပြုနေကြသည့်အစား၊ ဘုံတူညီနိုင်သည့် အချက်များကို နှစ်ဖက်စတင်ပြောဆိုမည်၊ နောက်ပိုင်းမှ အကဲဆတ်သည့် နိုင်ငံရေး၊ စစ်ရေးပြဿနာများကို ပြောဆို မည်ဟု ဖြစ်လာခဲ့ပါသည်။

အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစု အားလုံးနီးပါးတက်ရောက်ခဲ့ကြသည့်၊ နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသော သမိုင်းဝင် လိုင်ဇာညီလာခံတွင်၊ အစိုးရနှင့် ဆွေးနွေးရန် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက် (NCA) မူကြမ်း ပေါ်ထွက်လာခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ၏ တောင်းဆိုနေမှုများကို ပိုမိုအားဖြည့်မှု ဖြစ်စေသည့်၊ ပို၍ ညီညွတ်စွာ ထွက်ပေါ်လာသည့် အလှည့်အပြောင်းတစ်ခုပင် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) ကို ဖွဲ့စည်းခဲ့ကြပြီး၊ ယင်းက အစိုးရ၏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီမှု (NCA) ဆိုင်ရာကိစ္စများ အားလုံးကို ကိုင်တွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မူလက အစိုးရ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တစ်ဖွဲ့ချင်း ဆွေးနွေးညှိနှိုင်းသွားရန် ဖြစ်သော်လည်း၊ ယခုအခါ ဦးစားပေး ဆောင်ရွက်နေမှုမှာ အုပ်စုအများနှင့် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်း (စာသားတူသဘောတူညီချက်တစ်ခု တည်း) လက်မှတ်ရေးထိုးနိုင်ရေး ဖြစ်ပါသည်။ နိုင်ငံရေး ဆွေးနွေးမှုများမစတင်မီ တဖွဲ့ခြင်းစီ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးစေမှု အခြေအနေကို ဖြေရှင်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ အစိုးရ၏ အပစ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းတွင် ဖော်ပြထားသော နိုင်ငံရေး ဆွေးနွေးချက် ခေါင်းစဉ်များကို လက်ခံပြီး လိုက်လျောမှုပြုခဲ့ပါသည်။

သို့အတွက်ကြောင့် လက်မှတ်ရေးထိုးပြီးနောက်တွင် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက်၊ ဆက်လက်ဆွေးနွေးရေးအတွက် အာမခံချက် ဖြစ်လာစေပါသည်။ လောခီးလာ တိုင်းရင်းသားညီလာခံ (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀-၂၅) တွင် အပြုသဘော တုံ့ပြန်မှုတစ်ရပ်မှာ အစိုးရနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများအကြား ပူးတွဲ အပစ် ရပ်သဘောတူညီချက် မူကြမ်းရေးဆွဲရေး ကော်မီတီ ပေါ်ပေါက်လာပါသည်။ ထို့အပြင် အစိုးရဖက်နှင့် မကြာခဏတွေ့ဆုံကြ သည့်အလျောက်၊ NCA အတွက် နှစ်ဖက်စလုံးအနေဖြင့် ပို၍နီးစပ်လာကြပါသည်။ မည်သို့ဆိုစေ ဆွေးနွေးပွဲများ အကြိမ် ပေါင်းများစွာ ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်သည့်အတွက် အစိုးရက တင်ပြထားသည့် အပစ်ရပ်လက်မှတ်ရေးထိုးရေး နေ့စွဲ မှာလည်း ကာလကန့်သတ်ချက်မရှိ နောက်သို့ ရွှေ့ဆိုင်းသွားခဲ့ပါသည်။

အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းရေးနှင့် ပဋိပက္ခဒဏ်သင့်ထားသည့် ရပ်ရွာ လူမှုအသိုက်အဝန်းများကို ကူညီပံ့ပိုးပေးရေးအတွက်၊ ၂၀၁၁ ခုနှစ် နှောင်းပိုင်းမှ စတင်၍ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီမှုများကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းတစ်စုံလုံး အတွက် အရေးပါသည့် လုပ်ငန်းများကို စတင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဥပမာအားဖြင့်- တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တရားဝင်ဖြစ်စေရေး၊ ယုံကြည်မှု တည်ဆောက်ရေး၊ တိုင်းရင်းသား လူမျိုးများ အခွင့်အရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စများ ဆက်လက်ဆောင်ရွက်ရန်အတွက် အရေးပါလှပါသည်။ ဤသို့ "ငြိမ်းချမ်းရေး အသီးအပွင့် ရလဒ်"များကို ခွဲဝေခံစားနိုင်ကြရန်အတွက် နိုင်ငံတကာမိသားစုကလည်း အရေးပါသည့် အခန်းကဏ္ဍမှ ထောက်ခံပံ့ပိုးခဲ့ ကြပါသည်။ သို့သော်လည်း ပင်မကျသည့် နိုင်ငံရေးပြဿနာများက ပဋိပက္ခများကို ပြန်လည်တွန်းပို့စေနိုင်ကြောင်း မမေ့လျော့သင့်ဘဲ စောင့်ကြည့်နေကြရမည် ဖြစ်ပါသည်။ ပဋိပက္ခလွန် ရပ်ရွာ၊ လူထုများ အတွက် နေ့စဉ်နှင့်အမျှ ဘဝတိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး၊ ကဏ္ဍပေါင်းစုံတွင် တိုးတက်လာနေမှုအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြဿနာကို ဖြေရှင်းခြင်း မပြုဘဲရှိနေလျှင်၊ အများစုက အစိုးရ၏

ရိုးသားမှုအပေါ် သံသယဝင် မေးခွန်းထုတ်လာကြမည် ဖြစ်ပါသည်။ ထို့အပြင် ပဋိပက္ခများလည်း ပြန်၍ ဖြစ်ပွားလာနိုင်ပါသည်။

ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေး မျက်နှာစာတွင် အောင်မြင်မှုများ ရရှိနေသော်လည်း၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ပဋိပက္ခများ ဆက်လက်မြင့်မားစွာ တည်ရှိနေသည့် အတွက် စိုးရိမ်ပူပန်စရာအကြောင်း ရှိနေပါသည်။ တိုင်းရင်းသား အင်အားစုများက သတင်းပေးပို့ကြရာတွင်၊ မြန်မာစစ်တပ်က သူတို့ကို သုတ်သင်ဖယ်ရှားလိုသည့် ရန်လိုသော မူဝါဒမှာ မပြောင်းလဲဘဲ ရှိနေသေးပြီး၊ သို့အတွက်ကြောင့် တိုင်းရင်းသားများက အစိုးရအပေါ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်စုံလုံး အပေါ် မယုံကြည်မှု၊ သံသယတိုးစေပါသည်။ ၂၀၁၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ အနောက်ပိုင်း ရခိုင်ပြည်နယ်တွင် လူအုပ်စုချင်း ပဋိပက္ခဖြစ်ပွားမှုများ ပေါ်ပေါက်လာပါသည်။ နိုင်ငံ၏ အခြားဒေသများသို့ ပျံ့နှံ့သွားခဲ့ပြီး၊ ဘာသာရေးအရ အစွန်းရောက်ဝါဒကို ဖြစ်ပေါ်စေသည်။ ၉၆၉ လှုပ်ရှားမှုအပေါ် လူကြိုက်များထောက်ခံလာနေသည်မှာ ဤအချက်ကို ပြသနေပါသည်။ ဆက်လက်ဖြစ်ပွားနေသည့် တိုင်းရင်းသား ပဋိပက္ခများနှင့် လူအုပ်စုချင်း အကြမ်းဖက်မှုများကြောင့် ပြည်တွင်း ဒုက္ခသည်ဦးရေကို တိုးပွားစေရုံမျှမက၊ လက်ရှိ ဒုက္ခသည်များ ပြန်လာနိုင်ရေးအတွက်လည်း ဟန့်တားထားသကဲ့သို့ ရှိစေပါသည်။ ထို့အပြင် တစ်စုံလုံးအနေဖြင့် နိုင်ငံတွင်း အပြုသဘော ပြုပြင်ပြောင်းလဲမှုများကို နှေးကွေးသွားစေနိုင်သည့်၊ သို့မဟုတ် နောက်ပြန်ဆုတ်စေနိုင်သည့် အန္တရာယ်ပင် ရှိနေပါသည်။ ဘိန်းစိုက်ပျိုးမှုနှင့် ကုန်သွယ်မှု တိုးတက်လာနေသည်မှာလည်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆန့်ကျင်ဖက်ဖြစ်စေသည့် ရလဒ်တစ်ခု ဖြစ်နေပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ယခုတိုင် လစ်ဟာချက်များ ဖော်ထုတ်ရန် ရှိနေသေးသည်ကို ပြသနေပါသည်။

ဤသို့ ပဋိပက္ခများကို ဖြစ်ပေါ်လာစေသည့် နိုင်ငံရေး ရေသောက်မြစ် အကြောင်းတရားများကို နားလည်သဘောပေါက်ရန် နှင့် ဖြေရှင်းနိုင်ရန် များစွာ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ နိုင်ငံတကာ အသိုက်အဝန်း၊ အရှေ့တောင်အာရှနိုင်ငံများ (ASEAN) နှင့် ပိုမိုပေါင်းစည်းလာလျက်ရှိပြီး၊ အာဆီယံ အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်နေချိန်၌၊ ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်၊ ပဋိပက္ခများနှင့် ဆိုးကျိုးရလဒ်များကို မြန်မာနိုင်ငံက ယခင်အခြေအနေများနှင့်မတူပဲ နိုင်ငံတကာစံချိန် စံနှုန်းများနှင့် အညီဖြေရှင်းရန် ပြုပြင်ပြောင်းလဲနိုင်ရန် ပို၍စိတ်အားထက်သန်စွာ ဆောင်ရွက်နေပါသည်။

# ကျွန်ုပ်တို့အကြောင်း

မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ဆောင်နေကြသော ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို ပိုမိုနားလည်နိုင်စေရန် နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့မှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်ရေး စီမံချက်ကို လုပ်ဆောင်နေသည်။ ရှုပ်ထွေးပွေလီလှပြီး၊ အဆင့်ကဏ္ဍများစွာ ပါဝင်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ အရေးပါသည့် လူပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ် သတင်း၊ ဦးတည်ချက်၊ လားရာ စသည်တို့ကို သေချာဂဏစွာ နားလည်သဘောပေါက်စေရန် စုစည်းထားပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ် စောင့်ကြည့်ရေး ဝက်ဘ်ဆိုက် (www.mmpeacemonitor.org) တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော နောက်ဆုံးရသတင်းများကို ပုံမှန် လွှင့်တင်လျက် ရှိနေပါသည်။ စာဖတ်သူအနေဖြင့် နောက်ဆုံးရသတင်းများနှင့် အချက်အလက်များကို စိတ်ဝင်စားပြီး ရယူလိုပါက၊ www.mmpeacemonitor.org တွင် အဖွဲ့ဝင်ထားပြီး ရယူနိုင်ပါသည်။

သတင်းအချက်အလက်များ ရယူခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ သတင်း အချက်အလက်များကို မျှဝေပေးမည် ဆိုပါက info@mmpeacemonitor.org ကို ဆက်သွယ်နိုင်ပါသည်။

Myanmar Peace Monitor

Search search...

HOME | BACKGROUND | PEACE PROCESS | CONFLICT | STAKEHOLDERS | RESEARCH | ABOUT US







Economics of Peace and Conflict (English Version)



Economics of Peace and Conflict (Burmese Version)

## Peace Monitoring Dashboard - February

**ARMED CLASHES**

Armed clashes between govt and resistance forces:
24

**COMMUNAL CLASHES**

Communal clashes between Buddhists and Muslims:
- - -

**SCHEDULED**

Projected to meet in February:
NCCT, KNU, RCSS, NDAA, UWSA, ABSDF

**UNFC's DIALOGUE FRAMEWORK**

Comprehensive Union Peace & Ceasefire Agreement (ENGLISH)
Comprehensive Union Peace & Ceasefire Agreement (BURMESE)

| # | | ARMED GROUP | STATUS |
|---|---|---|---|
| 1 | | UWSA/P | Union level |
| 2 | | NDAA | Union level |
| 3 | | DKBA-5 | Union level |
| 4 | | RCSS | Union level |
| 5 | | CNF | Union level |
| 6 | | KNU | Union level |
| 7 | | SSPP | Union level |
| 8 | | NMSP | Union level |
| 9 | | KPC | State level |
| 10 | | KNPP | Union level |
| 11 | | ALP/A | State level |
| 12 | | NSCN-K | State level |
| 13 | | PNLO | Union level |
| 14 | | ABSDF | Union Level |
| x | | AA | Combatant |
| x | | KIA | Combatant |
| x | | TNLA | Combatant |

**Tweets** Follow

News Updates @mmpeacemonitor 27 Feb
TNLA and Govt forces clashed in Kyaukme tsp today (TNLA info Dept)
Expand

UNFC Media @UNFC_Media 27 Feb
Report of #TNLA clash with #Tatmadaw on 26 Feb 2014 near Shubain (Yebon) Village of Momeik Township scribd.com/doc/209550523/... #Burma #Myanmar
Retweeted by News Updates

Tweet to @mmpeacemonitor

# နိုင်ငံတကာ မြန်မာ့သတင်း အဖွဲ့ဝင်များ ဝက်ဘ်ဆိုဒ်လိပ်စာများ

NARINJARA Independent Arakanese News Agency

နိရဥ္စရာ သတင်းဌာန
www.narinjara.com

INDEPENDENT MON NEWS AGENCY

လွတ်လပ်သော မွန်သတင်း အေဂျင်စီ
www.monnews.org

KNG Kachinnews.com

ကချင် သတင်းဌာန
www.kachinnews.com

Kaladan Press Network — FIRST ROHINGYA NEWS AGENCY (Since 2001)

ကုလားတန် သတင်းကွန်ရက်
www.kaladanpress.org

KANTARAWADDY TIMES

ကန္တာရဝတီ တိုင်း(မ်)
www.ktimes.org

KIC Karen Information Center

ကရင်သတင်းဌာန
www.karennews.org

Khonumthung Chin News Group

ခိုနူမ်းထုန် ချင်းသတင်းဌာန
www.khonumthung.org

MIZZIMA Specializing in Myanmar Related News and Multimedia

မဇ္ဈိမ သတင်းဌာန
www.mizzima.com

Network Media Group သတင်းနှင့်မီဒီယာကွန်ယက်

သတင်းနှင့် မီဒီယာ ကွန်ရက်
www.nmg-news.com

PNA Phophtaw News Association "Mon People Media Association" "Trustful Media Association"

ရွှေဟင်္သာ သတင်းဌာန
www.burmese.phophtawnews.org

Shan Herald www.panglong.org

ရှမ်းသံတော်ဆင့် သတင်းဌာန
www.english.panglong.org

The ThanLwin Times သံလွင်တိုင်းမ်

သံလွင်တိုင်းမ် ဂျာနယ်
www.thanlwintimes.org

# နိဒါန်း - ၂၀၁၃ ခုနှစ် တစ်နိုင်ငံလုံး အပစ်ရပ်ရေး သဘောတူညီချက်အတွက် ငြိမ်းချမ်းရေး အခြေခံမူဘောင်သစ်

မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းမှုကာလ တတိယနှစ်အတွင်းသို့ ရောက်ရှိလာသည့်အခါ၊ ယခင် စစ်ဗိုလ်ချုပ်ကြီး ဟောင်း တစ်ဦးဖြစ်သည့် သမ္မတဦးသိန်းစိန်၏ အရပ်သား အစိုးရဦးဆောင်မှုအောက်တွင် အပြောင်းအလဲများ လျှင်မြန်စွာ ဖြစ်ပေါ်လာပါသည်။ သမ္မတအဖြစ် တာဝန်ယူပြီးသည့်နောက်တွင် ဦးသိန်းစိန်က သူ၏အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ကဏ္ဍ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုမှာ လက်နက်ကိုင်တိုင်းရင်းသား အုပ်စုများနှင့် အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးမှုများ စတင်ခဲ့ခြင်းပင် ဖြစ်သည်။ ယင်းအဖွဲ့များမှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိချိန်မှ စတင်၍ သူတို့၏တန်းတူမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး တောင်းဆိုချက်များနှင့် လက်နက်ကိုင်တိုက်ပွဲ ဝင်လာကြသူများ ဖြစ်ကြသည်။ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများနှင့် ၂၀၁၁ ခုနှစ်တွင် စတင်ညှိနှိုင်းဆွေးနွေးခဲ့ချိန် မှ စပြီး အဓိကကျသည့်လက်နက်ကိုင်အဖွဲ့ပေါင်း ၁၇ ဖွဲ့ အနက် ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်သည်။

ယခုစာအုပ်သည် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (BNI) ၏ လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖြစ်စဉ် လေ့လာစောင့်ကြည့်ရေး အစီအစဉ် (http://www.mmpeacemonitor.org) ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး၊ ယမန်နှစ်က ထုတ်ဝေခဲ့သော "*မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း- လမ်းညွှန်အကိုးအကား ၂၀၁၃*" ကို ဆက်လက်ပြည့်စုံအောင် ဖြည့်စွက်ဖော်ပြမှုလည်း ဖြစ်သည်။ ယခု ၂၀၁၄ ခုနှစ် စာအုပ်တွင်မူ ယခင်နှစ်က ဖြစ်ပေါ် တိုးတက်မှုများကို ထည့်သွင်း ဖော်ပြထားပါသည်။ ယင်းတို့တွင် ၂၀၁၄ ခုနှစ် မတ်လအထိ သဘောတူ လက်မှတ်ရေးထိုးမှုများ၊ ထို့အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ရှုပ်ထွေးများပြားလှသည့် အရေးပါသော အင်အားစုများ၊ လူပုဂ္ဂိုလ်များ၊ ပြဿနာများကို မြေပုံနှင့်တကွ ရှင်းလင်းဖော်ပြခြင်းများ ပါဝင်ပါသည်။ ရှုပ်ထွေးလှသည့် ဆက်ဆံရေး ကိစ္စများကို နားလည်နိုင်အောင် ကြိုးပမ်းရှင်းလင်းပြခြင်း အားဖြင့်၊ အုပ်စုအားလုံးမှ ပို၍နားလည်မှု၊ ကောင်းမွန်သည့် ဆက်သွယ်ရေးများ ဖြစ်ပေါ်လာနိုင်မည်ဟု ယူဆပါသည်။ ငြိမ်းချမ်းရေး ဖြစ်စဉ် အခြေအနေများကို ကောင်းကောင်း နားလည်သဘောပေါက်ပြီး လာမည့်နှစ်များ အတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အကူညီပေးနိုင်မည်ဟုလည်း မျှော်လင့် ထားပါသည်။ ထို့အပြင် ကျွမ်းကျင်သူပညာရှင်များ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အတွက် ၎င်းတို့၏ သုံးသပ်ချက်၊ စောင့်ကြည့်လေ့လာသည့်ကိစ္စများတွင်လည်း မိမိတို့ မြေပုံဖြင့် ဖော်ပြချက်များသည် ပို၍ အထောက်အကူ ပြုစေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါသည်။

၂၀၁၃ ခုနှစ်သည်၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အသီးအပွင့်ကောင်းများ ထွက်ပေါ်စေသည့် နောက်ထပ်နှစ်တစ်ခုပင် ဖြစ်ပါသည်။ ရှိနေဆဲ မယုံကြည်မှုများ ကျန်ရှိနေသေးသော်လည်း၊ ငြိမ်းချမ်းရေး သဘောတူညီချက်များ တိုးတက် ရရှိလာခဲ့ပါသည်။ ယခုနှစ်မှ မကောင်းသည့် ဖြစ်ပေါ်မှုအဖြစ် မှတ်ချက်ပြုရန်တစ်ခုမှာ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) ၏ ဌာနချုပ်သို့ မြန်မာစစ်တပ်က ထိုးစစ်ကြီးများ ဆင်နွှဲခဲ့ခြင်းပင် ဖြစ်သည်။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒေသများသို့ စစ်အင်အားများတိုးချဲ့ချထားခဲ့ပြီး၊ သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကော်မီတီ (RCSS) တို့ ထိန်းချုပ်ရာဒေသများသို့ ယခုနှစ် ပထမ နှစ်ဝက်အတွင်း စစ်ဆင်ရေးများ ဆင်နွှဲနေခဲ့ပြီး ဒုတိယနှစ်ဝက်ပိုင်းတွင်မူ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး တစ်မူတည်းသော သဘော တူညီချက် ရရှိစေရေးအတွက် ဆွေးနွေးပွဲများ ပြုရင်း နှစ်ကုန်စေခဲ့ပါသည်။

တိုင်းရင်းသားများ ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများတွင်မူ သိသာထင်ရှားသည့် အောင်မြင်မှုမှာ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး တစ်မူတည်းသော သဘောတူညီချက် ရရှိစေရေးအတွက် ဆွေးနွေးပွဲများ ဖြစ်ပါသည်။ သို့သော်လည်း တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး အစီအစဉ်တွင် အတက်အကျများ ရှိနေဆဲ ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်းတွင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများအကြား သဘောထားကွဲပြားမှုများ ရှိခဲ့သည်။ တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) ၏ ဧပြီလတွင် ထွက်ပေါ်လာသည့် နိုင်ငံရေး အခြေခံမူဘောင် အဆိုပြုချက်က နိုင်ငံရေးဆွေးနွေးပွဲများ မစတင်မီတွင် အပစ်အခတ်ရပ်စဲရေးပြုရန် အဆိုပြုထားသည်။ လက်နက်ကိုင် တိုက်ခိုက်နေဆဲဖြစ်သော KIA နှင့် TNLA တို့ ဦးဆောင်သည့် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ် ကောင်စီ (UNFC) ကမူ ဤအစီအစဉ်ကို ဆန့်ကျင်ပြီး၊ ယခင်နှစ်များကတည်းက ကျန်ရှိနေသော ပို၍ ပြင်းထန်သည့် မဟာဗျူဟာကို ကိုင်စွဲပါသည်။ ဥပမာ- ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်၍ ရေးဆွဲခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် ထူထောင်ရန် တောင်းဆိုခြင်းများ ဖြစ်ပါသည်။ မည်သို့ဖြစ်စေ၊ KNU နှင့် RCSS တို့က WGEC ၏ မူကို ထောက်ခံကာကွယ်ပေးကြပြီး၊ အစိုးရဖက်သို့လည်း နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး တစ်မူတည်းသော သဘောတူညီချက် (single text) ရရှိစေရေးအတွက် ဆွေးနွေးရန် အောင်မြင်စွာ တိုက်တွန်းနိုင်ခဲ့ပါသည်။ အစိုးရက ရေးဆွဲသည့် မူကြမ်းသည် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ၏ သမိုင်းဝင် လိုင်ဇာညီလာခံ ပေါ်ထွက်လာစေရန် စေ့ဆော်မှုအကြောင်း ဖြစ်ပြီး၊ အဖွဲ့ ၁၈ ဖွဲ့ တွေ့ဆုံနိုင်ခဲ့ကြပါသည်။ အံ့အားသင့်ဖွယ် ဖြစ်ပေါ်တိုးတက်မှုမှာ ဤညီလာခံမှ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးအတွက် တစ်မူတည်းသော သဘောတူညီချက် ရရှိစေရေး ကြိုးပမ်းချက်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ခဲ့သည်။ သို့သော် ၎င်းတွင် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဟု အာမခံချက် ရှိရမည်ဟု ဖော်ပြထားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကို ကိုယ်စားပြု၍ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) ကို ဖွဲ့စည်းခဲ့ပြီး၊ တစ်မူတည်းသော သဘောတူညီချက် ရရှိစေရေးအတွက် အစိုးရနှင့် ဆွေးနွေးပွဲများ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုစာအုပ်၏ ပထမပိုင်းတွင်၊ ပြီးခဲ့သည့်နှစ် ဖြစ်ပေါ်တိုးတက်မှုများ၏ အထွေထွေ အခြေအနေကို တင်ပြထားပါသည်။ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်လက်တည်ရှိနေဆဲ ပြဿနာများကို မီးမောင်းထိုး တင်ပြထားပါသည်။ အပြုသဘော ဖြစ်ပေါ်မှုများတွင်၊ နှစ်ဖက်အကြား ယုံကြည်မှုတည်ဆောက်ရေးနှင့် ဆက်သွယ်ရေးကိစ္စများ ယခုနှစ်တွင် သိသိသာသာ တိုးတက်လာခဲ့သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အကြား ဆက်သွယ်ဆောင်ရွက်ရန် ငြိမ်းချမ်းရေး အကျိုးဆောင်များ မလိုအပ်တော့ပါ။ အစည်းအဝေးများလည်း အကြိမ်ရေ တိုးတက်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးကြောင့် မြေပြင်မှ သတင်းများအရ၊ ယခင် ပဋိပက္ခ ဖြစ်ပွားနေသည့် နေရာများတွင် လူထုများ၏ ဘဝအခြေအနေများ သိသာစွာ တိုးတက်လာခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း သိသာစွာ လျော့နည်းသွားခဲ့ပြီး၊ လူအများလည်း ခရီးသွားလာရန်နှင့် စီးပွားရေးလုပ်ကိုင်ရန် လွတ်လပ်မှုများ သိသာစွာ ခံစားနိုင်ခဲ့ကြသည်။

အားနည်းချက်အပိုင်းတွင်မူ ၂၀၁၃ ခုနှစ်အတွင်း တိုက်ပွဲများ တိုးတက်ဖြစ်ပေါ်နေသည့်အလျောက်၊ KIA, TNLA တို့နှင့် ပဋိပက္ခ အခြေအနေမှာ တိုးတက်လာခြင်း မရှိသေးပါ။ အပစ်ရပ်စဲရေး ချိုးဖောက်မှုများလည်း ဆက်လက် ဖြစ်ပေါ်နေသည်။ အထူးသဖြင့် မြန်မာအစိုးရနှင့် RCSS, SSPP တို့အကြား တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက် ဖြစ်ပွားနေသေးသည့် အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင် လူမှုအသိုင်းအဝန်းအချင်းချင်းအကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည့်အတွက်ကြောင့်လည်း မြန်မာနိုင်ငံတွင် အခြားတစ်မျိုးသော စစ်ပွဲများအတွက် စိုးရိမ်ပူပန်ဖွယ်နှင့် ခြိမ်းခြောက်မှုများ ကြုံရလျက် ရှိနေသည်။ ၎င်း ပြဿနာသည် မြန်မာနိုင်ငံအဖို့ တိုင်းရင်းသားလူမျိုးစုများနှင့် ဖြစ်ပွားနေသော စစ်ပွဲ

များထက်စာလျှင် ပို၍ ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲဖို့အကြောင်း ရှိနေသည်။ နိုင်ငံအတွင်း "၉၆၉" လှုပ်ရှားမှု ပေါ်ပေါက်လာခြင်းနှင့်အတူ အစွန်းရောက်ဗုဒ္ဓဘာသာ သဘောထားများလည်း ရှိလာနေသည်။ တစ်ပြိုင်နက်တည်းပင် မူဆလင်အုပ်စုများဖက်မှ စစ်သွေးကြွဝါဒများလည်း တိုးတက်ဖြစ်ပေါ်လာနေသည်။ သို့အတွက်ကြောင့် နိုင်ငံအတွင်း လူမှုအသိုင်းအဝန်း အချင်းချင်း အကြမ်းဖက်မှုများ တိုး၍ကြုံတွေ့နေရ သကဲ့သို့ အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည်။ ဒေသဆိုင်ရာအတွင်းတွင်လည်း ဤသို့ကြုံတွေ့လာရဖွယ် ရှိနေသည်။ အယ်လ်ကိုင်ဒါနှင့် ဆက်နွယ်မှုများကြောင့် ပို၍ သတိထားဖွယ်ဖြစ်ပြီး၊ အထူးသဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာတွင် အစွန်းရောက် ဝါဒ ခေါင်းထောင်ထလာနေချိန်၌ အထူးသတိထားဖွယ်ရာပင် ဖြစ်သည်။ ယခုနှစ်အတွင်း ပြင်ပမှ သက်ရောက်မှုများကြောင့် နိုင်ငံတွင်း သက်ရောက်ဖြစ်ပေါ်လာသော ဘာသာရေးတင်းမာမှုများကို ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနှင့် အင်ဒိုနီးရှား နေရာ အများစုတွင် တွေ့ရသည်။ သို့ အတွက်ကြောင့် ပြည်တွင်းဒုက္ခသည် အများနှင့် ထိခိုက်နစ်နာရမှုများ တိုးတက် ဖြစ်ပေါ်လာသည်ကိုလည်း ရလဒ်အဖြစ် တွေ့ရှိနေရသည်။ ငြိမ်းချမ်းရေးအကျိုးဆက်နှင့် ဆန့်ကျင်စွာပင် မူးယစ်ဆေးဝါးထုတ်လုပ်မှုလည်း တိုးတက်လာနေသည်။ မကျေနပ်မှု၊ နစ်နာခံစားရမှုများကိုလည်း မဖြေရှင်းရသေးဘဲ ကျန်ရှိနေသေးသည်။ သို့မဟုတ် သတ်မှတ်ဖော်ထုတ်ခြင်း မရှိသေးဘဲ ကျန်ရှိနေသည်။ ဤအဖြစ်များကြောင့် ဖုံးပေါက်ကွဲမှုများ ဖြစ်ပေါ်လာသည်၊ သို့မဟုတ် အကြမ်းဖက်သည့် မြေယာသိမ်းယူမှုအပေါ် ဆန္ဒပြပွဲများလည်း ဖြစ်ပေါ်လာသည်ဟု နားလည်ခံစား၍ရသည်။

ဤစာအုပ်၏ ဒုတိယပိုင်းတွင်၊ NCCT နှင့် မူတစ်ခုတည်းသော နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (single text) တို့ ပေါ်ပေါက်လာပြီးနောက်ပိုင်း၊ အသစ်သော ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်၍ အတွင်းကျကျ ရှင်းပြထားပါသည်။ ယင်းတင်ပြချက်များတွင် ဖြစ်ရပ်များ၏ အချိန်ဇယား၊ အရေးပါသည့် အင်အားစုများ၏ နောက်ခံအကြောင်း အချက်များ၊ ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်ကို ရှင်းပြခြင်း၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ် သဘောတူညီချက်တွင် ထည့်သွင်း ဆွေးနွေးသည့် ပြဿနာများနှင့် ကျန်ရှိနေသေးသည့် အချက်များ ထည့်သွင်း ဖော်ပြထားပါသည်။ ထို့အပြင် တစ်နိုင်ငံလုံး အပစ်ရပ် သဘောတူညီပြီးသည့်နောက်ပိုင်း၊ နိုင်ငံရေး လမ်းပြမြေပုံ မည်သို့မည်ပုံရှိနိုင်သည်ကိုလည်း တင်ပြထားပါသည်။ အစီအစဉ် အသစ်က ယခင် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို အစားထိုးခဲ့ပြီ ဖြစ်သည်။ အစိုးရက အဖွဲ့တစ်ဖွဲ့ချင်းနှင့် နောက်ထပ် သဘောတူညီချက် အသစ်များ လက်မှတ်ရေးထိုးနိုင်ရန် ရည်ရွယ်ခြင်း မရှိတော့ပါ။ အစိုးရက တစ်ညီတစ်ညွတ်တည်းဖြစ်သော အပစ်ရပ်စဲ ရေးကိုသာ ကြိုဆိုနေပြီး၊ တစ်ခုတည်းသော သဘောတူညီချက်သည်သာ နှစ်ဖက်လုံးအတွက် ပို၍ အကျိုး ဖြစ်ထွန်းစေမည်ဟု ယုံကြည်ထားပါသည်။

ဤစာအုပ်၏ တတိယပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်နေဆဲ ကြိုးပမ်းချက်များကို ဖော်ပြထားပါသည်။ ယင်းလုပ်ငန်း အများစုသည် ၂၀၁၁ ခုနှစ် အပစ်ရပ်စဲရေးနှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များ ပြီးနောက် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းလုပ်ငန်းများတွင် အထွေထွေသော ကြိုးပမ်းမှုများ အကျယ်အပြန့် ပါဝင်ပြီး၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ပံ့ပိုးပေးခြင်းမှသည်၊ တရားဝင် ဖြစ်စေရေး၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများနှင့် စစ်ကြောင့် ဒုက္ခရောက် ထိခိုက်နစ်နာခဲ့ရသည့် ဒုက္ခသည်များကို လူမှုအသိုက်အဝန်းများ အကြား ပြန်လည်ပေါင်းဆန့်နိုင်ရေး၊ နစ်ဘက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေး ကျင့်ထုံးများ၊ ကိုယ်ပိုင်ပြဌာန်းခွင့် ပြဿနာတို့ ပါဝင်ပြီး၊ စစ်ပွဲသို့တိုင် ဦးတည်စေခဲ့သည့် လူတို့၏ ထိခိုက်နာကျည်းမှု ပြဿနာများ ဖြစ်ကြသည့် ဥပမာ- တိုင်းရင်းသား အခွင့်အရေးများ၊ စီးပွားရေး ဖွံ့ဖြိုးမှု၊ တိုင်းရင်းသား ဒေသများတွင် လူနေမှုဘဝမြင့်မားစေရေး စသည့် အချက်များ ပါဝင်သည်။ ဤအခန်းတွင် လူမှုအသိုင်းအဝန်းကြားက ပဋိပက္ခများကို ဖြေရှင်းရန် ကြိုးပမ်းနေမှုများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးသဘောတူညီမှုများကို အကောင်အထည်ဖော်ကြရာ၌ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CBOs) ၏ အခန်းကဏ္ဍ၊ ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပြည်သူများ၏ အသံ ပါဝင်ခွင့် စသည့် အရေးတို့ကိုလည်း ထည့်သွင်း ရှင်းလင်းပြထားပါသည်။

စတုတ္ထပိုင်းတွင်မူ နိုင်ငံကို အပေါင်းလက္ခဏာဆောင်သော ငြိမ်းချမ်းရေး ရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းနေကြသည့်၊ နိုင်ငံတကာမိသားစု၏ အခန်းကဏ္ဍ နှင့် လှုပ်ရှားမှုများကို နားလည်သဘောပေါက်နိုင်အောင် ဦးစားပေး ရှင်းပြထားပါသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ပို၍ မြန်ဆန်အောင် အကောင်အထည်ဖော်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ မူဝါဒချမှတ်ရေး ကိစ္စတို့၌ နိုင်ငံခြားအကူအညီများ အရေးပါလှပါသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် နိုင်ငံခြားအင်အားစုများ ရှိနေခြင်း အားဖြင့်၊ သဘောတူညီချက်များကို ပို၍လေးစားလိုက်နာကြမည်ဟု အရေးတကြီး ယူဆထားကြပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကဲ့သို့ပင်၊ နိုင်ငံတကာ အကူအညီများသည်လည်း အလား

တူပင် ရှုပ်ထွေးပွေလီလှပါသည်။ မတူကွဲပြားသည့် နိုင်ငံများ၏ မတူကွဲပြားသည့် အကျိုးစီးပွား ပြိုင်ဆိုင်ကြသည့် နိုင်ငံရေးပြဿနာလည်း ရှိပါသည်။ နိုင်ငံတကာ အကူအညီများကို ပူးပေါင်းညှိနှိုင်းနိုင်ရန် ငြိမ်းချမ်းရေး အကူအညီပေး အလှူရှင်များအုပ်စု (PDSG) ကို ဖွဲ့စည်းခဲ့သော်လည်း၊ ယခုတိုင် ပွင့်လင်းမြင်သာမှု မရှိသေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှု မရှိသေးခြင်းတို့ဖြင့် ဤကိစ္စကို ဥပမာပေး ရှင်းပြနိုင်ပါသည်။ ထို့အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားထက်၊ နိုင်ငံခြားအစိုးရများ၏ စီးပွားရေး၊ နိုင်ငံရေးအကျိုး စီးပွားများကို အလေးပေး ဆောင်ရွက်နေသည်ဟုလည်း ပြင်းထန်စွာ ဝေဖန်မှုများ ရှိနေပါသည်။ နော်ဝေနိုင်ငံက ဦးဆောင်သည့် မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (MPSI) က ဖော်ဆောင်နေသော ငြိမ်းချမ်းရေး အထောက်အကူပြု စီမံကိန်းများသည်လည်း လာမည့် ဧပြီလတွင် ပြီးဆုံးမည်ဟု ယူဆရပါသည်။ ၎င်းတို့က အရေးပါသည့် အစီအစဉ်အများကို အစပြုဆောင်ရွက်ခဲ့သော်လည်း၊ နိုင်ငံရေး ပြေလည်မှုထက်စာလျှင် ဖွံ့ဖြိုးရေးအပေါ် အလေးထားနေမှုကြောင့်၊ အရပ်ဖက်အဖွဲ့အစည်းများက ဝေဖန်ခဲ့ကြပါသည်။ ထို့အပြင် တိုင်းရင်းသားအုပ်စုများကို သူတို့၏ ရည်မှန်းချက်ဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အခွင့်အရေးများ မရရှိသေးမီ၊ အပစ်အခတ် ရပ်စဲရေးကို လက်မှတ်ရေးထိုးရန် ဖိအားပေးမှုများ ရှိနေပါသည်။ နိုင်ငံခြားမှ လာရောက်ကူညီသူများ အနေဖြင့်၊ သူတို့၏ ထိတွေ့မှုနှင့် တိုင်းရင်းသားအုပ်စုများကို မဆန့်ကျင်မိစေရန် ဘက်မျှအောင် ခက်ခဲစွာကြိုးပမ်း ကြရပါသည်။ ပဋိပက္ခ နောက်ကွယ်ရှိ နိုင်ငံရေးကို နားလည်သဘောပေါက်ရန် ကြိုးပမ်း၍ သတိထားလျှင် ပို၍ကောင်းပါသည်။

ဤစာအုပ်၏ နိဂုံးပိုင်းတွင်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အောင်မြင်မှု ရရှိစေသော၊ သို့မဟုတ် အဟန့်အတားများ ဖြစ်ပေါ်စေသော ဆုံးဖြတ်ပေးမည့် အချက်များကို ဖော်ပြထားပါသည်။ နောက်ဆုံးခန်းတွင် လက်နက်ကိုင်အင်အားစုများ အသီးသီး၏ အကြောင်းအရာများ၊ UNFC ၊ အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ စသည်ဖြင့် စာဖတ်သူများ ကိုးကားနိုင်မည့် အရေးပါသော မှတ်တမ်းများကို ဖော်ပြထားပါသည်။

နိုင်ငံကို မဖွံ့ဖြိုးစေသည့် ပြဿနာစိန်ခေါ်မှုများ များပြားစွာ ရှိနေသေးသော်လည်း၊ အင်အားစု နှစ်ဖက်စလုံးတွင် အကောင်းမြင် မျှော်လင့်ချက်များ ရှိနေကြပြီး၊ ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုသည့် ဆန္ဒရှိနေကြပါသည်။ မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နှစ်ဖက်လုံးက ငြိမ်းချမ်းရေးအတွက် သူတို့ သန္နိဋ္ဌာန်ပြုထားမှုကို အကြိမ်ကြိမ် ဖော်ပြ ပြောဆိုခဲ့ကြသည်။ ခေါင်းဆောင်များကလည်း ပဋိပက္ခ စစ်ပွဲများထက် ငြိမ်းချမ်းရေးတွင် အကျိုးကျေးဇူးရှိနိုင်ပုံကို အသိအမှတ်ပြု ဖော်ပြခဲ့ကြသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် ပြည်သူလူထု၏ တောင်းဆိုမှုများအပေါ်တွင်လည်း သူတို့ တာဝန်ရှိနေပုံကိုလည်း နားလည်သဘောပေါက်ကြပါသည်။





ဝဲ - မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒု-ဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ကချင်လွတ်မြောက်ရေး အဖွဲ့မှ ဗိုလ်ချုပ် ဆွမ်လွတ် ဂွမ်မော်တို့၊ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနား ဆွေးနွေးပွဲအပြီးတွင် ဝိုင်ခွက်မြှောက် ဆုတောင်းနေကြစဉ်။ (ဓာတ်ပုံ- ဂျေပိုင်၊ ဧရာဝတီ)


ယာ - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ မြစ်ကြီးနားဆွေးနွေးပွဲတွင် ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်ဂွမ်မော်ကို တွေ့ရစဉ် (ဓာတ်ပုံ-အေပီ)

# ၁။ အထွေထွေ အခြေအနေ

## အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအနေ

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က အဓိကကျသည့် တိုင်းရင်းသားအင်အားစုများနှင့် တွေ့ဆုံ ဆွေးနွေးမှုများပြုရန် အမိန့်ထုတ်ပြန်ပြီးသည့် နောက်ပိုင်း၊ အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့က လျှင်မြန်စွာပင် ယင်းတို့နှင့်ထိတွေ့၍ ရေရှည်နိုင်ငံရေး အဖြေအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် ဆွေးနွေးခဲ့ကြသည်။ နှစ်နှစ်တာ ကာလတွင်၊ အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့် ၃-ဆင့်ကို အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းအဆင့် ၃-ဆင့်မှာ ပြည်နယ်အဆင့် (အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု)၊ ပြည်ထောင်စုအဆင့် (နိုင်ငံရေး ဆွေးနွေးမှု) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီမှု ရယူခြင်းတို့ပင် ဖြစ်သည်။ အဖွဲ့အစည်း ၁၇ ဖွဲ့ အနက်၊ ၁၄ ဖွဲ့နှင့် အပစ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး၊ ၎င်းတို့အနက်မှ ၁၁ ဖွဲ့ မှာမူ ပြည်ထောင်စုအဆင့် နိုင်ငံရေး ဆွေးနွေးမှုစတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်သည်။

အပစ်မရပ်သေးသည့် လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေခဲ့သော်လည်း၊ အစိုးရက KIA (AA နှင့်အတူ) ဆွေးနွေးပွဲများ အစဉ်တစ်စိုက် ဆက်လက်ပြုလုပ်နေပြီး၊ TNLA နှင့်လည်း ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့ပါသည်။ ဤနှစ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး မရယူနိုင်ခြင်းနှင့် ဆက်လက်၍ တိုက်ပွဲများ ဖြစ်ပေါ်နေသေးသည့်အတွက်ကြောင့် အစိုးရ၏ မူလ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် သိသာသည့် အပြောင်းအလဲများ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တစ်ဖွဲ့ချင်း တွေ့ဆုံနေသည့်အစား၊ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက် ရရှိစေရေးသို့ ဦးတည်လာခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး တစ်မူတည်းသော သဘောတူညီချက် ရရှိစေရေးမူကို WGEC က စတင်ခဲ့ပြီး၊ အစိုးရက ဇွန်လ ၁၅ ရက်နေ့တွင် သဘောတူညီခဲ့သည်။ သို့သော်လည်း နိုင်ငံရေးဆွေးနွေးမှုများ မစတင်မီ အပစ်အခတ် ရပ်စဲရေးကို လက်မှတ်ရေးထိုးရန်မှာ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား၊ အထူးသဖြင့် UNFC နှင့် WGEC (KNU နှင့် RCSS တို့က ထောက်ခံထားသည်) တို့ အကြား ကွဲပြားမှုကို ဖြစ်စေသည်။ သို့သော် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တစ်ခုတည်းသော သဘောတူညီချက် စာချုပ် ၌ အခြေခံနိုင်ငံရေးမူဘောင်တွင် နိုင်ငံရေး ဆွေးနွေးပွဲကို အာမခံချက်ပါရှိရမည်ဟု ချွင်းချက်ဖြင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများက လိုင်ဇာညီလာခံတွင် ညီညွတ်စွာ သဘောတူ ဆုံးဖြတ်ချက်ချခဲ့ကြသည်။



**ဇယား ၁** - အစိုးရ၏ အဆင့် ၃-ဆင့်ပါ ငြိမ်းချမ်းရေး အစီအစဉ်အရ ငြိမ်းချမ်းရေးသဘောတူညီချက် ရယူခဲ့သည့် အခြေအနေ (၂၀၁၁-၂၀၁၃)

| စဉ် | အဖွဲ့ | သဘောတူညီချက် အဆင့် (၂၀၁၂) | သဘောတူညီချက် အဆင့် (၂၀၁၃) | အပစ်ရပ်သဘောတူညီချက် ပြည်နယ်အဆင့် | ပြည်ထောင်စု အဆင့် |
|---|---|---|---|---|---|
| ၁ | UWSA/P | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | စက်တင်ဘာ ၆၊ ၂၀၁၁ | ဒီဇင်ဘာ ၂၆၊ ၂၀၁၁ |
| ၂ | NDAA | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | စက်တင်ဘာ ၇၊ ၂၀၁၁ | ဒီဇင်ဘာ ၂၇၊ ၂၀၁၁ |
| ၃ | DKBA | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | နိုဝင်ဘာ ၃ ၊ ၂၀၁၁ | ဒီဇင်ဘာ ၁၁၊ ၂၀၁၁ |
| ၄ | RCSS/SSA | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | ဒီဇင်ဘာ ၂ ၊ ၂၀၁၁ | ဇန်နဝါရီ ၁၆၊ ၂၀၁၂ |
| ၅ | CNF | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | ဇန်နဝါရီ ၆၊ ၂၀၁၂ | မေလ ၇၊ ၂၀၁၂ |
| ၆ | KNU | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | ဇန်နဝါရီ ၁၂၊ ၂၀၁၂ | ဧပြီလ ၇၊ ၂၀၁၂ |
| ၇ | SSPP/SSA | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | ဇန်နဝါရီ ၂၈၊ ၂၀၁၂ | ဇန်နဝါရီ ၂၈၊ ၂၀၁၂ |
| ၈ | KNPP | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | မတ်လ ၇၊ ၂၀၁၂ | ဇွန်လ ၉၊ ၂၀၁၂ |
| ၉ | NMSP | ပြည်ထောင်စုအဆင့် | ပြည်ထောင်စုအဆင့် | ဖေဖော်ဝါရီ ၁၊ ၂၀၁၂ | ဖေဖော်ဝါရီ ၂၅၊ ၂၀၁၂ |
| ၁၀ | PNLO | ပြည်နယ်အဆင့် | ပြည်ထောင်စုအဆင့် | ဩဂုတ် ၂၅၊ ၂၀၁၂ | မတ်လ ၂၃၊ ၂၀၁၃ |
| ၁၁ | ABSDF | တိုက်ခိုက်နေဆဲ | ပြည်ထောင်စုအဆင့် | ဩဂုတ် ၅၊ ၂၀၁၃ | ဩဂုတ် ၁၀၊ ၂၀၁၃ |

| | | | | | |
|---|---|---|---|---|---|
| ၁၂ | KPC | ပြည်နယ်အဆင့် | ပြည်နယ်အဆင့် | ဖေဖော်ဝါရီ ၇၊ ၂၀၁၂ | - |
| ၁၃ | ALP/A | ပြည်နယ်အဆင့် | ပြည်နယ်အဆင့် | ဧပြီ ၅၊ ၂၀၁၂ | - |
| ၁၄ | NSCN-K | ပြည်နယ်အဆင့် | ပြည်နယ်အဆင့် | ဧပြီ ၉၊ ၂၀၁၂ | - |
| ၁၅ | KIA | တိုက်ခိုက်နေဆဲ | တိုက်ခိုက်နေဆဲ | - | - |
| ၁၆ | AA * | တိုက်ခိုက်နေဆဲ | တိုက်ခိုက်နေဆဲ | - | - |
| ၁၇ | TNLA | တိုက်ခိုက်နေဆဲ | တိုက်ခိုက်နေဆဲ | - | - |

** နေပြည်တော်က AA (ရက္ခိုင့်တပ်မတော်) ကို KIO/KIA ၏ အမှီအခိုခံဟု သတ်မှတ်ထားသည့် အတွက်ကြောင့် လက်ခံဆွေးနွေးရန် ငြင်းပယ်ထားသည်။ ၎င်းအစား AA-ကချင်၊ AA-ကရင် နှင့် အခြားသော ရခိုင်အုပ်စုများကို တစ်ခုတည်းသောအလံ ALP/A အောက်တွင် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ထားသည်။*

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဆွေးနွေးပွဲများက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်သဘောတူညီချက်အပေါ် ရွှေ့ပြောင်းလာခဲ့ပြီ ဖြစ်သော်လည်း၊ ယခင် လက်မှတ်ရေးထိုးထားသည့် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်သဘောတူညီချက်များက သက်ဝင်လျက်ပင် ရှိနေဦးမည် ဖြစ်ပါသည်။ ယင်းတို့ကို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်သဘောတူညီချက်တွင် ပေါင်းစည်းထည့်သွင်းသွားမည် ဖြစ်သည်။ ထို့အပြင် ယင်းသဘောတူညီချက်တွင် အခြား ဖြစ်ပေါ်တိုးတက်မှုများ ဖြစ်သည့်၊ လိုက်နာရမည့် အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ကျင့်ထုံးများ၊ ပြန်လည်နေရာချထားရေး၊ လွတ်ငြိမ်းချမ်းသာခွင့်၊ တိုင်းရင်းသား အခွင့်အရေးများအပေါ် အသိအမှတ်ပြုရေး၊ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှု... စသည်တို့သည်လည်း ရေရှည်ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အားပေးထောက်ကူမှုများ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင်၊ ကူကီး အမျိုးသား အဖွဲ့-မြန်မာနိုင်ငံ (KNO-B) (ယခင် အိန္ဒိယရှိ ကူကီးများထံမှ ကွဲထွက်လာသော အဖွဲ့ ဖြစ်သည်။ ယခင် Kuki National Organization ဟု ခေါ်သည်။) ပေါ်ထွက်လာပြီး၊ အပစ်အခတ် မရပ်စဲရသေးသော အဖွဲ့တစ်ခု ဖြစ်ပါသည်။ အစိုးရနှင့် အပစ်အခတ်ရပ်စဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသော်လည်း အသိအမှတ်ပြုမှု မရရှိသေးပါ။ အဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းချိန်မှစ၍ ယင်းတို့နှင့် အစိုးရအကြား တိုက်ပွဲများ မရှိသေး သော်လည်း၊ နိုင်ငံတည်ငြိမ်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေပြီး၊ အမျိုးသားငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ကြွင်းကျန်ရစ်နေမည့် အနေအထားလည်းဖြစ်နေပါသည်။

## အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ

### ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် သံန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်မှုများ

၂၀၁၃ ခုနှစ်တွင် အဓိကဖြစ်ပေါ်တိုးတက်မှုများမှာ အစိုးရနှင့် တိုင်းရင်းသားအုပ်စုများအကြား သိသိသာသာ ယုံကြည်မှုတိုးတက်ရရှိလာခြင်းပင် ဖြစ်ပါသည်။ MPC အရာရှိတစ်ဦး၏ အဆိုအရ အပြုသဘောဆောင် မျှော်လင့်ချက်ထားရခြင်းမှာ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရန်၊ စိတ်ထက်သန်နေကြသည့် အတွက်ကြောင့် ဖြစ်သည်။ ပိုမိုကျယ်ပြန့်သည့် ဆွေးနွေးပွဲများ ဖြစ်စေရန် ကမကထပြုပေးရမည့် တတိယအုပ်စုများ မလိုအပ်တော့ပါ။ လက်နက်ကိုင်တိုက်ခိုက်နေသည့် အဖွဲ့များ အပါအဝင်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အစိုးရနှင့် တိုက်ရိုက်ဆက်သွယ်ရေး ထူထောင်ထားကြပြီ ဖြစ်ပါသည်။

*ဤသို့ ဖြစ်ပေါ်ရသည့် အကြောင်းများစွာ ရှိနိုင်ပါသည် -*

**၁။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ခေါင်းဆောင်များ၏ စိတ်သံန္နိဋ္ဌာန်** - ပဋိပက္ခ စစ်ပွဲများ၏ အကျိုးဆက်များနှင့် ငြိမ်းချမ်းရေး အကျိုးအမြတ်ကို သိရှိနားလည်ခြင်း။ (ဥပမာအားဖြင့်- RCSS ခေါင်းဆောင် စဝ်ယွက်စစ်က ပထမနှစ်ဝက်အတွင်း တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသည့်တိုင်၊ သူက ငြိမ်းချမ်းရေးအပေါ် သံန္နိဋ္ဌာန်ပြုထားကြောင်း အကြိမ်များစွာ ထုတ်ဖော်ပြောဆိုခဲ့သည်။ မေလ ၁၀ ရက်နေ့တွင် RCSS ၏ ပြောရေးဆိုခွင့်ရှိသူ စိုင်းလောဟ်ဆိုင်းကလည်း အစိုးရက အပစ်ခတ်ရပ်စဲရေးကို မလိုက်နာချိုးဖောက်သည့်တိုင် သူတို့အုပ်စုအနေဖြင့် အပစ်ရပ်စဲရေးကတိကဝတ် လေးနက်မှုရှိကြောင်း ထပ်လောင်း ပြောဆိုခဲ့သည်။)

၂။ **အပြုသဘောဆောင် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများ -** ဦးသိန်းစိန် အစိုးရ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား အခွင့်အရေးများနှင့် တောင်းဆိုချက်များ လေးစားလိုက်နာမည့် နိုင်ငံရေးပြုပြင် ပြောင်းလဲမှု လုပ်ရပ်များကို အစိုးရက ထုတ်ဖော်ပြသလာခဲ့သည်။

၃။ **ဦးအောင်မင်းနှင့် အစိုးရ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့၏ စိတ်စေတနာ ထက်သန်မှု -** သဘောတူညီချက်တွင် ကတိပြုထားသည့် အတိုင်း ဖြစ်အောင် ဆောင်ရွက်ပေးကြသည်။ သို့အတွက်ကြောင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အင်အားစု ခေါင်းဆောင်များက ယုံကြည်မှုဖြစ်ပေါ်လာစေသည်။ အစိုးရက တိုင်းရင်းသားအုပ်စုများ၏ တောင်းဆိုချက်များကို လိုက်လျော ဖြေရှင်းပေးရန် အသင့်ရှိပြီး၊ သို့အတွက်ကြောင့် အင်အားစုနှစ်ခု အပြန်အလှန် ရင်းနှီးယုံကြည်လာစေသည်။ ထို့အပြင် အချို့သောလုပ်ရှားမှုများဖြင့် တိုင်းရင်းသားအုပ်စုများကို ဥပဒေဘောင် အတွင်းသို့ ရောက်ရှိလာစေသည်။ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးခြင်း၊ တိုင်းရင်းသားအုပ်စု ခေါင်းဆောင်များကို နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အခွန်မဲ့ သို့မဟုတ် သက်သာသော အခွန်နှုန်းထားဖြင့် ကားတင်သွင်းခွင့် ပြုခဲ့ခြင်း စသည်တို့ ဆောင်ရွက်ပေးခဲ့သည်။

၄။ **ပြည်သူလူထုက တစ်ခဲနက် ထောက်ခံမှု -** ပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များ ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်သည့်အပေါ် ပြည်သူများက တစ်ခဲနက် ထောက်ခံမှု ပြသကြသည်။ (ဥပမာအားဖြင့်- ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကာလအတွင်း မြစ်ကြီးနားတွင် တခဲနက် ထောက်ခံအင်အားပြသခြင်း နှင့် လိုင်ဇာသို့ လမ်းလျှောက်ချီတက်မှု)

၅။ **နိုင်ငံခြားနှင့် ပြည်တွင်း အလှူရှင်များ၏ ရန်ပုံငွေ ပံ့ပိုးမှု -** ၎င်းတို့က ချစ်ကြည်ရေး ခရီးစဉ်များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများအတွက် ထောက်ပံ့ပေးခဲ့ကြသည်။ (ဥပမာ- နိပ္ပွန်ဖောင်ဒေးရှင်းက နိဝင်ဘာ ၂၃-၂၆ ရက်တွင် UNFC ခေါင်းဆောင်များကို ရန်ကုန်ခရီးစဉ်၌ ထောက်ပံ့၊ နေရာစီစဉ်ပေးခဲ့ကြသည်။)

## *တွေ့ဆုံမှုကြိမ်ရေ*

ယုံကြည်မှု တိုးတက်လာသည်ကို တရားဝင်သဘော၊ အလွတ်သဘော၊ ချစ်ကြည်ရေး ဆွေးနွေးညှိနှိုင်းမှု ကြိမ်ရေ တိုးတက်လာသည်ကို ကြည့်ခြင်းအားဖြင့် သက်သေဖြစ်ပါသည်။ MPC မှ အရာရှိတစ်ဦး၏ အဆိုအရ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများအကြား တရားဝင်နှင့် တရားဝင်မဟုတ်သည့် ဆွေးနွေးမှုအကြိမ် ၂၅၀ ခန့် ရှိခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း သတင်းမီဒီယာမှတ်တမ်းများအရ ၂၀၁၂ ခုနှစ်တွင် ၅၆ ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် ၇၄ ကြိမ်သာ မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။[1]

| | |
|---|---|
| **ငြိမ်းချမ်းရေး သဘောတူညီချက် သစ်များ** | **ABSDF** နှင့် အပစ်အခတ်ရပ်စဲရေး၊ ပြည်ထောင်စုအဆင့် သဘောတူညီမှု ရရှိသည်။ |
| **ပထမအကြိမ် အစည်းအဝေးများ** | **TNLA-** ၂ ကြိမ်<br>**UNFC-** တရားဝင် ၁ ကြိမ်၊ အလွတ်သဘော ၂ ကြိမ်<br>**NCCT-** တရားဝင် ၁ ကြိမ်၊ အလွတ်သဘော ၂ ကြိမ် |
| **ပြဿနာဖြေရှင်းရေး အစည်း အဝေးများ စုစုပေါင်း** | KNU, UWSA, SSPP, DKBA |
| **အခြား သိသာသည့် ရလဒ်များ** | KIO နည်းပညာ အထောက်အကူပြု အဖွဲ့ |

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ သိသာထင်ရှားမှုအဖြစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေမှုကို အောင်မြင်စွာ ကြိုးပမ်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပါသည်။ အစိုးရက လိုင်ဇာရှိ KIA ဌာနချုပ်ကို ပြင်းထန်စွာ ထိုးစစ်ဆင်ခဲ့ပြီးနောက်၊ တရုတ်အစိုးရက ကမကထပြုသည့် ဆွေးနွေးပွဲများ ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်လာပြီးနောက် ဆက်ဆံရေး တိုးတက်လာကာ၊ ၂၀၁၃ ခုနှစ်တွင် ဆွေးနွေးပွဲ ၆ ကြိမ် တွေ့ဆုံခဲ့ကြသည်။ ထို့နောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ကတိကဝတ်ပြုမှု၊ ပူးတွဲ စောင့်ကြည့်ရေး ကော်မီတီ၊ မြစ်ကြီးနားတွင် (ဆက်ဆံရေးရုံး အစား)

1 မီဒီယာများတွင် ဖော်ပြသည့် အစည်းအဝေးများကို အခြေခံသည်။

နည်းပညာ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်း အပါအဝင်၊ ပဏာမအကြို အပစ်ရပ်စဲရေး ဖြစ်ပေါ်လာခဲ့သည်။ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) ကလည်း သဘောထား ပျော့ပြောင်းလာပုံရသည်။ ကွဲလွဲနေသည့် အချက်များအစား၊ ဘုံတူညီသည့် အချက်များနှင့် (ဥပမာအားဖြင့်- ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်၊ နိုင်ငံခြား ကြားဝင်ဖျန်ဖြေသူ၊ နိုင်ငံခြားတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရန် စသည်တို့ကို လျော့ချပြီး) တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးကို စတင်ဆွေးနွေးရန် သဘောတူညီခဲ့သည်။ ငြိမ်းချမ်းရေးအကျိုးဆောင်များ ဖြစ်ကြသည့် ထားဝယ်မင်းသမီးကုမ္ပဏီ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ (PCG) တို့လည်း ကြားဝင်စေ့စပ်ပေးရန် ဆက်လက်မလိုအပ်တော့ပေ။ သို့သော်လည်း ပြည်တွင်းနှင့် နိုင်ငံတကာ လေ့လာသူများက အချို့အစည်းအဝေးများတွင် ဆက်လက်တက်ရောက်နေကြဆဲ ဖြစ်ပြီး၊ သဘောတူညီချက်များကို ပို၍တရားဝင်စေသည့်အပြင် ပို၍စည်းနှောင်မှုကို ဖြစ်စေသည်။

## လက်တွေ့ လုပ်ငန်းများမှ တိုးတက်ဖြစ်ပေါ်မှုများ

ပြည်နယ်အဆင့် နှင့် ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူညီမှုများ လက်မှတ်ရေးထိုးချိန်မှစ၍ ယခင် တိုက်ပွဲများ ဖြစ်ပွားနေသည့် ဒေသများရှိ ပြည်သူများအနေဖြင့် စစ်ရေးလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းလာကြသည်ဟု ဖော်ပြကြသည်။ MPSI ၊ နယ်စပ်တစ်လျှောက် ဒုက္ခသည်များ ကူညီပေးရေးအဖွဲ့ (TBC)၊ သတင်းမီဒီယာများ နှင့် ဒေသခံအုပ်စုများ၏ စစ်တမ်းကောက်ယူမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ခရီးသွားလာမှု နှင့် စီးပွားရေးလုပ်ကိုင်ရာ တွင် ပို၍ လွတ်လပ်လာသည်၊ လုံခြုံရေးအတွက် ကြောက်ရွံ့စိုးရိမ်နေရန် မရှိဘဲ၊ စစ်အုပ်စုများ အသီးသီးသို့ အခွန်ပေးဆောင်ရန် မလိုဘဲ လုပ်ကိုင်နိုင်ပြီဟု ဆိုကြသည်။ နယ်စပ်ကုန်သွယ်ရေးတွင် အကျိုးရှိလာပုံကို နယ်စပ်ကုန်သွယ်ရေး မြင့်မားလာသည်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။ ဒေသခံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ နယ်စပ်ကုန်သွယ်မှု ယခင်နှစ်ထက် နှိုင်းစာလျှင်၊ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၊ ပထမ ၅-လပိုင်း (ဧပြီ-ဩဂုတ်) တွင် ၂၆% (အမေရိကန်ဒေါ်လာ ၁.၈၈၁ ဘီလီယံ) တိုးတက်လာသည်ဟု ဖော်ပြသည်။[2] ဧရာဝတီစာစောင်တွင် ဖော်ပြထားသည့် ဆောင်းပါးအရ ချင်းပြည်နယ်တွင်လည်း CNF က အစိုးရနှင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် အပစ်ရပ်စဲရေး သဘောတူညီမှု ၃-ခု ညှိနှိုင်းဆွေးနွေးခဲ့ ချိန်မှစ၍ သိသိသာသာ တိုးတက်လာခဲ့သည်ဟု ဖော်ပြသည်။[3] လမ်းများအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာပြီး၊ ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှနေ၍ နိုင်ငံခြားခရီးသွားများ ချင်းပြည်နယ်သို့ သွားရန် အထူးခွင့်ပြုချက် တောင်းခံနေရခြင်း မလို အပ်တော့ပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလည်း ပြည်နယ်တွင်းသို့လာ၍ စီးပွားရေး အခွင့်အလမ်းများ ရှာဖွေနေကြသည်။ ဤသို့ အပြုသဘော အပြောင်းအလဲ ဖြစ်ပေါ် တိုးတက်မှုများ ရှိနေသော်လည်း၊ တိုင်းရင်းသား လူမျိုးစုများ အကြားတွင် အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်၏ ရိုးသားမှု အပေါ် သံသယရှိနေကြဆဲ ဖြစ်သည်။ စစ်တပ်က ဆယ်စုနှစ်များစွာ ကြာ ဖိနှိပ်မှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၏ စိတ်ဒဏ်ရာဒဏ်ချက်များကြောင့် အစိုးရအပေါ် မယုံမကြည် ရှိနေကြဆဲ ဖြစ်ပြီး၊ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမည်ကိုလည်း ကြောက်ရွံ့နေကြဆဲ ဖြစ်သည်။

## ဆက်လက်တည်ရှိနေသေးသည့် ပြဿနာများ

### *ဆက်လက်ဖြစ်ပွားနေဆဲ တိုက်ပွဲများ*


အရပ်သားပြည်သူများအတွက် အခြေအနေ တိုးတက်လာသည့်တိုင်၊ စစ်သားများ၊ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များက အခြားတစ်ဖက်တွင် လက်တွေ့ကွင်းထဲတွင် အခြေအနေ မပြောင်းလဲသေးဟု မြင်ကြသည်။ အစိုးရတပ်ဖွဲ့များ၏ ရန်လိုမှုများ၊ အပစ်ရပ်စဲရေး ချိုးဖောက်မှုများကို ရင်ဆိုင်နေကြရသည့်အပြင်၊ သူတို့က ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကောင်းစွာ တိုးတက်ဖြစ်ပေါ်မှု မရှိဟု မြင်ကြသည်။ ၂၀၁၃ ခုနှစ်အတွင်း၊ KIA, TNLA, RCSS, SSPP အဖွဲ့များ အပေါ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ အရှေ့တောင်ဒေသရှိ မွန်၊ ကရင် နှင့် ကယားပြည်နယ်များတွင်မူ ဖြည်းဖြည်းချင်း တိုးတက်လာနေသည်။ ရံဖန်ရံခါ တင်းမာမှုနှင့် တိုက်ပွဲများ ဆက်ရှိနေဆဲ ဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးချိန်မှ စ၍ မြန်မာနိုင်ငံ အနောက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပေါ်ခြင်း မရှိခဲ့ပါ။

---


2 "Myanmar's border trade hits over 1.8 billion USD in five months", *Xinhua*, 8 Sept 2013 Web.

3 Stubbiefield, Stan, "A View of Life in Chin State", *The Irrawaddy*. 18 January 2014. Web.

ပုံ ၁ - ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ။





ပုံ ၂ - ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ။




*မှတ်ချက်- သတင်းမီဒီယာများတွင် ဖော်ပြကြသည့် မြန်မာအစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အကြား ဖြစ်ပွားကြသည့် တိုက်ပွဲကြိမ်ရေထက်၊ အမှန်တကယ်တွင် ပို၍ များပြားပုံရပါသည်။ မြန်မာငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာမှုအဖွဲ့က ယင်းသတင်းအချက်အလက်များကို ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ ကောက်ယူစုဆောင်း ထားသည့်အပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံမှလည်း တရားဝင် အချက်အလက်များကို ရယူ စုဆောင်းပါသည်။*

ပုံ ၃ - ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော တိုက်ပွဲများ၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ၊ သဘောတူညီချက်များ နှင့် လူမှု အသိုင်း အဝန်းများအကြား အကြမ်းဖက်မှုများ




**ဇယား ၂** - ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားနေသော အုပ်စုများ၏ လစဉ် တိုက်ပွဲများစာရင်း (သတင်းဖော်ပြချက်များ အရသာ ***)


| တိုင်းရင်းသား အဖွဲ့ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက် | အောက် | နို | ဒီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| KIA | ၃၃ | ၄ | ၅ | ၃ | ၅ | ၈ | ၃ | ၇ | ၃ | ၅ | ၁၂ | ၁၂ | ၉၈ |
| TNLA | - | ၁ | ၁ | ၃ | ၇ | ၇ | ၄ | ၃ | ၅ | ၅ | ၈ | ၄ | ၄၈ |
| SSPP | - | ၂ | ၂ | ၂ | ၁ | ၆ | ၅ | - | ၄ | ၁ | ၂ | - | ၂၅ |
| RCSS | ၃ | ၁ | ၁ | - | ၆ | ၂ | ၂ | ၁ | ၂ | ၅ | ၂ | ၂ | ၂၇ |

**ယခုနှစ်နှင့် ယခင်နှစ် အုပ်စုများအလိုက် စုစုပေါင်း**

| ခုနှစ် | KIO | TNLA | SSPP | RCSS | KNU | DKBA | NMSP | KNPP | UWSA |
|---|---|---|---|---|---|---|---|---|---|
| ၂၀၁၂ | ? | ၈၀ | ၁၃၀ * | ၆၈ | ၆ | ၁ | ၀ | <၁၀ | ၀ |
| ၂၀၁၃ | ၉၈ | ၁၂၀ * | ၇၁ * | ၈၆ * | ၄ | ၄ | ၂ | ၀ | ၀ |

** တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများထံမှ သတင်းများအရ*

ပုံ ၄ - ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပဋိပက္ခ အခြေအနေပြ မြေပုံ




ဇယား ၃ - အပစ်မရပ်ရသေးသည့် အုပ်စုများအကြား လက်နက်ကိုင်တိုက်ပွဲများ နှိုင်းယှဉ်ချက်

| လက်နက်ကိုင်အဖွဲ့ | ၂၀၁၂ | ၂၀၁၃ ခုနှစ် တိုက်ပွဲများ | နေရာ | ထိခိုက်ဒဏ်ရာ (သတင်းများအရ) |
|---|---|---|---|---|
| KIA +AA (KIA နှင့် ပူးတွဲရှိနေ) | < ၂၄၀၀ (၂၀၁၁ ဇွန်မှစ၍) | ၉၈ * > ၁၀၀၀- | လိုင်ဇာအနီး၊ ဗန်းမော်၊ ဖားကန့်၊ ပန်းဝါ၊ ချီဖွေ၊ ကွတ်ခိုင်၊ ပန်ဆိုင်း၊ ကျူကုတ်၊ နမ့်ခမ်း၊ မိုးညှင်း၊ မုန်းကိုး၊ မန်စီ၊ မုန်းကိုင်၊ မန်တုံ၊ မူဆယ်၊ မချမ်းဘော၊ ပူတာအို၊ မဘိန်း၊ | ၆၈ သေဆုံး၊ ၂၁ ပြင်းထန်စွာ ဒဏ်ရာရ၊ အရပ်သားများ အပါအဝင်၊ (ပြည်တွင်း ဒုက္ခသည် > ၃၀၀၀) |
| TNLA | ၈၀ + | ၁၂၀ +^ ၄၂ * | ကွတ်ခိုင်၊ နမ့်ခမ်း၊ နမ့်ဆမ်၊ ကျောက်မဲ၊ မန်တုံ၊ မုန်းငေါင် | ၆၄ သေဆုံး၊ ၉၂ ဒဏ်ရာရ၊ အရပ်သားများ အပါအဝင် (ပြည်တွင်း ဒုက္ခသည် > ၁၀၀) |
| စုစုပေါင်း | | ၁၄၀ * | | ၁၃၂ သေဆုံး၊ ၁၁၃ ဒဏ်ရာရ (ပြည်တွင်းဒုက္ခသည် > ၃၁၀၀) |

*မီဒီယာတွင် ဖော်ပြချက်/ ^လက်နက်ကိုင်အဖွဲ့မှ ပြောဆိုချက်/ - အစိုးရမှ ခန့်မှန်းချက်/

## ***အပစ်ရပ် သဘောတူညီချက် ချိုးဖောက်မှုများ - အပစ်ရပ်စဲရေး သဘောတူညီထားသော ဒေသများတွင် တိုက်ပွဲများ***

၂၀၁၁ ခုနှစ်မှစ၍ အပစ်ရပ်စဲရေး သဘောတူညီထားသော်လည်း တိုက်ပွဲများ ဖြစ်ပွားနေဆဲ ရှိပါသည်။ SSPP (SSA-N) နှင့် RCSS (SSA-S) တို့သည် အပစ်ရပ်အဖွဲ့များထဲတွင် တိုက်ပွဲများ အများဆုံးကြုံတွေ့ရသော အဖွဲ့များ ဖြစ်သည်။ တစ်ဖွဲ့လျှင် တိုက်ပွဲ ၁၀၀ ကျော် ကြုံတွေ့ရပါသည်။[4] အများစုမှာ အငယ်စားထိတွေ့တိုက်ပွဲများ ဖြစ်သော်လည်း၊ စစ်စခန်း များ ဆုံးရှုံးရသည့် တိုက်ပွဲများနှင့် ဆက်ဆံရေးရုံးအရာရှိများကို တိုက်ခိုက်ခြင်း တို့ကိုလည်း ယင်းတို့နှစ်ဖွဲ့ ကြုံ တွေ့ခဲ့ရသည်။

**ဇယား ၄** - အပစ်ရပ်စဲထားသော အုပ်စုများအကြား လက်နက်ကိုင်တိုက်ပွဲများ နှိုင်းယှဉ်ချက်

| လက်နက်ကိုင်အဖွဲ့ | ၂၀၁၂ | ၂၀၁၃ ခုနှစ် တိုက်ပွဲများ | နေရာ | ထိခိုက်ဒဏ်ရာ (သတင်းများအရ) |
|---|---|---|---|---|
| **RCSS/ SSA** | ၆၈^ | ၂၇ * ၈၆^ | မိုးဟိန်း၊ လဲချား၊ မောက်မယ်၊ မိုင်းတုန်၊ တာဆန်း၊ ကွန်ဟိန်း၊ မိုင်းပန်၊ မိုင်းကိုင်၊ နမ့်ခမ်း၊ ဟိုပုန်း၊ နမ့်ဆမ်၊ ကျောက်မဲ၊ မိုင်းယန်း၊ လွိုင်လင် မြို့နယ်များ | ၂၂ သေဆုံး၊ ၂၀ ဒဏ်ရာ အရပ်သားများပါဝင် |
| **SSPP/SSA** | ၁၃၀^ | ၂၅ * ၇၁^ | ဟိုမိန်း၊ လားရှိုး၊ တန့်ယန်း၊ နောင်ချို၊ နမ့်မတူ၊ ကျေးသီး၊ မိုင်းရှူး၊ ကျောက်မဲ၊ မိုင်းယိုင် | ၂၁ သေဆုံး၊ ၂၀ ဒဏ်ရာ အရပ်သားများပါဝင် (ပြည်တွင်းဒုက္ခသည် ၂၈၀၀ ကျော်) |
| **DKBA** | ၁ | ၄ | လှိုင်းဘွဲ့ (မဲသဝေါ)၊ ဖားအံ (မြိုင်ကြီးငူ)၊ အပေါင်၊ ကော့ကရိတ် | ၂ သေဆုံး၊ ၂ ဒဏ်ရာ အရပ်သားများပါဝင် (ပြည်တွင်းဒုက္ခသည် ၁၀၀၀ ကျော်) |
| **KNU** | ၆ | ၄ | ဖာပွန်၊ လှိုင်းဘွဲ့ | ၂ သေဆုံး၊ ၂ ဒဏ်ရာ အရပ်သားများပါဝင် |
| **NMSP** | - | ၂ | မြိတ်၊ တနင်္သာရီ | NMSP ၃ သေဆုံး၊ ၄ ဒဏ်ရာ၊ အိမ် ၂၀ ကျော် ဖျက်ဆီးခံရ |
| **KNPP** | <၁၀ | - | | |
| **စုစုပေါင်း** | | ၆၂ * | -- | ၅၃ သေဆုံး၊ ၄၈ ဒဏ်ရာ (ပြည်တွင်းဒုက္ခသည် ၃၈၂၀) |

၂၀၁၃ ခုနှစ်တွင် အစိုးရစစ်တပ်နှင့် အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီး၊ စိတ်ပျက်ဖွယ် အခြေအနေနှင့် စတင်ခဲ့သည်။ ဤသို့တိုက်ခိုက်ခဲ့သည်မှာ ပထမနှစ်ဝက်တိုင် ဖြစ်သည်။ တိုက်ပွဲများ ဖြစ်ပွားသည်မှာ အပစ်မရပ်သေးသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင်သာ မဟုတ်ဘဲ၊ RCSS နှင့် SSPP တို့ နယ်မြေဖက်သို့လည်း ဦးတည်ခဲ့သည်။ အစိုးရက UWSA နှင့် ၎င်း၏မဟာမိတ်အဖွဲ့အစည်းများ အကြား ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်လိုသည်ဟုလည်း ကောလာဟလများ ထွက်ပေါ်ခဲ့သည်။[5]

4 S. H. A. N, နှစ်နှစ်ကျော်ကြာ အပစ်ရပ်စဲရေးအပေါ် RCSS ၏ ပြန်လည်သုံးသပ်ချက်၊ အောက်တိုဘာလ ၂၀၁၃။ Web နှင့် "Burma army increasing patrols in resistance areas", *S. H. A. N.*, နိုဝင်ဘာ ၂၀၁၃ Web.

5 "Fresh tensions with Shan army have implication for Wa", *SHAN*, 15 Feb, 2013, Web.



*လိုင်ဇာမြို့ကို စီးမိုးထားသော တောင်ကုန်းတစ်ခုပေါ်ရှိ စစ်စခန်းတွင် KIA စစ်သားများ ကင်းစောင့်နေပုံ (ဓာတ်ပုံ AP)*

ထို့အပြင် အစိုးရမဟုတ်သည့် တပ်ဖွဲ့များဖက်ကလည်း အစိုးရစစ်တပ်သည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကို သုတ်သင်ရှင်းလင်းနိုင်ရေး ၎င်း၏ စစ်ရေးရည်မှန်းချက် အထမြောက်စေရန်အတွက် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်နေသည်ဟု ထင်မြင်ယူဆကြသည်။ အစိုးရကမူ နိုင်ငံတော်စီမံကိန်းကို ကာကွယ်နိုင်ရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တရားမဝင်လုပ်ဆောင်မှုများကို တားဆီးနိုင်ရန် လုပ်ဆောင်နေသည်ဟု အကြောင်းပြသည်။ သို့သော်လည်း အင်အားစုအားလုံးက ဆက်သွယ်ရေးလမ်းကြောင်း ဆက်လက်ဖွင့်ထားရန် သံန္နိဌာန်ရှိထားမှုသည် ထိရောက်ခဲ့ပြီး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ရှေ့ဆက်နိုင်ခဲ့သည်။ နောက်ဆုံး တစ်နိုင်ငံလုံး အပစ်ရပ်ရေး ဦးတည်နိုင်သည့် အထိ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ ရှိလာခဲ့သည်။

KIO ၏ ဌာနချုပ်ဖြစ်သော လိုင်ဇာသို့ ထိုးစစ်စစ်ဆင်ရေးကို ယခင်နှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ် ပထမလတိုင်၊ ခါယာဘွန်တောင်ကုန်း ကျဆုံးသည်အထိ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ဤတောင်ကုန်းသည် သူတို့ ဌာနချုပ်ကို ကာကွယ်ပေးထားသော အဓိကကျသည့် တပ်စခန်း ဖြစ်ပြီး၊ အစိုးရတပ်များက ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် သိမ်းယူခဲ့ကြသည်။ ဤစစ်ဆင်ရေးတွင် လေကြောင်းစစ်ဆင်ရေးကိုပါ အသုံးပြုခဲ့ပြီး၊ တရုတ်နိုင်ငံတွင်းသို့ ဗုံး ၂ လုံး ကျပြီး နောက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် တစ်ကြိမ်)၊ တရုတ်နိုင်ငံက စောဒကတက်လာသည့်အတွက် မြန်မာစစ်တပ်က တစ်ပတ်ကျော်ကြာ လေကြောင်းထိုးစစ်ဆင်မှုကို ရပ်ဆိုင်းခဲ့သည်။ မြန်မာစစ်တပ်က လေကြောင်းဖြင့် ထိုးစစ်ဆင်သည့်ကိစ္စကို ပထမပိုင်းတွင် ငြင်းဆိုခဲ့ပြီး၊ ဇန်နဝါရီ လ ၁ ရက်နေ့တွင် ရဟတ်ယာဉ်များနှင့် ဂျက်လေယာဉ်များက အစိုးရတပ်များကို ထောက်ပံ့ရေးအတွက်သာဟု ဆိုခဲ့ကြသည်။ သို့သော် ဇန်နဝါရီလ ၄ ရက်နေ့တွင် လေကြောင်းထိုးစစ်ပြုခဲ့သည်ဟု ဝန်ခံခဲ့သည်။ ကချင်ပြည်နယ်တွင် ထိုးစစ်ဆင်နေမှုများ ရပ်ဆိုင်းရန် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အဆိုလည်း ရှုံးနိမ့်ခဲ့ရသည်။ သမ္မတဦးသိန်းစိန်က လဲဂျားယန် အပေါ် ထိုးစစ်ဆင်နေမှုကို တစ်ဖက်သတ် ရပ်စဲရန် ဇန်နဝါရီလ ၁၈ ရက်နေ့ အမိန့်ကိုလည်း တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများနှင့် နိုင်ငံတကာက စိုးရိမ်စိတ်ပွားခဲ့ကြရသည်။ အစိုးရက စစ်တပ်ကို ထိန်းချုပ်နိုင်ပါမည်လောဟု မေးခွန်းများ ဖြစ်ခဲ့ရသည်။ ထို့အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုလုံးအပေါ် သံသယဖြစ်ခဲ့ကြရပြီး၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသည့် အပစ်ရပ်သဘောတူညီချက်များ အပေါ်တွင်ပါ မယုံကြည်ရှိ လာခဲ့သည်။

လဲဂျားယန်တိုက်ပွဲများ ပြင်းထန်ကြီးမားမှုအတွက်ကြောင့် လူသားတို့ ထိခိုက်နစ်နာမှုလည်း များပြားလှသည်။ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်သည့် အစိုးရ၏ကြေညာချက်တွင် အစိုးရနှင့် သူပုန်တို့အကြား ဒီဇင်ဘာ ၁၀ ရက်နေ့မှ စတင်၍ တိုက်ပွဲပေါင်း ၁၀၀၀ ကျော် ဖြစ်ပွားခဲ့သည်ဟု ဖော်ပြထားသည်။[6]

6 သတင်းထုတ်ပြန်ရေး ကော်မီတီ၊ *သတင်းထုတ်ပြန်ချက် အမှတ် ၃/၂၀၁၃၊* မြန်မာနိုင်ငံတော် အစိုးရ ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၁၃ ခုနှစ်။

အစိုးရစစ်တပ်တွင် များစွာ ထိခိုက်မှုရှိခဲ့ကြောင်းလည်း မြန်မာအစိုးရက ဖော်ပြသည်။ သို့သော် အရေအတွက် အတိအကျကို ဖော်ပြခြင်း မရှိပေ။ သို့သော်လည်း စစ်တပ်အရာရှိတစ်ဦးက ပြောဆိုရာတွင်၊ စစ်တပ်၏ ရေတွက်မှုအရ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလလယ်တိုင် စစ်သား ၂၁၈ ဦး ကျဆုံး၊ ၇၆၄ ဦး ဒဏ်ရာရရှိသည်။[7]

နောက်ပိုင်းလများတွင် အစိုးရစစ်တပ်များက ရှမ်းပြည်နယ်အတွင်း သူတို့၏လှုပ်ရှားမှုများကိုပါ တိုးမြှင့်လာခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူများ၊ အရာရှိများက ယူဆကြရာတွင် ယင်းမှာ စစ်တပ်၏ "နယ်မြေရှင်းလင်းရေး" နှင့် "နယ်မြေစိုးမိုးရေး" စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု ယူဆကြသည်။[8] ဖေဖော်ဝါရီလတွင် ၎င်းစစ်တပ်များနှင့် SSPP တို့အကြား တင်းမာမှုများနှင့် တိုက်ပွဲများ တစ်ဖန်ပြန်၍ ဖြစ်ပွားလာ သည်။ မြန်မာအစိုးရတပ်များက ရှမ်းပြည်နယ် မြောက်ပိုင်းတွင် SSPP ၏ တောင်ကုန်းပေါ်ရှိ စစ်စခန်း ၄-ခု ကို ဖယ်ရှားရန် ကြိုးပမ်းလာမှုကြောင့် ဖြစ်သည်။ ယင်းတို့မှာ UWSA ကို တိုက်ခိုက်ရန်အတွက် အရေးပါသည့် စစ်စခန်း များ ဖြစ်သည်ဟု ဆိုကြသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် ကိုးကန့် (MNDAA) ကို အစိုးရတပ်များက တိုက်ခိုက် သိမ်းပိုက်ခဲ့သည့် ဖြစ်ရပ်ကြောင့်လည်း ဤတိုက်ခိုက်မှုအပေါ် သံသယတိုးစေသည်။ ကိုးကန့်စခန်းများမှာ UWSA ၏ မြောက်ဖက်တွင် ရှိနေပြီး၊ SSPP နှင့် RCSS စခန်းများမှာ သံလွင်မြစ် အနောက်ဖက်ခြမ်းတွင် တည်ရှိနေကြသည်။

ထို့အပြင် NDAA ဒေသအတွင်းသို့ အစိုးရတပ်များ ကြိုတင်သတိပေးခြင်း မရှိဘဲ ဝင်ရောက်လာကြခြင်းကြောင့် (UWSA ၏ အခြား မဟာမိတ်တပ်ဖွဲ့တစ်ခု ဖြစ်သည်) ဤသံသယပို၍ကြီး ထွားလာခဲ့သည်။ ထို့အပြင် မြန်မာစစ်တပ်က စစ်ဆင် ရေးအတွင်း UWSA, SSPP, RCSS တပ်ဖွဲ့များကို တန်ပြန်နိုင်ရန် အင်အားဖြည့်တင်းခဲ့သည်၊ စစ်စခန်းများ ပြင်ဆင် ခဲ့သည်ဟူသော သတင်းများလည်း ရှိခဲ့သည်။ ဤစစ်ဆင်ရေးများမှာ ဖေဖော်ဝါရီလမှ မေလတိုင်ခဲ့သည်။ ဗိုလ်ချုပ် ယွတ်စစ် က ယခုတိုက်ခိုက်စစ်ဆင်မှုများသည် ထိုးစစ်ထက်စာလျှင် UWSA အပေါ် ဝိုင်းပတ်ပိတ်ဆို့မှုနှင့် ပိုတူကြောင်း ထင်မြင်ချက်ပေးခဲ့သည်။[9] စစ်ရေးပြင်းထန်မှုကို ဥပမာပေး ဖော်ပြနိုင်သည်မှာ- ဖွန်လ ၅ ရက်နေ့ဖြစ်ရပ်တွင် နမ္မတူမြို့ရှိ SSPP အဖွဲ့၏ ဆက်ဆံရေးအရာရှိ ၂ ဦးကို မြန်မာ စစ်တပ်က ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး၊ တစ်ဦးမှာ ဖမ်းဆီးခံ ရသည်။ ထို့အပြင် တန့်ယန်းမြို့နယ်ရှိ လွိုင်လန်း တွင် ဖေဖော်ဝါရီလ ၁၈-၂၂ ၌ ဖြစ်ပွားသည့် တိုက်ပွဲများမှာ၊ ယခင်နှစ် အောက်တိုဘာလက SSPP တပ်မ ၃၆ ၏ အိမ်ထောင်စု ၃၅၀ ကို နေရာချထားပေးရန် နှစ်ဖက် သတ်မှတ် သဘောတူညီခဲ့သော နေရာ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

UWSA တပ်ဖွဲ့များနှင့် အစိုးရတပ်များအကြား တင်းမာမှုကို ဂျိမ်းထောက်လှမ်းရေးသတင်း (Jane's Intelligence report) ၏ ဧပြီလ ၂၉ ရက်နေ့ ဖော်ပြချက်အရ ပို၍ ခိုင်မာစေသည်။ ယင်းသတင်းအရ တရုတ်က၊ ဝေဟင်မှ ဝေဟင်ပစ် TY 90 အမျိုးအစားဒုံးများ တပ်ဆင်ထားသည့် MI 17 Hip ရဟတ်ယာဉ်အချို့ကို ဝတပ်ဖွဲ့ထံသို့ ဖေဖော်ဝါရီလကုန် ပိုင်းနှင့် မတ်လဆန်းပိုင်းတွင် လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ဆိုသည်။ (UWSA က ဤသတင်းကို ငြင်းဆိုသည်)။ သတင်းများအရ မြန်မာစစ်တပ် က ဝ တပ်ဖွဲ့၏ တောင်ပိုင်းဒေသရှိ တပ်မဟာ ၁၇၁ ကို ယခင်ဌာနချုပ်၊ မြောက်ပိုင်းရှိ ပန်ဆန်းသို့ ဖွန်လ ၇ ရက်နေ့ နောက်ဆုံး ထား၍ ပြန်လည်ဆုတ်ခွာရန် အမိန့် ပေးသည်မှစ၍ တင်းမာမှု ဖြစ်ပေါ်လာ သည်ဟု ဆိုသည်။ ဖွန်လ ၂ ရက်နေ့တွင် UWSA တောင်ပိုင်းစစ်ဌာနချုပ်တွင် အရေးပေါ် အစည်းအဝေး ခေါ်ဆိုသော်လည်း၊ တပ်ဆုတ်ခွာရေးနှင့် ပတ်သက်၍ မည်သို့ဆုံး ဖြတ်ချက်ချသည်ကို မသိရှိရပေ။ မတ်လတွင် ဝ တပ်ဖွဲ့က သူတို့ ကိုယ်ပိုင် သီးခြားပြည်နယ် တောင်းဆိုသည့်အတွက်ကြောင့် တင်းမာမှုများ ပို၍ မြင့်မားလာရသည်။ ဝ တပ်ဖွဲ့ ထိန်း ချုပ်ရာ ဒေသများတွင် နေပြည်တော်အစိုးရက စေလွှတ်သည့် ဝန်ထမ်းများ ကိုလည်း တာဝန်ထမ်းဆောင်ခွင့် မပြုခဲ့ပေ။ မေလတွင် မိုင်းတုံမြို့နယ် မိုင်းခတ်တွင် UWSA က ရာဘာစိုက်ခင်းများနှင့်အတူ မြို့သစ်တည်သည့် စီမံကိန်းဆောင် ရွက်သည်ဟုလည်း သတင်းများ ထွက်ပေါ်ခဲ့သည်။ နောက်ပိုင်း ဖွန်လတွင် တာချီလိတ်မြို့၌ ရှီကုန်အန်း (Xi Guoneng) ၏ နောက်လိုက်ဝတစ်ဦးက မြို့နေတစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်မှုလည်း ဖြစ်ပွားခဲ့သည်။ ယင်းမှာ ဝတပ်ဖွဲ့ပိုင် ဟုန်ပန်း ကုမ္ပဏီ (ယခုအခါ သော်တာဝင်းကုမ္ပဏီဟု အမည်ပြောင်းထားသည်) ၏ အရာရှိတစ်ဦးလည်း ဖြစ်သည်။ ထိုင်း နှင့် ရှမ်းတို့၏ သတင်းများအရ မြန်မာစစ်တပ်နှင့် ဝစစ်တပ် ထောင်ပေါင်းများစွာတို့သည် ဇူလိုင်လဆန်းပိုင်းတွင် မိုင်းဆတ် မြို့နယ်ရှိ မဟာဗျူဟာကျသည့် တောင်ကုန်းတစ်ခု၌ အချင်းချင်း လှည့်ပတ်ဝိုင်းထားကြသည်။ ဤဒေသသည် ထိုင်း နိုင်ငံ

7 Fuller, Thomas and Edward Wong, "Myanmar Announce a Ceasefire in Assult Against Kachin Rebels", *NY Times*, January 18, 2013.

8 "Fresh tensions with Shan army have implication for Wa", *SHAN*, 15 Feb, 2013, Web.

9 "Burma army moves against Wa, "Blocade not immenent attack", say Shan leader", *SHAN*, 4 March 2013. Web.

ချင်းမိုင်နှင့် ချင်းရိုင်တစ်ဖက် ကမ်းတွင် ရှိသည်။[10] မည်သို့ပင်ဖြစ်စေ ဇူလိုင်လ ၁၂ ရက်နေ့တွင် နှစ်ဖက် တွေ့ဆုံကြပြီး ပဋိပက္ခကို ရှောင်လွှဲနိုင်ခဲ့သည်။ အချက် ၅-ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်သည်။

RCSS သည် အပစ်အခတ်ရပ်စဲရေး အဖွဲ့ဖြစ်သော်လည်း၊ မြန်မာစစ်တပ်နှင့် ၂၀၁၃ ခုနှစ်အတွင်း အပြင်းထန်ဆုံးတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မြန်မာစစ်တပ်နှင့် RCSS တို့အကြား မေလတွင် နမ့်ခမ်းမြို့၌ လူ ၄ ဦးပျောက် ဆုံးပြီးနောက်ပိုင်း ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ခဲ့သည်။ ယင်းတို့ ၄ ဦးမှာ RCSS က ဧပြီလဆန်းပိုင်းတွင် ထောက်လှမ်းရေးများဟု မသင်္ကာဖြစ်နေသူများ ဖြစ်သည်။ ယင်း ၄ ဦးမှာ သမိုင်းဝင်ဆိုင်ရာ ဓာတ်ပုံများ ရောင်းချနေကြရာ၊ RCSS က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းတို့အနက် တစ်ဦး အသတ်ဖြတ်ခံရသည်။ RCSS က ၎င်းတို့ ၄ ဦးကို ပြန်လည်လွှဲပြောင်းပေးရန် ငြင်းဆန်မှုကြောင့်၊ မြန်မာစစ်တပ်က RCSS ၏ တန်းခါးစခန်း (နောင်မတာ ဟုလည်း သိကြသည်) မေလ ၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝင်ရောက်စီးနင်းခဲ့သည်။ မေလ ၃ ရက်နေ့ နံနက်တွင် စခန်းကို ဖျက်ဆီးခဲ့သည်။ မေလ ၉ ရက် နေ့တွင် တရုတ်-မြန်မာနယ်စပ် နမ့်ခမ်းမြို့နယ်ရှိ RCSS စခန်းကိုလည်း တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ မေလ ၁၃ ရက်နေ့ တွင် အစိုးရပိုင် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြရာတွင် RCSS က တရုတ်ပိုက်လိုင်းအနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) စခန်းကို တိုက်ခိုက်ရာ ၂ ဦးသေ၊ ၃ ဦးဒဏ်ရာရသည်ဟု ဖော်ပြသည်။ ယင်း စွပ်စွဲချက်ကို RCSS မှ ဒု-ဗိုလ်မှူးကြီးယွတ်မိန်းက ငြင်းဆိုသည်။

စစ်တပ်ပိုင် မြဝတီသတင်းစာ၌ RCSS ရှေ့တန်းစခန်းကို ဝင်ရောက်သိမ်းပိုက်ရသည့်အကြောင်း အစိုးရဖက်မှ မေလ ၁၂ ရက်နေ့တွင် ရှင်းလင်းရာတွင်၊ သဘောတူညီထားသည့် ဒေသထက် ပို၍ ချဲ့ထွင်လာခဲ့ကြောင်း၊ တရားမဝင် လူနေစခန်းများ တည်ဆောက်၍၊ မြေသိမ်းပိုက်မှုများ ရှိကြောင်း ဆိုသည်။ တစ်ဖန် RCSS ဖက်က ပြန်၍စွပ်စွဲရာ၌ မြန်မာစစ်တပ်၏ လက်လွတ်စပယ် လုပ်ရပ်ဗျူဟာများဟု ဆိုသည်။ RCSS အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးလောဂ်ဆိုင်းက ဦးအောင်မင်း ထံသို့ မေလဖြစ်ရပ်ကို အသိပေး၍ မြန်မာစစ်တပ်က လူမျိုးရေးမုန်းတီးမှုကို လှုံ့ဆော်သည်၊ အပစ်ရပ် သဘောတူညီချက်ကို ချိုးဖောက်သည်ဟု ဆိုသည်။ သို့အတွက်ကြောင့် ယင်းအဖွဲ့က ပြန်လည်တိုက်ခိုက်ရသည်ဟု ဆိုသည်။ ထို့အပြင် RCSS ၏ သျှမ်းတိုက်ခိုက်ရေးအဖွဲ့ (Shan Task Force) ၇၀၁ တပ်မှူးက ပြောကြားရာတွင် မြန်မာ စစ်တပ်များက မေလလယ်တွင် RCSS ယူနီဖောင်းများဝတ်၍ ရပ်ဖျက်ပြီး၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူသားမျိုးနွယ်ကို ချိုးဖောက်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြသည်ဟု ဆိုသည်။[11] တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ရာဒေသများ အတွင်း ဤသို့တိုက်ခိုက်မှုများနှင့် စစ်ရေးလှုံ့ဆော်မှုများသည် မြန်မာစစ်တပ် အနေဖြင့်၊ နိုင်ငံရေး ပြေလည်မှုများ ရရှိသည်အထိ မစောင့်ဆိုင်းလို၊ သူတို့၏ စစ်ရေးရည်မှန်းချက် ပြည့်ဝအောင် ဆောင်ရွက်လိုသည့် သဘောဟု ရှုမြင်ကြသည်။[12] ရှမ်း သံတော်ဆင့်သတင်းဌာန၏ အဆိုအရ နေပြည်တော်မှလာသည့် သတင်းတစ်ခုအရ KIA, SSPP နှင့် UWSA (ယင်းတို့ အနက် နှစ်ဖွဲ့မှာ အပစ်ရပ်လက်မှတ်ရေးထိုးပြီး ဖြစ်သည်) အဖွဲ့တို့မှာ မြန်မာစစ်တပ်၏ တိုက်ခိုက်မည့် အဖွဲ့များစာရင်းတွင် ပါဝင်သည်ဟု ဆိုသည်။[13] တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက အစိုးရတပ်များ၏ အပစ်ရပ်သဘောတူညီချက် ချိုးဖောက်မှုများကို အကြိမ်ကြိမ် တင်ပြခဲ့ကြပြီး၊ တိုက်ခိုက်မှုများ ရပ်စဲရန် တောင်းဆိုခဲ့ကြသည်။ လားရှိုးအခြေစိုက် မြန်မာ စစ်တပ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ပေါက်ကြားလာသော သတင်းတစ်ခုအရ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင် က ဖေဖော်ဝါရီလ ၇-၈ သင်တန်းဆင်းပွဲတွင် အောက်ပါအချက်များကို ပြောဆိုခဲ့ကြောင်း သိရှိရသည်။

- KIA တပ်မဟာ ၄ (ရှမ်းပြည်နယ်အတွင်း လှုပ်ရှားနေသည်) နှင့် ဖုန်ကြားရှင် ဦးဆောင်သည့် ကိုးကန့် (MNDAA) အကြွင်းအကျန် အုပ်စုများကို လုံးဝချေမှုန်း ရှင်းလင်းရန်
- မန္တလေး- လားရှိုး-မူဆယ် အဝေးပြေးလမ်းမပေါ်ရှိ လက်နက်ကိုင်အုပ်စုများ အားလုံးကို ရှင်းလင်းရန်။
- သံလွင်မြစ် အနောက်ဖက်ခြမ်းတစ်လျှောက်တွင် အမာခံစခန်းများ ထူထောင်ရန်။ (ဝတပ်များကို ဆိုင်ထားရန် ဖြစ်သည်) နှင့် ယင်းအမာခံတပ်စခန်းများသို့ ရာသီမရွေး သုံးနိုင်သော လမ်းများ ဖောက်လုပ်ရန်။
- တရုတ်-ရခိုင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတစ်လျှောက်နှင့် ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း (နမ့် ခမ်း) အနီးတွင် လုံခြုံရေးမြှင့်တင်ရန်.. တို့ ဖြစ်သည်။[14]

10 "Wa army engeges in dangerous maneuvers", *SHAN*, 9 July 2013, Web.
11 "Shan commander warns retiliation", *SHAN*, 31 May, 2013, Web.
12 "Burma army objectives "to cut off Wa support" for rebel alliance", *SHAN*, 27 April, 2013. Web.
13 "Burmese military launching two parallel campaigns", *SHAN*, 26 April, 2013. Web.
14 "More than 1000 casualities in the Kachin campaign: Army report", *SHAN*, 28 Aug, 2013, Web.

ထို့အပြင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အစိုးရကျောထောက်နောက်ခံပေးထားသည့် ကရင်နယ်ခြားစောင့်တပ်များ (BGF) နှင့် DKBA, KNU တို့အကြား တင်းမာမှုနှင့် အငယ်စား ထိတွေ့တွေ့မှု အကြိမ်ကြိမ် ရှိခဲ့သည်။ မြန်မာစစ်တပ်က ဇူလိုင်လ ၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်လည်း ရှိသည်။ ယင်းဖြစ်ရပ်တွင် လူ ၃ ဦး သေဆုံးခဲ့ရသည်။ အောက်တိုဘာလတွင် မြန်မာစစ်တပ်က မွန်ပြည်နယ်ရှိ မွန်စစ်စခန်း ၂ ခုကို ဖယ်ရှားရန် ကြိုးပမ်းခဲ့ရာ နောက်ထပ်တင်းမာမှုများလည်း ရှိခဲ့သည်။[15]

## *တိုက်ပွဲများ ဖြစ်ရခြင်းနှင့် အပစ်ရပ်စဲရေး ချိုးဖောက်ရခြင်း အကြောင်းရင်းများ*

အစိုးရမဟုတ်သည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရတို့အကြား တိုက်ပွဲများ ဖြစ်ပွားရခြင်းအကြောင်းကို အောက်ပါအတိုင်း အမျိုးအစားခွဲ ဖော်ပြနိုင်ပါသည်။

**ဇယား ၅** - တိုက်ပွဲများနှင့် အပစ်ရပ်စဲရေး ချိုးဖောက်ရခြင်း အကြောင်းအရင်းများ

| | | |
|---|---|---|
| ၁ | မဟာဗျူဟာ ကျသည့်၊ အမျိုးသား အကျိုး စီးပွားအရ အရေးပါသည့် နယ်မြေများကို ထိန်းချုပ်နိုင်ရန် အားပြိုင်ကြခြင်း။ (အဝေးပြေး လမ်းမများ၊ ရေအားလျှပ်စစ် စီမံကိန်းများ၊ ရေနံ နှင့် ဓာတ်ငွေ့ပိုက်လိုင်း) | **ဥပမာ- အောက်တိုဘာ ၁၅ ရက်** - မြန်မာစစ်တပ်က မဘိန်းမြို့နယ်၊ နမ့်ဟွမ်ရှိ KIA တပ်စခန်းကို တိုက်ခိုက်သည်။ အကြောင်းမှာ လမ်းပေါ်ရှိဂိတ်ကို ဖယ်မပေးသောကြောင့် ဖြစ်သည်။<br>**မေလ ၂ ရက်** - မြန်မာစစ်တပ်က DKBA ကို ဟတ်ကြီးဆည် တည်ဆောက်ရန် လျာထားသည့်ဒေသမှ မေလ ၄ ရက်နေ့၊ ၁၂း၀၀ နာရီ နောက်ဆုံးထား ထွက်ခွာပေးရန် သို့မဟုတ်ပါက တိုက်ပွဲများ ပြန်လည် ရင်ဆိုင်ရမည်ဟု ရာဇသံ ပေးပို့ခဲ့သည်။<br>**ဧပြီလ ၅ ရက်** - မြန်မာစစ်တပ်က SSPP ကို နောင်ဖဆည် တည်ဆောက်မည့် နေရာမှ ဆုတ်ခွာပေးရန် အမိန့်ပေးသည်။ ဆည်တည် ဆောက်မည့် နေရာ ပတ်ဂန်းကျင် နှင့် သံလွင်မြစ်အနောက်ဖက်ကမ်း SSPP အခြေစိုက် စခန်းများအနီးသို့ အမြောက်နှင့် သံချပ်ကာကားများ စေလွှတ်ခဲ့သည်။ |
| ၂ | အစိုးရက တရားမဝင် စီးပွားရေးလုပ်ငန်းများကို နှိမ်နင်းခြင်း၊ သို့မဟုတ် အစိုးရက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ဖယ်ရှားရန် ကြိုးပမ်းခြင်း | ***အစိုးရ-*** မြန်မာအစိုးရစစ်တပ်က တိုင်းရင်းသားလက်နက်ကိုင် ဒေသများသို့ တရားမဝင် စီးပွားရေးလုပ်ငန်းများ နှိမ်နင်းရန်၊ အထူးသဖြင့် တရုတ်နိုင်ငံသို့ ကျွန်းသစ် ခိုးထုတ်နေမှုကို နှိမ်နင်းရန် ဝင်ရောက်သည်။ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များက သူတို့ကို သတ်မှတ်ပေးသည့် ဒေသအပြင်သို့ ထွက်လာသည်။[T1]<br>**ဥပမာ- မေလ ၁ ရက်** - မြန်မာစစ်တပ်က "ရွှေတွင်းများနှင့် သစ် ထုတ်လုပ်ငန်းများကို စစ်ဆေးရန်လာပြီးနောက်" ကျိုင်းတောင်းတွင် RCSS နှင့် တိုက်ပွဲများ ဖြစ်ပွားသည်။<br>**စက်တင်ဘာ ၂ ရက်** - ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြောရာတွင် မြန်မာ အစိုးရတပ်နှင့် ရှမ်းသူပုန်များအကြား ခုခံကာကွယ်မှု အနေ ဖြင့်သာ စစ်ပွဲများ ဖြစ်ပွားသည်။<br><br>***တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ*** - အစိုးရတွင် နယ်မြေထိန်းချုပ်ထားရေး မူဝါဒ ရှိနေသည်ဟု ယုံကြည်နေကြပြီး၊ သူတို့၏ နယ်မြေများထဲသို့ ဝင်ရောက်ကာ ထိန်းချုပ်လိုသည်ဟု မြင်နေကြသည်။ နိုဝင်ဘာ လ ၂၉ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်က ၎င်း၏ အရာရှိများကို ပြောကြားရာ၌၊ မြန်မာ စစ်တပ် |

15 Min Thuta and Nai Marm, "Tatmadaw tries to force NMSP off another base", *Independent Mon News Agency*, 16 Oct, 2013, Web.

T1 စက်တင်ဘာ ၇-၈ တွင်ကျင်းပသည့် MPC နှင့် UNFC အစည်းအဝေးတွင်၊ ဦးအောင်မင်းက UNFC အဖွဲ့ဝင် အင်အားစုများကို ပြောကြားရာ၌ အရပ်သားများကို မသတ်ဖြတ်ရန်၊ အခွန်မကောက်ရန်၊ လူသစ် မစုဆောင်းရန်၊ အစိုးရ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ နှောက်ယှက်ထိပါးခြင်း မပြုရန်၊ ပြည်သူ့စစ်များကို တိုက်ခိုက်ခြင်း မပြုရန်၊ စစ်စခန်းသစ် မဆောက်လုပ်ရန် ပြောသည်။ ဦးအောင်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က အကယ်၍ အစိုးရ၏ ပြည်သူ့စစ်များကို မတိုက်ခိုက်ပါက၊ တိုင်းရင်းသားအုပ်စုများနှင့် တိုက်ပွဲဖြစ်ပွားရန် အကြောင်းမရှိဟု ပြောဆိုသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသရှိ တိုက်ပွဲများကို ဥပမာပေး၍ ပြောဆိုသည်။ စောရန်နိုင်၏ "Ethnic leaders say Nationalwide Ceasefire Accrod unlikely in October", *The Irrawaddy*, Sept 9, 2013. Web ကို ကြည့်ပါ။

| | | |
|---|---|---|
| | | သည် ပြည်တွင်းပဋိပက္ခတွင် ခုခံကာကွယ်သည့် အနေနှင့်သာ လှုပ်ရှားသည်ဟု ဆိုပြီး၊ သူက တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအပေါ် အပြစ်ပုံချခဲ့သည်ဆိုပြီး သတင်းတစ်ခုက ဆိုသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ခု၏ ကြားဖြတ်နားထောင်မှု သတင်းများအရ မြန်မာစစ်တပ်၏ အမိန့်များတွင် ဆက်လက်၍ သောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းရန် ညွှန်ကြားနေဆဲ ရှိသည်ဟု ဆိုသည်။<br><br>မြန်မာစစ်တပ်က UWSA အပေါ် ဆက်၍ ဖိအားပေးနေခြင်းမှာမူ ပြီးခဲ့သည့် မေလက ဝပြည်နယ်ကို သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်သတ်မှတ်ပေးရန် တောင်းဆိုမှု နောက်ပိုင်း တုံ့ပြန်မှုဟု လေ့လာသူများက ယူဆကြသည်။ |
| ၃ | ပြည်သူ့စစ်များက စိုက်ပျိုးထားသော ဘိန်း စိုက်ခင်းများကို တိုင်းရင်းသား လက်နက်ကိုင်များက ဖျက်ဆီးသည့် စစ်ဆင်ရေး | ဥပမာ- TNLA က မကြာခဏ နမ့်ခမ်းမြို့နယ်ရှိ ပန်ဆေးပြည်သူ့စစ်တပ်ဖွဲ့များ နှင့် အထူးသဖြင့် ဘိန်းဖျက်ဆီးသည့်အချိန်များတွင် ထိတွေ့မှုဖြစ်ပွားသည်။ |
| ၄ | တစ်ဖက်၏ လှုပ်ရှားမှုများ အပေါ် သံသယ ရှိခြင်း၊ မယုံကြည်ခြင်း | **ဥပမာ- ဇန်နဝါရီ ၅ ရက် -** တာပွေးခမှ ဟိုမုန်းသို့ လမ်းဖောက်လုပ်ခြင်းကို RCSS က ပိတ်ပင်တားဆီးမည်ဟု မြန်မာစစ်တပ်က ယုံကြည်နေသည်။ |
| ၅ | ထိန်းချုပ်ဒေသများနှင့် ပတ်သက်၍ လိုက်နာရန် ပျက်ကွက်ခြင်း | ဥပမာ- RCSS က စွပ်စွဲရာတွင် မြန်မာစစ်တပ်ကသဘောတူညီထားသည့် အပစ်ရပ်ဒေသများသို့ သွားရာလမ်းများကို ပိတ်ဆို့တားဆီးနေသည်။ အထူးသဖြင့် ၎င်းတို့ ဌာနချုပ်တည်ဆောက်ရန် လျာထားသည့် ဟိုမုန်း နှင့် မုန်းထာကို ပိတ်ဆို့နေသည်။[2]<br>**ဩဂုတ် ၆-၂၉** - KNU ထိန်းချုပ်ရာဒေသများအတွင်းရှိ မြန်မာစစ်တပ် ရှေ့တန်းစခန်း ၃၀၀ အနက်မှ ၉၀ ကို ရုပ်သိမ်းမပေးသည့် ကိစ္စနှင့် ပတ်သက် ပြီး KNU က လှိုင်းဘွဲ့မြို့နယ်တွင် ညီလာခံကျင်းပသည်။ မည်သို့ပင်ဖြစ်စေ အပစ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားမည်ဟု ဆုံးဖြတ်ခဲ့သည်။<br>တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်တစ်ဦးက ပြောဆိုရာတွင် ၎င်းတို့ တပ်ဖွဲ့ဝင်များ အပစ်ရပ်သဘောတူညီချက်အရ မြို့များသို့ လွတ်လပ်စွာ သွားလာခွင့်ရှိသည်ဟု ဆိုသော်လည်း လက်တွေ့တွင် သွားလာရ ခက်ခဲနေဆဲ ဖြစ်သည်။ ထို့အပြင် မြန်မာ စစ်တပ်က ၎င်းတို့၏ နယ်မြေထဲသို့ ဝင်လာခြင်း နှင့် စစ်စခန်းများ တည်ဆောက်ခြင်းများ ရှိသည်ဟု ဆိုသည်။ |
| ၆ | ထိရောက်မှုမရှိသော ဆက်ဆံရေးအရာရှိများ | ***အစိုးရ-*** တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖက်မှ ဆက်ဆံရေး အရာရှိများ၏ လုပ်ငန်းများ မထိရောက်မှုခြင်း၊ ဘာသာစကား အခက်အခဲ နှင့် အရည်အသွေး ညံ့ဖျင်းသောကြောင့်၊ ပြဿနာဖြစ်ရပြီး၊ ဗျူရိုကရေစီ ရှုပ်ထွေးသောကြောင့် နှောင့်နှေးရသည်။<br>***တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ-*** ဥပမာ- RCSS ခေါင်းဆောင်များက စွပ်စွဲရာတွင် အစိုးရက ဆက်ဆံရေးအရာရှိများကို အသုံးမပြုသောကြောင့် ပြဿနာဖြစ်ရသည်ဟုဆိုသည်။ |

အစိုးရစစ်တပ်က တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အောက်ပါ ၆-ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူမည်ဟု သတိပေးထားပါသည်။

၁။ အရပ်သားများကို မသတ်ဖြတ်ရ၊

၂။ အခွန်မကောက်ရ၊

၃။ လူသစ် မစုဆောင်းရ

T2 *"Burma* army obstructing the truce agreement as RCSS/SSA planning to setup its headquarters in Monghta and Homong", SHAN, 20 Mar, 2013. Web.ရန်နိုင်၏ "Ethnic leaders say Nationalwide Ceasefire Accrod unlikely in October", *The Irrawaddy*, Sept 9, 2013. Web ကို ကြည့်ပါ။


၄။ အစိုးရ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ နှောက်ယှက်ထိပါးခြင်း မပြုရ
၅။ ပြည်သူ့စစ်များကို တိုက်ခိုက်ခြင်း မပြုရ
၆။ စစ်စခန်းသစ် ဆောက်လုပ်ခြင်း မပြုရ။

### *ရှမ်းနီများကို KIA က အတင်းအကျပ် လူသစ်စုဆောင်းမှုနှင့် ကချင်ပြည်နယ်အတွင်း လူမျိုးရေး တင်းမာမှု မြင့်မားလာခြင်း*


KIA နှင့် မြန်မာအစိုးရတို့အကြား အပစ်အခတ် ရပ်စဲရေး ပျက်ပြားချိန်မှ စတင်၍ KIA က ၎င်းတို့ပြည်နယ်အတွင်းရှိ ကချင် လူမျိုးမဟုတ်သူများကိုပါ အတင်းအကျပ် စစ်သားစုဆောင်းမှုများ ရှိခဲ့သည်။ အများစုမှာ ပြည်နယ်လူဦးရေ၏ ၄၀% မျှရှိနေသော ရှမ်းနီလူမျိုးများ ဖြစ်သည်။ ထို့အပြင် ဂေါ်ရခါး (နီပေါများ) နှင့် အိန္ဒိယလူမျိုးများကိုလည်း စုဆောင်းခဲ့ကြသည်။ တိုက်ပွဲများပြင်းထန်သောကြောင့် ထကြွလာသော ကချင်အမျိုးသားရေးဝါဒနှင့်အတူ ကချင်မဟုတ်သူများ အပေါ် သွပ်သွင်းမှုကြောင့် အထူးသဖြင့် ရှမ်းနီများအကြားတွင် ကချင်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပေါ်ပေါက်လာစေသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်၊ ကချင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု အပေါ် ရှမ်းနီများက ဆန္ဒပြခဲ့ကြသည်။ ကချင် တပ်ဖွဲ့ကို မဝင်လိုကြသူများက မကြာသေးမီက အခွန်ပေးဆောင်ခဲ့ကြရသည်။ ထိုမှုမက မကြာသေးမီက ကချင်တို့၏လုပ်ရပ်များအပေါ် ရှမ်းနီတို့က လက်တုံ့ပြန်ကြမည်ဟုလည်း သတိပေးခဲ့ကြသည်။ ကချင် အရပ်သားများကို လက်စားချေမည်ဟု ဆိုသည်။ ဤသို့ဖြင့် ကချင်နှင့် ရှမ်းနီ လူမျိုးစုချင်း ပဋိပက္ခများအဖြစ် ပေါက်ကွဲ ထွက်ပေါ်လာမည်ကို စိုးရိမ်ပူပန်နေရပါသည်။ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသော ရခိုင်နှင့် ရိုဟင်ဂျာတို့အကြား လူမှု ပဋိပက္ခမျိုး ဖြစ်ပါသည်။

## လူမှုအသိုင်းအဝန်းကြား အကြမ်းဖက်မှုများ

**ပုံ ၅/၆** - လူထုများအကြား ဖြစ်ပွားသော အကြမ်းဖက်မှုများ



**ပုံ ၇ - ၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသော လူထုများအကြား အကြမ်းဖက်မှုများ လစဉ်အလိုက် ဖြစ်ပွားနှုန်း**




**ဇယား ၆ - ၂၀၁၃ ခုနှစ်တွင် ချမှတ်ခဲ့သည့် ညမထွက်ရအမိန့်နှင့် အရေးပေါ် အခြေအနေ**

| | |
|---|---|
| **ပဲခူးတိုင်း-** ဇီးကုန်း၊ လက်ပံတန်း၊ မင်းလှ၊ စစ်ကွင်း၊ အုတ်ဖို၊ သာယာဝတီ၊ အိုးဖိုကုန်း၊ မိုးညို၊ ကြို့ပင်ကောက်။ | ညမထွက်ရ၊ မတ်လ ၂၆ ရက်။ |
| **မန္တလေးတိုင်း-** မိတ္ထီလာ၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင် | အရေးပေါ်အခြေအနေ၊ မတ်လ-ဇူလိုင် ၂၀ ရက်။ ညမထွက်ရ၊ ဇူလိုင် ၂၀-ဒီဇင်ဘာ ၃၁ ရက်။ |
| **ရှမ်းပြည်နယ်-** လားရှိုး | ညမထွက်ရ၊ မေလ ၂၉-ဇူလိုင် ၂၇ ရက်။ |
| **ရန်ကုန်တိုင်း-** ဥက္ကံမြို့ | ညမထွက်ရ၊ မေလ ၂ -ဇူလိုင်လ။ |
| **ဧရာဝတီတိုင်း-** မလက်တို၊ မအူပင်မြို့နယ်များ | ညမထွက်ရ၊ ဖေဖော်ဝါရီ- မတ်လ ၃ ရက်။ |
| **ရခိုင်ပြည်နယ်-** သံတွဲမြို့နယ် | ညမထွက်ရ၊ စက်တင်ဘာ ၂၉ ရက်။ |

၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားသည့် နေရာများ မရှိပါ။ သို့သော် ညမထွက်ရအမိန့်ကို အချို့မြို့နယ်များ (ယင်းတို့ကို ၃-လတစ်ကြိမ် ပြန်၍ သုံးသပ်မှုပြုသည်) တွင် ထားရှိဆဲ ဖြစ်ပါသည်။ ယင်းမြို့များမှာ ဘူးသီးတောင်၊ မောင်းတော၊ ကျောက်ဖြူ၊ ကျောက်တော်၊ ပေါက်တော၊ စစ်တွေနှင့် သံတွဲတို့ ဖြစ်ပါသည်။




*၂၀၁၃ ခုနှစ်၊ မတ်လတွင် မိတ္ထီလာ၌ ဖြစ်ပွားသော အကြမ်းဖက်မှု (ဓာတ်ပုံ- Reuters)*

၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားသည့် လူမှုအသိုက်အဝန်းချင်း အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံ၏ အခြေအနေကို ဆိုးရွားစေပြီး၊ အစ္စလမ်ရော၊ ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်သူများတွင်ပါ ဘာသာရေး အစွန်းရောက်ဝါဒ အလျင်အမြန် ထကြွလာခဲ့ပါသည်။ မူဆလင်နှင့် ဗုဒ္ဓဘာသာဝင်တို့အကြား ပဋိပက္ခမှာ ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် "ရိုဟင်ဂျာ" မူဆလင်တို့ အကြားတွင်သာ ကန့်သတ် တည်ရှိမနေဘဲ၊ တစ်နိုင်ငံလုံးရှိ မြို့နယ် ၁၂-ခုသို့ ပျံ့နှံ့ခဲ့ပါသည်။ အထူးသဖြင့် အစ္စလမ်ဘာသာကို ကြောက်ရွံ့ခြင်း၊ နိုင်ငံတကာ အကြမ်းဖက်ကွန်ရက်များနှင့် ချိတ်ဆက်ခြင်း စသည်ဖြင့် ဘာသာရေး တင်းမာမှုပို၍ မြင့်မားလာခဲ့ပြီး၊ လက်ရှိ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ကြိုးပမ်းမှုများထက် ဖြေရှင်းရန် ပို၍ ခက်ခဲမည့် စိန်ခေါ်ချက် ဖြစ်နေပါသည်။

မိမိတို့၏ အချက်အလက်များအရ ၂၀၁၃ ခုနှစ်တွင်၊ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၁၂ ခု၌ လူမှုအသိုင်းအဝန်းကြား အကြမ်းဖက်မှု ၂၁ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ဤအတွက်ကြောင့် လူပေါင်း ၁၃၀, ၀၀၀ မှာ အိုးအိမ်ပျက်စီး၍ ပြည်တွင်းဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်။ လူမှုအဖွဲ့အစည်း အသီးသီးတွင် လူ ၁၀၀ ကျော် သေဆုံးကာ ဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။ အိုးအိမ်များစွာ မီးရှို့ဖျက်ဆီးခံရပြီး၊ မိတ္ထီလာတစ်မြို့တည်းတွင်ပင် အိမ် ၁၅၀၀ ကျော် ပျက်စီးကာ၊ ပြန်လည်တည်ဆောက်ရေး အတွက် ခန့်မှန်း အမေရိကန်ဒေါ်လာ ၇ သန်းခန့် ကုန်ကျမည် ဖြစ်သည်။

**ဇယား ၇ - လူမှုအသိုင်းအဝန်းကြား အကြမ်းဖက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ပြည်တွင်းဒုက္ခသည် ဖြစ်ရမှုများ**

| **အုပ်စုများ** | **ဖြစ်ပွားမှု** | **နေရာ** | **ထိခိုက်မှု** |
|---|---|---|---|
| **မြန်မာအစိုးရနှင့် မူဆလင်များ** | ၅ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ၅ ဦးသေဆုံး၊ ၂၂ ဦးဒဏ်ရာရ၊ |
| **ဗုဒ္ဓဘာသာဝင်နှင့် မူဆလင် အသိုင်းအဝန်း** | ၁၆ | ပေါက်တော၊ ကျောင်းကုန်း၊ သံတွဲ (၃ ကြိမ် ဖြစ်ပွား)၊ ထန်းကုန်းကျေးရွာ (ကန့်ဘလူ)၊ ကျောက်ကြီး၊ လားရှိုး၊ ဖားကန့်၊ ဥက္ကံ၊ ပုတီးကုန်း၊ မင်းလှ၊ ဇီးကုန်း၊ နတ္တလင်း၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ မိတ္ထီလာ၊ မောင်းတောမြို့နယ်များ | ၉၈ ဦးသေဆုံး၊ ၅၆ ဦး ဒဏ်ရာ၊ ပြည်တွင်းဒုက္ခသည် ၁၅၇၂၀၊ ဘာသာရေး အဆောက်အအုံ ၂၅ ခု နှင့် အိုးအိမ် ၁၈၈၀ ပျက်စီး။ |
| **စုစုပေါင်း** | ၂၁ | | ၁၀၃ ဦးသေဆုံး၊ ၇၈ ဦး ဒဏ်ရာရ၊ ပြည်တွင်းဒုက္ခသည် ၁၅၇၂၀+ [T3] |

၂၀၁၃ ခုနှစ်တွင် နိုင်ငံတွင်း ဖြစ်ပွားသည့် လူမှုအဓိကရုဏ်းများသည် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသည့် ရခိုင်ပြည်နယ် အကြမ်းဖက်မှုများနှင့် အနည်းငယ် ကွာခြားပါသည်။ ရခိုင်ပြည်နယ်တွင်မူ အင်အားစုနှစ်ဖက်က အချင်းချင်း တိုက်ခိုက်ကြခြင်း ဖြစ်ပြီး၊ ကျန်မြို့များရှိ တိုက်ခိုက်မှုတွင်မူ အများအားဖြင့် မူဆလင်လူနည်းစုများကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်အတွင်း အပြင်းထန်ဆုံး မူဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုအဖြစ် မိတ္ထီလာမြို့တွင် မတ်လ ၂၀ ရက်နေ့၌ ဖြစ်ပွားခဲ့ပါသည်။ မူဆလင်ရွှေဆိုင်ပိုင်ရှင်နှင့် ဗုဒ္ဓဘာသာဝင် ဈေးဝယ်အကြား အချင်းများကြရာမှ စတင်ဖြစ်ပွားခြင်း ဖြစ်ပါသည်။ ဤဖြစ်ရပ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကို ကာကွယ်ပေးမည့် ၉၆၉ လှုပ်ရှားမှုမှာ သြဇာကြီးမားလာပြီး၊ လူထုထောက်ခံမှု ရရှိလာပါသည်။ နောက်ပိုင်း နိုင်ငံအနှံ့အပြားတွင်လည်း အကြမ်းဖက်မှုများ ဖြစ်ပွားစေရန် စနက်တံသဖွယ် ဖြစ်လာစေပါသည်။

၉၆၉ လှုပ်ရှားမှုနှင့် ယင်း၏ခေါင်းဆောင် ဦးဝီရသူမှာ မူဆလင်ဆန့်ကျင်ရေး မီးမွှေးပေးသူဟု စွပ်စွဲပြောဆိုမှုများ ရှိနေကြပါသည်။ ၎င်းတို့က ဗုဒ္ဓဘာသာ ဆိုင်များတွင်သာ ဝယ်ယူကြရန် လှုံ့ဆော်ကြပြီး၊ ဘာသာကွဲများနှင့် လက်ထပ် ထိမ်းမြား ခြင်းကို တားမြစ်သည့် ဥပဒေပြဌာန်းရန်လည်း တိုက်တွန်းလျက်ရှိ သည်။ ၎င်းခေါင်းဆောင်ကို "ဗုဒ္ဓဘာသာ အကြမ်းဖက်မှု၏ မျက်နှာစာ တစ်ခု" အဖြစ်လည်း တိုင်းမ်မဂ္ဂဇင်း မျက်နှာဖုံးတွင် အငြင်းပွားဖွယ်ရာ ဇွန်လ ၂၀ ရက်နေ့ ထုတ်စာစောင်တွင် စွပ်စွဲဖော်ပြခံခဲ့ရသည်။ (ယင်းစာစောင်ကို ယခုအခါ မြန်မာနိုင်ငံတွင် တားမြစ်ထားပါသည်။) သို့သော်လည်း ၉၆၉ လှုပ်ရှားမှုက သူတို့ဘာသာ ငြိမ်းချမ်းသောလှုပ်ရှားမှု၊ ဗုဒ္ဓဘာသာကိုသာ ကာကွယ်ရန် ရည်ရွယ်သည်ဟု ပြောဆိုနေကြသည်။ သို့ပါသော်လည်း အကြမ်းဖက်မှုများ ဖြစ်ပွားရာ ဒေသများတွင် ၉၆၉ သင်္ကေတ အထိမ်းအမှတ်များကို

T3 ယခုကိန်းဂဏန်းများတွင် မီဒီယာများတွင် ဖြစ်စဉ်နောက်ပိုင်း များမကြာမီ ဖော်ပြချက်များမှ အကြမ်းဖျဉ်းတွက်ချက်ထားခြင်း ဖြစ်သည်။ မိတ္ထီလာတွင် ဒုက္ခသည် ၁၃၀၀၀၊ သံတွဲ ၅၀၀ ဦးနှင့် လားရှိုး ၁၄၀၀၊ ဥက္ကံ ၅၀၀ ဦးနှင့် ကန့်ဘလူ ၃၂၀ ဦး ဖြစ်သည်။

တွေ့မြင်ကြရသည်။ ဥပမာအားဖြင့် ဖျက်ဆီးခံရသည့် ဗလီနံရံများတွင် တွေ့ကြရပြီး၊ ရည်ရွယ်ချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျူးလွန်ကြသူများက အသုံးပြုနေကြသည့် သင်္ကေတ အထောက်အထားပင် ဖြစ်ပါသည်။

ရိုဟင်ဂျာ-ရခိုင် ပြဿနာရော၊ ၉၆၉ လှုပ်ရှားမှုပါ မြန်မာနိုင်ငံတွင် သိသိသာသာ အထူး အကဲဆတ်သော ပြဿနာ ဖြစ်နေပါသည်။ ရိုဟင်ဂျာ ပြဿနာများကို သတင်းရေးသားဖော်ပြမှုကြောင့် အချို့သတင်း မီဒီယာအုပ်စုများကို သတ်ပစ်ခံရမည်ဟု ခြိမ်းခြောက်ခံနေရပါသည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးအရာရှိ သောမတ်စ် အိုဟေး ကွင်တားနား မိတ္ထီလာသို့ သြဂုတ်လလယ်ပိုင်းတွင် ရောက် ရှိစဉ် အင်အား ၂၀၀ ခန့်ရှိသည့် လူအုပ်စုက တိုက်ခိုက်ခြင်းကို ခံခဲ့ရပါသည်။ ဤသို့ အကဲဆတ်မှုကြောင့် အစိုးရက ဘာသာရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် နှေးကွေးဖင့်လေးနေရပါသည်။



၂၀၁၃ ခုနှစ်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်အချို့နှင့် ဘာသာရေးအရ အစွန်းရောက်သည့် ကြိုးပမ်းမှုအချို့ကို မြင် တွေ့ခဲ့ရပါသည်။ ဇူလိုင်လ ၂၃ ရက်နေ့က မန္တလေးတွင် ဦးဂီရသူ တရားဟောနေစဉ် ၎င်းနှင့် မီတာအနည်းငယ် အကွာခန့်၌ ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။ ပရိတ်သတ် ၅-ဦး အနည်းငယ် ထိခိုက်ဒဏ်ရာရခဲ့သည်။ ရန်ကုန်တွင် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဗလီများကို ဗုံးထောင်ရန် ကြိုးပမ်းမှုဖြင့် ရခိုင်လူမျိုး ၃-ဦးကို ဖမ်းဆီးခဲ့ပါသည်။ ၂၀၁၄ ခုနှစ် နှစ်ဆန်း ပိုင်းတွင် မြန်မာနိုင်ငံဖွား တာရက်-အီး-တာလီဘန် ပါကစ္စတန် (Tehreek-e-Taliban Pakistan-TPP) အဖွဲ့ဝင် ၃ ဦး ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့သည်။ ရဲများ စစ်ဆေးချက်အရ ၎င်းတို့သည် "မြန်မာ နိုင်ငံတွင် လှုပ်ရှားမှုများ ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ ၎င်းတို့၏ စွမ်းအားမြင့် ဖေါက်ကွဲရေးပစ္စည်းများဖြင့် ရခိုင် ပြည်နယ်တွင် ဖောက်ခွဲရေးများ ပြုလုပ်သွားမည်" ဟု ဆိုခဲ့ကြသည်။[16] ဗုံးပြုလုပ်ရန် သတင်းအချက်အလက်များ ပါသည့် လက်ပ်တော့ ကွန်ပြူတာတစ်လုံးကိုလည်း သိမ်းဆည်းရမိခဲ့သည်။

၂၀၁၄ ခုနှစ်ဆန်းပိုင်းတွင်၊ တင်းမာမှု မြင့်မားနေဆဲ ရှိသည်။ ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်တွင် ရဲအရာရှိတစ်ဦး ပျောက်ဆုံးမှုကို လက်စားချေသည့်အနေဖြင့် ဇန်နဝါရီလ ၁၃ ရက်နေ့၌၊ ရိုဟင်ဂျာ ကျေးရွာသား ၄၈ ဦး သတ်ဖြတ်ခံရသည်ဟု အစီရင်ခံစာများတွင်လည်း ဖော်ပြမှုရှိခဲ့သည်။


## *ဘာသာရေးအကြမ်းဖက်မှုများ နိုင်ငံတကာသို့ ရိုက်ခတ်မှုများ*




*အင်ဒိုနီးရှား မူဆလင်ပြင်းထန်သူ အုပ်စု အဖွဲ့ဝင်များက ဂျာကာတာရှိ မြန်မာသံရုံးအနီး ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဆန္ဒပြပွဲတစ်ခု၌ ပိုစတာများ ကိုင်ဆောင်ထားကြစဉ်။ (ဓာတ်ပုံ- Reuteurs) သဘောထားပြင်းထန်သည့် မူဆလင် ဝဘ်ဆိုက်တစ်ခုက ရခိုင်ပြည်နယ်တွင်းရှိ ရိုဟင်ဂျာသူပုန်များ၏ ဓာတ်ပုံ ၂၈ ပုံကို ရည်ရွယ်ချက်ရှိရှိ ဖော်ပြခဲ့သည်။ (www.arrahmah.com)*

16 ဒက္ကာမြို့တော်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုနီရားလ် အစ္စလမ် (Monirul Islam) ကို သတင်းစာရှင်းလင်းပွဲတွင် ကိုးကားဖော်ပြခြင်း ဖြစ်သည်။ "Pakistan militants held in Bangladesh", *The Hindu*, 20 Jan, 2014. Web ဆောင်းပါတွင် ဖော်ပြထားသည်။

**ပုံ ၈ - ပျံ့နှံ့ သက်ရောက်မှု၊ နိုင်ငံတကာ အကြမ်းဖက်ဝါဒ**




***ဂျကာတာ၊ အင်ဒိုနီးရှားနိုင်ငံ***

*ဇန်နဝါရီ ၁၈၊ ၂၀၁၄ ခုနှစ်* - အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါ က မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပွားနေသည့် ဗုဒ္ဓဘာသာ-မူဆလင် အကြမ်းဖက်မှုများသည် နိုင်ငံပြင်ပတွင် သက်ရောက်မှုများ ရှိနေသည်ဟု ဆိုသည်။

*မေလ ၂ ရက်၊ ၂၀၁၃ ခုနှစ်* - မအောင်မြင်ခဲ့သော မြန်မာသံရုံးကို ဗုံးခွဲရန်ကြိုးပမ်းမှု နောက်ကွယ်မှ လူတစ်ဦးကို ဖမ်းဆီးရမိသည်။

*မေလ ၃ ရက်၊ ၂၀၁၃ ခုနှစ်* - အင်ဒိုနီးရှား မူဆလင်အကြမ်းဖက် ခေါင်းဆောင် အဘူ ဘာကာ ဘာရှာ က မြန်မာအစိုးရကို ဆန့်ကျင်၍ ဘာသာရေးစစ်ပွဲဆင်နွှဲမည်ဟု ကြေညာသည်။

*ဒီဇင်ဘာလ ၃၁ ရက်၊ ၂၀၁၃ ခုနှစ်* - ဂျကာတာမြို့တော် အနီး ရဲများဖမ်းဆီးမှုတွင် အကြမ်းဖက်သမားဟု ယူဆရသူ ၆ ဦး သေဆုံးသည်။ မေလက မြန်မာသံရုံးနှင့် ဗုဒ္ဓဘာသာ ဘုရားကျောင်းများ ဗုံးခွဲရန် ကြိုးပမ်းမှုတွင် ဆက်စပ်ပတ်သက်သူများဟု ယူဆရသည်။[17]

*ဩဂုတ် ၂၀၁၃ ခုနှစ်* - ဝတ်ပြုသူများ ပြည့်နေသည့် ဗုဒ္ဓဘာသာဘုရားကျောင်းတစ်ခု ပြင်ပတွင် အသေးစား ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုသည် မြန်မာနိုင်ငံတွင် မူဆလင်များ သေဆုံးရမှုအတွက် လက်တုံ့ပြန်မှု ဖြစ်နိုင်သည်ဟု ရဲများက ဆိုသည်။

17 Karmini, Niniek. "Indonesia anti-terror squad kills 6 suspects", *AP*. 1 Jan 2014 Web.

***ဗုဒ္ဓဂါယာ၊ အိန္ဒိယနိုင်ငံ***

*ဇူလိုင် ၇၊ ၂၀၁၃ ခုနှစ်* - ဗုဒ္ဓ၏ အထွန်အမြတ်နေရာတွင် ဗုံး ၁၀ လုံး ဆက်တိုက် ပေါက်ကွဲခဲ့သည်။ ရဟန်း ၂ ပါး အပါအဝင် လူ ၅ ဦး ဒဏ်ရာ ရရှိခဲ့သည်။ ဗုံး ၃ လုံး ထပ်မံတွေ့ရှိ၍ စနက်တံဖြုတ်နိုင်ခဲ့သည်။

***ဘင်္ဂလားဒေ့ရှ်နိုင်ငံ***

*ဩဂုတ် ၁၆၊ ၂၀၁၃ ခုနှစ်* - အူရဒူ ဘာသာဖြင့် ထုတ်လွှင့်နေသော အင်တာနက်ဗီဇီယိုတွင် ထုတ်ပြန်ခဲ့သည့် ပုံများအရ တာလီဘန်များက ရိုဟင်ဂျာ မူဆလင်များကို လူစုဆောင်း၍ မြန်မာနိုင်ငံတွင် သင်တန်းများ ပေးနေသည်။ ယင်းတပ်ဖွဲ့ ကို အဘူ ဆူဖီယာနှင့်  အဘူအရဖ် က ဦးဆောင်ပြီး၊ ၎င်းတပ်ဖွဲ့က မြန်မာစစ်ယာဉ် ၂ စီးကို ဖျက်ဆီးခဲ့ပြီး စစ်သား ၁၇ ဦးကို သတ်ဖြတ်ခဲ့သည်၊ ဘုန်းတော်ကြီးတစ်ပါး အပါအဝင် ဗုဒ္ဓဘာသာဝင် ၃ ဦးကို ခေါင်းဖြတ်သတ်ခဲ့သည်ဟု ဖော်ပြထားသည်။ ထိုသူများမှာ မူဆလင်များကို သတ်ဖြတ်မှုအတွက် တာဝန်ရှိသူများဖြစ်ကြသည်ဟုလည်း ဖော်ပြ ထားသည်။ The Times of India သတင်းစာ၏ ဖော်ပြချက်အရ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့က အတွင်းရေးမှူးအဆင့် ဆွေးနွေးပွဲများကို ဇူလိုင်လကုန်ပိုင်းမှစ၍ လက်ခံကျင်းပနေပြီး၊ အိန္ဒိယက ဘင်္ဂလားဒေ့ရှ်ကို သတိပေးခဲ့ရာတွင် ယခုနှစ် ပထမပိုင်းတွင် မြန်မာနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသော စစ်တကောင်းတောင်တန်းဒေသ၌ ရိုဟင်ဂျာ မူဆလင်များကို အကြမ်းဖက်သင်တန်းပေးသည့် စခန်းများ ပေါ်ပေါက်လာနေသည်ဟု ဆိုသည်။[18] အိန္ဒိယ ထောက်လှမ်းရေး များ၏ သတင်းပေးပို့ချက်များအရ အကြမ်းဖက်သင်တန်းများကို ပါကစ္စတန် LeT and Jaish တပ်မှူးများက ဦးဆောင် ပြုလုပ်နေသည်ဟု ဆိုသည်။ ယင်းတို့ကို ဘင်္ဂလားဒေ့ရှ်ရှိ ဒေသခံ ဂျမတ်-အယ်လ်-မူဂျာဟီဒင် က ပံ့ပိုးပေးလျက်ရှိပြီး၊ ရိုဟင်ဂျာသွေးစည်း ညီညွတ်ရေးအဖွဲ့ (RSO) နှင့် ဆက်သွယ်မှု ရှိနေသည်ဟု ပြောသည်။ သို့သော်လည်း ဤသတင်း များ ခိုင်လုံမှုမှာ အငြင်းပွားဖွယ် ရှိနေသည်။[19]

***မလေးရှားနိုင်ငံ***

*ဇွန်လ ၅ ရက်၊ ၂၀၁၃ ခုနှစ်* - လူသတ်မှု ၄ ခုမှာ မူဆလင်နှင့် ဗုဒ္ဓဘာသာဝင်များအကြား တင်းမာမှုကြောင့် ဖြစ်နိုင်ကြောင်း သံသယရှိသည်ဟု မလေးရှား ရဲများက ဆိုသည်။ မေလ ၃၀ ရက်နေ့ကတည်းက မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသား ၁၀၀၀ ကျော်ကို ခိုက်ရန်ဖြစ်ပွားမှု အချို့အပြီးတွင် ထိန်းသိမ်းထားခဲ့သည်။ ဤရလဒ်ကြောင့် မြန်မာအစိုးရနှင့် ညှိနှိုင်း၍ မလေးရှားရှိ ထောင်နှင့်ချီသော မြန်မာအလုပ်သမားများကို မြန်မာနိုင်ငံသို့ ပြန်ပို့မည်ဟု မလေးရှားအစိုးရက ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကျေညာခဲ့သည်။

***မြောက်ပိုင်း ဆူမတြာ၊ အင်ဒိုနီးရှားနိုင်ငံ***


*ဧပြီလဆန်း၊ ၂၀၁၃ ခုနှစ်* - ဗုဒ္ဓဘာသာဝင် ငါးဖမ်းသမား ၁၁ ဦးနှင့် ရိုဟင်ဂျာ ဒုက္ခသည် လျောက်ထားသူ ၁၀၀ ခန့် တို့အကြား ခိုက်ရန်ဖြစ်ပွားရာ ဗုဒ္ဓဘာသာဝင် ၈ ဦးသေဆုံးပြီး၊ ရိုဟင်ဂျာ ၁၅ ဦး ဒဏ်ရာရရှိသည်။

18 Bharti, Jane. "India alerts Bangladesh about Rohingya terror training camps in Chittagong Hill Tracts". *The Times of India*, July 25, 2013.


19 Paul, Vrieze. "Experts reject claims of Rohingya Mujahideen Insurgency". *The Irrawaddy*. July 15, 2013.

# ပြည်တွင်းဒုက္ခသည်များ (IDPs)


(၁) ၂၀၁၂-၂၀၁၃ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာရှိ ပြည်တွင်းဒုက္ခသည်




(၂) ၂၀၁၁-၂၀၁၃ ကချင်ပြည်နယ်ရှိ ပြည်တွင်းဒုက္ခသည်




(၃)နှစ်ပေါင်းများစွာကြာအရှေ့တောင် ဒေသရှိ ပြည်တွင်းဒုက္ခသည်





*OCHA ၂၀၁၃ နိုဝင်ဘာလ အစီရင်ခံစာ။ မြန်မာနိုင်ငံတွင် ပြည်တွင်းဒုက္ခသည် ၆၄၉,၀၀၀ ရှိနေပြီး၊ သူတို့အတွက် အမေရိကန်ဒေါ်လာ ၁၆၀ သန်းမျှ လိုအပ်မည် ဖြစ်သည်။*[20]


**ဇယား ၈** - မြန်မာနိုင်ငံတွင်းရှိ ပြည်တွင်းဒုက္ခသည်များနှင့် UNHCR က အသိအမှတ်ပြုထားသော ပြည်ပရှိ ဒုက္ခသည်များ

| စဉ် | ဒေသ | ဒုက္ခသည်/ IDPs |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၂၃,၀၀၀ (မြန်မာအစိုးရ ၂၀၁၃)<br>၁၀၀,၀၀၀ (OCHA နိုဝင်ဘာ ၂၀၁၃)<br>၁၀၇,၀၀၀ (KIO)<br>၁၂၀,၀၀၀ (KWAT) |
| ၂ | မြောက်ပိုင်း ရှမ်းပြည်နယ် | ၅,၀၀၀ (PWO ဒီဇင်ဘာ ၂၀၁၃) |
| ၃ | မြန်မာနိုင်ငံ အရှေ့တောင်ဒေသ (ထိုင်း-မြန်မာနယ်စပ်) | ပြည်တွင်းဒုက္ခသည် ၁၃,၄၂၆ (TBC ဒီဇင်ဘာ ၂၀၁၃)<br>ပြည်တွင်းဒုက္ခသည် ၄၀၀,၀၀၀ (OCHA နိုဝင်ဘာ ၂၀၁၃) |
| ၄ | မိတ္ထီလာ | ၅,၀၀၀ (OCHA နိုဝင်ဘာ ၂၀၁၃) |
| ၅ | ရခိုင်ပြည်နယ် | ၁၃၀,၀၀၀ (နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာအစိုးရ- ဇန် ၂၀၁၄)<br>၁၄၃,၀၀၀ (OCHA နိုဝင်ဘာ ၂၀၁၃) |
| ၆ | ဘင်္ဂလားဒေ့ရှ် | ၃၀,၀၀၀ (UNHCR မှတ်ပုံတင်ပြီး)<br>မှတ်ပုံမတင်ထားသူ ၂၀၀,၀၀၀ ခန့် |
| ၇ | အိန္ဒိယ | ၈,၀၀၀ (UNHCR မှတ်ပုံတင်ပြီး)<br>မှတ်ပုံမတင်ထားသူ ၁၀၀,၀၀၀ ခန့် |
| ၈ | မလေးရှား | ၉၅,၃၈၀ (UNHCR မှတ်ပုံတင်ပြီး) |
| ၉ | ထိုင်းနိုင်ငံ | ၁၁၉,၆၉၄ (TBC) |

20 *OCHA Myanmar: Countrywide Displacement Snapshot (November 2013) Reliefweb int. web.*




ပုံ ၉ - မြန်မာနိုင်ငံရှိ ပြည်တွင်းဒုက္ခသည် IDPs များနှင့်
ထိုင်းနိုင်ငံရှိ စစ်ပြေးဒုက္ခသည်များ




*OCHA: ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းဒုက္ခသည်များ (ဝဲဖက်) ရခိုင်ပြည်နယ် (ယာဖက်) (နိုဝင်ဘာလ ၂၀၁၃ ခုနှစ်။)*

ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် လူအုပ်ချင်း အကြမ်းဖက်မှုများကြောင့် ပြည်တွင်းဒုက္ခသည် အသစ်များ ထပ်မံ တိုးတက်လာနေကာ၊ ယခင်နှစ်များက အိုးအိမ်အခြေပျက် ပြောင်းရွှေ့ထွက်ပြေးရသူများ အိမ်ပြန်နိုင်ရေးကိုလည်း ဟန့်တား ထားသကဲ့သို့ ဖြစ်စေပါသည်။

**ရခိုင်ပြည်နယ်** - ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ပူးပေါင်းညှိနှိုင်းရေးရုံး (OCHA) က အစီရင်ခံတင်ပြရာတွင်၊ လူသားချင်းစာနာမှု အကူအညီ လိုအပ်နေသူ ၁၇၉,၀၀၀ ဦး ရှိနေပါသည်။ ယင်းအနက် ၁၄၃,၀၀၀ ဦးမှာ ပြည်တွင်းဒုက္ခသည် (IDPs) များ ဖြစ်ကြသည်။ ၁၀၃,၀၀၀ ဦးမှာ ယာယီ အမိုးအကာများဖြင့် နေထိုင်နေကြရပါသည်။ သို့သော်လည်း မြန်မာအစိုးရ၏ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖော်ပြချက်အရ ပြည်တွင်း ဒုက္ခသည် ၁၃၀,၀၀၀ ဦး ရှိပြီး၊ ယခုအခြေအနေတွင် ဒုက္ခသည် ၁၁၇,၁၄၄ ဦးကို အခြေခံ အမိုးအကာများ ဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။ ယင်းတို့တွင် မူဆလင် ၁၁၀, ၀၀၀ ဦးနှင့် ဗုဒ္ဓဘာသာဝင် ၆,၀၀၀ ပါဝင်သည်။ မူဆလင် ၁၉,၀၀၀ နှင့် ဗုဒ္ဓဘာသာဝင် ၁,၀၀၀ မှာ အမိုးအကာလို အပ်နေဆဲ ဖြစ်သည်။[21] ပြီးခဲ့သည့်နှစ်မှစ၍ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂ၊ နိုင်ငံတကာ အဲန် ဂျီအိုများ ဆန့်ကျင်ရေး စိတ်ဓာတ်မှာ သိသိသာသာ မြင့်မားလာနေပြီး၊ အတိအလင်း ဖော်ပြလာကြပါသည်။ လူသားချင်းစာနာမှု ကူညီရေးဆိုင်ရာ ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကူအညီပေးရေး လုပ်ငန်းများကို ခြိမ်းခြောက်ခြင်းများကြောင့် ထိခိုက်နစ်နာဖွယ် အခြေအနေရှိသူများနှင့် အိုးအိမ်အခြေပျက်ရသူများအပေါ် ကူညီပေးရန် အလွန်အမင်း ခက်ခဲသော ဝန်းကျင် အခြေအနေနှင့် ကြုံတွေ့ရပါသည်။[22] အကြမ်းဖက်မှု ဖြစ်ရပ်နှစ်ခု ဖြစ်ပွားခဲ့ပါသည်။ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြည်တွင်းဒုက္ခသည်များ နေထိုင်ရာ ပေါက်တောမြို့နယ်ရှိ ဆင်တပ်မော် စခန်းတွင်ဖြစ်ပြီး၊ အနည်းဆုံး ၄ ဦး သေဆုံး၍ ၃ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိပါသည်။ ဤဖြစ်ရပ် နောက်ပိုင်းတွင် စစ်တွေဆေးရုံ၌ ဒေသခံ ပြည်သူများက ဆန္ဒပြခဲ့ကြသည်။ အကြောင်းမှာ အဲန်ဂျီအိုများက မူဆလင်များကို အကြမ်းဖက်မှု ဖြစ်ပွားစဉ်အတွင်း ထောက်ပံ့ပေးနေသည်ဟူသော ကောလာဟလများကြောင့် ဖြစ်သည်။ ရခိုင်မူဆလင် အများစုမှာ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံ တို့တွင် အခြေချရန် မျှော်လင့်ချက်ဖြင့် အန္တရာယ်များသည့် ရေလမ်းခရီးမှ လှေစီး ထွက်ပြေးနေကြဆဲ ဖြစ်သည်။ သတင်းများအရ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်မှ ၂၀၁၃ ခုနှစ် ပထမ ၈ လအတွင်း၊ လူ ၂၄,၀၀၀ လှေစီး ထွက်ပြေးခဲ့ကြပြီး၊ UNHCR ၏ သတင်းအရ နိုဝင်ဘာ ပထမအပတ် တစ်ခုတည်းတွင်ပင် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ လူ ၁,၅၀၀ လှေဖြင့် ထွက်ခွာခဲ့ကြသည်။ ဤသို့ခရီးသွားခဲ့ကြသူများကို တွေ့ဆုံမေးမြန်းမှုအရ ကာကွယ်ပေးမှုဆိုင်ရာ အထူး စိုးရိမ်မှုများဖြင့် ထွက်ပြေးခဲ့ကြခြင်း ဖြစ်ပြီး၊ အကြမ်းဖက်မှုများ၊ လူမျိုးရေးပဋိပက္ခများ၊ မတည်ငြိမ်မှု၊ ခွဲခြားဖိနှိပ်မှု၊ နိုင်ငံသားအခွင့်အရေး

21 'Over 20, 000 IDPs In Need of Shelter in Rakhine State', *Eleven*, 3 Feb 2014. Web.

22 OCHA. Humanitarian Bulletin Myanmar:Oct-Nov 2013, Reliefweb Int.

မရှိခြင်း.. စသည်တို့ ကြုံတွေ့နေရသည်။ ထို့အပြင် ပြည်တွင်း ဒုက္ခသည်များ၏ ခရီးသွားလာခွင့်များကို အလွန်အမင်း ထိန်းချုပ်ထားခြင်း ရှိနေပြီး၊ နေထိုင်ရာ ဝန်းကျင်ကလည်း သူတို့၏ သက်မွေးဝမ်းကျောင်း မဖြစ်နိုင်အောင်၊ ဈေးကွက်များသို့ မသွားရောက်နိုင်အောင် ဟန့်တားထားကြပါသည်။[23]

**မိတ္ထီလာ -** ယခင် ၂၀၁၃ ခုနှစ် ဧပြီလက စခန်း ၇ ခုတွင် ဒုက္ခသည် ၈,၄၄၁ ဦး ရှိနေရာမှ ယခုအခါ မိတ္ထီလာနှင့် မန္တလေးတိုင်း ယင်းတော်မြို့နယ်ရှိ စခန်း ၅ ခုတွင်၊ ဒုက္ခသည် ၅,၄၀၀ ကျန်ရှိနေပါသေးသည်။[24] ပြန်လည် နေရာချထားရေး ကော်မီတီတွင် ဒေသဆိုင်ရာ အစိုးရ၊ ဒေသခံ အာဏာပိုင်များ၊ ပုဂ္ဂလိက အလှူရှင်များ၊ ဒုက္ခသည်ကိုယ်စားလှယ်များ ပါဝင်ကြပြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အဆိုပြုလွှာ တင်ပြထားပါသည်။ ယခုအခါ ပြန်လည်နေရာချထားရေး အစီအစဉ်ကို အတည်ပြုပြီး ဖြစ်၍ စတင်အကောင်အထည် ဖော်နေသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဆောက်လုပ်ရေးလုပ် ငန်းများ စတင်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ပြီးဆုံးမည်ဟု လျာထားသည်။

**ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ် -** ဆက်လက်၍ အကြမ်းဖက်မှုများ ဖြစ်ပွားနေသေးသည့် အတွက်ကြောင့် ဒုက္ခသည် အရေအတွက်မှာ ဖြည်းဖြည်းချင်း တိုးလာနေလျက် ရှိသည်။ KIO အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ လနန်၏ အဆိုအရ KIO ထိန်းချုပ်ထားသည့် ဒေသ၊ စခန်းများတွင် နေထိုင်နေကြသည့်ဒုက္ခသည် အရေအတွက်မှာ ၁၀၀,၀၀၀ ရှိ နေပြီး၊ အစိုးရထိန်းချုပ်ရာ ဗိုင်းမော်နှင့် မြစ်ကြီးနားမြို့များရှိ စခန်း ၂၁ ခုတွင် ဒုက္ခသည် ၇,၀၀၀ နေထိုင် နေကြပါသည်။[25] ထိုအချိန်တွင် ထိုင်းနိုင်ငံရှိ ကချင်အမျိုးသမီးများအသင်း (KWAT) က ဖော်ပြရာ၌ ကချင်ပြည်နယ်တွင် ဒုက္ခသည် ၁၂၀,၀၀၀ ရှိနေသည်ဟု ဆိုပါသည်။[26] KIO ထိန်းချုပ်ဒေသတွင် ဒုက္ခသည်စခန်း ၆၇ ခုရှိပြီး၊ ယင်း စခန်းများတွင် ပြည်တွင်းဒုက္ခသည် ၇၈,၀၀၀ ဦး နေထိုင်နေကြသည်။ လက်ရှိအခြေအနေတွင် ကချင်ပြည်နယ် အတွင်း၌ အစိုးရစစ်တပ် တပ်ရင်း (၁၇၀) အခြေချပြီး စစ်ရေးအရ ကင်းလှည့်နေကြသည်။ အချို့ဒုက္ခသည်များမှာ ခိုလှုံရာ စခန်းများသို့ မသွားရောက်ကြဘဲ၊ ဘုရားကျောင်းများအတွင်း နေထိုင်နေကြသည်။ အစိုးရ၏ စာရင်းအရ အစိုးရထိန်းချုပ် ဒေသရှိ စခန်း ၁၀၆ ခုတွင်၊ ဒုက္ခသည် ၄၃,၀၀၀ ဦး ခိုလှုံနေထိုင် နေကြပြီး၊ KIO ထိန်းချုပ်ဒေသတွင် ဒုက္ခသည် ၈၀,၀၀၀ ဦး ရှိနေသည်ဟု ဖော်ပြသည်။[27] အစိုးရထိန်းချုပ်ရာ ဒေသအပြင်ဖက်ရှိ ဒုက္ခသည်စခန်းများသို့ ကုလသမဂ္ဂ နှင့် နိုင်ငံ တကာ အဖွဲ့အစည်းများက သွားရောက်ကူညီပေးခွင့် တိုးတက်လာခဲ့သော်လည်း၊ အကန့်အသတ်များ ရှိနေသေးသည်။ ဒေသခံ အဖွဲ့အစည်းများက ဒုက္ခသည်များကို သွားရောက် အကူအညီပေးမှုများ ပြုနိုင်ကြသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စခန်းများတွင် စုစုပေါင်း ဒုက္ခသည် ဦးရေ ၅,၀၀၀ ကျော် ခိုလှုံနေထိုင်လျက် ရှိသည်။ အထူးသဖြင့် TNLA, SSPP, KIA တို့နှင့် အစိုးရတပ်များ တိုက်ပွဲများမှ ထွက်ပြေးခဲ့ကြရခြင်း ဖြစ်သည်။ ယခုစခန်းများမှာ ၂၀၁၃ ခုနှစ်က စတင် တည်ရှိခဲ့ခြင်း ဖြစ်ပြီး၊ မန်တုံမြို့နယ်တွင် စခန်း ၄ ခု၊ ကွတ်ခိုင်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် စခန်း ၂ ခု၊ တန့်ယန်းတွင် စခန်း ၁ ခု ရှိသည်။ ပလောင်အမျိုးသမီးအဖွဲ့ချုပ် (PWO) မှ ပိုးငိန်း (Poe Ngeal) က စက်တင်ဘာလ တွင် ပြောရာ၌ ရှမ်းပြည်မြောက်ပိုင်း ပလောင်ကျေးရွာများရှိ စခန်း ၅-ခုတွင် ခိုလှုံနေထိုင်နေသူ ဒုက္ခသည် ၂,၀၀၀ ခန့် ရှိသည်ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်က စခန်း ၃ ခုတွင် ဒုက္ခသည် ၁,၁၉၀ ကျော် နေထိုင်နေရာမှ တိုးများလာခြင်း ဖြစ်သည်။[28]

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင် မြန်မာနိုင်ငံမှ မှတ်ပုံတင်ထားသော်လည်း၊ စိစစ် အတည်ပြုရခြင်း မရှိသေးသူ ဒုက္ခသည် ၄၁၅,၃၇၃ ဦး ရှိနေပါသည်။ ယင်းအနက် ၇၇,၂၄၀ ဦးမှာ ထိုင်းနိုင်ငံရှိ UNHCR အသိအမှတ်ပြု စခန်းများတွင် နေထိုင်နေကြပြီး၊ ၉၅,၃၈၀ ဦးမှာ မလေးရှားနိုင်ငံတွင် မှတ်ပုံတင်ထားပါသည်။ (၂၈,၀၀၀ ဦးမှာ မူဆလင်ရိုဟင်ဂျာများ ဖြစ်သည်)။ အိန္ဒိယနိုင်ငံတွင် မှတ်ပုံတင်ထားသူ- မတင်ထားသူ ဒုက္ခသည် ခန့်မှန်းအရေအတွက်မှာ ၈,၀၀၀ နှင့် ၁၀၀,၀၀၀ အသီးသီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယင်းအရေ အတွက် မှာ ၃၀,၀၀၀ နှင့် ၂၀၀,၀၀၀ အသီးသီး ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ နိုင်ငံအတွင်း ဆောင်ရွက်နေချိန်မှစ၍ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းများ စတင်လုပ်ဆောင်လာခဲ့ပါသည်။ သို့သော်လည်း

---

23 Ibid.

24 OCHA. Myanmar: Meikhtila inter-communal violence situation report, No. 4, (As of April 2013), Reliefweb Int.

25 "Myintkyina IDPs camps suffer food shortage", *Kachin News Group*, 28 November 2013. Web.

26 Phone interview with KWAT representative, 15 Jan 2014.

27 "Kachin girls fall easy prey on border", *Bangkok Post*, 10 November 2013. Web


28 Tom, "Burma's continued fighting causes human rights abuses and health concerns in non-ceasefire areas", *Minority Voices Newsroom*, 25 September 2013. Web.

စစ်တမ်း ကောက်ယူမှုများအရ အိမ်ပြန်ရန် အခြေအနေမပေးသေးကြောင်း တွေ့ရှိရသည်။ နယ်စပ်တွင် အကူအညီပေးရေးအဖွဲ့ကြီး (TBC) ၏ ၂၀၁၃ ခုနှစ် နောက်ဆုံးလူဦးရေ စာရင်းအရ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် စုစုပေါင်းဒုက္ခသည် အရေအတွက်မှာ ၂၀၁၃ ခုနှစ်တွင်၊ ၉,၀၄၄ ဦး (၇.၁%) လျော့နည်း ကျဆင်းသွားပါသည်။ စခန်း ၉ ခုတွင် နေထိုင်ကြသူ စုစုပေါင်းမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ၁၁၉,၁၅၆ ဦး ရှိပါသည်။ ၂၀၁၂ ခုနှစ်အကုန်က နှိုင်းယှဉ်ကြည့်လျှင် ၁၂၈,၂၀၀ ဦး ရှိခဲ့ပါသည်။ TBC အဖွဲ့၏ စာရင်းများအရ မြန်မာနိုင်ငံသို့ စခန်းများမှ ပြန်သွားသူ ၄,၃၈၉ ဦး ရှိပါသည်။ ပြန်သွားသူများ၏ ၇၀% မှာ အိမ်ထောင်စုများမှ လူတစ်ဦး-နှစ်ဦးတည်း ပြန်သွားခြင်းဖြစ်ပြီး၊ ကျန်အိမ်ထောင်စုဝင်များမှာ စခန်းများတွင်း ကျန်ရှိနေကြပါသည်။

## မူးယစ်ဆေး ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု တိုးတက်လာခြင်း

**ဇယား ၉** - UNODC ၏ အချက်အလက်များ။ UNODC ၂၀၁၃ ခုနှစ်၊ အရှေ့တောင်အာရှဒေသ စစ်တမ်းကောက်ယူမှု

| | ၂၀၁၂ | ၂၀၁၃ | ကွာခြားမှု |
|---|---|---|---|
| **ဘိန်းစိုက်ပျိုးမှု (ဟက်တာ)** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၆၈၀၀ ha | ၃၉၀၀ ha | မရရှိ |
| မြန်မာ | ၅၁၀၀၀ ha | ၅၇၈၀၀ ha | + ၁၃% |
| ထိုင်း | ၂၀၉ ha | ၂၆၅ ha | + ၂၇% |
| **ဘိန်းအခြောက် ထွက်ရှိမှု ပျမ်းမျှအလေးချိန်** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၆.၀ kg/ha | ၆.၀ kg/ha | - |
| မြန်မာ | ၁၃.၅ kg/ha | ၁၅.၀ kg/ha | + ၁၁% |
| ထိုင်း | ၁၅.၆ kg/ha | ၁၅.၆ kg/ha | - |
| **ဘိန်းထုတ်လုပ်မှု** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၄၁ တန် | ၂၃ တန် | မရရှိ |
| မြန်မာ | ၆၉၀ တန် | ၈၇၀ တန် | + ၂၆% |
| ထိုင်း | ၃ တန် | ၄ တန် | + ၃၃% |
| **ဘိန်း ရှင်းလင်းရေး** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၇၀၇ ha | ၃၉၇ ha | - ၅၆% |
| မြန်မာ | ၂၃၇၁၈ ha | ၁၂၂၈၈ ha | - ၅၂% |
| ထိုင်း | ၂၀၅ ha | ၂၆၄ ha | - ၂၉% |
| **ဘိန်း ပျမ်းမျှဈေးနှုန်း** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၁၈၀၀ US$/kg | ၁၈၀၀ US$/kg | + ၂% |
| မြန်မာ | ၅၂၀ US$/kg | ၄၉၈ US$/kg | -၄% |
| ထိုင်း | မရရှိ | ၂၇၃၄ US$/kg | |
| **ဘိန်းထုတ်လုပ်မှု၏ ဖြစ်နိုင်ခြေတန်ဖိုး တွက်ချက်မှု** | | | |
| လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ | ၇၂ သန်း $ | ၄၂ သန်း $ | မရရှိ |
| မြန်မာ | ၃၅၉ သန်း $ | ၄၃၃ သန်း $ | +၂၁% |
| ထိုင်း | မရရှိ | ၁၁ သန်း $ | |




ပုံ ၁၀ - ၂၀၁၃ ခုနှစ်တွင် တိုးတက်လာသော ဘိန်းစိုက်ဧရိယာ

ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ၊ ဘိန်းစိုက်ပျိုးမှုမှာ ၅၁၀၀၀ ဟက်တာမှ ၅၇၈၀၀ ဟက်တာသို့) ၁၃% မြင့်တက်လာပါသည်။ ဘိန်းထုတ်လုပ်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၂၆%၊ ခန့်မှန်း ၈၇၀ တန်သို့ ဘိန်းပပျောက်ရေး ကြိုးပမ်းမှုများ ရှိနေသော်လည်း မြင့်တက်လာသည်။ ရွှေတြိဂံဒေသရှိ ဘိန်းစိုက်တောင်သူများသို့ စစ်တမ်းကောက်ယူမှုအရ ကျေးရွာလူထုများသည် စားနပ်ရိက္ခာ မဖူလုံမှု၊ ဆင်းရဲမွဲတေမှုတို့ကြောင့် ဝင်ငွေလိုအပ် နေရာ သို့အတွက်ကြောင့် ဘိန်းစိုက်ပျိုးကြရခြင်း ဖြစ်သည်။

အစိုးရက ဘိန်းပပျောက်ရေးကို ဆောင်ရွက်ရန် တုံ့ဆိုင်းနေရခြင်းအကြောင်းကို ကိုးကားဖော်ပြရာ၌၊ အဓိကအားဖြင့် ထုတ်လုပ်မှု တိုးမြင့်လာနေခြင်းကြောင့်ဟု ဖော်ပြသည်။ အထူးသဖြင့် RCSS အဖွဲ့က ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ရာ၌ ယင်းတို့နှင့်၊ မြန်မာအစိုးရ၊ UNODC တို့ ဘိန်းပပျောက်ရေး သုံးပွင့်ဆိုင်သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း၊ ယင်းမှာ စက္ကူပေါ်တွင်သာ ရှိသည်။ RCSS က အပြစ်တင်ရာတွင် အစိုးရအနေဖြင့် ဘိန်းတိုက်ဖျက်ရေးကို ဆောင်ရွက်လိုသည့် ဆန္ဒအစစ်အမှန်မရှိ၊ တစ်နှစ်ကျော်ကြာသည်အထိ ယင်းတို့အဖွဲ့ မှ တောင်ကြီးတွင် တာဝန်ပေးအပ်ထားသည့် တာဝန်ခံကို တရားဝင်ဆက်သွယ်ခြင်း မရှိဟု ဖော်ပြသည်။ RCSS က ဖော်ပြရာတွင် ၎င်းတို့က မြန်မာအရာရှိ ရဲမှူးကြီးဝင်းထွန်းကို လိုအပ်ချက်များ အကဲဖြတ်စစ်ဆေးမှု ဆောင်ရွက်ရန် ဆက်သွယ်ခဲ့သော်လည်း၊ UNODC ၏ အတည်ပြုချက်ကို စောင့်ရန်သာ အကြောင်းပြန်ခဲ့သည်။ အလားတူပင် UNODC ကလည်း၊ အကဲဖြတ်လေ့လာမှုအတွက် မြန်မာအစိုးရ၏ အတည်ပြု ချက် မပါရှိဘဲ နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးနိုင်ခြင်း မရှိကြောင်း အကြောင်းပြန်ခဲ့သည်။


အမည်မဖော်လိုသည့် သုတေသီတစ်ဦးက မြန်မာအစိုးရသည် မူးယစ်ဆေးပြဿနာကို ကိုင်တွယ်ရန် ဆန္ဒမရှိဟုဆိုသည်။ အကြောင်းမှာ ယင်းတို့က နယ်ခြားစောင့်တပ် (BGF) နှင့် ယင်းတို့၏ ပြည်သူ့စစ် လက်နက်ကိုင်တပ်များကို မနှောက်ယှက်လိုသောကြောင့် ဖြစ်သည်။ ယင်းအဖွဲ့များမှာ ကာလကြာရှည်ကပင် မူးယစ်ဆေးကုန်သွယ်မှုမှ ရရှိသောဝင်ငွေဖြင့် ရပ်တည်နေကြသည်။ ယင်း၏ လေ့လာတွေ့ရှိချက်အရ မူးယစ်ဆေးကုန်သွယ်မှုသည် "မြန်မာတပ်မတော်၏ နယ်မြေချဲ့ထွင်ရေး နှင့် စစ်တပ်ကို အနည်းနှင့်အများ သစ္စာခံသည့် ဒေသခံပြည်သူ့စစ်များကို အစိုးရဘတ်ဂျက်အတွက် တစ်စုံတစ်ရာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အသုံးချရေး ဆိုသည့် ဗျူဟာ ၂-ခုနှင့် ထဲထဲဝင်ဝင် ဆက်နွယ်နေသည်" ဟု ဖော်ပြသည်။[29]

၎င်း၏ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန် မြန်မာအစိုးရဖက်မှ ပျက်ကွက်နေခြင်းအတွက်၊ တိုင်းရင်းသားများဖက်မှ ပြောဆိုရာတွင် မရိုးသားမှုနှင့် ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် သံန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်မှု အားနည်းနေသည်ဟု ဆိုကြသည်။ မူးယစ်ဆေး ကုန်သွယ်မှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဆုံးအဖြတ်ပေးနိုင်သော အချက်တစ်ခု ဖြစ်ပြီး၊ ယင်းအတွက်ကြောင့် နယ်ခြားစောင့်တပ်များ (BGFs) များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အကြား တိုက်ပွဲများနှင့် မတည်ငြိမ်မှုများ တိုးတက်ဖြစ်ပေါ်စေနိုင်သည်။ အုပ်စုများအကြားလည်း သံသယ၊ မယုံကြည်မှု ကြီးထွားနိုင်သည်။ ဤအတွက်ကြောင့်ပင် တစ်ဖန် အစိုးရက လက်နက်ကိုင်တိုင်းရင်းသား အုပ်စုများ၏ နယ်မြေများအပေါ် ပိုမိုစောင့်ကြည့်နိုင်ပြီး၊ ကန့်သတ်မှုများ ပြုနိုင်သည်။ အလားတူပင် ငြိမ်းချမ်းရေး သဘောတူညီချက်များ အတိုင်း အကောင်အထည်ဖော်ရေး ၌ အဟန့်အတား ဖြစ်စေနိုင်သည်။

## အကြမ်းဖက်ဝါဒ

နှစ်ပေါင်းများစွာကြာ မဖြေရှင်းရသေးသည့် အထွေထွေသော ပြဿနာများ၊ မကျေနပ်နာကျည်းမှုများကြောင့် နိုင်ငံတွင်းတွင် အကြမ်းဖက်မှုများ ပေါ်ပေါက်နေသည်။ ၂၀၁၃ ခုနှစ်တွင်လည်း အလားတူ ဗြိမ်းခြောက်မှုတစ်ရပ်အဖြစ် တည်ရှိနေပါသေးသည်။ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ အနည်းဆုံး ဗုံး ၂၂ လုံး ပေါက်ကွဲ/ တွေ့ရှိခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ကြသည့် အကြောင်းအရင်းမှာ မရှင်းလင်းပါ။ ယေဘုယျအားဖြင့် တိုင်းရင်းသား လှုပ်ရှားမှုများ၊ ဘာသာရေး တင်းမာမှုများနှင့် ဆက်စပ်လေ့ရှိသော်လည်း၊ မကြာသေးမီ အောက်တိုဘာလတွင်းတွင်မူ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများကို ခြောက်လှန့်ရန်အတွက် ဖြစ်ပွားခဲ့ပါသည်။

29 "Researcher: Drug trade consolidating Army control over Shan State", *SHAN*, 6 Dec, 2013. Web.




ပုံ ၁၁ - ၂၁၈၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဗုံးပေါက်ကွဲမှု

အောက်တိုဘာလတွင် ထင်ရှားသည့် နိုင်ငံတွင်း ဆက်တိုက်ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ ကရင်စီးပွားရေးသမား တစ်ဦးနှင့် ပတ်သက်နေသည်ဟု ယူဆရပါသည်။ ယင်းက ကရင်ပြည်နယ်အတွင်း သယံဇာတများအပေါ် နိုင်ငံခြားသား များမှ လက်ရောင်နေရန် ခြိမ်းခြောက်မှုအနေဖြင့် လုပ်ဆောင်သည်ဟု စွပ်စွဲဖော်ပြပါသည်။ သံသယဖြစ်ခံရသူ တစ်ဦးမှာ ကရင်ပြည်နယ်ရှိ မိုင်းလုပ်ငန်းတစ်ခုကို စီမံခန့်ခွဲနေသူ နေတိုးဆိုသူ ဖြစ်ပြီး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ တွင် အောင်မြင်စွာ ဗုံးထောင်နိုင်ပါက ရွှေမိုင်းတစ်တွင်း ပေးအပ်မည်ဟု ကမ်းလှမ်းသည်ဟု ဆိုပါသည်။ အခြား သံသယ ဖြစ်သူတစ်ဦးမှာ စောမြင့်လွင် ဆိုသူဖြစ်ပြီး၊ တစ်ချိန်က KNU ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် KNLA တွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသူဟု သိရသည်။ KNU က တစ်နည်းတစ်ဖုံအားဖြင့် ပါဝင်ပတ်သက်သည် ဟူ၍လည်း သံသယ ရှိကြ သည်။ သို့သော်လည်း KNLA စစ်ဦးစီးချုပ်က ဗုံးပေါက်ကွဲမှုများတွင် မပါဝင် မပတ်သက်ဟု ငြင်းဆိုခဲ့ပြီး၊ ဗုံးပေါက်ကွဲမှု များ ဖော်ထုတ်ရေးတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်၊ သံသယရှိသူများကို ရှာဖွေပေးမည်ဟု ကတိကဝတ် ပြုခဲ့ သည်။ ဤကိစ္စနှင့် ပတ်သက်၍ KNU က အစိုးရနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။ ပထမအကြိမ်အဖြစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဖဒိုမန်းငြိမ်းမောင်က နေပြည်တော်သို့ သွားရောက်၍ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး ဦးခင်ရီ၊ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့နှင့် တွေ့ဆုံခဲ့သည်။ ဒုတိယအကြိမ် အဖြစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် တောင်ငူ၌ KNU ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် စောရော်ဂျာခင်က ရဲနှင့် နယ်စပ်ရေးရာ အရာရှိများနှင့် တွေ့ဆုံ၍ ဗုံးခွဲသူဟု သင်္ကာမကင်းရသူကို ရှာဖွေခဲ့သည်။

ယခုတစ်နှစ်လုံးတွင်၊ ဗုံးများတွေ့ရှိမှုကြောင့် ရဲဖမ်းဆီးသည်ဟူသော သတင်းဖော်ပြချက်များ မကြာခဏဆိုသလို ကြား သိရပါသည်။ ဥပမာအားဖြင့်- ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ဗုံးပြုလုပ်သည့်ပစ္စည်းများ တွေ့ရှိသည် ဆိုပြီး ရန်ကုန်တွင် ရခိုင် ၂-ဦးကို ဖမ်းဆီးခဲ့ပါသည်။

**ဇယား ၁၀ - ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဗုံးပေါက်ကွဲမှု**

| | | | |
|---|---|---|---|
| ၁ | ၉/၁/၂၀၁၃ | ကြာကွင်းကြီးကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ် | ဗုံးကွဲ ရထားလမ်းချော်မှုကြောင့် ၁ ဦးသေ၊ ၄ ဦး ဒဏ်ရာရ။ |
| ၂ | ၁၇/၁/၂၀၁၃ | ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် | ဖားကန့်နည်းပညာတက္ကသိုလ်အနီး ဖားကန့်-မိုးကောက် လမ်းပေါ်တွင် ဗုံးပေါက်ကွဲ။ ၂ ဦးဒဏ်ရာရ။ |
| ၃ | ၁၆/၅/၂၀၁၃ | မူဆယ်၊ ရှမ်းပြည်နယ် | ဗုံးပေါက်ကွဲ၊ ၁ ဦးသေဆုံး |
| ၄ | ၂၅/၆/၂၀၁၃ | လွိုင်လင်ကန်ကျေးရွာ၊ နမ့်ခမ်းမြို့နယ် | မူးယစ်ဆေး ရှာဖွေစဉ်၊ အမည်မသိလူတစ်ဦးက မူးယစ် နှိမ်နင်းရေး မှ ရဲတစ်ဦးကို ဗုံးဖြင့် တိုက်ခိုက်။ (ပန်ဆေး ကျော်မြင့် ပြည်သူ့စစ် အဖွဲ့မှ ဟု စွပ်စွဲသည်။) ရဲ ၁ ဦးသေ၊ ရဲ ၂ ဦး ဒဏ်ရာရ။ |
| ၅ | ၂၁/၇/၂၀၁၃ | မန္တလေး | ဦးဝီရသူ တရားပွဲအနီး ဗုံးပေါက်ကွဲ၊ ပရိတ်သတ်များမှ ၅ ဦး ဒဏ်ရာရ |
| ၆ | ၉/၁၀/၂၀၁၃ | ပဲခူး | ညောင်လေးပင်-ဖြူး ခရီးသည်တင်ကားပေါ်တွင် ဗုံးတွေ့ |
| ၇ | ၁၁/၁၀/၂၀၁၃ | တောင်ငူမြို့၊ ပဲခူးတိုင်း | တည်းခိုခန်းတွင် ဗုံးကွဲ၊ ၂ ဦးသေ၊ ၁ ဦးဒဏ်ရာရ |
| ၈ | ၁၃/၁၀/၂၀၁၃ | စော်ဘွားကြီးကုန်း၊ အင်းစိန် ရန်ကုန် | ဘတ်စကားဂိတ်တွင် ဗုံးကွဲ၊ ထိခိုက်ဒဏ်ရာ မရှိ။ |
| ၉ | ၁၃/၁၀/၂၀၁၃ | သာကေတမြို့နယ်၊ ရန်ကုန် | ထရပ်ကားအောက်တွင် ချိတ်ဆွဲထားသည့် အိမ်လုပ်ဗုံး ပေါက်ကွဲ။ လူငယ်နှစ်ဦးက ဗုံးနှင့် ချိတ်ဆက်ထားသည့် နာရီကို ဖယ်ရှားရန် ကြိုးပမ်းစဉ် ပေါက်ကွဲခြင်းဖြစ်။ |
| ၁၀ | ၁၄/၁၀/၂၀၁၃ | ရန်ကုန် | စားသောက်ဆိုင်တွင် ဗုံးတွေ့ |
| ၁၁ | ၁၄/၁၀/၂၀၁၃ | မန္တလေး | စားသောက်ဆိုင်တွင် ဗုံးတွေ့ |
| ၁၂ | ၁၄/၁၀/၂၀၁၃ | ထရိတ်ဒါးဟိုတယ်၊ ရန်ကုန် | ဟိုတယ်ခန်းတွင် ဗုံးငယ်တစ်ခု ပေါက်ကွဲ၊ အမေရိကန်ခရီး သွား ၁ ဦး ဒဏ်ရာရ |

| | | | |
|---|---|---|---|
| ၁၃ | ၁၅/၁၀/၂၀၁၃ | စစ်ကိုင်း | အရုဏ်မတက်မီတွင် ဟိုတယ်ခန်းတွင်းနှင့် ဘုရားတွင် ဗုံးငယ်တစ်လုံး ပေါက်ကွဲ |
| ၁၄ | ၁၆/၁၀/၂၀၁၃ | နမ့်ခမ်း၊ ရှမ်းပြည်နယ် | လမ်းမပေါ်တွင် ဗုံးကွဲ |
| ၁၅ | ၁၇/၁၀/၂၀၁၃ | နမ့်ခမ်း၊ ရှမ်းပြည်နယ် | ဗုံး ၂ လုံးကွဲ၊ ၁ ဦးသေ၊ ၆ ဦးဒဏ်ရာရ |
| ၁၆ | ၂၀/၁၀/၂၀၁၃ | နမ့်ခမ်း၊ ရှမ်းပြည်နယ် | လွိုင်လင်ကျေးရွာတွင် ဗုံးတစ်လုံးကွဲ |
| ၁၇ | ၂၁/၁၁/၂၀၁၃ | တမူးမြို့နယ်၊ စစ်ကိုင်းတိုင်း | ဗုံး ၂ လုံးကွဲရာ အိမ် ၂ လုံး၏ တံခါးများ၊ ပြတင်းပေါက်များ ကွဲပျက်။ အစိုးရသတင်းစာတွင် ရဲများက ကူကီးသူပုန်များကို စွပ်စွဲဖော်ပြ။ |
| ၁၈ | ၁၇/၁၂/၂၀၁၃ | ကွမ်းလုံမြို့နယ် မြောက်ပိုင်း ရှမ်းပြည်နယ် | ထရပ်ကားတွင် ဆင်ထားသည့်ဗုံးကွဲ။ လူ ၃/၄ ဦးသေဆုံး၊ ၂ ဦး ဒဏ်ရာရ။ မျက်မြင်သက်သေများ၏ အဆိုအရ ထိခိုက် ဒဏ်ရာရ သူများတွင် ကားမောင်းသူ၊ ယာဉ်ထိန်းရဲ ၁ ဦး၊ အေးရှားဝေါ ကုမ္ပဏီမှ လမ်းဖောက်လုပ်သား ၂ ဦး ပါဝင်။ |
| ၁၉ | ၈/၁၂/၂၀၁၃ | မြို့မရပ်၊ တောင်ကြီး၊ ရှမ်းပြည်နယ် | မူဆလင်တစ်ဦး ပိုင်ဆိုင်သည့် အိမ်အတွင်း ဗုံးကွဲ။ အိမ်ရှင် အနည်းငယ် ဒဏ်ရာရ။ |
| ၂၀ | ၁၃/၁၂/၂၀၁၃ | တောင်ကြီး၊ ရှမ်းပြည်နယ် | ဂစ်တာတစ်ခုအတွင်း ပိုက်ဗုံး ၃-ခုတွေ့ |
| ၂၁ | ၂၅/၁၂/၂၀၁၃ | တောင်ကြီး၊ ရှမ်းပြည်နယ် | ငြိမ်းချမ်းလူငယ်လေ့ကျင့်ရေး စင်တာနှင့် မူဆလင်မိဘမဲ့ဂေဟာ ပြင်ပတွင် ပိုက်ဗုံးတွေ့ရှိ |
| ၂၂ | ၂၈/၁၂/၂၀၁၃ | မုံးစီးကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် | ၁ ဦးသေ၊ ၁ ဦး ပြင်းထန်စွာ ဒဏ်ရာရ |

## မြေယာသိမ်းပိုက်မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို ဆန့်ကျင်ဆန္ဒပြမှုများနှင့် ပတ်သက်သည့် အကြမ်းဖက်မှုများ

သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ် လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေးအရ လွတ်လပ်မှုများ ဖြစ်ပေါ်လာပြီးနောက် မြေယာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ဆန္ဒပြပွဲများနှင့် အကြမ်းဖက်မှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏ ဆိုးကျိုးများကို ပိုမိုမြင်တွေ့လာရပါသည်။ နိုင်ငံသားများသည် လွတ်လပ်ခွင့်မှု အခွင့်အလမ်းသစ်ကို အသုံးချ၍ သူတို့၏ နစ်နာချက်များကို ဖော်ထုတ်လာကြသည်။ အထူးသဖြင့် ယခင်စစ်အစိုးရလက်ထက်က မြေယာသိမ်းယူမှုများကြောင့် မြိုသိပ်ထားရသည့် နစ်နာချက်များ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့် ပျက်စီးနစ်နာရမှုများကို ယခုအခါ ဖော်ပြပြောဆို နိုင်ကြပြီ ဖြစ်သည်။ မကြာခဏဆိုသလို အကြမ်းဖက်ဖြိုခွဲခံရမှုများ၊ ဖမ်းဆီးခံရမှုများ၊ လူသေဆုံးရမှုများလည်း ရှိခဲ့သည်။

၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မြေယာသိမ်းပိုက်မှုများအတွက် ပတ်သက်ပြီး မြို့နယ် ၂-ခုမှာ ညမထွက်ရ အမိန့်ပင် ထုတ်ပြန်ခဲ့ကြသည်။

| | |
|---|---|
| **စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာခရိုင် လက်ပံတောင်းကြေးနီမိုင်း** | ညမထွက်ရအမိန့် (ဇူလိုင် ၂၀၁၂) |
| **ရန်ကုန်တိုင်း။ ဒလမြို့နယ်** | ညမထွက်ရ အမိန့် (ဩဂုတ် ၁၀၊ ၂၀၁၃) |

တက်ကြွလှုပ်ရှားသူ အများက အပစ်အခတ်ရပ်စဲရေးကြောင့် သတ္တုမိုင်းတူးဖော်မှုများနှင့် စီးပွားရေး စီမံကိန်းကြီးများ မတည်ငြိမ်သေးသည့် အပစ်ရပ်ဒေသများတွင် ပို၍ ဖြစ်ပေါ်လာနိုင်ဖွယ် ရှိနေသည်ဟု သတိပေး ထောက်ပြပြောဆိုကြ သည်။ အောက်တိုဘာလ ၃ ရက်နေ့တွင်၊ မိုလို အမျိုးသမီး သတ္တုတွင်းများ စောင့်ကြည့်ရေးအဖွဲ့နှင့် ကရင်နီပြည်နယ် လူမှုအဖွဲ့အစည်းများ ကွန်ရက်က ပူးတွဲ ထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာတွင်၊ ကယားပြည်နယ်၌ မတ် လ၊ ၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲရေးပြီးနောက် သတ္တုတွင်းတူး လုပ်ငန်းများ ပို၍ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ယခင် ၃ ခုသာ ရှိရာမှ ယခု ၁၆ ခုရှိလာခဲ့ သည်။ သို့အတွက်ကြောင့် ဒေသခံပြည်သူများအကြား ထိခိုက်နစ်နာရမှုများ


ပိုမိုများပြားလာသည်။ မြေယာဆုံးရှုံးရခြင်း၊ မြစ်ချောင်းများ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများ တိုးတက်လာသည်ဟု ဖော်ပြသည်။[30]

**ဇယား ၁၁ - ၂၀၁၃ ခုနှစ်တွင် မြေယာသိမ်းပိုက်မှုများနှင့် ဆန္ဒပြပွဲများ**

| | | | |
|---|---|---|---|
| ၁ | ဖေဖော်ဝါရီ | မအူပင်မြို့နယ် ဧရာဝတီတိုင်း | ရဲ ၂၇ ဦးနှင့် လယ်သမား ၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိသည်။ ရဲ ၁ ဦး သေဆုံးသည်။ မြို့နယ်အစိုးရက စီးပွားရေးလုပ်ငန်းရှင် တစ်ဦး ကို မြေရောင်းချမှုနှင့် ပတ်သက်၍ အဓိကရုဏ်း ဖြစ်ပွားသည်။ |
| ၂ | ဧပြီလ | လက်ပံတောင်း၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်း | မြေပြန်ရယူရန် ထွန်ယက်နေကြသည့် လယ်သမားများထံသို့ ရဲများ တိုးဝင်လာရာ ထိတွေ့မှု အဓိကရုဏ်းဖြစ်ပွားသည်။ ရဲများ က ဆန္ဒပြသူများကို ရိုက်နှက်၊ ပစ်ခတ်သည်။ အနည်းဆုံး လူ ၁ ဦး သေနတ်ဒဏ်ရာ ရရှိ၍၊ ၁၀ ဦး ဒဏ်ရာရသည်။ |
| ၃ | မေလ | ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်း | စစ်တပ်က သူတို့မြေများ သိမ်းပိုက်မှုအပေါ် လယ်သမားများ ဆန္ဒပြကြရာ လယ်သမား ၆ ဦး ဖမ်းဆီးခံရသည်။ |
| ၄ | ဇွန်လ | ဖားကန့်၊ ကချင်ပြည်နယ် | ရဲများနှင့် စစ်တပ်က ဖားကန့်ဒေသတွင် တရားမဝင် မိုင်းလုပ်နေသူ ၂၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။ |
| ၅ | ဇွန်လ | ပွင့်ချောင်းနှင့် အုတ်တောင်ပြင်ကျေးရွာ၊ ကျောက်တော်မြို့နယ် ရခိုင်ပြည်နယ် | ၂၀၁၀ ခုနှစ်ကတည်းက စစ်တပ်က သိမ်းပိုက်ထားသော မြေများ အတွင်း ထွန်တုံးတိုက်ပွဲဆင်နွှဲရာ လယ်သမား ၂၀ ခန့် တရားစွဲဆို ခံရသည်။ လျော်ကြေးမပေးဘဲ ဧက ၁၃၀ ကျော်ကို သိမ်းဆည်းခဲ့သည်။ |
| ၆ | ဇွန်လ | ညောင်ပင်သာကျေးရွာ၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း | မြတ်အိန္ဒြေကုမ္ပဏီက ထွန်တုံးတိုက်ပွဲဆင်နွှဲသည့် လယ်သမား ၅၁ ဦးကို ဖမ်းဆီး၊ တရားစွဲဆိုခဲ့သည်။ |
| ၇ | ဇွန်လ | ရွှေနံ့သာကျေးရွာ၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်။ | လွှတ်တော်အမတ် ဦးခင်ရွှေပိုင်သည့် ဇေကမ္ဘာကုမ္ပဏီကို လူ ၅၀ ကျော်က မြေသိမ်းပိုက်မှုဖြင့် ဆန္ဒပြကြသည်။ ၂၀၀၉ ခုနှစ် တွင် စက်မှုဇုန်စီမံချက်ဖြင့် မြေ ၈၀၀ ဧကကျော်ကို သိမ်းပိုက်ခဲ့သည်။ |
| ၈ | ဇွန်လ နှင့် ဇူလိုင် | ဧရာဝတီ တစ်တိုင်းလုံး | မြစ်ဝကျွန်းပေါ်ဒေသရှိ ၁၃ မြို့နယ်တွင် စီးပွားရေးစီမံကိန်းများအတွက် သိမ်းယူခဲ့သည့် သူတို့၏မြေပေါ်တွင် ထွန်တုံးတိုက်ပွဲ ဆင်နွှဲသည့် အတွက်၊ လယ်သမား ၅၀၀ ကျော် တရားစွဲဆိုခံရ သည်။ လူ ၂၀ ကျော် မှာ ထောင်ချခံရ၊ ဒဏ်ငွေသတ်မှတ်ခံရ သည်။ |
| ၉ | ဇူလိုင် | အရှေ့ဒဂုံမြို့နယ်။ ရန်ကုန် | အရှေ့ဒဂုံမြို့နယ်ရှိ ကုမ္ပဏီ ၄-ခုရှေ့တွင် လယ်သမား ၃၀၀ ကျော် ဆန္ဒပြကြသည်။ ၂၀၀၈ ခုနှစ်တွင် လယ်ယာမြေ ၁၇၇၀ ဧက သိမ်းပိုက်ထားမှုကိစ္စ ဖြစ်သည်။ |
| ၁၀ | ဇူလိုင် | ပေါက်မြိုင်ကျေးရွာအုပ်စု၊ အင်းတိုင်းသားကျေးရွာ၊ လယ်ဝေး မြို့နယ်၊ နေပြည်တော် | ဗိုလ်ချုပ်စိုးရှိန်နှင့် ဗိုလ်မှူးလှိုင်မျိုးတို့က မြေယာသိမ်းပိုက်မှု အငြင်းပွားမှုတွင် သေနတ်ထုတ်၍ ခြိမ်းခြောက်ခဲ့သည်။ |
| ၁၁ | သြဂုတ် | ဇီးကုန်းကျေးရွာ၊ လက်ပံတောင်း၊ ဆားလင်းကြီးမြို့နယ် စစ်ကိုင်း | ကြေးနီမိုင်းကို ဆန္ဒပြမှုကြောင့် အနည်းဆုံး ကျေးရွာသား ၄ ဦး ဖမ်းဆီးခံရသည်။ |
| ၁၂ | သြဂုတ် | မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း | မုံရွာတွင် ကြေးနီမိုင်းကို ဆန္ဒပြ၍ နာမည်ကြီး တက်ကြွလှုပ်ရှားသူ နော်အုန်းလှ အပါအဝင် ဆန္ဒပြသူ ၁၀ ဦး ဖမ်းဆီးခံရသည်။ |

30 See Molo Women Mining Watch Network. *Mining in conflict zones: a new form of military offensive, 3 Oct, 2013. and Joint Press Release of the Molo Women Mining Watch Network (MWMWN) and Karenni Society Network (KSCN) 3 Oct 2013.*


| | | | |
|---|---|---|---|
| ၁၃ | ဩဂုတ် | မင်းဓမ္မပန်းခြံ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။ | ဂျပန်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောက်လုပ်ရေးလုပ်ရန် လျာထားသည့် အချက်အခြာ စီးပွားရေးဇုန် မြေနေရာတွင် မြူနီစီပယ် အင်အားစုများကို စနစ်တကျ ဖွဲ့စည်းတိုက်ခိုက်မှုကြောင့် အရာရှိ ၆ ဦး ဒဏ်ရာရရှိသည်။ အရပ်သား ၅ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်။ |
| ၁၄ | ဩဂုတ် | မြို့မဘောလုံးကွင်း၊ ဖားအံ၊ ကရင်ပြည်နယ် | မြို့တော် ဘော်လုံးကွင်းတွင် မြေဒေးကြွယ်လင်းကုမ္ပဏီက ကုန်တိုက်နှင့် ဟိုတယ်တည်ဆောက်မည့်ကိစ္စ ဖားအံမြို့ခံလူထုများက ဆန္ဒပြကြသည်။ |
| ၁၅ | စက်တင်ဘာ ၁၈ | ဝဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့ နယ်၊ နေပြည်တော် | ရဲများက ကျေးရွာ NLD ခေါင်းဆောင်၏ အိမ်ကို ဝင်ရောက်စီးနင်းသည့် ဖြစ်ရပ်တွင် ရဲ ၅ ဦးနှင့် ကျေးရွာလူထု ၅ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိ သည်။ ၂၀၀၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက သိမ်းပိုက်ခဲ့ သည့် မြေအပေါ် ဆန္ဒပြရန် ယင်းက စည်းရုံးခဲ့သောကြောင့်ဖြစ်သည်။ ရဲများကို တိုက်ခိုက်ခဲ့မှုအတွက် ကျေးရွာလူထုများမှာ တရားစွဲဆိုခံရသည်။ |
| ၁၆ | နိုဝင်ဘာလ | ထန်းတပင်မြို့ တောင်ငူခရိုင် ပဲခူးတိုင်း | မြေအငြင်းပွားမှုတွင် လယ်သမား ၁ ဦးကို ရဲက ပစ်ခတ်ခဲ့သည်။ |
| ၁၇ | နိုဝင်ဘာလ | နတ္တလင်းမြို့နယ်၊ ပဲခူးတိုင်း | ပြီးခဲ့သည့် ၆-လက ဖမ်းဆီးခံထားရသူ မြေယာအရေး လှုပ်ရှားသူ ၃ ဦး အစာငတ်ခံဆန္ဒပြနေကြသည်။ |
| ၁၈ | နိုဝင်ဘာလ | ထားဝယ်၊ တနင်္သာရီတိုင်း | စစ်တပ်က သိမ်းဆည်းထားသည့်မြေများ ပြန်ပေးရန်၊ မြေကို ဥပဒေအရ တရားဝင်မှတ်ပုံတင်ပေးရန်၊ သူတို့မြေပေါ်တွင် စီမံကိန်းများ ရပ်ဆိုင်းရန်အတွက် ထားဝယ်လယ်သမားများက ဆန္ဒပြကြသည်။ |
| ၁၉ | နိုဝင်ဘာလ ၂၉ | တရုတ်သံရုံး၊ ရန်ကုန် | လက်ပံတောင်းအကြမ်းဖက်မှု နှစ်ပတ်လည်အဖြစ် တရုတ်သံရုံး ရှေ့သို့ ချီတက်ဆန္ဒပြကြသည်။ တက်ကြွသူ ၂-ဦး ဖမ်းဆီးခံရ သည်။ |
| ၂၀ | နိုဝင်ဘာလ ၂၆- ဒီဇင်ဘာ ၉ | မိကျောင်းကန်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန် | ၁၉၉၀ ခုနှစ်ကတည်းက မြေသိမ်းပိုက်မှုအပေါ် ပြန်ပေးရန် ဒေသခံ ၂၀၀ ကျော်က ထိုင်သပိတ်ဆန္ဒပြကြသည်။ ကာကွယ် ရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ထိပ်တိုက်တွေ့ဆုံစဉ် စည်းရုံး သူ ၂ ဦး ဖမ်းဆီးခံရ၍ အဖွားအို တစ်ဦး အပါအဝင် အနည်းဆုံး ၈ ဦး ဒဏ်ရာရရှိသည်။ |
| ၂၁ | ဒီဇင်ဘာ | ရမည်းသင်းမြို့နယ်ရှိ မိုးထိမိုးမိ ရွှေမိုင်းများ၊ မန္တလေး တိုင်း | ရဲများနှင့် ထိပ်တိုက်တွေ့စဉ်တွင် ဆန္ဒပြသူ ၉ ဦး ပြင်းထန်စွာ ထိခိုက် ဒဏ်ရာရ၍ ဆေးရုံတင်ရသည်။ ကုမ္ပဏီက ကတိ ပျက်ကွက်မှုအပေါ် အလုပ်သမား ၉၂ ဦးကျော် ဆန္ဒပြကြပြီး၊ ၄ ဦးထောင်ချခံရကာ၊ ၂၂ ဦး မှာ တရားစွဲဆိုခံရသည်။ |
| ၂၂ | ဒီဇင်ဘာ | မင်္ဂလာတောင်ညွန့်နှင့် သာကေတမြို့နယ်၊ ရန်ကုန် | မြူနီစီပယ်အိမ်ယာအတွက် ဘောလုံးကွင်းကို သိမ်းယူမှုအတွက် ဒေသခံများက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မီတီ (YCDC) ကို ဆန္ဒပြကြသည်။ |
| ၂၃ | ဒီဇင်ဘာ | ရှမ်းပြည်နယ် | PNO၊ မတ်ကျန်ပြည်သူ့စစ်၊ စစ်တပ်ကုမ္ပဏီများက သိမ်းယူထားသည့် မြေဧက ၆၇၀၀ ကို ပြန်ပေးရန် မြေပိုင်သူများက အသနားခံစာ ပေးပို့သည်။ |
| ၂၄ | ဒီဇင်ဘာ | ပေပုတောနှင့် မော်လမြိုင်ကျွန်း မြို့နယ်များ၊ ဧရာဝတီတိုင်း | သိမ်းထားသည့်မြေပေါ်တွင် ဆန္ဒပြထွန်ယက်မှုကြောင့် လယ်သမား ၃၀ ကျော်ကို ဖမ်းဆီး၊ ထောင်ဒဏ်ချမှတ်သည်။ |
| ၂၅ | ဒီဇင်ဘာ | ဟန်ဇာရဲစခန်း ဧရိယာ၊ သာစည်မြို့နယ်၊ မိတ္ထီလာ | သိမ်းထားသည့်မြေပေါ်တွင် ထွန်ယက်ရန် စည်းရုံးမှုကြောင့် တက်ကြွလှုပ်ရှားသူ ၃ ဦးကို ထောင်ဒဏ်ချမှတ်သည်။ |
| ၂၆ | ဒီဇင်ဘာ ၃၁ | မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း | ရဲတပ်ဖွဲ့က သိမ်းထားသည့်မြေပေါ်တွင် ဖွန်လက ထွန်ယက်မှုကြောင့် လယ်သမား ၅ ဦးကို ထောင်ဒဏ်ချမှတ်သည်။ |




ပုံ ၁၂ - ၂၀၁၃ ခုနှစ်တွင် မြေယာသိမ်းပိုက်မှုနှင့် ဆန္ဒပြပွဲများ

# ၂။ ၂၀၁၄ ခုနှစ် အတွက် ငြိမ်းချမ်းရေးအစီအစဉ်သစ်

ပုံ ၁၃ - သုံးပွင့်ဆိုင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပြပုံ Matrix




UPCC = / NDSC = အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ/ UPWC = ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီ/ MPC = မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန/ DDR = တပ်ဖျက်သိမ်းရေး၊ လက်နက်ဖြုတ်ရေး၊ ပြန်လည်ပေါင်းစည်းရေး/ MPSI = မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့/ PDSG = ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များ အဖွဲ့/ EBO = ဥရောပ-မြန်မာရုံး/ UNFC = ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ/ NCCT = တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ / IPSG = နိုင်ငံတကာ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အုပ်စု/ WEGC = တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့/ PI = ပြည်ထောင်စု အင်စတီကျု

## ဆန့်ကျင်ကွဲလွဲနေသော ငြိမ်းချမ်းရေးအစီအစဉ်များ

| အစိုးရ | တိုင်းရင်းသားများ၏ အစီအစဉ် |
|---|---|
| *ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်-*<br>၁။ လက်နက်ဖြုတ်သိမ်းရန် (လက်နက်ချရန်၊ သို့မဟုတ် နယ်ခြား စောင့်တပ်/ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့ အဖြစ် အသွင်ပြောင်းရန်)<br>၂။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီ ဖွဲ့ရန်<br>၃။ စီးပွားရေးလုပ်ငန်းများ ထူထောင်ရန်။ | ၁။ နိုင်ငံရေးဆွေးနွေး ညှိနှိုင်းရန် (တိုင်းရင်းသားများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန်)<br>၂။ ပြည်ထောင်စု သဘောတူညီချက်<br>၃။ ပြည်ထောင်စုပါလီမန် လွှတ်တော်မှ အတည်ပြုခြင်း |

| *၂၀၁၂ ခုနှစ်- အဆင့် ၃ ဆင့်ပါ ငြိမ်းချမ်းရေး အစီအစဉ်* | *၂၀၁၂ ခုနှစ်- အချက် ၆ ချက်ပါ အစီအစဉ် (UNFC)* |
|---|---|
| ၁။ ပြည်နယ်အဆင့်- အပစ်အခတ်ရပ်စဲရေး<br>(၁) နှစ်ဖက်စလုံးမှ အပစ်အခတ် ရပ်စဲရန်။<br>(၂) သဘောတူညီထားသည့် နေရာများတွင်သာ တပ်များကို နေရာချထားရန်။<br>(၃) သတ်မှတ်ထားသည့် နေရာများပြင်ပတွင် လက်နက်ကိုင် ဆောင်သွားလာခြင်း မပြုရန်။<br>(၄) နှစ်ဖက်စလုံးက သဘောတူညီသည့် နေရာများတွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန် (လက်နက်များ ကိုင်ဆောင်ခွင့်မပြု)။<br>(၅) ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများသို့ ရှေ့ဆက်တက်လှမ်း နိုင်ရေးအတွက် အင်အားစု အသီးသီးက တရားဝင်ကိုယ်စားလှယ် အဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပြီး၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ ဖြစ်ပေါ်လာသည့်အခါ ဆွေးနွေးညှိ နှိုင်းကြရန်။<br><br>၂။ ပြည်ထောင်စုအဆင့် ယုံကြည်မှုတည်ဆောက်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အတွက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ဖော်ဆောင်ရေး၊<br>(၁) ပြည်ထောင်စုမှ မခွဲထွက်ရန်။<br>(၂) တို့တာဝန် အရေး ၃ ပါးကို လက်ခံရန်- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး။<br>(၃) စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် ရေး။<br>(၄) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ကူညီ ဆောင်ရွက်ရေး<br>(၅) နိုင်ငံရေးပါတီများဖွဲ့စည်း၍ ရွေးကောက်ပွဲ တွင် ပါဝင်ယှဉ်ပြိုင် ရေး။<br>(၆) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံ၍ လွှတ်တော် တွင်းမှတဆင့် လူအများစု သဘောထားဖြင့် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရေး။<br>(၇) ထာဝရငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့်အညီ နေထိုင်ရေး၊ လှုပ်ရှားသွားလာရေး၊ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဥပဒေဘောင် အတွင်းသို့ အပြည့်အဝ ဝင်ရောက်ရေး။<br>(၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော် တစ်ခုတည်း ရှိစေရေးအတွက် ပူးပေါင်းဆောင် ရွက်ရေး။ | ၁။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အစည်းအဝေးတစ်ခု ခေါ်ယူကျင်းပနိုင်ရန်။<br>၂။ နိုင်ငံတကာ စောင့်ကြည့်မှုအောက်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် အစိုးရကိုယ်စားလှယ် များ ဆွေးနွေးညှိနှိုင်းရန်။<br>၃။ ရရှိလာသော သဘောတူညီချက်ကို အသိအမှတ်ပြုနိုင်ရန် အတွက် တိုင်းရင်းသားပြည်နယ်တိုင်းတွင် ဆန္ဒခံယူပွဲပြုလုပ်ရန်။<br>၄။ ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးပြောဆိုနိုင်ရန် တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံရန်။<br>၅။ အစိုးရ၊ ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားများ အကြား သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်းမှု ပြုရန်။<br>၆။ ရရှိလာသော သဘောတူညီချက်များကို တိကျသည့်အချိန် ဇယားတစ်ခုအရ အကောင်အထည်ဖော်မှု ပြုလုပ်ရန်။ |

<table>
<tr><td>၃။ နိုင်ငံရေးပါတီများဖွဲ့စည်း၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ရေး၊ လွှတ်တော်အတွင်း ဝင်ရောက်ရေး။</td><td></td></tr>
<tr><td>၂၀၁၃ ခုနှစ် (ဒီဇင်ဘာလတိုင်အောင်)<br><br>လိုင်ဇာညီလာခံသို့ ပေးပို့သည့် သမ္မတဦးသိန်းစိန် ၏ သဘောထားမိန့်ခွန်းတွင်၊ (WGEC ၏ ပုံစံကို အခြေခံ၍) အဆင့် ၃-ဆင့်ပါ လုပ်ငန်းစဉ်ကို အဆိုပြုထားသည်။<br>၁။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအကြား)<br>၂။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် အခြေခံမူဘောင် (ယင်းတွင် နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှု အဖွဲ့အစည်းများပါ တက်ရောက်မည်။)<br>၃။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု (အစိုးရ၊ လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ)<br><br>* UWSA နှင့် NDAA<br>* NSCN-K</td><td>၂၀၁၃ ခုနှစ်<br><br><table><tr><td>WGEC (ဧပြီလ)<br><br>အပစ်အခတ်ရပ်စဲရေး -><br>အခြေခံမူဘောင် -><br>နိုင်ငံရေးဆွေးနွေးမှု -><br>ပြည်ထောင်စုသဘောတူညီမှု<br><br>* RCSS + KNU</td><td>NCCT (နိုဝင်ဘာလ)<br><br>အခြေခံမူဘောင် -><br>အပစ်ရပ်ရေး -><br>နိုင်ငံရေးဆွေးနွေးမှု -><br>ပြည်ထောင်စုသဘောတူညီမှု<br><br>* UNFC အဖွဲ့ဝင်အားလုံး (KNU အပါအဝင်) + ABSDF<br><br>NCCT က ယခုအခါ နိုင်ငံရေး အခြေခံမူဘောင် မရရှိမီ၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ပြီ ဖြစ်သည်။ သို့သော် အချက်တစ်ခု အနေဖြင့် အစိုးရက နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်သည့် အခါ ဖက်ဒရယ်ပြည်ထောင်စု နှင့် တပ်မတော်ကိစ္စ ဆွေးနွေး ရန် အာမခံချက်ပေးရမည် ဖြစ်သည်။</td></tr></table></td></tr>
</table>

## တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် တစ်ခုတည်းသော သဘောတူညီချက်စာချုပ် တခုပေါ်ထွက်ရေးမှာ ယခုအခါ ယခင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းနှင့် အစိုးရတို့အကြား သဘောတူညီထားချက် အားလုံးကို လွှမ်းမိုးသွားမည် ဖြစ်သည်။ ယခင် သဘောတူညီထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှာ ဆက်လက်သက်ဝင်နေဦးမည် ဖြစ်သော်လည်း၊ ငြိမ်းချမ်းရေး ဆွေးနွေးမှု အစီစဉ်သစ်များမှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) အပေါ်တွင်သာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

## တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဟူသည်မှာ အဘယ်နည်း

ပြီးခဲ့သည့်နှစ်အတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဟူသည့် ဝေါဟာရကို အဓိပ္ပါယ် ၂-မျိုးဖြင့် သုံးစွဲခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်တွင် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အစိုးရထံသို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာရန် တောင်းဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ တစ်နိုင်ငံလုံးတွင် တိုက်ခိုက်မှုများ ရပ်ဆိုင်းထားရန် သဘောကိုသာ ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။ သို့နှင့် အစိုးရက တစ်နိုင်ငံလုံးတွင် အပစ်အခတ်ရပ်စဲထားပြီးဖြစ်ကြောင်း ဇန်နဝါရီလမှစ၍၊ အောင်မြင်မှုများစွာ မရှိလှဘဲ အကြိမ်များစွာ ကြေညာခဲ့သည်။

၎င်းဝေါဟာရကို ဒုတိယအကြိမ် အသုံးပြုကြပုံမှာ "တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု" ဆိုသည့် စကား

ရပ်အတွက် ဖြစ်သည်။ ယင်းကို တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) က စတင် အဆိုပြုခဲ့ခြင်း ဖြစ်ပြီး၊ ယင်းအဖွဲ့အား တိုင်းရင်းသားအင်အားစုများအတွက် နိုင်ငံရေးအခြေခံမူဘောင်ကို ရေးဆွဲပေးရန် တာဝန်ပေးထား ခဲ့သည်။ ယခုဝေါဟာရ၏ အဓိကအဓိပ္ပါယ်မှာ မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက် တစ်ခုဖြစ်ပြီး၊ ယင်းတွင် အခြေအနေ သတ်မှတ်ချက်များ၊ အခြေခံ မူဘောင်များ ပါဝင်မည် ဖြစ်သည်။ ထိုလက်မှတ်ရေးထိုးပြီးသည့်အခါ အင်အားစုနှစ်ဖက်က တိုက်ခိုက်မှုများ ရပ်စဲ၍ နိုင်ငံရေး ဆွေးနွေးနိုင်ကြလိမ့်မည် ဖြစ်သည်။ ယင်းအဆိုပြုချက်ကို အစိုးရထံ ဧပြီလတွင် တင်ပြခဲ့ပြီး၊ အမျိုးသားလုံခြုံ ရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) က သဘောတူညီခဲ့သည်။ ထို့နောက် အစိုးရက နိုင်ငံတွင်းရှိ အရေးပါသည့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကို ဇွန်လ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘော တူညီမှု လက်မှတ်ရေးထိုးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲမကျင်းပမီတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကို အဆုံးသတ်နိုင်ရန် အစိုးရက ရည်ရွယ်ပုံရသည်။ ယင်းသို့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးကို ဦးတည်လာသည့်အတွက်၊ ယခင် အချက် ၈ ချက်ပါ အစိုးရ၏မူရင်း ငြိမ်းချမ်းရေး လမ်းညွှန် မှုများမှာ ရပ်သိမ်းသွားခဲ့ပြီဟု ယူဆနိုင်သည်။[31]

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ယခင်က တစ်ဖွဲ့ချင်းနှင့် လက်မှတ်ရေးထိုးခဲ့သည့် ပြည်နယ် အဆင့်/ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၏ ကွာခြားမှုမှာ တိုင်းရင်းသားအရေး ပြဿနာ နှင့် ပတ်သက်၍ ယခုသဘောတူညီချက်သစ်က ဖက်စုံထောင်စုံ ပြည့်စုံစွာချည်းကပ်ထားပြီး၊ အပစ်အခတ် ရပ် စဲရေးကို ပိုမိုခိုင်မာစေရေး အစီအစဉ်များကို ချမှတ်ထားသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်ပေါ်စေရန် အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန် အစီအစဉ်များလည်း ပါဝင်သည်။ ယေဘုယျအားဖြင့် နားလည်ထားကြ သည်မှာလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အရေးပါသည့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေး အတွက် လိုအပ်သည့်ကြိုတင်အခြေအနေ တစ်ခု ဖြစ်သည်။ ဤသို့နိုင်ငံရေးအာမခံချက် ရှိထား ခြင်း အားဖြင့် အစိုးရနှင့် လက်နက်ကိုင်တိုက်ခိုက်နေဆဲ ဖြစ်သည့် KIA နှင့် TNLA အဖွဲ့တို့အကြား မကျေမလည် ရှေ့မတိုးနိုင်ဖြစ်နေသော ငြိမ်းချမ်း ရေး ဆွေးနွေးပွဲများကိုလည်း ဖြေရှင်းနိုင်လိမ့်မည် ဖြစ်သည်။

"**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး**" ဟူသော ဝေါဟာရတွင် ဝေဝါးရှုပ်ထွေးမှုများနှင့် ကွဲလွဲမှုများလည်း ရှိနေ သေးသည်။ အချို့အုပ်စုများက နိုင်ငံရေးဆွေးနွေးမှု အရင်လာပြီးမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်နိုင်မည် ယုံကြည်ကြ သလို၊ အချို့ သော အင်အားစုများက အပစ်အခတ်ရပ်စဲရေး တစ်နိုင်ငံလုံးပြုနိုင်ပြီးမှ နိုင်ငံရေးဆွေးနွေးပွဲများ ရှေ့ဆက် နိုင်မည်ဟု ထင်မြင် ယူဆချက်များရှိနေကြသည်။ အများစုက အပစ်အခတ်ရပ်စဲရေး ဟူသည်မှာ တိုက်ပွဲများ လုံးဝ ရပ်ဆိုင်းစေရေးဟု ထင်မြင်နေကြသည်။ သို့မဟုတ်ပါက အမှန်တကယ် အပစ်အခတ်ရပ်စဲရေး မရရှိနိုင်ဟု ဆိုကြသည်။ ဥပမာအားဖြင့်- KIA အဖွဲ့က သူတို့ကို အစိုးရတပ်များ လာရောက်တိုက်ခိုက်ခံနေရချိန်၌၊ အပစ်အခတ်ရပ်စဲရေး လက် မှတ်မရေးထိုးလိုဟု ဆိုကြသည်။ ထိုအချိန်တွင် KNU နှင့် RCSS အဖွဲ့များကမူ သူတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် သံန္နိဋ္ဌာန်ချမှတ်ထားသည်။ အပစ်အခတ် ရပ်စဲရေး ပြီးပြည့်စုံစေရန်ဟူသည်မှာ အချိန်ယူရဦးမည်ဟု ထင်မြင်ကြသည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ကျေလည်မှုရရေးမှာ အချိန်သိပ်ကြာမြင့်ဦးမည် ဖြစ်၍၊ ပဋိပက္ခများ အဆုံးသတ်ရေးကို ဦး စားပေးဆောင်ရွက်ရမည်ဟု မြင်ကြသည်။ ယင်းအမြင်ကို အစိုးရဖက်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) ဖက်မှလည်း ပံ့ပိုးကူညီလိုက်၍ ပြောဆိုကြပြီး၊ ယင်းအဖွဲ့၏ တွဲဖက်ဒါရိုက်တာတစ်ဦး ဖြစ်သူ ဦးအောင်နိုင်ဦး၏ ဆောင်းပါး တွင် "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု (NCA) ဆိုသည်မှာ သဘောထားကွဲလွဲနေသူများ၊ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေးများ ပုံမှန်ပြန် ဖြစ်အောင် ဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို အမျိုးသားပြန်လည်သင့်မြတ်ရေး ခရီးစဉ်၏ ပထမအဆင့်ဟု မြင်သင့်သည်" ဟု ရေး သားခဲ့သည်။[32] KNU ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင် မန်းငြိမ်းမောင်ကလည်း DVB သတင်းဌာနသို့ ပြော ကြားရာ၌ ယင်းအမြင်ကို ထင်ဟပ်ပြောဆိုခဲ့သည်။ "အပစ်အခတ်ရပ်စဲရေး ရရှိပြီဆိုတာနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပြီးဆုံးတာ မဟုတ်ပါဘူး။ ... အဲဒါအစား ပိုပြီးနားလည်မှုတွေ ရရှိအောင် နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် အစပျိုးပေးနိုင်တဲ့ လုပ်ငန်းအစီအစဉ်ပဲ ဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။[33]

31 "President's 8 point peace guideline quietly shelved", *SHAN*, 19 Sept 2013. Web.

32 Aung Naing Oo, "The nationwide ceasefire: Myanmar's road to peace", *Myanmar Times*, 3 Nov 2013. Web

33 "KNU is ready to sign ceasefire, say CEC member", *DVB*, 7 Oct 2013. Web

အပစ်အခတ် ရပ်စဲမှုမရှိသေးသော၊ အထူးသဖြင့် KIA နှင့် TNLA ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက မှ နိုင်ငံရေး ဆွေးနွေးမှုများအတွက် မသေချာသေးမီကာလတွင် လက်မှတ်ရေးထိုးရမည်ကို သံသယကြီးနေကြသည်။ တိုင်းရင်းသားများ၏ အရေးကြီးအကဲဆတ်သည့် ပြဿနာဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဖြေရှင်းနိုင်ပါမည်လောဟု မေးခွန်း ထုတ်နေကြသည်။ သို့အတွက်ကြောင့် WGEC နှင့် UNFC တို့အကြား ကွာဟမှုတွေ ဖြစ်လာသည်။ သို့အတွက် ကြောင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လျော်ကန်သင့်မြတ်သည့် လုပ်ငန်းဆောင်တာများ မရှိမီတွင်၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် လောဆော်နေကြပြီး ၎င်းတို့၏ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး လှုပ်ရှားမှု များကို နိဂုံးချုပ် အဆုံးသတ်လိုနေကြသည်ဟု စွပ်စွဲပြောဆိုမှုများလည်း ဖြစ်ပေါ်လာသည်။

KNU နှင့် RCSS အဖွဲ့တို့က WGEC ၏ နိုင်ငံရေးအခြေခံမူဘောင် အဆိုပြုချက်ကို တစ်ဖွဲ့ချင်းသီးခြား လွတ်လပ်စွာ၊ အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီသို့ တိုက်တွန်းပြောဆို စည်းရုံးနေကြသည်။ ဤသို့ဖြင့် အစိုးရ ဖက်က "**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရတို့အကြား တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်**" မူကြမ်းကို ရေးဆွဲပြုစုရန် ဖြစ်လာစေခဲ့သည်။ ယင်းစာချုပ် မူကြမ်း တွင် နိုင်ငံရေးအရ ဆွေးနွေးမှုခေါင်းစဉ်ကို ထည့်သွင်းလာစေသလို၊ UNFC ဖက်သို့လည်း နိုင်ငံရေးမဆွေးနွေးမီ၊ တစ် နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို လက်ခံလာစေရေးအတွက် အာမခံတစ်ခုအဖြစ် တိုက်တွန်းနားချနိုင်ခဲ့ကြသည်။ KIO က ၎င်းတို့၏လိုင်ဇာဌာနချုပ်တွင် တိုင်းရင်းသားညီလာခံတစ်ခုကို အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက် နေ့ထိကျင်းပခဲ့ပြီး၊ အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစု (၁၇) ခုအနက်မှ (၁၆) ဖွဲ့ တက်ရောက် ခဲ့ပြီး၊ ယခုအခါ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် **တစ်ခုတည်းသော စာသား (single text)** ပေါ်ထွန်းရေးဟု လူသိများနေသည့်ကိစ္စကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။ (RCSS က လက်မှတ်ရေးထိုးခြင်း မရှိပါ)။ ယင်းဆွေးနွေးပွဲတွင် UNFC အဖွဲ့ဝင် ၁၁ ဖွဲ့အပြင်၊ AA, ALP, DKBA, KPC, MNDAA တို့လည်း တက်ရောက်ခဲ့ကြသည်။ နောက်ဆုံးနေ့တွင် NCCT ကို ဖွဲ့စည်းနိုင်ခဲ့ကြပြီး၊ အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင် မှုလုပ်ငန်းကော်မီတီ (UWPC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပေါ်ထွန်းရရှိလာစေရေး ညှိနှိုင်းဆွေးနွေးမည့် တိုင်းရင်းသားများကိုယ်စားပြု (ယာယီ) အဖွဲ့ ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။

| နိုင်ငံရေးမဆွေးနွေးမီ အပစ်အခတ်ရပ်စဲရေးကို ထောက်ခံသူများ- | | နိုင်ငံရေးဆွေးနွေးပွဲများပြီးမှ အပစ်အခတ်ရပ်စဲရေးကို ထောက်ခံသူများ- |
|---|---|---|
| KNU<br>RCSS<br>KNPP<br>PNLO | CNF<br>SSPP<br>ALP<br>LDU<br>WNO | KIA<br>NMSP<br>DKBA<br>AA<br>TNLA |
| NCCT အဖွဲ့ဝင် မဟုတ်သူများ | UWSA<br>NDAA<br>ABSDF | NSCN-K, KNO-B တို့၏ ရပ်တည်ချက်များ မသိရပါ။ |

လိုင်ဇာညီလာခံတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအတွက် အခွင့်ကောင်း ရရှိခဲ့ပြီး၊ ဖက်ဒရယ်တပ်မတော် တည်ထောင်ရန် တောင်းဆိုချက်သည် အစိုးရကို စိုးရိမ်ထိတ်လန့်မှု ဖြစ်စေခဲ့သည်ဟု ဆိုသည်။[34] တက်ရောက်ပါဝင်သူ များ၏ အဆိုအရ မြန်မာစစ်တပ်က သဘောထားတင်းမာသည့် NCA (တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်) ဒုတိယမူကြမ်းဖြင့် ပြန်လည်တုံ့ပြန်လာခဲ့သည်။ လိုင်ဇာအစည်းအဝေး ပြီးပြီးချင်း၊ မြစ်ကြီးနားတွင် နှစ်ဖက်

34 "Chiangmai Meeting: Both sides caught off guard in Myitkyina", *SHAN*, 25 Nov 2013. Web.

တွေ့ဆုံရာ၌ တင်ပြလာခြင်း ဖြစ်သည်။ နှိုင်းယှဉ်ချက်အရဆိုလျှင် ယခင်တင်ပြခဲ့သော NCA သဘောတူညီချက် မူကြမ်းသည် သဘောထားပျော့ပြောင်းသည်ဟု ဆိုသည်။ ယင်းအဆိုပြုချက်တွင် တိုင်းရင်းသားအင်အားစုများဖက်သို့ "လက်နက်ကိုင်တော်လှန်ရေးကို လုံးဝစွန့်လွှတ်ရန်" တောင်းဆိုထားပြီး၊ ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် တည်ဆဲဥပဒေကို မကျော်လွန်ပါက၊ အသိအမှတ်ပြုမည်ဟု ဆိုထားသည်။

ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများအတွက် **ပြည်ထောင်စု အင်စတီကျု (Pyidaungsu Institute)** ကို EBO (ဥရောပ-မြန်မာရုံး) ရန်ပုံငွေဖြင့် တည်ထောင်ထားသော၊ အကြံပေးဉာဏ်ကြီးရှင် အဖွဲ့တစ်ခုဖြစ်သည်။ အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် တိုင်းရင်းသားများဖက်က တုံ့ပြန်ဆောင်ရွက်မှုတစ်ခုလည်း ဖြစ်သည်။ ပြည်ထောင်စု အင်စတီကျုက စာချုပ်မူကြမ်း ၄-ခုကို တစ်ခုတည်းသော စာသားဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ခု ထွက်ပေါ်လာအောင် စုပေါင်းပေးမည် ဖြစ်သည်။ ယင်းတို့မှာ ဧပြီလက ပြုခဲ့သည့် WGEC ၏ အဆိုပြုချက်၊ အောက်တိုဘာတွင် တင်ပြခဲ့သည့် MPC ၏ အဆိုပြုချက်၊ နိုဝင်ဘာလတွင် တင်ပြခဲ့သည့် NCCT ၏ အဆိုပြုချက် နှင့် နိုဝင်ဘာလ က ထုတ်ပြန်ခဲ့သည့် မြန်မာတပ်မတော်၏ အဆိုပြုချက်တို့ ဖြစ်သည်။ ယင်း ပေါင်းစည်းစာသားကို ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီ (UPWC) သို့ ဒီဇင်ဘာလ ၉ ရက်နေ့ တွင် တင်ပြခဲ့ပြီး၊ နောက်တကြိမ် နှစ်ဘက်ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပမည် ဖြစ်သည်။

**ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများအတွက် ပြည်ထောင်စု အင်စတီကျု** (Pyidaungsu Institute)

**ဖွဲ့စည်းမှု** - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းသည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားဝင်ဖွင့်လှစ်သည်။
**အင်တာနက်စာမျက်နှာ** - http://www.pyidaungsuinstitute.org/


ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ဖွင့်လှစ်ထားပြီး ခွန်ဆိုင်းဂျိုင်ယင်က ဦးဆောင်သည်။ ယင်းသည် တိုင်းရင်းသားများ၏ မူဝါဒ သုတေသနဌာန ဖြစ်ပြီး၊ (UNFC က တည်ထောင်ရန် လျာထားသည့် အကြံပေးအဖွဲ့နှင့် ကွာခြားသည်) ဝန်ထမ်း ၁၄ ဦး နှင့် လည်ပတ်နေသည်။ သဘောတူညီချက်အတွက် တစ်ခုတည်းသော စာသားကို NCCT အတွက် ပြုစုပေးခဲ့သည်။ ယင်းကို ဥရောပ-မြန်မာရုံး (EBO) က ရန်ပုံငွေထောက်ပံ့ပေးပြီး၊ မည်သည့်အဖွဲ့အစည်းနှင့်မျှ ချိတ်ဆက်ထားခြင်း မရှိသော လွတ်လပ်သည့်အဖွဲ့အစည်းတခု ဖြစ်သည်။

| | |
|---|---|
| **မျှော်မှန်းချက်** ။ | ။ တရားမျှတသည့်၊ တန်းတူညီမျှသည့်၊ ဒီမိုကရေစီ၊ အယူအဆမျိုးစုံ ရှင်သန်သော ပြည်ထောင်စု ပေါ်ထွန်းရေး။ |
| **လုပ်ငန်းရည်ရွယ်ချက်** ။ | ။ အရေးပါပြီး၊ သီးခြားလွတ်လပ်သည့် နေရာများ၊ အရင်းအမြစ်များ၊ အထောက်အပံ့များကို ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရပ်ရွာအဖွဲ့အစည်းများသို့ ပံ့ပိုးပေးနိုင်ရန်။ |
| **တန်ဖိုးထားမှုများ** ။ | ။ ၁။ အချက်အလက်ခိုင်မာသည့် သတင်းအချက်အလက်များအပေါ် အမှီပြုရေး<br>၂။ ပြည်ထောင်စုတည်ဆောက်ရေးတွင် ပါဝင်ကြသူများက လမ်းညွှန်၊ စီမံခန့်ခွဲနိုင်ရေး<br>၃။ ပါဝင်ကြသူများက သတ်မှတ် ဖော်ထုတ်ထားသည့် လိုအပ်ချက်များကို အလေးထား ပံ့ပိုးပေးရေး။ |

အစိုးရက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် လျာထားသည့် နောက်ဆုံးနေ့ကို အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရပြီး ဖြစ်ပါသည်။ ယခင်က ဇူလိုင်လတွင် ရေးထိုးရန် ခန့်မှန်းခဲ့ကြပြီး၊ အောက်တိုဘာ၊ နိုဝင်ဘာလများ၊ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ တိုင်းရင်းသားအင်အားစုများဖက်က ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မီတီနှင့် အစည်းအဝေးကို ဇန်နဝါရီလတွင် သတ်မှတ်ထားရာမှ၊ ဖေဖော်ဝါရီလသို့ ထပ်မံ ရွှေ့ဆိုင်းခဲ့

သည်။[35] အကြောင်းမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းကို ဆုံးဖြတ်ချက်ချရာ၌ အဆင့်ပေါင်းများစွာ ပါဝင်ပတ်သက်နေသောကြောင့် ဖြစ်သည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းကို မြန်မာ အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး အကောင်အထည်ဖော်မှု လုပ်ငန်းကော်မီတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ NCCT တို့ ညှိနှိုင်းဆွေးနွေးကြပါသည်။ သို့သော် နှစ်ဖက်စလုံးက ပြန်လည် တင်ပြကြရန်နှင့် အဆင့်မြင့် ခေါင်းဆောင် အာဏာပိုင်အဆင့်ဆင့်မှ အတည်ပြုချက် ရယူရန် လိုအပ်ပါသည်။ အစိုးရဖက်တွင်မူ ပြည်ထောင်စု ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု လုပ်ငန်းကော်မီတီက နိုင်ငံတော်သမ္မတ၊ ထို့နောက် သမ္မတက နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) သို့ ပြန်လည်တင်ပြရသည်။ (ကာ/လုံကောင်စီ) က တင်ပြလာသည့် မူကြမ်းရှိ အချက်များကို အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း ပြုကြပါသည်။ တိုင်းရင်းသားများ ဖက်တွင်မူ NCCT က တိုင်းရင်းသားအဖွဲ့အစည်းအားလုံး၏ အတည်ပြုချက် လိုအပ်ပြီး၊ ၎င်းတို့က သက်ဆိုင်ရာ မိခင်အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်ပိုင်းသို့ တင်ပြကြသည်။ မူကြမ်းရေးဆွဲမှုမှာ ဤသို့အကြိမ်ကြိမ် အဆင့်ဆင့် ဖြတ်သန်းရမည် ဖြစ်ပြီး၊ နောက်ဆုံးနှစ်ဖက်စလုံးက ကျေလည်သည်အထိ ဆောင်ရွက်ကြရမည် ဖြစ်သည်။

**ပုံ ၁၄** - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းရေးဆွဲမှု လုပ်ငန်းစဉ်





**NDSC = အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ/**
**UPWC = ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီ/**
**NCCT = တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့/**
**NSAGs = အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ**

အစိုးရဖက်ကမူ တစ်ညီတညွတ်တည်းသော တပ်ပေါင်းစုပုံစံနှင့် ၎င်းတို့၏ မဟာဗျူဟာကို ယခုအခါ ကြိုဆိုလက်ခံပြီး၊ ယခုအခါ တစ်ခုတည်းသော သဘောတူညီချက်စာသား ပေါ်ထွက်ရေးအတွက်သာ ဆွေးနွေးရန် ရှိပါတော့သည်။ သို့သော်လည်း ယခင်သဘောတူညီထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များလည်း သက်ဝင်နေဦးမည် ဖြစ်ပါသည်။ အထက်ပုံတွင် ဖော်ပြထားသည့်အတိုင်း၊ အခြေခံမူဘောင်သစ်မှာ ယခုအခါ တစ်ပြေးညီအဖြစ် တည်ရှိနေပြီ ဖြစ်သည်။ တွေ့ဆုံဆွေးနွေးရေး မဟာဗျူဟာမှာလည်း အမြင်တူညီသော အချက်အလက်များကို ရှာဖွေကာ စတင်ဆွေးနွေးကြပြီး၊ နောက်ပိုင်းတွင် ပို၍ ခက်ခဲသော ပြဿနာများ အချက်အလက်များကို ဆက်လက် ဆွေးနွေးကြမည်ဟု ဆွေးနွေးရေးဗျူဟာကို ပြောင်းလဲခဲ့ကြသည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၈-၁၀ ရက်နေ့ နှစ်ဖက်တွေ့ဆုံမှု အစည်းအဝေးနောက်ပိုင်းတွင်၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းရေးဆွဲရေး ပူးတွဲ အလုပ်အဖွဲ့ ဖွဲ့စည်းရေးအပါအဝင်၊ အချက် ၅-ချက်ကို သဘောတူညီနိုင်ခဲ့ပါသည်။ ယင်းမူကြမ်းရေးဆွဲရေးအဖွဲ့တွင် အစိုးရဖက်မှ ၉ ဦး ပါဝင်မည် ဖြစ်သည်။ (အစိုးရဘက်မှ ၃ ဦး၊ တပ်မတော်မှ ၃ ဦးနှင့် လွှတ်တော်မှ ၃ ဦးစီ ဖြစ်သည်)။ တိုင်းရင်းသားများ၏ NCCT ဖက်မှ ၉ ဦး ပါဝင်မည် ဖြစ်သည်။ NCCT မဟုတ်သည့်အဖွဲ့များမှ ၅ ဦး (ABSDF, NDAA, NSCN-K, RCSS နှင့် UWSA) ပါဝင်မည် ဖြစ်သည်။

35 R.C. "Myanmar's ethnic conflicts: Hold fire, if not ceasefire", Banyan, *The Economist*, 15 Oct 2013. Web.

ပုံ ၁၅ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်




## လက်မှတ်ရေးထိုးမည့်သူများ

နေပြည်တော်က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် ဖိတ်ကြားမည့်အဖွဲ့ကို ၁၆ ဖွဲ့အဖြစ်၊ စာရင်းပိတ်ခဲ့ပြီး ဖြစ်ကြောင်း၊ အစိုးရ၏ ငြိမ်းချမ်းရေးတာဝန်ခံ ခေါင်းဆောင်ဆွေးနွေးသူ ဦးအောင်မင်းက ပြောသည်။ ယင်းတို့အနက် ၁၄-ဖွဲ့မှာ ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူ လက်မှတ်ရေးထိုးပြီးကြပြီး ဖြစ်သော်လည်း၊ ၂-ဖွဲ့မှာ (KIA နှင့် TNLA) လက်နက်ကိုင် တိုက်ခိုက်နေဆဲ ဖြစ်သည်။ ကျန်အဖွဲ့များမှာမူ "သေးငယ်လွန်းသည်" သို့မဟုတ် "အဖွဲ့ကြီးများနှင့် သူတို့ရှင်သန်ရပ်တည်ရေးအတွက် မှီခိုနေရသည်" ဟု သတ်မှတ်ကြောင်း၊ အစိုးရနှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက ပြောပြသည်။ သို့သော်လည်း အဖွဲ့များက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရာတွင် မပါဝင်သည့်တိုင်အောင်၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုအားလုံးကို နိုင်ငံရေးဆွေးနွေးပွဲသို့ ဖိတ်ခေါ်သွားမည်ဟု ဆိုသည်။[36]

တိုင်းရင်းသား လက်နက်ကိုင် အင်အားကြီး ၂-ဖွဲ့ ဖြစ်သည့် UWSA နှင့် NDAA တို့မှာ အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်း မရှိပေ။ အကြောင်းမှာ သူတို့၏တောင်းဆိုချက်များ ကွဲလွဲသောကြောင့်ဟု ဆိုပါသည်။ ယင်းအဖွဲ့များမှာ ၁၉၈၉ ခုနှစ် အပစ်အခတ်ရပ်စဲချိန်မှစ၍ တိုက်ပွဲများ ဖြစ်ပွားမှု မရှိသလောက်ရှိပြီး၊ ၎င်းတို့၏ အထူးဒေသများအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ကျေနပ်နေကြပါသည်။ UWSA အရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုအရ ယင်းအဖွဲ့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ထောက်ခံသော်လည်း၊ တိုင်းရင်းသားညီလာခံများကို ပါဝင်တက်ရောက်မှုမရှိခြင်းမှာ ယင်းတို့အနေဖြင့် သဘောတူညီချက်မူကြမ်းကို ကျေလည်စွာ လေ့လာသုံးသပ်ရန် အချိန်လိုအပ်သောကြောင့်ဟု ဆိုပါသည်။ ထို့အပြင် UWSA ခေါင်းဆောင် အနည်းစုသာ မြန်မာဘာသာစကား တတ်ကျွမ်းသည့်အတွက်ကြောင့်လည်း ဆက်သွယ်ရေးနှင့် ယင်းမူကြမ်းနှင့် ပတ်သက်၍ ခရီးရောက်မှုမှာ အခြားအဖွဲ့အစည်းများထက် စာလျှင် နှေးကွေးမည်ဟုဆိုပါသည်။[37] မည်သို့ပင်ဖြစ်စေ UWSA နှင့် NDAA မှာ နောက်ပြုလုပ်မည့် NDAA ၏ မိုင်းလားဒေသတွင် ကျင်းပမည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်မည်ဟု မျှော်လင့်ရသည်။[38] အထူးဒေသသို့ အောက်တိုဘာလဆန်းပိုင်းတွင် သွားရောက်စဉ် ဦးသိန်းဇော်က ဝခေါင်းဆောင်များကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး

36 "Government to sign ceasefire with 16 groups", *SHAN*, 31 Jan 2014. Web.
37 Shan Herald News Agency. "Interview: We Support Ethnic Conference". *Myanmar Freedom Daily*, 21 Jan 2013. Web.
38 Saw Yan Naing. "Ethnic Rebels Move Closer to Ceasefire--With String Attached", *The Irrawaddy*, 24 Jan 2013. Web.

သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ တက် ရောက်ပါရန် တိုက်တွန်းခဲ့သည်။

လိုင်ဇာ သဘောတူညီချက်ကို လက်မှတ်ရေးမထိုးသည့် အခြားအရေးပါသော အင်အားစုမှာ RCSS ဖြစ်သည်။ သို့သော်လည်း ယင်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ စိုင်းလက ပြောကြားရာ၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ သူတို့အဖွဲ့အစည်း၏ အစီအစဉ်များ၊ ရည်ရွယ်ချက်များနှင့် တူညီသောကြောင့် ပြဿနာမရှိကြောင်း၊ သို့သော်လည်း ရှမ်းပြည်ညီညွတ်ရေး ကော်မီတီ (CSSU) တွင် ပါဝင်သည့် ရှမ်းနိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန် အချိန်ယူရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ ညီလာခံသဘောတူညီချက်များနှင့် ပတ်သက်၍ ဆွေးနွေးကြရမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[39]

တိုင်းရင်းသားအုပ်စုများက ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန် နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး ကဲ့သို့သော ဒေသခံ အတိုက်အခံ ခေါင်းဆောင်များ လာမည့် ဖားအံအစည်းအဝေးတွင် လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ရန် တိုက်တွန်းတောင်းဆိုနေကြပါသည်။[40]

## အပစ်အခတ်ရပ်စဲရေးအလွှာ

| *တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA)* → | *အခြေခံမူဘောင်* → | *တွေ့ဆုံဆွေးနွေးမှု* = | *ပင်လုံကဲ့သို့ ပြည်ထောင်စု ညီလာခံ + ပြည်ထောင်စု သဘောတူညီချက်* |
|---|---|---|---|
| - ပူးတွဲစောင့်ကြည့် လေ့လာရေး<br>- နိုင်ငံရေး ဆွေးနွေးမှု<br>- လိုက်နာရမည့် ကျင့်ထုံးများ | - အကောင်အထည်ဖော်ရေး | ပင်လုံကဲ့သို့ ပြည်ထောင်စု ညီလာခံအတွက် ပြင်ဆင်မှုများ | (နိုင်ငံရေးအရ ကျေလည်မှု) |

WGEC ၏ အခြေခံမူဘောင်ကဲ့သို့ အလားတူ၊ လက်ရှိ သဘောတူညီချက် စာသားတစ်ခုတည်း ဖြစ်စေရေး အစီအစဉ်များကလည်း အခြေခံမူဘောင်များကို လိုက်နာလုပ်ဆောင်နေသည်။ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတော်အဆင့် တွေ့ဆုံညှိနှိုင်းမှု ဖြစ်ပေါ်လာစေရေး အတွက် ကော်မီတီများ၊ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက် နေသည်။ (နောက်ဆက်တွဲ ၄- WGEC ၏ အခြေခံမူဘောင်)။ ပင်လုံကဲ့သို့သော ပြည်ထောင်စုညီလာခံကို အစိုးရ၊ တိုင်းရင်းသားအင်အားစုများ၊ အတိုက်အခံ နိုင်ငံရေးပါတီများ ပူးပေါင်း ကျင်းပကြမည် ဖြစ်ပြီး၊ ယင်းသည် ငြိမ်းချမ်းရေး နှင့် တွေ့ဆုံညှိနှိုင်းရေး လုပ်ငန်းစဉ်၏ ဗဟိုချက်မဖြစ်သည်။ ယင်းမှနေ၍ နောက်ဆုံးသဘောတူညီချက် (ပြည်ထောင်စု သဘောတူညီချက်) ထွက်ပေါ်လာပါက တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် နိုင်ငံရေးအရ ကျေလည်မှု ရရှိမည် ဖြစ်ပြီး၊ လွှတ်တော်၏ ပြင်ပတွင် လက်မှတ်ရေးထိုးနိုင်မည်ဟု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက မျှော်လင့်ထားကြသည်။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နှစ်ပေါင်းများစွာ အချိန်ယူရမည် ဖြစ်ပြီး၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ ဟိုမှာဖက်တွင်ပင် ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ အတွင်းလူများ ပြောဆိုမှုအရ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းအပေါ် ၈၀-၉၀% မျှ သဘောတူညီမှု ရရှိနေကြပြီဟု ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလက ပြောဆိုခဲ့ကြသည်။ မတ်လ၊ သို့မဟုတ် ဧပြီလ တွင် လက်မှတ်ရေးထိုးနိုင်မည်ဟုလည်း မျှော်လင့်ထားကြသည်။[41]

39 "Only SSA/RCSS, UWSA absent to sign Lawkheela's agreement on ceasefire plan", *Myanmar Today News*, 27 Jan 2013. Web.

40 "Only incumbent leaders should attend ceasefire agreement- NCCT", *Eleven* 29 Jan 2013. Web.

41 "To Hopeland and Back VII: From Battlefield to Negotiating State", *SHAN*, 27 January, 2014. Web

## အစိုးရ၏ ငြိမ်းချမ်းရေးအစီအစဉ်တွင် အပြောင်းအလဲများ - လွှတ်တော်၊ တပ်မတော်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီတို့ အကြား တင်းမာမှုများ

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းကို စတင်မိတ်ဆက်ပေးခဲ့ပြီးနောက်၊ ပြည်ထောင်စု သဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် လွှတ်တော်၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထိန်းချုပ်မှုတွင် အစိုးရအဖွဲ့ အသီးသီး အကြား အာဏာချိန်ခွင်လျှာ အပြောင်းအလဲများကြောင့် အစိုးရဖက်တွင် အပြောင်းအလဲများ ရှိလာခဲ့သည်။ သမ္မတဦးသိန်းစိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးကြပါရန် ဖိတ်ခေါ်ပြီး ၁၀-ရက်အကြာတွင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော် စာချွန်လွှာကို ဇွန်လ ၂၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်ထံ ပေးပို့ခဲ့ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှတ်တော်က တိုက်ရိုက်ပါဝင်ပတ်သက်ခွင့် ရှိရန် တောင်းဆိုခဲ့သည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မည်သို့ဆက်လက် ကိုင်တွယ် ထိန်းသိမ်းကြမည်ကို စိုးရိမ်ပူပန်မှုများ ရှိလာခဲ့သည်။ ဤသို့ဖြင့် သမ္မတဦးသိန်းစိန်က အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ အစည်းအဝေး ခေါ်ဆိုခဲ့ရသည်။

ဦးရွှေမန်းက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပို၍နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း ၎င်း၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပြီး၊ ဦးအောင်မင်း က သမ္မတရုံးဝန်ကြီး၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို စီးပွားရေး လုပ်ပိုင်ခွင့် အခွင့်အရေးများ ပေးနေသည့်အပေါ် သတိပေးထောက်ပြပြောဆိုခဲ့သည်။ ယင်းအခွင့်အရေးများမှာ ဥပဒေနှင့် မညီကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးအဖွဲ့များအတွက် ကားပါမစ်ပေးသည့် လုပ်ငန်းများကို ထောက်ပြခဲ့သည်။ ထို့အပြင် ဦးအောင်မင်းနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) ရှိ နည်းပညာဆိုင်ရာ ထောက်ကူပြုအဖွဲ့အပေါ် ယင်းတို့၏ လုပ်ငန်းများ ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် လက်ခံရရှိသော နိုင်ငံခြားရန်ပုံငွေများအသုံးပြုမှုကို ပို၍ စောင့်ကြည့်ပြောဆိုမှုများ ရှိလာသည်။ သို့သော်အတွင်းကျကျ ပုဂ္ဂိုလ်များ ပြောဆိုချက်အရ MPC ဂန်ထမ်းများပင် ဘတ်ဂျက်မည်မျှရရှိသည်ကို မသိရှိကြောင်း ပြောဆိုကြသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်မှု တစ်နှစ်ကျော်သည့်တိုင် လုပ်ငန်းများကို တင်ပြမည့် ဝဘ်ဆိုဒ်တခု မရှိကြောင်းလည်း ထောက်ပြကြသည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးရွှေမန်းတို့ ပါဝင်သော လွှတ်တော် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က MPC ရုံး သို့လာရောက်၍ ဦးအောင်မင်း၊ အခြားတာဂန်ရှိသူများနှင့်အတူ လက်ရှိငြိမ်းချမ်းရေးလုပ် ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဦးအောင်မင်းက လုပ်ငန်းများနှင့် MPC ဖွဲ့စည်းပုံ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်နေမှုကို ရှင်းလင်းပြ၍၊ MPC ၏ အထူးအကြံပေး ဦးတင်မောင်သန်းက အဖွဲ့အစည်း ဖွဲ့စည်းထားပုံနှင့် MPC ၏ လုပ်ငန်းတာဝန်များ ရှင်းပြသည်။ အထူးအကြံပေး ဦးလှမောင်ရွှေက MPC က ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင် ဆောင်ရွက်မှုများကို ရှင်းပြခဲ့ကြသည်။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး ကော်မီတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို မေးမြန်းခဲ့သည်။ အစည်းအဝေးပြီးနောက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မီတီ ဒု-ဥက္ကဋ္ဌ ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားလူမျိုးများရေးရာ နှင့်  ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှု ကော်မတီဝင် ဦးသိန်းဇော် တို့က သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားခဲ့ကြသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပါလီမန်တွင် လာရောက် အစီရင်ခံစဉ်ကာလအတွင်း အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) သည် အနည်းဆုံး တပတ်တကြိမ် အစည်းဝေးပြုလုပ်ခဲ့သည်။ ယခုအခါ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပို၍ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီ ဖြစ်သည်။ ဇူလိုင်လ ၁ ရက်နေ့တွင် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာ အကူအညီများထက်စာလျှင် အစိုးရရန်ပုံငွေချမှတ် သုံးစွဲရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း သမ္မတဦးသိန်းစိန်က လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်တွင် အိမ် ယာဆောက်လုပ်ရန် လျာထားငွေ ထဲမှ ကျပ်တသန်းကို ထုတ်နုတ်၍ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းတွင် သုံးစွဲခဲ့ သည်။[42] လက်ရှိအချိန်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အများဆုံး ထောက်ပံ့နေသူမှာ ဂျပန်၊ ဥရောပ သမဂ္ဂ၊

42 Yen Snaing. "Burma government requests $7m for peace process", *The Irrawaddy*. 16 Jan 2014. Web.

နော်ဝေနှင့် ငြိမ်းချမ်းရေးအတွက် အလှူရှင်ပံ့ပိုးသူများ အုပ်စု (PDSG) ပါ အဖွဲ့ဝင် နိုင်ငံများကဲ့သို့သော နိုင်ငံတကာ အလှူရှင်များသာ ဖြစ်သည်။ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) ၏ ဆုံးဖြတ်ချက် နှင့်အတူ အချို့ ဝေဖန်သူများက အစိုးရတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တိတိကျကျ ရန်ပုံငွေ သတ်မှတ်ထားမှု မရှိကြောင်း ထောက်ပြကြသည်။ သို့အတွက်ကြောင့် သမ္မတက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျပ်သန်းပေါင်း ၇၀၀၀ (အမေရိကန် ဒေါ်လာ ၇. ၁ သန်း) ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အတွက် သုံးစွဲရန် နိုင်ငံတော်ဘတ်ဂျက်သို့ တင်ပြတောင်းခံခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်မည့်ဘဏ္ဍာရေးနှစ် တွင် သုံးစွဲနိုင်မည် ဖြစ်ပြီး၊ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် "အမျိုးသား စီမံကိန်းများ" ခေါင်းစဉ်အောက် မှ သုံးစွဲနိုင်မည် ဖြစ်သည်။

စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ဦးရွှေမန်းက ချင်း၊ ကချင်၊ ရှမ်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးများသို့ ခရီး လှည့်လည်သွားလာခဲ့ပြီး၊ ရခိုင်ကိုယ်စားလှယ်များနှင့်လည်း ရန်ကုန်တွင် တွေ့ဆုံခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နှင့် ပတ်သက်သည့် ကိစ္စများ ဆွေးနွေးခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က KNU ဥက္ကဋ္ဌ စောမူတူး စေးဖိုးနှင့် စက်တင်ဘာလကုန်ပိုင်းတွင် တွေ့ဆုံ၍ အစိုးရနှင့် တိုင်းရင်းသား အုပ်စုများအကြား အပြန်အလှန် ဆက်ဆံရေးကို ချဲ့ထွင်ခဲ့သည်။ ထို့အပြင် အောက်တိုဘာ ၁၈ ရက်နေ့တွင် တိုင်းရင်းသားရေးရာ ဝန်ကြီးများက သူတို့ အနေဖြင့် အစိုးရ၏ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မီတီမှတဆင့်၊ အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင် ရွက်ကြမည် ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။ ဒုတိယအကြိမ် ပင်လုံကဲ့သို့ညီလာခံအတွက် အခြေခံမူဘောင် များကို အကြံပြုသွားကြမည်ဟု ဆိုသည်။

သို့သော်လည်း ဝေဖန်သူများကမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှတ်တော်၏ အခန်းကဏ္ဍတိုးချဲ့ရန် ကြိုးပမ်းလာမှု သည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် သမ္မတဦးသိန်းစိန်တို့အကြား အာဏာလွန်ဆွဲပွဲဟု မြင်ကြသည်။ အထူးသဖြင့် ဦးရွှေမန်းက ၂၀၁၅ ခုနှစ်တွင် သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံမည်ဟုလည်း လူသိရှင်ကြား ကြေညာ ထားပြီး ဖြစ်သည်။ လွှတ်တော်နှင့် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ (NDSC) တို့၏ အခန်းကဏ္ဍ ကြီးထွားလာမှုသည် ဦးအောင်မင်းနှင့် သမ္မတဦးသိန်းစိန်ကို ဘေးတွန်းဖယ်မည့်အရေးဟုလည်း မြင်ကြသည်။ သတင်း ဌာနများ၏ ဖော်ပြချက်အရ ဦးအောင်မင်း က ၎င်း၏ရာထူးတာဝန်မှ နုတ်ထွက်ရန် အကြိမ်များစွာ ကြိုးပမ်းခဲ့ပြီး၊ သမ္မတ ဦးသိန်းစိန်က နုတ်ထွက်ခွင့်ကို ငြင်းပယ်ခဲ့သည်ဟုလည်း ဆိုကြသည်။ ထို့အပြင် စစ်ရေးလေ့လာသုံးသပ်နေသူများ အဆိုအရ စစ်တပ်က MPC ၏ လှုပ်ရှားမှုများကို အနီးကပ် စောင့်ကြည့်နေသည်ဟုလည်း ဆိုသည်။ အကြောင်းမှာ အစိုးရတွင်းရှိ အုပ်စုများအတွင်း အာဏာပြိုင်ပွဲများ ဖြစ်လာနိုင်ခြေရှိသောကြောင့်ဟု ဆိုသည်။ ဤသို့ခန့်မှန်းတွက်ဆ မှုများ ရှိနေသော်လည်း ၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတိုင် ဦးအောင်မင်းနှင့် MPC သည် တိုင်းရင်းသားများ၏ NCCT နှင့်၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု အတွက် ညှိနှိုင်းဆွေးနွေးမှုများတွင် ဦးဆောင်နေဆဲ ဖြစ်သည်။

## လက်ရှိ အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုမှုများနှင့် ခက်ခဲသည့် ပြဿနာများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု - ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီ (UPWC) နှင့် NCCT မူကြမ်းတို့အကြား ခေါင်းစဉ်များ နှိုင်းယှဉ်မှု

| **အစိုးရ၏ UPWC -ဒုတိယမူကြမ်း**<br>(နိုဝင်ဘာလ ၄ ရက်၊ ၂၀၁၃ ခုနှစ်)<br>တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရတို့အကြား တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက် | **တိုင်းရင်းသား NCCT - ပထမမူကြမ်း**<br>(ဒီဇင်ဘာ ၁၅၊ ၂၀၁၃ ခုနှစ်)<br>"စာသားတစ်ခုတည်းသော မှတ်တမ်း" (Single Text Document) |
|---|---|
| ပဏာမ<br>အခန်း ၁။ ရည်ရွယ်ချက်များ<br>အခန်း ၂။ နိုင်ငံတော်၏ တာဝန်ဝတ္တရားများ<br>အခန်း ၃။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများ<br>အခန်း ၄။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အတွက် လိုက်နာရမည့် ကျင့်ထုံး (Code of conduct)<br>အခန်း ၅။ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း<br>အခန်း ၆။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ<br>အခန်း ၇။ လူ့အခွင့်အရေး ကာကွယ်ပေးခြင်း<br>အခန်း ၈။ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး ပူးတွဲကော်မီတီများ တည်ထောင်ခြင်း<br>အခန်း ၉။ နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပခြင်း<br>အခန်း ၁၀။ အောက်ဖော်ပြပါ အသိအမှတ်ပြုမှုများအတွက် လက်မှတ်ရေးထိုးရန် အခွင့်အရေး<br>အခန်း ၁၁။ လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်း<br>အခန်း ၁၂။ အထွေထွေ<br>အခန်း ၁၃။ သဘောတူညီချက် စတင်သက်ဝင်ခြင်း<br>အခန်း ၁၄။ သဘောတူညီချက်အတွက် လက်မှတ်များ | ပဏာမ<br>အခန်း ၁။ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ<br>အခန်း ၂။ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးအတွက် အခြေခံမူများ<br>အခန်း ၃။ တိုက်ပွဲများ ရှောင်ရှားနိုင်ရေးအတွက် နှစ်ဖက်တပ်ဖွဲ့များ နေရာပြန်လည် ချထားရေးကိစ္စ<br>အခန်း ၄။ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်<br>အခန်း ၅။ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း<br>အခန်း ၆။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ<br>အခန်း ၇။ လူ့အခွင့်အရေး ကာကွယ်ပေးခြင်း<br>အခန်း ၈။ ငြိမ်းချမ်းရေး နှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကော်မီတီ<br>အခန်း ၉။ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး ပူးတွဲကော်မီတီ<br>အခန်း ၁၀။ ငြိမ်းချမ်းရေး တည်ဆောက်ရေး ပူးတွဲအကြံပေး ကော်မီတီ<br>အခန်း ၁၁။ အင်အားစုအသီးသီးတွင် ယုံကြည်မှုတည်ဆောက်ရေးအတွက် အခြေခံမူများ<br>အခန်း ၁၂။ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် ကတိပြုခြင်း<br>အခန်း ၁၃။ အောက်ဖော်ပြပါ လက်မှတ်ရေးထိုးသူများ၏ အခွင့်အရေးများ<br>အခန်း ၁၄။ လွှတ်တော်တွင် အတည်ပြုချက် ရယူခြင်း<br>အခန်း ၁၅။ အထွေထွေ |

***ဒုတိယအကြိမ်***[43]

| **အစိုးရ၏ UPWC -တတိယမူကြမ်း (ဒီဇင်ဘာလ ၂၉ ရက်) ၁၃ မျက်နှာ** | **တိုင်းရင်းသားများ၏ NCCT -ဒုတိယမူကြမ်း (ဇန်နဝါရီ ၂၅) ၂၉ မျက်နှာ** |
|---|---|
| အခန်း ၁။ အခြေခံမူများ<br>အခန်း ၂။ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ<br>အခန်း ၃။ စစ်ရေးကိစ္စများ<br>အခန်း ၄။ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး ပူးတွဲကော်မီတီ<br>အခန်း ၅။ နိုင်ငံရေးအရ ဆွေးနွေးမှု<br>အခန်း ၆။ ယုံကြည်မှုတည်ဆောက်ခြင်း | အခန်း ၁။ အခြေခံမူများ<br>အခန်း ၂။ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ<br>အခန်း ၃။ နိုင်ငံရေး လမ်းပြမြေပုံ *<br>အခန်း ၄။ စစ်ရေးကိစ္စများ<br>အခန်း ၅။ လိုက်နာရမည့် ကျင့်ထုံးများ (Code of conduct) *<br>အခန်း ၆။ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ပူးတွဲလေ့လာစောင့်ကြည့် မှု |

43 "To Hopeland and Back VII: From Battlefield to Negotiating State", *SHAN*, 27 January, 2014. Web

| | |
|---|---|
| အခန်း ၇။ သဘောတူညီချက် စတင်သက်ဝင်မည့်နေ့<br>အခန်း ၈။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခြင်း<br>အခန်း ၉။ အထွေထွေ | အခန်း ၇။ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် မတရားအသင်း ဥပဒေ မှ ကင်းလွတ်ခွင့်ပေးခြင်း<br>အခန်း ၈။ နိုင်ငံရေးအရ ဆွေးနွေးမှု<br>အခန်း ၉။ အသွင်ကူးပြောင်းရေးကာလဆိုင်ရာ အစီအစဉ် *<br>အခန်း ၁၀။ အထွေထွေ<br>အခန်း ၁၁။ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း *<br>နောက်ဆက်တွဲ ၁။ လိုက်နာရမည့်ကျင့်ထုံး (Code of conduct)<br>နောက်ဆက်တွဲ ၂။ ဝေါဟာရများ |

မတ်လ ၁၀ ရက်နေ့တွင် အချက် ၅ ချက်ပါ သဘောတူညီမှု ရရှိသည်။ နှစ်ဖက်ပါတီတို့က တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက်တွင် အခန်း ၇-ခုပါဝင်စေမည်ဟု သဘောတူညီကြသည်။ ၎င်းတို့မှာ -

ပဏာမ
အခန်း ၁။ နောက်ခံအကြောင်းရာ (သို့မဟုတ် အခြေခံမူဝါဒများ)
အခန်း ၂။ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ
အခန်း ၃။ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ကိစ္စများ
အခန်း ၄။ အပစ်ရပ်စဲရေး ရေရှည်တည်တံ့စေရေးအတွက် နည်းလမ်းများ
အခန်း ၅။ နိုင်ငံရေးအရ ဆွေးနွေးမှုအတွက် အာမခံခြင်း
အခန်း ၆။ ဆက်လက် လုပ်ဆောင်မှုများ
အခန်း ၇။ အထွေထွေကိစ္စများ... ဖြစ်ကြသည်။

## *အပစ်ရပ်စဲရေး မတိုင်မီ ဖြေရှင်းရမည့် ပြဿနာများ*

"နိုင်ငံရေး အခြေခံမူဘောင်" ကို တစ်နိုင်ငံလုံး အပစ်ရပ်စဲပြီးနောက် ရက် ၆၀ အတွင်း၊ မူကြမ်းရေးဆွဲရန် ပါတီနှစ်ဖက်စလုံးမှ သဘောတူညီပြီး ဖြစ်သည်။ (အခန်း ၅၊ ၁ (ခ)) အစိုးရကိုယ်စားလှယ်များဖက်က တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးနှင့် ပြည်ထောင်စုသဘောတူညီမှု (National accord) လက်မှတ်ရေးထိုးခြင်းအကြား အစီအစဉ်များ/ စီမံချက်များအတွက် ကာလကို နိုင်ငံရေးဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးရန် အဆိုပြုသည်။ သို့သော် တိုင်းရင်းသားအင်အားစုများက ဤအခန်းသည် အရေးကြီးသည်ဟု ဆိုကြသည်။ နောက်ဆုံးတွင် နှစ်ဖက်စလုံးက ပင်မအစည်းအဝေး မစတင်မီတွင် နည်းပညာထောက်ကူပြု အဖွဲ့များ တွေ့ဆုံ၍ အဖြေရှာကြရန် သဘောတူညီကြသည်။

အဓိကပြဿနာများမှာ ဝေါဟာရများ အဓိပ္ပါယ်ဖွင့်ဆိုမှု အပေါ်တွင် ပတ်သက်နေကြသည်။ ဥပမာအားဖြင့် ပင်လုံစိတ်ဓာတ်ဟူသော ဝေါဟာရ၊ ဖက်ဒရယ် ပြည်ထောင်စု အစစ်အမှန်.. စသည့် ပြောဆိုသုံးနှုန်းနေကြသည့် ဝေါဟာရများဖြစ်ပြီး၊ ပူးတွဲလေ့လာစောင့်ကြည့်ရေး ကော်မီတီကို မည်သို့ဖွဲ့စည်းမည်ဟူသည့် အသေးစိတ် ကိစ္စများလည်း ပါဝင်သည်။[44] ထို့အပြင် NCCT က တော်လှန်ရေးဟူသည့် ဝေါဟာရကို အသုံးပြုရန် အဆိုပြုထားပြီး၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လှုပ်ရှားတောင်းဆိုမှုနှင့် နိုင်ငံတွင်းရှိ အစိုးရ၏ အခြားသော ပြည်သူ့စစ်လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ခွဲခြား ဖော်ပြလိုခြင်း ဖြစ်သည်။

44 Nay Tun Naing. "A move from Laiza in the North to Law Khee La in the South- is it possible to sign the Nationwide Ceasefire Agreement before 2015", *Eleven*, 26 Jan 2014. Web.

**ဇယား ၁၂ - ဆွေးနွေးညှိနှိုင်းမှုတွင် အကဲဆတ်သည့် ပြဿနာကိစ္စများ**

| ပြဿနာများ | တိုင်းရင်းသားများ၏ NCCT အတွက် | အစိုးရဘက်အတွက် |
|---|---|---|
| **ဖက်ဒရယ် တပ်မတော်** | အပြုသဘော လုပ်ဆောင်မှု၊ ကိုတာ ခွဲတမ်းကျစနစ် (တိုင်းရင်းသား စစ်ဗိုလ်လောင်းများ ခွဲတမ်း၊ ရာထူးတိုးပေးမှု ခွဲတမ်း) | တပ်မတော်တွင် တိုင်းရင်းသားလူမျိုး စစ်သားများ ရှိနေနှင့်ပြီး ဖြစ်သည်။ |
| **ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ** | ပြည်နယ်အဆင့် အစိုးရများအတွက် အမှန်တကယ် အာဏာရှိရမည်။ စစ်တပ်အတွက် လွှတ်တော်အမတ် မလို။ ပြည်နယ်အဆင့်တွင် ဘဏ္ဍာရေးနှင့် အရင်းအမြစ် ပိုင်ဆိုင်ခွင့် ရှိရမည်။ | ပြည်နယ်အဆင့် အစိုးရများနှင့် ပြည်ထောင်စု အဆင့် အစိုးရများ ဖွဲ့စည်း ထားပြီးဖြစ်ရာ ဖက်ဒရယ် စနစ်ပုံစံ ဖြစ်နေသည်။ ပြည်နယ်/တိုင်းဒေသကြီးကို အခြေခံ၍ ပြင်ဆင် ဖြည့်စွက်ခြင်းများ ဖြစ်ရမည်။ |
| **ကိုယ်ပိုင်ပြဌာန်းခွင့်** | အခြားသူများကို တိုင်ပင်ညှိနှိုင်းစရာ မလိုအပ်ဘဲ မိမိဘာသာ ကိုယ်ပိုင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အာဏာရှိသည်။ | ပြည်ထောင်စုမှ တိုင်းရင်းသားဒေသများ ခွဲထွက်သွားမည်ကို စိုးရိမ်သည်။ "ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိသော" ဟူသော အသုံးအနှုန်းမျိုးကို ငြင်းပယ်သည်။ အကြောင်းမှာ လက်ရှိ မြန်မာနိုင်ငံ ဖွဲ့စည်းပုံတွင် ပြည်နယ်/တိုင်းဒေသကြီးများ ပါဝင်သောကြောင့်ဖြစ်သည်။ |
| **တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး** | အခြေခံမူဘောင်ကို သေချာဖြစ်စေလိုပြီး၊ အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အာမခံမှု ရှိရမည်။ | နိုင်ငံရေးကိစ္စများ မဆွေးနွေးမီ၊ တိုက်ပွဲများ ရပ်စဲစေရန် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ကို ဦးစားပေးသည်။ |
| **လက်နက်ဖြုတ်သိမ်းရေး** | လက်နက်ချခိုင်းသည်ဟု နားလည် သဘောပေါက်သည်။ | ပြန်လည်ပေါင်းစည်းမှုဟု သဘောပေါက်သည်။ |
| **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး** | နိုင်ငံလုံးဆိုင်ရာ သဘောတူညီချက်သည် လွှတ်တော်ပြင်ပတွင် ဖြစ်မည်။ | ရွေးကောက်ပွဲများမှတဆင့် လွှတ်တော်အတွင်း မှ ပြောင်းလဲယူခြင်း |

## *လိုက်နာရမည့်ကျင့်ထုံး (Code of conduct) - နယ်မြေခွဲခြားသတ်မှတ်မှု ပြဿနာ*

KNU ၏ ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင် မန်းငြိမ်းမောင်က မှတ်ချက်ပြု ပြောကြားရာတွင်၊ ၂၀၁၁ ခုနှစ်မှစ၍ အပစ်ရပ်စဲရေး ချိုးဖောက်မှု ရာပေါင်းများစွာ ရှိခဲ့ပြီး၊ တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးမထိုးမီတွင် နယ်မြေခွဲခြား သတ်မှတ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းစွာ နားလည်မှု၊ သဘောတူညီမှုများ ရှိသင့်သည်ဟု ဆိုသည်။[45]

## တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အချိန်ပြဇယား

| | | |
|---|---|---|
| ၁ | ၂၀၁၂ နှစ်ကုန်နှင့် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်း | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အများစု အစိုးရနှင့် အပစ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲများ အဆုံးသတ်နိုင်ရန် အတွက် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး လက်မှတ်ရေးထိုးကြရန် တောင်းဆိုခဲ့သည်။<br>အစိုးရက တစ်နိုင်ငံလုံးတွင် တိုက်ခိုက်မှုများ ရပ်စဲစေရန် နှင့် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီ လက်မှတ်ရေးထိုးရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ |
| ၂ | မတ်လ ၃၀-၃၁ ရက် | အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် တွေ့ဆုံ၍ နေပြည်တော်အစိုးရနှင့် နိုင်ငံရေး ဆွေးနွေးပွဲ အတွက် အခြေခံမူဘောင်မူကြမ်းကို ဆွေးနွေးခဲ့ကြကြောင်း ရှမ်းသံတော်ဆင့် သတင်းက ရရှိသည့် မိတ္တူတစ်ခုအရ သိရှိရသည်။ အဆိုပြုထားသည့် အခြေခံမူဘောင်တွင် တိကျသည့်ကိစ္စရပ်များ ပါရှိသည်။ ဥပမာအား |

45 "KNU is ready to sign ceasefire, say CEC member", *DVB*, 7 Oct 2013. Web.

| | | |
|---|---|---|
| | | ဖြင့်- အဓိက ကျသည့် အခြေခံမူများ၊ လမ်းပြမြေပုံ (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၄-၁၆ ရက်တွင် ချင်းမိုင်၌ကျင်းပသည့် တိုင်းရင်းသား လူမျိုးများ ညီလာခံတွင် သဘောတူညီ ခဲ့ပြီးဖြစ်သည်။) ပင်လုံအသစ် ပြည်ထောင်စုညီလာခံတွင် ပါဝင် တက်ရောက်ကြမည့်သူများ ဖွဲ့စည်းပုံ၊ ကျင်းပမည့်အုပ်စု၏ ဖွဲ့စည်းထားပုံ စသည်တို့ ပါဝင်သည်။ |
| ၃ | ဧပြီလ | WGEC ၏ လမ်းပြမြေပုံနှင့် အခြေခံမူဘောင် အဆုံးသတ်နိုင်ခဲ့ပြီး "ဘက်စုံ ပြည်ထောင်စု အပစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်" ဟု အမည်ပေး ထားသည်။ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးသဘောတူညီချက်တွင် အင်အားစု အားလုံးက လက်မှတ်ရေးထိုးရန် ဖော်ပြထားသည်။ ပထမဦးဆုံးသော တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက် အဆိုပြုမူ ဖြစ်သည်။ |
| ၄ | ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက် | အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ပြင်ဆင်မှု အစည်းအဝေးကို ချင်းမိုင်တွင် ကျင်းပသည်။ WGEC ၏ နိုင်ငံရေးအခြေခံ မူဘောင် မူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ကိုယ်စားလှယ် ၄၀ ခန့် တက်ရောက်သည်။ |
| ၅ | ဇွန်လဆန်းပိုင်း | UNFC က WGEC မှ နုတ်ထွက်သည်။[T4] |
| ၆ | ဇွန်လ ၁-၃ ရက် | နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲပြီးစီးသည့် အတွက် ယင်းတို့၏လုပ်ငန်း တာဝန်ပြီးဆုံးပြီဟု ယူဆကာ WGEC အဖွဲ့ဝင်များက ဖျက်သိမ်းရန် သဘောတူညီကြသည်။ |
| ၇ | ဇွန်လ ၁၁ ရက် | သတင်းမီဒီယာများ၏ ဖော်ပြချက်အရ UNFC က ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မီတီ (UPWC) နှင့် နိုင်ငံရေး အခြေခံမူဘောင် ဆွေးနွေးရန် အဆင်သင့်ရှိနေပြီဟု ဖော်ပြကြသည်။ သို့သော်လည်း နှစ်ဖက်စလုံးက ဆွေးနွေးမည့်အကြောင်းအရာကို ဖော်ပြပြောဆိုကြခြင်းမရှိပေ။ ချင်းမိုင်တွင် အစည်းအဝေးကို ကျင်းပသည်ဟု ဆိုကြသည်။ |
| ၈ | ဇွန်လ ၁၅ ရက် | RCSS နှင့် KNU ကိုယ်စားလှယ်များက MPC ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ WGEC နိုင်ငံရေး အခြေခံမူဘောင်ကို တင်ပြဆွေးနွေးကြသည်။<br>အစိုးရက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စာသားတစ်ခုတည်း ဖြင့် အဖွဲ့အစည်းအားလုံးက လက်မှတ်ရေးထိုးကြရန် ဖိတ်ခေါ်သည်။ UNFC က တုံ့ပြန်ရာတွင် သူတို့ အဖွဲ့ဝင်များအနေဖြင့် ပြည်နယ်၊ ပြည်ထောင်စု အပစ်ရပ်စဲရေးသဘောတူညီချက်များကို လက်မှတ် ရေးထိုးကြပြီး ဖြစ်ကြောင်း၊ အခြေခံမူဘောင်အသစ် တစ်ခု လိုအပ်ကြောင်း ပြောသည်။ အစိုးရက ရှင်းပြရာတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက် (NCA) သည် ပို၍ အာမခံချက်ရှိကြောင်း၊ ယင်းတွင် သမ္မတ၊ အထက် နှင့် အောက်လွှတ်တော် ဥက္ကဋ္ဌများ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်တို့ လက်မှတ်ရေး ထိုးကြမည်ဟု ဆိုသည်။ |
| ၉ | ဇူလိုင်လ ၁၇ ရက် | KNU-RCSS ပူးတွဲထုတ်ပြန်ကြေညာချက် ထုတ်သည်။ ကြားခံ ဖျန်ဖြေသူများ မပါဘဲ တွေ့ဆုံဆွေးနွေးမှုများကို ထောက်ခံသည်ဟု ဖော်ပြသည်။ |
| ၁၀ | ဇွန်လ ၂၀ ရက် | လပေါင်းများစွာ တိတ်ဆိတ်လျှို့ဝှက် နေပြီးမှ၊ တစ်နိုင်ငံလုံး နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု အတွက် အခြေခံမူဘောင်ကို ချင်းမိုင်တွင် ဆွေးနွေးခဲ့မှုကို လူသိရှင်ကြား အသိပေးသည်။ MPC သို့ တင်ပြအဆိုပြုသည်။ |
| ၁၁ | ဇွန်လ နှောင်းပိုင်း | ဇွန်လနှောင်းပိုင်းတွင် မြန်မာအစိုးရက ယခုလတွင် အဓိကကျသည့် ကွန်ဖရင့် တစ်ရပ်ကို ကျင်းပမည်။ အရေးပါသည့် အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ဆိုင်ရာ အပစ်ရပ်စဲရေးကို လက်မှတ်ရေးထိုးကြမည်ဟု ဆိုသည်။[T5] |

T4 Keenan, Paul. "The UNFC and the Peace Process" Briefing Paper no.16, Burma Center for Ethnics Studies, Peace and Reconciliation. August 2013

T5 Poling, Gregory, B. and Amy Killan. The State of Myanmar's Peace Process, Center for Strategic and International Studies, 18 July 2013.

| | | |
|---|---|---|
| ၁၂ | ဇူလိုင်လ ၂၉-၃၁ | UNFC က နောက်ထပ် လမ်းပြမြေပုံတစ်ခုကို ချင်းမိုင်တွင် ကျင်းပသည့် တိုင်းရင်းသား ပေါင်းစုံ ညီလာခံတစ်ခုတွင် (KNU-RCSS မပါ) အဆိုပြုသည်။ (လျှန်မှုန်းဆာခေါင်းက ရေးသားပြီး ပြင်ပသို့ ထုတ်ပြန်ခြင်း မရှိပေ) ENC ၏ အချက် ၆-ချက်တွင် ဖက်ဒရယ် ပြည်ထောင်စုကို အခြေခံသော ဖွဲ့စည်းပုံ ဥပဒေ အသစ်ကို UNFC-UNA တို့ ပူးတွဲရေးဆွဲကြရန်၊ ဖက်ဒရယ် ပြည်ထောင်စု တပ်မတော် တစ်ရပ် ဖွဲ့စည်းကြရန် ကိစ္စများ ပါဝင်သည်။ |
| ၁၃ | ဩဂုတ်လ ၂ ရက် | UNFC ထုတ်ပြန်ကြေညာချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခုလုံး အသစ် ပြန်လည်ရေးဆွဲရေး တွန်းအားပေးသွားမည်ဟု ထုတ်ပြန်သည်။ ဗမာပြည်နယ် ဖွဲ့စည်းရေးနှင့် ဖက်ဒရယ် တပ်မတော် ထူထောင်ရေးကိစ္စများလည်း ပါဝင်သည်။ |
| ၁၄ | ဩဂုတ်လ ၁၁ ရက် | မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) အရာရှိတစ်ဦးက "တိုင်းရင်းသားများ အနေဖြင့် အစွန်းမရောက်ကြရန်" သတိပေးသည်။ UNFC ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တစ်ခုလုံးအသစ်ပြန်လည် ရေးဆွဲရေးအဆိုနှင့် ပတ်သက်၍ "အကယ်၍ အဖွဲ့တစ်ခုက အစွန်းရောက်ပါက ဆွေးနွေးပွဲများ ရှေ့ဆက်ရန် ခက်ခဲမည်" ဟု ပြောသည်။[T6] |
| ၁၅ | ဩဂုတ်လ ၃၁ ရက် | RCSS နှင့် KNU အဖွဲ့တို့က ဒု-သမ္မတ စိုင်းမောက်ခမ်းနှင့် နေပြည်တော်တွင် တွေ့ဆုံသည်။ |
| ၁၆ | စက်တင်ဘာလ<br>၈ ရက် | UNFC- UPWC ဒုတိယအကြိမ် တရားဝင်အစည်းအဝေးတွင် အစိုးရ၏ အချက် ၈-ချက်ပါ လမ်းပြမြေပုံ နှင့် UNFC ၏ အချက် ၆-ချက်ပါ လမ်းပြမြေပုံ နှင့် အခြေခံမူဘောင်ကို ဆွေးနွေးသည်။ အောက်တိုဘာလ တတိယအပတ် တွင် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်ကို အကောင်အထည် ဖော်နိုင်လိမ့်မည်ဟု ဆိုသည်။ |
| ၁၇ | စက်တင်ဘာလ<br>၁၁-၁၂ ရက် | KNU မှ စောတူးတူးလေး၊ စောတာဒိုမူး ဦးဆောင်သည့်၊ RCSS မှ စိုင်းလ၊ စိုင်းငဲန်း ဦးဆောင်သည့်၊ မြန်မာနိုင်ငံ တိုင်းရင်းသားအရေး လေ့လာမှုအဖွဲ့မှ လျှန်မှုန်းဆာခေါင်း၊ ဥရောပ-မြန်မာရုံးမှ ဟန်ညောင်ဝေတို့ပါဝင်သည့် တိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့၊ ဦးလှမောင်ရွှေ ဦးဆောင်သည့် အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှု အရာရှိများနှင့် တွေ့ဆုံကြသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ခိုင်မာစေရေး နှင့် အရေးပါသည့် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီ ချက် ပေါ်ထွက်လာစေရေးအတွက် အရေးပါသည့် ခြေလှမ်းပင် ဖြစ်သည်။ WGEC က ရေးဆွဲထားသည့် အခြေခံမူဘောင်ကို အခြေခံ၍ ဆွေးနွေးကြသည်။[T7]<br>KNU-RCSS-MPC တို့က မည်သည့်အချက်များ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက် တွင် ပါဝင်သင့်သည် ဟူသည်နှင့် ပတ်သက်၍ ဆွေးနွေး ကြသည်။ |
| ၁၈ | စက်တင်ဘာလ<br>၁၄ ရက် | UNFC အရေးပေါ်အစည်းအဝေးကို ချင်းမိုင်တွင် ကျင်းပ၍ အစိုးရ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ကမ်းလှမ်းလာမှုအပေါ် ဆွေးနွေးကြသည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည့်အတွက် လက်မခံကြောင်း ဆုံးဖြတ်ကြသည်။ နိုင်ငံရေး ဆွေးနွေးပွဲများ ဆက်လက်ဖြစ်ပေါ်ရန်အတွက်လည်း အာမခံသော သဘောတူညီချက်များ ရှိမနေပါ။[T8] |
| ၁၉ | အောက်တိုဘာလ<br>၇-၉ ရက် | ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် UNFC ၏ အရေးပေါ်အစည်းအဝေးတရပ်ကို ကျင်းပခဲ့ပြီး တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေးကို တောင်းဆိုသည်။[T9] တစ်နိုင်ငံလုံး အပစ်အခတ် မရပ်စဲမီ နိုင်ငံရေး လမ်းပြမြေပုံနှင့် စစ်တပ်က လုံးဝနောက် ဆုတ်ပေးရန် လိုလားသည်ဟု ဆိုသည်။ |
| ၂၀ | အောက်တိုဘာလ<br>၁၁ ရက် | လာမည့်လအကုန် (နိုဝင်ဘာလ) တွင် အခြားရွေးချယ်စရာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း ထွက်ပေါ်လာဖွယ်ရှိသည်ဟု UNFC ၏ ဖွဲ့စည်းပုံ မူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင် ခွန်ဉက္ကာက ပြောသည်။ |

T6 Keenan, Paul. "The UNFC and the peace process", Briefing paper no. 16, Burma Center for Ethnic Studies, Peace and Reconciliation, August 2013.

T7 Nan Tin Htwe. "Constitution rewrite push ethnic groups 'radical' ", *Myanmar Times*, 11 Aug 2013. Web.

T8 "Nationwide ceasefire discussion", KNU Headquarters, 17 Sept 2013. Web.

T9 Sa Phan Shaung. "UNFC-- Government's Offer of a Nationwide Ceasefire Not Acceptable Now", *Karen Information Centre*, 20 Sept 2013. Web.

| | | |
|---|---|---|
| ၂၁ | အောက်တိုဘာလ ၂၅ ရက် | အစိုးရ၏ ပထမမူကြမ်းကို KIO သို့ ပေးအပ်သည်။ |
| ၂၂ | အောက်တိုဘာလ ၂၆ ရက် | KNU-RCSS ပူးတွဲကြေညာချက်က တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက် (NCA) ကို ထောက်ခံကြောင်း၊ တိုက်တွန်းကြောင်း ထပ်လောင်းဖော်ပြသည်။[T10] |
| ၂၃ | အောက်တိုဘာ ၃၀- နိုဝင်ဘာ ၂ | လိုင်ဇာ တိုင်းရင်းသားညီလာခံမှ NCCT ကို ဖွဲ့စည်းသည်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက် အဆိုပြုရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဘုံတူညီမှု ရှာဖွေနိုင်ရန် အခွင့်အရေး ရရှိခဲ့သည်။ |
| ၂၄ | ၄-၅ နိုဝင်ဘာ | လိုင်ဇာ အချက် ၁၁ ချက်ပါ ဘုံရပ်တည်ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီ ခေါင်းဆောင် ဦးအောင်မင်းသို့ လွှဲပြောင်း ပေးအပ်သည်။ (နောက်ဆက်တွဲ) အစိုးရဖက်မှ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး သဘောတူညီချက် (UPWC ဒုတိယ မူကြမ်း) ကို ပေးအပ်သည်။ |
| ၂၅ | ဒီဇင်ဘာလ ၇ ရက် | ပြည်ထောင်စု အင်စတီကျူ (PI) က " ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြား တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်" ကို တုံ့ပြန်သော အားဖြင့် စာသားတစ်ခုတည်းသော သဘောတူညီချက် (single text document) ရေးဆွဲပြီးစီးသည်။ ယင်းမှာ ၄ အဆိုပြုချက်မူကြမ်း ၄-ခု ကို ပြန်လည်ပေါင်းစည်းထားခြင်း ဖြစ်သည်။<br>• ဧပြီလ WGEC ၏ အဆိုပြုချက်<br>• အောက်တိုဘာလ MPC ၏ အဆိုပြုချက်<br>• NCCT ၏ နိုဝင်ဘာလ အဆိုပြုချက်<br>• တပ်မတော်၏ နိုဝင်ဘာလ အဆိုပြုချက် |
| ၂၆ | ဒီဇင်ဘာလ ၉ ရက် | ပြည်ထောင်စု အင်စတီကျူ (PI) က စာသားတစ်ခုတည်းသော သဘောတူညီချက် (single text document) ကို NCCT သို့ ပေးအပ်သည်။ |
| ၂၇ | ဒီဇင်ဘာလ ၁၅ | NCCT က တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက်အတွက် စာသားတစ်ခု တည်းသော သဘောတူညီချက် (single text document) ကို MPC သို့ ပေးအပ်သည်။ |
| ၂၈ | ဒီဇင်ဘာလ ၂၉ | UPWC နှင့် NCCT တို့က ချင်းမိုင်တွင် စာသားတစ်ခုတည်းသော သဘောတူညီချက် (single text document) ကို ဆွေးနွေးကြသည်။ (NCCT ၏ အပစ်ရပ်စဲရေး သဘောတူညီချက် ပထမမူကြမ်း) |
| ၂၉ | ဇန်နဝါရီ ၁၀ ရက်၊ ၂၀၁၄ | UPWC နှင့် NCCT တို့ အလွတ်သဘော ဆွေးနွေးကြသည်။ |
| ၃၀ | ဇန်နဝါရီ ၁၆ ရက် | NCCT အစည်းအဝေး |
| ၃၁ | ဇန်နဝါရီလ ၂၀-၂၅ ရက် | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒုတိယညီလာခံကို KNU ထိန်းချုပ် နယ်မြေ လောခီးလာတွင် ကျင်းပသည်။ |
| ၃၂ | ဇန်နဝါရီလ ၂၉ ရက် | ချင်းမိုင်းတွင် NCCT ၏ နောက်ဆုံးမူကြမ်း တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်ကို အစိုးရထံ ပေးအပ်သည်။ |
| ၃၃ | မတ်လ ၉-၁၀ ရက် | NCCT နှင့် UPWC တို့ MPC တွင် တွေ့ဆုံ၍ အချက် ၅-ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ ယင်းတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီ ချက်ရေးဆွဲရေး ပူးတွဲကော်မီတီ ဖွဲ့စည်းရန် ပါဝင်ပြီး၊ ယင်းသဘောတူညီချက် အခန်း ၇ ခု ကို သဘောတူညီကြသည်။ (ယခင်က ဇန်နဝါရီလ ၂၄ တွင် ကျင်းပရန် လျာထားခဲ့ပြီး၊ ဖားအံတွင် ဖေဖော်ဝါရီလ ၂၀ ရက် တွင် ကျင်းပရန် ထပ်မံရွှေ့ဆိုင်းခဲ့ရသော အစည်းအဝေး ဖြစ်သည်။) |

T10 "UNFC emergency meeting release demands for nationwide ceasefire deal", *Eleven* 14 Oct, 2013. Web

| | | |
|---|---|---|
| ၃၄ | မတ်လ ၁၉ ရက် | နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက်ရေးဆွဲရေး ပူးတွဲကော်မီတီ အတွက် ကိုယ်စားလှယ် ၉ ဦးပေးရန် NCCT က အလွှတ်သဘော အစည်းအဝေး ကျင်းပသည်။ |

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NSAGs) ၏ နောက်ဆုံးအခြေအနေ မြေပုံနှင့် အပစ်ရပ်စဲရေး သဘောတူညီချက်များ ဇယားကို **နောက်စာမျက်နှာများတွင်** ကြည့်ပါ။ >>>

# ၃။ ပြန်လည်ပေါင်းစည်းရေးနှင့် ရေရှည်ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်မှုများ

ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူညီမှုတွင် ဖော်ပြထားချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရတို့အကြား သဘောတူညီမှုများသည် ငြိမ်းချမ်းရေးအတွက် အရေးပါသည့် တိုးတက်ဖြစ်ပေါ်မှုများဟု ဆိုနိုင်သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ပြန်လည်ပေါင်းစည်းရေးနှင့် အတူ တိုင်းရင်းသား အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဌာန်းခွင့်ကိစ္စများလည်း ပါဝင်သည်။

## ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုအတွက် ပံ့ပိုးမှုများ

### ဆက်ဆံရေးရုံးများ


**ဇယား ၁၃ - ၂၀၁၃ ခုနှစ်တိုင် နောက်ဆုံး ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိမှု အခြေအနေ**

| အဖွဲ့အစည်း | ဆက်ဆံရေးရုံးများ တည်နေရာ | ဖွင့်လှစ်သည့်ရက်စွဲ |
|---|---|---|
| ABSDF | ၁။ မြဝတီ | ဖွင့်ပြီး |
| | ၂။ လွိုင်ကော် | ဖွင့်ပြီး |
| | ၃။ မူဆယ် | ဖွင့်ပြီး |
| | ၄။ မြိတ် | စီစဉ်ဆဲ |
| ALP | ၁။ ကျောက်တော် | ၁-၉-၂၀၁၂ |
| | ၂။ ပလက်ဝ * | မသိရှိရ |
| CNF | ၁။ တီးတိန် | ၂၅-၉-၂၀၁၂ |
| | ၂။ ထန်တလန် | ဖွင့်ပြီး |
| | ၃။ မတူပီ | ၂၃-၆-၂၀၁၂ |
| DKBA-5 | ၁။ မြဝတီ | ဖွင့်ပြီး |
| | ၂။ ဖားအံ | ဖွင့်ပြီး |
| | ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ | မသိရှိရ |
| KIA | ၁။ မြစ်ကြီးနား (နည်းပညာထောက်ကူပြုအဖွဲ့) | ၂၃-၇-၂၀၁၃ |
| KNPP | ၁။ လွိုင်ကော် | ၂၅-၇-၂၀၁၂ |
| | ၂။ ရှားတော | ၁-၈-၂၀၁၂ |
| | ၃။ ဖားဆောင်း | ၂၇-၇-၂၀၁၂ |
| KNU | ၁။ ဖားအံ | ၂၉-၉-၂၀၁၂ |
| | ၂။ ဘုရားသုံးဆူ | ၁၅-၅-၂၀၁၂ |
| | ၃။ ထားဝယ် | ၁၀-၄-၂၀၁၂ |
| | ၄။ မြဝတီ | ၁၈-၈-၂၀၁၂ |
| | ၅။ ကျောက်ကြီး | ၉-၄-၂၀၁၂ |
| KPC | ဖားအံ၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မိုးတောင်၊ ကော့သောင်း | ပြန်လည်ဖွင့်ခြင်း |
| NDAA | ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မန္တလေး | ပြန်လည်ဖွင့်ခြင်း |
| NMSP ** | ၁။ မော်လမြိုင် | ၂၆-၂-၂၀၁၂ |

| | | |
|---|---|---|
| | ၂။ မုဒုံ | ၂၆-၂-၂၀၁၂ |
| | ၃။ သံဖြူဇရပ် | ၂၆-၂-၂၀၁၂ |
| | ၄။ ရေး | ၂၆-၂-၂၀၁၂ |
| | ၅။ ရေဖြူ (ရားဖူးကျေးရွာ) | ၂၆-၂-၂၀၁၂ |
| | ၆။ ဘုရားသုံးဆူ * | ၂၆-၂-၂၀၁၂ |
| | ၇။ ကျိုက်မရော | ၂၆-၂-၂၀၁၂ |
| | ၈။ ဇင်းကျိုက် (ပေါင်မြို့နယ်) | ၂၆-၂-၂၀၁၂ |
| | ၉။ မြိတ် | ၂၆-၂-၂၀၁၂ |
| | ၁၀။ မြဝတီ | မသိရှိရ |
| NSCN-K | ၁။ ခန္တီး | ဖွင့်ပြီး |
| PNLO | ၁။ တောင်ကြီး | ၂၂-၁-၂၀၁၃ |
| | ၂။ မောက်မယ် | မသိရှိရ |
| | ၃။ ဆီဆိုင် | မသိရှိရ |
| | ၄။ သထုံ | မသိရှိရ |
| RCSS-SSA-S | ၁။ တောင်ကြီး | ၂၂-၂-၂၀၁၂ |
| | ၂။ ကျိုင်းတုံ | ၂၂-၂-၂၀၁၂ |
| | ၃။ တာချီလိတ် | ၂၉-၂-၂၀၁၂ |
| | ၄။ မိုင်းဆတ် | ၂၉-၂-၂၀၁၂ |
| | ၅။ ခိုလမ် | ၂၁-၃-၂၀၁၂ |
| | ၆။ မူဆယ် | မသိရှိရ |
| | ၇။ မိုင်းပန် | ၅-၃-၂၀၁၄ |
| SSPP/ SSA-N | ၁။ လားရှိုး | ဖွင့်ပြီး |
| | ၂။ တောင်ကြီး | ဖွင့်ပြီး |
| | ၃။ ခိုလမ် | ဖွင့်ပြီး |
| | ၄။ မူဆယ် | မသိရှိရ |
| UWSA | ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ တန့်ယန်း၊ လားရှိုး | ပြန်လည်ဖွင့်ခြင်း |

** CNF နှင့် ချင်းဒေသခံများက ဆန့်ကျင်ကြသောကြောင့် ယခုတိုင် ရုံးဖွင့်နိုင်ခြင်း မရှိပါ။*

*** ၁၉၉၅ ခုနှစ်တွင် နဂတစစ်အစိုးရနှင့် အပစ်ရပ်စဲရေးအပြီး ဖွင့်လှစ်ခဲ့သော မွန်ပြည်သစ်ပါတီ၏ ဆက်ဆံရေးရုံးများ မှာ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ယင်းအဖွဲ့က နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ငြင်းဆန်သောကြောင့် ပိတ်သိမ်း ခဲ့ရသည်။ သို့သော် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နောက်တစ်ကြိမ် အပစ်ရပ်စဲရေးပြီးနောက်တွင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။*




ပုံ ၁၇ - ဆက်ဆံရေးရုံးများပြ မြေပုံ

## တိုင်းရင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ရေး

ပြီးခဲ့သည့်နှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများသည် သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတိုက်ပွဲ အတွက် ကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားခဲ့ကြပါသည်။

### *ညီညွတ်သော တိုင်းရင်းသား ဖက်ဒရယ်ကောင်စီ (UNFC)*

ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) သည် အဓိကကျသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၂-ခု၏ မဟာမိတ်အဖွဲ့ဖြစ်သည်။[46] အကြီးဆုံးသော တိုင်းရင်းသားမဟာမိတ် အင်အားစုအဖြစ် တိုင်းရင်းသားတို့၏ နိုင်ငံရေး အခွင့်အရေးကို တောင်းဆိုနေလျက် ရှိသည်။ ယင်းအဖွဲ့သည် ပုံမှန်အစည်းအဝေးများ ကျင်းပလျက်ရှိပြီး ကချင်ပြည်နယ်တွင် ထိုးစစ်များဆင်နွှဲနေမှု ပြဿနာကို ဖြေရှင်းရေး၊ စစ်ပြေး ဒုက္ခသည်များ ပြဿနာ (ဇန်နဝါရီလ ၈ ရက်)၊ နိုပွန်ဖောင်ဒေးရှင်းနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်ကြမည် (မေလ ၉ ရက်) စသည့် ပြဿနာများ ဆွေးနွေးကြပါသည်။ ထို့အပြင် ပုံမှန် ညီလာခံများနှင့် အရည်အသွေးမြှင့်တင်ရေး ဆွေးနွေးပွဲသင်တန်းများ ကျင်းပကာ၊ အဖွဲ့ဝင် မဟုတ်သည့် UWSA, DKBA, RCSS စသည့် အဖွဲ့အစည်းများလည်း တက်ရောက် စေပါ သည်။ ဥပမာအားဖြင့် ချင်းမိုင်မြို့တွင် ဇူလိုင်လ ၂၉- ၃၁ တွင် ကျင်းပသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် ရင်ကြား စေ့ရေး အစည်းအဝေးမျိုး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာကျွမ်းကျင်သူများနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစည်းအဝေးကိုလည်း ကျင်းပခဲ့သည်။ (ဒီဇင်ဘာလ ၂ ရက်)။

UNFC က တိုင်းရင်းသားနိုင်ငံရေးပါတီ မဟာမိတ်အဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးများ ညီနောင်မဟာမိတ်အဖွဲ့ (NBF)၊ ဒီမိုကရေစီ အတိုက်အခံအင်အားစုများနှင့်လည်း ဆက်ဆံရေးလည်း ထိန်းသိမ်းထားရှိသည်။ ဥပမာအားဖြင့်- ဒုဥက္ကဋ္ဌ ဒေးဗစ်တာကပေါ၊ အေဘယ်တွိဒ်၊ အတွင်းရေးမှူးချုပ် နိုင်ဟံသာ ဦးဆောင်သည့် အဖွဲ့ဝင် ၅-ဦးပါ UNFC ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၃-၂၆ တွင် ရန်ကုန်သို့ ရောက်ရှိလာပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့သည်။ ၈၈-မျိုးဆက်အင်အားစု ခေါင်းဆောင် ကိုမြအေးသည် ဇူလိုင်လ ၁၈ ရက်နေ့တွင် ချင်းမိုင်သို့သွားရောက်၍ UNFC နှင့် တွေ့ဆုံခဲ့သည်။

>> *UNFC အကြောင်း အသေးစိတ်ကို **စာမျက်နှာ ၂၁၈** တွင် ကြည့်ပါ။*

### *လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ အချင်းချင်း ဆက်ဆံရေး*

KIA နှင့် ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် ကျန်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပြီး၊ သွေးစည်းညီညွတ်မှုရှိကြောင်းလည်း ရပ်တည်ပြသခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် အစိုးရ၏ UPWC နှင့် တွေ့ဆုံနိုင်ရန် အိမ်ရှင်ပြုကျင်းပပေးမည်ဟု UWSA ရဲ့ ကမ်းလှမ်းချက်ကို KIO အဖွဲ့က လက်ခံခဲ့သည်။ (ဇန်နဝါရီလ ၂၉ ရက်) မွန်ပြည်သစ်ပါတီကလည်း အရေးပေါ် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို ခေါ်ဆို၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရန်၊ တိုင်းရင်းသား အင်အားစုများနှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရန် တောင်းဆိုခဲ့သည်။ (ဇန်နဝါရီလ ၄ ရက်)။ ၈၈-မျိုးဆက် ကျောင်းသားအင်အားစု ခေါင်းဆောင်များကလည်း KIA မှ ထိပ်တန်းခေါင်းဆောင်များနှင့် ကချင်ပြည်နယ်၊ လိုင်ဇာတွင် တွေ့ဆုံ၍ KIA ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေကို ဆွေးနွေးခဲ့ကြသည်။ (ဇန်နဝါရီလ ၆ ရက်)။

ယခုနှစ်တွင် KNU နှင့် RCSS တို့က နီးကပ်စွာဆက်ဆံ၍ WGEC ၏ နိုင်ငံရေး အခြေခံမူဘောင်အပေါ် ထောက်ခံကြောင်း ပြသခဲ့ကြပြီး၊ ဝိုင်းဝန်းစည်းရုံးတိုက်တွန်းပေးခဲ့ကြသည်။ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း အကြိမ်များစွာ ဆွေးနွေးခဲ့ကြသည်။ (ဥပမာ ဇူလိုင်လ ၁၅-၁၇) KNU, RCSS နှင့် SNLA အဖွဲ့တို့က MPC တွင် ဇွန်လ ၁၅ ရက်နေ့တွင် ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ သူတို့ထောက်ခံသည့် အခြေခံမူဘောင်ကိုလည်း အစိုးရထံသို့ တင်ပြခဲ့ကြသည်။

46 ၁၂ ဖွဲ့မြောက်အဖွဲ့ဝင်အဖြစ် MNDAA ကို လိုင်ဇာညီလာခံတွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ကရင်လက်နက်ကိုင်အဖွဲ့များ သွေးစည်းညီညွတ်ရေး ကော်မီတီ** - ကရင် အပစ်အခတ်ရပ်စဲရေး အင်အားစုများနှင့် ကရင် နယ်ခြားစောင့်တပ် (BGF) တို့အကြား ဆက်လက် ဖြစ်ပွား နေသည့် တိုက်ပွဲများကြောင့် ကရင်လက်နက်ကိုင် အဖွဲ့များ အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ကြပြီး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကိစ္စများ သေချာထမြောက်စေရန် ဆောင် ရွက်ခဲ့ကြသည်။ လက်နက်ကိုင် ပဋိပက္ခများကို ရှောင်ရှားကိုင်တွယ် နိုင်ရန် ကရင် လက်နက်ကိုင်အဖွဲ့များ သွေးစည်းညီ ညွတ်ရေးကော်မီတီ တစ်ရပ်ကို မေလတွင် ဖွဲ့စည်းခဲ့ကြသည်။ ဥပမာ အားဖြင့်- DKBA မှ ဗိုလ်မှူးကြီးကျော်သက်နှင့် ဗိုလ်မှူးကြီး စောစန်းအောင်၊ KPC မှ ဗိုလ်မှူးကြီးတိုက်ဂါးတို့ ကော့ကရိတ်မြို့နယ်တွင် တွေ့ဆုံ၍ လာမည့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် ပြဿနာကိစ္စများစွာကို ဆွေးနွေးခဲ့ကြသည်။ ဥပမာ- မြေယာသိမ်းပိုက်မှုများ၊ သူတို့ထိန်းချုပ် ဒေသအတွင်း လမ်းဖောက်လုပ်မှုများ၊ အစိုးရတပ်များနှင့် နယ်ခြားစောင့်တပ်တို့နှင့် မကြာသေးမီက ဖြစ်ခဲ့သော တိုက်ပွဲ ကိစ္စများ အပါအဝင်ဖြစ်သည်။ (မေလ ၁၁ ရက်)

*ကရင်လက်နက်ကိုင်အဖွဲ့များ သွေးစည်းညီညွတ်ရေး ကော်မီတီ* ကို ကရင်လက်နက်ကိုင်အဖွဲ့များ မေလ ၂၈ ရက်နေ့ တွင် ဖွဲ့စည်းခဲ့ပြီး၊ အချင်းချင်းအကြားရှိနေသည့် တင်းမာမှုများ လျော့ပါးစေရန်၊ ပြဿနာများ ဖြေရှင်းနိုင်ရန် ရည်ရွယ် သည်။ ကိုယ်စားလှယ်များက သုံးလတစ်ကြိမ် တွေ့ဆုံကြသည်ဟု ဆိုသည်။

| | | |
|---|---|---|
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီးစောကျော်နီ | KNU |
| ဒု-ဥက္ကဋ္ဌ | ဗိုလ်ချုပ် စောရင်န | KPC |
| အတွင်းရေးမှူး | ဗိုလ်မှူးကြီး ဖောဒို | KNU |
| တွဲဖက်အတွင်းရေးမှူး | ဗိုလ်မှူးချုပ် စောကျော်သက် | DKBA |
| အဖွဲ့ဝင်များ | စောကျော်မူဟဲ | KNU |
| | စောယောရှု | KPC |
| | စောမိုးရှေ နှင့် စောသန်းအောင် | DKBA |
| | စောချစ်သူ၊ ဒေါက်တာစောဌေးမြင့် နှင့် စောကြာအင်း | BGF |
| | စောစတီဗင်၊ စောနေဝင်းနှင့် စောအယ်မွီး | BGF (KPF) |
| | စောမြင့်သန်းနှင့် စောကျော်မြင့် | BGF (ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့) |

KNU, DKBA နှင့် KPF တို့သည် ကရင်ပြည်နယ်၊ မြဝတီမြို့တွင် တွေ့ဆုံကြ၍ တစ်ခုတည်းညီညွတ်သော ကရင် တပ်မတော် ဖွဲ့စည်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။ (ဇူလိုင်လ ၂၃ ရက်)

**ကယားပြည်နယ်** - ကယားအပစ်ရပ်စဲရေးအဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ ဖြစ်ကြသော KNPLF, KNPP, KNSO, KNPDP တို့သည် အနာဂတ်ညီညွတ်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ (စက်တင်ဘာလ ၁၇ ရက်)

## အနာဂတ်ရွေးကောက်ပွဲများအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများ အကြား ပူးပေါင်းဆောင်ရွက်မှုများ

လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ပြောဆိုထားကြသည်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ ရေး သဘောတူညီမှု ရသည်အထိ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေး နိုင်ငံရေးအရ ကျေလည်မှုရသည်အထိ သူတို့က ရွေး ကောက်ပွဲ ဝင်ရန် နိုင်ငံရေးပါတီများ ထူထောင်ကြလိမ့်မည် မဟုတ်ဟု ဆိုသည်။ သို့သော်လည်း သူတို့က တိုင်းရင်း သား နိုင်ငံရေးပါတီများနှင့် နီးစပ်စွာ ဆက်သွယ်၍ တိုင်းရင်းသားအရေး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကြောင်းအရ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ အမျိုးသားညီလာခံသည် နိုင်ငံရေးပါတီများနှင့်သာမကဘဲ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ နှင့် ခေါင်းဆောင်များ ညီညွတ်စွာ မိမိတို့အရေးအတွက် အတူတကွ ဆောင်ရွက် နိုင်ရန် အရေးကြီးသော လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။

ဥပမာအားဖြင့် နိုဝင်ဘာလ ၂၂ ရက်တွင် နိပွန်ဖောင်ဒေးရှင်းနှင့် MPC က UNFC နှင့် တိုင်းရင်းသားနိုင်ငံရေး ပါတီများ အကြား စုံညီအစည်းအဝေးတစ်ခုကို ချင်းမိုင်တွင် ကျင်းပခဲ့ပါသည်။ ပါတီကိုယ်စားလှယ်များတွင် ၁။ ဦးခင်မောင်ဆွေ (NDF) ၂။ ဒေါ်သန်းသန်းနု (ဒီမိုကရက်တစ်ပါတီ-မြန်မာ) ၃။ ဦးမျိုးညွှန့် (ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ) ၄။ စိုင်းအိုက် ပေါင်း (SNDP) ၅။ ဦးဇော်အေးမောင် (ရန်ကုန်တိုင်း ရခိုင်လူမျိုးစုရေးရာဝန်ကြီး) ၆။ စောထွန်းအောင်မြင့် (ရန်ကုန်တိုင်း ကရင်ရေးရာဝန်ကြီး) ၇။ နိုးထန်ခတ် (စစ်ကိုင်းတိုင်း ချင်းရေးရာဝန်ကြီး) ၈။ ဦးဇိုဇမ် (CNP) ၉။ စိုင်းညွှန့်လွင် (SNLD) ၁၀။ ဦးနေမျိုးဝေ (မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းခြင်းပါတီ) ၁၁။ နန်းခင်ထွေးမြင့် (NLD) တို့ တက်ရောက်ခဲ့ကြပါသည်။

တိုင်းရင်းသားပါတီ ၁၅-ခု၏ မဟာမိတ်အဖွဲ့ တိုင်းရင်းသားများ ညီနောင်မဟာမိတ်အဖွဲ့ (NBF) က စုပေါင်း၍ ဖက်ဒရယ် ပြည်ထောင်စုပါတီအဖြစ် တစ်ပါတီတည်း မှတ်ပုံတင်ကာ၊ အင်အားကြီးများဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့နှင့် ယှဉ်ပြိုင် ရွေးချယ်ခံရန် ဖွဲ့စည်းခဲ့ပါသည်။ (ဖွန်လ ၁၁ ရက်) ယင်းအဖွဲ့ကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ (SNDP)၊ ချင်းအမျိုးသားပါတီ (CNP)၊ ရခိုင် တိုင်းရင်း သားများ ဖွံ့ဖြိုးရေး ပါတီ (RNDP)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP)၊ ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီတို့နှင့် ၂၀၁၀ ရွေးကောက်ပွဲ အပြီး စတင်ခဲ့ပြီး၊ ယခုအခါ ၇-ပါတီ အမာခံအဖွဲ့ ရှိပါသည်။ ၆-ပါတီက လေ့လာသူအဖြစ် ရပ်တည်နေပါသည်။ ယင်းမဟာမိတ်အဖွဲ့က တိုင်းရင်းသားများအရေး မြှင့်တင်ဆောင်ရွက်ရာတွင် တက်ကြွမှုရှိပြီး၊ နေပြည်တော်တွင် ပြင်ပပညာရှင် ၂ ဦး ဖြစ်သော Dr. Johannes Siebert ၊ ဟန်ညောင်ဝေတို့နှင့် နိုင်ငံရေး ဆွေးနွေး ညှိနှိုင်းမှုအတွက် ဆွေးနွေးပွဲသင်တန်းများ ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ (ဇူလိုင်လ ၁၃-၁၄ ရက်) သူတို့က မကြာသေးမီက အစိုးရက ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံရှိ "တရားဝင် အသိအမှတ်ပြုထားသော တိုင်းရင်းသား လူမျိုး များစာရင်း" ကိုလည်း ငြင်းပယ်ခဲ့ပါသည်။ သွေးခွဲ အုပ်ချုပ်ရေးသာ ဖြစ်သည်။ သူတို့၏အခွင့်အရေးကို ကျင့်သုံးရန် ပိုမို ခက်ခဲစေသည်ဟု ဝေဖန် ပြောဆိုခဲ့ကြပါသည်။ (ဧပြီလ ၄ ရက်)



*နိုင်ငံရေးပါတီ ထိပ်တန်းခေါင်းဆောင်များနှင့် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) ခေါင်းဆောင်များ၊ ချင်းမိုင်မြို့ (နိုဝင်ဘာလ ၂၂ ရက်)*

**တိုင်းရင်းသားနိုင်ငံရေး ပါတီအသစ်များ** - ယခင် KIO ဥက္ကဋ္ဌဟောင်း ဒေါက်တာတူးဂျာ ဦးဆောင်သည့် ကချင်ပြည်နယ် ဒီမိုကရေစီပါတီကို ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလ ၃၀ ရက်နေ့တွင် မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ ၂၀၀၉ ခုနှစ်တွင် မှတ်ပုံတင်စဉ်က၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲဝင် ရောက်ရန် ပြင်ဆင်စဉ်က၊ KIO ခေါင်းဆောင်ဟောင်းဖြစ်သည် ဟူသော အကြောင်းပြချက်ဖြင့် ၂ ကြိမ် ငြင်းပယ်ခံခဲ့ရ ပါသည်။ တိုင်းရင်းသားများ ဒီမိုကရေစီပါတီ (ကယားပြည်နယ်) ကလည်း ရွေးကောက်ပွဲကော်မရှင်တွင် ဖွန်လ ၂၇ ရက် နေ့က မှတ်ပုံတင်ခဲ့ပါသည်။

**ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ဆွေးနွေးပွဲ- ရှမ်းနှင့် ကယားပြည်နယ်** - ယင်းဆွေးနွေးပွဲကို မတ်လ ၂၀-၂၂ တွင် အစိုးရနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့သည်။ SNLD ပါတီ က ဦးဆောင်ကျင်းပခြင်းဖြစ်၍ MPSI က ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံရေးပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၁ ခုမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး၊ ဦးအောင်မင်းက လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

**ရှမ်း-ကယား-မွန် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ဆွေးနွေးပွဲ -** စက်တင်ဘာလ ၂၁-၂၃ တွင် နိုင်ငံရေးပါတီ ၂၁ ခု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅-ခု၊ အရပ်ဖက် လူမှုအဖွဲ့ ၃-ခုမှ ကိုယ်စားလှယ် ၃၃၁ ဦး တက်ရောက် ခဲ့ကြသည်။ အစိုးရအဖွဲ့ဝင်များ အပါအဝင် လေ့လာသူများ ၃၁ ဦး တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးမှ အချက် ၅-ချက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး၊ မတရားအသင်း ဥပဒေ အပါအဝင် ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် မညီသည့် ဥပဒေများ ဖျက်သိမ်းပေးရေး၊ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊ ပင်လုံစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးစု အားလုံးပါဝင် တက်ရောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ညီလာခံတစ်ရပ် ကျင်းပရေး.. စသည့်အချက်များ ပါဝင်သည်။ ယင်းမတိုင်မီတွင် တောင်ကြီးမြို့၌ တိုင်းရင်းသား နိုင်ငံရေးသမားများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြ သည့် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သေးသည်။

**ရခိုင်အင်အားစုများ -** က ဇန်နဝါရီလ ၁၁-၁၄ ရက်နေ့တွင် ချင်းမိုင်တွင် အစည်းအဝေးတစ်ရပ် ကျင်းပ၍ အမျိုးသားညီညွတ်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြရန် ပူးတွဲကော်မီတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး၊ အချက် ၆-ချက် သဘောတူညီနိုင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ရခိုင်အမျိုးသားညီလာခံကို ကျင်းပရန် ရခိုင်ခေါင်းဆောင်များ လုပ်ငန်းကော်မီတီတစ်ခု ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ (ဒီဇင်ဘာလ ၆ ရက်) ထို့အပြင် ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ALD) နှင့် ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP) တို့ နိုင်ငံရေးပါတီတစ်ခုအဖြစ် ပူးပေါင်းမည်၊ ရခိုင်အမျိုးသားပါတီ (RNP) အဖြစ် မှတ်ပုံတင်မည်ဟု သဘောတူညီခဲ့ကြသည်။ (ဩဂုတ်လ ၁၇ ရက်)

**ကရင်ပြည်နယ် -** ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးဦးဆောင်သည့် KNU ကိုယ်စားလှယ်အဖွဲ့သည် ဖားအံတွင် ကရင်နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ ဥပဒေပြင်ဆင်ရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။ (စက်တင်ဘာလ ၂ ရက်) ကရင်လူမှုအဖွဲ့အစည်းခေါင်းဆောင်များက ကရင်ပြည်နယ်၊ ဖားအံမြို့တွင် အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြသည်။ ဤတွေ့ဆုံမှုမှာ ကရင်အဖွဲ့အစည်းများ ဖြစ်ကြသည့် နိုင်ငံရေး၊ လက်နက် ကိုင်၊ ဘာသာရေး၊ ရပ်ရွာအဖွဲ့အစည်းများအကြား ညီညွတ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှု ဖြစ်ပြီး ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဦးအောင်မင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့လည်း တက်ရောက်ခဲ့ကြသည်။ (မတ်လ ၂၉ ရက်)။ ကရင်ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မီတီ (KUPC)၊ KNU အတွက် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးအဖွဲ့တို့ကလည်း ကရင်ညီညွတ်ရေးအတွက် တက်တက်ကြွကြွ လှုံ့ဆော်ဆောင်ရွက်နေကြပြီး၊ ရန်ကုန်တွင် နိုဝင်ဘာလ ၂၀-၂၁ ရက်နေ့များတွင် အစည်းအဝေး ကျင်းပခဲ့သေးသည်။ ယင်းတွေ့ဆုံပွဲတွင် (၁) လူထုအစည်းအဝေးများ ဆက်လက်ကျင်းပရန်။ (၂) ကရင်လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးရန် (၃) ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်၊ (၄) ဆုံးဖြတ်ချက်များကို KNU၊ အစိုးရနှင့် အခြားသော လက်နက်ကိုင်တပ်ဖွဲ့များ ထံသို့ ပေးပို့ရန် စသည့် အချက်များ သဘောတူညီခဲ့ကြသည်။

**ရှမ်းပြည်နယ် -** ရှမ်းနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့များ၊ ပြည်နယ်အတွင်းမှ အခြားတိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်များ ဒေသတွင်း တွေ့ဆုံပွဲညီလာခံသို့ တက်ရောက်၍ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုများ ညီညွတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးတို့ကို မြှင့်တင်ရေး အလေးထားဆွေးနွေးခဲ့ကြသည်။ (ဇန်နဝါရီလ ၉ ရက်) RCSS, SSPP, SNLD, SNDP, ဥရောပမြန်မာရုံး (EBO) တို့ ရန်ကုန်တွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြဿနာများ အဖြေရှာနိုင်ရေး ဆွေးနွေးခဲ့ကြပြီး၊ ဖက်ဒရယ်စနစ်က အရေးကြီးကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ (ဖွန်လ ၁၂ ရက်) RCSS ခေါင်းဆောင် ယွတ်စစ်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၍ (၁) လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများ (၂) မြန်မာနိုင်ငံ အနာဂတ်အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး (၃) မူးယစ်ဆေးဝါး ပြဿနာများ ဆွေးနွေးခဲ့ကြသည်။ (ဖွန်လ ၁၅ ရက်) ရှမ်းပြည်နယ်တစ်ခုလုံးဆိုင်ရာ ညီလာခံကို အောက်တိုဘာလ ၁၅-၁၇ တွင် ကျင်းပခဲ့ပြီး၊ (SNLD ပါတီ ခေါင်းဆောင် ဦးခွန်ထွန်းဦးက သမ္မတ၏ မေတ္တာရပ်ခံချက်အရ ဦးဆောင်ကျင်းပခဲ့ခြင်း ဖြစ်သည်) ရလဒ်အဖြစ် ရှမ်းပြည်နယ် ညီညွတ်ရေးကော်မီတီ (CSSU) ထွက်ပေါ်လာခဲ့သည်။ ရှမ်းပြည်နယ်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေကြသူများ၊ တသီးပုဂ္ဂလများ ဆုံချက်နေရာတစ်ခု ဖြစ်လာခဲ့သည်။[47] ယင်း၏အဖွဲ့ဝင် အဖွဲ့အစည်းများတွင် RCSS, SSPP, SNLD, SNDP နှင့် ရှမ်းပြည်နယ်ရှိ အရပ်ဖက်လူမှုအဖွဲ့များ၊ ရပ်ရွာအခြေစိုက် လူမှုအဖွဲ့များ ပါဝင်ကြပြီး၊ ချင်းမိုင်နှင့် တောင်ကြီးတွင် ရုံးခန်း ၂-ခု ဖွင့်လှစ်

47 See "Shan conference credits President for success", SHAN, 16 Oct 2013. Web. and "To Hopeland and Back (Part V)", *SHAN*, 13 Nov. 2013. Web

ထားရှိမည် ဖြစ်သည်။ (အဖွဲ့ဝင် အဖွဲ့အစည်းအသီးသီးမှ ထိပ်တန်း ခေါင်းဆောင်များ ပါဝင်သည့် ဥက္ကဋ္ဌများဘုတ်အဖွဲ့ကို ထားရှိမည်ဖြစ်ပြီး၊ လက်ရှိတွင် RCSS မှ ယာယီနှင့် အဖွဲ့အစည်းအသီးသီး မှ ကိုယ်စားလှယ်တစ်ဦးချင်းစီက အတွင်းရေးမှူးအဖွဲ့အဖြစ် တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။ ရေးရာဌာန ၅-ခု ဖွဲ့စည်း ထားရှိသည်။ ၎င်းတို့မှာ - ၁။ ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ ၂။ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ၃။ လွှတ်တော်ရေးရာ၊ ၄။ နိုင်ငံခြားဆက်ဆံရေးနှင့် ၅။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာ တို့ ဖြစ်သည်။

**မွန်ပြည်နယ်** - မွန်အမျိုးသားညီလာခံကို ကျင်းပရန် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကြေညာခဲ့ပြီး၊ ကျင်းပရေး ကော်မီတီကို ထိုနေ့တွင်ပင် ဖွဲ့စည်းခဲ့သည်။ မွန်ပြည်သစ်ပါတီ၊ မွန်ဒီမိုကရေစီ ပါတီ (MDP)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP) အပါအဝင် မွန်အမျိုးသားနိုင်ငံရေးပါတီများက ဦးဆောင်ကျင်းပကြမည် ဖြစ်သည်။ ညီလာခံကို မော်လမြိုင်မြို့တော်ခန်းမတွင် ကျင်းပ၍ မွန်အရပ်ဖက် လူမှုအဖွဲ့များ၊ မွန်နိုင်ငံရေး ပါတီများ၊ မွန်ပြည်သစ်ပါတီတို့ တက်ရောက်၍ ငြိမ်းချမ်းရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး၊ တန်းတူရေး၊ မွန်ပြည်သူများ ဖွံ့ဖြိုးရေးကိစ္စများတွင် အင်အားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စများကို ထောက်ခံခဲ့ကြသည်။ ဦးအောင်မင်းနှင့် ပြည်နယ်ဝန်ကြီးများလည်း ယင်းညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ မွန်အမျိုးသားညီလာခံကို နောက်တစ်ကြိမ် မော်လမြိုင်၌ပင် ဒီဇင်ဘာလ၌ ထပ်မံကျင်းပဦးမည်ဟု လျာထားသော်လည်း၊ အတွင်းပြဿနာများကြောင့်ဟု ဆိုကာ၊ ကာလအကန့်အသတ်မရှိ ရွှေ့ဆိုင်းထားသည်။[48]

**ချင်းပြည်နယ်** - ချင်းအဖွဲ့များက ဟားခါးတွင် တွေ့ဆုံခဲ့ကြပြီး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုပြဿနာများကို ပြန်လည်သုံးသပ်ခဲ့ကြကာ၊ ချင်းလူမျိုးနွယ်စုတွင် ၅၃-အုပ်စုအဖြစ် သတ်မှတ်ဖော်ပြထားသည့် ကိစ္စများအပေါ် ဆွေးနွေးခဲ့ကြသည်။ (ဩဂုတ်လ ၂၂ ရက်) ချင်းအမျိုးသားညီလာခံကို ဟားခါးမြို့တွင် နိုဝင်ဘာလ ၁၂-၁၅ ရက်နေ့များတွင် ကျင်းပခဲ့ ပြီး၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အဲန်ဂျီအိုများ၊ CNF၊ လူမျိုးနွယ်စု ကိုယ်စားလှယ်များ ၅၇၅ ဦး တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် ၁။ နိုင်ငံရေးဆွေးနွေးမှုအတွက် အခြေခံမူဘောင်၊ ၂။ ဖွဲ့စည်း ပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ၃။ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး၊ ၄။ တရားဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ၅။ ဘာသာရေး အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်၊ ၆။ စီးပွားရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှု၊ ၇။ စားနပ်ရိက္ခာ လုံခြုံရေး နှင့် လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများ၊ ၈။ ပညာရေး၊ ၉။ ချင်းမျိုးနွယ် စု ၅၃-စု ကိစ္စ၊ ၁၀။ ဒုက္ခသည်များနှင့် ကျား-မတန်းတူ ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

## ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှတဆင့် ပဋိပက္ခကို ဖြေရှင်းရန် သံန္နိဋ္ဌာန်ချမှတ်ထားမှု

ပုံမှန် ဆိုသလို ထိတွေ့တိုက်ပွဲများနှင့် ဆက်လက်၍ တင်းမာမှုများ ရှိနေဆဲဖြစ်သော်လည်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ပဋိပက္ခများ ပြေလည်စေရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ထိန်းသိမ်းထားရန် သံန္နိဋ္ဌာန်ရှိကြောင်း ဖော်ပြကြသည်။ အောက်ဖော်ပြပါ အစည်းအဝေးများဖြင့် ဥပမာပေး၍ ပြနိုင်သည်။

**KIA (ကချင်ပြည် လွတ်လပ်ရေးအဖွဲ့)** - နေပြည်တော်က KIO နှင့် အချက် ၇ ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ ၎င်းတွင် တိုက်ခိုက်မှုများ လျှော့ချရန်၊ နောက်ထပ် ထိတွေ့မှုများ ရှောင်ရှားရန်နှင့် ဆက်ဆံရေးရုံး (နည်းပညာ အထောက်အကူပြုအဖွဲ့ရုံး) ကို မြစ်ကြီးနားတွင် မေလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ရန်တို့ ပါဝင်သည်။ အချက် ၇ ချက်ပါ သဘောတူညီချက်နှင့်အညီ KIO က မြစ်ကြီးနားဆက်ဆံရေးရုံးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဇူလိုင် လ ၂၃ ရက်နေ့တွင် ယင်းရုံးကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအဖွဲ့ရုံးအဖြစ် အမည်ပေးခဲ့သည်။

**ဒီကေဘီအေ (DKBA)** - ဒီကေဘီအေအဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးမောင်လေးက နေပြည်တော်သို့ မေလ ၆ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး၊ အငြင်းပွားဖွယ် ပြဿနာများနှင့် ပတ်သက်၍ ဦးအောင်မင်းနှင့် ဆွေးနွေးခဲ့သည်။ ရက်အတိအကျ မသတ်မှတ်ရသေးသော်လည်း အချင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုရန် သဘောတူညီကြသည်။ ဖွန်လ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို ထိန်းချုပ်နိုင်ရန် ပူးတွဲကြီးကြပ်စောင့်ကြည့်ရေး ကော်မီတီတစ်ခု ဖွဲ့စည်းရန် ဒီကေဘီအေက တောင်းဆိုခဲ့သည်။

**ကရင်အမျိုးသား အစည်းအရုံး (KNU)** - အစိုးရနှင့် KNU အဖွဲ့ကိုယ်စားလှယ်များက အောက်တိုဘာလ ၂၈ ရက်နေ့

48 Khitar, Non. "Date for Mon National Convention yet to be decided", *Independent Mon News Agency*, 20 Jan 2014. Web.

တွင် တွေ့ဆုံ၍ တပ်များပြန်လည်နေရာချထားရေးကို ဆွေးနွေးခဲ့သည်။ KNU က အောက်တိုဘာလတွင် ဖြစ်ပွားသည့် ပုံး ပေါက်ကွဲမှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး အကူအညီပေးရန် အစိုးရနှင့် ဆွေးနွေးခဲ့ကြသည်။ "ပုံးဖောက်ခွဲမှု စုံစမ်းစစ်ဆေးရေး အရေးပေါ်ကော်မရှင်တစ်ရပ်" ကို ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင်များနှင့် ဖွဲ့စည်း၍ ဖြစ်ပေါ် တိုးတက်မှုများကို လူသိရှင်ကြား ထုတ်ပြန်သွားမည် ဖြစ်သည်။

**ကရင် လက်နက်ကိုင်အဖွဲ့များ -** "ကရင်လက်နက်ကိုင် အဖွဲ့များ သွေးစည်းညီညွတ်ရေးကော်မီတီ" တစ်ရပ်ကို မေလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ရာ၊ ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်ကြသည်။ အချင်းချင်း အပြန်အလှန် ပစ်ခတ်မှုများ ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး၊ မိုင်းရှင်းလင်းရေး၊ မူးယစ်ဆေးဝါး ကုန်ကူးသူများကို ဖမ်း ဆီးရေး ကိစ္စများ စသည့်အချို့ အရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

**ဝပြည်သွေးစည်းညီညွတ်ရေး အဖွဲ့ (UWSA) -** UWSA ကိုယ်စားလှယ်များက အစိုးရနှင့် ဇူလိုင်လ ၃ ရက်နေ့တွင် တွေ့ဆုံ၍ တင်းမာမှုများ ဖြေလျှော့ရန် ကြိုးပမ်းခဲ့ကြသည်။ ဇူလိုင်လ ၁၂ ရက်နေ့တွင် အချက် ၅ ချက်ပါ သဘောတူညီ မှုရရှိ၍ UWSA ပြင်ပဆက်ဆံရေး တာဝန်ခံ ကျောက်ကော်အန်း (Zhao Guo-ann) နှင့် ပြည်ထောင်စုငြိမ်းချမ်းမှု ဖော် ဆောင်ရေး လုပ်ငန်းကော်မီတီ ဒု-ဉက္ကဋ္ဌ ဦးသိန်းဇော်တို့ လက်မှတ်ရေးထိုးကြသည်။

**သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) -** RCSS က ဦးအောင်မင်းသို့ စာတစ်စောင် ရေးသား၍ စစ် ရေးအရ လှုပ်ရှားနေသော ဖုန်များနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ကိစ္စများ ရှင်းလင်းပေးပါရန် တောင်းခံခဲ့သည်။ ဤသို့ အငြင်းပွား ဖွယ်ဖြစ်သည့်အတွက်ကြောင့် အစိုးရတပ်များနှင့် RCSS တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။ (မတ်လ ၁၇ ရက်)။

## ဆက်ဆံရေး တည်ဆောက်မှုနှင့် ဆန္ဒမွန်၊ ဆန္ဒကောင်းများဖြင့် ချစ်ကြည်ရေး လုပ်ဆောင်မှုများ

### ၁။ ပြည်နယ်အဆင့် အစိုးရများနှင့် တွေ့ဆုံဆွေးနွေးမှုများ

ဥပမာအားဖြင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး ရွှေမျိုးသန့်က ပြည်နယ်ဝန်ကြီးချုပ် ဦးခင် မောင်ဦးကို ၎င်း၏နေအိမ်တွင် ဧပြီလ ၁၀ ရက်နေ့ (၅၅ ကြိမ်မြောက် တန်ဆောင်တိုင်- ကေထူးဘိုးပွဲတော်နေ့) က ညစာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အခက်အခဲများ ကျော်ဖြတ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပါရန် မေတ္တာရပ်ခံခဲ့သည်။

### ၂။ အမျိုးသားနေ့ပွဲတော်များ တက်ရောက်ခြင်း

ဦးအောင်မင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့မှ ဗိုလ်ချုပ်ကြီးအောင်သန်းထွန်း တို့က နိုင်ငံတွင်း ပထမဦးဆုံးအကြိမ် ကျင်းပသည့် ကယားအမျိုးသားနေ့ (၁၃၈ ကြိမ်မြောက်) သို့ (ဇွန်လ ၂၃ ရက်နေ့) တွင် တက်ရောက်ခဲ့သည်။ ဦးအောင် မင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒု-ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်အုန်းတို့ မြဝတီမြို့တွင် ကျင်းပသော ကရင် နှစ်သစ် ကူးပွဲတော်သို့ တက်ရောက်ခဲ့ကြသည်။ ကရင်နယ်ခြားစောင့်တပ် ဌာနချုပ်တွင် ကျင်းပပြီး၊ KNU, DKBA, KPC, ကရင် နယ်ခြားစောင့်တပ်ဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)။

### ၃။ စစ်ရေးဆက်ဆံရေးများ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက မြန်မာ့တပ်မတော်နှင့် သူတို့ဒေသများတွင် တိုက်ရိုက်၊ ပုံမှန် ဆက် သွယ်ရေးများ ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် KNU, DKBA, KPC နှင့် နယ်ခြားစောင့်တပ် တပ်ရင်း ၁၀၂၂ မှ ကိုယ်စားလှယ်များက အစိုးရ စစ်တပ်အရာရှိများနှင့် ပုံမှန်အပတ်စဉ် တွေ့ဆုံကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ကရင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မြဝတီတွင် စက်တင်ဘာလ ၉ ရက်နေ့ က ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့သည်။ ကလေးမြို့ရှိ မြန်မာ့တပ်မတော် စစ်အရာရှိ များက CNF ၏ ဗစ်တိုးရီးယား ဌာန ချုပ် စခန်းသို့ ဇွန်လ ၁၆ ရက်နေ့တွင် သွားရောက်လည်ပတ်ခဲ့ကြပြီး၊ လုံခြုံရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။ အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဥပမာ KNU က ဒေသဆိုင်ရာ တိုင်းမှူးများနှင့် ဆက်ဆံရေးကောင်းမွန် သည်ဟု ပြောဆိုကြသော်လည်း၊ RCSS ကမူ ဆက်ဆံရေးမကောင်းဟု ပြောဆိုကြသည်။ အကြောင်းအရင်း သေချာ မသိရသော်လည်း၊ အချို့ဝေဖန်သူများက ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြဿနာဖြစ်နိုင်သည်ဟု ယူဆကြသည်။

### ၄။ ငြိမ်းချမ်းရေးအတွက် ကားလိုင်စင် ထုတ်ပေးခြင်း

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အစိုးရက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသို့ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများတွင် သူတို့၏လိုင်စင်မဲ့ကားများကို မှတ်ပုံတင်ခွင့်ရရန် တောင်းဆိုခဲ့ကြသည့်အတိုင်း ကားလိုင်စင်များ ထုတ်ပေးခဲ့သည်။ ဤသည်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ရောက်ရှိလာစေရန် ကျယ်ပြန့်သော ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ ယင်းတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများ အတွက် ကူညီ ပံ့ပိုးပေးခြင်းလည်း ဖြစ်သည်။ ယခုကိစ္စတွင် ယင်းအဖွဲ့အစည်းများ၏ သွားလာမှုနှင့် သယ်ယူပို့ဆောင်ရေး အတွက် အဆင်ပြေစေမည် ဖြစ်သည်။ ထို့အပြင် ကားလိုင်စင်ရောင်းချမှုမှ ရရှိလာသည့် အမြတ်ငွေများဖြင့်၊ အဖွဲ့ဝင်များ၏ သက်မွေးဝမ်း ကျောင်းကိစ္စများ ထောက်ပံ့နိုင်မည်လည်း ဖြစ်သည်။ သို့မှသာ တရားမဝင် ဆောင်ရွက်နေကြသည့် အခွန်ကောက်ယူခြင်း၊ မူးယစ်ဆေး ကုန်သွယ်ခြင်း စသည့်ကိစ္စများ မလုပ်နိုင်ရန် တိုက်တွန်းနိုင်မည်လည်း ဖြစ်သည်။ ကားလိုင်စင်များကို အပြုသဘောဆန္ဒမွန်ဖြင့် ဦးအောင်မင်းက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံ ထုတ်ပေးခြင်း ဖြစ်၍ နေပြည်တော်တွင် ကျင်းပသည့် ၆၆ ကြိမ်မြောက် ပြည်ထောင်စုနေ့အကြိုတွင် သမ္မတဦးသိန်းစိန် က ဖိတ်ကြား၍ တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များကို ထုတ်ပေးခဲ့သည်။ သတင်းများအရ ထုတ်ပေးသည့်ကားများ၏ သုံးပုံတစ်ပုံမှာ အခွန်မဲ့ ဖြစ်ပြီး၊ ကျန် သုံးပုံနှစ်ပုံသော ကားများမှာ ၄၀% အခွန်ကင်းလွတ်ခွင့်ရမည် ဖြစ်သည်။ ဥပမာအားဖြင့်- KNU အဖွဲ့က ကားသစ် အစီးရေ ၄၀ ကို အခွန်မဲ့ တင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့် ရရှိမည်ဖြစ်၍၊ ကားအစင်း ၈၀ ကိုမူ အခွန် ၄၀% ကင်းလွတ်ခွင့် ရရှိကြမည် ဖြစ်သည်။

| စဉ် | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ | အခွန် ကင်းလွတ် | ၆၀% အခွန်ဖြင့် |
|---|---|---|---|
| ၁ | KNU | ၄၀ | ၈၀ |
| ၂ | RCSS | ၂၀ | ၄၀ |
| ၃ | SSPP | ၂၀ | ၄၀ |
| ၄ | KPC | ၂၀ | ၄၀ |
| ၅ | DKBA | ၂၀ | ၄၀ |
| ၆ | KNPP | ၂၀ | ၄၀ |
| ၇ | CNF | ၂၀ | ၄၀ |
| ၈ | NSCN-K | ၁၅ | ၃၀ |
| ၉ | PNLO | ၂၅ | ၅၀ |
| ၁၀ | NMSP | ၂၅ | ၅၀ |
| ၁၁ | UWSA | ၂၅ | ၅၀ |
| ၁၂ | NDAA | ၂၅ | ၅၀ |
| ၁၃ | ALP | ၅ | ၁၀ |
| ၁၄ | ABSDF | ၂၀ | ၄၀ |
| | စုစုပေါင်း | ၂၉၀ | ၅၈၀ |
| | လျာထားဆဲ | အခွန် ကင်းလွတ် | ၆၀% အခွန်ဖြင့် |
| ၁ | PSLF | ၁၅ | ၃၀ |
| ၂ | LDU | ၁၅ | ၃၀ |
| ၃ | KIO | ၄၀ | ၈၀ |

အတွင်းကျကျ သတင်းများအရ အပစ်ရပ်အဖွဲ့ ၁၄ ဖွဲ့သို့ ထုတ်ပေးသည့် ကား ၈၄၀ စီးအနက် ခွဲဝေပေးပုံမှာ အထက် ဖော်ပြပါ စာရင်းအတိုင်း ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) ၏ အထူး အကြံပေး ဦးလှမောင်ရွှေက တင်သွင်းခွင့်ပြုမည့် ကားအစီးရေ ၈၀၀ အနက်၊ ၂၇၀ စီးမှာ အခွန်လွတ် တင်သွင်းခွင့် ပါမစ်များကို ရယူထားခဲ့သည်ဟု ဆိုသည်။ ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကလည်း ငြိမ်းချမ်း ရေး

လုပ်ငန်းစဉ်အတွက် ကားနံပါတ်ပြား ၃၀၀၀ ကို အရံထားရှိသည်ဟု ဆိုကြသည်။ အချို့ကို ယခင်ပြည်သူ့စစ်၊ သို့မဟုတ် နယ်ခြားစောင့်တပ်အဖွဲ့အဖြစ် အသွင်ပြောင်းလဲခဲ့ကြသော အဖွဲ့အစည်းများသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

### *ငြိမ်းချမ်းရေးအတွက် ကားပါမစ်ထုတ်ပေးမှုအပေါ် အငြင်းပွားဖွယ် အချက်များ*

ငြိမ်းချမ်းရေးအတွက် ကားပါမစ်ထုတ်ပေးမှုအပေါ် လူအများက အာရုံစိုက်မှု ရှိကြပြီး၊ အငြင်းပွား စောဒကတက်မှုများလည်း ရှိခဲ့သည်။ အထူးသဖြင့် "ငြိမ်းချမ်းရေးအတွက် ကားပါမစ်ထုတ်ပေးမှု" ကို အသုံးပြု၍ ဇိမ်ခံကားများ တင်သွင်းလာမှုအပေါ် သတင်းမီဒီယာများက ဝေဖန်ပြောဆိုမှုများ ရှိခဲ့သည်။ ယင်းသို့ဖြင့် အခွန်များစွာကျမည်ကို ရှောင်ရှားခဲ့ကြသည်။ KNU ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက သူတို့၏ အပိုကားလိုင်စင်များကို စီးပွားဖြစ် ကားတင်သွင်းနေသူများထံ ရောင်းချခဲ့ကြသည်ဟု ဝန်ခံကြသည်။ သို့မှသာ အဖွဲ့အတွက် ဝင်ငွေ၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများ ပြုနိုင်မည်ဟု ဆိုကြသည်။ ဇိမ်ခံကားများ နိုင်ငံတွင်း ပြန်ရောင်းပါက ဒေါ်လာ ၁၀၀,၀၀၀ အထိပင် ရနိုင်ကြသည်။[49]


*မြန်မာ-ထိုင်းနယ်စပ်တွင် တင်သွင်းလာသည့် Lamborghani ဇိမ်ခံကားတစ်စီးကို တွေ့မြင်ရစဉ် (Photo- EMG)*

ဝေဖန်သူအများစုက ယခုကဲ့သို့ ကားလိုင်စင်များကို "ငြိမ်းချမ်းရေးလက်ဆောင်" အဖြစ် ထုတ်ပေးခြင်းမှာ လာဘ်ပေးမှုအဖြစ် မြင်ကြသည်။ သို့သော်လည်း အစိုးရကမူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်၊ တရားဝင်လိုင်စင်ဖြင့် ကားများ လိုအပ်သောကြောင့် ရိုးသားစွာလုပ်ဆောင်သည်ဟု ခုခံချေပပြောဆိုကြပါသည်။ ကားအသစ်များသွင်းလာရန် ပါမစ်ထုတ်ပေးခြင်းမဟုတ်ဟု ဆိုကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များကလည်း ကားပါမစ်များ လက်ခံခြင်း နှင့် ရောင်းချခြင်းကို ခုခံပြောဆိုကြပါသည်။ အဖွဲ့အစည်း ရပ်တည်မှုနှင့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်၊ သူတို့အဖွဲ့အစည်း၏ နိုင်ငံရေးလုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေအဖြစ် လက်ခံရသည်ဟု ဆိုကြသည်။ ဦးအောင်မင်းနှင့် သူ၏အဖွဲ့အတွက် ယခုကဲ့သို့ ဆောင်ရွက်ချက်အပေါ် အုပ်ချုပ်ရေးအာဏာအရ လုပ်ပိုင်ခွင့်ရှိ- မရှိ ဥပဒေကြောင်းအရ မေးခွန်းထုတ်မှုများလည်း ရှိလာကြသည်။ ဤအချက်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးရွှေမန်းကလည်း စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သူက သမ္မတထံ ထုတ်ဖော်ပြောဆိုရာ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှတ်တော်၏ အခန်းကဏ္ဍ ပိုမိုပါဝင်စေရန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီ (UWPC) တွင် အာဏာချိန်ခွင်လျှာ မျှတစေရန် ပြောဆိုခဲ့သည်။

### ၅။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များသို့ နိုင်ငံကူးခရီးသွားလက်မှတ်များ ထုတ်ပေးခြင်း

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တရားဝင်ဖြစ်စေရန် အရေးပါသည့် ကြိုးပမ်းမှုတစ်ခုမှာ ၎င်းတို့၏ခေါင်း

49 Saw Yan Naing. "' Peace Permit' Bonanza Puts Ethnic Groups on Defensive", *The Irrawaddy*. 20 Dec 2013. Web.

ဆောင်များကို နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။ KIO ၏ ဒု-စစ်ခေါင်းဆောင် ဗိုလ်ချုပ်ဂွမ်မော်[50]၊ KNPP မှ ဒု-ဥက္ကဋ္ဌ ခူးဦးရယ် အပါအဝင် ၅ ဦးနှင့် အတွင်းရေးမှူး-၂ ရွှေမျိုးသန့်၊ CNF ၏ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ရွှေခါး၊ RCSS နှင့် NMSP မှ ကိုယ်စားလှယ်များကို အစိုးရက နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

**၆။ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးခြင်း နှင့် တရားဝင်ပြုပေးခြင်း**

အစိုးရက နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးပါမည်ဟူသော ကတိကို ထိန်းသိမ်း၍ ဩဂုတ်လ ၁ ရက်နေ့တွင် အကျဉ်းသားများ ပြန်လွှတ်ပေးခဲ့သည်။ သမ္မတဦးသိန်းစိန်က ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား လုံးဝမရှိစေရဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်၊ ဦးသိန်းစိန်က နိုင်ငံရေးမှုဖြင့် အကျဉ်းကျနေသူများ၊ စွပ်စွဲခံ ထားရသူများ၊ မတရားအသင်းဥပဒေ၊ နိုင်ငံတော် ပုန်ကန်မှု၊ အစိုးရကို ဆန့်ကျင်မှု၊ ခွင့်ပြုချက်မရဘဲ ငြိမ်းချမ်းစွာ စုဝေး စီတန်းမှု စသဖြင့်သော နိုင်ငံရေးပြစ်မှုအမျိုးမျိုးဖြင့် အကျဉ်းကျနေသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

၂၀၁၃ ခုနှစ်တွင်၊ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၅၄ ဦးကို လွှတ်ပေးခဲ့ရာ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များ ဖြစ်ကြသည့်၊ ABSDF, RCSS, SSPP, DKBA, KNU နှင့် KIA တို့မှ အဖွဲ့ဝင် အနည်းဆုံး ၁၅၈ ဦး ပါဝင်သည်။ ယခင် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကိုသက်ဦး၏ အဆိုအရ "၎င်းတို့အများစုမှာ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သည့် KIA, SSA တို့နှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံထားကြရသူများ ဖြစ် သည်။ အစိုးရက ပြန်လွှတ်ပေးခြင်းမှာ ကချင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် တိုက်ဆိုင်၍ လွှတ်ပေးသည်၊ သူတို့က ငြိမ်းချမ်းရေးအတွက် စိတ်အားထက်သန်စွာ ဆောင်ရွက်နေသည်ကို ပြသလို၍ ဖြစ်မည်" ဟု ပြောဆိုခဲ့သည်။[51]

**ဇယား ၁၄ - ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသား ပြန်လည်လွတ်မြောက်မှုများ**[52]

| | |
|---|---|
| **ဧပြီ ၂၃ ရက်** | အကျဉ်းသား ၉၃ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၆၉ ဦး ပါဝင် သည်။ ၂၀၀၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့သော သျှမ်းပြည် အမျိုးသားတပ်မတော် (SSNA) မှ ရှမ်းသူပုန်စစ်သား ၄၀ ဦး ပါဝင်သည်။ |
| **မေလ ၁၇ ရက်** | အကျဉ်းသား ၂၃ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၂၁ ဦး ပါဝင် သည်။ |
| **ဇူလိုင်လ ၂၃ ရက်** | အကျဉ်းသား ၇၃ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၆၉ ဦး ပါဝင် သည်။ ယင်းတို့ အနက် ရှမ်းသူပုန်လက်နက်ကိုင် ၂၉ ဦးနှင့် ကချင်လက်နက်ကိုင်သူပုန် ၂၆ ဦးကို နိုင်ငံတဝှမ်းရှိ အကျဉ်းထောင် ၆ ခုမှ ပြန်လွှတ်ပေးခဲ့သည်။ |
| **အောက်တိုဘာလ ၈ ရက်** | အကျဉ်းသား ၅၆ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ အားလုံးမှာ နိုင်ငံရေးအကျဉ်းသားများ ဖြစ်ပြီး၊ ABSDF, KIA, RCSS အဖွဲ့အစည်းများနှင့် ပတ်သက်သူများ ဖြစ်သည်။ KIO နှင့် အစိုးရတွေ့ဆုံဆွေး နွေးသည့်နေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။ ဦးအောင်မင်း၏ အဆိုအရ ၁၈ ဦးမှာ ကချင်တိုင်းရင်းသား များ ဖြစ်သည်။ |
| **နိုဝင်ဘာလ ၁၅ ရက်** | အကျဉ်းသား ၆၉ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၆၆ ဦး ပါဝင် သည်။ |
| **ဒီဇင်ဘာလ ၁၁ ရက်** | အကျဉ်းသား ၄၄ ဦး ပြန်လည်လွတ်မြောက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၄၁ ဦး ပါဝင် သည်။ |

## နိုင်ငံသား မှတ်ပုံတင်ကဒ်ပြား

ပဋိပက္ခစစ်ပွဲများ ဒဏ်သင့်ခံစားခဲ့ရသည့် လူထုများကို နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားများ ပြန်လည်ထုတ်ပေးခြင်းမှာ ယင်း လူထုများကို နိုင်ငံ၏ စနစ်အတွင်း ပြန်လည်ပေါင်းစည်းစေရေးအတွက် အရေးပါသည့်အဆင့်ဖြစ်သည်။ နိုင်ငံသား ကဒ်မှာ ကျောင်းအပ်ရန်အတွက်၊ မဲပေးရန်အတွက်၊ နိုင်ငံအတွင်း ခရီးသွားလာရန်အတွက် အရေးပါသည့် သက်သေ ခံအထောက်အထား တစ်ခု ဖြစ်သည်။

50 "Trying to get the NCA draft next month", (Burmese version), *RFA*, 18 Nov 2013. Web.

51 Saw Yan Naing. "Ethnic Kachins among 56 Political Prisoners as Peace Talks Begin" *The Irrawaddy*. 8 October 2013. Web.

52 Amnesty Political Prisoners Under U Thein Sein Government 2011-2013, Assistance Association for Political Prisoners (Burma) http://www.aappb.org/

MPSI ၏ နိုင်ငံသားကဒ်ထုတ်ပေးရေး အစီအစဉ်အောက်တွင် နော်ဝေဒုက္ခသည် ကောင်စီ (NRC) က တစ်ထိုင်တည်း နှင့် ဝန်ဆောင်မှုပေးသည့် စင်တာများ (One-stop shop) တည်ထောင် ဆောင်ရွက်ပေးရန် မိုဒယ်တစ်ခုကို ဆောင်ရွက်ခဲ့သည်။ ယင်းစင်တာများတွင် နိုင်ငံသားစိစစ်ရေးကဒ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးရန် လိုအပ်သည့်အဆင့်များ အားလုံး ပါဝင်ပြီး အခမဲ့ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဖွန်လမှစ၍ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လူထု ၆၀,၀၀၀ ခန့် နိုင်ငံသားမှတ်ပုံတင်ကဒ် ရရှိပြီး ဖြစ်သည်။ နိုင်ငံအဆင့် သန်းခေါင်းစာရင်းကောက်ယူမှုကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့တိုင် ဆောင်ရွက်ရန် လျာထားပြီး၊ နိုင်ငံသားအများအပြား မှတ်ပုံတင်ရရှိစေရေးအတွက် အရေးပါသည့် လုပ်ငန်းဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားရာဒေသများတွင် ယခင်ကာလများက အစိုးရဌာနများထံသို့ သွားရောက်ဆက်သွယ်ရန် အလွန်အမင်း ခက်ခဲခဲ့ကြသည်။ အစိုးရက ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNPF) နှင့် အတူ လှုံ့ဆော်ရေးကန်ပိမ်းများ ဆောင်ရွက်နေပြီး၊ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံမှလည်း ယုံကြည်မှု ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဥပမာအားဖြင့် အောက်တိုဘာလ ၄ ရက်နေ့တွင် UPWC ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးသိန်းဌေး (ယခု နယ်စပ်ရေးရာ ဝန်ကြီးမှာ ဗိုလ်ချုပ် သက်နိုင်ဝင် ဖြစ်သည်။) တို့က ပန်ဆန်းရှိ UWSA ဌာနချုပ်သို့သွားရောက်၍ ဝခေါင်းဆောင် ဒု-ဥက္ကဋ္ဌ ရှောက်မင်းလျှံနှင့် သန်းခေါင်စာရင်းကိစ္စ၊ အမျိုးသားမှတ်ပုံတင်ကဒ် ထုတ်ပေးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီ နှင့် UNPF ကိုယ်စားလှယ်တို့က ချင်းမိုင်းသို့သွားရောက်၍ နိုင်ငံအဆင့် သန်းခေါင်စာရင်း ကောက်ယူရေးကိစ္စများ ရှင်းလင်းတင်ပြခဲ့ကြသည်။ သို့သော်လည်း အစိုးရနှင့် UNPF တို့ သန်းခေါင်စာရင်းတွင် တိုင်းရင်းသားများကို ခွဲခြားရေတွက်ပုံနှင့် ပတ်သက်၍ ဝေဖန်ပြစ်တင်မှုများ၊ အခက်အခဲများ ကြုံတွေ့နေရဆဲ ဖြစ်သည်။

## ပြန်လည်နေရာချထားရေး

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ရယူနိုင်သည့်အတွက် မြန်မာအစိုးရအနေဖြင့် ဒုက္ခသည်များ ပြန်လည်လက်ခံရယူရေးအတွက် UNHCR နှင့် အိမ်ရှင်နိုင်ငံ တို့အကြား ဆွေးနွေးဆောင်ရွက်နေကြသည်။ လူအနည်းငယ် စတင်၍ ပြန်လာနေကြပြီ ဖြစ်သော်လည်း၊ စက်တင်ဘာလတွင် ဆောင်ရွက်သည့် UNHCR ၏ စစ်တမ်းကောက်ယူလေ့လာမှုအရ ထိုင်းနိုင်ငံရှိ ဒုက္ခသည် အများမှာ ပြန်လာလိုစိတ် မရှိကြကြောင်း တွေ့ရှိရသလို၊ မြန်မာနိုင်ငံတွင် လုံခြုံမှုနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးမှုများ မရှိဘဲ ပြန်ပို့မည့်အရေး ကိုလည်း အဲန်ဂျီအိုများနှင့် တက်ကြွလှုပ်ရှားသူများက ဝေဖန်လျက် ရှိနေကြသည်။

ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကိစ္စမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အစိုးရတို့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက် စာချုပ်ထဲတွင်ပါဝင်သည်။ ယခုနှစ်အတွင်း ကယား ဒုက္ခသည်များအတွက် ရှားတောမြို့နယ်ရှိ မဲလအူ မြစ်ကမ်းအနီး တွင် စံပြအိမ်ရာ ၅၀ ခန့်ကို တည်ဆောက်ကြရန်အတွက် ဖွန် ၂၀ ရက်က ပြုလုပ်သော တွေ့ဆုံပွဲတွင် အစိုးရနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့ နှစ်ဘက် သဘောတူညီခဲ့ကြသည်။ သို့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် မြေမြုပ်မိုင်းများ ရှိနေခြင်းက ထိုင်း-မြန်မာ နယ်စပ်ဒေသများမှ ဒုက္ခသည်များ နေရပ်ပြန်ရေး စီမံကိန်းများကို ခြိမ်းခြောက်နေဆဲဖြစ်သည်။

အစိုးရနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ တို့၏ ငြိမ်းချမ်းရေး သဘောတူညီချက် စာချုပ်အရ မိုင်းတုံမြို့နယ် မိုင်းထ မြို့နယ်ခွဲ အတွင်းရှိ မြေဧက ၁၀၀၀ ရှိ အိမ်ရာကွက် ၆၀၀ ကို RCSS အဖွဲ့ဝင်များနှင့် ၎င်းတို့မိသားစုများအတွက် အိမ်ရာဆောက်လုပ်နိုင်ရန် နှစ်ဘက်သဘောတူညီခဲ့ကြသည်။ သို့သော်လည်း လွိုင်တိုင်းလျှံရှိ ဒုက္ခသည်များကမူ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည့်အတွက် နေရပ်ရင် ပြန်ရန်အတွက် စိုးရိမ်စိတ်မှုများ ရှိနေကြသည်။ စစ်ပွဲများကြောင့် ဒုက္ခရောက်ရသော ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် အသစ်များအတွက် အစိုးရမှ ဆုံးရှုံးမှုများနှင့်အပျက်အစီးတန်ဘိုးများကို တွက်ချက်ပြီး အလျော်ပေးရန် အစိုးရမှာ လုပ်ဆောင်လျက်ရှိသည်။ ဥပမာ နမ့်ဆမ်မြို့နယ်တွင် မေ ၉ ရက် ပဋိပက္ခအတွင်း ပျက်စီးသွားသော အပျက်အစီးတန်ဘိုးများကို မေလ ၁၅ ရက်က ရှမ်း လွှတ်တော် အမတ် စိုင်းကျော်အုန်း က မြို့နယ် အစိုးရ အာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းတွက်ချက်ခဲ့ကြသည်။ တွက်ချက်မှုရလဒ်များကိုလည်း ပြည်နယ်အစိုးရသို့ တင်ပြပြီး လိုအပ်သော အကူအညီများ ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်တွင် စစ်ပွဲပဋိပက္ခများကြောင့်ထွက်ပြေးခဲ့ကြရသော စံကင်းကျေးရွာ တာလောကြီးအုပ်စုမှ ဒုက္ခသည်များသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ၎င်းတို့၏ နေရပ်သို့ ပထမအသုတ်အနေဖြင့် ပြန်ကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့မှ နေရပ်ပြန် ဒုက္ခသည် အိမ်ထောင်စုတိုင်းအတွက် ဆန် တလ စာ ထောက်ပံ့ပေးခဲ့ပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှလည်း ဆန်တအိတ်နှင့် ငွေကျပ် သုံးသောင်းကို ထောက်ပံ့ခဲ့သည်။ ကချင်ပြည်နယ်ရှိ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခ စစ်ပွဲများကြောင့် စစ်ဘေးရှောင် ကချင် ဒုက္ခသည်များ၏ ဘ၀ ပြန်လည်ထူထောင်ရေး အတွက် စိုက်ပျိုးရေး စရိတ်ချေးငွေ ထုတ်ချေးပေးရန် အစိုးရက မတ်လဆန်းပိုင်းက ပြောဆိုခဲ့သည်။

## မိုင်းရှင်းလင်းရေး

မြေမြှုပ်မိုင်းနှင့် ပဒေသာ လက်နက်များ လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Landmine and Cluster Munition Monitor) အဖွဲ့၏အဆိုအရ မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းကြောင့် သေဆုံးမှု တတိယမြောက် အများဆုံး နိုင်ငံတစ်ခု ဖြစ်ပါသည်။[53] LCM အဖွဲ့၏အဆိုအရ မြန်မာနိုင်ငံရှိ မြို့နယ် ၅၀ တွင် မြေမြှုပ်မိုင်းများ တည်ရှိနေပါသည်။ သို့အတွက်ကြောင့် ပြန်လည်နေရာချ ထားရေးအတွက် ပြဿနာဖြစ်နေစေသည်။[54] မြေမြှုပ်မိုင်း ပိတ်ပင်တားဆီးရေး အီတာလီနိုင်ငံ လှုပ်ရှားမှု (ICBL) ၏ ကိုယ်စားလှယ် ယက်ရှုဂါ မိုဆာ (Yeshua Moser) က ပြောကြားရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပေါက်ကွဲနိုင်သော မြေမြှုပ်မိုင်း အသုံးပြုမှု တတိယအများဆုံး နိုင်ငံလည်း ဖြစ်သည်။[55] မြေမြှုပ်မိုင်း မည်မျှထူပြောသည်ကို ခန့်မှန်းတွက်ချက်ထားမှုများ မရှိပါ။ သို့သော်လည်း လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရ အောက်ဖော်ပြပါ မြို့နယ်များကို မြေမြှုပ်မိုင်းအန္တရာယ်ရှိရာ ဒေသများအဖြစ် သတ်မှတ် ဖော်ထုတ်ထားပါသည်။[56]

- ကယားပြည်နယ်- မြို့နယ် ၇ ခုလုံး။
- ကရင်ပြည်နယ်- မြို့နယ် ၇ ခုလုံး။
- ကချင်ပြည်နယ်- ချီဖွေ၊ မန်စီ၊ မိုးကောင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ဆောလော့၊ ဝိုင်းမော်
- မွန်ပြည်နယ်- ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ၊ ရေး။
- ပဲခူးတိုင်းဒေသကြီး- ကျောက်ကြီး၊ ရွှေကျင်၊ ထန်းတပင်၊ တောင်ငူ။
- ရခိုင်ပြည်နယ်- မောင်းတော။
- ရှမ်းပြည်နယ်- ဟိုပုန်း၊ ဆီဆိုင်၊ လင်းခေး၊ လွိုင်လင်၊ မောက်မယ်၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆမ်၊ တာချီလိတ်၊ နမ္မတူ၊ နမ့်ခမ်း၊ ရပ်စောက်နှင့် ရွာငံ။
- တနင်္သာရီတိုင်းဒေသကြီး- ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်းနှင့် ရေဖြူ။
- ချင်းပြည်နယ် တို့ ဖြစ်သည်။

သို့အတွက်ကြောင့် မိုင်းရှင်းလင်းရေးကိစ္စကို အပစ်ရပ်သဘောတူညီချက် အများစုတွင် ထည့်သွင်း ဖော်ပြခဲ့ကြပြီး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အချင်းချင်းသော်လည်းကောင်း၊ အစိုးရနှင့် ပူးပေါင်း၍သော်လည်းကောင်း လုပ်ဆောင်နေကြသည်။ ဇူလိုင်လတွင် ဖွဲ့စည်းခဲ့သည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့များ သွေးစည်းညီညွတ်ရေးကော်မီတီ၏ ရည်ရွယ်ချက် တစ်ခုမှာ မိုင်းရှင်းလင်းရေး ဖြစ်သည်။ လှုပ်ရှားမှုအချို့မှာ စတင်နေကြပြီ ဖြစ်သည်။ ဥပမာအားဖြင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့များနှင့် မြန်မာစစ်တပ်တို့ ပူးတွဲမစ်ရှင်ကို ၂၀၁၃ ခုနှစ်၊ ဖွန်လကပင် စတင်ဖွဲ့စည်းထားပြီး ဖြစ်သည်။[57] ကယားပြည်နယ်တွင် KNPP, KNPLF နှင့် KNLP တို့ ပူးပေါင်းဆောင်ရွက်နေကြသည်။ သင်တန်းနှင့် ဆွေးနွေးပွဲသင်တန်းများလည်း ကျင်းပရန် စီစဉ်ထားသည်။ သို့သော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတွင် မိုင်းခင်းထားသည့် မြေပုံရှိမနေသည့် အတွက်ကြောင့် မိုင်းရှင်းလင်းရေး လှုပ်ရှားမှုများတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

---

53 "LCM urges armed groups in Myanmar not to use landmines (Burmese version), Daw Khin Myo Thet, *VOA*, 27 Nov 2013.

54 Landmine & Cluster Munition Monitor. *Myanmar Mine Ban Policy*, 30 October 2013. www.the-monitor.org/

55 "Myanmar ranks thrid globally in landmine use", *Mizzima*, 27 November 2013. Web.

56 Landmine and Cluster Munition Monitor. *Landmine Monitor Report: Myanmar/Burma 2013.*

57 "Karen armed groups' cooperation of removing landmine process is impossible to finish at the end of this year (Burmese version)", Nan Lwin Nin Pwint, *Mizzima*, 29 Nov 2013. Web.

ကေအန်ယူအဖွဲ့၏ အဆင့် ၃ ဆင့်ပါ မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်တွင်၊ ဒေသခံများကို ပညာပေးခြင်း၊ သတိပေးအမှတ်အသားများ ဖော်ပြထားခြင်း၊ နည်းပညာပိုင်းနှင့် နည်းပညာပိုင်း မဟုတ်သည့် စစ်တမ်းများ ကောက်ယူခြင်းနှင့် မိုင်းများ ရှင်းလင်းခြင်းတို့ ပါဝင်သည်။ သို့သော်လည်း ကေအန်ယူနှင့် KNPP တို့က ဖော်ပြရာတွင် အစိုးရက အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို မလိုက်နာကြောင်း၊ မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြမှုမရှိကြောင်း ပြောဆိုကြသည်။ KNPP အဖွဲ့က အစိုးရထံမှ အဖြေကိုစောင့်ဆိုင်းနေဆဲ ဖြစ်ပြီး၊ ဦးအောင်မင်းက ၎င်းတို့ကို ပြောဆိုရာ၌ မိုင်းရှင်းလင်းရေးဥပဒေ ရေးဆွဲပြီး သမ္မတက အတည်ပြုပြီးမှသာ ဖြစ်နိုင်မည်ဟု ဆိုကြသည်။ အစိုးရနှင့် KNPP တို့ က စမ်းသပ်စီမံကိန်းကို ထိုင်း-မြန်မာနယ်စပ်အနီး ရှားတောမြို့နယ်တွင် ဆောင်ရွက်ရန်စီစဉ် ထားကြသည်။

နော်ဝေပြည်သူများ အကူအညီအဖွဲ့ (NPA) သည်၊ နည်းပညာပိုင်းဆိုင်ရာမဟုတ်သည့် စစ်တမ်းများကောက်ယူရေးနှင့် မိုင်းရှင်းလင်းရေးအတွက် မြန်မာအစိုးရနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည် တစ်ဖွဲ့တည်းသော လူသားချင်းစာနာမှုဆိုင်ရာ မိုင်းရှင်းလင်းရေး လုပ်ကိုင်ဆောင်ရွက်နေသောအဖွဲ့ ဖြစ်သည်။ (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ တွင် လက်မှတ်ရေးထိုးသည့် စာချွန်လွှာတွင် ကရင်၊ ကယားနှင့် မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။) သူတို့က မိုင်းများရှိနေသည့် ဒေသများတွင် နည်းပညာပိုင်းမဟုတ် သည့် စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်နေပြီး၊ မြန်မာအစိုးရက သူတို့ထံ မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် မိုင်းလုပ်ရှားမှု ဗဟိုဌာန (MMAC) အတွက် အရည်အသွေးမြှင့်တင်ပေးပါရန် အကူအညီတောင်းခံထားသည်။ (MMAC) ကို မြန်မာ နိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုဌာန (MPC) နှင့် ပူးတွဲ လုပ်ဆောင်ကြမည် ဖြစ်သည်။ ယူရို ၃.၅ သန်းကုန်ကျမည့် စီမံကိန်းကိုလာမည့် ၁၈ လ ကာလအတွင်း၊ မြန်မာနိုင်ငံ မိုင်းလှုပ်ရှားမှု ဗဟိုဌာနကို (အစိုးရ၏ မေတ္တာရပ်ခံမှုအရ) စတင်တည်ထောင် လည်ပတ်ရန် NPA နှင့် ဥရောပကော်မရှင် တို့ မေလ ၃၁ ရက်နေ့တွင် သဘောတူညီမှုရခဲ့သည်။ ထို့နောက် နည်းပညာပိုင်း မဟုတ်သည့် စစ်တမ်းကောက်ယူမှုများ (မြေပုံထုတ်ခြင်း) နှင့် မြန်မာနိုင်ငံတွင် မိုင်းထူပြောသည့်နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်သွား မည် ဖြစ်သည်။

## အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ စီးပွားရေးလုပ်ပိုင်ခွင့်များ ခွင့်ပြုပေးခြင်းသည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သို့အတွက်ကြောင့် အဖွဲ့အစည်းရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးကို ဥပဒေဘောင်အတွင်းမှ ပံ့ပိုးပေးနိုင်မည် ဖြစ်၍၊ သက်ဆိုင်ရာဒေသများတွင် စီးပွားရေးဖွံ့ဖြိုးမှုလည်း ရရှိလာစေမည် ဖြစ်သည်။ သို့သော်လည်း ဤကိစ္စမှာ ၁၉၉၀ ခုနှစ်များ အပစ်အခတ်ရပ်စဲစဉ် ကာလကတည်းက အလွန်အမင်း အငြင်းပွားဖွယ် ပြဿနာ ဖြစ်သည်။ ယင်းစီးပွားရေးလုပ်ငန်းများဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ခေါင်းဆောင်များကို အကျင့် ပျက်ခြစားမှုများ ဖြစ်ပေါ်စေသည်။ ထို့အပြင် သူတို့၏ တိုင်းရင်းသား အခွင့်အရေးများ အတွက် တိုက်ပွဲမှသွေဖီသွားစေရန် တိုင်းရင်းသားခေါင်းဆောင်များကို လာဘ်ထိုးသည်ဟုလည်း လူအများက မြင်ကြသည်။ ၁၉၉၀ ခုနှစ်များ အပစ်အခတ်ရပ် စဲရေးတွင် နိုင်ငံရေးထက် စီးပွားရေးကို ပို၍အာရုံစိုက်ခဲ့သည့် အတွက်ကြောင့်လည်း၊ ၂၀၁၀ ရွေးကောက်ပွဲကာလတွင် အပစ်အခတ်ရပ်စဲရေး ပြန်လည်ကျိုးပေါက်ခဲ့ရသည်ဟု စွပ်စွဲပြောဆိုမှုများလည်း ရှိသည်။ အထူးသဖြင့် ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်လာသည့်ကိစ္စမျိုး ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားခေါင်းဆောင်များမှာ သတိကြီးကြီးထား၍ နိုင်ငံရေးသဘောတူညီချက် ရရှိရန် တွန်းဆော်နေကြသည်။ အပစ်ရပ်စဲပြီးရသည့် စီးပွားရေးသဘောတူညီချက်များ မျှနှင့်သာ ကျေနပ်တင်းတိမ်လိုခြင်း မရှိကြပေ။

**ဇယား ၁၅ -** ၂၀၁၁ ခုနှစ်နောက်ပိုင်း အပစ်အခတ်ရပ်စဲရေးပြီးနောက် ရရှိသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ

| တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ | မှတ်ပုံတင်ထားသည့် ကုမ္ပဏီ | အသေးစိတ် အကြောင်းအချက်များ |
|---|---|---|
| CNF | ခိုနမ်ထုန်ကုမ္ပဏီ (၂၀၁၂)<br>Khonumhtung | ဆောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ထန်တလန်မှ ၁၅ မိုင်ရှိ လမ်းဖောက်လုပ်ရန် ကန်ထရိုက်ရရှိထား၊ ကျွန်းတန် ၁၀၀၀ နှင့် အခြားသစ်မာတန် ၁၀၀၀ ဖြတ်ရန်ခွင့်ပြုချက် ရရှိထား သည်။ |

| | | |
|---|---|---|
| **DKBA** | မှတ်ပုံတင်မှု မရှိသေး | ရာဘာစိုက်ခင်း၊ သစ်မွှေးစိုက်ခင်း၊ သတ္တုတွင်းတူး လုပ်ငန်းနှင့် ကျွန်း/ သစ်မာထုတ်လုပ်ရေး။ |
| **ကရင်နယ်ခြားစောင့် တပ်များ** | မှတ်ပုံတင်မှုမရှိ (နယ်ခြားစောင့်တပ် အဖြစ်သာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေ) | စီးပွားဖြစ် စိုက်ပျိုးရေး၊ သတ္တုမိုင်း၊ ကုန်သွယ်ရေး၊ ကုန်ထုတ် လုပ်ရေး နှင့် ခရီးသွားလုပ်ငန်း (နယ်ခြားစောင့်တပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး စောချစ်သူက ပြောရာတွင် အမြတ်အစွန် ၅၀% ကို ဒေသဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး အတွက် ပြန်လည် အသုံးပြုသည်ဟု ဆိုသည်။) |
| **KIO** | ဘူးဂါးကုမ္ပဏီ (၁၉၉၄) | မြစ်ကြီးနားသို့ လျှပ်စစ်ထုတ်လုပ်ပို့လွှတ်ခြင်း၊ သတ္တုမိုင်း (ကျောက်စိမ်း)၊ ကုန်သွယ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ (၂၀၁၁ ခုနှစ် အပစ်ရပ်စဲရေး ပျက်ပြားပြီးနောက် လျှပ်စစ် ပို့လွှတ်နေခြင်းမှ လွဲ၍ ကျန်လုပ်ငန်းများရပ် ဆိုင်းနေပြီး ဖြစ်သည်။) |
| **KNPP** | ၁။ ကယားဌာနေကုမ္ပဏီ (၂၀၁၂)<br>၂။ တမောထာကုမ္ပဏီ | ကယားဌာနေကုမ္ပဏီ၏ ခဲထုတ်လုပ်ရေးကို ကယားပြည် နယ်တွင် ဆောင် ရွက်နေသည်။<br>တမောထာကုမ္ပဏီက ကျွန်းသစ်ကိုအခြေခံ၍ သွင်းကုန်-ထုတ်ကုန်တင်ပို့မည် ဖြစ်သည်။ |
| **KNU** | ၁။ မိုးကိုစံ ခရီးသွားလုပ်ငန်း တပ်မဟာ ၇ က ဆောင်ရွက်နေ သည့် ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေး ကုမ္ပဏီလီမိတက်<br>၂။ ဆောင်းဆည်းဆာ ကုမ္ပဏီ လီမိတက် (တပ်မဟာ-၆ က မော်လမြိုင်တွင် ဆောင်ရွက်နေ သည်။)<br>၃။ မှတ်ပုံမတင်ရသေးသည့် စီးပွားရေးလုပ်ငန်းများ | သစ်ထုတ်လုပ်ရေး၊ သတ္တုမိုင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး။ |
| **KPC** | မှတ်ပုံတင်မှု မရှိသေး | ရာဘာစိုက်ခင်း၊ သယ်ယူပို့ဆောင်ရေး၊ နယ်စပ် ကုန်သွယ်ရေး သတ္တုမိုင်းတူးဖော်ရေး အတွက် တောင်းဆိုထားပြီး၊ သတ္တု ထုတ်ကုန်များ ကုန်သွယ်ရေးလိုင်စင် လျှောက်ထားသည်။ ခရီးသွားလုပ်ငန်း။ |
| **NDAA** | ရွှေလီစတား ခရီးသွားလုပ်ငန်း (၁၉၈၉) | သတ္တုမိုင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ကာစီနို လုပ်ငန်းများ။ သစ်တန် ၁၀,၀၀၀ ထုတ်ရန် တောင်းဆိုသည့် အနက်မှ ကျွန်းသစ်တန် ၁,၀၀၀ ထုတ်ယူခွင့် ပြုသည်။ ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ခွင့်ပြုသည်။ သတ္တုမိုင်း များ တူးဖော်နေသည်။ |
| **NMSP** | ၁။ ရာမည အင်တာနေရှင်နယ် (၁၉၉၅)<br>၂။ ဟံသာဝတီကုမ္ပဏီ (၁၉၉၅)<br>၃။ ရာမည ယူနိက်တက် (၂၀၁၂) | ဆောက်လုပ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး။ |
| **PNLO** | မှတ်ပုံတင်မှု ဆိုင်းငံ့ထားဆဲ | သစ်ထုတ်လုပ်ရေး၊ သတ္တုမိုင်း တူးဖော်ရေး ခွင့်ပြုထားပြီး၊ ကုန်သွယ်ရေး၊ ဘီလပ်မြေ၊ ဆောက်လုပ်ရေးနှင့် ဟိုတယ်နှင့် ကုန်ဂိုဒေါင်များ လုပ်ကိုင် လည်ပတ်ရေး။ |

| | | |
|---|---|---|
| RCSS | ရှမ်းတောင်တန်းချယ်ရီ (၂၀၁၂) | သတ္တုမိုင်း၊ လမ်းဖောက်လုပ်ရေး၊ သစ်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ဓာတ်အားဖြန့်ဖြူးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများ ခွင့်ပြုထားပြီး။<br>ရှမ်းပြည်နယ်တောင်ပိုင်းတွင် စက်မှုဇုန်ဆောက်ရန် အဆိုပြု ထားသည်။ |
| SSPP | မှတ်ပုံတင်မှု မရှိသေး | SSPP ခေါင်းဆောင်များက ပတ္တမြားတွင်း တူးဖော်နေ ကြောင်း၊ ၁၉၈၉ အပစ်အခတ်ရပ်စဲရေး ပြီးကတည်းက ကုန်သွယ်မှုများ ခွင့်ပြုထားကြောင်း သိရှိရသည်။ |
| UWSA | သော်တာဝင်း (၂၀၁၂ ခုနှစ်တွင် မှတ်ပုံတင်သည်) ယခင်က ဟုန်ပန်း ကုမ္ပဏီအုပ်စု (၁၉၈၈)<br>၁။ တက်ခမ်းကုမ္ပဏီ လီမိတက်<br>၂။ မြန်မာတကောင်းကုမ္ပဏီ လီမိတက်<br>၃။ မိုင်းမောကုမ္ပဏီ လီမိတက် | စီးပွားရေးလုပ်ငန်း အမျိုးမျိုး- ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ကျောက်မြက်နှင့် သတ္တု၊ သစ်ထုတ်လုပ်ရေး၊ ရေနံ၊ လျှပ်စစ်ပစ္စည်း၊ တယ်လီကွန်မြူနီကေးရှင်း၊ စက်ရုံများ၊ ဘဏ်များ၊ အရက်ချက်စက်ရုံ၊ ကုန်တိုက်များ၊ လေကြောင်းလိုင်း၊ ဟိုတယ်များနှင့် ဘီယာချက်စက်ရုံ။ |

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ ဆက်ဆံရန် စီးပွားဆက်ဆံရေးရုံးများ ဖွင့်လှစ် ထားကြသည်။ ၂၀၁၃ ခုနှစ်တွင်၊ ကေအန်ယူ တပ်မဟာ-၆ က စီးပွားဆက်ဆံရေးရုံးသစ်ကို မော်လမြိုင်တွင် ဖွင့်လှစ်ခဲ့သည်။ (နိုဝင်ဘာ ၂၂) CNF က ပလက်ဝတွင် (စက်တင်ဘာ ၁၉) ဖွင့်လှစ်ခဲ့သည်။ ဤစီးပွားရေးကုမ္ပဏီများ၏ ရလဒ်မှာမူ အတိအကျပြောရန် ရှုပ်ထွေးသည်။ အချို့က ကောင်းစွာလည်ပတ် လုပ်ကိုင်နေကြပြီး၊ RCSS အဖွဲ့က တရားဝင် စီးပွားရေး လုပ်ငန်းများ လုပ်ပိုင်ခွင့်အတွက် အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းဖော်ပြထား သော်လည်း စစ်တပ်က ဝင်ရောက် တားဆီးပိတ်ပင်မှုဖြင့် ကြုံတွေ့နေရသည်။

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေး

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင်၊ ဒုတိယအများဆုံး ဘိန်းထုတ်လုပ်သော နိုင်ငံတနိုင်ငံအဖြစ် ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့တစ်ဝှမ်းထုတ်လုပ်မှု၏ ၁၀% ရှိနေသည်ဟု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) က ဖော်ပြသည်။ အစိုးရနှင့် အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက မူးယစ်ဆေးဝါးနှိမ်နင်းရေးကို နိုင်ငံရပ်ခြားတိုင်းပြည်များ၏ အကူအညီဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရေးမှာ တစ်နှစ်ပြီးတစ်နှစ် တိုးများလာနေသည်ဟု UNODC က ဆိုသည်။ လေ့လာသုံးသပ်သူများကမူ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံရေးနှင့် အခိုင်အမာ ဆက်စပ်ပတ်သက်နေသည်ဟု ယုံကြည်ကြသည်။ မူးယစ်ဆေးဝါးကုန်သွယ်မှုမှ ရရှိသည့်ငွေများကို စစ်ပွဲများအတွက် အသုံးပြုနေကြသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံရေး၊ ပဋိပက္ခပြဿနာများ၏ ရေသောက်မြစ် ဖြစ်သည်။

## *အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ*

သတင်းများအရ မြန်မာအာဏာပိုင်များက ၂၀၁၃-၁၄ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၁၂,၇၇၄ ဟက်တာကို ဖျက်ဆီးခဲ့ကြပြီး၊ တစ်နိုင်ငံလုံး စုစုပေါင်းစိုက်ဧရိယာ ၅၇,၈၀၀ ဟက်တာရှိနေသည်ဟု ခန့်မှန်းကြသည့်အတွက် ၂၀% မျှ ဖျက်ဆီးနိုင်ခဲ့သည်။[58] ဇွန်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အဖြစ် ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်နှိမ်နင်းရေး ယူနစ်မှ ဒု-ဗိုလ်မှူးကြီးတင်အောင်က ပြောဆိုရာတွင် ယခုနှစ်တွင် မူးယစ်ဆေး ဖမ်းဆီးရမိမှုများ ပိုများလာခဲ့သည်ဟု ဆိုသည်။ မြန်မာအစိုးရ အာဏာပိုင်များက မူးယစ်ဆေးနှင့် ပတ်သက်သည့်အမှုပေါင်း ၄,၀၀၆

58 "Myanmar destroyed 12,774 hectres of poppy plantation in 2013-14", *Xinhua*, 26 Jan. Web.

မှုတွင် ပါဝင်ပတ်သက်နေသူ ၅,၇၄၀ ဦးကို အပြစ်ပေးခဲ့သည်။[59] သို့သော်လည်း ထုတ်လုပ်မှုများပြားလာခြင်းကြောင့် ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး ကိုကိုက မေလ ၁၂ ရက်နေ့တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် မူးယစ်နှိမ်နင်းရေး ရဲတပ်ဖွဲ့များ ထပ်မံဖွဲ့စည်းသွားမည်ဟု ကြေညာခဲ့သည်။ နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးနေကြသည့် အိမ်ထောင်စုပေါင်း ၃၀,၀၀၀ ကျော်ရှိနေသည်။

## *နိုင်ငံတကာ အကူအညီများ*

ပြီးခဲ့သည့် နှစ်နှစ်တာ ကာလအတွင်းတွင်၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် နိုင်ငံတကာမှ အကူအညီများ၊ ထောက်ပံ့မှုများ များစွာရရှိခဲ့သည်။ အကူအညီများကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) မှ တဆင့်သော်လည်းကောင်း၊ တစ်နိုင်ငံချင်း အနေနှင့်သော်လည်း ကောင်း ပေးအပ် ကြသည်။ ယခုနှစ်တွင် ဂျာမဏီနိုင်ငံက ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်နှင့် ပင်လောင်းမြို့နယ် များရှိ ရွာ ၄၀ သို့ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် အမေရိကန်ဒေါ်လာ ၅ သန်းကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကူညီခဲ့သည်။ ထင်ရှားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းတစ်ခုမှာ RCSS, အစိုးရနှင့် UNODC တို့အကြား ၃ ပွင့်ဆိုင်သဘောတူညီချက် ဖြစ်ပြီး တာချီလိတ်မြို့တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၇-၂၈ တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်သစ်တွင် ပါဝင်သော ဒေါ်လာသန်းချီကုန်ကျမည့် ၎င်း စီမံကိန်းကို ရှမ်းပြည်နယ်အရှေ့ ပိုင်းတွင် ၂၀၁၄ မှ ၂၀၁၇ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။ ဤဆောင်ရွက်ချက်ကို UNODC မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ ဂျေဆင် အီလေး (Jason Eligh) က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် တင်ပြခဲ့သည်။ ယင်းစီမံကိန်းမှာ ဘိန်းစိုက်ပျိုးသူ တောင်သူများအတွက် အခြားရွေးချယ်စရာ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးမည် ဖြစ်၍၊ နိုင်ငံ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်လာစေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အစားထိုးသီးနှံ စိုက်ပျိုးရေးကိစ္စများ အတွက် ရည်ရွယ်ထားသည်။ ဤစီမံကိန်းတွင် မြန်မာအစိုးရ နှင့် တပ်မတော်၊ RCSS, UNODC တို့ အကောင်အထည်ဖော်ကြမည် ဖြစ်ပြီး၊ ရှမ်းပြည်နယ်အတွင်း စစ်တမ်းကောက်ယူရေးအရာရှိများကိုလည်း စီမံကိန်းဒေသတွင်းသွားလာ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည့်အတွက် နှစ်ဖက်အဖွဲ့ ယုံကြည်မှုတိုးမြင့်လာစေရေးလည်း ရည်ရွယ်ထားသည်။

သို့သော်လည်း ဤအစီအစဉ်သည် RCSS အဖွဲ့၏အဆိုအရ အစိုးရဖက်မှ တုံ့ပြန်မှု မရရှိသောကြောင့် အကြီးအကျယ် နှောင့်နှေးနေရသည်ဟု ဆိုသည်။ RCSS အဖွဲ့၏ မူးယစ်ဆေးဝါး ပပျောက်ရေး အစီရင်ခံစာတွင် သုံးသပ်ထားချက်အရ ၎င်းတို့အဖွဲ့က မြန်မာအစိုးရတပ်မတော်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားသော်လည်း၊ မြန်မာအာဏာပိုင်များထံမှ ခွင့်ပြုချက်မရရှိသောကြောင့် စီမံချက် မစတင်နိုင်ဖြစ်နေရသည်ဟု ဆိုသည်။ RCSS အဖွဲ့က မူးယစ်ဆေးနှိမ်နင်းမှုအတွက် ချဉ်းကပ်မှုပုံစံ ၃ မျိုးဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းတို့မှာ - မူးယစ်ဆေးစွဲနေသူများကို ကုသပေးရေး၊ ဘိန်းစိုက်သူ တောင်သူများကို အစားထိုးသီးနှံများဖြင့် ကူညီသွားပေးရေး၊ ပြည်သူများအကြား မူးယစ်ဆေးနှင့် ပတ်သက်၍ အသိပညာတိုးမြင့်လာစေရေးတို့ပင် ဖြစ်သည်။ လက်မှတ်ရေးထိုးချိန်မှစ၍ တစ်နှစ် ကြာသည့်တိုင်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် RCSS အဖွဲ့က ဖော်ပြရာ၌ ၎င်း၏ မူးယစ်ဆေးနှိမ်နင်းရေးယူနစ်က UNODC နှင့် လိုအပ်ချက် အကဲဖြတ်မှုများ ဆောင်ရွက်ရန် အကြိမ်ကြိမ် တွေ့ဆုံခဲ့သည့်တိုင်၊ UNODC နှင့် အစိုးရထံမှ အမျိုးမျိုးကွဲလွဲသော တုံ့ပြန်မှုများသာ ရရှိခဲ့ကြောင်း၊ မြန်မာအစိုးရက ယင်းလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုချက်ပေးရမည်ဟု ဆိုသည်။ သို့သော်လည်း အစိုးရ၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး ဗဟိုကော်မီ၏ မူးယစ်ဆေးနှိမ်နင်းရေး လှုပ်ရှားမှုအများစုတွင် ယင်းတို့အဖွဲ့ကို ထည့်သွင်းခဲ့ခြင်း မရှိဟု ဆိုပါသည်။ အစီရင်ခံစာ နိဂုံးချုပ်ဖော်ပြရာ၌ "သဘောတူညီမှုမှာ စာရွက်ပေါ်တွင်သာရှိပြီး၊ အစိုးရက မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်လိုမှု မရှိ" ဟု ဖော်ပြထားပါသည်။ ထို့အပြင် ယခုအတွေ့အကြုံ သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ယုံကြည်မှုတည်ဆောက်ရေးကိုလည်း အလွန်အမင်း ထိခိုက်မှုရှိစေပါသည်။[60]

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများ

သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကော်မီတီ (RCSS) နှင့် အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု နှောင့်နှေးနေ

59 *The Voice Weekly*, Issue on Dec 22, 2013.
60 http://rcssanc.org/pdf/RCSS_durg_analysis_in_English.pdf

သည့် ဖြစ်ရပ်နှင့် နှိုင်းယှဉ်လျှင်၊ KIA နှင့် TNLA အဖွဲ့များက အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး ရယူထားခြင်း မရှိဘဲနှင့် ဘိန်းတိုက်ဖျက်ရေး စီမံကိန်းကို တစ်ဖွဲ့ချင်း တက်ကြွစွာ လုပ်ဆောင်နေကြပါသည်။

တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က မူးယစ်ဆေးဝါးသည် ရာဇဝတ်မှုများ၊ လူမှုရေးပြဿနာများ၊ ပညာရေး အဆင့်အတန်း နိမ့်ကျခြင်း၊ စီးပွားရေးနိမ့်ကျရခြင်းတို့၏ ရေသောက်မြစ် အကြောင်းအရင်းဖြစ်သည်ဟု သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ သို့အတွက်ကြောင့် သူတို့၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး မူဝါဒအပေါ် အလေးပေးလုပ်ဆောင် လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းချိန်မှစ၍ ယင်းအဖွဲ့က ဘိန်းခင်းများကို နှိမ်နင်းဖျက်ဆီးခဲ့ပြီး၊ ကျောက်မဲမြို့နယ်၊ မိုးကုတ်၊ မိုးမိတ် ဒေသများတွင် မူးယစ်ဆေး ကုန်ကူးသူများကို ဖမ်းဆီးခဲ့သည်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် TNLA ၏ အဆိုအရ ဒေသတွင်းရှိ တရုတ်၊ ကချင်၊ ရှမ်းနှင့် တအောင်းတိုင်းရင်းသားများ စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်း ဧက ၃၀၀ အနက်၊ ၁၀၀ ကျော်ကို ဖျက်ဆီးခဲ့ကြောင်း ဖော်ပြသည်။



*ဘိန်းခင်းဖျက်ဆီးနေပုံ*

ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ကလည်း ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် "မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မီတီ" ဖွဲ့စည်းပြီးချိန်မှစ၍ လှုပ်ရှားမှုများ စတင်ဆောင်ရွက်ခဲ့သည်။ ယင်းအစီအစဉ်ကို ကချင်လူငယ်များ၊ မိဘများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့်- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ KIO က ၎င်း၏ ဌာနချုပ် လိုင်ဇာတွင် ညီလာခံတစ်ခုကို မေလ ၂၄-၂၅ တွင် ခေါ်ယူကျင်းပခဲ့ပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အဖွဲ့အစည်း ၃၀ ကျော်မှ လူငယ်ခေါင်းဆောင် ၁၅၀ ကျော်တက် ရောက်ခဲ့ကြသည်။ KIO မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မီတီ၏ ဒု-တာဝန်ခံ ဗိုလ်မှူးချုပ် ဇော်ဘောက်ထန် (Zau Bok Hteng) ၏ အဆိုအရ KIO တွင် ဘက်စုံ မူးယစ်ဆေးတိုက်ဖျက်ရေးအစီအစဉ်ရေး ဆွဲထားရှိပြီး၊ မူးယစ်ဆေးစွဲသူများကို ကုသပေးရေး၊ ကူးသန်းရောင်းဝယ်မှု၊ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ကိုင် တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ်များ ရေးဆွဲထားရှိသည်ဟု ဆိုသည်။

KIO နှင့် TNLA တို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှုပ်ရှားမှုများကြောင့်၊ မူးယစ်ဆေးဝါးပြဿနာအပေါ် အစိုးရက ရိုးသားမှု ရှိပါ၏လောဟု သံသယများ ဖြစ်ပေါ်လာရသည်။ TNLA ၏ ဦးစီးချုပ် ဗိုလ်မှူးကြီး တာဟိုပလန်က Myanmar Freedom Daily သတင်းစာသို့ ပြောရာ၌ ၂၀၁၃ ခုနှစ်တွင် ယင်းတို့အဖွဲ့ ဖျက်ဆီးခဲ့သည့် ဘိန်းခင်းပမာဏမှာ အစိုးရက ဖျက်ဆီးခဲ့သည်ထက် နှစ်ဆရှိသည်ဟု ဆိုသည်။ "ရှမ်းပြည်နယ်တွင် မူးယစ်ဆေး ပေါများနေသည်မှာ ဒေသခံအာဏာ

ပိုင်များက ကူးသန်းရောင်းဝယ်မှုတွင် ပတ်သက်နေသည်မှာ ၁၀၀% သေချာသည်" ဟု ဆိုခဲ့သည်။[61] ထို့အပြင် ယင်းနှစ်ဖွဲ့က မူးယစ်ဆေးဝါးနှိမ်နင်းမှုများ ဆောင်ရွက်ရာတွင် မကြာခဏဆိုသလို၊ အစိုးရ၏ ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များ၊ နယ်ခြားစောင့်တပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ကြရသည်။ ဥပမာအားဖြင့် TNLA တပ်များနှင့် ပန်ဆေးပြည်သူ့ စစ်တပ်များ တိုက်ပွဲ ဖြစ်ခဲ့ကြသည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ကုန်သွယ်မှုတွင် ယခုကဲ့သို့ အစိုးရ၏ ပြည်သူ့စစ် လက်နက်ကိုင် တပ်ဖွဲ့များ အဓိကအခန်းကဏ္ဍမှ ပါဝင်ပတ်သက်နေပုံရပြီး၊ အစိုးရက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ငွေကြေး ကုန်ကျ စားရိတ်နည်းနည်းဖြင့် ဖိနှိပ်ချေမှုန်းနိုင်ရေးအတွက်၊ ပြည်သူ့စစ်တပ်ဖွဲ့များ၏ မူးယစ်ဆေး ကုန်သွယ်မှု လုပ်ငန်းများကို မသိကျိုးကျွံပြုနေသည်ဟူသည့် သံသယကိုလည်း အားဖြည့်ပေးသကဲ့သို့ ရှိစေသည်။




*လူသိများထင်ရှားခဲ့သော ပြည်သူ့စစ်ခေါင်းဆောင် နော်ခမ်းကို တရုတ်နိုင်ငံက ဖမ်းဆီးရမိ၊ သေဒဏ်ပေးမှုကြောင့်၊ မြန်မာ အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကို ရင်ဆိုင်ရန် ထားရှိသည့် ပြည်သူ့စစ်/နယ်ခြားစောင့်တပ် မူဝါဒအပေါ် အကြီးအကျယ် မေးခွန်းထုတ်စရာ ဖြစ်စေခဲ့သည်။ နော်ခမ်း၏ ဟောင်လွတ်ပြည်သူ့စစ်သည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေသည့် ဂိုဏ်းတစ်ခုဟု လူသိများပြီး၊ လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ ဓားပြလုယက်မှု များစွာ တွင် ပါဝင်ပတ်သက် နေခဲ့သည်။ ယင်းအဖွဲ့ကို ခွန်ဆာ၏ ယခင် မုန်ထိုင်းတပ်မတော် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ နော်ခမ်းကို နောက်ဆုံး တရုတ်နိုင်ငံအစိုးရက ဖမ်းဆီးကာ ၂၀၁၁ ခုနှစ်တွင် မဲခေါင်မြစ်အတွင်း တရုတ် သင်္ဘောသား ၁၃ ဦးကို သတ်ဖြတ်ခဲ့မှုဖြင့်၊ ၂၀၁၃ ခုနှစ်၊ မတ်လတွင် သေဒဏ်အပြစ်ပေးခဲ့သည်။ (ဓာတ်ပုံ- Xhinhua)*

နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များကို ရန်ပုံငွေဖြည့်တင်းရန် မူးယစ်ဆေးဝါးလိုအပ်သည့်အပြင်၊ အစိုးရက မူးယစ်ဆေးနှိမ်နင်းရေး လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ဖင့်လေးနေသည်မှာ မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သေချာ မသိရှိရပါ။ အစိုးရက တုံ့ပြန်ရန် နှေးကွေးနေမှုအတွက် ဖြစ်နိုင်ခြေ နောက်ထပ် အကြောင်းတစ်ခုမှာ လျစ်လျူရှုထားမှု၊ သို့မဟုတ် အဆင့်ပေါင်းစုံရှိ အာဏာပိုင်များ၏ လာဘ်စားမှုများကြောင့်ပင် ဖြစ်နိုင်သည်။ ထိုသူများက တိုင်းရင်းသား ဒေသများရှိ မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားမှုများမှနေ၍ အကျိုးအမြတ်များစွာ ရရှိနေကြသည်။ မှတ်သားရန် အချက်တစ်ခုမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် TNLA က လူသိရှင်ကြား ထုတ်ဖော်ပြောကြားရာ၌ "ဒေသခံ ပြည်သူ့စစ်များကို အစိုးရနှင့် ယင်းတို့၏ ခေါင်းဆောင်များက ကျောထောက်နောက်ခံပေးထားသည်။ ဥပမာ ပန်ဆေး ပြည်သူ့စစ်ခေါင်းဆောင် ကျော်မြင့် ခေါ် လီယုံကွမ်း (Li Yongquang) နှင့် ကွတ်ခိုင်ပြည်သူ့စစ်ခေါင်းဆောင် တီခွန်မြတ် ဆိုလျှင်

61 Htun Htun Min. "PSLF/TNLA destorys double amount of opium acerage than government", *Myanmar Freedom Daily*, 21 Jan, Web

လွှတ်တော်အမတ်များ ဖြစ်နေကြသည်။ ထို့အပြင် ဝေဖန်သူအများက ယုံကြည်ကြသည်မှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ရှိနေခြင်းသည်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ဆက်လက်တည် ရှိနေစေရန် အစိုးရ၏ စစ်ရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပြီး၊ သူတို့၏ စစ်တပ်ကို အလုပ်များနေစေရန်၊ သို့အတွက်ကြောင့် နိုင်ငံအတွင်း တပ်မတော်၏ အရေးပါမှုအခန်းကဏ္ဍကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်ဟု ဆိုကြသည်။ အခြား ရှုပ်ထွေးပွေလီသည့် သီအိုရီ စဉ်းစားချက်တစ်ခုမှာ တိုင်းရင်းသားလူငယ်များ အတွင်း မူးယစ်ဆေးသုံးစွဲမှုကို အစိုးရက အားပေးအားမြှောက် ပြုလိုပြီး၊ သို့မှသာ တော်လှန်ရေးအဖွဲ့အစည်းများထံ မဝင်ရောက်စေရန်ဟုလည်း ဆိုကြသည်။

## နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များ

(နအဖ) အစိုးရလက်ထက်တွင်၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကို တရားဥပဒေဘောင်အတွင်း သိမ်းသွင်းရန် မျှော်မှန်း၍ နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များ (PMFs) အဖြစ် အသွင်ပြောင်းဖွဲ့စည်းရန်၊ မြန်မာ့တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် လှုပ်ရှားရန် လုပ်ဆောင်ခဲ့သည်။ နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များက အစိုးရတပ်မတော်ကို နည်းလမ်းများစွာဖြင့် အထောက်အကူပြုကြသည်။ ဥပမာအားဖြင့်- အပစ်မရပ်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ သတင်းများကို စုဆောင်းပေးခြင်း၊ စစ်ဆင်ရေးများတွင် ပူးပေါင်းပါဝင်ခြင်းတို့ ဖြစ်သည်။[62] သုံးသပ်သူများ၏ အဆိုအရ မြန်မာ့တပ်မတော်က တိုင်းရင်းသားဒေသများကို ထိန်းချုပ်နိုင်ရန် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်တပ်ဖွဲ့များကို အသုံးချနေကြသည်ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်များတွင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက၊ ယခင်သူတို့၏ မဟာမိတ်များဖြစ်သော၊ ရဲဘော်ရဲဘက်များ ဖြစ်ခဲ့ကြသော နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ခဲ့ကြသည်။

**ဇယား ၁၆** - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များအကြား တိုက်ပွဲများ

| စဉ် | နေ့စွဲ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ | နယ်ခြားစောင့်တပ်ဖွဲ့/ ပြည်သူ့စစ်တပ်ဖွဲ့များ | တိုက်ပွဲဖြစ်ပွားသည့် ဧရိယာ |
|---|---|---|---|---|
| ၁ | ဇန် ၂၂ | KNU | BGF ၁၀၁၄ | ဖာပွန်မြို့နယ် |
| ၂ | ဖေ ၈ | KIA, SSPP, TNLA | ပန်ဆေး ပြည်သူ့စစ် | နမ့်ခမ်းမြို့နယ် |
| ၃ | ဖေ ၉ | TNLA | လုံကန်ပြည်သူ့စစ် | ကွတ်ခိုင်မြို့နယ် |
| ၄ | ဧပြီ ၂၆-၂၉ | DKBA | ကရင် BGF တပ်ဖွဲ့များ | မြိုင်ကြီးငူဒေသ၊ လှိုင်းဘွဲ့မြို့နယ် |
| ၅ | မေ ၂ | SSPP | လားဟူပြည်သူ့စစ်နှင့် အစိုးရတပ်ဖွဲ့ | တန့်ယန်းမြို့နယ် |
| ၆ | မေ ၉ | RCSS လုပ်ငန်းအဖွဲ့ ၇၀၁ | ပန်ဆေး ပြည်သူ့စစ်နှင့် နမ့်ခမ်းမြို့မ ပြည်သူ့စစ်၊ ခလရ (၁၆)နှင့် ပူးတွဲ | နမ့်ခမ်းမြို့နယ် |
| ၇ | မေ ၂၈ | TNLA | ပန်ဆေး ပြည်သူ့စစ်နှင့် အစိုးရတပ် | ကွတ်ခိုင်မြို့နယ် |
| ၈ | ဇူလိုင် ၂၅-၂၇ | TNLA | ပန်ဆေး ပြည်သူ့စစ်နှင့် အစိုးရတပ် | ကွတ်ခိုင်မြို့နယ် |
| ၉ | သြဂုတ် ၁၆ | KNU တပ်မဟာ ၅ | BGF ၁၀၁၄ | ဖာပွန်မြို့နယ် |
| ၁၀ | သြဂုတ် ၁၇-၁၉ | KIA | ကချင် BGF နှင့် အစိုးရတပ် | ချီဖွေမြို့နယ် |
| ၁၁ | သြဂုတ် ၂၆ | KIA | ကချင် BGF နှင့် အစိုးရတပ် | ချီဖွေမြို့နယ် |
| ၁၂ | သြဂုတ် ၂၈ | KIA | ကချင် BGF နှင့် အစိုးရတပ် | မချမ်းဘောမြို့နယ် |
| ၁၃ | သြဂုတ် ၃၁ | KIA | ကချင် BGF နှင့် အစိုးရတပ် | ပူတာအိုမြို့နယ် |

62 နယ်ခြားစောင့်တပ်ဖွဲ့/ ပြည်သူ့တပ်ဖွဲ့များ စီမံကိန်းနှင့် ပတ်သက်၍ အသေးစိတ်တင်ပြချက်ကို *မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား ၂၀၁၃*၊ စာမျက်နှာ (၅၉-၆၈) ၌ ဖတ်ရှုပါရန်။

| | | | | |
|---|---|---|---|---|
| ၁၄ | စက် ၁၁ | TNLA | ပန်ဆေး ပြည်သူ့စစ်နှင့် အစိုးရတပ် | ကွတ်ခိုင်မြို့နယ် |
| ၁၅ | အောက် ၁၁ | TNLA | ပန်ဆေး ပြည်သူ့စစ်နှင့် အစိုးရတပ် | ကွတ်ခိုင်မြို့နယ် |
| ၁၆ | အောက် ၂၆ | RCSS | ဟိုမိန်းပြည်သူ့စစ်နှင့် အစိုးရတပ် | ဟိုမိန်းဒေသ၊ ရှမ်းပြည်နယ် တောင်ပိုင်း |
| ၁၇ | နို ၂၃ | SSPP, TNLA | ပန်ဆေး ပြည်သူ့စစ်နှင့် အစိုးရတပ် | နမ့်ခမ်းမြို့နယ် |

၂၀၀၉ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များ အဖြစ် အသွင်ပြောင်းရန် ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲမတိုင်မီ အကြိုကာလတွင် အမိန့်ပေးခဲ့သည်။ သို့သော် ဦးသိန်းစိန် အစိုးရ လက်ထက် ဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအရ ငြိမ်းချမ်းရေးအစီအစဉ်သစ်ကို လုပ်ဆောင်ခဲ့သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် ယခင်လိုအပ်ချက်များ မရှိတော့သလို၊ တပ်ဖျက်သိမ်းရေး၊ လက်နက်ဖြုတ်ရေး၊ ပြန်လည်ပေါင်းစည်းရေး (DDR) အစီအစဉ်များ အားလုံး ဆက်၍ အကြုံးမဝင်တော့ပါ။ သို့သော်လည်း မြန်မာအစိုးရ စစ်တပ်က KIA တပ်ဖွဲ့တွင်းသို့ အဓမ္မလူစုဆောင်းခံရသည့် ရှမ်းနီစစ်သားများ ပြန်၍ အစိုးရထံ လက်နက်ချလာသည့်အခါ၊ ရှမ်းနီပြည်သူ့စစ်တပ်ဖွဲ့ကို ကချင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်၊ မေလတွင် အသစ်ထပ်၍ ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ အစိုးရ စစ်တပ်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ရှမ်းနီပြည်သူ့စစ် အင်အား ၂၀၀ ကို ၂၀၁၂ ခုနှစ်၊ မေလတွင်လည်းကောင်း၊ နောက်ထပ်ရှမ်းနီ ပြည်သူ့စစ် ၃၀၀ ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် လည်းကောင်း သင်တန်းပေး၍ လက်နက်များတပ်ဆင် ပေးခဲ့သည်။[63] ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အစိုးရ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ မွန်ငြိမ်းချမ်းရေး ကာကွယ်ရေး (ဖျက်သိမ်းပြီးသား ခွဲထွက်အုပ်စု) မှ ၁၀ ဦးသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း ကြေညာခဲ့သည်။[64]

နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် နာမည်ပျက်ကျော်စောလာပြီး၊ ယင်း အစီအစဉ်များအပေါ်တွင် ဝေဖန်လာကြသည်။ လေ့လာသုံးသပ်သူ အများစုက အစိုးရအနေဖြင့် ယင်းအဖွဲ့များ၏ ဥပဒေမဲ့ လုပ်ရပ်များကို မမြင်ဟန်ဆောင်နေကြသည်ဟု ဆိုသည်။ မြန်မာစစ်တပ်က ပြည်သူ့စစ်အဖွဲ့များ ဦးဆောင်လုပ်ကိုင်နေသည့် မူးယစ်ဆေးချက်စက်ရုံကို ဝင်ရောက်စီးနင်းမှုများ ရှိခဲ့ဖူးသည်။ ဥပမာအားဖြင့်- ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ တွင်၊ အာဏာပိုင်များက ဦးအောင်ခိုင်နှင့် ယင်း၏လက်ထောက်၊ အားလျှန်း ခေါ် အားယင်၊ ခေါ် ယာပါဖ ဦးဆောင်သည့် မုံးစီး ပြည်သူ့စစ်တို့၏ မူးယစ်ဆေးဂါးချက် စက်ရုံကို ဝင်ရောက်စီးနင်းခဲ့သည်။[65] သို့သော်လည်း ပြည်သူ့စစ် တပ်ဖွဲ့များက တရားဝင် စီးပွားရေး လုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်းများ၊ ဒေသန္တရလွှတ်တော်အတွက် ရွေးချယ်တင်မြှောက်ခံရခြင်း စသည့် အပြုသဘောဆောင် တိုးတက်မှုများလည်း ရှိသည်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲမှာ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာ ဖြစ်ပွားနေခဲ့သည့် ပြည်တွင်းစစ်၏ နောက်ခံအကြောင်းအရင်းပင် ဖြစ်သည်။ ဤနိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မှသာ သီအိုရီသဘောအရ တိုင်းရင်းသားတို့၏ တိုက်ပွဲနိဂုံးချုပ်စေနိုင်မည် ဖြစ်သည်။ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ၂၀၁၁ ခုနှစ်မှစတင်၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များနှင့် သူတို့၏ အခွင့်အရေးများကို အစိုးရဖက်က ပိုမို အသိအမှတ်ပြုလာခဲ့ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ဥပဒေကြောင်းအရ တရားဝင်ဖြစ်စေရန်နှင့် ဖွဲ့စည်းပုံအရ ဖြစ်လာစေရန်၊ အပြည့်အဝ အာမခံချက် ရှိစေမည့်အရေး ရေရှည်သွားကြရဦးမည် ဖြစ်ပါသည်။ နိုင်ငံရေးအရ အပေးအယူပြုမှုများ၊ တိုင်းရင်းသားအခွင့်အရေးများ တိုးတက်လာစေရေးနှင့် တန်းတူညီမျှရေးတို့သည် လည်း ဤလမ်းကြောင်းအတိုင်း ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်၏ နောက်ဆုံးပန်းတိုင်အဖြစ် ဆက်လက် ဖွံ့ဖြိုးစေရမည် ဖြစ်ပါသည်။

63 "Preparing to PMFs for security of Shan villagers along the Irrawaddy river", *Eleven News*, 8 Jan. Web.

64 Ethnic splinter armed group returns to government's legal fold in Myanmar", *Xinhua*, 13 Feb, 2013. Web.

65 Seized refinery in Shan North 'belonged to government militia", *SHAN*, 6 Dec 2013. Web.

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး

၂၀၀၈ ဖွဲ့စည်းပုံတွင် လက်ရှိ စစ်တပ်-အရပ်သား ဒီမိုကရေစီအစိုးရပုံစံကို ထည့်သွင်းပြဋ္ဌာန်းထားရာ၊ ယခင် အတိတ်ကာလနှင့်စာလျှင် များစွာတိုးတက်လာမှုဟု ယူဆနိုင်ပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များဖွဲ့စည်းပုံသည် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအသွင် တစ်စုံတစ်ရာရှိပါသည်။ သို့သော်လည်း စစ်တပ်နှင့် ဗဟိုအစိုးရထံ အာဏာအများအပြားကို အပ်နှင်းထားရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အလှမ်းများစွာဝေးနေ ပါသေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက သူတို့၏လူမျိုးများအတွက် တန်းတူအခွင့်အရေးရရှိရန် တောင်းဆိုနေကြပါသည်။

တိုင်းရင်းသားလူမျိုးများ အနေဖြင့် ၎င်းတို့၏အရေးကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်ရေးနှင့် ပို၍ အရေးကြီးသည်မှာ သဘာဝသယံဇာတအရင်းအမြစ်များမှ ရရှိသည့် ဘဏ္ဍာဝင်ငွေကို ခံစားနိုင်ရေးကို ယခင်က ငြင်းပယ်ခံခဲ့ရသည့်အတွက် အလွန် နစ်နာမှုများရှိခဲ့ပြီး၊ တိုင်းရင်းသားတော်လှန်ရေးများ ဆက်လက်ဖြစ်ပေါ်နေခြင်း၏ အဓိက အကြောင်းအရင်းများ ဖြစ်ပါသည်။

များမကြာမီနှစ်များအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပေါ် လူအများက စိတ်ဝင်စားလာကြပါသည်။ ပြီးခဲ့သည့်နှစ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး ပူးတွဲကော်မရှင်ကို လွှတ်တော်က ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး၊ ပြင်ဆင်ရန် ကိစ္စများကို လေ့လာနေကြသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ပြည်သူအများက တင်ပြလာသည့် အဆိုပြုချက်များကို လွှတ်တော်က စိစစ်နိုင်ရန် အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်က စိစစ်ရေးကော်မီတီ၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွေ့ရှိချက်များ အစီရင်ခံစာကို အကောင်အထည်ဖော်နိုင်ရန် ကော်မီတီအသစ် တစ်ရပ်ဖွဲ့စည်းရေးကို အတည်ပြုခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများအပေါ် ကာကွယ်မှု ပေးရေးဥပဒေ မူကြမ်းကိုလည်း လွှတ်တော်အမတ် တီခွန်မြတ်က တင်ပြခဲ့ပြီး၊ ၎င်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသား တို့၏ စာပေ၊ ဘာသာစကားတို့ကို မြှင့်တင်ပေးရေးကိစ္စများ ပါဝင်သည်။

## ၂၀၁၄ ခုနှစ် တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူမှု

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၁ နှစ်အတွင်း ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူမှုကို အကူအညီပေးရန် ကုလသမဂ္ဂ နှင့် မြန်မာနိုင်ငံအစိုးရတို့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သဘောတူညီခဲ့သည်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် လုပ်ငန်းစတင် ဆောင်ရွက်မည် ဖြစ်ပြီး၊ ကောက်ယူရရှိသည့် အချက်အလက်များက တိုင်းရင်းသားလူမျိုးစုရေးရာ မူဝါဒ အပါအဝင်၊ လူမှုရေးမူဝါဒများအပေါ် များစွာ သြဇာသက်ရောက်စေမည် ဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အချက်အလက်တွင် ဖော်ပြထားရာ၌ "ယခုကောက်ယူရရှိသော အချက်အလက်များသည် အစိုးရ အတွင်းနှင့် အပြင်ရှိ စီမံကိန်းရေးဆွဲသူများအဖို့ နိုင်ငံတွင်းရှိ အုပ်ချုပ်ရေး အဆင့်တိုင်း၌ လူဦးရေမည်မျှ နေထိုင်နေကြသည်၊ သူတို့၏လူနေမှု အဆင့်အတန်း၊ အခြေခံဝန်ဆောင်မှုများ စသည်တို့ကို တိကျသည့်ပုံကားချပ် ဖော်ပြပေးနိုင်မည် ဖြစ်ပါသည်။ ထိုအခါ အစီအစဉ်ချမှတ်သူများထံ ပြည်သူများတွင် မည်သည့်အရင်းအမြစ် လိုအပ်ချက်များ ရှိနေသည်၊ ဥပမာအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် သယ်ယူပို့ဆောင်ရေးကိစ္စများတွင် လိုအပ်ချက်များကို သိရှိနိုင်မည် ဖြစ်သည်။"[66]

သို့သော်လည်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) ၏ အာရှဌာနမှ အဆင့်မြင့်သုတေသန အရာရှိ ဒေးဗစ် စကော့ မက်သီဆင်တို့ ကဲ့သို့သော သူအချို့က ပြောဆိုရာတွင်၊ သန်းခေါင်စာရင်းကြောင့် တိုင်းရင်းသား လူမျိုးစုများနေရာများတွင် များစွာ အကျိုးဖြစ်ထွန်းစေမည်၊ နိုင်ငံတော်အစိုးရနှင့် စစ်တပ်တို့က ဖိနှိပ်ထားခဲ့သည့် တိုင်းရင်းသားတို့၏ ပညာရေး၊ စာပေ၊ ယဉ်ကျေးမှုကဏ္ဍတို့တွင် တောင်းဆိုနေကြသည့် အခွင့်အရေးကိစ္စများကို ပံ့ပိုးပေးနိုင်မည်ဟု ဆိုသည်။[67] ထို့အပြင် သန်းခေါင်စာရင်းကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံမဲ့ဖြစ်နေကြသည့်သူများ၊ အထူးသဖြင့် ရိုဟင်ဂျာများ အတွက်လည်း နိုင်ငံသားအဖြစ် ခွင့်ပြုရန် အထောက်အထားများ၊ မျှော်လင့်ချက်များ ဖြစ်လာစေမည် ဖြစ်သည်။ ကချင်ပြည် နယ်အတွင်းရှိ ရှမ်းနီတို့ကဲ့သို့သော တိုင်းရင်းသားများအနေဖြင့်လည်း၊ သန်းခေါင်စာရင်းကြောင့် သူတို့အတွက် ပို၍အခွင့် အရေးရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဇုန်များ ရရှိလာစေမည် ဖြစ်သည်။ အကယ်၍

66 UNFPA. Census Frequently Asked Questions and Answers, November 2013. Web.

67 "MYANMAR Census offers hope to ethnic groups", *IRIN News*, 16 May 2012. Web.

ဆက်စပ်ရာမြို့နယ် ၂-ခုတွင် သူတို့၏လူဦး ရေသည် ၅၀% အထက်ဖြစ်ပါက ဤသို့အခွင့်အရေး ရရှိနိုင်ပေသည်။[68]

အချို့သူများ၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစု ခေါင်းဆောင်များက အစိုးရ၏ အမှန်တကယ် ရည်ရွယ်ချက်အပေါ် သံသယရှိနေကြသည်။ တိုင်းရင်းသားများနှင့် ပတ်သက်သည့် စာရင်းကိန်းဂဏန်းများကိုလည်း အတိတ်ကာလက လုပ်ဆောင်ခဲ့ကြသလို လှည့်ဖျား အသုံးချမည်ကို စိုးရိမ်မကင်း ဖြစ်နေကြသည်။ အစိုးရက သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စသည့်အဆိုမျိုးဖြင့် သူတို့၏အာဏာကို ချိန်ညှိအောင်လုပ်ဆောင်မည်ဟု ယူဆနေကြသည်။ တိုင်းရင်းသားလူမျိုးများအဖို့ ဒေသတစ်ခုတွင် လူဦးရေ ၅၇,၀၀၀ အထက် ရှိပါက တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ဦး ရရှိမည် ဖြစ်ပြီး၊ ဒေသ/ပြည်နယ်တွင်းလွှတ်တော်သို့ ကိုယ်စားပြု တက်ရောက်နိုင်ခွင့်ရှိမည် ဖြစ်ရာ.. ဤ အခြေအနေအတွက် ပြဿနာ ရှိနိုင်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုး ခွဲခြားသတ်မှတ်မှုမှာလည်း နိုင်ငံရေး ပြဿနာဖြစ်လာပါသည်။ လူဦးရေနည်းသော တိုင်းရင်းသားလူမျိုးစုများအဖို့ အကယ်၍ ၎င်းတို့လူထုက လူမျိုးစုကြီးသည့် အုပ်စုကို ဖြည့်သွင်းရန် ရွေးချယ်ကြလျှင် ၎င်းတို့၏ တရားဝင်အဆင့်အတန်း ပျောက်ကွယ်သွားမည်ကို စိုးရိမ်ကြပါသည်။ (ဥပမာအားဖြင့် - ပလောင်နှင့် ရှမ်းလူမျိုးများ ဖြစ်သည်။) အလားတူ လူဦးရေများသည့် တိုင်းရင်းသား အုပ်စုများ အဖို့ အကယ်၍ ၎င်းတို့လူထုက အုပ်စုခွဲပါ တိုင်းရင်းသား လူမျိုးစုများကို ရွေးချယ်ပါက သူတို့တိုင်းရင်းသား အရေအတွက် လျော့နည်းသွားမည်ကို စိုးရိမ်နေကြပါသည်။ နိုင်ငံတကာ အကျပ်အတည်းများ ဖြေရှင်းရေးအဖွဲ့ (International Crisis Group) က ပဋိပက္ခဖြစ်နိုင်ခြေ သတိပေးချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး၊ "အန္တရာယ်များလှသည့် သန်းခေါင်စာရင်းကောက်ယူမှု" ဟု အမည်ပေးထားပါသည်။ ယင်းသို့ သန်းခေါင်စာရင်း ကောက်ယူမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တင်းမာမှုများကို ပို၍မီးတောက် လာစေမည်ဟု သတိပေး ဖော်ပြထားသည်။ ထို့အပြင် မေးခွန်း ၄၁ ခုပါရှိရာ "အလွန်အမင်း ရှုပ်ထွေးကြောင်း၊ လိမ်လည်မှုများလည်း ဖြစ်လာနိုင်ဖွယ်ရှိကြောင်း" စသည်ဖြင့် နိုင်ငံရေးနောက်ဆက်တွဲ ဆိုးကျိုးများကို ထောက်ပြ သတိပေးထားခဲ့ပါသည်။

## နိုင်ငံရေးအရ တိုင်ပင်အကြံဉာဏ်ရယူမှုများ

တည်ဆဲဥပဒေအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံ၌ တရားမဝင်အဖွဲ့အစည်းများအဖြစ် ရှိနေဆဲဖြစ်ပါသည်။ သို့သော်လည်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအရ ယင်းအဖွဲ့အစည်းများကို နိုင်ငံအတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံရန် ခွင့်ပြုခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သူတို့မည်သို့ဆက်လက်လုပ်ဆောင်နိုင်မည်ကို ဆွေးနွေးတိုင်ပင် အကြံဉာဏ်ရယူနိုင်ရန် ဖြစ်ပါသည်။

**ဇယား ၁၇** - တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်ပင်အကြံဉာဏ်ရယူခဲ့သည့် လူထုစည်းဝေးပွဲများ

| | |
|---|---|
| **CNF** | CNF က ရန်ကုန်တွင် ချင်းပြည်သူလူထုများနှင့် တွေ့ဆုံခဲ့သည်။ (အောက်တိုဘာလ ၁၉ ရက်) |
| **KNU** | KNU တပ်ရင်း ၂၀၁ က ကေအန်ယူအဖွဲ့၏ လမ်းပြမြေပုံနှင့် နိုင်ငံရေးအခြေအနေသစ်များကို မြဝတီမြို့နယ် မော်ခီး ရှိ ကျေးရွာ အုပ်စု ၁၀-ခုသို့ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရှင်းပြသည်။<br>ကရင်ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မီတီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကရင် ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် တိုင်ပင်အကြံရယူသည့် လူထုဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသည်။<br>မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် နိုဝင်ဘာလ ၉ ရက်နေ့၌ ကျင်းပ သည်။ |
| **KIO** | ဗိုလ်ချုပ်ဂွမ်မော်က ရန်ကုန်တွင် ကချင်ပြည်သူများနှင့် တွေ့ဆုံ၍ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေးပြဿနာများကို ရှင်းပြသည်။ သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။ (နိုဝင်ဘာလ ၁၈-၂၀) KIO က မြစ်ကြီးနားတွင်လည်း ကချင်လူထုများနှင့် တွေ့ဆုံသည်။ (မေလ ၂၉ ရက်) |
| **KNPP** | KNPP က လွိုင်ကော်တွင် လူထုစည်းဝေးပွဲပြုလုပ်၍တိုင်ပင် အကြံဉာဏ်ရယူသည်။ ခေါင်းဆောင်များက လက်ရှိအပစ် အခတ်ရပ်စဲရေးနှင့် လိုင်ဇာအစည်းအဝေးအကြောင်း ရှင်းပြသည်။ (နိုဝင်ဘာလ ၁၁) လူမှုအဖွဲ့အစည်း ၁၀-ခုမှ ကိုယ်စားလှယ် ၅၀ ကျော် တက်ရောက်သည်။ |

68 "Thaiai (Red Shan) in Northern-Myanmar", *New Light of Myanmar*, 4 Dec 2013. p. 10.

| | |
|---|---|
| DKBA | ဒီကေဘီအေထိန်းချုပ်ဒေသတွင် ဒီကေဘီအေနှင့် အဖွဲ့အစည်း ၂၉ ခုမှ ကိုယ်စားလှယ်များ ဖွန်လ ၁၅-၁၇ တွင် တွေ့ဆုံသည်။ ၎င်းတို့က အချက် ၈ ချက်ပါ သဘောတူညီချက်ကို သမ္မတဦးသိန်းစိန် နှင့် MPC ထံ ပေးပို့သည်။ လုပ်ငန်းကော်မီတီအဖြစ် ကိုယ်စားလှယ် ၁၇ ဦးနှင့် ပူးပေါင်းညှိနှိုင်း ရေးမှူး ၅ ဦးကို ရွေးချယ်ခဲ့သည်။ |
| RCSS | မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေး မဆွေးနွေးမီတွင်၊ RCSS က နိုင်ငံရေးတိုင်ပင် အကြံဉာဏ်ရယူသည့် အစည်းအဝေး တစ်ခုကို ရှမ်းနိုင်ငံရေးပါတီများ၊ ရှမ်းအရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ တသီးပုဂ္ဂလများဖြင့် ချင်းမိုင်တွင် ဖွန်လ ၁-၂ တွင် တွေ့ဆုံဆွေးနွေးခဲသည်။ ဗိုလ်ချုပ်ယွတ်စစ်က တာချီလိတ်တွင် အရပ်သားများနှင့် တွေ့ဆုံခဲ့သည်။ (ဖွန်လ ၂၃) |
| UNFC | UNFC က မြန်မာနိုင်ငံသို့ အဖွဲ့တစ်ခုစေလွှတ်၍ ဒေသခံ အရပ်ဖက်လူမှုအဖွဲ့များနှင့် တွေ့ဆုံသည်။ အစိုးရနှင့် ဖြစ်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်သည်။ (ဇန်နဝါရီ လ ၁၅) |

## အမျိုးသားနေ့

အစိုးရက တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်များ၊ အမျိုးသားရေး နေ့ရက်များနှင့် ပတ်သက်၍ ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သည်။ ယခင် နဝတ၊ နအဖ စစ်အစိုးရလက်ထက်က ပိတ်ပင်ထားခဲ့သော နေ့ရက်များ ဖြစ်သည်။ ယခုအခါ ယင်းပွဲတော်များကို တိုင်းရင်းသားပြည်နယ်များတွင် ပွင့်ပွင့်လင်းလင်းပင် ကျင်းပနိုင်ပြီ ဖြစ်ပြီး၊ အစိုးရထိန်းချုပ်ရာ ဒေသရော၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသများ၌ပါ ကျင်းပနိုင်ကြသည်။ ဤသို့ ပြည်နယ်နေ့များကို ယခုအခါ တရားဝင် အများပြည်သူအားလပ်ရက်အဖြစ် ကြေညာပေးခဲ့သည့် အပြင်၊ ယခုအခါအုပ်စုအများက အမျိုးသားနေ့ ကျင်းပနိုင်ရန်လည်း တောင်းဆိုနေကြသည်။

| | |
|---|---|
| ချင်း | ချင်းပြည်နယ်အစိုးရက ချင်းပြည်နယ်နေ့ကို ဟားခါးမြို့တွင် CNF အဖွဲ့နှင့်အတူ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကျင်းပခဲ့သည်။ ချင်းအမျိုးသားနေ့ပွဲကို ကျင်းပရန် ရန်ပုံငွေ ၁၃ သန်းကျပ် (ဒေါ်လာ ၁၅,၀၀၀) ကို သုံးစွဲရန် ဖေဖော်ဝါရီ ၆ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီး၊ ပွဲလမ်းသဘင်များ၊ ယဉ်ကျေးမှု၊ အားကစားပွဲများကို ထည့်သွင်းကျင်းပခဲ့သည်။ ချင်းတိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်တိုက်ပွဲ ကို အထိမ်းအမှတ်ပြုသည့် အနေဖြင့် ချင်းအမျိုးသားနေ့ကို တရားဝင်ရုံးပိတ်ရက် အဖြစ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာအစိုးရက တရားဂင် သတ်မှတ်ပေးခဲ့သည်။ |
| ကချင် | ၆၆ ကြိမ်မြောက် ကချင်ပြည်နယ်နေ့ကို မြစ်ကြီးနားမြို့တွင် ပြည်နယ်အစိုးရက ဦးဆောင်ကျင်းပခဲ့သည်။ (၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်) |
| ကရင် | ၅၈ ကြိမ်မြောက် ကရင်ပြည်နယ်နေ့ကို ပြည်နယ်အစိုးရက ဖားအံမြို့တွင် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့ကို မြဝတီတွင် ကျင်းပခဲ့ပြီး၊ ဦးအောင်မင်း၊ ဦးခင်ရီ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၊ MPC မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)<br>၆၅ ကြိမ်မြောက် ကရင်တော်လှန်ရေးနေ့ကို KNU ထိန်းချုပ်ဒေသတွင် ကျင်းပခဲ့ပြီး၊ ကရင် လက်နက်ကိုင်အဖွဲ့များ၊ ရခိုင်တပ်မတော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (၃၁ ဇန်နဝါရီ ၂၀၁၄) |
| ကယား | ၆၂ ကြိမ်မြောက် ကယားပြည်နယ်နေ့ကို ကယားပြည်နယ် မြို့တော် လွိုင်ကော်တွင် ပြည်နယ်အစိုးရက ဦးဆောင်၍ ကျင်းပခဲ့သည်။ (၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်) |
| မွန် | မွန်အမျိုးသားနေ့ကို နိုင်ငံတစ်ဝှမ်းတွင် ဒုတိယအကြိမ်အဖြစ် ကျင်းပခဲ့သည်။ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီး ဦးကျင်ဖေက တက်ရောက်ခဲ့သည်။ |
| ရခိုင် | ၃၉ ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ကို ရန်ကုန်၊ စစ်တွေနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည်။ (ဒီဇင်ဘာ ၁၅)<br>ရခိုင်အမျိုးသားနေ့ကျင်းပရေးအတွက် ကော်မီတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ သို့သော် ရခိုင်ပြည်နယ် ရှိ လူအချို့က ဝေဖန်ရာတွင် ကော်မီတီဖွဲ့စည်းမှု၌ ရခိုင်အမျိုးသား ဖွံ့ဖြိုးရေးပါတီ (RNDP) ရုံး၌ဖြစ်ပြီး၊ ကော်မီတီအဖွဲ့ဝင် အများစုမှာ စစ်တွေမှ ဖြစ်ကြသည်ဟု ဆိုသည်။ (မတ်လ ၂၀ ရက်) |
| ရှမ်း | မြန်မာနိုင်ငံရှိ ရှမ်းတိုင်းရင်းသားများ ရှမ်းအမျိုးသားနေ့ကို ဆယ်စုနှစ် ၂-ခုအတွင်း ပထမဦးဆုံး အကြိမ် လွတ်လပ်စွာ ကျင်းပခွင့်ပြုခဲ့သည်။ (ဖေဖော်ဝါရီလ ၇ ရက်) |

## တိုင်းရင်းသား ဘာသာစကား

ငြိမ်းချမ်းရေး သဘောတူညီချက် အချို့ကို တုံ့ပြန်ဆောင်ရွက်ပေးသည့် အနေနှင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အပြင်းအထန် လှုံ့ဆော်စည်းရုံး ကြသဖြင့်လည်းကောင်း၊ အစိုးရက တိုင်းရင်းသားဘာသာစကား အချို့ဖြင့် သင်ရိုးညွှန်းတမ်းများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဖြန့်ဝေပေးခဲ့သည်။

အမှတ် ၁-အခြေခံပညာရေးဌာနက မူလတန်းဖတ်စာအုပ်များကို ဖြန့်ဝေပေးခဲ့ရာတွင်-

၁။ ကရင်ဘာသာ (စကော၊ ပိုးနှင့် အနောက်ပိုးကရင်)

၂။ မွန်ဘာသာ

၃။ ရခိုင်ဘာသာ

အမှတ် ၂-အခြေခံပညာရေးဌာနက မူလတန်းဖတ်စာအုပ်များကို ဖြန့်ဝေပေးခဲ့ရာတွင်-

၄။ ဂျိန်းဖော (ကချင်)

၅။ လီဆူး (ကချင်)

၆။ ရဝမ် (ကချင်)

၇။ လချိတ် (ကချင်)

၈။ ကယား

၉။ ကယန်း

၁၀။ တီတိန်ချင်း

၁၁။ ဟားခါးချင်း

၁၂။ ဖလမ်းချင်း

၁၃။ ပအို့ဝ်

၁၄။ တိုင်းလုံးရှမ်း

၁၅။ ရှမ်းနီ

၁၆။ ဓနု

၁၇။ ပလောင်

၁၈။ အင်းသား ဘာသာများဖြင့် ဖြန့်ဝေပေးခဲ့သည်။

## တိုင်းရင်းသားဒေသများတွင် နယ်စပ်နှင့် ဖွံ့ဖြိုးတိုးတက်မှု

### *ဖွံ့ဖြိုးရေးမူဝါဒ*

နှစ်ပေါင်းများစွာကြာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် ခွဲခြားဆက်ဆံခံရမှုများကြောင့် တိုင်းရင်းသားဒေသများတွင် စီးပွားရေး မဖွံ့ဖြိုးချွတ်ခြုံကျနေရခြင်း၏အကြောင်းကို၊ တိုင်းရင်းသားတို့ နာကျည်းမှုအကြောင်းတစ်ခုဖြစ်ပြီး၊ တစ်စုံလုံးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဖြေရှင်းရမည် ဖြစ်ပေသည်။ စစ်တပ်က ဦးဆောင်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို အဓိကအားဖြင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးကြပ်ဆောင်ရွက်ရန် တာဝန်ပေးထားပါသည်။ သို့သော်လည်း ယင်းဝန်ကြီးဌာန၏ ဝက်ဆိုဒ်တွင် ဖော်ပြထားသည့် မူဝါဒမှာမူ၊ ယခင် (နအဖ) စစ်အစိုးရလက်ထက်က ရေးဆွဲချမှတ်ထားခြင်း ဖြစ်ပြီး၊ လက်ရှိ နိုင်ငံရေးအခြေအနေနှင့် မကိုက်ညီလှပါ။ လက်ရှိတိုင်းရင်းသားတို့အတွက် ဖွံ့ဖြိုးရေးမူဝါဒများမှာမူ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ၎င်းတို့ တောင်းဆိုချက်များအပေါ် နှင့် နိုင်ငံ၏ စီးပွားရေးမူဝါဒများအပေါ် မူတည်ပါသည်။

ဖွံ့ဖြိုးရေးပြဿနာများမှာ ကျယ်ပြန့်ထွေပြားပါသည်။ သို့သော် အောက်တွင်ဖော်ပြထားသည့် ကိစ္စများမှာ ငြိမ်းချမ်းရေးလုပ် ငန်းစဉ်နှင့် ပတ်သက်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စ ဥပမာအချို့ ဖြစ်ပါသည်။

**၁။ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများ၏ စီးပွားရေး မူဝါဒနှင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု** - ယင်းသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရန်နှင့် ပံ့ပိုးပေးရန် ဖြစ်သည်။ (ဥပမာ- KNU ၏ စီးပွားရေးနှင့် မြေယာမူဝါဒ)

**၂။ အခြေခံ အဆောက်အဦများ ဆောက်လုပ်ရေးအတွက် နိုင်ငံတော်မှ ဘတ်ဂျက်တိုး၍ ချထားသုံးစွဲလာခြင်း -** ဥပမာ အားဖြင့် ၁ ဘီလီယံကျပ် (ဒေါ်လာ ၁ သန်း) ကို ဟားခါးတွင် ကျင်းပသည့် ဒေသလွှတ်တော် အရေးပေါ်အစည်းအဝေး တွင် ချင်းပြည်နယ် ဖွံ့ဖြိုးရေးကိစ္စများအတွက် သုံးစွဲရန် အတည်ပြုပေးခဲ့သည်။ ထိုင်းနှင့် ကယားနယ်စပ် ကုန်သွယ်ရေး အတွက် နယ်စပ်မှတ်တိုင် BP ၁၃ သို့ လမ်းဖောက်လုပ်ရန် ကျပ်ငွေ ၃ သန်း သတ်မှတ်ပေးခဲ့သည်။ အပစ်အခတ်ရပ်စဲ ရေးပြီးနောက် ဇူလိုင်လမှစ၍ စတင်ဆောင်ရွက်နေသည်။ ထို့အပြင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ကရင်ပြည်နယ်တွင် လမ်းများ၊ အိမ်များ၊ အသေးစားနှင့် အလတ်စားတံတားများ ဆောက်လုပ်ပြီးစီးနေပြီဟု သတင်းများက ဖော်ပြကြသည်။ မကြာသေးမီကပင် မဲဆောက် (ထိုင်းနိုင်ငံ) နှင့် မော်လမြိုင်အကြား လေယာဉ် စတင် ပြေးဆွဲနေပြီ ဖြစ်သည်။[69]

**၃။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုဌာန (MPC) က ကျေးလက်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍** အဲန်ဂျီအိုများနှင့် နိုင်ငံတကာ အဲန်ဂျီအိုများ တက်ရောက်ပြီး အစည်းအဝေး အကြိမ်များစွာ ကျင်းပခဲ့သည်။ (ဩဂုတ် ၁၇၊ ဒီဇင်ဘာ ၂၁)

**၄။ လူမှု ဖွံ့ဖြိုးရေး -** ဥပမာ မော်လမြိုင်နှင့် တောင်ကြီးတွင် အားကစားကျောင်းများ ဖွင့်လှစ်ခြင်း။

**၅။ လျှပ်စစ် -** ယခုအခါ မြို့နယ်အချို့မှာ နိုင်ငံတစ်ဝှမ်း ချိတ်ဆက်ထားသည့် မဟာဓာတ်အားလိုင်းနှင့် သွယ်တန်းမိကြပြီ ဖြစ်သည်။ ယခုနှစ်တွင် ကလေးနှင့် ကျောက်ဖြူမြို့နယ်တို့ ချိတ်ဆက်နိုင်ခဲ့ကြသည်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် အစိုးရ က ကယားပြည်နယ်ရှိရွာ ၄၇ ရွာကို လျှပ်စစ်ထောက်ပံ့ပေးရန် စီစဉ်ထားသည်။ (လွိုင်ကော်မြို့နယ်တွင် ရွာ ၁၄ ရွာ၊ ဒီမောဆိုးမြို့နယ်တွင် ရွာ ၂၀ နှင့် ဖရူဆိုမြို့နယ်တွင် ၁၃ ရွာ ဖြစ်သည်)။ ယခုအခါ ရွာပေါင်း ၅၁၁ ရွာရှိသည့်အနက် ၁၀၈ ရွာမှာ လျှပ်စစ်မီး ရရှိပြီး ဖြစ်သည်။

**၆။ ကျန်းမာရေး -** ယခုနှစ်အတွင်း KNU ၏ ကျန်းမာရေးဌာနက ဆောင်ရွက်သည့် လှုပ်ရှားမှု အစီရင်ခံစာများတွင် တွေ့ကြရပြီး၊ ကရင်ပြည်နယ် ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးနှင့် ပူးပေါင်း၍ ငှက်ဖျား တိုက်ဖျက်ရေး၊ ကရင်ပြည် နယ် အတွင်း ကျန်းမာရေးဌာန အချင်းချင်း ပိုမိုကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများ ပါဝင်သည်။ KNLA က သူတို့အနေဖြင့် ကျားကြီးဖောင်ဒေးရှင်း (Big Tger foundation) ကို ထူထောင်၍ ထိုင်းဘတ်ငွေ တစ်သိန်း (ဒေါ်လာ ၃၁၀၀) မတည်ကာ ဆင်းရဲသည့်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးသွားမည်ဟုဆိုသည်။ ၎င်း ဖောင်ဒေးရှင်း၏ ရုံးခန်းများကို ကော့ကရိတ်မြို့နယ်ရှိ ၎င်းတို့၏ ဆေးရုံများတွင်၊ ဆေးပေးခန်းများတွင် ဖွင့်ပွဲများ ကျင်းပခဲ့သည်။

**၇။ ပညာရေး-** ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း ကျောင်း ၉၅ ကျောင်း တည်ဆောက်သွားမည်၊ ကျောင်းဟောင်းများကို အစားထိုးသွားမည်ဟု ထုတ်ပြန်ကြေညာသည်။ KNU ၏ ကရင်ပညာရေး ဌာနနှင့် ကရင်ဆရာများ အလုပ်အဖွဲ့တို့က အစိုးရ၏ထိန်းချုပ်ဒေသအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် နွေရာသီစခန်းဖွင့်၍ ဆရာသင်တန်းများ ဆောင်ရွက်ခဲ့သည်။ (ဧပြီလ ၁၉) ချင်းပြည်နယ်တွင် CNF က အထက်တန်း ကျောင်း ၃၀ တွင် ကွန်ပြူ တာနှင့် အင်တာနက်များ တပ်ဆင်ပေးခဲ့သည်။

**နယ်စပ်ကုန်သွယ်ရေး -** သည်လည်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးလာစေရေး အစီအစဉ်တွင် အရေးကြီးသည့် အစိတ် အပိုင်း ဖြစ်သည်။ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေး စခန်း ၁၅ -ခုရှိပြီး၊ ၂ ခုကို ၂၀၁၃ * ခုနစ်တွင် ဖွင့်လှစ်ခဲ့သည်။ ဆက်လက်ဖွင့်ရန် လျာထားမှု စခန်း ၅ ခုရှိသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးသည် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၏ ပထမ ၅-လတွင် ဒေါ်လာ ၁.၈၈ ဘီလီယံတိုင် ရောက်ရှိခဲ့သည်။ ယခင်နှစ် အချိန်တူကာလနှင့် နှိုင်းယှဉ်လျှင် ဒေါ်လာ ၃၉၁ သန်း တိုးတက်လာခဲ့သည်။[70] မြန်မာနိုင်ငံ မှ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများသို့ ပြည်ပတင်ပို့မှုတန်ဖိုးသည် ဒေါ်လာ ၁.၁၇ သန်းတိုင် ဧပြီလမှ ဩဂုတ်လအတွင်း ရောက်ရှိခဲ့သည်။ ပြည်တွင်းတင်သွင်းမှုမှာ နှိုင်းယှဉ်မည်ဆိုလျှင် ဒေါ်လာ ၇၁၀ သန်းရှိသည်။ တရုတ် နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးအတွက်ဆိုလျှင် မူဆယ်စခန်းမှာ မြန်မာနိုင်ငံ၏ အကြီးဆုံးနယ်စပ်ကုန်သွယ်စခန်းဖြစ်ပြီး၊ ထိုင်းနိုင်ငံ နှင့်မူ မြဝတီက အဓိကကျသည်။

---

69 "Myanmar ethnic conflict: Waiting for the dividend", *The Economist*, 5 Oct 2013. Web.

70 "Myanmar's border trade hits over $1.8b in five months", *Xinhua*, 9 Spet 2013. Web.

ထို့အပြင် ဖွံ့ဖြိုးမှုများ သိသိသာသာတိုးတက်လာခြင်းနှင့် နယ်စပ်ဖြတ်ကျော်မှု ဖြေလျှော့လိုက်ခြင်းတို့နှင့် ပတ်သက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မင်းက များမကြာမီတွင် နိုင်ငံခြားသား ခရီးသွားများ နယ်စပ်ဂိတ်များမှ လာရောက် ခွင့်ပြုတော့မည်ဟု မေလ ၁၉ ရက်နေ့က ကြေညာခဲ့သည်။ ဤသို့ ရှင်သန်လှုပ်ရှားနေသည့် နယ်စပ်ကုန်သွယ်ရေး ကြောင့်၊ တိုင်းရင်းသားဒေသများ၏ စီးပွားရေးလည်း ဖွံ့ဖြိုးလာသည်။ ဥပမာအားဖြင့်- မွန်၊ ကရင်ပြည်နယ်များမှ စီးပွား ရေးလုပ်ငန်းရှင်များနှင့် ထိုင်းကုန်သည်များ မဲဆောက်တွင် အောက်တိုဘာလ ၂၉ ရက်နေ့က တွေ့ဆုံခဲ့ကြသေးသည်။

**ဇယား ၁၈** - နယ်စပ်ကုန်သွယ်ရေးစခန်းများ

| | |
|---|---|
| **ရှမ်း-တရုတ်နယ်စပ်** | ၁။ မူဆယ်<br>၂။ ချင်းရွှေဟော်<br>လျာထား- မိုင်းလား |
| **ရှမ်း-ထိုင်းနယ်စပ်** | ၃။ တာချီလိတ်<br>လျာထား- ပုံပါကျင် |
| **ကချင်-တရုတ်နယ်စပ်** | ၁။ လွယ်ဂျယ်<br>၂။ ကန်ပိုက်တီး |
| **ကရင်-ထိုင်းနယ်စပ်** | ၁။ မြဝတီ<br>၂။ ဘုရားသုံးဆူ<br>လျာထား- မယ်စဲ့ |
| **တနင်္သာရီ-ထိုင်းနယ်စပ်** | ၁။ ကော့သောင်း<br>၂။ မြိတ်<br>၃။ နဘူးလယ်/ ထီးခီး *<br>၄။ မောတောင် * |
| **ရခိုင်-ဘင်္ဂလားဒေ့ရှ် နယ်စပ်** | ၁။ စစ်တွေ<br>၂။ မောင်းတော |
| **စစ်ကိုင်း-အိန္ဒိယနယ်စပ်** | ၁။ တမူး<br>လျာထား- ပန်ဆောင် |
| **ချင်း-အိန္ဒိယနယ်စပ်** | ၁။ ရိဒ်<br>လျာထား- ဖလမ်း |

** ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းအသစ် ဖြစ်သည်။*

ဖွံ့ဖြိုးရေးစီမံကိန်းများသည်လည်း တိုင်းရင်းသားဒေသများ၏ စီးပွားရေးကို ဖွံ့ဖြိုးရန် အကြောင်းဖြစ်စေသည်။ သို့သော် လည်း ဤစီမံကိန်းများ၏ အစွန်းထွက်ဆိုးကျိုးများက ဒေသခံပြည်သူများအပေါ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက် ရောက်သည် ဖြစ်ရာ ဝေဖန်မှုများလည်း ရှိနေသည်။ ယခင်က ဝင်ရောက်လုပ်ကိုင်ရန် ခက်ခဲသောနေရာများသို့ ယခု အခါ အပစ်ခတ်ရပ်စဲရေးကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းများကလည်း အခွင့်ကောင်းယူ၍ ဝင်ရောက်လာကြရာ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့ အစည်းများက အစစ်အမှန်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိသည့်အထိ စီးပွားရေး လုပ်ငန်းကြီး များကို ရပ်ဆိုင်းထားရန် လှုံ့ဆော်စည်းရုံးမှုများလည်း ရှိသည်။ ပြည်သူများအပေါ် ယင်းလုပ်ငန်းများမှ ဆိုးကျိုး သက် ရောက်မှုများသည် လူထုအများ၏ စိတ်နာကျည်းမှုများကို ပိုတိုးစေနိုင်ပြီး၊ မတည်ငြိမ်သေးသည့် ငြိမ်းချမ်းရေးကို ခြိမ်း ခြောက်မှု ဖြစ်စေနိုင်သည်။ အသွင်ကူးပြောင်းနေဆဲ လူမှုအသိုက်အဝန်းများ၏ နစ်နာနိုင်သည့် အခြေအနေကို ပိုမိုဆိုး ရွားစေနိုင်သည်ဟု ဆိုကြသည်။ အစိုးရဖက် နှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကမူ စီမံကိန်း ကြီးများမှနေ၍ နိုင်ငံတစ်ခုလုံး အတွက် အကျိုးများစွာ ဖြစ်ထွန်းစေနိုင်ပြီး၊ တန်ဖိုးပေးဆပ်ရမှုများ ရှိနိုင်သော်လည်း အကျိုးပိုဖြစ်ထွန်းမည်ဟု ယူဆကြသည်။ အောက်ဖော်ပြပါ စီမံကိန်းများမှာ ၂၀၁၃ ခုနှစ်အတွင်း သတင်းများအဖြစ် နာမည်ကျော်ခဲ့သည့်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်လည်း သက်ဆိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများ ဖြစ်ပါသည်။

**၁။ တာဆန်း ရေအားလျှပ်စစ်စီမံကိန်း -** ယင်းသည် ရှမ်းပြည်နယ်အတွင်း တည်ရှိပြီး၊ သတင်းများအရ လုပ်ငန်းများ ပြန်

လည် စတင်လျက်ရှိသည်။ မိုင်းတုံမြို့နယ်အနီး သံလွင်မြစ်ပေါ်သို့ တည်ဆောက်မည့်နေရာကို ရွှေပြောင်းသွားခဲ့သည်။ ဒေါ်လာ ၁၂ ဘီလီယံတန် စီမံချက်အတွက် ကျေးရွာပေါင်း ၁၂၃ ရွာကို ရွှေပြောင်းပေးရမည်ဟု ယင်းအုပ်စုက ဆိုသည်။ ယင်းစီမံကိန်းကို တရုတ်နှင့် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ရန်ပုံငွေထောက်ပံ့ပေးခြင်း ဖြစ်သည်။ (မတ်လ ၂၈) မဂ္ဂါဝပ် ၇၈၈၈ ထုတ်လုပ်နိုင်မည့် ယင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ဒေသအတွင်း တိုင်းရင်းသား သူပုန်ထမှုများကြောင့် ဆိုင်းငံ့ထားခဲ့သည်။

**၂။ မြစ်ဆုံဆည်** - ကချင်ပြည်နယ်တွင်ရှိသည့် ယင်းစီမံကိန်းသည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အတိုက်အခံပြုမှုများ အကြီးအကျယ် ရှိနေခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေနိုင်သည့် အကဲဖြတ်သုံးသပ်မှုများကြောင့် ယခုတိုင် ဆိုင်းငံ့နေခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယင်းစီမံကိန်းကို အဓိကရင်းနှီးမြှုပ်နှံသူ တရုတ်အစိုးရက ပြန်လည်စတင်ရန် မြန်မာအစိုးရထံ တိုက်တွန်းစည်းရုံးလျက် ရှိသည်။

**၃။ သတ္တုမိုင်း တူးဖော်ခြင်း** - မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနသည် ချင်းပြည်နယ်တွင် သတ္တုရှာဖွေ ဖော်ထုတ်မှုများ ပြုမည် ဖြစ်သည်။ (နီကယ်၊ ခရိုမိုက်၊ ကျောက်မီးသွေးနှင့် ကြေးနီ) (မတ်လ ၁၁ ရက်)

**၄။ ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဖွင့်လှစ်လိုက်ခြင်း** - တရုတ်ပြည်သို့ သဘာဝဓာတ်ငွေ့တင်ပို့မည့် ပိုက်လိုင်းသည် ၂၀၁၃ ခုနှစ်၊ မေလအကုန်ပိုင်းတွင် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။

**၅။ ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး စကြံန်စီမံကိန်း** - မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်သည့် စီမံကိန်းဖြစ်ပြီး၊ ၂၀၁၄ ခုနှစ် နှစ်လည်တွင် ပြီးစီးမည်ဟု ယူဆရသည်။ ယခုစီမံကိန်းသည် အိန္ဒိယနိုင်ငံအစိုးရက ကမကထပြုသည့် စီမံကိန်းဖြစ်ပြီး၊ အိန္ဒိယနှင့် အရှေ့မြောက်ပိုင်းရှိ ပြည်နယ်များကို ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်ပေးရန် ရည်ရွယ်ထားသည်။ တစ်ဖက်တွင် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများသည် လမ်းပန်းဆက်သွယ် ရေး ခက်ခဲသောကြောင့် ဤသို့စီစဉ်ခြင်း ဖြစ်သည်။

**၆။ အထူးစက်မှုဇုန်များ** - ကရင်ပြည်နယ်၊ ဖားအံတွင် စက်မှုဇုန်အသစ်တစ်ခု ထူထောင်ခဲ့သည် (၂၀၁၁)။ ၂၀၁၃ ခုနှစ် ဧပြီလတွင် သတင်းများအရ ပုဂ္ဂလိကစက်ရုံ ၃ ခု လည်ပတ်လုပ်ကိုင်နေပြီး၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြားကုမ္ပဏီများကလည်း မြေနေရာငှားရမ်းရန် တန်းစီစောင့်ဆိုင်းနေကြသည်။ ယင်းတို့တွင် အစားအသောက်နှင့် အဖျော်ယာမကာလုပ်ငန်း၊ အထည် ချုပ်စက်ရုံ၊ သောက်ရေသန့်စက်ရုံနှင့် သတ္တုသန့်စင်စက်ရုံများ ပါဝင်ကြသည်။[71] RCSS က အစိုးရနှင့် ပြည်ထောင်စုအဆင့် သဘောတူညီမှုများအရ ၎င်းတို့ဒေသအတွင်း အထူး စက်မှုဇုန်တစ်ခု တည်ဆောက်ရန် တောင်းဆိုထားသော်လည်း၊ ယခုတိုင် အကောင်အထည်ဖော် တိုးတက်မှုများ မတွေ့ရပါ။

**၇။ အထူးစီးပွားရေးဇုန်များ** - ရှမ်းပြည်နယ်၊ မူဆယ်တွင် ၂၈၈ ဧကကျယ်ဝန်းသည့် အထူးစီးပွားရေးဇုန်ကို တရုတ်နိုင်ငံနယ်ခြားကုန်သွယ်ရေးအတွက် ဆောက်လုပ်နေကြောင်း ၂၀၁၃ ခုနှစ်၊ ဖွန်လ ၅ ရက်နေ့တွင် ကြေညာခဲ့သည်။ လိုအပ်နေသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦများကို ဖြေရှင်းပေးနိုင်ရန် တိုးချဲ့တည်ဆောက်နေခြင်း ဖြစ်သည်။ ဥပမာအားဖြင့်- ကုန်တင်ကားများ ရပ်နားဇုန်နှင့် ကုန်တင်ကားများ များပြားလာသည့်အတွက် ကားပိတ်ဆို့မှုကို ရှောင်ရှားနိုင်ရန် လမ်းလွှဲပြောင်းပေးမည့် စနစ်များ ပါဝင်သည်။ ကေအန်ယူ တပ်မဟာ-၄ ဧရိယာနှင့် မျက်နှာချင်းဆိုင်တွင်လည်း ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း နှင့် စက်မှုဇုန်ကို ဒေါ်လာ ၈ ဘီလီယံ အကုန်အကျခံ၍ တည်ဆောက်ဖို့ ရှိနေသည်။ ယင်းတွင် ရေနံချက်စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ၊ သံမဏိစက်ရုံတို့ပါဝင်မည် ဖြစ်သည်။ ယခုအခါ ရင်း နှီးမြှုပ်နှံမှု မရှိသောကြောင့် ရပ်ဆိုင်းနေသည်။ မြန်မာနှင့် ထိုင်းနိုင်ငံတို့က ယင်းစီမံကိန်းတွင် ဂျပန်တို့ ပါဝင်လုပ်ကိုင်လာစေရန် မျှော်လင့်နေကြသည်။

71 "Foreign companies lining up to operate in Hpa-an Industrial Zone", *Eleven Myanmar*, 11 Apr 2013. Web.

## ဘာသာရေး ပဋိပက္ခဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များ

## ဥပဒေကြောင်းအရ အပြစ်ပေးမှု

(ပုဒ်မ ၁၄၄) နေဝင်မီးငြိမ်းအမိန့် နှင့် အရေးပေါ်အခြေအနေ ကြေညာချက်တို့ကို အစိုးရကသုံး၍ လူမှုအသိုက်အဝန်း အချင်းချင်း အကြမ်းဖက်မှုများ ဖြစ်ပွားလာလျှင် ထိန်းသိမ်းလေ့ရှိသည်။

ရခိုင်ပြည်နယ်၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ဇူလိုင်လတွင် ပြောကြားရာ၌ ရခိုင်ပြည်နယ် တွင် ၂၀၁၂ ခုနှစ်အတွင်း၊ နှစ်ကျော့ဖြစ်ပွားသည့် လူမှုအသိုက်အဝန်း အချင်းချင်း ပဋိပက္ခ၊ အကြမ်းဖက်မှုများ၌ လူ ပေါင်း ၁၁၈၉ ကို ဖမ်းဆီးခဲ့ပြီး၊ ၂၉၅ ဦးကို ရာဇဝတ်မှုနှင့် တရားရုံးသို့ ပို့ခဲ့သည်ဟု ဆိုသည်။ လူပေါင်း ၅၀၇ ဦးကို ပြစ်ဒဏ်ချမှတ် ပြီး ဖြစ်သည်။[72] ရဲနှင့် စစ်သားအင်အား ၆၀၀၀ ကျော်ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၃ ခုနှစ်အတွင်း ချထားခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားသည့် ဘာသာရေး အဓိကရုဏ်းများတွင်၊ လူပေါင်း အနည်းဆုံး ၆၈ ဦး ဖမ်းဆီးထိန်းသိမ်း ခံရ ပြီး၊ လူ ၃၀ မှာ ထောင်ဒဏ်အပြစ်ပေးခံရသည်။[73]

**ရခိုင်ပြည်နယ်-** ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် - မူဆလင်များနှင့် လူမှုအသိုက်အဝန်းအချင်းချင်းကြား တိုက်ခိုက် အကြမ်း ဖက်မှုများ ကြောင့် ရခိုင်လူမျိုး အနည်းဆုံး ၁၀-ဦးကို ကျောက်တော်မြို့တွင် အပြစ်ပေးခဲ့သည်။ စစ်တွေမြို့ရှိ ခုံရုံးမှ ယင်း တို့ကို ထောင်ဒဏ် ၉ လမှသည် ၃ နှစ်အထိ ချမှတ်ခဲ့သည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် - ရခိုင်လူမျိုး ၆၀ ကို ထိန်းသိမ်းထားရှိသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် - ဗလီများကို ဖုံးဖောက်ခဲ့ရန်ကြံစည်မှုဖြင့် ရခိုင်လူမျိုး ယောကျာ်းများကို ဖမ်းဆီးခဲ့သည်။

**လားရှိုး-** ၂၀၁၃ ခုနှစ်၊ ဖွန်လ ၁၂ ရက် - လားရှိုးမြို့တွင် အမျိုးသမီးတစ်ဦးကို မူဆလင်ယောကျာ်း နေဝင်းဆိုသူမှ မီးတင်ရှို့ရာ မှစ၍ အကြမ်းဖက်မှု အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ၎င်းကို ထောင်ဒဏ် ၂၆ နှစ် ချမှတ်ခဲ့သည်။

**မိတ္ထီလာ-** ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက် - မိတ္ထီလာမြို့တွင် လူသတ်မှုအတွက် ဖမ်းဆီးထားသည့် ဗုဒ္ဓဘာသာဝင် ၂ ဦး ကို မတ်လ ဘာသာရေး အဓိကရုဏ်းများတွင် လူသတ်မှုအတွက် ထောင်ဒဏ် ၇ နှစ် အပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက် - ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးကို သတ်ဖြတ်မှုဖြင့် မူဆလင် ၇ ဦးကို ထောင်ဒဏ် ၂ နှစ်မှ သည် တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော်လည်း မေလ ၂၈ ရက်နေ့တွင် တရားခံရှေ့နေ ဦးသိန်းသန်းဦး ၏ အဆိုအရ တရားခံများ၏ မိသားစုများသည် ပြစ်မှုအတွက် အယူခံတင်ထားသည်ဟု သိရှိရသည်။

**ဥက္ကံမြို့-** ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် - ဘာသာရေးအဓိကရုဏ်းများ စတင်ဖြစ်ပေါ်စေသည်၊ ဘာသာရေးကို စော်ကား သည်ဟု အကြောင်းပြချက်ဖြင့် မူဆလင် အမျိုးသမီး ၂ ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။ လူ ၃၀ ကို ဖမ်းဆီးခဲ့သည်။

**အခြားဖြစ်ရပ်များ-** နိုဝင်ဘာလ ၃၀ ရက် - မြန်မာ့အလင်းသတင်းစာတွင် မြန်မာအစိုးရက ထုတ်ပြန်ကြေညာရာ၌ နိုင်ငံတကာ အစ္စလမ်မစ် ဆက်သွယ်ပူးပေါင်းရေးအဖွဲ့ (OIC) ကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဆန့်ကျင်ဆန္ဒပြရာ၌ ဘာသာရေးကို စော်ကားသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်မှုဖြင့် ဆန္ဒပြသူများကို တရားစွဲဆိုထားသည်ဟု ဆိုသည်။[74] ဗုဒ္ဓဘာသာဝင် ရဟန်းအချို့က အစ္စလမ်ဘာသာကို တိရိစ္ဆာန်အတွေးအခေါ်ဟု ဖော်ပြထားသော ဆိုင်းဘုတ်များ သယ် ဆောင် ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။

---

72 *The Voice Weekly*, December 9, 2013.

73 "Myanmar lifts curfew order in riot-hit Meikhtila on new year eve", *Xinhua*, 1 Jan 2014. Web.

74 "Action to be taken against protestors who use banner assulting faith", *New Light of Myanmar,* 1 Dec 2013. Web.

## အဖွဲ့အစည်း စနစ်ဆိုင်ရာ

- **ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လူမှုအဓိကရုဏ်းများနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်-** အစိုးရက ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လူမှုအဓိကရုဏ်းများ၏ ရေသောက်မြစ် အကြောင်းအရင်းများကို စနစ်တကျ စုံစမ်းဖော်ထုတ်နိုင်ရန် ရည်ရွယ်သည်။ ယင်းကော်မရှင်တွင် နိုင်ငံရေး၊ ရပ်ရွာအဖွဲ့အစည်းနှင့် ဘာသာရေး ခေါင်းဆောင်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည်။ အစီရင်ခံစာများ အချိန်များစွာ နောင့်နှေးပြီးမှ ဧပြီလ ၂၂ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ဧပြီလ ၂၉ ရက်နေ့တွင် အစီရင်ခံ စာနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

- **အဖွဲ့ဝင် ၁၀ ဦးပါဝင်သော နိုင်ငံတော် အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှု ဗဟိုကော်မီတီ -** သမ္မတဦးသိန်းစိန်က မတ်လ ၃၀ ရက်နေ့တွင် ယင်းကော်မီတီကို ဖွဲ့စည်းပေးခဲ့ပြီး၊ လက်ရှိဖြစ်ပွားနေသော အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်။ ယင်းကော်မီတီက အကြမ်းဖက်မှုများကို စတင်သော၊ လှုံ့ဆော်သောသူများကို ဖမ်းဆီးအရေးယူမည် ဖြစ်ပြီး၊ လူမျိုးရေး-ဘာသာရေး အဓိကရုဏ်းများ နောက်ထပ်မဖြစ်ပွားစေရန် ရှောင်ရှားနိုင်မည့် နည်းလမ်းများကို ရှာဖွေသွားမည် ဖြစ်သည်။ ထို့အပြင် အဓိကရုဏ်းများ ဖြစ်ပွားလာသည့်အခါ လုံခြုံရေးတပ်ဖွဲ့များ အချင်းချင်း ပိုမို ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်ထားသည်။ ထို့အပြင် အစိုးရက ဆပ်ကော်မီတီ ၇ ခုကိုလည်း ဖွဲ့စည်းခဲ့ရာ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဥပဒေစည်းကြပ်ရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး၊ ယာယီပြန်လည်နေရာချထား ရေးနှင့် ပြန်လည်တည်ဆောက်ရေး၊ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးစေရေး၊ မဟာဗျူဟာမြောက် အစီအစဉ်များ ရေးဆွဲရေး ဆပ်ကော်မီတီများ ပါဝင်သည်။

- **နစက တပ်ဖွဲ့များကို ဖျက်သိမ်းခြင်း -** သမ္မတဦးသိန်းစိန်က ဘင်္ဂလားဒေ့ရှ်နယ်စပ် လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ရ သည့် (နစက) အဖွဲ့ကို ဇူလိုင်လ ၁၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။ ယင်းအဖွဲ့ကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ အကျင့် ပျက်ခြစားမှုများအတွက် နာမည်ဆိုးဖြင့် ကျော်စောသည်။

- **ရိုဟင်ဂျာ မိသားစုများအတွက် ကလေး ၂ ဦးသာ ယူရေး ကန့်သတ်ချက်-** မေလတွင် ရခိုင်အရေး စုံစမ်းစစ်ဆေးရေး ကော်မီတီ၏ အကြံပြုချက်ပါ ရိုဟင်ဂျာမိသားစုများ ကလေး ၂ ဦးသာယူရေးမူဝါဒကို ရခိုင်ပြည်နယ်အစိုးရက ချမှတ်ခဲ့သည်။ ယင်းမူဝါဒကို (ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ကပ်လျက်) မောင်းတောခရိုင်တွင် စည်းကြပ် ဆောင်ရွက်ခဲ့သည်။ ရည်ရွယ်ချက်မှာ တစ်ဖက်တွင် လူမှုအသိုက်အဝန်း အချင်းချင်း အကြမ်းဖက်မှုများကို ကာကွယ်နိုင်ရန်နှင့်၊ မယားများစွာယူသော စနစ်ကို ပိတ်ပင်တားမြစ်ရန် ဆောင်ရွက်ချက်၏ အစိတ်ပိုင်းတစ်ခု ဖြစ်သည်။

- **၉၆၉ မူဝါဒများနှင့် တံဆိပ်များကို ဗုဒ္ဓဘာသာမှ ခွဲခြားခြင်း-** အစိုးရက ခန့်အပ်ထားသည့် အမြင့်ဆုံးသော သံဃာ့အဖွဲ့အစည်း နိုင်ငံတော်သံဃာ့မဟာနာယက ကော်မီတီ (မဟန) က သြဂုတ်လ ၁၄ ရက်နေ့ နေ့စွဲဖြင့် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ရာတွင်၊ ၉၆၉ လှုပ်ရှားမှု၏ မူဝါဒများအပေါ် အခြေခံ၍ သံဃာ့အဖွဲ့အစည်း၊ ကွန်ရက် ဖွဲ့စည်းခြင်းမှာ တရားမဝင်ဟု ဆိုခဲ့သည်။ ဗုဒ္ဓဘာသာ အမှတ်အသားများနှင့် ၉၆၉ တံဆိပ်များ ချိတ်ဆက်ဖော်ပြခြင်းကိုလည်း တားမြစ်ခဲ့သည်။ နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့အစည်းမှာ မြန်မာနိုင်ငံတွင် သံဃာများ၏ ဝိနည်းနှင့် စည်းမျဉ်းများကို ကြီးကြပ်သော အဖွဲ့အစည်းလည်း ဖြစ်သည်။

## *အဆိုပြုထားသော အဖြေများ*

- **ဗုဒ္ဓဘာသာ-မူဆလင် အိမ်ထောင်ပြုထိမ်းမြားခြင်းကို တားမြစ်သည့် ဥပဒေပြဌာန်းရန် အဆိုပြုခြင်း-** ဇူလိုင်လ ၁၈ ရက်နေ့တွင် ဦးဝီရသူက ပြောဆိုရာ၌ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့် မူဆလင်ဘာသာဝင်တို့အကြား ထိမ်းမြား လက်ထပ်ခြင်းကို တားမြစ်ရန် အဆိုကို ထောက်ခံသည့် လက်မှတ်ပေါင်း ၂. ၅ သန်းရရှိနေပြီဟု ဆိုသည်။

- **ပဋိပက္ခများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်မှုဖြင့် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကို မသုံးစွဲခြင်း-** မူဆလင်နှင့် ရခိုင် ခေါင်းဆောင်များက ရခိုင်အရေး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစည်းအဝေးတစ်ခုတွင် ဤသို့အကြံ ပြုခဲ့ကြသည်။ (ဒီဇင်ဘာလ ၂ ရက်)[75]

- **မြန်မာနိုင်ငံ ရာဇသတ်ကြီးပုဒ်မ ၁၄၄** - နောက်ထပ် လူမှုအသိုက်အဝန်းများအကြား အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရေး အတွက် ရခိုင်ပြည်နယ်တွင် ထားရှိရေးကို ဧပြီလ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် အစိုးရ အရာရှိများ နှင့် ဒေသခံ လူမှုအဖွဲ့အစည်းများ ဆွေးနွေးခဲ့ကြသည်။

- **ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အပြည့်အဝ သတ်မှတ်ပေးရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် နှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ** ကို ပြင်ဆင်ရေးဆွဲရန် အကြိမ်များစွာ ထုတ်ပြန်တောင်းဆိုခဲ့သည်။ နောက်ဆုံး တောင်းဆို ချက်ကို နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော်လည်း၊ မြန်မာအစိုးရက ပယ်ချခဲ့သည်။

## လူမှု အဓိကရုဏ်းများကြောင့် ပြည်တွင်းဒုက္ခသည်များကို ကူညီထောက်ပံ့ပေးခြင်း

လူမှု အဓိကရုဏ်းများကြောင့် ပြည်တွင်းဒုက္ခသည်များကို ကူညီထောက်ပံ့ပေးရန် အထူးသဖြင့် မြန်မာအစိုးရက တာဝန် ရှိပါသည်။ မဇ္ဈိမသတင်းစာ၏ သတင်းတစ်ပုဒ်အရ စခန်းများအတွင်း ရှိနေသည့် ဒုက္ခသည်ဦးရေ ၁၃၀,၀၀၀ အတွက် အစိုးရ၏ ဘတ်ဂျက်သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုန်တော့မည်ဟု ဆိုသည်။[76] စခန်းရှိ လူထုများအတွက် အစိုးရက တစ်ပတ်လျှင် ကျပ်သန်း ၂၀ သုံးစွဲနေပြီး၊ ပြတ်လပ်မှု မဖြစ်ပေါ်စေရန် အလှူရှင်များ ရှာဖွေလျက်ရှိသည်။

ဧပြီလတွင်၊ အစိုးရက ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မီတီကို သမ္မတက ဖွဲ့စည်းပေးခဲ့ပြီး၊ ဝန်ကြီးအဆင့် ဦးဆောင်သည့် ရခိုင်ပြည်နယ်တွင် ပြန်လည်နေရာချထားရေး အကောင် အထည်ဖော်ရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယင်းကော်မီတီသည် စစ်တွေတွင် အခြေပြု၍ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး ဦးခင်ရီ လည်း ပါဝင်ကာ၊ ၃-လအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ရန် ဖြစ်သည်။ ဦးခင်ရီက အမေရိ ကန် ပြည်ထောင်စု၊ ဩစတြေးလျ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ အေဂျင်စီ ကိုယ်စားလှယ်များနှင့် အတူ စစ်တွေသို့ သွားရောက်ခဲ့သည်။ ၎င်းတို့က ပေါက်တော၊ မြေပုံ၊ စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် လူမှုအဓိကရုဏ်းများမှ ပြည်တွင်း မူဆလင် ဒုက္ခသည်များကို စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်သို့ ပြောင်းရွှေ့ထားခဲ့သည်။ (ဩဂုတ်လ ၂၅ ရက်) ရခိုင်ဒုက္ခ သည် ၆၀၀ ကျော်မှာ စစ်တွေမြို့တွင် နေရာချထားပေးသည်။ (ဇူလိုင်လ ၁၉ ရက်)

မိတ္ထီလာမြို့တွင်မူ၊ ဒုက္ခသည် ၅၀၀၀ ကျော်အတွက် အခမဲ့အိမ်ယာ ဆောက်လုပ်ပေးရေး စီမံကိန်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လကုန်တွင် စတင်ရန်ရှိပြီး၊ အိမ်ယာစီမံကိန်း တစ်ခုတွင် အခန်းပေါင်း ၁၆၀၀ ကျော် ပါဝင်သည်။ ထို့အပြင် အစိုးရ ကလည်း ပေ ၃၀၊ ပေ ၄၀ မြေကွက်များကို မိတ္ထီလာရှိ အိမ်ထောင်စု ၉၃ စုသို့ ချပေးမည် ဖြစ်သည်။ (ဒီဇင်ဘာလ ၂ ရက်)။ အခြား အိမ်ယာစီမံကိန်း တစ်ခုတွင် အခန်း ၇၀၀ နှင့် အိမ်အလုံး ၂၀၀ ပါဝင်ပြီး၊ ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုက လှူဒါန်းမည် ဖြစ်သည်။ (ဒီဇင်ဘာ လ ၂၇ ရက်)

## တိုင်ပင်အကြံဥာဏ်ရယူမှုများနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေး အစည်းအဝေးများ

ဒီဇင်ဘာ ၁ ရက် - ရခိုင်ပြည်နယ် အကျပ်အတည်း စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး- ဒေါက်တာ ကျော်ရင် လှိုင်မှ ဦးဆောင်၍ ရန်ကုန်မြို့တွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေး ဆွေးနွေးပွဲ ကျင်းပသည်။ ယင်း ကော်မရှင် အဖွဲ့ဝင် ဒေါ်ရင်ရင်နွယ်၊ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ ဒဲရက် မစ်ချယ်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေး မှူးချုပ်၏ အထူးကိုယ်စားလှယ် သံတမန် မစ္စတာဗီဂျေး နမ်ဗီးယား၊ ရခိုင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ကမန် လူမျိုး ကိုယ်စားလှယ်များ၊ စစ်တွေမြို့မိမြို့ဖများ၊ အစ္စလမ် ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြသည်။

---

75 "Discussion on peaceful and harmonious living in Rakhine State", (Burmese version) *RFA*, 2 December 2013. Web.

76 "IDP budget to run out in a month, says Rakhine State Governent", *Mizzima*, 9 Jan 2014. Web.

စက်တင်ဘာလ ၁၀ ရက် - ၉၆၉ အဖွဲ့ခေါင်းဆောင် ဦးဝီရသူနှင့် မူဆလင် ကိုယ်စားလှယ် ဒိုင်းမွန်းရွှေကြည်တို့ ရန်ကုန်တွင် တွေ့ဆုံ၍ ဘာသာပေါင်းစုံ ချစ်ကြည်ရေး၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးကြသည်။

အောက်တိုဘာလ ၁ ရက် - လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် အတူတကွ ပူးတွဲနေထိုင်ရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို Institute of Gloabl Engagement (ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသိပ္ပံ) နှင့် သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) တို့ ပူးပေါင်း ကျင်းပသည်။

## လူမှုအသိုက်အဝန်းအတွင်း အကြမ်းဖက်မှုများအတွက် နိုင်ငံတကာ၏ အကူအညီများ

ရခိုင်ပြည်နယ်နှင့် နိုင်ငံ၏ အခြားဒေသများတွင် ဘာသာရေး အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် နိုင်ငံတကာ မိသားစုများမှ စာနာထောက်ထားမှုနှင့် ပံ့ပိုးမှု အများအပြား ပေးအပ်ခဲ့ကြသည်။ ဘာသာရေး အကြမ်းဖက်မှုများအပေါ် မြန်မာနိုင်ငံက တုံ့ပြန်ဆောင်ရွက်မှု မလုံလောက်ခြင်းနှင့် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ဝေဖန်ပြစ်တင်ခံရသည်။ ၂၀၁၃ ခုနှစ်တွင် မကြာခဏဆိုသလို နိုင်ငံ့ခေါင်းဆောင်များ အလည်အပတ်ခရီး ရောက်ရှိလာရာ ရခိုင်ပြည်နယ်သို့သွား ရောက်ခဲ့ကြသည်။ ဥပမာအားဖြင့် ဒုသမ္မတ စိုင်းမောက်ခမ်း၏ ရခိုင်ပြည်နယ်သို့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၇-၈ ခရီးစဉ်တွင် နိုင်ငံခြားသံမှူးကြီး ၁၈ ဦး အတူတကွ လိုက်ပါခဲ့ကြသည်။ (အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အစ္စရေးလ်၊ ရုရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အီတလီ၊ ဘရူနိုင်း၊ သီရိလင်္ကာ၊ ဘရာဇီးလ်၊ ဆော်ဒီ အာရေဗျ၊ မလေးရှား၊ ဂျပန်၊ ဆွစ်ဇာလန်၊ ဂျာမဏီ၊ ပါကစ္စတန်နှင့် အီဂျစ်နိုင်ငံများနှင့် ကုလသမဂ္ဂ သံအရာရှိများ ပါဝင်သည်။) ဒီဇင်ဘာလတွင် အခြားခရီးစဉ်တစ်ခု၌ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ သံကိုယ်စားလှယ်များ ရခိုင်ပြည် နယ်နှင့် မူဆလင်ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲ့ ကြသည်။

**ဇယား ၁၉** - နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ကူညီပံ့ပိုးမှုများ

| | |
|---|---|
| **ဩစတြေးလျ** | ဇူလိုင်လ ၇ ရက်နေ့တွင်၊ ဩစတြေးလျနိုင်ငံခြားရေး ဝန်ကြီး ဘော့ကား (Bob Carr) က ရခိုင်ပြည်နယ် အတွက် လူသားချင်းစာနာမှုအကူအညီ ဒေါ်လာ ၃.၂သန်း ပေးရန် ကြေညာသည်။ ရခိုင်ပြည်နယ်သို့ ဩစတြေး လျ၏ အကူအညီကို ဒေါ်လာ ၉ သန်းအထိ မြှင့်တင်ပေးလိုက်သည်။ |
| **ဘယ်လ်ဂျီယံ** | ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၂ ရက်။ ငြိမ်းချမ်းရေး ပညာပေးမှုအတွက် ဆရာ ၃၅၀ ကို လေ့ကျင့်သင်တန်းပေးမည် ဖြစ်ပြီး၊ ဘယ်လ်ဂျီယံနိုင်ငံက ရန်ပုံငွေထောက်ပံ့ထားသည့် UNESCO ယူနက်စကို ငြိမ်းချမ်းရေး ပညာပေးစီမံချက်မှ ရခိုင်ပြည်နယ်ရှိ မောင်းတော၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင် ဆောင်ရွက်သွားမည် ဖြစ်သည်။ မတူကွဲပြားသည့် ယဉ်ကျေးမှုများအပေါ် အပြန်အလှန် လေးစားမှု ရှိလာစေရေး အတွက် ရည်ရွယ်သည်။ |
| **ဥရောပသမဂ္ဂ** | စက်တင်ဘာလမှစ၍ ဥရောပသမဂ္ဂက ရပ်ရွာတွင်း ရဲလုပ်ငန်းများ ဆောင်ရွက်ရေး၊ လူအုပ်စု ထိန်းသိမ်းရေး စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုများအတွက် ရဲ ၄၀၀၀ ကို ၁၈-လကြာ သင်တန်းပေး နေသည်။ ရဲများ၏ ဆောင်ရွက်မှု တာဝန်ယူ တာဝန်ခံမှု မြင့်တက်လာစေရေးနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်း၊ လွှတ်တော်တို့နှင့် ပိုမိုထိတွေ့ဆက်ဆံမှု ရှိစေရေး ရည်ရွယ်သည်။ လက်ပန်တောင်း ကြေးနီမိုင်းတွင် ဖြစ်ပွားနေသည့် ဆန္ဒပြမှုများမှ အကြမ်းဖက်မှု ဖြစ်ရပ်များကို ကိုင်တွယ်နိုင်ရန် တောင်းဆိုခဲ့ခြင်း ဖြစ်သော်လည်း၊ အရပ်ဖက် လူမှုအဓိကရုဏ်းများကို ကိုင်တွယ်ဖြေရှင်း နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ အဓိကရုဏ်း ထိန်းသိမ်းရေး သင်တန်းများကို အရည်အသွေးမြှင့်တင်ရန်၊ ရဲချုပ်ဝတ်တန်ဆာများ ပိုမိုကောင်းမွန်စေရန်၊ လူမှု အဓိကရုဏ်းများ ထိန်းသိမ်းရာတွင် ထိရောက်၍ လူထုပိုမိုယုံကြည်မှု ရရှိစေရန် ဆောင်ရွက်သင့်သည်ဟု လေ့လာသုံးသပ်သူများ ကလည်း အကြံပြုကြသည်။ |
| **အိန္ဒိယ** | အိန္ဒိယနိုင်ငံက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၄ ခုတွင် ကျောင်း ၁၀ ကျောင်း ဆောက်လုပ်ပေးရေး အတွက် ဒေါ်လာ ၁ သန်းလှူဒါန်းသည်။ |
| **ဂျပန်** | နိပွန်ဖောင်ဒေးရှင်းက ရခိုင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၂၀ ဆောက်လုပ်ရန် ဒေါ်လာ ၆ သန်း အကူအညီပေးသည်။ ထို့အပြင် ဆန် ၆၅ တန် (၅၀-ကီလိုဂရမ်အိတ် ၁၃၀၀) ကိုလည်း မိတ္ထီလာရှိ ပြည်တွင်းဒုက္ခသည်များ ထံ မတ်လ ၃၀ ရက်နေ့က အကူအညီပေးခဲ့သည်။ |

| | |
|---|---|
| **နယူးဇီလန်** | ဇူလိုင်လ ၃ ရက်နေ့တွင် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ရခိုင်ပြည်နယ်ရှိ ဒုက္ခသည် စခန်းများသို့ သွားရောက်၍ အကူအညီလိုအပ်နေမှုများ အကဲဖြတ်ခဲ့သည်။ |
| **ယူကေ** | မေလ ၁၆ ရက်နေ့တွင်၊ ယူကေနိုင်ငံက ပေါင်စတာလင် ၄.၄ သန်း (ဒေါ်လာ ၆.၇ သန်း) ကို လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီအဖြစ် ရခိုင်ပြည်နယ်ရှိ ပြည်တွင်းဒုက္ခသည်စခန်းများသို့ ပေးရန် ကတိကဝတ် ပြုသည်။ |
| **အမေရိကန် ပြည်ထောင်စု** | ဖေဖော်ဝါရီလ ၅ ရက်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး ဒဲရက် မစ်ချယ် က ရန်ကုန်တွင် ရခိုင်ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်းရှိ ဆက်လက် ဖြစ်ပွားနေသော လူသားချင်းစာနာမှု အကျပ်အတည်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများတွင် နစ်နာရသူ ဒုက္ခသည်များအတွက် အရေးပေါ်အထောက်အပံ့ အဖြစ် အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၄.၂ သန်း ထောက်ပံ့ပေးမည်ဟု သံရုံး ထုတ်ပြန်ကြေငြာချက်တွင် ဖော်ပြသည်။<br><br>မတ်လတွင်၊ အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်ကြေညာရာ၌ မိတ္ထီလာ အရေးအခင်းတွင် အိုးအိမ်မဲ့ ဖြစ်သွားရ သူများအတွက် ဒေါ်လာ ၁ သိန်း ထောက်ပံ့မည်ဟု ဆိုသည်။ ယင်းအကူအညီမှ နေ၍ တစ်ကိုယ် ရေသန့်ရှင်းရေးသုံး ပစ္စည်းထုပ်များ၊ စောင်များ၊ လူအသုံးအဆောင်များ၊ ပလပ်စတစ် အခင်းများ၊ အရေး ပေါ်ရေနှင့် သန့်ရှင်းရေးပစ္စည်း များ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ |

ဇယား ၂၀ - မူဆလင်နိုင်ငံများမှ ကူညီပံ့ပိုးမှုများ

| | |
|---|---|
| **ကူဝိတ်** | ကူဝိတ်လွှတ်တော်အမတ်များက ကိုယ်စားလှယ်အဖွဲ့တစ်ခု မေလ ၂၉ ရက်နေ့တွင် သုံးရက်ကြာ အလည်အပတ် ခရီးလာရောက်ခဲ့သည်။ မတ်လဆန်းပိုင်းတွင် ခါလီဖ ဘင် ဇာယစ် (Khalifa Bin Zayed) လူသားချင်းစာနာမှုဆိုင်ရာ ဖောင်ဒေးရှင်း (KZHF) က မြန်မာမူဆလင်များထံ စားနပ် ရိက္ခာ ၂၆၀၀ တန်ကို လှူဒါန်းပေးခဲ့သည်။ ခံစားခွင့်ရှိသူ ၈၅၀,၀၀၀ ထံ စားနပ်ရိက္ခာ စုစုပေါင်း ၅၂၀၀ တန် ပေးအပ်လှူဒါန်းမှုအတွက် နောက်ဆုံးနှင့် တတိယအသုတ် အဖြစ် ပေးပို့လာခြင်း ဖြစ်သည်။ |
| **မလေးရှား** | မလေးရှားနိုင်ငံက မြန်မာနိုင်ငံတွင်း လူမှုအဓိကရုဏ်းများကို အရေးယူဆောင်ရွက်ပါရန် တိုက်တွန်းခဲ့သည်။ (ဇူလိုင်လ ၁ ရက်)။ မလေးရှားနိုင်ငံခြားရေး ဝန်ကြီး အနီဖာက တိုက်တွန်းရာတွင်၊ မြန်မာနိုင်ငံက ပြစ်မှုကျူးလွန်သူများကို တရားဥပဒေအရ မျှတစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာ အရေးယူပါရန် တိုက်တွန်းသည်။ ထို့အပြင် နိုင်ငံတကာ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OIC) ၏ ဆက်သွယ်ရေးအဖွဲ့ တရားဝင်လာရောက်နိုင်ရန်နှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ပါရန် လည်း ဆက်သွယ်ခဲ့သည်။ |
| **အင်ဒိုနီးရှား** | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဒေါ်လာ ၁ သန်းဖိုး လူသားချင်းစာနာမှုအကူအညီများ ရခိုင်ပြည် နယ်သို့ ပေးအပ်ရန် ကတိပြုခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါက ရခိုင်ပြည်နယ် သို့ ဇန်နဝါရီလ ၇ ရက် နေ့တွင် သွားရောက်ခဲ့သည်။ ဖွန်လတွင် အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ် တွင် မူလတန်းကျောင်း ၃-ခု ဆောက်လုပ်ရန် ဒေါ်လာ ၁ သန်းကို ကူညီမည်ဟု ကြေညာခဲ့သည်။ |
| **နိုင်ငံတကာ အစ္စလာမ်မစ် ပူးပေါင်း ဆောင်ရွက်မှု အဖွဲ့ (OIC)** | နိုဝင်ဘာလ ၁၄-၁၆ - ယင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် အက်မီလီဒင် အီဆန်နိုလူ (Ekmeleddin Ihsanoglu) ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်လာသော OIC ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ဂျီဘိုတီ၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီး ရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဗျ .. စသည့် OIC အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ လာရောက်ခဲ့ကြသည်။<br><br>OIC အဖွဲ့က နေပြည်တော်အစိုးရထံသို့ မူဆလင်ဆန့်ကျင်ရေး လှုပ်ရှားမှုများ အဆုံးသတ်ရန်၊ ယင်းပြဿနာကို လုံခြုံရေးကောင်စီနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်ပြ၍ အဖြေရှာရန်၊ မြန်မာနိုင်ငံတွင် မူဆလင်များအပေါ် အကြမ်းဖက်မှုများကို အဆုံးသတ်စေရန် အစဉ်သဖြင့် တောင်းဆို နေခဲ့ပါသည်။ OIC အထွေထွေအတွင်းရေးမှူးချုပ်က ဥရောပသမဂ္ဂ နှင့် မကြာသေးမီက ဇွန်လ ၂၅ ရက်နေ့တွင် တွေ့ဆုံရာ၌ ဥရောပသမဂ္ဂ ကော်မရှင် ဥက္ကဋ္ဌ ဟိုဆေး မန်နျူယယ် ဘာရိုဆို၊ EU နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေး၊ အကူအညီပေးရေး နှင့် အကျပ်အတည်း တုံ့ပြန်မှုဆိုင်ရာ ကော်မရှင်နာ ခရစ်တာလီနား ဂျော်ဂျီဗာကို မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မူဆလင်များအတွက် အရေးပေါ်ဆောင်ရွက်မှုများ ပြုပါရန် တောင်းဆိုခဲ့သည်။ အီဆန်နိုလူ (Ekmeleddin Ihsanoglu) က အလေးပေးပြောကြားရာ၌ ရိုဟင်ဂျာ ဒုက္ခသည်များထံ နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများ သွား |

| | |
|---|---|
| | ရောက်နိုင်ရေး ဖိအားပေးပါရန် တောင်းဆိုခဲ့သည်။ OIC အထွေထွေအတွင်းရေးမှူး၏ ထုတ်ပြန် ကြေညာချက်တွင် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသား ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ (ဒီဇင်ဘာ ၁၀ ရက်)။ |
| **ကာတာ** | ယူနစ် ၄၈၀ ပါဝင်သည့် လူနေအိမ်ဝင်းပေါင်း ၆၀ ကို ရခိုင်ပြည်နယ်တွင် ဆောက်လုပ်ပေးမည်ဟု ကာတာနိုင်ငံ လခြမ်းနီအဖွဲ့ (QRC) က ကြေညာသည်။ မိသားစု ၄၈၀ ကို နေရာချထားပေးရန် ဖြစ်ပြီး၊ (ယာယီ လူ ၃၀၀၀ နေထိုင်နိုင်မည်) ၂၀၁၃ ခုနှစ်၊ မတ်လတွင် အကျိုးခံစားခွင့်ရှိသူများထံ လွှဲပြောင်းပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ |

# ၄။ (နိုင်ငံတကာနှင့် ပြည်တွင်း) အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ပြည်တွင်းနှင့် အရပ်ဖက် အဖွဲ့အစည်းများက လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဖြည့်ဆည်း ဆောင်ရွက်နေကြပါသည်။ ငြိမ်းချမ်းရေးလုပ်ရှားမှု ကမ်ပိန်းများ ဆောင်ရွက်ခြင်းမှသည်၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေး အကျိုးဆောင်ပေးသည့် လုပ်ငန်းများအထိ ဆောင်ရွက်နေကြပါသည်။

***အောက်ဖော်ပြပါ အဖွဲ့များမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုက်ရိုက်ပါဝင် ပတ်သက်နေကြသည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ဖြစ်ပါသည်-***

**ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (PCG)-** ယင်းကို ကချင်စီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ အစိုးရနှင့် KIO အကြား အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာအောင် ကူညီပေးခဲ့ပါသည်။ အင်အားစု နှစ်ဖက်စလုံးနှင့် ဆက်ဆံရေးကောင်းမွန်သည့်အတွက်ကြောင့် ကနဦးတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေးကို အရေးပါသည့် အခန်းကဏ္ဍမှ အကျိုးဆောင်ပေးနိုင်ခဲ့ပါသည်။ ယင်းအဖွဲ့ခေါင်းဆောင်များက KIO နှင့် ဆက်သွယ်ပေးရာတွင် အရေးပါသည့်သူများ ဖြစ်ကြပြီး၊ KIO ကိုယ်စားလှယ်များအတွက် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ ကြသည်။ အထူးသဖြင့် KIO ၏ နည်းပညာ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းရာတွင် (ဇူလိုင် ၂၃) တွင် သူတို့က အရေးပါသည့် အခန်းကဏ္ဍမှ ရှိခဲ့ကြပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လိုအပ်သည့် လုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးကြမည် ဖြစ်သည်။ PCG အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးယုဇော်ခေါင်သည် နိပွန် ဖောင်ဒေးရှင်းက စီစဉ်ပေးသည့် ခရီးစဉ်တွင် UNFC ခေါင်းဆောင်များနှင့်အတူ ဂျပန်နိုင်ငံသို့ နိုဝင်ဘာ ၁၃ ရက်နေ့တွင် လိုက်ပါသွားခဲ့သည်။ ရှမ်းအရပ်သားများကို KIO က အတင်းအကျပ် လူသစ်စုဆောင်းမှုအပေါ် ရှမ်းတို့က မြစ်ကြီးနားတွင် ဆန္ဒပြမှု ဖြစ်ပေါ်ပြီးနောက်၊ လူသစ်စုဆောင်းထားသူ ရှမ်းလူငယ်များအားလုံးကို ပြန်လွှတ်ပေးရန်လည်း ဒီဇင်ဘာ လ ၂၀ ရက်နေ့တွင် ၎င်းတို့က အရေးတကြီး တိုက်တွန်းနိုင်ခဲ့ကြသည်။ ဇူလိုင်လ ၉ ရက်နေ့တွင် PCG က ဒေသခံ ခေါင်းဆောင်များ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အစည်း အဝေးတစ်ခု ကျင်းပခဲ့ပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် နည်းပညာအထောက်အကူပြု ကော်မီတီတစ်ရပ် ဖွဲ့စည်း နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**ဥရောပ-မြန်မာရုံး (Euro Burma Office)-** ဥရောပ-မြန်မာရုံး သည် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် မြန်မာအစိုးရအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရန် အဓိကအကျိုးဆောင်ပေးခဲ့သည့် အဖွဲ့တစ်ခု ဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ လက်ရှိ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများအကြား ပူးပေါင်းညှိနှိုင်းရေးနှင့် အားလုံး ဘုံတူညီသည့် ငြိမ်းချမ်းရေးအစီအစဉ် တစ်ရပ် ပေါ်ပေါက်ရေး ဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းများမှာ ဘက်ပေါင်းစုံ ဖြစ်ပြီး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးလှုပ်ရှားမှုများ အတွက် ရန်ပုံငွေရှာဖွေပေးခြင်းမှသည်၊ အရည်အသွေး မြှင့်တင်ပေးရေး လုပ်ငန်းများ၊ ဆက်သွယ်ရေးရုံးများ စတင်ဖွင့်လှစ်နိုင်ရန် ရန်ပုံငွေရှာဖွေပေးခြင်းများ ပါဝင်သည်။ ယင်း အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဟန်ညောင်ဝေမှာ အထူးသဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏လားရာကို ကြိုးကိုင်သူအဖြစ် သြဇာကြီးမားသူ ဖြစ်သည်။ ၎င်း၏အဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး အစိုးရနှင့် တွေ့ဆုံရေး အတွက် ညှိနှိုင်းစည်းဝေးပွဲများ ကျင်းပနိုင်ရန် ဆောင်ရွက်ပေးခဲ့သည့် အဖွဲ့ဖြစ်ပြီး၊ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် တိုင်းရင်း သားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) မဖွဲ့စည်းမီအထိ၊ "တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး" အစည်းအဝေးကို လစဉ် ကျင်းပ ပေးခဲ့သည်။ နောက်ပိုင်းတွင် ၎င်းအလုပ်အဖွဲ့သည် နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲရေးအတွက် တာဝန်ရှိပြီး၊ ယင်းမှတဆင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အမြင်ကို ဖြစ်ပေါ်လာစေခဲ့သည်။ ငြိမ်းချမ်းရေးနှင့် တွေ့ဆုံညှိနှိုင်းမှုအတွက် ပြည်ထောင်စု အင်စတီကျူ (ဉာဏ်ကြီးရှင် အကြံပေးအဖွဲ့သစ်) ကို ဥရောပ-မြန်မာ အဖွဲ့က ရန်ပုံငွေ ထောက်ပံ့ပေးပြီး၊ ယခုအခါ ပြည်ထောင်စု အင်စတီကျူက NCCT အတွက် တစ်ခု တည်းသော တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်နှင့် ပတ်သက်၍

အဓိက မူကြမ်းရေးဆွဲ၊ အကြံပေးနေ သော အဖွဲ့လည်း ဖြစ်သည်။

**တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC)-** ယင်းကို ၂၀၁၂ ခုနှစ်၊ ဖွန်လတွင် ဖွဲ့စည်းခဲ့သည်။ တာဝန်မှာ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုအတွက် အခြေခံမူဘောင် ရေးဆွဲပေးရန် ဖြစ်သည်။ ယင်းအလုပ်အဖွဲ့တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကရော၊ အရပ်ဖက် အဖွဲ့အစည်းများပါ ပါဝင် ဆောင်ရွက်နေကြသည်။ (လူငယ်၊ အမျိုးသမီးနှင့် ပြဿနာကိစ္စများအပေါ် အခြေခံထားသည့် အရပ်ဖက်လူမှုအဖွဲ့ အစည်းများမှ ကိုယ်စားလှယ် ၂ ဦးစီ ပါဝင်ဆောင်ရွက်ခွင့် ရှိကြသည်။)

**တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) အဖွဲ့ဝင်များ**

| သိမြင်များသည့် ပုဂ္ဂိုလ်များ | အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSO) | တိုင်းရင်းသားပြည်နယ် ကိုယ်စားပြု ကိုယ်စားလှယ်များ |
|---|---|---|
| ၁။ ဦးခွန်ဆိုင်းကျိုင်ယင် (SHAN)<br>၂။ ဒေါ်ရှယ်လီဆိုင်း (KWAT)<br>၃။ ဒုဗိုလ်ချုပ်ကြီး တူးတူးလေး (KNU)<br>၄။ ဆလိုင်းလျုံမုန်း (ENC)<br>၅။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ (PNLO) | အမျိုးသမီးအဖွဲ့ ကိုယ်စားလှယ်များ<br>၁။ ဒေါ်မွန်းနေလီ (KWAT, WLB)<br>၂။ စောစံငြိမ်းသူ (RWU, WLB)<br><br>လူငယ်အဖွဲ့ ကိုယ်စားလှယ်များ<br>၁။ နော်ဆိုင်း (SYCB)<br>၂။ ကျားရီရှေး (NY Forum)<br><br>ပြဿနာ အခြေပြုအဖွဲ့များကိုယ်စား<br>၁။ ကိုရွှေ (KESAN)<br>၂။ ကိုစိုင်းစိုင်း (Burma Rivers Network) | ၁။ ဒေါ်စောမြရာဇာလင်း (ALP)<br>၂။ ဆင်ဝါး (KIA)<br>၃။ နော်စီဖိုးရာစိန် (KNU)<br>၄။ နိုင်ဟံသာ (NMSP)<br>၅။ ခူးဦးရယ် (KNPP)<br>၆။ ဒေါက်တာရွှေခါး (CNF)<br>၇။ စောလမွန် (SHAN)<br>၈။ ဗိုလ်မှူးကြီး ပန်ဖ (SSPP) |

**နိုင်ငံတကာ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အုပ်စု (IPSG)-** ၎င်းအဖွဲ့သည် အရည်အသွေးမြှင့်တင်ပေးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံတကာ အဲန်ဂျီအိုများနှင့် ဖွဲ့စည်းထားပြီး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် တရားမျှတသည့်၊ တန်းတူညီသည့် ငြိမ်းချမ်းရေး အဖြစ် ဆွေးနွေးညှိနှိုင်းနိုင်ရန် ပံ့ပိုးကူညီပေးနေပါသည်။ ၎င်း အဖွဲ့သည် အဖွဲ့ဝင် အဖွဲ့အစည်း ၂၀ ခန့်ဖြင့် ပူးပေါင်း ဆောင်ရွက်နေသည့် ပုံမှန် မဟုတ်သော ကွန်ရက်အဖွဲ့အစည်း ဖြစ်ပြီး၊ တစ်လလျှင်တစ်ကြိမ် ဘန်ကောက်တွင် ပူးပေါင်း ညှိနှိုင်းမှုအတွက် တွေ့ဆုံကြပါသည်။ ယင်းအဖွဲ့တွင် နိုင်ငံတကာ အကျပ်အတည်း ကူညီဖြေရှင်းရေးအဖွဲ့ (ICG)၊ လူသားချင်းစာနာမှုဆိုင်ရာ တွေ့ဆုံညှိနှိုင်းမှု ဗဟိုဌာန (Centre for Humanitarian Dialogue - the HD Centre)၊ ဥရောပ-မြန်မာရုံး (EBO)၊ မျှတမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့ (Fairness International)၊ နယ်စပ်တစ်လျှောက် ကူညီထောက်ပံ့ပေးရေး အဖွဲ့ကြီး (The Border Consortium)၊ ဂျီနီဗာ တောင်းဆိုမှုအဖွဲ့ (Geneva Call)၊ နိုင်ငံတကာဖြတ်ကျော် အင်စတီကျူ (Transnational Institute)၊ နီပွန် ဖောင်ဒေးရှင်း၊ ပွင့်လင်းသော လူ့အဖွဲ့အစည်း ဖောင်ဒေးရှင်း (Open Society Foundations)၊ ကမ္ဘာ့ဘဏ်၊ ရှာလုမ် ဖောင်ဒေးရှင်း စသည်တို့ ပါဝင်ကြသည်။ ဥရောပ-မြန်မာရုံးမှ ဟန်ညောင်ဝေ အပါအဝင် အတွင်းရေးမှူး အဖွဲ့ငယ်တစ်ခုလည်း ဖွဲ့စည်းထားသည်။

**ကရင် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ကော်မီတီ (KUPC)-** ယင်းအဖွဲ့မှာ KNU ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပံ့ပိုးကူညီရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ထို့အပြင် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ မီဒီယာများ၊ ပြည်သူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်သည်။ ယင်းအဖွဲ့ကို ကရင်လက်နက်ကိုင် အဖွဲ့အစည်းများ၊ ကရင်နိုင်ငံရေးသမားများ၊ ကရင်အရပ်ဖက် အဖွဲ့အစည်းများ၊ ကရင် ယဉ်ကျေးမှုနှင့် ဘာသာရေးအုပ်စုများက ၂၀၁၂ ခု နှစ်၊ ဧပြီလ ၈ ရက် နေ့တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ KUPC ရဲ့ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁ တွင် ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး၊ ကရင် နယ်ခြားစောင့်တပ်များ (BGFs)၊ ကရင်လွှတ်တော်အမတ်များ၊ ကရင်ပြည်သူများ အပါအဝင်၊ ကရင်လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ညီညွတ်ရေးဖြင့် ငြိမ်းချမ်းရေးကို အရယူနိုင်ရန် အချက် ၄ ချက်ကို သဘောတူညီခဲ့ကြသည်။[77]

77 "KUPC decided 4 points for future plan", Saw Tun Lin, *Karen Information Centre*, 22 Nov. 2013. Web.

**မွန်ပြည်နယ် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး ကော်မီတီ-** ၎င်းအဖွဲ့ကို မော်လမြိုင်မြို့နယ်တွင် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးအတွက် ဆွေးနွေးပွဲသင်တန်းတစ်ခု အပြီး ၂၀၁၃ ခုနှစ်၊ ဖွန်လ ၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။[78] စောင့်ကြည့်လေ့လာရေး ကော်မီတီတွင် အုပ်စု ၆-ခုမှ ကိုယ်စား လှယ် ၁၅ ဦး ပါဝင်သည်။ ၎င်းအုပ်စုတို့မှာ ၁။ နိုင်ငံရေး ပါတီများနှင့် လွှတ်တော်အမတ်များ၊ ၂။ အရပ်ဖက် အဖွဲ့အစည်းများ၊ ၃။ လူငယ်အုပ်စုများ၊ ၄။ တိုင်းရင်းသား ယဉ်ကျေးမှု အုပ်စုများ၊ ၅။ ဆွေးနွေးပွဲတက်ရောက်သည့် တသီးပုဂ္ဂလ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

**အခြား-** အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ပြည်သူများ၏ အရေးကြီးသည့် အသံပင် ဖြစ်သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပြည်သူ့အသံကြားနိုင်ရန် အစီရင်ခံစာများမှတဆင့်၊ လူပ်ရှားမှု ကမ်ပိန်းများမှတဆင့်၊ ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်များမှ တဆင့် တင်ပြနေသော အဖွဲ့အစည်းများ ဖြစ်သည်။ ထို့အပြင် သူတို့က အစိုးရနှင့် ပူးတွဲ၍ လုပ်ငန်းအချို့တွင် ပါဝင်ဆောင်ရွက်နေကြသည်။ (ဥပမာ- သယံဇာတ ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းမှု EITI ၏ အင်အားစုပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့တွင် ဖြစ်ပြီး၊ မူဝါဒများ ချမှတ်ရေး၊ သက်ဆိုင်သည့် လူမှု၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် အရေးကိစ္စများ ဆောင်ရွက်လှုပ်ရှားနေကြသည်။

78 Interview with Than Lwin Times editor

# ၅။ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်နေသူများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်စဉ်အတွက် နိုင်ငံတကာမှ ရန်ပုံငွေ နှင့် အကူအညီများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေး၊ အကျိုးဆောင်ရေးနှင့် ကြားဝင်ဖျန်ဖြေပေးရေး တို့တွင် မရှိမဖြစ် အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများတွင် နိုင်ငံတကာက စိတ်ဝင်စားကြသည့် အတွက်ကြောင့်လည်း နိုင်ငံခြားခေါင်းဆောင်အများ လာရောက်လည်ပတ်ခဲ့ကြသည်။ ယင်းတို့တွင် ယခင် နိုင်ငံခေါင်းဆောင်ဟောင်းများလည်း ပါဝင်ကြပြီး၊ ထိုသူများက မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထောက်ခံကြောင်းလည်း ဖော်ပြခဲ့ကြသည်။ ယခင် အမေရိကန်သမ္မတဟောင်း ဘီလ် ကလင်တန်၊ ယခင် UK ဝန်ကြီးချုပ်ဟောင်း တိုနီ ဘလဲယားနှင့် "နိုင်ငံတကာ သက်ကြီးဝါကြီးများ" (the elders) အုပ်စုတွင် ယခင်သမ္မတဟောင်း ဂျင်မီကာတာ၊ ယခင် ဖင်လန်သမ္မတဟောင်း မာတီ အာတီဆာရီ (Martti Ahtisaari)၊ ယခင်နော်ဝေ ဝန်ကြီးချုပ် ဂရို ဟာလမ် ဘရန့်ဒ်လန်း (Gro Harlem Brundtland) တို့လည်း လာရောက်ခဲ့ကြသည်။ မြန်မာအစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘတ်ဂျက် သတ်မှတ်ထားခြင်း မရှိသည့်အတွက်ကြောင့်လည်း (၂၀၁၃ ခုနှစ်တွင် အရေးပေါ်ရန်ပုံငွေ ကျပ် တစ်သန်းမှ လွဲ၍ မရှိပါ) လုပ်ငန်းစဉ်များ အလျင်အမြန် အကောင်အထည်ဖော်ရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ရှေ့ဆက်နိုင်စေရန်အတွက် နိုင်ငံရပ်ခြား အကူအညီများက အရေးပါခဲ့သည်။

သို့သော်လည်း နိုင်ငံတကာအကူအညီများသည် သူတို့နိုင်ငံ အကျိုးစီးပွားများ၏ နိုင်ငံရေးနှင့် ယှဉ်တွဲနေတတ်ရာ၊ ပြဿနာများလည်း ရှိပါသည်။ သို့အတွက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံခြားအဖွဲ့အစည်းများမှာ သူတို့၏လှုပ်ရှားဆောင်ရွက်မှု၊ ဘဏ္ဍာငွေကြေး ထောက်ပံ့မှု၊ သို့မဟုတ် ကူညီပံ့ပိုးပေးသည့် အစီအစဉ်များတွင် အမြဲတမ်း မပွင့်လင်းကြဟု ပြောဆိုနေကြခြင်း ဖြစ်သည်။ ထို့အပြင် နိုင်ငံရပ်ခြား အကူအညီများက နိုင်ငံရေး ကျေလည်မှု မရခင် ဖွံ့ဖြိုးရေးကိစ္စများကို ဦးစားပေးကြသည်ဟု ဝေဖန်ပြောဆိုမှုများ ရှိနေပြီး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကလည်း သူတို့၏အကျိုးစီးပွားထက် အစိုးရကို ဦးစားပေးနေသည်ဟု ခံစားနေကြရပါသည်။ ဧရာဝတီသတင်းဌာန နှင့် KNLA ၏ ဒု-ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး ဘောကျော်ဟဲက ပြောဆိုရာ၌၊ အစိုးရက ဖွံ့ဖြိုးရေး စီမံကိန်းများအပေါ် အခွင့်ကောင်းယူ အမြတ်ထုတ်နိုင်ကြောင်း၊ ထို့အပြင် အစိုးရမဟုတ်သည့် အဖွဲ့အစည်း အဲန်ဂျီအိုများကို အသုံးချ၍ တိုင်းရင်းသားနယ်မြေများတွင် အစိုးရက သူတို့တည်ရှိနေမှု၊ ထိန်းချုပ်ထားမှုများကို အားကောင်း ခိုင်မာလာအောင် ပြုမည်ဟု၊ တမီးလ်သူပုန်များနှင့် သီရိလင်္ကာအစိုးရကို ဥပမာပေး၍ ပြောဆိုခဲ့သည်။[79] မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ ပံ့ပိုးမှုအဖွဲ့ (MPSI) ၏ အကြံပေး အက်ရှလေ ဆောက်သ် (Ashely South) ကလည်း နိုင်ငံတကာ အလှူရှင်များအနေဖြင့် အစိုးရလမ်းကြောင်းမှ တဆင့် ပံ့ပိုးကူညီနေခြင်းကို ကျေနပ်နေသည့် အပေါ် သတိပေး ပြောဆိုခဲ့ပြီး၊ နိုင်ငံ၏ ရှုပ်ထွေးပွေလီသည့် နောက်ခံအခြေ အနေကို အပြည့်အဝနားလည်သင့်သည်ဟု ဆိုသည်။[80]


၂၀၁၃ ခုနှစ်၊ ဖွန်လတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ နိုင်ငံတကာ ရန်ပုံငွေများ အပေါ် အလွန်အကျွံမှီခိုနေခြင်းကို ဝေဖန်ပြောဆိုခဲ့သည်။ သို့အတွက်ကြောင့် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေး ကောင်စီ (NDSC) က ပြည်သူ့ရန်ပုံငွေများကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ပြီး၊ နောက်ပိုင်းတွင် သမ္မတရုံးက လွှတ်တော်သို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျပ်သန်း ၇၀၀၀ (အမေရိကန်ဒေါ်လာ ၇.၁ သန်း) ကို ယခုနှစ်ငြိမ်းချမ်းရေး အသုံးစားရိတ်အဖြစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံခဲ့သည်။

ယခုအချိန်တွင် နိုင်ငံရပ်ခြားအကူအညီ အများစုမှာ လူသားချင်းစာနာမှုအတွက်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ထောက်ပံ့ပေးရန်၊ အကောင်အထည်ဖော်ရန်သာ ပံ့ပိုးပေးနေခြင်း ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင်၊ မြန်မာစစ်တပ်နှင့် ချဉ်းကပ် ဆက်ဆံမှုများ သိသိသာသာတိုးတက်များပြားလာခဲ့ပြီး၊ သင်တန်းများပေးခြင်း၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် အတွေ့အကြုံဖလှယ်ခြင်းများ ပြုခဲ့ကြသည်။ နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် စစ် တပ် ခေါင်းဆောင် အကြီးအကဲများတွင် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်္ကာပူ၊ ယူကေ နှင့် ရုရှားနိုင်ငံများမှ အကြီးအကဲများ ပါဝင်သည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအတွက် စစ်တပ်ခြင်း နီးကပ်စွာ ဆက်ဆံရေးကို လုပ်ဆောင်ရန် အမေရိကန်ပြည်ထောင်စုက ဆန္ဒရှိနေသော်လည်း၊ အထက်လွှတ်တော် ဆီးနိတ် အမတ်များထံမှ ပြင်းထန်

79 Saw Yan Naing. "Interview: Is Naypyitaw Learning Sri Lanka to end Civil War?" *The Irrawaddy* 29 Jan 2014. Web.
80 South, Ashley. "Inside the peace process". *Myanmar Times*, 6 Jan. 2014. Web.

သည့် ဆန့်ကျင်ကန့်ကွက်မှုများ ကြုံတွေ့နေရသည်။ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ပူးပေါင်းညှိနှိုင်းရေးရုံး (OCHA) ၏ လူသားချင်းစာနာမှု လက်ကမ်းလွှာ (Humanitarian Bulletin)- မြန်မာနိုင်ငံ (အောက်တိုဘာ-နိုဝင်ဘာ ၂၀၁၃ ခုနှစ်ထုတ်) အရ မြန်မာနိုင်ငံတွင် အများဆုံး လူသားချင်းစာနာမှု ကူညီပေးနေသည့်နိုင်ငံ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအရ အများဆုံးလှူဒါန်းသူများ*




## နိုင်ငံရပ်ခြား လေ့လာစောင့်ကြည့်သူများ

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ အကြား ဆက်လက်တည်ရှိနေသည့် မယုံကြည်မှု သံသယများကြောင့်၊ တိုင်းရင်းသား အုပ်စုများဖက်မှ နိုင်ငံခြားလေ့လာ စောင့်ကြည့်နေသူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ရှိနေရန် တောင်းဆိုတတ်ကြသည်။ မေလ ၂၉ ရက်နေ့က KIO မှ ဗိုလ်ချုပ်ဂွမ်မော်က ပြောဆိုရာတွင်၊ ဆွေးနွေးပွဲတွင် ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုမှ လေ့လာသူများ ရှေ့မှောက်တွင်သာ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်မည်ဟု ဆိုခဲ့သည်။ တရုတ်ပြည်မှ အထူးသံကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ်တို့သာ KIO နှင့် အစိုးရ တွေ့ဆုံမှုတွင် လေ့လာသူအဖြစ် တက်ရောက်နိုင်ခဲ့ကြသည်။ ဂျပန်နိုင်ငံမှ အထူးသံ ဆာဆာကာဝါကမူ UNFC နှင့် ဆွေး နွေးပွဲတွင် တက်ရောက်ခဲ့သည်။ အမေရိကန်သံအမတ် အဲရင် ဝက်ဘ်စတာမိန်း (Erin Webster Main) သည် ဇွန်လ ၁၉ ရက်နေ့ KNPP နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

## အိမ်နီးချင်း နိုင်ငံများ

**တရုတ်နိုင်ငံ-** အိမ်နီးချင်းဖြစ်သလို၊ အင်အားကြီးနိုင်ငံ ဖြစ်သည့်အတွက်ကြောင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဆုံးချက်အခန်းကဏ္ဍမှနေ၍ ဆက်ပြီး အရေးပါနေပါသည်။ လက်ရှိပဋိပက္ခကြောင့် ပျံ့နှံ့လာသည့် ဆိုးကျိုးများနှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၎င်း၏ အမျိုးသားလုံခြုံရေးအပေါ် မည်မျှ တိုက်ရိုက်သက်ရောက်နေသည်ကို သိသာနိုင်ပါသည်။ သို့အတွက်ကြောင့် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် အကျိုးစီးပွားမှာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကြီးများသာမကဘဲ၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး ကိစ္စများလည်း ပါဝင်သက်ရောက်နေပါသည်။

အစိုးရက KIA သို့ ထိုးစစ်ဆင်စဉ်ကာလတွင် ယခုနှစ်ဆန်းပိုင်း၌ တရုတ်နိုင်ငံတွင်းသို့ ဗုံး ၃ လုံးကျူးကျော် ကျရောက်ခဲ့ရာ၊ တရုတ်နိုင်ငံက ၎င်း၏တပ်များကို မြန်မာနယ်စပ်တွင် ချထားခဲ့သည်အထိ ဖြစ်ခဲ့သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်နှင့် တရုတ်နိုင်ငံ၏ အထူးသံတမန်၊ နိုင်ငံခြားရေး ဒုဝန်ကြီး ဖူယင်း (Fu Ying) နှင့် စစ်ရေးကိုယ်စားလှယ်အဖွဲ့တို့ ရန်ကုန်တွင် တွေ့ဆုံခဲ့ကြပါသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများက မြန်မာ့တပ်မတော်နှင့် ပထမဦးဆုံးအကြိမ် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြသည်။ နယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရန် နှစ်

ဖက်ကြိုးပမ်း ဆောင်ရွက်ကြမည်ဟု သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံက ပထမဦးဆုံးအကြိမ် (အာရှရေးရာဆိုင်ရာ- အထူးသဖြင့် မြန်မာပြည်အတွက်) အထူးသံကိုယ်စားလှယ်အဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ယခင်ဒုဝန်ကြီး ဝန် ယင်ဖမ်း (Wang Yingfan) ကို မတ်လ ၁၁ ရက်နေ့တွင် ခန့်အပ်ခဲ့ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘော ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောဆိုခဲ့သည်။ ဤသို့ခန့်အပ်မှုမှာ အစိုးရက KIO ၏ ဌာနချုပ်လိုင်ဇာကို ထိုးစစ်ဆင်မှုများပြီးနောက်၊ ပြန်လည်စတင်သည့် ဆွေးနွေးပွဲ ပထမနေ့တွင်ပင် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ သိရသည်မှာ ယခုပြန်လည်စတင်သည့် ဆွေးနွေးပွဲသည် တရုတ်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်ကြောင့်သာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပြီး၊ အစည်းအဝေးကို တရုတ်မြေပေါ်၊ ရွှေလီတွင် ကျင်းပခဲ့သည်။ တရုတ်အစိုးရက ဝါရင့်သံ ယန်ဟောင်လန်း (Yang Houlan) ကို မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် မတ်လတွင် ခန့်အပ်ခဲ့ပြီး၊ လေ့လာသူများ အဆိုအရ တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်မည်ဟု မျှော်လင့်ထားကြသည်။ တရုတ်နိုင်ငံက နယ်စပ်တွင် အစိုးရမဟုတ်သည့် အင်အားကြီး လက်နက်ကိုင် အင်အားစုများမှ ခေါင်းဆောင်များနှင့်၊ အထူးသဖြင့် UWSA, NDAA တို့နှင့် နီးကပ်သည့် ဆက်ဆံရေး ဆက်လက် ထားရှိလျက် ရှိသည်။ အထူးသံကိုယ်စားလှယ်နှင့် သံအမတ်တို့က အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ၈၈-မျိုးဆက် ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ကြသည်။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်များကို တရုတ်နိုင်ငံသို့ အလည်အပတ် ဖိတ်ခေါ်ခဲ့သည်။

အချို့သော လေ့လာသုံးသပ်သူများ အဆိုအရ ၂၀၁၃ ခုနှစ်၊ ကချင်ညှိနှိုင်းဆွေးနွေးမှုများတွင် တရုတ်နိုင်ငံက ကြားဝင်ဆောင်ရွက်ခဲ့ပြီး၊ အကြောင်းမှာ ကချင်ပြဿနာကို "နိုင်ငံတကာအရေးသဖွယ် လုပ်ဆောင်လာမည်ကို စိုးရိမ်သောကြောင့်" နှင့် တရုတ်နယ်စပ်တွင် အမေရိကန်နိုင်ငံ၏ အခန်းကဏ္ဍရှိလာမည် စိုးရိမ်သောကြောင့်ဟု ဆိုကြသည်။[81] ရွှေလီတွင် ကျင်းပသည့် မတ်လ ၁၁ ရက်နေ့ ဆွေးနွေးပွဲ၌ ထုတ်ပြန်ကြေညာချက်တွင် နိုင်ငံတကာ တတိယအင်အားစု ကိုယ်စားလှယ်များ ဖိတ်ကြားမည့်အပိုဒ်ကို ကချင်အထူးသံကိုယ်စားလှယ်က တိုက်ရိုက်ငြင်းပယ်ခဲ့သည်။ ဤသို့ကြားဝင် ဆောင်ရွက်မှုအပေါ် သတင်းများအရ KIA နှင့် အစိုးရကိုယ်စားလှယ်များက အမျက်ထွက်ခဲ့ကြပြီး၊ ယင်းတို့က တရုတ်နိုင်ငံတွင် နောက်ထပ် ဆွေးနွေးပွဲများ ကျင်းပရန် ငြင်းဆန်ခဲ့ကြသည်။ တရုတ် အထူးသံကိုယ်စားလှယ်ကိုလည်း ဖိတ်ကြားခြင်း မရှိကြပေ။ သို့သော် မေလဆွေးနွေးပွဲတွင် တရုတ်နိုင်ငံကို အကြောင်းကြားခြင်း မရှိဘဲ၊ ကုလသမဂ္ဂ အထူးသံကို တက်ရောက်ရန် ဖိတ်ကြားခဲ့ကြသည်။ တရုတ်သံရုံးက ယင်း၏နိုင်ငံရေး ကောင်စစ်ဝန်နှင့် အခြားအရာရှိအချို့ကို စေလွှတ်ခဲ့သည်။ မတ်လ ဆွေးနွေးပွဲတွင် တရုတ်တို့က ချယ်လှယ်မှုတွေ ရှိခဲ့သော်လည်း "ကချင်အရေးကို နိုင်ငံတကာ ပြဿနာသဖွယ်" ဆောင်ရွက်ရန် တားဆီးမှုဖြစ်စေခဲ့ခြင်းကြောင့် တန်ဖိုးရှိသည်ဟု ဆိုရမည် ဖြစ်သည်။ ညှိနှိုင်းမှု ရလဒ်အဖြစ် တရုတ်က နောက်သို့ဆုတ်၍ ကချင်အရေး ဆွေးနွေးပွဲများတွင် ကုလသမဂ္ဂ၏ ပါဝင်ဆောင်ရွက်မှုကို လက်ခံခဲ့သည်။



*မြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်နှင့် တရုတ်နိုင်ငံ အထူးသံကိုယ်စားလှယ် ဖူယင်း (Fu Ying) တို့ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် တွေ့ဆုံပွဲအပြီး၌ အုပ်စု လိုက်ဓာတ်ပုံရိုက်ရန် ကိုယ်စားလှယ်နှစ်ဖွဲ့မှ ကိုယ်စားလှယ်များ နေရာယူနေကြစဉ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်။ (ဓာတ်ပုံ Xinhua/ Jin Fei)*

81 Yun, Sen. "China, the United States and Kachin Conflict", Stimson Centre Issue Brief No. 2. January 2014.

ပြည်သူ့စစ်ခေါင်းဆောင် နော်ခမ်းနှင့် အပေါင်းပါ ၃ ဦးကို ယူနန်ခရိုင်၊ ကူမင်းမြို့တွင် မတ်လ ၂ ရက်နေ့၌ တရုတ် အာဏာပိုင်တို့က လူသိထင်ရှား ကွပ်မျက်ခဲ့သည်။ မဲခေါင်မြစ်အတွင်းတွင် ၂၀၁၁ ခုနှစ်အတွင်း တရုတ်သင်္ဘောသား ၁၃ ဦးကို သတ်ဖြတ်မှုအတွက် တုံ့ပြန် အပြစ်ပေးခဲ့ခြင်းလည်း ဖြစ်သည်။ ယင်းမှာ အကျယ်အပြန့် ဖြစ်ပွားနေသည့် မူးယစ်ဆေးကုန်သွယ်မှုနှင့် တိုင်းရင်းသားပဋိပက္ခတို့က တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ဆက်နွယ်နေမှုကို ပြသနေခြင်း ဖြစ်သည်။ ယင်းသို့ ကွပ်မျက်မှုကို ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသခြင်းမှာ ကျင့်ဝတ်နှင့်မလျော်ညီဟု နိုင်ငံတကာမီဒီယာစုက ပြစ်တင်ဝေဖန်ကြသော်လည်း၊ Global Times (ဂလိုဘယ်လ်တိုင်းမ်) သတင်းစာ ဆောင်းပါးတစ်ခုက ယင်းလုပ်ရပ်မှာ အစိုးရတစ်ခုက ယင်း၏ နိုင်ငံသားများကို ပြည်ပတွင် မည်သို့မည်ပုံ ကာကွယ်ပေးမှုကို ပြသခြင်းပင် ဖြစ်ကြောင်း ရေးသားခဲ့သည်။ "တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးတွင် ရှေ့သို့ ခြေတစ်လှမ်းတက်မှု" ဟုလည်းကောင်း၊ "နိုင်ငံနှင့် ပြည်သူများအကြား ဆက်ဆံရေးတွင် သိသာထင်ရှားသည့် ဖြစ်ရပ်" ဟု ဖော်ပြခဲ့သည်။[82]

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ-** မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခနှင့် အကြမ်းဖက်ဝါဒ၊ ဘာသာရေး တင်းမာမှု၊ မူးယစ်ဆေးထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အန္တရာယ်တို့ကြောင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပျံ့နှံ့ထွက်လာသည့် မလုံခြုံမှုအန္တရာယ် ခြိမ်းခြောက်မှု အကြီးအကျယ် ခံစားနေရသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံမှ တရားမဝင် ရောက်ရှိနေသူ လူ ၃၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ပြဿနာကို နိုင်ငံအဆင့် မဟာဗျူဟာတစ်ရပ်အနေနှင့် ကိုင်တွယ်ရန် ဝန်ကြီးအဆင့်အဖွဲ့အစည်း တစ်ရပ်ကို စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ အိန္ဒိယနိုင်ငံမှ အေဂျင်စီ အဖွဲ့အစည်းများကလည်း မြန်မာ-ဘင်္ဂလား ဒေ့ရှ်နယ်စပ်အရေးမှနေ၍ များမကြာမီ အနာဂတ်တွင်၊ ဘာသာရေးဂျီဟတ်စစ်ပွဲသစ် နယ်မြေတစ်ခု ဖြစ်ပေါ်လာမည်ကို စိုးရိမ်စိတ်ပွားနေကြသည်။[83] အခြားထင်ရှားသည့် ဖြစ်ရပ်တစ်ခုမှာ နယ်စပ်ကုန်သွယ်ရေးအတွက် ဇွန်လ ၂၂ ရက်နေ့ တွင် ပူးတွဲကော်မီတီ ဖွဲ့စည်းခြင်း နှင့် ဇွန်လ ၇ ရက်နေ့တွင် ပထမဦးဆုံးအကြိမ် မြန်မာရေတပ် စစ်သင်္ဘော စစ်တကောင်းဆိပ်ကမ်းသို့ သွားရောက် လည်ပတ်ခဲ့ခြင်းပင် ဖြစ်သည်။

**အိန္ဒိယနိုင်ငံ-** အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံနှင့် စစ်ရေးအရ ခိုင်မာသော ဆက်ဆံရေးရှိသည်။ ယခုနှစ်တွင် အိန္ဒိယ ကာကွယ်ရေးဝန်ကြီး အေ ကေ အန်တိုနီက မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၂၂-၂၃ တွင် လာရောက်လည်ပတ်ခဲ့ပြီး၊ မတ်လတွင် ရေတပ်ပူးတွဲစစ်ရေး လေ့ကျင့်ခန်းတစ်ခု ပြုလုပ်ခဲ့သည်။ ဇူလိုင်လတွင် အိန္ဒိယစစ်တပ် ကိုယ်စားလှယ်အဖွဲ့ တစ်ခု လာရောက်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ဆာလ်မန် ခါရှစ် (Salman Khurshid) နှင့် လေတပ်အကြီးအကဲ မာရှယ် အဲန် အေ ကေ ဘရောင်း (N A K Browne) တို့ နိုဝင်ဘာ-ဒီဇင်ဘာလတွင် လာရောက်လည်ပတ်ခဲ့ကြပြီး၊ နှစ်နိုင်ငံအကြား စစ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် လာရောက်ခဲ့ကြသည်။ ယင်းကိစ္စများတွင် မြန်မာ စစ်တပ်များကို အရည်အသွေး မြှင့်တင်ရေးနှင့် နယ်စပ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေး ကိစ္စများ ပါဝင်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံက နယ်စပ်ရှိ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေး အတွက်လည်း ထောက်ပံ့ပေးနေပြီး၊ အိန္ဒိယအရှေ့မြောက် ဒေသရှိ အိန္ဒိယသူပုန်များ မြန်မာနယ်မြေအတွင်း အခြေစိုက်နေသည့်အရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများလည်း ပါဝင်သည်။

**ထိုင်းနိုင်ငံ-** ထိုင်းနိုင်ငံက မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ခပ်ရှိုရှို နောက်ကွယ်ကသာ နေသည်။ လက်နက်ကိုင် တိုင်းရင်းသား မဟာမိတ်အဖွဲ့ UNFC အခြေစိုက်ရာ ဖြစ်ပြီး၊ ယင်းအဖွဲ့များနှင့် အစိုးရဆွေးနွေးပွဲများကို အိမ်ရှင်ပြုကျင်းပရာ နေရာလည်း ဖြစ်သည်။ နှစ်နိုင်ငံအတွင်း အဓိကကျသည့် ပြဿနာများမှာ မူးယစ်ဆေး ကုန်သွယ်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး မဟာမိတ်ဖွဲ့ ဆောင်ရွက်မှု၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည်အများနှင့် ရွှေ့ပြောင်းလုပ်သား လူဦးရေ အများအပြား တည်ရှိနေခြင်းပင် ဖြစ်သည်။ ယခုနှစ်တွင် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိများ ကော်မီတီ ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး၊ ထိုင်း-မြန်မာ နှစ်နိုင်ငံ တပ်မတော်အကြီးအကဲများက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများ) အသင်း-** အာဆီယံအသင်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစဉ်သဖြင့် ထောက်ခံပံ့ပိုးမှု ရှိပြီး၊ အတွေ့အကြုံများလည်း ဖလှယ်ဝေငှခဲ့သည်။ ဥပမာအားဖြင့်- ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး နှင့် ငြိမ်းချမ်းရေး ဆယ်မီနာကို ရန်ကုန်၌ ကျင်းပခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် ဒု-ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလည်း ဇန်နဝါရီလတွင် စင်္ကာပူ ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး၊ ဇူလိုင်လတွင် မလေးရှား ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံခဲ့သည်။

---

82 "Naw Kham's sentence a milestone for safety of Chinese", *Global Times*, 7 November 2012. Web.

83 Bharti, Jane. "LeT, IM busy opening teror front Bangla-Myanmar border, intel inputs say". *Times of India*, 21 July 2013. Web.

## အခြားနိုင်ငံများ

**ဂျပန်နိုင်ငံ-** မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံက နိပွန်ဖောင်ဒေးရှင်းမှတဆင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပြီး၊ UNFC သို့ အဓိက ထောက်ပံ့ပေးနေသူ နိုင်ငံရပ်ခြား အလှူရှင်လည်း ဖြစ်သည်။ နိပွန်ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ ယိုဟဲအိ ဆာဆာကာဝါကို မြန်မာနိုင်ငံတွင် တိုင်းရင်းသားများနှင့် ပြန်လည်ရင်ကြားစေ့ရေး ရရှိစေရန် တရားဝင် ဂျပန်နိုင်ငံ၏ တရားဝင် ကိုယ်စားလှယ်အဖြစ်လည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ခန့်အပ် ထားခဲ့သည်။ ယခင်က "ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ လူမှုဖူလုံရေးအတွက် ချစ်ကြည်ရေး သံအမတ်" အဖြစ် ၂၀၁၂ ခုနှစ်၊ ဇွန်လက ခန့်အပ်ထားမှုကို အဆင့်မြှင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ယခင်က သူ၏ ကဏ္ဍမှာ လူသားချင်းစာနာမှု အခန်းကဏ္ဍအတွက်သာ ရှိသော်လည်း၊ ယခုတာဝန်ပေးမှုအသစ်အရ အမျိုးသားဝန်ထမ်း တစ်ဦးအဖြစ် မြန်မာအစိုးရ၊ တိုင်းရင်းသား အဖွဲ့များအကြား၊ မြန်မာအစိုးရနှင့် အခြားနိုင်ငံများအကြား အပစ်အခတ် ရပ်စဲရေး နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ကူညီပေးရန် အထူးတာဝန် ရှိလာသည်။[84]


*တိုကျိုတွင် UNFC က ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် တွေ့ဆုံစဉ်*

မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်တွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ ဦးဆောင်သည့်၊ အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့သည် ဂျပန်နိုင်ငံသို့ သွားရောက်၍ ဝန်ကြီးချုပ်၊ ဒု-ဝန်ကြီးချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးတို့နှင့် တွေ့ဆုံနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အနာဂတ်တွင် တိုင်းရင်းသား လူမျိုးများ၏ အခန်းကဏ္ဍ အရေးကြီးကြောင်း ထပ်မံအတည်ပြု ပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးဆွေးနွေးမှု၊ ဆင်းရဲမှု လျော့ကျရေးနှင့် လူနေမှုအဆင့် မြင့်မားလာစေရေးအတွက် နိပွန်ဖောင်ဒေးရှင်း မှတဆင့် ကူညီပံ့ပိုးပေးသွား မည်ဟု ဆွေးနွေးခဲ့သည်။

နိပွန်ဖောင်ဒေးရှင်းက UNFC နှင့် တရားဝင် နားလည်မှုစာချွန်လွှာ (MOU) ကို ၂၀၁၂ ခုနှစ်တွင် ရေးထိုးခဲ့ပြီး၊ အမေရိကန် ဒေါ်လာ ၃ သန်းတန် လူသားချင်းစာနာမှု အကူအညီများ ဖြန့်ဖြူးပေးရန် သဘောတူညီခဲ့သည်။ ရန်ပုံငွေ လျှောက်ထားမှုကို ထိုင်း-ဂျပန် ပညာရေးဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း (TJEDF) အောက်ရှိ၊ မဲခေါင်မြစ်ဝှမ်း ရပ်ဝန်းဒေသ စိုက်ပျိုးရေး နှင့် ပညာရေးဖွံ့ဖြိုးမှု စင်တာ (GMSAED) နှင့် ယင်းဖောင်ဒေးရှင်းက တာဝန်ယူစီမံခန့်ခွဲ ဆောင်ရွက်သည်။ မတ်လတွင် ဂျပန်အစိုးရက ဒေါ်လာ ၁၂ သန်းကျော်ကို ဂရန့်ချပေးခဲ့ပြီး၊ ယင်းကို ဂျပန်နိုင်ငံရှိ အစိုးရမဟုတ်သော ဂျပန်အဖွဲ့အစည်းများ၊ မြန်မာအစိုးရနှင့် ဆက်စပ်နေသည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (Myanmar Peace Centre) (ဒေါ်လာ ၁.၂ သန်း) တို့ကလည်း လက်မှတ်ရေးထိုးကြရသည်။[85] ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်၊ ဂျပန်နိုင်ငံ က အမေရိကန်ဒေါ်လာ ၉၆ သန်းကို လာမည့် ၅-နှစ်တွင် စစ်ပွဲများကြောင့် ပျက်စီးထိခိုက်နေရသော ဒေသများတွင်

84 "Yohei Sasakawa Named Japan's Special Envoy for National Reconciliation in Myanmar", *Nippon Foundation*, 10 Feb. 2013. Web.

85 "Press Release: Japan Grant Assistance for Grassroots Human Security Projects for Myanmar Peace Centre and MOU between Myanmar Peace Centre and Japan Platform", *Embassy of Japan in Myanmar*. 25 Mar 2013. Web.

လူနေမှုမြင့်မားစေရန်နှင့် ငြိမ်းချမ်းရေးမြှင့် တင်ပေးရန် သုံးစွဲမည်ဟု ကြေညာခဲ့သည်။[86]

လူသားချင်းစာနာမှု အကူအညီပေးခြင်းများအပြင်၊ နိပ္ပွန်ဖောင်ဒေးရှင်းက MPC ၊ UNFC တို့နှင့် နီးကပ်စွာ ပူးပေါင်း၍ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေးများလည်း ကျင်းပခဲ့သည်။ ဥပမာ- NCCT နှင့် MPC တို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ၊ UNFC နှင့် တိုင်းရင်းသားနိုင်ငံရေး ပါတီများနှင့် ဆွေးနွေးပွဲကို ချင်းမိုင်တွင် နိုဝင်ဘာလ ၂၂ ရက်နေ့က ကျင်းပခြင်း၊ (MPC က ပူးတွဲစည်းရုံးပေးခဲ့သည်)။ ခေါင်းဆောင် ၃ ဦး အပါအဝင် UNFC မှ ကိုယ်စားလှယ် ၅ ဦး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၃-၂၆ ရက်အတွင်း ရန်ကုန်သို့ သွားရောက်ခြင်း.. စသည်တို့ ဖြစ်သည်။

နိပ္ပွန်ဖောင်ဒေးရှင်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲ အများစုတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ဥပမာအားဖြင့်- ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရေးကော်မီတီနှင့် UNFC တို့ ဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။

**ဇယား ၂၁ -** ဘဏ္ဍာရေးနှစ် ၂၀၁၂ အတွက် စီမံကိန်း အသေးစိတ်ဖော်ပြမှု (၂၀၁၂ ဧပြီ ၁ မှ ၂၀၁၃ မတ်လ ၃၁ ရက်နေ့အထိ)[87]

| ရည်ရွယ်ချက် | ဘတ်ဂျက်<br>(US ဒေါ်လာ) | စတင်သည့်နေ့စွဲ |
|---|---|---|
| **ကျန်းမာရေး** | | |
| ၁။ ပြည်တွင်း၌ ထွက်ပြေးနေရသည့် ဒုက္ခသည်များအတွက် အစားအသောက်နှင့် ဆေးဝါး အရေးပေါ် ထောက်ပံ့ပေးမှု | ၃,၀၀၀,၀၀၀ | ဒီဇင်ဘာ ၂၀၁၂ |
| ၂။ ဝေးလံသည့်နေရာများတွင် နေထိုင်ကြသူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း (ရွေ့ပြောင်းဆေးခန်း) | ၅,၀၀၀,၀၀၀ | စက်တင်ဘာ ၂၀၁၂ |
| ၃။ ဝေးလံခေါင်သီသည့် ဒေသများရှိ လူထုများသို့ ခြေတုများ ဖြန့်ဝေပေးခြင်း | ၂,၅၀၀,၀၀၀ | ဇန်နဝါရီ ၂၀၁၃ |
| ၄။ ခြေတု-အရိုးကု သင်တန်းဌာန ဖွင့်လှစ်ခြင်း | ၆,၀၀၀,၀၀၀ | ဇန်နဝါရီ ၂၀၁၃ |
| ၅။ တိုင်းရင်းဆေးသေတ္တာများ ထောက်ပံ့ပေးခြင်း | ၇၀၀,၀၀၀ | ဆောင်ရွက်ဆဲ |
| ၆။ ထိုင်း-မြန်မာ နယ်စပ်ဆေးခန်းသို့ ထောက်ပံ့ပေးခြင်း | ၉၅,၀၀၀ | ဆောင်ရွက်ဆဲ |
| ၇။ ထိုင်း-မြန်မာနယ်စပ် ဆေးခန်းသို့ ရန်ပုံငွေရှာဖွေရေး အစီအစဉ်များသို့ ထောက်ပံ့ပေးခြင်း | ၂၀,၀၀၀ | နိုဝင်ဘာ ၂၀၁၂ |
| ၈။ တိုင်းရင်းဆေးပင်များကို စိုက်ပျိုးရေး သင်တန်းပေးခြင်း | ၅၀၀,၀၀၀ | ဇန်နဝါရီ ၂၀၁၃ |
| ၉။ အသုံးပြုပြီး ယာဉ်များလှူဒါန်းခြင်း | ၁,၀၀၀,၀၀၀ | ရန်ကုန်သို့ ယာဉ်များ ၂၀၁၂ စက်တင်ဘာတွင် ရောက်ရှိလာသည်။ |
| **မသန်စွမ်းသူများသို့ ထောက်ပံ့ပေးခြင်း** | | |
| ၁၀။ ခေါင်းဆောင်မှုသင်တန်းပေးခြင်း နှင့် မသန်စွမ်းသူများကို အချင်းချင်း ပြန်လှန်ကူညီရေး အသင်းများထူထောင်ပေးခြင်း | ၇၃,၃၀၀ | ဆောင်ရွက်ဆဲ |
| ၁၁။ မသန်စွမ်းသူများအတွက် နိုင်ငံတကာ အနုပညာပြပွဲ ကျင်းပနိုင်ရန် | ၃၀,၀၀၀ | ဆောင်ရွက်ဆဲ |
| ၁၂။ မသန်စွမ်းမှုနှင့် ပြည်သူ့ရေးရာမူဝါဒ အင်စတီကျူထူထောင်ရန် ပံ့ပိုးကူညီပေး ခြင်း | ၁၀၀,၀၀၀ | ၂၀၁၃ |
| ၁၃။ အာဆီယံဒေသအတွင်း မသန်စွမ်းသူများအတွက် အလယ်တန်း ပညာရေး ပံ့ပိုးပေးနိုင်ရန် နိုင်ငံတကာကွန်ရက်တစ်ခု တည်ထောင်ခြင်း | ကြံစည်ဆဲ | ၂၀၁၃ |

86 Yen Snaing, "Japan Announces $96 Million in Aid for Ethnic Areas". *The Irrawaddy*, 6 Jan 2014. Web.

87 "Unresolved issues in a fledging democracy", *Nippon Foundation*, 28 Jan. 2013. Web.

| | | |
|---|---|---|
| ၁၄။ အမြင်ချို့ယွင်းသူများအတွက် တတိယအဆင့် ပညာရေး ရရှိနိုင်ရန် ကူညီပေးခြင်း | ၁၀၀,၀၀၀ | ၂၀၁၃ |
| ၁၅။ မသန်စွမ်းသူ ကလေးများအတွက် ပညာရေးစင်တာတစ်ခု ဖွင့်လှစ်တည်ထောင်စေခြင်း | ၁,၈၀၀,၀၀၀ | ၂၀၁၃ |
| **ပညာရေး** | | |
| ၁၆။ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးပညာ ပို့ချပေးရေးအတွက် ကျောင်းတည်ဆောက်ရေးအတွက် ကူညီပေးရေး (ရှမ်းပြည်နယ်) | ၇၀၀,၀၀၀ | ဆောင်ရွက်ဆဲ |
| ၁၇။ ကျောင်းများတည်ဆောက်ပေးရေးနှင့် ကျန်းမာရေး/ တစ်ကိုယ်ရေသန့်ရှင်း ရေးထားရှိပေးရေး (ရခိုင်ပြည်နယ်) | ၅,၀၀၀,၀၀၀ | ဆောင်ရွက်ဆဲ |
| ၁၈။ ကျောင်းများတည်ဆောက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးစေရေး (ဧရာဝတီတိုင်း) | ကြံစည်ဆဲ | ၂၀၁၃ |
| ၁၉။ အမျိုးသမီးခေါင်းဆောင်များကို လေ့ကျင့်ပေးရေးအတွက် နိုင်ငံတကာ ဆွေးနွေးပွဲသင်တန်း ကျင်းပပေးရေး | ၂၅,၀၀၀ | ပြင်ဆင်ဆဲအဆင့် |
| **အစိုးရအရာရှိများကို လေ့ကျင့်သင်တန်းပေးရေး** | | |
| ၂၀။ အစိုးရအရာရှိများကို လေ့ကျင့်သင်တန်းပေးရေး | ၁၅၆,၀၀၀ | ဆောင်ရွက်ဆဲ |
| ၂၁။ ဂျပန်နိုင်ငံရေးစနစ်ကို လေ့လာရန် လွှတ်တော်အမတ်များကို ဂျပန်သို့ ဖိတ်ခေါ်ရေး | ၁၁၆,၀၀၀ | ဆောင်ရွက်ဆဲ |
| ၂၂။ အာဆီယံထိပ်သီး အစည်းအဝေး ဥက္ကဋ္ဌပြုကျင်းပနိုင်ရန် ပံ့ပိုးကူညီပေးရေး | ၂၅၀,၀၀၀ | ဆောင်ရွက်ဆဲ |
| ၂၃။ အစိုးရအရာရှိများကို သင်တန်းအတွက် ဖိတ်ကြားရေး | ၁,၅၀၀,၀၀၀ | ၂၀၁၃ |
| **အခြား** | | |
| ၂၄။ အရည်အချင်းရှိ ကျွမ်းကျင်စေတနာ့ဝန်ထမ်းများ စေလွှတ်ပေးရေး | ကြံစည်ဆဲ | ပြင်ဆင်ဆဲအဆင့် |
| ၂၅။ ၅ ကြိမ်မြောက် အာဆီယံ ရိုးရာဆေးဝါး ညီလာခံ | ၂၀၀,၀၀၀ | စက်တင်ဘာ ၂၀၁၃ |

**ဇယား ၂၂** - ပေးပို့ခဲ့သည့် ဆန်နှင့် ဆေးဝါး စုစုပေါင်းပမာဏ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ)[88]

| အမျိုးအမည် | ဘတ်ဂျက် | ပေးပို့ခဲ့သည့် ပမာဏ | (B)/(A) % |
|---|---|---|---|
| ဆန် (US ဒေါ်လာ) | ၂,၆၇၆,၀၃၇ | ၁,၂၄၅,၃၀၂ | ၄၇% |
| ဆေးခန်းများအတွက် ဆေးဝါး (US ဒေါ်လာ) | ၆၃၃,၈၂၉ | ၁၃၄,၄၂၃ | ၂၁% |
| စုစုပေါင်း (US ဒေါ်လာ) | ၃,၃၀၉,၈၆၆ | ၁,၃၇၉,၇၂၅ | ၄၂% |

88 "The Frontlines of Humanitarian Aid in Myanmar", *Nippon Foundation*, 20 Nov 2013. Web.

**ဇယား ၂၃** - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ခုချင်း ဧရိယာသို့ ပေးပို့မည့် ဆန်၊ ဆေးဝါး ပမာဏ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ

| ပြည်နယ်/တိုင်း | စဉ် | တိုင်းရင်းသား လက်နက်ကိုင် ဒေသ | ဆန် | | ဆေးဝါး | |
|---|---|---|---|---|---|---|
| | | | ဘတ်ဂျက် (Kg) | ယနေ့အထိ ပေးပို့ခဲ့သော ပမာဏ (Kg) | ဘတ်ဂျက်ယူနစ် | ပေးပို့ခဲ့သော ပမာဏ (ယူနစ်) |
| ရှမ်းပြည်နယ် | ၁ | SSPP/SSA | ၄၇၈,၆၂၅ | ၁၀၀,၀၀၀ | ၀ | ၀ |
| | ၂ | RCSS/SSA | ၃၀၀,၀၀၀ | ၃၀၃,၁၂၀ | ၁၄ | ၃ |
| | ၃ | PNLO | ၉၈,၉၁၅ | ၆၉,၉၉၀ | ၁၉ | ၃ |
| | ၄ | LDU | ၄၇,၀၈၉ | ၈,၁၉၀ | ၄၆ | ၉ |
| | ၅ | PSLF/TNLA | ၃၃၆,၃၅၂ | ၀ | ၂ | ၀ |
| | ၆ | WNO | ၁၀၉,၈၇၃ | ၁၉,၁၂၅ | ၂၀ | ၄ |
| ကယားပြည်နယ် | ၇ | KNPP | ၃၄၄,၆၅၆ | ၃၀၀,၀၀၀ | ၁၂၁ | ၂၅ |
| ကရင်ပြည်နယ်<br>မွန်ပြည်နယ်<br>တနင်္သာရီတိုင်း | ၈ | KNU | ၁,၁၀၆,၁၈၅ | ၉၃၆,၉၂၀ | ၁၅၀ | ၂၄ |
| | ၉ | DKBA | | | ၀ | ၀ |
| | ၁၀ | KNLA PC | | | ၀ | ၀ |
| | ၁၁ | NMSP | | | ၃၃ | ၁၇ |
| | ၁၂ | KPDF (KNDF) | | | ၀ | ၀ |
| ပဲခူးတိုင်း | ၁၃ | KNLA- ကုန်ဖဲ | | | ၀ | ၀ |
| ရခိုင်ပြည်နယ် | ၁၄ | ALP | | | ၁၈ | ၃ |
| | ၁၅ | ANC | | | ၀ | ၀ |
| ချင်းပြည်နယ် | ၁၆ | CNF | | | ၀ | ၀ |
| စစ်ကိုင်းတိုင်း | ၁၇ | NSCN-K | | | ၀ | ၀ |
| ကချင်ပြည်နယ် | ၁၈ | KIO | | | ၀ | ၀ |
| စုစုပေါင်း | | | ၆,၁၇၄,၃၃၇ | ၂,၅၅၇,၃၈၀ | ၄၂၃ | ၈၈ |

အကူအညီပေးရေး လုပ်ငန်းများအပြင်၊ ဂျပန်နိုင်ငံက ဂျပန်သံအမတ်မှတဆင့် စစ်ရေးဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နေသည်။ ဂျပန်စစ်သံမှူးနှင့် ပူးတွဲ၍ ဩဂုတ်လ ၁၄ ရက်နေ့တွင် သံအမတ်ကြီးက မြန်မာနိုင်ငံ၏ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံခဲ့သည်။ သမ္မတဦးသိန်းစိန်က ဂျပန်နိုင်ငံသို့ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သွားရောက် လည်ပတ်ခဲ့သည်။[89]

89 Japan-Myanmar Summit Meeting, Japan Foreign Ministry. 15 December 2013.

## ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များအဖွဲ့ (PDSG) နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှုအဖွဲ့ (MPSI)

အင်တာနက်စာမျက်နှာ - http://www.peacedonorsupportgroup.com/


ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များ အဖွဲ့ (PDSG) ကို ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် နော်ဝေအစိုးရက သမ္မတ ဦးသိန်းစိန်၏ တောင်းဆိုမေတ္တာရပ်ခံမှုနှင့်အတူ စတင်ဖွဲ့စည်းခဲ့သည်။ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် မြန်မာအစိုးရအကြား အတူ ဆွေးနွေးနိုင်သည့် စင်မြင့်တစ်ခု ဖြစ်လာစေရန် ဖြစ်သည်။ သို့မှသာ ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် နိုင်ငံတကာမိသားစုက ပို၍ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပြီး၊ ပဋိပက္ခကြောင့် ထိခိုက်ပျက်စီးနေရသော ဒေသများသို့လည်း အကူအညီများ ထောက်ပံ့ပေးနိုင်မည် ဖြစ်သည်။ အုပ်စုဖွဲ့ထားပုံမှာ အတော်လျော့ရဲပြီး၊ ယခုတိုင် ရန်ပုံငွေများကို စုဆောင်းမိခြင်းလည်း မရှိသေးပါ။ သို့သော် အလှူရှင်များက သူတို့၏ အကူအညီများကို ညှိနှိုင်းပူးပေါင်းရန်နှင့် ဆက်သွယ်ရန် စနစ်တစ်ခု ဖြစ်စေပါသည်။ မတူကွဲပြားသည့် အလှူရှင်များက စီမံကိန်းများကို သီးခြားလွတ်လပ်စွာ၊ သူတို့နိုင်ငံ ၏ နိုင်ငံရေးရည်ရွယ်ချက်များအရ ထောက်ပံ့ ပေးနိုင်ပါသည်။

မြန်မာနိုင်ငံအစိုးရက ယင်းအုပ်စုကို ကနဦးတွင်၊ နော်ဝေ၊ ဩစတြေးလျ၊ ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂ၊ နှင့် ကမ္ဘာ့ဘဏ်တို့ ပါဝင်ဖွဲ့စည်းရန် အဆိုပြုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဆွစ်ဇာလန်တို့ကို ၂၀၁၃ ခုနှစ်၊ မေလတွင် PDSG သို့ ပါဝင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။

**ဇယား ၂၄** - မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) စီမံကိန်းများ

| # | ၁ | ၂ |
|---|---|---|
| **စီမံကိန်း** | ကျောက်ကြီးစီမံကိန်း | ကရင်ဘတ်ထွိုင်စီမံကိန်း |
| **ဧရိယာ** | ကဒါကျေးရွာအုပ်စု ပဲခူးတိုင်းအရှေ့ပိုင်း | ကရင်ဘတ်ထွိုင်ဒေသ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း |
| **စီမံကိန်း စတင်** | ၂၀၁၂ ဇွန်မှ ဒီဇင်ဘာလ | ၂၀၁၃ ဇန်နဝါရီမှ ဇွန် |
| **အလှူရှင်** | Ausaid | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| **မိတ်ဖက် အင်အားစု** | ပြည်တွင်းပြောင်းရွှေ့ နေရသူ ကရင် ဒုက္ခသည်များ ဆိုင်ရာ ကော်မီတီ (CIDKP)၊ NPA ၏ ကူညီမှုဖြင့် | KBPPWG (မွန်အရပ်ဖက် အဖွဲ့အစည်းများ စုပေါင်း)၊ NPA & ILO ပံ့ပိုးကူညီမှုဖြင့် |
| **ငွေပမာဏ** | ၁၆၀,၀၀၀ | ၈၅,၆၇၅ |
| **အသေး စိတ်** | ယခင်က စစ်ပွဲများ ကြောင့် မြန်မာနိုင်ငံတွင်းမှ ပံ့ပိုးကူညီရန် လက်လှမ်းမမီသည့် ပြည်တွင်း ဒုက္ခသည်များကို အထောက်အပံ့များ ကူညီသည်။ | ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ ကျန်းမာရေးကဏ္ဍတွင် ပြန်လည် ထူထောင်ရေးနှင့် အခြေခံ အဆောက်အဦများ ကူညီပေးသည်။ နိုင်ငံသားများ တက်ကြွ အားကောင်းလာစေရေး နှင့် အမျိုးသမီး အင်အား မြှင့်တင်ရေး သင်တန်းများ ပေးသည်။ |

ပုံ ၁၈ - မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) စီမံကိန်းများ



| # | ၃ | ၄ | ၅ | ၆ |
|---|---|---|---|---|
| **စီမံကိန်း** | ထားဝယ်နှင့် ပလော စီမံကိန်း | မွန်ပညာရေး စီမံကိန်း | မွန်ပြည်သစ်ပါတီ ညှိနှိုင်းတိုင်ပင်ရေး လုပ်ငန်းစဉ် | ရှမ်း-ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက် ရေး ညီလာခံ |
| **ဧရိယာ** | မေတ္တာတောင်ပိုင်းရှိ နေရာငယ် ၂-ခုနှင့် ပုလောအရှေ့ပိုင်း တနင်္သာရီတိုင်း | သထုံ၊ မော်လမြိုင်နှင့် ထားဝယ်ခရိုင် | မွန်ပြည်နယ်မှ မွန်အများစု ဒေသများနှင့် နီးစပ်ရာ ကရင်၊ တနင်္သာရီ တိုင်းဒေသများ | ရှမ်းပြည်နယ်၊ လားရှိုးမြို့ |
| **စီမံကိန်း စတင်** | ၂၀၁၂ နိုဝင်ဘာ - ၂၀၁၃ အောက်တိုဘာ | ၂၀၁၃ ဇန်နဝါရီ-ဇွန် | ၂၀၁၂ ဇွန် မှ ၂၀၁၃ ဇူလိုင် | ၂၀၁၂ ဒီဇင်ဘာလ မှ ၂၀၁၃ မေလ |
| **အလှူရှင်** | ဖင်လန် နိုင်ငံခြားရေး ဝန်ကြီး ဌာနနှင့် နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နယ်သာလန် ဖွံ့ဖြိုးရေး ပူးပေါင်း ဆောင်ရွက်မှု ဝန်ကြီးဌာနနှင့် နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန နှင့် ဗြိတိသျှသံရုံး |
| **မိတ်ဖက် အင်အားစု** | တနင်္သာရီ ကရင် ငြိမ်းချမ်းရေး ပံ့ပိုး ကူညီမှုအဖွဲ့ (CIDKP)/ KDN Catholic church/ Baptist Church/ အပါ အဝင် အရေးပါသည့် အင်အားစုများ စုပေါင်း အဖွဲ့ ဖြစ်ပြီး) NPA ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ဆောင်သည်။ | မွန်အမျိုးသား ပညာရေးဌာန | မွန်ပြည်သစ်ပါတီ၊ NPA ၏ ကူညီမှုဖြင့် | ရှမ်းနှင့် ကယား ပြည်နယ်ရှိ ငြိမ်းချမ်းရေး အလုပ်အဖွဲ့များ (Norwy Peace Aid) ပံ့ပိုးမှုဖြင့်။ |
| **ငွေပမာဏ** | ၂၆၆,၂၆၀ | ၁၃၆,၄၉၆ | ၁၉၀,၉၂၅ | ၇၁,၀၀၀ |
| **အသေး စိတ်** | ပဋိပက္ခစစ်ပွဲများကြောင့် ထိခိုက်နစ်နာရသူ ၁၁၅၃ ဦး ကို သူတို့ ဘဝ ပြန်လည် ထူထောင် နိုင်ရန် ကူညီသည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအပေါ် အကဲဆတ် သိမြင်ရေး သင်တန်းများ ပေးသည်။ | မွန်ဘာသာစကား နှင့် ယဉ်ကျေးမှုကို လူ အများ နိုးကြားသိမြင် လာစေရေး၊ မြှင့်တင် ပေး၍ မွန်ပညာရေး မူဝါဒ လိုအပ်ကြောင်း တင်ပြသည်။ မွန်ပညာ ရေး မူဝါဒ ဆောင်ရွက် တိုးတက်နေမှုကို အသိပေးသည်။ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့် ပတ်သက်၍ နစ်ဦး နစ်ဖက် ပိုမိုနားလည်မှု၊ ပူးပေါင်းဆောင်ရွက် မှု ရရှိလာအောင် မွန်ပြည်သစ်ပါတီ၊ မွန်ရပ်ရွာလူထုများ၊ အရပ်ဖက် အဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများ အကြား ညှိနှိုင်းဆွေးနွေးပွဲ များဖြင့် ဆောင်ရွက်ပေး သည်။ | ရှမ်းနှင့် ကယား ပြည်နယ် ရှိ ခေါင်းဆောင်များနှင့် တိုင်းရင်းသား လူမှု အသိုက်အဝန်းများ၊ နိုင်ငံရေးပါတီများ၊ အပစ်အခတ် ရပ်စဲရေး အဖွဲ့များ အကြားတွင် အတူတကွ တွေ့ဆုံ၍ အမြင်ဖလှယ်ကြသည်။ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု တည်ဆောက်သည်။ |

| # | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|
| **စီမံကိန်း** | ကရင် ညှိနှိုင်း တိုင်ပင်ရေး လုပ်ငန်းစဉ် | ကရင်နီ တိုးတက် ရေးပါတီ ညှိနှိုင်း တိုင်ပင်ရေး လုပ်ငန်းစဉ် | ချင်းညှိနှိုင်း တိုင်ပင်ရေး လုပ်ငန်းစဉ် နှင့် ချင်းကျောင်းများ အတွက် IT လုပ်ငန်းများ | ချင်းဖွံ့ဖြိုးရေး အေဂျင်စီ |
| **ဧရိယာ** | ပဲခူးတိုင်းရှိ KNU ဒေသ၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်နှင့် တနင်္သာရီတိုင်း | ကယား (ကရင်နီ) ပြည်နယ် | ချင်းပြည်နယ် နှင့် အခြားဒေသရှိ ချင်းရပ်ရွာအုပ်စု များ | ချင်းပြည်နယ် |
| **စီမံကိန်း စတင်** | ၂၀၁၃ ဖေဖော်ဝါရီ | ၂၀၁၂ နိုဝင်ဘာမှ ၂၀၁၃ ဇန်နဝါရီ | ၂၀၁၃ ဧပြီမှ ၂၀၁၄ မတ်လ | ဖေဖော်ဝါရီ ၂၀၁၃ |
| **အလှူရှင်** | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | ဒိန်းမတ် နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| **မိတ်ဖက် အင်အားစု** | | ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ၊ NPA ၏ ပံ့ပိုးမှုဖြင့် | ချင်းအမျိုးသား တပ်ဦး | Fafo သုတေသန ဖောင်ဒေးရှင်း |
| **ငွေပမာဏ** | ၁၃,၃၂၉ | ၄၃,၄၀၅ | ၈၃၁,၆၃၀ | |
| **အသေး စိတ်** | KNU, CIDKP နှင့် ကေအဲန်ယူ ခရိုင်များရှိ မြို့နယ်များမှ ကိုယ် စားလှယ်များ နှင့် ညှိနှိုင်းတိုင်ပင်၍ ယခင် နှင့် ယခု အပစ် အခတ်ရပ်စဲရေး၊ ယခုတိုင် ဆက်လက် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို ဆွေးနွေးကြသည်။ | လက်ရှိနိုင်ငံရေး အခြေ အနေ၊ ကနဦး အပစ်ရပ်စဲ ရေး သဘောတူညီချက်၊ ရပ်ရွာ အခြေပြုသည့် အပစ် ရပ်စဲရေး စောင့်ကြည့်မှု နည်းစနစ်၊ ဒေသ မှ လူ့အခွင့်အရေး လေ့လာ စောင့်ကြည့် ခြင်း.. စသည်တို့နှင့် ပတ်သက်၍ KNPP နှင့် ရပ်ရွာပြည်သူများ ဆွေးနွေးကြ သည်။ | CNF နှင့် အစိုးရအကြား အပစ်ရပ်စဲရေး သဘော တူညီချက်တွင် ပါဝင် သော အချက် ၂-ခုကို အကောင်အထည်ဖော် နိုင်ရန် ဖြစ်သည်။<br>၁။ CNF နှင့် ချင်းလူထု များ အကြား ညှိနှိုင်းဆွေး နွေးပွဲများ ပြုလုပ်သွား နိုင်ရန် နှင့် ချင်းအမျိုးသား ညီလာခံ ကျင်းပရန် (ဒေါ်လာ ၁၇၉,၀၀၀)<br>၂။ ချင်း အထက်တန်း ကျောင်း ၃၀ တွင် ကွန်ပြူတာ စင်တာများ နှင့် အင်တာနက် ဆက်သွယ်မှုကို ချင်းပြည်နယ် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်၍ တပ်ဆင်သွားရန်။ | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး စစ်တမ်း ကောက်ယူမှု အတိုင်းအဆ လေ့ လာခြင်းနှင့် ဆွေးနွေးခြင်းများ အတွက် ပံ့ပိုးပေး သည်။ ယင်းကို CNF နှင့် ချင်းပြည် နယ်အစိုးရတို့က ပူးပေါင်းဆောင်ရွက် ပြီး၊ ပဏာမကွင်း ဆင်းလေ့လာမှုကို Fafo research foundation က ဆောင်ရွက်ခဲ့သည်။ |

| # | ၁၁ | ၁၂ | ၁၃ | ၁၄ |
|---|---|---|---|---|
| **စီမံကိန်း** | အပစ်ရပ်စဲရေး ဆက်ဆံရေးရုံးများ (အဆင့်-၁) | ALP အရည်အသွေး ပံ့ပိုးပေးမှု | မှတ်ပုံတင်ထုတ် ပေးရေး အစီအစဉ် | တိုင်းရင်းသား ငြိမ်းချမ်းရေး အရင်းအမြစ် (အဆင့်-၁) |
| **ဧရိယာ** | အပစ်ရပ်ဧရိယာ အားလုံး | ရခိုင်၊ အိန္ဒိယနှင့် ဖိလစ်ပိုင် | ကရင်၊ ကယား၊ မွန်နှင့် တောင်ပိုင်း ရှမ်းပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်း အရှေ့ပိုင်း | တိုင်းရင်းသား ဒေသများအားလုံး |
| **စီမံကိန်း စတင်** | ၂၀၁၂ စက်တင်ဘာ- ဆောင်ရွက်ဆဲ | | ၂၀၁၂ ဇူလိုင် | ၂၀၁၃ ဧပြီမှ ၂၀၁၃ စက်တင် ဘာလ |
| **အလှူရှင်** | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ Ausaid, SDC နှင့် EuropeAid | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| **မိတ်ဖက် အင်အားစု** | ဥရောပ-မြန်မာရုံး | | နော်ဝေဒုက္ခသည် ကောင်စီနှင့် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာန တို့ ပူးပေါင်းဆောင်ရွက် သည်။ | Foundation for Local Development |
| **ငွေပမာဏ** | ၅၂၅,၀၀၀ | ၃၀,၀၀၀ | ၁,၉၉၂,၀၀၀ | ၂၃၆,၀၀၀ |
| **အသေး စိတ်** | တိုင်းရင်းသား လက်နက် ကိုင် အဖွဲ့အစည်းများ ဆက်ဆံရေးရုံး ဖွင့်လှစ်နိုင်ရန် ပံ့ပိုးပေး ပြီး၊ ဆက်ဆံရေး အရာရှိ များကို တာဝန်များနှင့် ချည်းကပ်ပုံများကို ကနဦး သင်တန်းများ ပေးသည်။ ဥရောပ- မြန်မာရုံး က အကောင် အထည်ဖော်သည်။ | ရခိုင်ပြည်လွတ် မြောက်ရေးပါတီ (ALP) ၏ အရည် အသွေးကို ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင် ရန် မြှင့်တင်ပေး သည်။ | ဝေးလံသည့်၊ စစ်ပွဲများ ဒဏ်ခံစားခဲ့ရ သည့်နယ် မြေများမှ လူထုများကို နိုင်ငံသား စိစစ်ရေးကဒ် ပြားများ ထုတ်ပေးသည်။ လက်ရှိ တွင် မှတ်ပုံတင် ထုတ်ပေးခြင်း မရှိသေး သော ဒေသများ ဖြစ်ပြီး၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ များ၊ ရပ်ရွာများ သဘော တူညီမှုဖြင့် ထုတ်ပေး သည်။ လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီး ဌာနက ထုတ်ပေးသည်။ | Web ဝက်ဘ် အခြေခံ ရင်းမြစ် ပလက်ဖောင်း တစ်ခုပြုလုပ်ရန်နှင့် တိုင်းရင်းသား ခေါင်းဆောင်များ အတွက် ဆယ်မီနာ၊ သင်တန်းများ ပြုလုပ်ရန်။ ထိုသို့ဖြင့် ကရင်၊ မွန်၊ ကယား၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့် ကချင် ပြည်နယ်များရှိ ဆက်သွယ်ရေး ရုံးများနှင့် ဆက်သွယ်နိုင်စေရန်။ အခြား နေရာများသို့ အဆင့် -၂ တွင် ချဲ့ထွင် သွားနိုင်ရန်။ |

| # | ၁၅ | ၁၆ | ၁၇ |
|---|---|---|---|
| **စီမံကိန်း** | ချင်းဖွံ့ဖြိုးရေး အေဂျင်စီ | ကာရင်ခရိုင်များ သတင်းဖလှယ်ရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးအတွက် အစီအစဉ် ရေးဆွဲရေး | ရှမ်း သတင်းမီဒီယာ သင်တန်း |
| **ဧရိယာ** | ရှားတောမြို့နယ်ရှိ ကျေးရွာ ၁၀-ခု | ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း အတွင်းရှိ KNU ခရိုင်များ၊ | ရှမ်းပြည်နယ်ရှိ မြို့နယ်များ အားလုံး |
| **စီမံကိန်း စတင်** | ၂၀၁၂ ဖွန်မှ ၂၀၁၃ ဇူလိုင် | ၂၀၁၂ ဒီဇင်ဘာလ မှ ၂၀၁၃ မေလ | ၂၀၁၃ ဖွန်- ၂၀၁၄ မေလ |
| **အလှူရှင်** | ဖင်လန် နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန | နော်ဝေ နိုင်ငံခြားရေး ဝန်ကြီးဌာန |
| **မိတ်ဖက် အင်အားစု** | ကိန္နရာကျေးလက်လူမှု ဖွံ့ဖြိုးရေး အဖွဲ့ | CIDKP ပြည်တွင်း၌ ရွှေ့ပြောင်း ထွက်ပြေးနေရသော ကရင် ဒုက္ခသည်များ ကော်မိတီ | RCSS ငြိမ်းချမ်းရေးကော်မိတီ |
| **ငွေပမာဏ** | ၇၉,၀၀၀ | ၁၃,၃၂၉ | ၃၇,၃၃၉ |
| **အသေး စိတ်** | အိမ်ပြန် အခြေချသည့် ပြည်တွင်း ဒုက္ခသည်များကို ဝေးလံသည့်၊ ဆက်သွယ်ရေး ခက်ခဲသည့် ဒေသများတွင် ရိုးရာစဉ်လာ ပိုင်မြေ ပြန်လည် ရရှိရန်နှင့် သက်မွေးဝမ်း ကျောင်း လုပ်ငန်းများ ပျိုးထောင် ပေးရန်။ ဒေသခံ ပြည်သူများကို ခွန်အားမြှင့်တင် ပေးရန်။ KNPP ပြည်နယ်အဆင့်နှင့် ဒေသခံများ က သဘောတူညီပြီး ဖြစ်သည်။ | KNU, CIDKP နှင့် ကေအဲန်ယူ ခရိုင်များရှိ မြို့နယ်များမှ ကိုယ်စားလှယ်များ နှင့် ညှိနှိုင်းတိုင်ပင်၍ ရပ်ရွာဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် အပစ်အခတ် ရပ်စဲရေး ကာလအတွင်း အခွင့်အလမ်းများ ရှာဖွေရန် ဖြစ်သည်။ | ရှမ်းပြည်နယ်၊ မြို့နယ်အသီးသီးရှိ ပြည်သူများကို သတင်းရေးသား ပေးပို့ခြင်း၊ စံနှုန်းများနှင့် ပတ်သက်၍ သင်တန်းများ အစီအစဉ်အလိုက် ဆောင်ရွက်ရန်ဖြစ်သည်။ |

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထူထောင်ခဲ့ပြီး၊ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များအဖွဲ့ (PDSG) ၏ အတွင်းရေးမှူးအဖွဲ့အဖြစ် ဆောင်ရွက်ပါသည်။ ထို့အပြင် နော်ဝေနိုင်ငံက ကမကထပြုသည့် မြန်မာနိုင်ငံတွင် အပစ်အခတ်ရပ်စဲမှု ဖြစ်ပေါ်လာစေရေး နိုင်ငံတကာ ကြိုးပမ်းဆောင်ရွက်မှု၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါသည်။ ယင်းတို့က လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကူညီပံ့ပိုးမှုများကို လှုံ့ဆော်စည်းရုံးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း ပြုကြပါသည်။ ဆက်လက်၍ နိုင်ငံရေးအရ ကြိုးပမ်းဆောင်ရွက် နေမှုများနှင့် အတူ အပစ်အခတ်ရပ်စဲရေး ဒေသများတွင် ယင်းတို့က ရပ်ရွာပြည်သူများကို လိုအပ်နေသည့် ကူညီမှုများ ပံ့ပိုးပေးပါသည်။ သို့မှသာ စစ်ပွဲဒဏ်ရာဒဏ်ချက်များမှ ပြန်လည်နာလံထူနိုင်မည် ဖြစ်ပြီး၊ မြေပြင်ပေါ်တွင် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် အရှိန်အဟုန် ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ယင်းကို "ငြိမ်းချမ်းရေး အကျိုးအမြတ်များ" (peace dividends) ဟုလည်း ခေါ်ကြပါသည်။ ၂၀၁၂-၁၃ ခုနှစ်များတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) က စစ်ပွဲဒဏ်သင့် ပြည်သူများအတွက် စီမံကိန်း ၁၇-ခု အကောင်အထည်ဖော်ပေးခဲ့ပြီး၊ ဒေါ်လာ ၂ သန်းဖိုးမျှ တန်ဖိုးရှိပါလိမ့်မည်။ ယင်းစီမံကိန်းများကို သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများကသာ ပိုင်ဆိုင်၊ လုပ်ကိုင် ဆောင်ရွက်နေကြပါသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) နှင့်၊ တိုင်းရင်း

သားလက်နက်ကိုင် အင်အားစုများနှင့်လည်း ဆက်ဆံရေး ကောင်းမွန်အောင် တည်ဆောက်ထားပြီး၊ တိုင်းရင်းသား ဒေသများတွင် စီမံကိန်းများ အကောင်အထည် မဖော်မီ သဘောတူညီချက်ကို နှစ်ဖက်စလုံးမှ သေချာအောင် ရယူပါ သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) အနေဖြင့် ရေတိုကာလ ကြိုးပမ်းဆောင်ရွက်မှုအဖြစ် ရှုမြင်ထားကြပြီး၊ ငြိမ်း ချမ်းရေး လုပ်ငန်းစဉ် ကနဦး ကာလများတွင် အချိန်ပိုင်းဝန်ထမ်းများသာ တာဝန်ယူကြပြီး၊ စနစ်တကျ ထောက်ပံ့ရေး လုပ်ငန်းများ လုပ်ဆောင်နေကြပါသည်။ နှစ်နှစ်ကြာကာလ လည်ပတ်ပြီးနောက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) က ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ တစ်ဖြည်းဖြည်း ရုပ်သိမ်းသွားမည် ဖြစ်ကြောင်း၊ ယင်းအဖွဲ့၏ အကြံပေး အက်ရှ်လေ ဆောက်သက် (Ashley South) က ပြောပါသည်။ ယင်းအဖွဲ့၏ လုပ်ငန်းများကို ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များ အဖွဲ့ (PDSG) ၏ ဝန်ထမ်းများ ကိုယ်တိုင်ကသော်လည်းကောင်း၊ ဒေသခံ အရေးပါသည့် အင်အားစုများ ကသော်လည်းကောင်း ဆက်လက်တာဝန်ယူကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) ၏ အလျင်အမြန် အကောင်အထည်ဖော်မှုအပေါ် လူအများက ပြစ်တင် ဝေဖန်မှုများ ရှိကြပြီး၊ အထူးသဖြင့် ထိုင်းနိုင်ငံ အခြေစိုက် အရပ်ဖက်လူမှုအဖွဲ့များက ဝေဖန်ခဲ့ကြသည်။ အစိုးရနှင့် ဆက် နွယ်နေသည့် MPC နှင့် အထူးနီးကပ်နေခြင်း၊ အစိုးရ၏ တောင်းဆိုချက်များကိုသာ အလေးထား ဆောင်ရွက်နေခြင်းတို့ အပေါ် ဝေဖန်ခဲ့သည်။ နိုင်ငံရေးအရ ကျေလည်မှု မရရှိခင် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များပေးခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကြောင့် လူအများက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) သည် "ငြိမ်းချမ်းရေးကို ဝယ်ယူသည်" ဟုလည်း ဝေဖန်ခဲ့ကြသည်။[90]

**ဩစတြေးလျနိုင်ငံ-** ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တိုးတက်လာခဲ့သည်။ ယင်း၏ အကူ အညီပေးရေး အစီအစဉ်များတွင် ငြိမ်းချမ်းရေးနှင့် ကောင်းမွန်သော အစိုးရစနစ် ဖြစ်စေရေး ပံ့ပိုးမှုများကို ထည့်သွင်း လုပ်ဆောင်လာခဲ့သည်။ ၂၀၁၂/၁၃ ခုနှစ် အသုံးစားရိတ်မှာ ဒေါ်လာ ၆၄.၂ သန်းဖြစ်ပြီး၊ ၂၀၁၃/၁၄ ခုနှစ်တွင် အသုံးပြု ရန် အဆိုပြုထားချက်မှာ ဒေါ်လာ ၇၈.၈ သန်း ဖြစ်သည်။ ယင်းတို့တွင် ရခိုင်၊ ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် လူသား ချင်းစာနာမှုဆိုင်ရာ အကူအညီများ၊ ကရင်ပြည်နယ်တွင် ပြည်တွင်းဒုက္ခသည်များ ပြန်လည်ထူထောင်ရေး၊ ငြိမ်းချမ်းရေး အတွက် မိုင်းရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် ဖြစ်သည်။ ယခုနှစ်အတွင်း နှစ်နိုင်ငံ အဆင့်မြင့် ခေါင်းဆောင်များအကြား လည်ပတ်မှု ခရီးစဉ်များ တွေ့ကြရသည်။ ဩစတြေးလျ ဓနသဟာယ အုပ်ချုပ်ရေး မှူးချုပ် ကွန်တင် ဘရိုက်စ် (Quentin Bryce) က နေပြည်တော်သို့ နိုဝင်ဘာလတွင် ရောက်ရှိလာခဲ့ပြီး၊ နိုင်ငံခြားရေး ဝန်ကြီး ဘော့ဘ် ကား (Bob Car) က ဇူလိုင်လတွင် ရောက်ရှိခဲ့သည်။

**ဥရောပသမဂ္ဂ-** ဥရောပသမဂ္ဂက မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် အသွင်ပြောင်းမှုများ စတင်ဖြစ်ပေါ် ချိန်မှစ၍ အပြောင်းအလဲ များအတွက် ကူညီထောက်ပံ့မှုများ ပြုခဲ့သည်။ အထူးသဖြင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုဌာန (MPC) (ရုံးလည်ပတ်စားရိတ်များကို အလှူရှင်က အဓိကပေးသည်) နှင့် ရဲတပ်ဖွဲ့ ပြုပြင် ပြောင်းလဲရေးကိစ္စများ ဖြစ်သည်။[91] ၂၀၁၂-၁၃ ဘတ်ဂျက်အတွက် ဥရောပသမဂ္ဂက ယူရို ၁၀ သန်းကို ရဲအရည် အသွေး မြှင့်တင်ရေး အတွက်၊ ယူရို ၁၆ သန်းကို ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက်၊ ယူရိုသန်း ၂၀ ကို လူသားချင်း စာနာမှု အကူအညီများ အတွက် ပေးအပ်ခဲ့သည်။[92] ဤသို့ ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်လှုပ်ရှားဆောင်ရွက်မှုများ အပြင်၊ စီးပွားရေး ဖွံ့ဖြိုးမှု၊ ကောင်းမွန်သည့် အစိုးရစနစ် ဖြစ်ပေါ်စေရေး၊ ဥပဒေစနစ် ဖွဲ့စည်းပုံများ စသည်ဖြင့် အထွေ ထွေကိစ္စများကိုလည်း ကူညီခဲ့သည်။ ယင်းတို့ အားလုံးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်ရေးနှင့် အကောင် အထည်ဖော်ရေးအတွက် အရေးပါသည့်ကိစ္စများ ဖြစ်ကြသည်။ ဥရောပသမဂ္ဂနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မ ရှင်တို့က မဲပေးသူပညာပေးရေး လုပ်ငန်းများကို နိုဝင်ဘာလ၌ ရှမ်းပြည်နယ်၊ တောင်ကြီးတွင် ဆောင်ရွက်ခဲ့သေးသည်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံနှင့် နီးကပ်စွာဆက်ဆံနိုင်ရန်အတွက် ဥရောပသမဂ္ဂက Eu-Myanmar Task Force (ဥရောပသမဂ္ဂ-မြန်မာ အလုပ်အဖွဲ့) ကို ဖွဲ့စည်းခဲ့သည်။ ဥရောပသမဂ္ဂ၏ သံတမန်ရေးနည်းနာအသစ် တစ်

90 Hindstorm, Hanna. "Norway-backed Burma peace initiative 'probably' to end, *DVB*. 12 Jan 2014.

91 Council of the European Union, *Press Release: 3286th Council Meeting*, Foreign Affairs, Brussels. 16 December 2013. p. 12.

92 *The Voice Weekly*, issue on 6 Nov.

ခု ဖြစ်ပြီး၊ အသွင်ကူးပြောင်းနေသော နိုင်ငံများတွင် ဥရောပသမဂ္ဂက အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့မှ အရင်းအမြစ် ပေါင်းစုံသုံး၍ လှုံ့ဆော်လုပ်ဆောင်သော နည်းနာလည်း ဖြစ်သည်။ ပထမအကြိမ် ဥရောပသမဂ္ဂ-မြန်မာ အလုပ်အဖွဲ့ အစည်းအဝေးကို ရန်ကုန်နှင့် နေပြည်တော်တွင် နိုဝင်ဘာလ ၁၃-၁၅ ရက်နေ့များတွင် ကျင်းပခဲ့သည်။[93] ယင်း အစည်းအဝေးတွင် အဆင့်မြင့်ခေါင်းဆောင်များ၏ အခမ်းအနားများစွာ ပါဝင်သည်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲ တိုး တက်မှုများ၊ ကြုံတွေ့နေရသော စိန်ခေါ်မှုပြဿနာများနှင့် ပတ်သက်၍လည်း ဆွေးနွေးပွဲဖိုရမ်များ၊ ဥရောပသမဂ္ဂ ဖက် က ပံ့ပိုးမှုများအကြောင်းလည်း ဆွေးနွေးခဲ့ကြသည်။ အလုပ်အဖွဲ့ အစည်းအဝေးတွင် နှစ်ဖက်စလုံးမှ ထိပ်ပိုင်းအရေး ပါသည့် နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေး ခေါင်းဆောင်များ တက်ရောက်ကြကာ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ အဲန်ဂျီ အိုများလည်း တက်ရောက်ကြသည်။ မြန်မာနိုင်ငံ၏ ဆောင်ရွက်ဆဲ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးပြုပြင် ပြောင်းလဲမှုများ ကို ဆွေးနွေးခဲ့ကြသည်။ အဆင့်တိုင်းတွင် ဥရောပသမဂ္ဂ၏ ဘက်စုံအကူအညီများ ပေးအပ်နိုင်ရေးကိစ္စကိုလည်း ဆွေး နွေးခဲ့သည်။

**နော်ဝေနိုင်ငံ-** နော်ဝေနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်နေပြီး၊ ငြိမ်းချမ်းရေး ပံ့ပိုးကူညီမှု အလှူရှင်များ အဖွဲ့ (PDSG) နှင့် ယင်း၏အတွင်းရေးမှူးအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှု အဖွဲ့ (MPSI) ကို ကမကထပြု ထူထောင်ခဲ့သူလည်း ဖြစ်သည်။ မြန်မာအစိုးရ ထိပ်ပိုင်းခေါင်းဆောင်များနှင့် နီးစပ်သည့် ဆက်ဆံရေးရှိပြီး၊ ၂၀၁၃ ခုနှစ် တွင် ခေါင်းဆောင်များ ခရီးစဉ် အချို့ရှိခဲ့သည်။ သမ္မတဦးသိန်းစိန်က ဖေဖော်ဝါရီလတွင် အော်စလိုသို့ သွားရောက်ခဲ့ပြီး၊ နော်ဝေ ဝန်ကြီးများက မြန်မာနိုင်ငံသို့ ဧပြီလတွင် လာရောက် လည်ပတ်ခဲ့သည်။ နော်ဝေ ဒု-နိုင်ငံခြားရေး ဝန်ကြီး တိုဂီယာ လာဆင် (Mr. Torgeir Larson) က မြန်မာနိုင်ငံသို့ မေလတွင် လာရောက် လည်ပတ်ခဲ့သည်။

**ဆွစ်ဇာလန်နိုင်ငံ-** ဆွစ်ဇာလန်နိုင်ငံက ဆွစ်ဖရန့်ငွေ ၃၅ သန်းကို ၅-နှစ်အတွင်း ဖွံ့ဖြိုးရေးနှင့် အထွေထွေ ငြိမ်းချမ်း ရေးလုပ်ငန်းများအတွက် လှူဒါန်းမည့် အစီအစဉ်ကို စက်တင်ဘာလ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ၂၀၁၇ ခုနှစ်တိုင် ကူညီသွားမည် ဖြစ်သည်။ (စက်တင်ဘာ ၄) ဆွစ်အေဂျင်စီ (SDC) က ဆွေးနွေးရာတွင် လာမည့်ဘတ်ဂျက်နှစ်၌ ကျန်း မာရေးစောင့်ရှောက်မှုအတွက် အကူအညီကို တနင်္သာရီတိုင်း၊ ကရင်နှင့် မွန်ပြည်နယ်များတွင် ဒေါ်လာ ၁၀ သန်းမှ ၃၀ သန်း အထိ ကူညီသွားမည် ဆိုသည်။ (ဇန် ၂၄) ဆွစ်နိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ ဖိလစ်ပို လုမ်ဘာဒီ (Fillippo Lombardi) က မြန်မာ ဒု-သမ္မတဦးဉာဏ်ထွန်းနှင့် နေပြည်တော်တွင် တွေ့ဆုံ၍ မေလဆန်းပိုင်းတွင် မြန်မာနိုင်ငံ၌ ဖြစ်နိုင်ခြေရှိသည့် ဆွစ်ရင်းနှီးမြှုပ်နှံမှုများအကြောင်း ပြောဆိုဆွေးနွေးခဲ့သည်။

**အမေရိကန်ပြည်ထောင်စု-** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမေရိကန်ပြည်ထောင်စု၏ အခန်းကဏ္ဍမှာ တိတ်ဆိတ်ငြိမ် သက်လျက် ရှိသည်။ ယင်းတွင် အမေရိကန်ပြည်ထောင်စု- မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝဖွံ့ဖြိုးရေး မိတ်ဖက်အစီအစဉ်"[94] ချမှတ်ထားရှိသော်လည်း၊ မြန်မာနိုင်ငံအတွက် အမေရိကန် ပြည်ထောင်စု၏ အထူးသံကိုယ်စားလှယ် ဒဗလျူ ပက်ထရစ် မာဖီ (W. Patrick Murphy) ကို ခန့်အပ်ထားသော်လည်း ၎င်း၏ လှုပ်ရှားမှုများမှာ အများအားဖြင့် မသိရှိရဘဲ ရှိနေသည်။ သတင်းများအရ အမေရိကန်သံအမတ်ကြီးက တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး၊ အတိုက်အခံ ခေါင်းဆောင်များနှင့်လည်း ငြိမ်းချမ်း ရေးပြဿနာနှင့် ပတ်သက်၍ တွေ့ဆုံခဲ့သည်။ ဥပမာအားဖြင့် - ၈၈ မျိုးဆက် အင်အားစုရုံးသို့ သွားရောက်ခြင်း (၁၀ ဇန် ၂၀၁၄)၊ KIA ၏ ဗိုလ်ချုပ် ဂွမ်မော်နှင့် တွေ့ဆုံခြင်း (၁၉ နိုဝင်ဘာ)၊ ကရင်-မွန် ခေါင်းဆောင်များနှင့် သူတို့ပြည်နယ် များတွင် တွေ့ဆုံခြင်း (၂၄ ဇန် ၂၀၁၃) များ ရှိခဲ့သည်။ သူက ရခိုင်ပြည်နယ်နှင့် လူအုပ်စုချင်း ပဋိပက္ခများကြောင့် ထိခိုက်နစ်နာ ခဲ့ကြရသော ဒေသများသို့လည်း ခရီးသွားရောက်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော အမေရိကန်ပြည်ထောင်စု၏ အဓိက လှုပ်ရှားမှုမှာ အထွေထွေ ဒီမိုကရေစီ ထောက်ခံအားပေးမှု (လှုပ်ရှားမှုများ/ အဖွဲ့ အစည်းများ) နှင့် လူသားချင်းစာနာသည့် အကူအညီပေးမှုများ ပါဝင်သည်။ ပြီးခဲ့သည့်နှစ်တွင် အမေရိကန်ပြည်ထောင် စုက မြန်မာနိုင်ငံနှင့် စစ်တပ်ချင်း ဆက်ဆံ ရန် နည်းလမ်းရှာခဲ့ပြီး၊ မြန်မာစစ်တပ်ကို ထောက်ခံပံ့ပိုး၍ နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုများ ရှေ့ဆက်နိုင်ရန် ကြိုးပမ်းခဲ့သည်။[95] ဇန်နဝါရီလတွင် မြန်မာစစ်တပ်က ပထမဦးဆုံးအကြိမ် အမေရိကန် က ဦးဆောင်ပြီး၊ ထိုင်းနိုင်ငံတွင် ကျင်းပ သည့် ရွှေမြွေဟောက် (Cobra Gold) စစ်လေ့ကျင့်ခန်းသို့ လေ့လာသူအဖြစ်

93 Eu-Myanmar Task Force Website: http://www.myanmar-eutaskforce.com

94 *United States-Burma Partnership for Democracy, Peace and Prosperity*, USAID, 2012.

95 Yun, Joseph. *Rebalance to Asia II: Security and Defense: Cooperation and Challenges Statement* Before the Senate Committee on Foreign Affairs Subcommittee on East Asian and Pacific Affairs; Washington D.C., 25 Apr 2013.

တက်ရောက်နိုင်ခဲ့သည်။ စက်တင်ဘာလ အစီရင်ခံစာတွင် သမ္မတအိုဘားမား၏ အစိုးရအဖွဲ့က အမေရိကန် ကာကွယ်ရေးသင်တန်းများ ပြန်လည် စတင်လိုသော် လည်း ဥပဒေပြုအမတ်များ၏ ဆန့်ကျင်မှုများနှင့် ကြုံတွေ့ရသည်။[96]

**ယူနိုက်တက် ကင်းဒမ်း-** သမ္မတဦးသိန်းစိန်က ယူနိုက်တက် ကင်းဒမ်းနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လလယ်ပိုင်းတွင် သွားရောက် လည်ပတ်ခဲ့သည်။ ဝန်ကြီးချုပ်ကင်မရွန်းက ဤခရီးစဉ်တွင် မြန်မာနိုင်ငံသို့ စစ်ရေးသင်တန်းများ တက်ရောက်ရန် ကမ်းလှမ်းခဲ့ပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် တရားဝင်အကူအညီများပေးရန် ကမ်းလှမ်းခဲ့သည်။ ရိုဟင်ဂျာ မူဆလင်အရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူများ၏ အကူအညီပေးရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများ ကူညီပေးရန် ကမ်းလှမ်းခဲ့သေးသည်။ ဦးအောင်မင်း ဦးဆောင်သော ပြည်ထောင်စု ငြိမ်းချမ်းရေးဖော် ဆောင်မှု လုပ်ငန်းကော်မီတီ ကိုယ်စားလှယ်များကလည်း အင်္ဂလန်သို့ ဧပြီလတွင် သွားရောက်ခဲ့ပြီး၊ နိုင်ငံခြားရေး ဝန်ကြီး ဝီလီယံ ဟိဂ်၊ အခြား ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ သြဂုတ်လတွင် ဗြိတိသျှ လွှတ်တော်ဥက္ကဋ္ဌ မြန်မာ နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး၊ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း ယူနိုက်တက် ကင်းဒမ်းသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီးနှင့် ဖေဖော်ဝါရီလတွင် တွေ့ဆုံခဲ့သည်။

အခြားနိုင်ငံများကဲ့သို့ပင် ယူနိုက်တက် ကင်းဒမ်းသည်လည်း မြန်မာစစ်တပ်နှင့် ၂၀၁၃ ခုနှစ်တွင် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ထူထောင်လာသည်။ ဗြိတိသျှတပ်များ၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာ ဒေးဗစ်ရစ်ချတ်က မြန်မာနိုင်ငံသို့ ဇွန်လ အစောပိုင်းတွင် လာရောက်လည်ပတ်ခဲ့ပြီး၊ ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံအတွက် အမြဲတမ်း ကာကွယ်ရေး စစ်သံမှူး ခန့်အပ်မည်ဟု ကြေညာခဲ့သည်။ ထို့အပြင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိစ္စအတွက် မြန်မာစစ်အရာရှိများ ထံ ၁၁-ရက်ကြာ သင်တန်းတစ်ခုကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပေးခဲ့သည်။ (ယင်းကို လူ့အခွင့်အရေး အဖွဲ့များက ပြစ်တင်ဝေဖန်ခဲ့ကြသည်)။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး ဂျပ်စတင် ဂရိန်နင်းက ပြောဆိုရာ၌၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးဝန်ကြီး ဌာန (DFID) က နောက်ထပ် ပေါင်စတာလင် ၂၉.၁၅ သန်းကို ယူနိုက်တက် ကင်းဒမ်းက မြန်မာနိုင်ငံသို့ ကူညီပေးရန် ကတိပြုထားပြီး ဖြစ်ကြောင်း၊ လက်ရှိ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အားပေးသည့် အနေဖြင့် အစိတ်အပိုင်းတစ်ခု ကူညီခြင်းဖြစ်ကြောင်း (၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအတွက် ပေါင် ၁၀ သန်း၊ ကချင်ပြည်နယ်ရှိ စစ်ပွဲများ၏ သားကောင်များနှင့် လူသားချင်းစာနာမှု အစီအစဉ်များအတွက် ပေါင် ၁၃.၅ သန်း၊ မြန်မာနိုင်ငံ၏ သယံဇာတထုတ် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းချက်အတွက် ပေါင် ၀.၇၅ သန်း၊ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ တီထွင်ဖန်တီးမှု ရှိစေရေး လုပ်ငန်းအတွက် ပေါင် ၄.၉ သန်း ထောက်ပံ့ပေးမည် ဖြစ်သည်။)

## ကုလသမဂ္ဂ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် ကုလသမဂ္ဂ၏ အဖွဲ့အစည်း များစွာ ရှိနေပါသည်။ ကုလသမဂ္ဂ၏ အထူးသံကိုယ်စားလှယ် ဗီဂျေး နမ်ဗီးယား (Vijay Nambiar) ကချင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရေးပါသည့် မျက်မြင်သက်သေအဖြစ် တက်ရောက်နေပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၊ မြန်မာအစိုးရ၏ ဒု-သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံရေး နှင့် အရပ်ဖက် အဖွဲ့အစည်း ခေါင်းဆောင်များအကြား ကြားခံဆက်သွယ်ပေး ရေးပုဂ္ဂိုလ်အဖြစ် အရေးပါသည့် အခန်းကဏ္ဍမှ ရှိနေပါသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်ရေးရုံး (OCHA) က လူသားချင်းစာနာမှု အကူအညီများ ပေးနေပါသည်။ သို့သော်လည်း မူဆလင်ဒုက္ခသည်များအပေါ် မျက်နှာသာပေးသည်ဆို၍ မကြာသေးမီက ရခိုင်ပြည်နယ်တွင် ဘာသာရေးတင်းမာမှုများ ဖြစ်ပေါ်ပြီးနောက်၊ ပြစ်တင်ဒေါသဖြစ်ကြသည်လည်း ရှိပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးသံကိုယ်စားလှယ်ကိုလည်း ဒေါသထွက်နေသည့် လူအုပ်က မကြာသေးမီက မိတ္ထီလာခရီးစဉ်တွင် အလားတူအကြောင်းဖြင့်ပင် တိုက်ခိုက်မှုများ ရှိခဲ့သည်။ ကုလသမဂ္ဂ ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာရုံး (UNODC) အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် နိုင်ငံအတွင်း မူးယစ်ဆေး ထုတ်လုပ်နေသည့်ကိစ္စများကို ကိုင်တွယ် ဆောင်ရွက်နေပါသည်။ သို့သော်လည်း သိသာထင်ရှားသည့် ရလဒ်များ ထွက်ပေါ်ခြင်း မရှိသေးပါ။

96 Penning, Matthew. "Lawmaker uneasy over U.S.-Myanmar military ties", *AP*. 5 Sept 2013. Web.

# ၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ

လာမည့်နှစ်များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မည်သို့ ဖွံ့ဖြိုးတိုးတက်မှုရှိမည် ဆိုသည်မှာ၊ အကြောင်းအချက်အများ အပေါ် မူတည်သည်။ အောက်တွင် အကြောင်းအချက် အချို့ကို သတ်မှတ်ဖော်ထုတ် တင်ပြထားပါသည်။ ယင်းတို့က အရေးကြီးသည့် မေးခွန်းများဖြစ်သော လက်နက်ကိုင်တိုက်ပွဲများ မည်သို့ အဆုံးသတ်ပါမည်နည်း၊ နိုင်ငံရေး တောင်းဆိုချက်များကို မည်သို့ နှစ်ဦးနှစ်ဖက် ကျေလည်ကြမည်နည်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘော ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည် တည်တံ့နေအောင် မည်သို့ထိန်းသိမ်းကြမည်နည်း စသည့် မေးခွန်းများကို ဖြေဆိုထားပါသည်။

| | | |
|---|---|---|
| ၁ | သဘောတူညီချက်များကို လိုက်နာမှု ရှိစေရန် လိုအပ်သည်။ | တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၏ အကြီးမားဆုံးသော စိုးရိမ်ပူပန်မှုမှာ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်ကို မည်သို့ စည်းနှောင် လိုက်နာအောင် ပြုမည်နည်း၊ မည်သို့ ကောင်းမွန်စွာ အကောင်အထည် ဖော်မည်နည်းဟူသော အချက်ပင် ဖြစ်သည်။ ယနေ့တိုင် အစိုးရက အပစ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုများ ရှိနေသေးပြီး၊ အစိုးရနှင့် သဘောတူညီချက် အချို့မှာ စက္ကူ ပေါ်တွင်သာ ရှိနေသေးကြောင်း RCSS က ဆိုသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်များ သက်ဝင်လိုက်နာရန် ဆိုသည်မှာ လုပ်ငန်းစဉ်စနစ် မည်မျှ တိကျခိုင်မာသနည်း နှင့် ဘက်အသီးသီးက မည်မျှကတိ တည်ကြမည်နည်း ဟူသော အချက်ပေါ်တွင် မူတည်သည်။ |
| ၂ | စစ်တပ်၏ ပါဝင်ပတ်သက်မှု | ၂၀၁၃ နှစ်ဆန်းပိုင်းတွင် လိုင်ဇာထိုးစစ်ကို တစ်ဖက်သတ်ရပ်ဆိုင်းရန် သမ္မတ၏ အမိန့်မသက်ရောက်သည့် အတွက်ကြောင့်၊ စစ်တပ်ကို ထိန်းချုပ်ရေး အစိုးရ၏ အာဏာအပေါ်တွင် သာမက၊ စစ်တပ် မပါဝင်ဘဲ ငြိမ်းချမ်းရေး သဘောတူညီချက်များ ရယူနေခြင်း အပေါ်တွင်ပါ စိုးရိမ်စိတ်ပွားလာကြသည်။ ထို့အပြင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကလည်း စောဒကတက် ပြောဆိုနေကြသည်မှာ၊ စစ်တပ်က အပစ်ရပ်စဲရေး သဘောတူညီချက်များကို လိုက်နာရန် ငြင်းဆန်ခြင်း၊ ဆန့်ကျင်ကွဲလွဲသည့် လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် စစ်တပ်က မည်သို့ ပါဝင် ဆောင်ရွက်မည်မှာ အပစ်ရပ်စဲရေး သဘောတူညီချက် အောင်မြင်ရန်၊ တိုက်ပွဲများ အဆုံးသတ်နိုင်ရန် အဆုံးအဖြတ် ပေးလိမ့်မည် ဖြစ်သည်။ |
| ၃ | လိုက်နာရန် ကျင့်ထုံး | ငြိမ်းချမ်းရေး သဘောတူညီချက်များ ရှိနေသော်လည်း၊ လက်ရှိ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်နေမှုများနှင့် တိုက်ပွဲများ ဖြစ်ပွားရခြင်း၏ အကြောင်းမှာ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့များ စိုးမိုးသည့် နယ်မြေများ ထပ်နေသည့်အပြင် တိကျသည့် နယ်မြေသတ်မှတ်မှုများ ရှိမနေသည့်အတွက်ကြောင့် ဖြစ် သည်။ လှုပ်ရှား/ထိန်းချုပ်နယ်မြေ မည်သို့ခွဲဝေမည်ဆိုသည့် အချက်မှာ လိုက်နာရန် ကျင့်ထုံး (Code of conduct) ရေးဆွဲသည့်အခါ အဓိက ကြုံတွေ့နေရသည့် ပြဿနာ ဖြစ်သည်။ |
| ၄ | အစဉ် တည်ရှိနေသည့် မယုံကြည်မှု သံသယကို ဖြေရှင်းခြင်း | ကာလလာဟလများအရ မြန်မာစစ်တပ်၏ အမှန်တကယ် ရည်ရွယ်ချက်မှာ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကို အမြစ်ပြတ်ချေမှုန်းရေး ဖြစ်၍ ရှေ့တန်း နယ်မြေများကို ထိန်းချုပ်နိုင်ရေးပင် ဖြစ်သည်။ (၂၀၁၃ ခုနှစ် မေလ ၂ ရက်နေ့တွင် စစ်ရေးလေ့လာနေသူ ဦးအောင်ကျော်ဇောက သူရရှိထားသည့် အထောက်အထားတွင် ဤအချက်ကို အခိုင်အမာ ပြဆိုနေသည်ဟု ဆိုပါသည်။) ဤသို့ မြန်မာစစ်တပ်က တိုင်းရင်းသား လက်နက်ကိုင်တပ်များအပေါ် ရန်လိုသည့် သဘောထားမပြောင်းသည့် အတွက်ကြောင့်နှင့် အပစ်ရပ်စဲရေးကို ချိုးဖောက်နေသောကြောင့် အစိုးရ၏ နိုင်ငံ ရေးဆွေးနွေးပွဲများမှာ ရုပ်ပြမျှသာ ဖြစ်ကြောင်း အများက ထင်မြင်ယုံကြည် နေကြသည်။<br><br>တစ်ချိန်တည်းမှာပင် အစိုးရဖက်ကလည်း တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများသည့် |

| | | |
|---|---|---|
| | | တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ရင်း ရန်စနေသည်၊ သို့အတွက်ကြောင့် လုံခြုံရေးတပ်ဖွဲ့များ၏ တုံ့ပြန် လုပ်ဆောင်မှု လိုအပ်လာရသည်ဟု ဆိုပါသည်။ |
| ၅ | လွှတ်တော်၏ ပါဝင်မှု | ဦးအောင်မင်းနှင့် MPC က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ဝါးကြီးအုပ်ထားသည့် အတွက်ကြောင့် နိုင်ငံရေး တောင်းဆိုချက်များကို အကောင်အထည် ဖော်ရန်၊ ပေးရန်၊ ဥပဒေပြုခွင့်အာဏာမရှိဘဲ မည်သို့ဆောင်ရွက် မည်နည်းဟု မေးခွန်းထုတ်လာကြသည်။ ပြီးခဲ့သည့် နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လွှတ်တော်၏ အခန်းကဏ္ဍကို ပို၍ အရေးထား လာကြသည်။ သို့သော် လွှတ်တော်က မည်သို့မည်ပုံ ပါဝင်ပတ်သက်မည် ဆိုသည့်အချက်မှာ မရှင်းလင်းလှသေးပါ။ |
| ၆ | နိုင်ငံရေးပြဿနာများကို ဖြေရှင်းခြင်း | ပဋိပက္ခများကို ဖြစ်ပွားစေသည့် နာကျည်း စိတ်ခံစားရမှုများ၊ နစ်နာချက်များကို ယခုတိုင် သတ်မှတ်ဖော်ထုတ်ခြင်း၊ ဖြေရှင်းပေးခြင်း မရှိသေးပါ။ |
| ၇ | လူအုပ်စုချင်း ပဋိပက္ခများ- တင်းမာမှု မြင့်မားနေသည် | မြန်မာနိုင်ငံတွင် ယခုတိုင် ဘာသာရေးတင်းမာမှု မြင့်မားဆဲဖြစ်ပြီး၊ အစိုးရ က လုံလောက်စွာ ဆောင်ရွက်ပေးမှု မရှိခြင်းအပေါ် လူများစွာက ဝေဖန်နေကြသည်။ အကြမ်းဖက်ဝါဒနှင့် မတည်ငြိမ်မှု ခြိမ်းခြောက်လာမှုများကြောင့် အပြုသဘော ပြုပြင်ပြောင်းလဲမှုများ နှေးကွေးရဖွယ် ရှိနိုင်ပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖွံ့ဖြိုးမှုလည်း ထိခိုက် နှေးကွေးရဖွယ် ရှိသည်။ |
| ၈ | အစိုးရအတွင်း နိုင်ငံရေးနှင့် တိုင်းရင်းသား အဖွဲ့များ အချင်းချင်းကြား နိုင်ငံရေး | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သူ ထိန်းချုပ်မည်ဟူ၍ နိုင်ငံရေးနှင့် ပတ်သက်သော ကောလာဟလများ ရှိနေရာ၊ ယခု ဆွေးနွေးညှိနှိုင်းပွဲများကို ဦးဆောင်နေသူများ ပြောင်းလဲဖွယ်ရှိကောင်းရှိနိုင်သည်။ ဥပမာအားဖြင့်- ဦးအောင်မင်းက လက်ရှိ ပင်မ ညှိနှိုင်းဆွေးနွေးသူအဖြစ်မှ နုတ်ထွက်ရန် ၄-ကြိမ် ကြိုးပမ်းမှုကို အချို့သောသူများက နောက်ကွယ်တွင် တင်းမာမှုများ ရှိနေသည်ဟု ယူဆကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြားတွင်လည်း သဘောထားပျော့ပြောင်းသူ၊ တင်းမာသူဟူ၍ ကွဲပြားမှုများ ရှိနေကြသည်။ |
| ၉ | ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုများ | အပစ်ခတ်ရပ်စဲရေး သဘောတူညီထားချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခြင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ နေ၍ နိုင်ငံရေးအရ အခင်းအကျင်းသစ်ကို ဖော်ဆောင်နိုင်ရေး ကိစ္စများမှာ အစိုးရ၏ ထိရောက်ထက်မြက်မှုအပေါ် များစွာ မှီတည်နေပါသည်။ တစ်စုံလုံး ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများသည် ဥပဒေနည်းကျအုပ်ချုပ်ရေး၊ ပွင့်လင်းမြင်သာမှု၊ အကျင့်ပျက်ခြစားမှု၊ စစ်တပ်ကလည်း ဖရော်ဖက်ရှင်နယ် တပ်မတော်ဖြစ်ရေး လုပ်ဆောင်ခြင်း၊ စသည်တို့ကို ပြုပြင်ပြောင်းလဲရမည် ဖြစ်ပြီး၊ သို့မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် သြဇာသက်ရောက်မှု ရှိလာစေမည် ဖြစ်သည်။ နိုင်ငံရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖက်စုံပြုပြင်ပြောင်းလဲမှုများမှနေ၍ တစ်စုံလုံး ညှိနှိုင်းဆွေးနွေးနေမှု နောက်ခံကားကို ပြောင်းလဲစေမည် ဖြစ်ပြီး၊ ဆုံးဖြတ်ချက်များ ထွက်ပေါ်လာစေမည် ဖြစ်သည်။ |
| ၁၀ | တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူမှု | တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူမှု၏ ရလဒ်များသည် နိုင်ငံ အဆင့် မူဝါဒများအပေါ် အကြီးအကျယ် သက်ရောက်နိုင်ပါသည်။ ဤအနေအထားတွင် တိုင်းရင်းသားတို့၏ စိတ်နာကျည်း မကျေနပ်မှုများ အတွက် ပို၍အငြင်းပွားဖွယ် ဖြစ်စေနိုင်သကဲ့သို့၊ ဖြေရှင်းရန် အထောက်အကူလည်း ဖြစ်စေနိုင်သည်။ |

# ၇။ အဖွဲ့အစည်းများ၏ အကြောင်းအချက်များ

## Arakan Army
## ရက္ခိုင့် တပ်မတော်

http://facebook.com/thearakanarmy1

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**

**တည်ထောင်သည့် ရက်စွဲ-** ၂၀၀၈ ခုနှစ်
**ဌာနချုပ်-** ယာယီဌာနချုပ်ကို KIO ထိန်းချုပ်ဒေသတွင် ထားရှိသည်။
**လှုပ်ရှားသည့်ဒေသ-** ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ထိန်းချုပ်ဒေသ
**ခန့်မှန်းအင်အား-** ၁, ၂၀၀ +
**ခေါင်းဆောင်-** ဗိုလ်မှူးချုပ် ထွန်းမြတ်နိုင် (စစ်ဦးစီးချုပ်)
ဒေါက်တာ ညိုထွန်းအောင် (ဒု-စစ်ဦးစီးချုပ်)
**CEC အဖွဲ့ဝင်-** ဒု-ဗိုလ်မှူးကြီးကျော်ဟန် (NCCT တွင် AA ၏ ကိုယ်စားလှယ် ဖြစ်သည်။

ရခိုင်တပ်မတော် (AA) ကို ရခိုင်ပြည်သူများကို ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လွပ်လပ်ရေး၊ ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ရခိုင်တပ်မတော် (AA) သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် မြန်မာအစိုးရ စစ်တပ်က တိုက်ပွဲများ ပြန်လည် စတင်လာပြီးသည့် နောက်ပိုင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အတူ ပူးတွဲတိုက်ပွဲဝင်လျက် ရှိသည်။ ၎င်းတို့တပ်ဖွဲ့၏ တစ်ဝက်ကျော်ကို KIA က လေ့ကျင့် သင်တန်းပေးခဲ့သည်။

**၎င်း၏ ဦးတည်ချက် ၃-ရပ်မှာ-**

၁။ လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် ရရှိရေး
၂။ လူမျိုးရေး ကြန်အင်လက္ခဏာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး
၃။ ရခိုင်လူမျိုးတို့၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို မြင့်တင်ဆောင်ရွက်ရေးတို့ ဖြစ်သည်။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**

အပစ်အခတ် ရပ်စဲမှု- မရှိသေးပါ။ တိုက်ပွဲဝင်နေဆဲ။
တိုက်ပွဲ အရေအတွက်- မသိရှိရ။

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မရှိ။

**ဆက်ဆံရေးရုံး -** မရှိ။

| စဉ် | နေ့စွဲ | နေရာ | AA ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| | | | | | |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | အဖွဲ့ဝင် | |

| | | | |
|---|---|---|---|
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | KIA | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | ရခိုင်အမျိုးသားညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသည်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## All Burma Students' Democratic Front
## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး

http://absdf8888.org/profile



**အကျဉ်းချုပ်**

**တည်ထောင်သည့် ရက်စွဲ-** နိုဝင်ဘာလ ၁ ရက်၊ ၁၉၈၈ ခုနှစ်

| | |
|---|---|
| **ဌာနချုပ်-** | ကရင်အမျိုးသား အစည်းအရုံး (KNU) ထိန်းချုပ်ဒေသတွင် ထားရှိသည်။ |
| **လှုပ်ရှားဒေသ-** | ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) |
| **ထိန်းချုပ်ရာဒေသ-** | |
| **ခန့်မှန်းအင်အား-** | ၆၀၀ + (ကချင်ဒေသတွင် ၂၀၀ ခန့် ရှိသည်။) |
| **ခေါင်းဆောင်-** | ဦးသံခဲ (ဥက္ကဋ္ဌ) |
| | ဦးမျိုးဝင်း (ဒု-ဥက္ကဋ္ဌ) |
| | ဦးဆန်နီ မဟိန္ဒာ (အထွေထွေ အတွင်းရေးမှူး) |

ABSDF သည် ၁၉၈၈ ခုနှစ်၊ အရေးတော်ပုံနောက်ပိုင်း ထူထောင်ခဲ့သည့် ကျောင်းသားတပ်မတော်ပင် ဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိစေရန်အတွက် ဒီမိုကရေစီနှင့် တိုင်းရင်းသား အင်အားစုများနှင့် အတူတကွ လက်တွဲတိုက်ပွဲဝင်ရန် ဖြစ်သည်။

ထိုင်း-မြန်မာနယ်စပ်တွင် စခန်း ၇-ခုနှင့် အိန္ဒိယ-မြန်မာနယ်စပ်တွင် စခန်း ၃-ခု၊ တရုတ်-မြန်မာနယ်စပ်တွင် စခန်း ၃-ခု တည်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့တွင် နိုင်ငံခြားဌာနခွဲများ တည်ရှိသည်။

**တွေ့ဆုံဆွေးနွေးရေး ဦးတည်ချက်-**

၁။ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး

၂။ အင်အားစု အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေး

၃။ ဒီမိုကရေစီ အပြောင်းအလဲတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးကို အာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်စေရေး။

**လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်များ-**

၁။ သမ္မတဦးသိန်းစိန် ဦးဆောင်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို လေ့လာရန်

၂။ ABSDF ၏ အနာဂတ်နိုင်ငံရေးအတွက် ပြည်သူလူထု၏ ထင်မြင်ချက်များကို စုဆောင်းရန်။

၃။ ABSDF ယခင် တပ်ဖွဲ့ဝင်ဟောင်းများနှင့် မိသားစုဝင်များကို တွေ့ဆုံရန်

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**

**အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သစ်-** ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်။

အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသော **၁၄ ခုမြောက်** အဖွဲ့ ဖြစ်သည်။

**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု။ (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

**အပစ်အခတ် ရပ်စဲပြီးနောက် တိုက်ပွဲများ -** မသိရှိရပါ။

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** အလှည့်ကျ ရှိသည်။
**ဆက်ဆံရေးရုံးများ**
၁။ မြဝတီ
၂။ မူဆယ်
၃။ လွိုင်ကော်
ကလေး၊ ဘုရားသုံးဆူ နှင့် မြိတ်မြို့များတွင် ရုံးဖွင့်ရန် အဆိုပြုထားသည်။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | ABSDF ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အကြောင်းအရာ |
|---|---|---|---|---|---|
| ၁။ | ၁၇/ ၁/ ၁၂ | ထိုင်းနိုင်ငံ မဲဆောက်မြို့ | ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်း | ဦးအောင်သောင်း | ABSDF က သူတို့၏ ရပ်တည်ချက်ကို ဖော်ပြထားသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စာတမ်းကို တင်ပြသည်။ သူတို့က အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုကို အပြုသဘော ပထမအဆင့် အဖြစ် လက်ခံပြီး၊ တန်းတူအခွင့်အရေး ရရှိလျှင် ဆွေးနွေးရန် သဘောတူသည်။ အစိုးရက ABSDF နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် တရားဝင် အကြောင်းကြားစာကို ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်တွင် ပေးပို့ခဲ့သည်။ |
| ၂။ | ၀၉/ ၀၂/ ၁၂ | ထိုင်းနိုင်ငံ မဲဆောက်မြို့ | ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်း | ဗိုလ်မှူး စောခင်စိုး (ဦးအောင်သောင်း ကို ကိုယ်စားပြုသည်။) | မည်သည့် သဘောတူညီချက်မျှ မရရှိပေ။ နောက်ထပ် ဆွေးနွေးပွဲများ ပြုလုပ်ရန်ကိုမူ နှစ်ဖက်စလုံးက သဘောတူညီကြသည်။ |
| ၃။ | ၀၉/ ၁၁/ ၁၂ | ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ | ဥက္ကဋ္ဌ ဦးသံခဲ၊ ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အခြား ၄ ဦး | ဦးအောင်မင်း | နှစ်ဖက်စလုံးက အချက် ၂-ချက်ကို သဘောတူညီကြသည်။ (၁) မြန်မာနိုင်ငံအခြေအနေကို လေ့လာနိုင်ရန်အတွက် ABSDF ကိုယ်စားလှယ်အဖွဲ့အား ခရီးသွားလာခွင့် ပြုပေးရန် (၂) အစိုးရနှင့် နိုင်ငံရေးအရ ဆွေးနွေးရန်တို့ ဖြစ်သည်။ (ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် တို့ တက်ရောက်သည်။) |
| ၄။ | ၁၈-၂၄/ ၁၂/ ၁၂ | နေပြည်တော် နှင့် MPC ရန်ကုန် | ဥက္ကဋ္ဌ ဦးသံခဲ၊ အတွင်းရေးမှူး ဦးဆန်နီမဟိန္ဒာ နှင့် အခြား ၇ ဦး | ဦးအောင်မင်းနှင့် MPC အဖွဲ့ဝင်များ | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်နေမှုများကို ကောင်းစွာ လေ့လာသိရှိနိုင်ရန် ABSDF မှ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံအတွင်း ခရီးသွားလာခဲ့သည်။ ၎င်းခရီးစဉ်အတွင်း ယင်းကိုယ်စားလှယ် အဖွဲ့သည် ၈၈-မျိုးဆက် ကျောင်းသားများ |

| | | | | | |
|---|---|---|---|---|---|
| | | | | | အင်အားစု ခေါင်းဆောင်များ၊ ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင် ခွန်ထွန်းဦး၊ အခြား တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် များနှင့် တွေ့ဆုံကာ အကြံဉာဏ်များ ရယူခဲ့သည်။ ABSDF ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ၎င်းတို့၏ မိသားစု ဝင်များနှင့်လည်း တွေ့ဆုံခဲ့သည်။ |
| ၅။ | ၂၁/၅/၁၃ | MPC ရန်ကုန် | ကိုကျော်ကို နှင့် ကိုဆန်နီမဟိန္ဒာ | ဦးအောင်မင်း | ငြိမ်းချမ်းရေးနှင့် အကောင်အထည် ဖော်ရေး အရေးကြီးကြောင်း ABSDF က ထပ်မံအတည်ပြုသည်။ နှစ်ဖက် စလုံးက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ရှေ့ဆက်ရန် သဘောတူကြသည်။ အစိုးရက လုံခြုံရေး ထောက်ပံ့ကူညီ ပေးမှု မရှိသောကြောင့် မြောက်ပိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခြင်း မရှိပါ။ |
| ၆။ | ၁၂/၇/၁၃ | ချင်းမိုင်မြို့ ထိုင်းနိုင်ငံ | ABSDF နည်း ပညာအဖွဲ့ | MPC နည်းပညာ အဖွဲ့ | ရလဒ်ကို သတင်းဖော်ပြခြင်း မရှိပါ။ |
| ၇။ | ၅/၈/၁၃ | MPC ရန်ကုန် | ABSDF CEC ၂၄ ဦး၊ မြောက်ပိုင်းမှ ၅ ဦး နှင့် အိန္ဒိယ မှ ၅ ဦး | ဦးအောင်မင်း | ပြည်နယ်အဆင့် အချက် ၄ ချက်ပါ သဘောတူညီချက် |
| ၈။ | ၁၀/၈/၁၃ | MPC ရန်ကုန် | ဥက္ကဋ္ဌသံခဲ၊ ဒု- ဥက္ကဋ္ဌမျိုးဝင်း၊ အထွေထွေ အတွင်းရေးမှူး ဆန်နီနှင့် CEC အဖွဲ့ဝင်များ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၂ ချက်ပါ သဘောတူညီချက် |
| ၉။ | ၈/၁၁/၁၃ | MPC ရန်ကုန် | အထွေထွေ အတွင်းရေးမှူး ဆန်နီနှင့် CEC အဖွဲ့ဝင်များ | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော တွေ့ဆုံမှု |
| ၁၀။ | ၉/၁၁/၁၃ | MPC ရန်ကုန် | ABSDF/ ALP | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု |
| ၁၁။ | ၂၀/၁၁/၁၃ | နေပြည်တော် | ABSDF | ဦးအောင်မင်း | ပြည်ထောင်စုအဆင့်တွင် လက်မှတ် ရေးထိုးရန် အချက်များကို ဆွေးနွေးကြသည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | လေ့လာသူ | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | လေ့လာသူ | |

| | | | |
|---|---|---|---|
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | လေ့လာသူ | |
| ၅။ | စစ်မဟာမိတ် | KIA<br>KNU | (၁၉၈၈-၉၆)၊ (၂၀၁၁- လက်ရှိ ကာလ)<br>(၁၉၈၈- ဆက်လက်၍) |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | ၁၂/၂၀၁၂ | NLD, SNLD, UNA, ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစု |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**တိုးတက် ဖြစ်ပေါ်မှုများ**


| | | | | |
|---|---|---|---|---|
| **တွေ့ဆုံဆွေးနွေးမှု** | | | | |
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | နိုင်ငံရေး အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို နိုင်ငံရေးလုပ်ငန်းစဉ်တွင် အင်အားစုအားလုံး ပါဝင်ဆောင်ရွက်လာကြစေရန် တရားဝင်ဖိတ်ခေါ်မှု ရှိသည်။<br>ABSDF က အဆိုပြုထားသည့် ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိစ္စများနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးမှု ရှိသည်။ |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | A | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | ✓ | ABSDF ကိုယ်စားလှယ်အဖွဲ့က တပ်ရင်းများရှိ ကျဆုံးကျောင်းသားများ၏ မိဘများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။<br>သတင်းဌာနများနှင့် လွတ်လပ်စွာ၊ အချုပ်အချယ်ကင်းစွာ ထိတွေ့ဆက်ဆံခွင့် ရှိသည်။ |
| ၉ | တရားဝင် ဖြစ်စေမှု | A | | ABSDF အဖွဲ့ဝင်များကို အမည်မည်းစာရင်းသွင်းထားခြင်းမှ ပယ်ဖျက်ပေးရန်၊ ဥပဒေအရစွပ်စွဲခံထားရသောအဖွဲ့ဝင်များကို ပယ်ဖျက်ပေးရန် ဆက်လက်ဆွေးနွေးမှုရှိသည်။ |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | | ကျန်ရှိ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် ဆက်လက် ဆွေးနွေးမှုများ ရှိသည်။<br>နိုင်ငံရေးအကျဉ်းသား စိစစ်မှု ကော်မီတီတွင် ပါဝင်သည်။ |
| ၁၁ | လူ့အခွင့်အရေး | D | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |

| | | | | |
|---|---|---|---|---|
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | တည်ဆဲဥပဒေများအတိုင်း ဒေသခံများ၊ နိုင်ငံခြား အဲန်ဂျီအိုများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံခွင့် ရှိသည်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျော့ပေါ့ အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ် ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊ → = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး။ မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဩဂုတ်လ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ အကြား အချက် ၄ ချက်ပါ သဘောတူညီချက် (အင်္ဂလိပ်)
- ဩဂုတ်လ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ အကြား အချက် ၁၂ ချက်ပါ သဘောတူညီချက် (မြန်မာ)
- ဩဂုတ်လ ၅ ရက်၊ ၂၀၁၃ ခုနှစ်- ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ အကြား အချက် ၄ ချက်ပါ သဘောတူညီချက်
- ဇူလိုင်လ ၃၀ ရက်၊ ၂၀၁၃ ခုနှစ်- ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
- ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်- ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများအပေါ် ကျောင်းသားတပ်မတော် မှ သဘောထား
- ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်- သံဃာတော်များသို့ မေတ္တာရပ်ခံချက်
- ဇန်နဝါရီလ ၃ ရက်၊ ၂၀၁၃ ခုနှစ်- ရန်ကုန် သတင်းစာရှင်းလင်းပွဲ

# Arakan Liberation Party
# ရခိုင်ပြည် လွတ်မြောက်ရေးပါတီ



http://www.arakanalp.com

**လက်နက်ကိုင်တပ်ဖွဲ့** - ရခိုင် လွတ်မြောက်ရေး တပ်မတော် (ALA)
**အစိုးရကခေါ်သော အမည်** - ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ (RSLP)

UNFC အဖွဲ့ဝင် ဖြစ်သည်။ (ANC အမည်အောက်တွင်)

NCCT အဖွဲ့ဝင် ဖြစ်သည်။ (ANC အမည်အောက်တွင်)

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ဧပြီလ ၉ ရက်၊ ၁၉၆၇ ခုနှစ်။ ၁၉၇၃ ခုနှစ်၊ ၁၉၈၁ ခုနှစ်။
**ဌာနချုပ်-** ဌာနချုပ်ကို အိန္ဒိယနယ်စပ်တွင် ထားရှိသည်။
**လှုပ်ရှားဒေသ-** ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်အတွင်း။
**ခန့်မှန်းအင်အား-** ၆၀- ၁၀၀ (ပါတီအဖွဲ့ဝင် ၂, ၀၀၀ ခန့်)
**ခေါင်းဆောင်-** ဦးခိုင်ရဲခိုင် (ဥက္ကဋ္ဌ)
ဦးခိုင်စိုးနိုင်အောင် (ဒု-ဥက္ကဋ္ဌ)
ဦးခိုင်သုခ (အတွင်းရေးမှူး)

ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) သည် ရခိုင်ပြည်သူတို့ လွတ်မြောက်ရေးနှင့် တိုင်းရင်းသား အခွင့်အရေးများ အတွက် တောင်းဆိုလှုပ်ရှားနေသည်။ ဌာနချုပ်ကို ရခိုင်ပြည်နယ်အနီး အိန္ဒိယနိုင်ငံ နယ်စပ်တွင် အခြေပြုထားသည်။ ALP ၏ လက်နက်ကိုင်တပ်ဖြစ်သည့် ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော် (ALA) သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ထိုင်း-မြန်မာ နယ်စပ်တို့တွင် မြန်မာအစိုးရစစ်တပ်ကို တိုက်ခိုက်လျက်ရှိသည်။

ALP/ALA တွင် စစ်စခန်း ၄-ခု ရှိသည်။ တပ်ရင်း အမှတ် ၉ (ဘင်္ဂလားဒေ့ရှ် နယ်စပ်)၊ ဧည့ဝတီတပ်ရင်း နှင့် ရခိုင် ရိန်းဂျားတပ် (အိန္ဒိယနယ်စပ်)၊ ရမ္မာဝတီတပ်ရင်း (ကရင်ပြည်နယ်)။

ALP ဌာနခွဲများ။ မဲဆောက် (ထိုင်းနိုင်ငံ)၊ ဒက္ကာ (ဘင်္ဂလားဒေ့ရှ်)၊ နယူးဒေလီနှင့် ဂူဂါဟတီ (အိန္ဒိယနိုင်ငံ)၊ မလေးရှားနှင့် အမေရိကန်ပြည်ထောင်စု ဌာနခွဲများ။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ-**
ဦးခိုင်ရဲခိုင်
ဦးခိုင်စိုးနိုင်အောင်
ဦးခိုင်သုခ
ဦးခိုင်ထွန်းလင်း
ဒေါ်စောမြရာဇာလင်း

**စစ်ရေးခေါင်းဆောင်များ-**

ဦးစီးချုပ် - ခိုင်ရဲခိုင်
ဒု-ဗိုလ်မှူးကြီး ကျော်စိုးနိုင်
ဗိုလ်မှူး ခိုင်မျိုးဝင်း
ဗိုလ်မှူး ခိုင်ဘုန်းမြတ်ဇော် (ရမ္မာဝတီ တပ်ရင်းမှူး)
* ဒေါ်စောမြရာဇာလင်းသည် NCCT အဖွဲ့ဝင် ဖြစ်သည်။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ်ရပ်စဲရေး အသစ်ဆွေးနွေးမှု** - ဧပြီလ ၅ ရက်၊ ၂၀၁၂ ခုနှစ်။
မြန်မာအစိုးရသစ်နှင့် **၁၁ ဖွဲ့မြောက်** အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ဖြစ်သည်။
**အဆင့် ၁-** ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ
**တိုက်ပွဲများ-** မရှိပါ။

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** တွဲဖက် အတွင်းရေးမှူး- ခိုင်သုခ
**ဆက်ဆံရေးရုံးများ**
ကျောက်တော်၊ ရခိုင်ပြည်နယ် ၃၊ ၉၊ ၂၀၁၂ ခုနှစ်။
ပလက်ဝ၊ ချင်းပြည်နယ် - ဆိုင်းငံ့ထားသည်။
** ဆက်ဆံရေးရုံးဖွင့်ရန် အဆိုပြုထားသည့် နေရာများ။ စစ်တွေ၊ ကျောက်ဖြူ (ဆက်ဆံရေးရုံး ဖွင့်ရန် လျာထားသည်)။ မောင်းတော၊ ရန်ကုန်နှင့် မြဝတီမြို့ (စီးပွားရေးရုံး)*

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အကြောင်းအရာ |
|---|---|---|---|---|---|
| ၁ | ၄-၅/၄/ ၁၂ | ရခိုင်ပြည်နယ် စစ်တွေမြို့ | ဒု-ဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင် နှင့် တွဲဖက် အတွင်းရေးမှူး ခိုင်သုခ | ရခိုင်ပြည်နယ် နယ်စပ်/ လုံခြုံ ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း | ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် |
| ၂ | ၆/၆/၁၂ | စစ်တွေ၊ ရခိုင် ပြည်နယ် | ခိုင်သုခ | ရခိုင်ပြည်နယ် အစိုးရအရာရှိ များ | ငြိမ်းချမ်းရေး ဆောင်ရွက်မှု၊ လူအုပ်စု ချင်း အကြမ်းဖက်မှု ဖြစ်နေမှုများနှင့် ရခိုင်ပြည်နယ်အတွင်း ဆက်ဆံရေးရုံး ဖွင့်ရေး ကိစ္စများကို ဆွေးနွေးသည်။ |
| ၃ | ၁၀/၁၁/၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ဦးခိုင်စိုးနိုင်အောင် | ဦးအောင်မင်း | အောက်တိုဘာလ လူအုပ်စုချင်း ပဋိပက္ခကိစ္စများကို ဆွေးနွေးကြသည်။ |
| ၄ | ၉/၉/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ALP | ဦးအောင်မင်း၊ ဦးခင်ရီနှင့် MPC ကိုယ်စားလှယ် ၁၃ ဦး | အလွတ်သဘော တွေ့ဆုံမှု |
| ၅ | ၈/၁၀/၁၃ | MPC ရန်ကုန် | ALP | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော တွေ့ဆုံမှု |
| ၆ | ၉/၁၀/၁၃ | MPC ရန်ကုန် | ALP/ABSDF | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | နိုဝင်ဘာ ၈၊ ၂၀၁၃ တွင် ရန်ကုန်၌ ငြိမ်းချမ်းရေး အလှူရှင် အုပ်စု (PDSG) နှင့် တွေ့ဆုံသည်။<br><br>ဖေဖော်ဝါရီ ၁၅-၁၉၊ ၂၀၁၃ တွင် ALP ၏ ကိုယ်စားလှယ် ၇ ဦးက ဖိလစ်ပိုင်သို့ သွားရောက်၍ ယင်းနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ် ငန်းစဉ်ကို လေ့လာကြသည်။ |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | ရခိုင်အမျိုးသားညီလာခံ ကျင်းပရန် စီစဉ်ထားသည်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**တိုးတက် ဖြစ်ပေါ်မှုများ**

| | | | | |
|---|---|---|---|---|
| **တွေ့ဆုံဆွေးနွေးမှု** | | | | |
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | D | | |

| | | | | |
|---|---|---|---|---|
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | | | |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၅ စီး အခွန်လွတ်နှင့် ကားအစီး ၁၀ အတွက် လျော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊
→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။

## Arakan State Army
## ရခိုင်ပြည် တပ်မတော်



http://www.facebook.com/pages/Arakan-Army/318576794899066

**ဆက်သွယ်ရန်-** aa.arakanarmy@gmail.com

**အကျဉ်းချုပ်**

**တည်ထောင်သည့် ရက်စွဲ-** ၂၀၁၀ ခုနှစ်

| | |
|---|---|
| **ဌာနချုပ်-** | DKBA ထိန်းချုပ်ရာဒေသတွင် ဌာနချုပ် အခြေပြုထားသည်။ |
| **လှုပ်ရှားဒေသ-** | ကရင်ပြည်နယ်။ |
| **ခန့်မှန်းအင်အား-** | ၃၀ ခန့် |
| **ခေါင်းဆောင်-** | ဗိုလ်မှူး မိုးဟိန်း (ခေါ်) ခိုင်ဇံဝေ |

ရခိုင်ပြည်တပ်မတော် (ASA) သည် ရခိုင်ပြည်သူများကို ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လွတ်လပ်ခွင့် ဖော်ဆောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ASA သည် ဒီကေဘီအေနှင့် အတူ ပူးတွဲ လှုပ်ရှားလျက် ရှိသည်။

* AA သည် ရခိုင်အမျိုးသားကောင်စီ (ANC) ၏ အဖွဲ့ဝင် ဖြစ်သည်။

**ဦးတည်ချက်များ-**

၁။ လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိစေရန်။
၂။ အမျိုးသား ကြွန်အင်လက္ခဏာနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ အမျိုးသား ဂုဏ်သိက္ခာနှင့် သက်ဆိုင်ရာ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်နိုင်ရန်။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**

**အပစ်အခတ် ရပ်စဲမှု-** မရှိသေး။

**တိုက်ပွဲ အရေအတွက်-** မရှိပါ။

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မရှိပါ။

**ဆက်ဆံရေးရုံးများ-** မရှိပါ။

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | လေ့လာသူ | |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | လေ့လာသူ | |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |

| | | | |
|---|---|---|---|
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## Chin National Front
## ချင်းအမျိုးသား တပ်ဦး

**လက်နက်ကိုင် တပ်ဖွဲ့-** ချင်းအမျိုးသား တပ်မတော် (CNA)

http://www.chinland.org/
http://www.facebook.com/pages/
Chin-National-FrontArmy/163071607069642/



UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** မတ်လ ၂၀ ရက်၊ ၁၉၈၈ ခုနှစ်။
**ဌာနချုပ်-** ထန်တလန်၊ ချင်းပြည်နယ်။ (Camp Victoria) ဗစ်တိုရိယ စခန်း
**လှုပ်ရှားဒေသ-** ထန်တလန်မြို့နယ်၊ တလန်ပိ ကျေးရွာအုပ်စု၊ Dawn ကျေးရွာအုပ်စုနှင့် ဇန်တလန် (Zang Talang) ကျေးရွာအုပ်စု။
**ခန့်မှန်းအင်အား-** ၂၀၀ +
**ခေါင်းဆောင်-** ပူ ဇင်ကျုံး

CNF ကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးအတွက် စတင်တည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ချင်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် အခြေစိုက်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် တိုက်ပွဲများတွင် ချင်းအမျိုးသားတပ်မတော် (CNA) မှ တိုက်ခိုက်ရေးရဲဘော် အနည်းဆုံး ၇၀ မျှ ကျဆုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် အစိုးရနှင့် တိုက်ပွဲများ ရပ်စဲသွားသည်။ CNF သည် အခြားသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ နည်းတူ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည်။

**ဗဟိုအလုပ်အမှုဆောင် ကော်မီတီအဖွဲ့ဝင်များ-**

တွဲဖက်- အထွေထွေ အတွင်းရေးမှူး - ဒေါက်တာရွှေခါး
ညီလာခံသက်တမ်း ၄ ကြိမ်မြောက် CNF ဥက္ကဋ္ဌ။ ပူ ဇင်ကျုံး (Pu Zing Cung)

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် CNF ဗဟိုကော်မီတီကို လမ်းညွှန်မှုပေးမည့် အဆင့်မြင့်ကောင်စီ (Supreme Council) ကို ဖွဲ့စည်းသည်။ ယင်းတွင် မြို့နယ် ၉-ခုမှ ကိုယ်စားလှယ် တစ်ဦးစီ၊ ကူကီး၊ လူရှိုင်း၊ အရှိုချင်း အနွယ်များမှ ကိုယ်စားလှယ် တစ်ဦးစီ၊ CNF အဖွဲ့ဝင်များ၊ နာယက ၃ ဦး၊ ပညာရှင် ၁ ဦး၊ အမျိုးသမီး ကိုယ်စားလှယ် တစ်ဦး၊ အထွေထွေ အတွင်းရေးမှူး တစ်ဦးနှင့် တွဲဖက် အထွေထွေအတွင်းရေးမှူးများ ၃ ဦး ပါဝင်သည်။

**အဆင့်မြင့်ကောင်စီ (Supreme Council) အဖွဲ့ဝင်များ-**

၁။ ဒေါက်တာ ဇလေထန်း (ဥက္ကဋ္ဌ ၂၀၁၂)
၂။ ပူ လျံအုတ် (ဥက္ကဋ္ဌ ၂၀၁၃)
၃။ ပူ ဆလိုင်း ကပ်ခို လျန်း (ဥက္ကဋ္ဌ ၂၀၁၄)
၄။ ပူ ထန်နန်း လျံထန် (ဥက္ကဋ္ဌ ၂၀၁၅)
၅။ ပူ ဇင်ကျုံး (အထွေထွေ အတွင်းရေးမှူး)

၆။ ပူ ဘင်ဂျမင် တူးရိန် (အဖွဲ့ဝင်)
၇။ ပူ ဆလိုင်း ထန်နင်း ခီး (အဖွဲ့ဝင်)
၈။ ပူ လားလမ် လော်မ (အဖွဲ့ဝင်)
၉။ ပူ ဇိုထောင်မုန်း (အဖွဲ့ဝင်)
၁၀။ ပူ ပေါလ်ဆေထ (အဖွဲ့ဝင်)
၁၁။ ဒေါက်တာ ရွှေခါး (အဖွဲ့ဝင်)
၁၂။ ပူ ခွာအုတ်လျှံ (အဖွဲ့ဝင်)
၁၃။ ပူ သောမတ်စ်ထန်နီး (အဖွဲ့ဝင်)
၁၄။ ပူ ထန်ယန်း (အဖွဲ့ဝင်)
၁၅။ ပူ ရားနင်း (အဖွဲ့ဝင်)
၁၆။ ဒေါက်တာ ဆလိုင်းလျံမုန်း ဆာခေါင်း (အဖွဲ့ဝင်)

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ် ရပ်စဲရေး အသစ်-** ဇန်နဝါရီလ ၆ ရက်၊ ၂၀၁၂ ခုနှစ်။
**၁၁ ချက်မြောက်** အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည့် တော်လှန်ရေး အဖွဲ့အစည်း ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ။ (မေလ ၇ ရက်၊ ၂၀၁၂ ခုနှစ်)
**အပစ်အခတ်ရပ်စဲရေး ပြီးနောက် တိုက်ပွဲများ-** မရှိပါ။

**တရားဝင် ကိုယ်စားလှယ်အဖွဲ့-**
ချင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မီတီ။ ဩဂုတ်လ ၂၄-၃၁၊ ၂၀၁၂ ခုနှစ်။

ချင်းအမျိုးသား တပ်မတော် (CNA) ခေါင်းဆောင်များ၊ Supreme Council အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မီတီမှ ဗဟိုကော်မီတီဝင် ၂၀ ဦးကို ရွေးချယ်ပေးသည်။

ခေါင်းဆောင်များ- Supreme council ဥက္ကဋ္ဌ ပူး ဇလေထန်း (Pu Za Hlei Thang) နှင့် အထွေထွေအတွင်းရေးမှူးချုပ် ပူး ဇင်ကျုံး (Pu Zing Cung)

**ဆက်ဆံရေးရုံးများ**
၁။ တီးတိန် (စက်တင်ဘာ ၂၅၊ ၂၀၁၂ ခုနှစ်)
၂။ ထန်တလန် (ဇွန် ၂၉၊ ၂၀၁၂ ခုနှစ်)
၃။ မတူပီ (ဇွန် ၂၃၊ ၂၀၁၂ ခုနှစ်)

**စီးပွားရေး ဆက်ဆံရေးရုံးများ**
၁။ ပလက်ဝ (အောက်တိုဘာ ၁၉ ရက်၊ ၂၀၁၃ ခုနှစ်)
၂။ ရန်ကုန်
၃။ Tio တီယို (အိန္ဒိယ-မြန်မာနယ်စပ်)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၁၉/၁၁/၁၁ | မဲဆိုင်၊ ထိုင်းနိုင်ငံ | ဒေါက်တာရွှေခါး နှင့် ပူးဇင်ကျုံး | ဦးအောင်မင်း | ပဏာမ အကြိုဆွေးနွေးမှု တရားမဝင် အပစ်အခတ်ရပ်စဲမှု |

| | | | | | |
|---|---|---|---|---|---|
| ၂ | ၁၆/၁၁/၁၂ | ဟားခါး ချင်းပြည်နယ် | တွဲဖက် ထွေထွေတွင်းမှူး ဒေါက်တာရွှေခါး နှင့် အဖွဲ့ဝင် ၁၀ ဦး | ဦးအောင်မင်း | ပြည်နယ်အဆင့် ဆွေးနွေးပွဲ- အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ၉ ချက်ကို လက်မှတ်ရေးထိုးနိုင်သည်။ အစိုးရကိုယ်စားလှယ် အဖွဲ့ဝင်များတွင် သစ်တောဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အဖွဲ့ဝင်များ၊ ချင်းပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ ဗျူဟာမှူး ဒု-ဗိုလ်မှူး ကြီး ကိုကိုကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီး ၅ ဦး တက်ရောက်သည်။ |
| ၃ | ၁၇/၁၅/၁၂ | ဟားခါး ချင်းပြည်နယ် | | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၅- ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ ဤအချက်များတွင် CNF အဖွဲ့ဝင်များ ပြည်တွင်း ခရီးသွားလာမှုအပေါ် ကန့်သတ်ချက်များကို ပယ်ဖျက်ပေးခြင်း၊ ပြည်ပရောက်နေသူ ချင်းတိုင်းရင်းသားများ ပြန်လာနိုင်ရန် ဗီဇာထုတ် ပေးခြင်းတို့ ပါဝင်သည်။ MPSI ၏ အခြား အကြံပေးများ ဖြစ်ကြသည့် Ashley South ၊ ချင်းလူ့အခွင့်အရေး အဖွဲ့၏ ဒါရိုက်တာ ဆလိုင်း ဘဝီ လျှံမန်း (Salai Bawi Lian Mang) တို့လည်း တက်ရောက်ကြသည်။ |
| ၄ | ၁၇-၁၂-၁၂ | MPC ရန်ကုန် | အထွေထွေအတွင်း ရေးမှူး ပူးဇင်ကျုံး၊ ဒေါက်တာရွှေခါး နှင့် အခြားခေါင်းဆောင် များ | ဦးအောင်မင်း | ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ-<br><br>အချက် ၂၈-ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ ချင်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းလေ့လာရန် သီးခြားလွတ်လပ်သည့် ကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။<br><br>အစိုးရ ကိုယ်စားလှယ်များတွင်- ဦးတင်မောင်သန်း၊ ဦးလှမောင်ရွှေ၊ ဦးကျော်စိုးလှိုင်၊ ဒေါက်တာမင်းဇော်ဦး၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးသီဟန် မျိုးညွန့်၊ ဦးအောင်နိုင်ဦး၊ ဦးနေမျိုးနိုင်၊ ဗိုလ်မှူးကြီး ချစ်ကိုကို၊ ဦးတင်အောင်မိုး တို့ တက်ရောက်ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | | နိုင်ငံတကာမှ လေ့လာသူများတွင် အမေရိကန်ပြည်ထောင်စု PACRIM သုတေသနဌာနမှ Kristine Gould ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Yohei Sasakawa ၊ နိပ္ပွန်ဖောင်ဒေး ရှင်းမှ Mr. Yuji Mori ၊ Ms. Suzuka Yoshida ၊ MPSI မှ Mr. Charles Petrie ၊ ရန်ကုန် Shalom Foundation မှ မိုင်ချင်းချင်း၊ အိန္ဒိယ - မြန်မာနယ်စပ် အခြေစိုက် ချင်း လူ့အခွင့်အရေးအဖွဲ့မှ အမှုဆောင် ဒါရိုက်တာ ဆလိုင်း ဘောဝိ လျှံမန်း တို့ တက်ရောက်သည်။ |
| ၅ | ၃၁/၈/၁၃ | နေပြည်တော် | RCSS+KNU+CNF ဗိုလ်ချုပ်မှူးတူး ဆေးဖိုး၊ ဗိုလ်မှူး တူးတူးလေး၊ RCSS မှ ဗိုလ်မှူးစိုင်းလ နှင့် ဗိုလ်မှူးစိုင်းမိန်း | ဒု-သမ္မတ စိုင်းမောက်ခမ်း | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မီတီ ဥက္ကဋ္ဌ စိုင်းမောက်ခမ်းက အောက်တိုဘာလ တွင် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ် ရပ်စဲရေး ရရှိနိုင်မည် ဟု မျှော်မှန်းသည်။<br><br>(၁) အပစ်အခတ် ရပ်စဲရေး အတွက် သံန္နိဌာန်ချမှတ်ခြင်း၊<br>(၂) နိုင်ငံရေးဆွေးနွေးပွဲ အတွက် နှစ်ဖက်စလုံးလက်ခံသည့် အခြေခံမူဘောင်၊<br>(၃) ညီလာခံ တွင် အင်အားစုအားလုံး ပါဝင်နိုင်မှု၊<br>(၄) KNU-RCSS တို့က တင်ပြသည့် ကြားကာလ လုပ်ငန်း အစီအစဉ်များ ဆွေးနွေးသည်။ အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | UNA ချင်းလူမှု အဖွဲ့အစည်းများ |

| | | | |
|---|---|---|---|
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | ချင်းအမျိုးသားကွန်ဂရက် |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | Nippon Foundation, PACRIM Research Associates, MPSI, Shalom Foundation, ချင်းလူ့အခွင့်အရေးအဖွဲ့ |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | CNF/CNA သည် လက်ရှိတွင် မြို့နယ် ၂-ခုရှိ ကျေးရွာအုပ်စု ၅ ခုတွင် အခြေပြုထားသည်။ ၎င်းတို့မှာ ထန်တလန်မြို့နယ် တွင် တလန်ပိ၊ ဒေါင်း (Dawn)၊ ဇန်တလန် ကျေးရွာအုပ်စုများနှင့် တီးတိန်မြို့နယ်တွင် ဇမ်ပိ နှင့် ဘောက်ဖား (Bukphir) ကျေးရွာအုပ်စုများ ဖြစ်သည်။<br><br>အခြားဖြစ်နိုင်ခြေရှိသော အခြေစိုက်စခန်းများမှာ ကွန်းပင် (Kung Pin)၊ ရာအို၊ ရွှေလက်ဝ၊ ရာခန် ကျေးရွာအုပ်စုများ ဖြစ်ပြီး ပလက်ဝမြို့နယ်အတွင်း တည်ရှိကြသည်။ တီးတိန်မြို့နယ်ရှိ ပါရာ၊ ပါသီ ယန်တလန်၊ ဘဲလ်ဟာ၊ ဗန်ဇန်း၊ လွန်းဒင်း၊ လာပီလန်း ကျေးရွာအုပ်စုများ၊ ထန်တလန်မြို့နယ်အတွင်းရှိ ဒမ်ပိ၊ တွီးလ်ဒါလ် ကျေးရွာအုပ်စုများတွင်လည်း အခြေစိုက် စခန်းများ ရှိနိုင်သည်။<br><br>CNF က ဗစ်တိုရီးယားစခန်းကို ထန်တလန်မြို့နယ် အတွင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သည်။ ၎င်းစစ်စခန်းသည် ၎င်းတို့၏ ဌာနချုပ်အသစ်အဖြစ် အသုံးပြုလိမ့်မည် ဖြစ်သည်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | A | | CNF နှင့် မြန်မာ့တပ်မတော်အကြား မတော်တဆ ထိတွေ့မှုများကြောင့် ဖြစ်ပွားရသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အကျဉ်းအကျပ်ပြဿနာများ ကြားဝင်စေ့စပ်ဖြေရှင်းရေးအဖွဲ့ (Crisis mediation body) ဖွဲ့စည်းရန် သဘောတူညီသည်။ ဤသို့ အကျပ်အတည်း ပြဿနာများ ကြားဝင်စေ့စပ် ဖြေရှင်းရေး အဖွဲ့ကို ချင်းပြည်နယ်၊ နယ်စပ်ရေးရာနှင့် လုံခြုံရေး ဝန်ကြီး၏ ဦးဆောင်မှုအောက်တွင် ထားရှိဖွဲ့စည်းရန်နှင့် CNF ဆက်ဆံရေး တာဝန်ခံ နှင့် ပြဿနာဖြစ်ပွားသည့် ဒေသမှ CNF ခေါင်းဆောင်တို့ပါ ပါဝင်ဖွဲ့စည်းရန် ဖြစ်သည်။ |

| | | | | |
|---|---|---|---|---|
| | | | | ဤနေရာတွင် CNF/CNA ၏ တပ်မှူး/ အကြီးအကဲနှင့် မြန်မာတပ်မတော်မှ တပ်မှူး၊ ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ၎င်းတို့မှ အပြည့်အဝ တာဝန်ပေးအပ် သူများ ပါဝင်ကြမည် ဖြစ်သည်။ |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | A | | ချင်းပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အဖွဲ့ဝင်များ အဓိကပါဝင်သည့် "အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု အဖွဲ့" ကို ဖွဲ့စည်းရန်နှင့် အခြား ဥပဒေရေးရာ ကျွမ်းကျင်သူများကိုလည်း တက်ကြွစွာ ပါဝင်လာစေရမည်။ |
| ၆ | စစ်ရေး ဆက်ဆံမှု | A | ✓ | ချင်းပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် CNF တို့သာ လက်နက်ကိုင်တပ်များရှိကြရန် သဘောတူညီသည်။<br><br>စစ်ရေးလေ့ကျင့်ခန်းများ မလုပ်ဆောင်မီတွင် CNF က အစိုးရထံမှ ခွင့်ပြုချက် ရယူရမည် ဖြစ်သည်။<br><br>ပြည်သူ့ဆက်ဆံရေးကိစ္စများ အပါအဝင်ဖြစ်သည့် CNA ၏ မွမ်းမံသင်တန်းတစ်ခုကို အိန္ဒိယ-မြန်မာနယ်စပ်တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့က ကျင်းပခဲ့သည်။ |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | ✓ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူ လူထုနှင့် တိုင်ပင်အကြံရယူမှုများ ဆောင်ရွက်သွား နိုင်ရန် CNF ကို ခွင့်ပြုချက်ပေးသည်။ (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်- CNF ၏ ပြည်သူလူထုများနှင့် တိုင်ပင်အကြံရယူ နိုင်ရေး ပဏာမ အကြို အစည်း အဝေးကို ချင်းပြည်နယ်၊ မတူပီမြို့တွင် ကျင်းပသည်။ |
| ၉ | တရားဝင် ဖြစ်စေမှု | A | | လက်ရှိဥပဒေများအရ CNF/CNA ကို ပြည်ထောင်စု အစိုးရက တရားမဝင် အဖွဲ့အစည်းအဖြစ် အသိအမှတ် ပြုထားဆဲ ရှိသော်လည်း၊ နောက်ပိုင်း အပြည့်အဝ ယုံကြည်မှု တည်ဆောက်နိုင်သည့်အခါ ၎င်းကို ပြင်ဆင် သွားရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်း ကော်မီတီ (UPWC) က CNF/CNA နှင့် ဆက်နွယ် မှုကြောင့် နာမည်ပျက်စာရင်း သွင်းခံထားရသူများကို ဖယ်ရှားပေးရန် ဆောင်ရွက်မည် ဖြစ်သည်။ (အပစ် အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ် ရေးထိုး ပြီးနောက်တွင် စတင် အသက်ဝင်မည် ဖြစ်သည်။)<br><br>ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်း ကော်မီတီ (UPWC) က CNF/CNA ၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဖမ်းဆီးခံထားရသူများ၊ အကျဉ်းချခံထားရ |

| | | | | |
|---|---|---|---|---|
| | | | | **သူများ စာရင်းကိုပြုစု၍ သမ္မတရုံးသို့ ချက်ချင်းလွတ်ငြိမ်း ချမ်းသာခွင့်ပေးနိုင်ရေးအတွက် တင်ပြသွားရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်တွင် စတင် အသက်ဝင်မည် ဖြစ်သည်။)**<br><br>**ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများကို တရားဝင် မှတ်ပုံတင်ခွင့် ပြုမည် ဖြစ်သည်။** |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | | ပါတီနှစ်ခုစလုံးက သဘောတူညီကြရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီက CNF/CNA နှင့် ဆက်နွယ်၍ ဖမ်းဆီးထောင်ချ ခဲ့သော နိုင်ငံရေးအကျဉ်းသားများ စာရင်းကို သမ္မတရုံးသို့ ပြုစုတင်ပြ၍ ချက်ချင်း လွတ်ငြိမ်းချမ်းသာခွင့်ပေး ရန် (သဘောတူညီချက် လက်မှတ်ရေးထိုးသည့်အခါ သက်ဝင်မည် ဖြစ်သည်။) |
| ၁၁ | လူ့အခွင့်အရေး | A | | လူ့အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ ကျူးလွန်ချိုးဖောက်သူများကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတိုင်း အရေးယူ အပြစ်ပေးနိုင်ရန် ပူးပေါင်း ဆောင်ရွက်သွားမည်။<br><br>သီးခြားလွတ်လပ်သည့် ချင်းလူ့အခွင့်အရေး ကော်မီတီ ကို ဖွဲ့စည်းမည်။<br><br>နိုင်ငံတကာ လူ့အခွင့်အရေး ကျင့်ဝတ်အရ လိုက်နာ စောင့်ထိန်းရမည့် ကိစ္စများအပါအဝင်၊ ပြည်ထောင်စု အစိုးရက သဘောတူညီ လက်မှတ်ရေးထိုးထားသည့်၊ နိုင်ငံတကာ သဘောတူညီချက်များအတိုင်း အကောင် အထည် ဖော်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်သွားမည်။ |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | A | | ဘာသာရေး လွတ်လပ်ခွင့် ရှိရမည်။<br><br>တိုင်းရင်းသားဖြစ်မှု၊ ဘာသာကိုးကွယ်မှုနှင့် လိင်ကွဲပြား မှုအပေါ် မူတည်၍ အရပ်ဖက်ဝန်ထမ်းတာဝန်များတွင် ခွဲခြားမှု မရှိစေရ။ |
| ၁၃ | အမျိုးသားနေ့ | A | ✓ | ချင်းအမျိုးသားနေ့ကို (ဖေဖော်ဝါရီလ ၂၀ ရက်နေ့) နှင့် ချင်းပြည်နယ်နေ့ (ဖေဖော်ဝါရီလ ၃ ရက်နေ့) ကို တရား ဝင် အသိအမှတ်ပြုသွားမည်။ |
| ပြန်လည်နေရာချထားရေး | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | A | | ပြည်နယ်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနက CNF/ CNA အဖွဲ့ဝင်များကို အဖွဲ့ဝင်စာရင်းကို တင်ပြပြီးသည့် နောက်တွင် နိုင်ငံသား စိစစ်ရေးကဒ်ပြားများ ထုတ်ပေး သွားမည်။ |

| | | | | |
|---|---|---|---|---|
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | နိုင်ငံရပ်ခြားတွင် အခြေချနေထိုင်နေကြသူ ချင်းတိုင်းရင်းသားများ အားလုံးကို ပြန်လာရန် ခွင့်ပြုပေးမည်ဖြစ်ပြီး၊ ဗီဇာထုတ်ပေးနိုင်ရန် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | A | ✓ | Khonumthung Company (2012) |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | A | | ပြည်ထောင်စု အစိုးရထံမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် CNF က အထူးစီးပွားရေးဇုန် ဥပဒေပြဋ္ဌာန်းချက်များအတိုင်း ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်မည် ဖြစ်သည်။ |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | A | | ပြည်ထောင်စုအစိုးရက အနည်းဆုံး လေယာဉ်ကွင်း ၂-ခု ဖောက်လုပ်ပေးမည်။<br><br>အစိုးရက ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ဆာဘန်တောင်ကုန်းပေါ်တွင် လေယာဉ်ကွင်းတစ်ခုကို တည်ဆောက်လျှက်ရှိသည်။ ၎င်းနေရာကို CNF အဖွဲ့၊ ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နေ့တွင် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။<br><br>ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ဆက်သွယ်မည်ဖြစ်ပြီး၊ မြောက်ပိုင်း တွန်းဇံမြို့နယ်နှင့် တောင်ပိုင်း ပလက်ဝ မြို့နယ်တို့ကို ဆက်သွယ်ပေးမည် ဖြစ်သည်။ |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | → | ဖွံ့ဖြိုးရေး စီမံကိန်းများတွင် နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မည်။<br><br>နိုင်ငံတကာ အဲန်ဂျီအို (INGOs) အဖွဲ့အစည်းများနှင့် (ပြည်တွင်း နှင့် ပြည်ပအပါအဝင်) လူမှုရေး-စီးပွားရေး အဖွဲ့အစည်းများကို ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီမှုပေးနိုင်ရန် ခွင့်ပြုမည်။ သို့မှသာ ချင်းပြည်နယ်အတွင်း နေထိုင်သူများ၏ လူမှုဘဝ တိုးတက်လာစေမည် ဖြစ်သည်။<br><br>ဖွံ့ဖြိုးရေး အစီအစဉ်အသစ်များဆောင်ရွက်ရန် CNF က ကော်မီတီများ၊ သို့မဟုတ် အဖွဲ့အစည်းများကို ပြည်တွင်း - ပြည်ပရှိ လူမှု-စီးပွားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဲန်ဂျီအိုများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်ဆောင်ရွက်မည် ဖြစ်သည်။<br><br>ပြည်နယ်တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် |

| | | | | |
|---|---|---|---|---|
| | | | | CNF က သီးခြားလွတ်လပ်သည့် ရန်ပုံငွေရှာဖွေမှုကို ခွင့်ပြုသည်။<br><br>ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောက်ထပ် ရန်ပုံငွေ ချပေးမှု ကျပ်သန်း ၁,၀၀၀ (အမေရိကန် ဒေါ်လာ ၁ သန်း) ကို ဟားခါးရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အရေးပေါ်အဖြစ် သတ်မှတ်ပေး သည်။ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနှင့် ပြည်နယ်တစ်ခုလုံးရှိ အစိုးရအဆောက်အအုံများ မြှင့် တင်ရန် ရည်ရွယ်သည်။ ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် လည်း ပါဝင်သည်။<br><br>နိုဝင်ဘာ ၁၇ ရက်တွင်၊ ချင်းပြည်နယ်ရှိ မြို့နယ်တိုင်း အတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း ၁၀၀ (ဒေါ်လာ ၁၀၀,၀၀၀) ကို ကတိပြုခဲ့သည်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | A | → | ပြည်နယ်အတွင်း နိုင်ငံခြားခရီးသွားများ သွားလာခွင့် ကန့်သတ်ထားခြင်းကို ပယ်ဖျက်ပေးမည်။<br><br>ချင်းပြည်နယ်သည် သဘာဝဝန်းကျင်နှင့် လျော်ညီ သည့် ခရီးသွားလုပ်ငန်း အသစ်ဖြစ်ထွန်းလာဖွယ်ရှိ သည်။ နေရာ ၃-ခုကို ခရီးသွားများ ဆွဲဆောင်ရန် အတွက် ပြင်ဆင်သွားမည်။ ရိဒ်ရေကန်၊ ဘောဝီပ (Bawipa) နှင့် ဇင်းမား (Zinghmuh) တောင်တန်းတို့ ကို ချင်းပြည်နယ်က ကြေညာခဲ့သည်။ (၁၅/၈/၁၃) |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | A | ✓ | သတင်းနည်းပညာနှင့် ကွန်ပြူတာ အရည်အချင်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်မည်။<br><br>ရေ၊ လျှပ်စစ်၊ အစားအသောက်၊ လုံခြုံရေး၊ ကျန်းမာ ရေး၊ ပညာရေး အစရှိသည့် အခြေခံဝန်ဆောင်မှု လုပ်ငန်းများ ကို လူတိုင်းရရှိခံစားနိုင်အောင် ဆောင် ရွက်ပေးမည်။<br><br>CNF က ချင်းပြည်နယ်ရှိ အထက်တန်းကျောင်း ၃၀ တွင် အင်တာနက် နှင့် ကွန်ပြူတာ ၉၀ ကို တပ်ဆင် ခဲ့သည်။ |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | A | | ချင်း သတင်းမီဒီယာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးစေရေး အတွက် ရပ်ရွာ လူမှုအသိုက်အဝန်း ရေဒီယိုအစီ အစဉ်ကို ထူထောင်၍၊ ဘာသာစကားခွဲများဖြင့် ထုတ်လွှင့်ပေးမည်။ |

| | | | | |
|---|---|---|---|---|
| | | | | ရုပ်ရှာအခြေပြု အဖွဲ့အစည်းများနှင့် ချင်း သတင်းမီဒီယာအဖွဲ့အစည်းများ (ဥပမာ- သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းလွှာများ၊ ရေဒီယို၊ အင်တာနက်နှင့် ရုပ်မြင်သံကြား အစီအစဉ်များ) ကို တရားဝင် မှတ်ပုံတင်ခွင့်ပြုမည်။ |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | A | ✓ | |
| ၂၆ | အခြား | | | ချင်းပြည်နယ်ပြင်ပတွင် ပြည်နယ်ဌေဒ့ဂေဟာများကို (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ကလေး၊ စစ်တွေ၊ ဆီးရဲ (Seig Town) မြို့များတွင်) ခရီးသွားလာကြသည့် ချင်းလူမျိုးများအတွက် တည်ဆောက်ပေးရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။<br><br>ချင်းယဉ်ကျေးမှုနှင့် အနုပညာ မြှင့်တင်နိုင်ရန် ကျောင်းများ ဖွင့်လှစ်ပေးမည်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | ဘိန်းစိုက်ပျိုးမှုနှင့် တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်နေမှုများ အဆုံးသတ်စေရေး ပူးပေါင်းဆောင်ရွက်ရန် ပါတီနှစ်ခုစလုံးက သဘောတူညီသည်။ ဤကိစ္စတွင် ချင်းပြည်နယ်မြောက်ပိုင်း၌ မူးယစ်ဆေးဝါး မှောင်ခိုကူးသန်း ရောင်းဝယ်နေမှုများ အပါအဝင် ဖြစ်သည်။<br><br>သဘောတူညီချက် ရှိနေသော်လည်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပိုမိုများပြားလာသည်။ |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | A | | ပြည်နယ်တွင်းရှိ ဖွံ့ဖြိုးရေးစီမံချက်တိုင်းတွင် ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များဖြင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများကို အကဲဖြတ်မှုကို ဆောင်ရွက်စေမည်။<br><br>ချင်းပြည်နယ်အတွင်း သဘာဝ သယံဇာတ ထုတ်လုပ်မှုများကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ ပြဌာန်းချက်များအတိုင်း ဆောင်ရွက်ရန် ပါတီနှစ်ခုစလုံးက သဘောတူညီကြသည်။ |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း အစိုးရက ထိုးစစ်ဆင်နေသည့်အပေါ် CNF ၏ ထုတ်ပြန်ကြေညာချက် (မြန်မာဘာသာဖြင့်)
- ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။ ၅-ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင် ကော်မီတီ ထုတ်ပြန်ကြေငြာချက်။
- ၂၀၁၂ ခုနှစ်၊ မေလ ၁၉ ရက်။ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးနောက် CNF ၏ သတင်းထုတ်ပြန်ချက်။
- ၂၀၁၂ ခုနှစ်၊ မေလ ၁၀ ရက်။ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ CNF ၏ သတင်းထုတ်ပြန်ချက် (မြန်မာဘာသာဖြင့်)
- ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်။ CNF မှ ပြည်သူလူထုသို့ ပန်ကြားချက်။
- ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်။ ချင်းပြည်သူများသို့ ပန်ကြားချက်။
- ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်။ အရေးပေါ် ညီလာခံ ထုတ်ပြန်ကြေညာချက် (မြန်မာဘာသာဖြင့်)
- ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်။ ၅၂ ကြိမ်မြောက် ချင်းအမျိုးသားနေ့ CNF ၏ ထုတ်ပြန်ကြေညာချက်။

# ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော်
## Democratic Karen Benevolent Army

**လက်နက်ကိုင်တပ်-** ကလိုထူးဘော တပ်ရင်း
**နိုင်ငံရေး အဖွဲ့အစည်း-** ကလိုထူးဘော
**အခြားအမည်-** ကရင် ကလိုထူးဘော အဖွဲ့ (KKO)
**အစိုးရမှ ခေါ်ဆိုသည့်အမည်-** ကလိုထူးဘော လက်နက်ကိုင်အဖွဲ့
(ယခင် ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး- တပ်မဟာ ၅)

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။
**ဌာနချုပ်-** ဆုံဆည်းမြိုင်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။
**လှုပ်ရှားဒေသ-** ဘုရားသုံးဆူဒေသ၊ မြိုင်ကြီးငူ၊ လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ် မြို့နယ်များ၊ မာနယ်ပလော (ယခင် KNU ဌာနချုပ်ဟောင်း)
**ခန့်မှန်းအင်အား-** ၁, ၅၀၀ +
**ခေါင်းဆောင်-** ဗိုလ်ချုပ် စောလားပွယ် (ခေါ်) နှုတ်ခမ်းမွေး (စစ်ဦးစီးချုပ်)
ဗိုလ်မှူးချုပ် မိုးရှေ (ဒု စစ်ဦးစီးချုပ်)

ဗိုလ်ချုပ် စောလားပွယ်မှ ဦးဆောင်သည့်၊ DKBA တပ်မဟာ ၅ သည် မူလ DKBA (ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး) (လက်ရှိ နယ်ခြားစောင့်တပ် BGF) ထံမှ ခွဲထွက်ခဲ့ပြီး၊ နောက်ပိုင်းတွင် ဒီမိုကရေစီ အကျိုးပြုကရင့် အမျိုးသား တပ်မတော်အဖြစ် အမည် ပြောင်းလဲခဲ့သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလတွင် တပ်မဟာ-၅ က မြဝတီရှိ အစိုးရတပ်များနှင့် လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သည်။

DKBA တွင် ကလိုထူးဘော၊ ကလိုထူးဂါး နှင့် ကလိုထူးလား စစ်ဗျူဟာတပ်ဖွဲ့များ ရှိသည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ**
- ဗိုလ်မှူးကြီး စောကျော်ဒါး
- ဗိုလ်မှူးကြီး စောလုံ့လုံ
- ဗိုလ်မှူးကြီး စောစန်းအောင်
- ဗိုလ်မှူး စောထွန်းထွန်း

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲမှု-** ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်။
အစိုးရနှင့် **တတိယမြောက်** အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးသည့် အဖွဲ့ဖြစ်သည်။
**အဆင့် ၂** - ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ (ဒီဇင်ဘာ ၁၁၊ ၂၀၁၁ ခုနှစ်)
**အပစ်အခတ်ရပ်စဲရေးပြီးနောက် တိုက်ပွဲများ။-** တစ်ကြိမ် (၂၀၁၂)၊ ၄ ကြိမ် (၂၀၁၃)

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မရှိပါ။

**ဆက်ဆံရေးရုံးများ**
၁။ ဖားအံမြို့ (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်သည်။)
၂။ မြဝတီမြို့ (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်သည်။)
ကြာအင်းဆိပ်ကြီးမြို့၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (ဆိုင်းငံ့ထားဆဲ)။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၂၆/၁၀/၁၁ | မုတ္တမ၊ သထုံခရိုင်၊ မွန်ပြည်နယ် | ဗိုလ်မှူးချုပ် မိုရှေး | ဦးသိန်းဇော် | ပဏာမ ဆွေးနွေးပွဲ<br><br>အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး မောင်မောင်သိန်း နှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှ ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။ |
| ၂ | ၀၃/၁၁/၁၁ | ဖားအံ၊ ကရင်ပြည်နယ် | ဗိုလ်မှူးချုပ် မိုရှေး | ဗိုလ်မှူးကြီး အောင်လွင် နယ်စပ်ရေးရာ နှင့် လုံခြုံရေး ဝန်ကြီး ကရင်ပြည်နယ် | ပြည်နယ်အဆင့် ဆွေးနွေးပွဲ အချက် ၅ ချက်ပါ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ နှစ်ဖက် စလုံးက ကိုယ်စားလှယ် ၄ ဦးပါ အဖွဲ့ တက်ရောက်ကြသည်။ |
| ၃ | ၁၁/၁၂/၁၁ | ဖားအံ၊ ကရင်ပြည်နယ် | စောလားပွယ် နှင့် အဖွဲ့ဝင် ၆ ဦး | ဦးအောင်သောင်း နှင့် အဖွဲ့ဝင် ၇ ဦး | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေး ထိုးသည်။ |
| ၄ | ၂၂/၀၁/၁၃ | မြဝတီ၊ ကရင်ပြည်နယ် | စောလားပွယ်နှင့် အဖွဲ့ဝင် ၈ ဦး | ဦးအောင်မင်း၊ ဗိုလ်ချုပ် မောင် မောင်အုန်း နှင့် အခြား ၉ ဦး | ၃ ချက် သဘောတူညီကြသည်။ ထိန်းချုပ်နယ်မြေ သတ်မှတ်မှု၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်မှုနှင့် DKBA သို့ အထောက်အပံ့များ ပေးအပ်ရေး ကိစ္စများ ဖြစ်သည်။ |
| ၅ | ၄/၅/၁၃ | ဖားအံရှိ ကရင် ပြည်နယ်အစိုးရ ရုံး | ဗိုလ်မှူးမောင်လေး | ကရင်ပြည်နယ် နယ်စပ်/လုံခြုံ ဝန်ကြီး ဗိုလ်မှူး ကြီး အောင်လွင် | DKBA နှင့် ဒေသရှိနယ်ခြားစောင့် တပ် အကြား မကြာသေးမီက ဖြစ် ပွားသည့်တိုက်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးသည်။ ပြေလည်ခြင်း မရှိ။ |
| ၆ | ၆/၅/၁၃ | နေပြည်တော် | ဗိုလ်မှူးမောင်လေး | ဦးအောင်မင်း | မြိုင်ကြီးငူတွင် တိုက်ပွဲဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆွေးနွေးပြီး၊ အနာဂတ် တွင် ပဋိပက္ခများ ရှောင်ရှားနိုင်ရေး ကိစ္စများ ဆွေးနွေးသည်။ ဦးအောင် မင်းက ဤကိစ္စကို နောက်ပိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ် သည်။ DKBA က အပစ်အခတ် ရပ်စဲရေးရေးနှင့် ပတ်သက်၍ ၎င်း တို့၏ သံန္နိဌာန်ကို ဆက်လက် အတည်ပြုပြောဆိုပြီး၊ DKBA နှင့် |

| | | | | | |
|---|---|---|---|---|---|
| | | | | | အခြားအပစ်ရပ် အုပ်စုများအကြား ဆက်ဆံရေးကြားအုပ်စု ထားရှိရန် အကြံပြုသည်။ |
| ၇ | ၁၁/၅/၁၃ | ဆုံဆည်းမြိုင်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် | ဗိုလ်ချုပ် စောလား ပွယ်၊ ဗိုလ်ချုပ်မှိုးရှေး၊ ဗိုလ်မှူးချုပ် ကျော် သက်၊ ဗိုလ်မှူးချုပ် ကျော်ဘဲ | MPC နည်းပညာ အဖွဲ့မှ ဒေါက်တာ မင်းဇော်ဦး၊ ဦးအောင်နိုင်ဦး | MPC ၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ကူပြုအဖွဲ့က DKBA အဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့ ကိုယ်စား လှယ်များနှင့် ၎င်းတို့ကြား ပြဿနာ ကို ဖြေရှင်းနိုင်ရန် တွေ့ဆုံခဲ့သည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | အဖွဲ့ဝင် | ကရင်လက်နက်ကိုင် အဖွဲ့များ သွေးစည်း ညီညွတ်ရေး ကော်မီတီ (KNU, DKBA, KPC Karen BGFs) |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**တိုးတက် ဖြစ်ပေါ် မှုများ**

| | | | | |
|---|---|---|---|---|
| **တွေ့ဆုံဆွေးနွေးမှု** | | | | |
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |

| | | | | |
|---|---|---|---|---|
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားရေး | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | ကလိုထူးဘော လက်နက်ကိုင်အဖွဲ့အတွက် နေရာချထားပေးမှုကို ဆုံဆည်းမြိုင်ဝန်းကျင်တွင် ထားရှိသည်။<br><br>တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို နေရာချထားပေးသည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရနှင့် ပူးတွဲဆောင်ရွက်ရန်။ ဆုံဆည်းမြိုင်ဒေသကို အခြေပြု၍ တည်ဆဲ ဥပဒေများအောက်တွင် ရှိုးခလိဒေသရှိ ပြည်သူများ၏ လူမှုရေး-စီးပွားရေး အခြေအနေတိုးတက်လာစေရန် ဆောင်ရွက်ရန်။<br>ဆုံဆည်းမြိုင်ဒေသတွင် ယာယီအခြေပြုရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | ၂၀၁၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် မြဝတီမြို့ကို မူးယစ်ဆေး ကင်းစင်ဇုန်အဖြစ် ကြေညာခဲ့သည်။ ဖေဖော်ဝါရီလ ၂၊ ၂၀၁၄ ခုနှစ်တွင် DKBA က ပထမဦးဆုံးအကြိမ် မြဝတီမြို့တွင် မူးယစ်ဆေးကုန်သည် ၂ ဦးကို ဖမ်းဆီးခဲ့သည်။ |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။ ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တွင် အစိုးရက ထိုးစစ်များ ပြုလုပ်နေမှုအပေါ် DKBA က ပြစ်တင်ရှုံ့ချသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

## Kachin Independence Organization
## ကချင်ပြည် လွတ်လပ်ရေးအဖွဲ့



**လက်နက်ကိုင်တပ်ဖွဲ့-** ကချင်လွတ်မြောက်ရေး တပ်မတော်
**အစိုးရမှ ခေါ်ဆိုသည့်အမည်-** ကချင်ပြည်နယ် အထူးဒေသ-၂

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။
**ဌာနချုပ်-** လိုင်ဇာ၊ ကချင်ပြည်နယ်။
**လှုပ်ရှားဒေသ-** ကချင်ပြည်နယ်တစ်ဝှမ်းနှင့် မြောက်ပိုင်း ရှမ်းပြည်နယ်တွင် တပ်မဟာ ၅-ခု ရှိသည်။
**ခန့်မှန်းအင်အား-** ၇, ၀၀၀ မှ ၁၀, ၀၀၀ (KIO ၏ MHH နှင့် MKM အရပ်သား ပြည်သူ့စစ်များကို ဖယ်၍ ရေတွက်ထားခြင်း ဖြစ်သည်။)
**ခေါင်းဆောင်-** လန်ယော် ဇောင်းဟရား (ဥက္ကဋ္ဌ)၊ ဒုဗိုလ်ချုပ်ကြီး အဲန် ဘန်လ (ဒု-ဥက္ကဋ္ဌ)၊ ဒုဗိုလ်ချုပ်ကြီး ဂေါ်ရီ ဇော်ဆိုင်း (ဒု-ဥက္ကဋ္ဌ)၊ ဒုဗိုလ်ချုပ်ကြီး ဂမ်ရှောင် (စစ်ဦးစီးချုပ်)၊ ဗိုလ်ချုပ် ဂွမ်မော် (ဒု-စစ်ဦးစီးချုပ်)၊ ဒေါက်တာ လဂျာ (အထွေထွေ အတွင်းရေးမှူး)၊ ဦးလနန်း (ဒု အထွေ ထွေအတွင်းရေးမှူး)

KIO ၏ လက်နက်ကိုင်တပ်ဖွဲ့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) သည် မြန်မာနိုင်ငံတွင် ဒုတိယ အင်အား အကြီးမားဆုံး တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်။ KIO က ဖော်ပြပြောဆိုရာ၌ လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၀,၀၀၀ နှင့် အရံတပ်ဖွဲ့ဝင် ၁၀,၀၀၀ တို့ တိုက်ပွဲဝင်ရန် အသင့်ရှိနေသည်ဟု ဆိုကြသည်။ ကချင်ပြည်နယ်၏ ကြွယ်ဝ သည့် သယံဇာတများမှ KIO က ဘဏ္ဍာဝင်ငွေ ရရှိနေသည်။ သို့အတွက်ကြောင့်လည်း အင်အားကောင်းသည့် စစ်တပ် ကို ထူထောင်ထားနိုင်ခြင်း ဖြစ်သည်။ ထို့အပြင် တရုတ်-မြန်မာနယ်စပ်တလျှောက် (ဥပမာအားဖြင့်- လိုင်ဇာ နှင့် မိုင်ဂျား ယန်) တို့တွင် ကုန်သွယ်ရေးစင်တာများလည်း ထူထောင်ထားသည်။

ပြီးခဲ့သည့် ၁၇-နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည်၊ နှစ်ပေါင်းများစွာကြာပြီးနောက် မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် သူပုန်အဖွဲ့တို့အကြား တစ်ခုတည်းသော စာဖြင့်ရေးထိုးထားသည့် သဘောတူ ညီချက်ဖြစ်ပြီး၊ အမည်အရ အရပ်သားအစိုးရတက်လာပြီး ၃ လ အကြာတွင် ပျက်ပြယ်ခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲ များ ပြန်လည်ဖြစ်ပွားရသည့်အကြောင်းမှာ KIO က နယ်ခြားစောင့်တပ် (BGF) အဖြစ် ပူးပေါင်းရန် ငြင်းပယ်ခြင်းနှင့် ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်ရေးစီမံကိန်းအပေါ် ကန့်ကွက်မှုများကြောင့် ဖြစ်သည်။ ဤဆည်တည်ဆောက်လျှင် KIO ထိန်းချုပ်ရာ ဒေသအတော်များများကို ရေလွှမ်းမိုးသွားလိမ့်မည်ဖြစ်ရာ၊ ဤအချက်များကြောင့် တင်းမာမှုများ ဖြစ် ပေါ်ခဲ့ရသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်များမှစ၍ မြန်မာအစိုးရပိုင် သတင်းမီဒီယာများက KIO ကို တရားမဝင်အဖွဲ့အစည်းဟု စတင်ခေါ်ဆိုလာခဲ့သော်လည်း အစိုးရတပ်များက KIO ၏ ဆန်ဂန်စခန်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ စတင် မတိုက်ခိုက်မီ အချိန်ထိ အပစ်အခတ် ရပ်စဲရေး တည်မြဲနေခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)-**

KIO ဥက္ကဋ္ဌ နှင့် ကချင်လွတ်မြောက်ရေး ကောင်စီ (KIC) ဥက္ကဋ္ဌ- လန်ယော် ဇောင်းဟရား
ဒု-ဥက္ကဋ္ဌ ၁ - အဲန် ဘန်လ (vice-president)
ဒု-ဥက္ကဋ္ဌ ၁ - ဂေါ်ရီ ဇော်ဆိုင်း (vice-chairman)
ဒု-ဥက္ကဋ္ဌ ၂ - ဗိုလ်ချုပ် ဂမ်ရှောင် (စစ်ဦးစီးချုပ်)
အထွေထွေအတွင်းရေးမှူး- ဒေါက်တာလဂျာ
တွဲဖက် အထွေထွေအတွင်းရေးမှူး- လနန်
စစ်ဦးစီးချုပ်- ဒုဗိုလ်ချုပ်ကြီး ဂမ်ရှောင်
ဒု- စစ်ဦးစီးချုပ်- ဗိုလ်ချုပ် ဂွမ်မော်

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**

အကြို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေသည်။
**အပစ်အခတ် ရပ်စဲထားမှု-** မရှိသေးပေ။

၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ ၂၀၁၂ တိုင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ထိတွေ့တိုက်ပွဲပေါင်း ၂,၄၀၀ (KIO အဆိုအရ)၊ အစိုးရ အဆိုအရ ထိတွေ့တိုက်ပွဲ ၁၀၉၅။

၂၀၁၃ ခုနှစ်တွင် ထိတွေ့တိုက်ပွဲ။ ၁, ၀၀၀ ကျော် (ခန့်မှန်း)
**ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့-** အလှည့်ကျ ဖြစ်သည်။

**ဆက်ဆံရေးရုံးများ**

ယခင်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း ၁၉၉၄ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဆက်ဆံရေးရုံး ၂၂ ရုံး ရှိသည်။ မြစ်ကြီးနားနှင့် ဗန်းမော်တွင် ဆက်ဆံရေးရုံး ရှိသည်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဆက်ဆံရေးရုံးများ အားလုံးကို ပိတ်ပစ်ရန် အမိန့်ပေးခဲ့သည်။

**KIO ၏ တရားမျှတမှုနှင့် စေ့စပ်ဆွေးနွေးရေး စင်တာ (Kachin Justice and Negotiation Center)**
**တည်နေရာ-** ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်၊ ပရန်ဂေါင် (Prang Ngawn) ကျေးရွာတွင် တည်ရှိသည်။

**လုပ်ငန်းဆောင်တာများ-** ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ပတ်သက်၍ ပြည်သူအများ သိရှိနိုင်သည့် သတင်းရင်းမြစ်များ မှနေ၍ မှတ်တမ်းများ၊ အစည်းအဝေး မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းထားသည်။ ၎င်းတို့ကို လာမည့် အစိုးရနှင့် KIO ဆွေးနွေးပွဲများတွင် ပြန်၍အသုံးချနိုင်ရန် ရည်ရွယ်သည်။ အကြံပြုလိုသူများနှင့် ၎င်းတို့၏အမြင်ကို တင်ပြလိုသူများ ကိုလည်း ဖိတ်ခေါ်ထားသည်။

**ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ (Peace Creation Group)**
http://www.facebook.com/PeaceTalkCreationGroup
**အင်တာနက်စာမျက်နှာ-** http://peace-talkcreationgroup.com/
**ဆက်သွယ်ရန်-** welcometopcg@gmail.com

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ (Peace Creation Group) သည် ဆွေးနွေးပွဲများ ဖြစ် မြောက်စေရန် ကူညီပေးနေသော ကချင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တည်ထောင်ထားသည်။ သူတို့က အစိုးရနှင့် KIO အကြား ဆွေးနွေးပွဲများ ညှိနှိုင်းပေးခြင်း၊ ချိန်းဆိုပေးခြင်းနှင့် အခြားစီစဉ်မှုများကို လုပ်ဆောင်ပေးသည်။ သူတို့က ရုံဖန်ရံခါ ဆွေးနွေးပွဲများ အတွက် ငွေကြေးလည်း ကမကထပြု ကူညီပေးသည်။

**အဖွဲ့ဝင်များတွင် -**
Jadeland ကုမ္ပဏီမှ ယုဇော်ခေါင်
လမိုင် ဂွမ်ဂျာ
ခပရာ ခွန်အောင်
အဲန် ရှန်ဆန်းအောင် တို့ ပါဝင်ကြသည်။
ဤအဖွဲ့တွင် တရားဝင် မှတ်တမ်းတင်ရန် အဖွဲ့ဝင် ၇ ဦးလည်း ရှိသေးသည်။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၁၇/၆/၁၁ | လိုင်ဇာ၊ ကချင်ပြည်နယ် | KIO ဗဟို ကော်မီတီ | ကချင် အမျိုးသား အတိုင်ပင်ခံ ကော်မီတီ (KNCA) မှ ၄ ဦး | အစိုးရက အပစ်အခတ်ရပ်စဲရန် KIO ကို နှုတ်ဖြင့် ကမ်းလှမ်းသည်။ KIO က နိုင်ငံရေးအရ ၎င်းတို့ကို အသိအမှတ် ပြုရန်၊ နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံပြင်ပတွင် ကျင်းပရန်၊ နိုင်ငံခြား ကြားဝင်ဖြန်ဖြေပေးသူများ ပါဝင်တက် ရောက်စေရန် တောင်းဆိုသည်။ သို့မဟုတ်လျှင် ငြင်းပယ်သည်။<br><br>KNCA ကိုယ်စားလှယ်များမှာ- ဆုံဖောင်းဆင်ဝါး (Tsum Hpawng Sin Wa)၊ လဘန် ဂမ်အောင်၊ ဒင် ယောင် ဇော်အင်တို့ကို ဦးသိန်းဇော် (လွှတ်တော်အမတ်နှင့် ယခင်ဗိုလ် ချုပ်ဟောင်း) က စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ |
| ၂ | ၃၀/၆/၁၁ | လဂျားယန် ကျေးရွာ၊ ကချင်ပြည်နယ် | ဗိုလ်ချုပ်ဂွမ်မော် နှင့် အခြားခေါင်း ဆောင် ၄ ဦး | ဗိုလ်မှူးကြီး သန်းအောင် | အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။ |
| ၃ | ၁-၂ /၈/၁၁ | လဂျားယန် ကျေးရွာ၊ ကချင်ပြည်နယ် | ဗိုလ်ချုပ်ဂွမ်မော် နှင့် အခြားခေါင်း ဆောင် ၄ ဦး | ဗိုလ်မှူးကြီး သန်းအောင် | အစိုးရအနေနှင့် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အပစ်အခတ် ရပ်စဲရန်၊ တိုင်းရင်းသား အင်အားစုများ အားလုံး နှင့် ဆွေးနွေးညှိနှိုင်းမှုပြုရန် KIO က တောင်းဆိုသည်။ အစိုးရက KIO ကို အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေး ထိုးစေလိုသည်။ သဘောတူညီမှု မရ ပေ။ သို့သော်လည်း နှစ်ဖက်စလုံးက ဆက်လက် ဆွေးနွေးရန် သဘောတူ ညီကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၁၉-၁၁-၁၁ | မဲ့ဆိုင်၊ ထိုင်းနိုင်ငံ | ဗိုလ်ချုပ် အဲန် ဘန်လ | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ အခြား ပါဝင်ဆွေးနွေးကြသူများတွင် ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်မောင်သန်း၊ ဦးဟန်ညောင်ဝေတို့ ပါဝင်သည်။ |
| ၅ | ၂၉/၁၁/၁၁ | ရွှေလီ၊ တရုတ်နိုင်ငံ | လညော် ဇောင်းဟရား | ဦးအောင် သောင်း | ကိုယ်စားလှယ် အပြည့်အစုံ ပါဝင်သည့် နှစ်ဖက်ဆွေးနွေးမှု ဖြစ်သည်။ မည်သည့်သဘောတူညီချက်မှ ရရှိခြင်း မရှိပေ။<br><br>အခြား KIO ကိုယ်စားလှယ်များမှာ ဗိုလ်မှူးကြီး လဖိုင်ဇောင်းရော်၊ ဒု-ဗမက လဇင်ဂျီနောင်၊ ဒု-ဗမက မရန်ဇော်တောင်၊ ဆမ်လွတ် ဂန်၊ လမ ဂန်ဖန် တို့ ပါဝင်သည်။ |
| ၆ | ၁၈-၁၉/၁/၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆမ်လွတ် ဂန်နှင့် ကိုယ်စားလှယ် ၁၁ ဦး | ဦးအောင် သောင်း | အစိုးရက KIO ကို အပစ်ရပ်ရေး လက်မှတ်ရေးထိုးရန် တိုက်တွန်းသည်။ သို့သော် မည်သည့်သဘောတူညီချက်မျှ ရရှိခြင်း မရှိပေ။ စကားပြောဆိုဆွေးနွေးနေစဉ်တွင် မြန်မာအစိုးရတပ်များက သူတို့၏ ရှေ့တန်းစခန်းများကို တိုက်ခိုက်သည်ဟု KIO က စောဒကတက် ပြောဆိုသည်။ |
| ၇ | ၈-၁၀/၃/၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆမ်လွတ် ဂန်နှင့် အခြားခေါင်းဆောင် ၇ ဦး | ဦးအောင် သောင်း | မည်သည့်သဘောတူညီချက်မှ ရရှိခြင်း မရှိပေ။ သို့သော် ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ပြီး၊ ယေဘုယျအားဖြင့် အချက် ၅-ချက်ကို သဘောတူညီကြသည်။ ၎င်းတို့မှာ- နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်၊ ယုံကြည်မှု တည်ဆောက်ရန်၊ တပ်အင်အား လျှော့ချရန်၊ ပဋိပက္ခဖြစ်ပွားနေသော ဇုန်အတွင်း စစ်ရေး လှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ရန်တို့ ပါဝင်ကြသည်။ |
| ၈ | ၂၁/၅/၁၂ | ချင်းရိုင်၊ ထိုင်းနိုင်ငံ | ဗိုလ်ချုပ်ဂွမ်မော်၊ ဒေါက်တာလဂျာ | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။ |
| ၉ | ၁/၆/၁၂ | မိုင်ဂျားယန် | ဆမ်လွတ် ဂန်နှင့် အခြားခေါင်းဆောင် ၄ ဦး | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | ၂၀/၆/၁၂ | မိုင်ဂျာယန်၊ ကချင်ပြည်နယ် | ဆမ်လွတ် ဂန်နှင့် အခြားခေါင်းဆောင် ၄ ဦး | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။<br><br>နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း အပါအဝင်၊ အဓိပ္ပါယ်ရှိသည့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရေးအတွက် သဘောတူညီကြသည်။ ဦးအောင်မင်းက စစ်တပ် ၂-ခု အကြား ခြားနားစေရန်၊ စစ်တပ်အခြေစိုက် စခန်းများ ရွှေ့ပြောင်းနေရာချ ထားရေး အစီအစဉ်ကို အဆိုပြု တင်ပြခဲ့သည်။ |
| ၁၁ | ၃၀/၁၀/၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆမ်လွတ် ဂန် | ဦးအောင်မင်း | ဆက်လက်ဆွေးနွေးရန်၊ နောက်ထပ်နိုင်ငံရေးအရ ဆွေးနွေးမှုများပြုလုပ်သွားရန် သဘောတူ ညီမှုရသည်။ |
| ၁၂ | ၄/၂/၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆမ်လွတ် ဂန်၊ ဗိုလ်ချုပ်ဂွမ်မော် | ဦးအောင်မင်း | ပဏာမ ပြင်ဆင်မှု အစည်းအဝေး ဖြစ်သည်။ |
| ၁၃ | ၁၁-၁၂/၃/၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆမ်လွတ် ဂန်၊ ဗိုလ်ချုပ်ဂွမ်မော် | ဦးအောင်မင်း | အချက် ၅ ချက်ပါ သဘောတူညီချက်။ လေ့လာသူများ-<br><br>UNFC မှ ၄ ဦး၊ SSPP မှ ၂ ဦး၊ NDAA မှ ၂ ဦး၊ PCG မှ ၄ ဦး၊ တရုတ်သံမှူး Mr. Wang Zongying နှင့် တရုတ်နိုင်ငံ မှ ၂ ဦး။ |
| ၁၄ | ၂၈-၃၀/၅/၁၃ | မြစ်ကြီးနား ကချင်ပြည်နယ် | ဆမ်လွတ် ဂန်၊ ဗိုလ်ချုပ်ဂွမ်မော်နှင့် အခြားခေါင်းဆောင်များ (ကိုယ်စားလှယ် ၄၈ ဦး) | ဦးအောင်မင်း၊ ဒုဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် ဝန်ကြီးများ (ကိုယ်စားလှယ် ၄၄ ဦး) | နှစ်ဖက်ပါတီက အချက် ၇ ချက်ပါ သဘောတူညီမှုကို လက်မှတ်ရေးထိုးသည်။ |
| ၁၅ | ၈-၁၀/၁၀/၁၃ | မြစ်ကြီးနား | ဆမ်လွတ် ဂန်၊ ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီး လဖိုင်ဇော်ရော်၊ ဗိုလ်မှူးကြီး ဇော်တောင်၊ နော်ထွယ်၊ KIO မှ ကိုယ်စားလှယ် ၈ ဦး | ဦးအောင်မင်း၊ ဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် (အစိုးရကိုယ်စားလှယ် ၃၀ ဦး၊ KIO မှ ၅၃ ဦးနှင့် တိုင်းရင်းသားအဖွဲ့များမှ ၂၄ ဦး၊ အရပ်ဖက်အဖွဲ့များ၊ စုစုပေါင်း ၁၁၅ ဦး) | အချက် ၇ ချက်ပါ ပဏာမ သဘောတူညီမှု |

| | | | | | |
|---|---|---|---|---|---|
| ၁၆ | ၁၆/၉/၁၃ | မြစ်ကြီးနား | KIO အကြံပေး နည်းပညာအဖွဲ့ | MPC နည်း ပညာအဖွဲ့ | အလွတ်သဘော တွေ့ဆုံမှု ဖြစ် သည်။ |
| ၁၇ | ၂/၁၀/၁၃ | မြစ်ကြီးနား | KIO အကြံပေး နည်းပညာအဖွဲ့ | MPC နည်း ပညာအဖွဲ့ | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။<br><br>၁။ နှစ်ဖက်စလုံးမှ စစ်ရေးအရ လှုံ့ဆော်နေမှုများ၊<br>၂။ ပြည်တွင်းဒုက္ခသည်များ<br>၃။ စစ်တပ် လိုက်နာရမည့် ကျင့်ဝတ်များ (ပူးတွဲစောင့်ကြည့်ရေး ကော် မီတီ)<br>၄။ နိုင်ငံရေး ဆွေးနွေးပွဲ<br>၅။ အခြားကိစ္စများ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | TNLA, AA, ABSDF, |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | ၈၈ မျိုးဆက်ကျောင်းသားများ အင်အားစု ခေါင်းဆောင်များ (၆/၁/၁၃) |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | တရုတ်နိုင်ငံ၊ ကုလသမဂ္ဂ၊ ဥရောပ-မြန်မာရုံး၊ Centre for Humanitarian Dialogue |

**တိုးတက် ဖြစ်ပေါ် မှုများ**

| **တွေ့ဆုံဆွေးနွေးမှု** | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | A | ✓ | KIO ၏ အကြံပေး နည်းပညာပိုင်းဆိုင်ရာ ထောက်ကူ အဖွဲ့ |

| | | | | |
|---|---|---|---|---|
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | A | | သက်ဆိုင်ရာ အဖွဲ့များက တင်းမာမှုများ လျှော့ချသွားရန် နှင့် ရန်လိုတိုက်ခိုက်မှုများ အဆုံးသတ်စေရန် သဘော တူညီကြသည်။<br><br>တပ်တည်နေရာများနှင့် ပတ်သက်၍ စစ်ရေးကိစ္စများ ဆက်လက် ဆွေးနွေးရန်ရှိသည်။ |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | ✓ | KIO အဖွဲ့က ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု အစည်းအဝေးများကို လိုင်ဇာတွင် ကျင်းပခဲ့သည်။ မြစ်ကြီးနားတွင် အရပ်ဖက်လူထု အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။ |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | ✓ | ၂၀၁၃ ခုနှစ်တွင် KIA စစ်သားအချို့ကို အကျဉ်းထောင် များမှ ပြန်လွှတ်ပေးခဲ့သည်။ |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | ပြည်တွင်း ဒုက္ခသည်များကို ကယ်ဆယ်ရေး၊ ပြန်လည် နေရာချထားရေးကိစ္စများ အချင်းချင်းတိုင်ပင်၍ လုပ်ဆောင်နေသည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | | | |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | | |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | ✓ | |
| ၂၆ | အခြား | | | |

| | | | | |
|---|---|---|---|---|
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | ကချင်ပြည်နယ်တွင် မူးယစ်ဆေးပပျောက်စေရေး အတွက် KIO က တစ်ဖက်သတ် လှုပ်ရှားမှုများ လုပ်ဆောင်နေသည်။ |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊ → = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်။ ကချင်ပြည်နယ်တွင် စစ်ပွဲများ ရပ်ဆိုင်းသွားပြီဟု သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက် အပေါ် KIO က တုံ့ပြန်ခြင်း။
- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်။ ကချင်ပြည်နယ်အတွင်း စစ်ပွဲများနှင့် ပတ်သက်၍ KIO ၏ ထုတ်ပြန်ကြေညာချက်။
- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်။ KIO အဖွဲ့နှင့် မြန်မာအစိုးရ၏ အချက် ၇ ချက်ပါ သဘောတူညီချက်။

## Kuki National Organization- Burma
## ကူကီး အမျိုးသား အစည်းအရုံး (မြန်မာပြည်)

http://issuu.com/knoknaburma

**လက်နက်ကိုင်တပ်ဖွဲ့-** ကူကီး အမျိုးသား တပ်မတော် (မြန်မာပြည်)



**အကျဉ်းချုပ်**

**တည်ထောင်သည့် ရက်စွဲ-** ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်။

**ဌာနချုပ်-** ရွှေပြောင်း ဌာနချုပ်-

**လှုပ်ရှားဒေသ-** အိန္ဒိယ-မြန်မာနယ်စပ်ရှိ မြို့နယ်များဖြစ်သည့် တွန်းဇံ၊ တမူး၊ မြို့သစ်၊ ဟုမ္မလင်း၊ လေရှီး၊ ခန္တီးမြို့နယ် များရှိ မြေဧရိယာများ ဖြစ်သည်။

**ခန့်မှန်းအင်အား-** ၂၀၀ +

**ခေါင်းဆောင်-** ပူး လက်လမ်း

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ-**

ဥက္ကဋ္ဌ - ပူး လက်လမ်း
ဒု-ဥက္ကဋ္ဌ - ပူး ချုံချွန်း
အထွေထွေအတွင်းရေးမှူး - ပူး ငန်ဂိုင်း
တွဲဖက်-အထွေထွေအတွင်းရေးမှူး - ပူ ခပ်မန်း
စစ်ရေး-အတွင်းရေးမှူး - ပူး ပေါ်နီယို
သတင်းနှင့် ပြန်ကြားရေး အတွင်းရေးမှူး - ပူး ဆေဂျင်
ပြည်ထဲရေး အတွင်းရေးမှူး - ပူး မိုက်ကယ် ဆာဆတ်
ထောက်လှမ်းရေး အကြီးအကဲ - ပူး လက်ခိုလွန်း
ပြင်ပဆက်ဆံရေး အတွင်းရေးမှူး - ပူး ဘွိုင်ပူး
လူ့အခွင့်အရေးဥပဒေနှင့် သုံးသပ်ရေးဌာန အတွင်းရေးမှူး - ပိ လာလမ်း

ပထမဦးဆုံး ကူကီးအမျိုးသား အစည်းအရုံး/ ကူကီးအမျိုးသား တပ်မတော် (KNO/KNA) ကို ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ ကူကီးပြည်သူတို့၏ ဆုံးရှုံးနေသော အခွင့်အရေး များ ပြန်လည်ရရှိရန် နှင့် ခွဲခြားခံထားရသည့် သူတို့နယ်မြေကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဖက်ဒရယ် ပြည်ထောင်စု ၏ အစိတ်အပိုင်း ယူနစ်တစ်ခုအဖြစ် အသိအမှတ်ပြုလာစေရေး အတွက် တိုက်ပွဲဝင်ရန် ဖြစ်သည်။ မြန်မာနိုင်ငံ ၏ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးနောက်တွင်၊ ကူကီး အရပ်ဖက် အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် တိုင်ပင်အကြံရ ယူကာ၊ KNO ကို အိန္ဒိယ နှင့် မြန်မာနိုင်ငံအတွက် အဖွဲ့အစည်း ၂-ခု ခွဲခြားရန် ဆုံးဖြတ်ချက်ချခဲ့သည်။ အဖွဲ့အစည်း ခွဲခြားထူထောင်သည့် အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့များတွင် ကျင်းပခဲ့သည်။

၁၉၈၈ ခုနှစ်မှစ၍ KNO-B အနေဖြင့် မြန်မာစစ်တပ်နှင့် တိုက်ပွဲပေါင်း ၂၀ မျှ ဖြစ်ပွားခဲ့ပြီး၊ ရဲဘော် ၃ ဦး အသက်ဆုံးရှုံး ခဲ့ရသည်။ ယင်းအနေဖြင့် လက်နက် ၅၀ ကျော် သိမ်းပိုက်စုဆောင်းမိကာ၊ မြန်မာစစ်တပ်မှ အရာရှိ ၁ ဦးနှင့် ရဲဘော် ၉ ဦး ကို သတ်ဖြတ်နိုင်ခဲ့သည်။ သို့သော်လည်း ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲပြီးချိန်မှစ၍ မြန်မာစစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားခြင်း မရှိပါ။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**

တိုက်ပွဲဝင်ဆဲ/ အပစ်ရပ်စဲရေး မပြုရသေးသော အဖွဲ့ဖြစ်သည်။

**တိုက်ပွဲများ-** မရှိပါ။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| | | | | | |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | | |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | | |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုဌာန (MPC) သို့ ပေးစာ။

# Karenni National Progressive Party
# ကရင်နီအမျိုးသား တိုးတက်ရေးပါတီ



**လက်နက်ကိုင်တပ်ဖွဲ့-** ကရင်နီတပ်မတော်
**အစိုးရခေါ်သောအမည်-** KNPP

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၅၇ ခုနှစ်။

| | |
|---|---|
| **ဌာနချုပ်-** | ညာမူ၊ ရှားတောမြို့နယ်၊ ကယားပြည်နယ်။ (ကရင်နီပြည်နယ်ဟုလည်း သိကြသည်။) |
| **လှုပ်ရှားဒေသ-** | လွိုင်ကော်၊ ရှားတော၊ ဟိုယာ (ဖရူးဆိုးမြို့နယ်)၊ ဒေါတမကြီး (ဒီမောဆိုးမြို့နယ်)။ |
| **ခန့်မှန်းအင်အား-** | ၆၀၀+ |
| **ခေါင်းဆောင်-** | ဉက္ကဋ္ဌ အေဘယ် တွိဒ် |

KNPP ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ကရင်နီတပ်မတော်က၊ ၎င်းတို့ပြည်သူများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး အတွက် တိုက်ပွဲဝင်နေသည်။ ဆယ်စုနှစ်များစွာကြာ စစ်ပွဲများကြောင့်၊ လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ ပြည်သူအများစုက ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေထိုင်ကြရသည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)-**

ဉက္ကဋ္ဌ- အေဘယ် တွိဒ်
ဒု-ဉက္ကဋ္ဌ- ခူးဦးရယ်
အတွင်းရေးမှူး ၁- ဦးအောင်ဆန်းမြင့်
အတွင်းရေးမှူး ၂- ရွှေမျိုးသန့်
စစ်ဦးစီးချုပ်- ဗိုလ်ချုပ် ဘီထူး
ဒု-စစ်ဦးချုပ်- ဗိုလ်ချုပ်အောင်မြတ်
အဖွဲ့ဝင်များ-

ခူးထဲဘူး
ခူး ဒဲနီရယ်
ခူး ပရူးရဲ

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုအသစ်-** မတ်လ ၇ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသော **ဆယ်ဖွဲ့မြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ။ (၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ ရက်)
**တိုက်ပွဲများ-** ၁၀-ကြိမ်အောက် ဖြစ်ပွားခဲ့သည်။

**တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** အလှည့်ကျ ဖြစ်သည်။

**ဆက်ဆံရေးရုံးများ**

၁။ လွိုင်ကော် (၂၅-၇-၂၀၁၂)
၂။ ရှားတော (၁-၈-၂၀၁၂)
၃။ ဖားဆောင်း (၂၇-၇-၂၀၁၂)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၁၉/၁၁/၁၁ | ချင်းရိုင်၊ ထိုင်းနိုင်ငံ | ဗိုလ်ချုပ်ဘီတူး၊ ခူးဦးရယ် | ဦးအောင်မင်း | အလွတ်သဘော ပဏာမတွေ့ဆုံ ဆွေးနွေးမှု ဖြစ်သည်။ အကျိုးဆောင်များ- ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင် မောင်သန်း၊ ဦးဟန်ညောင်ဝေ။ |
| ၂ | ၁/၁၂/၁၁ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခူးဦးရယ် | ဦးအောင်မင်း | အကြို ပဏာမသဘောတူညီချက်ကို ဆွေးနွေးကြသည်။ |
| ၃ | ၁/၂/၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ KNPP အဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်ရှိရေးနှင့် ကရင်နီ ပြည်နယ်ရှိ ပြည်တွင်း ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကိစ္စများ ဆွေးနွေးကြသည်။ |
| ၄ | ၇/၃/၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ပြည်နယ်အဆင့် အချက် ၃-ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီ သည်။<br><br>KNPP မှ ကိုယ်စားလှယ်များ- စစ်ဦးစီးချုပ် ဘီထူး၊ ဗိုလ်မှူးကြီးဖုန်း နိုင်၊ သံဃာ ၇ ပါးနှင့် ခရစ်ယာန် သင်းအုပ်ဆရာတော် ၇ ဦး၊<br><br>နိုင်ငံတကာ အကျိုးဆောင်များ- US မှ စစ်သံမှူး အင်ဒရူး ဝက်ဘ် စတာ၊ ဗြိတိသျှသံရုံး ဒု-အတွင်းဝန် ဂျိုး ဖစ်ရှာ နှင့် ကုလသမဂ္ဂ ဒုက္ခ သည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ် ဟန်းစ် တင်ဖီးလ်ဒ် (Hans Ten Feld) |
| ၅ | ၂၁/၀၄/၂၀၁၂ | မဲဟောင်ဆောင်၊ ထိုင်းနိုင်ငံ | ဒု-ဥက္ကဋ္ဌ အေဘယ် တွိဒ်၊ ခူးဦးရယ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် အကြိုပဏာမ ဆွေးနွေးမှု |
| ၆ | ၉/၆/၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၄ ချက်ပါ သဘောတူညီချက် |

| | | | | | |
|---|---|---|---|---|---|
| ၇ | ၁၀/၁၁/၂၀၁၂ | ချင်းမိုင်<br>ထိုင်းနိုင်ငံ | အေဘာယ် တွိဒ် | ဦးအောင်မင်း | ကြိုတင်ပြင်ဆင်မှု ဆွေးနွေးပွဲဖြစ်သည်။<br><br>KNPP ကိုယ်စားလှယ်များ-<br>အထွေထွေ အတွင်းရေးမှူး ခူးဦးရယ်၊ ဒု-အထွေထွေ အတွင်းရေးမှူး ဦးအောင်ဆန်းမြင့်၊ စစ်ဦးစီးချုပ် ဘီထူး။<br><br>(အစိုးရနှင့် ဆက်စပ်သည့်) အကျိုးဆောင်များ-<br>ဦးလှမောင်ရွှေ၊ ဦးညီညွန့်မြင့် |
| ၈ | ၁၉-၂၀/၆/၁၃ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် သဘောတူညီချက် ၈-ချက် |
| ၉ | ၁၆/၈/၁၃ | MPC ရန်ကုန် | အတွင်းရေးမှူး-၂<br>ရွှေမျိုးသန့် | MPC<br>နည်းပညာအဖွဲ့ | အလွတ်သဘော ဆွေးနွေးမှုဖြစ်သည်။ ရွှေမျိုးသန့်က KNPP ၏ နည်းပညာအဖွဲ့ဝင် စာရင်းကိုပေးအပ်သည်။ |
| ၁၀ | ၂၂-၂၃/၁၀/<br>၁၃ | လွိုင်ကော် | KNPP | ဦးအောင်မင်း | အစိုးရ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မူကြမ်းနှင့် ယခင် အပစ်ရပ် အကောင်အထည်ဖော်မှုများကို ဆွေးနွေးသည်။ |
| ၁၁ | ၁၄/၁၁/၁၃ | လွိုင်ကော် | KNPP | ကယားပြည်နယ်<br>ဝန်ကြီးချုပ် | KNPP ကိုယ်စားလှယ် ၉ ဦးက ကယားပြည်နယ်ဝန်ကြီးနှင့် တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေးပြဿနာများ ဆွေးနွေးကြသည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | ၈၈ မျိုးဆက်ကျောင်းသားများ အင်အားစု ခေါင်းဆောင်များ (၁၁/၉/၁၂)၊ Kayah BGFs, KNPP, KNPLF, KNDP, KNSO, KNPDP (၁၇/၉/၁၃) |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | US သံအမတ်ကြီး (၂၆/၁၀/၁၃) |

| | | | |
|---|---|---|---|
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | UNHCR, UK, USA |

## တိုးတက် ဖြစ်ပေါ်မှုများ

| | | | | |
|---|---|---|---|---|
| **တွေ့ဆုံဆွေးနွေးမှု** | | | | |
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | တိုင်းရင်းသား အပစ်အခတ်ရပ်စဲရေး အဖွဲ့များ၊ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဆွေးနွေးသွားရန်။ |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | ထိန်းချုပ်ရာ နေရာများ သတ်မှတ်ခြင်း၊ စစ်စခန်း အခြေပြု နေရာများ၊ တပ်ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ဆွေးနွေးသွားရန်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | A | | KNPP မှ ၅ ဦး၊ အစိုးရဖက်မှ ၅ ဦးဖြင့် ပူးတွဲစောင့်ကြည့် လေ့လာရေး ကော်မီတီ ဖွဲ့စည်းသွားရန်။ |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | A | | နည်းပညာ ထောက်ပံ့ကူညီမှုအဖွဲ့<br>အရပ်ဖက်လူမှုအဖွဲ့များ၏ စောင့်ကြည့်ရေး အဖွဲ့ |
| ၆ | စစ်ရေး ဆက်ဆံမှု | A<br><br>D | | ထိုင်းနှင့် မြန်မာအကြားရှိ မယ်စဲ့နယ်စပ်ဂိတ်ကို လုံခြုံရေးယူပေးရန်။<br>ကယားပြည်နယ်အတွင်းမှ အစိုးရတပ်များ ရုပ်သိမ်းပေးရန်၊ စစ်သင်တန်းကျောင်းကို လူမှုရေးစင်တာတစ်ခု အဖြစ် အသွင်ပြောင်းသွားရန်။ |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | | KNPP အဖွဲ့ဝင်များနှင့် ဆက်စပ်သူများအားလုံး ပြန်လွှတ်ပေးပြီး ဖြစ်သည်။ |
| ၁၁ | လူ့အခွင့်အရေး | A | | KNPP အနေဖြင့် အစိုးရ၏ လူ့အခွင့်အရေးကော်မရှင် နှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပြီး၊ နှစ်ဖက်လုံး အနေဖြင့် ဒေသဆိုင်ရာ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အုပ်စုများကို ဖွဲ့စည်းသွားရန် သဘောတူညီသည်။ |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |

| | | | | |
|---|---|---|---|---|
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | နှစ်ဖွဲ့စလုံးက ပြည်တွင်းဒုက္ခသည်များ စနစ်တကျ ပြန်လည်နေရာချထားနိုင်ရေး အတွက် ဆွေးနွေးသွားမည် ဖြစ်သည်။ အစိုးရက KNPP မိသားစုဝင်များ ပြန်လည် နေရာချထားရေးအတွက် ကူညီပံ့ပိုးသွားမည်၊ စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်ရန် ကူညီသွားမည် ဖြစ်သည်။ အစိုးရက KNPP စစ်သားများအတွက် ရိက္ခာ၊ အမိုး အကာနှင့် အဝတ်အထည်များ ကူညီထောက်ပံ့သွားမည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | A | | KNPP, KNPLF (ကလလတ) |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ကယားဌာနေ ကုမ္ပဏီ (ခဲထုတ်လုပ်ရေး) နှင့် တမောထာကုမ္ပဏီ (ကျွန်းသစ် သွင်းကုန်/ထုတ်ကုန်လုပ်ငန်း) တို့ကို တည်ထောင်ခဲ့ သည်။ |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေး ကိစ္စများတွင် နိုင်ငံတကာ အဲန်ဂျီအိုများ၊ ဒေသခံ အဲန်ဂျီအိုများနှင့် ပူးပေါင်း ဆောင်ရွက်သွားရန်၊ ကယားပြည်နယ် အစိုးရ နှင့် ဆက်သွယ်ဆောင်ရွက်သွားရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေးပြဿနာများ | A | | ၂၀၁၄ ခုနှစ်တွင် ဒေသတွင်း လျှပ်စစ်ရရှိရေး ဆောင် ရွက်ပေးသွားရန်။ |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | ✓ | |
| ၂၆ | အခြား | A | | ကယားပြည်နယ်အစိုးရက လေ့လာသူအဖွဲ့ ဖွဲ့စည်း၍ အစိုးရ စစ်သင်တန်းကျောင်း ဆောက်လုပ်မည့်ကိစ္စ အပေါ် ပြည်သူ လူထုသဘောထားကို လေ့လာ စစ်တမ်းကောက်ယူသွားရန်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | A | | ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကို ပွင့်လင်းမြင်သာမှုနှင့် သေချာစောင့်ကြည့်လေ့လာမည်။ အထူးသဖြင့် သံလွင် မြစ်ပေါ်ရှိ ရွာသစ်ရေအားလျှပ်စစ် စီမံကိန်းကို လေ့လာ သွားမည်။ |

A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊
→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်- KNPP နှင့် အစိုးရအကြား အချက် ၇ ချက်ပါ သဘောတူညီချက်။
- ၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်- အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများနှင့် ပတ်သက်၍ KNPP ၏ ထုတ်ပြန်ကြေညာချက်။
- ၂၀၁၂ ခုနှစ်၊ ဖွန်လ ၁ ရက်- နေပြည်တော်က တင်ပြလာသော "ငြိမ်းချမ်းရေးလမ်းပြမြေပုံ" သည် အောင်မြင်ဖွယ် မရှိကြောင်း KNPP က ပြောဆိုလိုက်သည်။ တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ တင်ပြသည့် မဟာမိတ် အဖွဲ့အစည်းများကို အခြေပြုသည့် မူဝါဒသည်သာ ရေရှည် အပစ်အခတ်ရပ်စဲရေး တည်မြဲစေနိုင်မည် ဖြစ်သည်။
- ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက်- အစိုးရက အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုရန်၊ ပဋိပက္ခများကို ဖြေရှင်းရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် အပစ်အခတ်ရပ်စဲရေးပြုရန် KNPP က တောင်းဆိုလိုက်သည်။

## Karen National Union
## ကရင်အမျိုးသား အစည်းအရုံး

http://www.karennationalunion.net/



**လက်နက်ကိုင်တပ်ဖွဲ့-** ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)
**အစိုးရက ခေါ်သည့်အမည်-** Kayin National Union (KNU)





UNFC နှင့် NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**

**တည်ထောင်သည့် ရက်စွဲ-** ၁၉၄၇ ခုနှစ်။
**ဌာနချုပ်-** ရွှေ့ပြောင်း ဌာနချုပ်။
**လှုပ်ရှားဒေသ-** သံတောင်၊ တောင်ငူ၊ ညောင်လေးပင်၊ လှိုင်းဘွဲ့၊ ဖားအံ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံမြို့နယ်များနှင့် တနင်္သာရီ တိုင်းဒေသကြီး မြောက်ပိုင်းဒေသများ။
**ခန့်မှန်းအင်အား-** ၅,၀၀၀+
**ခေါင်းဆောင်-** ဗိုလ်ချုပ် စောမူတူးစေးဖိုး

KNU သည် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် လက်နက်ကိုင်တိုက်ခိုက်နေပြီး၊ ကမ္ဘာ့အရှည်ကြာဆုံးသော ပြည်တွင်းစစ်ကို ဆင်နွှဲနေသည့် အဖွဲ့ဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း၊ ကရင် အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) ကို ဖွဲ့စည်း၍ ဗဟိုအစိုးရကို တိုက်ခိုက်ခဲ့သည်။ နောက်ပိုင်းတွင် အမည်ကို ကရင်အမျိုးသားအစည်းအရုံး (KNU) အဖြစ် ပြောင်းလဲခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)-**

ဥက္ကဋ္ဌ - ဗိုလ်ချုပ် မူတူးစေးဖိုး
ဒု-ဥက္ကဋ္ဌ - နော် စီဖိုးရာစိန်
အထွေထွေအတွင်းရေးမှူး - ဖဒို စောကွယ်ထူးဝင်း
အတွင်းရေးမှူး-၁ - ဖဒို စောသောသီဘွဲ့
အတွင်းရေးမှူး-၂ - ဖဒိုမန်း မန်းမန်း
ကာကွယ်ရေးဌာန - ဗိုလ်မှူး စောရော်ဂျာခင်
စစ်ဦးစီးချုပ် - ဗိုလ်မှူးချုပ် စောဂျော်နီ
ဒု-စစ် ဦးစီးချုပ် - ဗိုလ်မှူးချုပ် ဘောကျော်ဟဲ

**အဖွဲ့ဝင်များ-**

ဖဒို စောသမိန်ထွန်း (CEC အဖွဲ့ဝင်)
ဖဒို မန်းငြိမ်းမောင် (CEC အဖွဲ့ဝင်)
ဖဒို တာဒိုးမူ (CEC အဖွဲ့ဝင်)

**ဌာန ခေါင်းဆောင်များ-**

ဖဒို မန်းဘထွန်း (သစ်တောဌာန)
ဖဒို ကော်ကဆာ စောနေစိုး (သယ်ယူပို့ဆောင်ရေးဌာန)
ဖဒို စောအယ်ကလူ ရွှေဦး (ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန)
ဖဒို စောလှထွန်း (စည်းရုံးရေးနှင့် သတင်းဌာန)
ဖဒို စောလားစေး (ပညာရေးနှင့် ယဉ်ကျေးမှုဌာန)
ဖဒို စောမြမောင် (မွေးမြူရေးနှင့် ရေဌာန)
ဖဒို စောရော်ဂျာခင် (ကာကွယ်ရေးဌာန)
ဖဒို စောကဲလယ် (သတ္တုတွင်းဌာန)
ဖဒို အယ်ကလူစေး (တရားရေးဌာန)
ဖဒို စောဒေးဗစ် သာကပေါ် (မဟာမိတ်ရေးရာ ဌာန)
ဖဒို စောအောင်ဝင်းရွှေ (နိုင်ငံခြားရေးဌာန)
ဖဒို စောအားတိုး (ပြည်ထဲရေးနှင့် ဘာသာရေးဌာန)
ဖဒို စောခေးဆာ (ဘဏ္ဍာရေးဌာန)
ဖဒို စောဒွေ့ါလေးမူ (စိုက်ပျိုးရေးဌာန)
ဖဒို စောဒွေ့ါလေးမူ (တရားသူကြီးချုပ်)

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အပစ်အခတ်ရပ်စဲရေး အသစ်သဘောတူညီချက်** - ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၆-ခုမြောက်အဖွဲ့** ဖြစ်သည်။
**အဆင့် ၂** - ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ။
**တိုက်ပွဲများ ဖြစ်ပွားမှု** - ၆ ကြိမ် (၂၀၁၂) နှင့် ၄ ကြိမ် (၂၀၁၃) ခုနှစ်။

**တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကိုယ်စားလှယ်အဖွဲ့**
**(ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ)**
ဥက္ကဋ္ဌ - ဗိုလ်ချုပ် မူတူးစေးဖိုး
ဒု-ဥက္ကဋ္ဌ - နော် စီဖိုးရာစိန်
အထွေထွေအတွင်းရေးမှူး - ဖဒို စောကွယ်ထူးဝင်း
အတွင်းရေးမှူး-၁ - ဖဒို စောသောသီဘွဲ
အတွင်းရေးမှူး-၂ - ဖဒိုမန်း မန်းမန်း
စစ်ဦးစီးချုပ် - ဗိုလ်မှူးချုပ် စော ဂျော်နီ
ကာကွယ်ရေးဌာန - ဗိုလ်မှူး စောရော်ဂျာခင်

**ဆက်ဆံရေးရုံးများ**
၁။ ဖားအံ (၂၉-၀၉-၂၀၁၂)
၂။ ဘုရားသုံးဆူ (၁၅-၅-၂၀၁၂)
၃။ ထားဝယ် (၁၀-၄-၂၀၁၂)
၄။ မြဝတီ (၁၈-၈-၂၀၁၂)
၅။ ကျောက်ကြီး (၉-၄-၂၀၁၂)

**စီးပွားရေး ဆက်ဆံရေးရုံးများ**
၁။ မော်လမြိုင် (၂၂-၁၁-၂၀၁၃)
၂။ ဖားအံ
၃။ ရန်ကုန်

## KNU ငြိမ်းချမ်းရေးပံ့ပိုး ကူညီမှုအဖွဲ့ Peace Support Team

ဧပြီလ ၈ ရက်၊၂၀၁၂ ခုနှစ်

**လိပ်စာ -** အမှတ် ၄၃၀၊ တတိယလမ်း (တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။
**တယ်လီဖုန်းနံပါတ်** - + 0095-95-8575 225

**ဆက်သွယ်ရန် ပုဂ္ဂိုလ်-**
၁။ Rev မက်သရူးအေး - Karen Peace Support Team ၏ ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ၊
၂။ စူစန်နာ လှလှစိုး - Karen Peace Support Team ၏ ပူးပေါင်းညှိနှိုင်းရေး ပူးတွဲ တာဝန်ခံ၊
အသေးစိတ် အချက်အလက်များကို- ထုတ်ပြန်ကြေညာချက်တွင် ကြည့်ပါ။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ငြိမ်းချမ်းရေးကူညီ ပံ့ပိုးမှုအဖွဲ့ (KPST) ၏ အခန်းကဏ္ဍ**
၁။ (ပြည်တွင်းနှင့် နိုင်ငံတကာ) သတင်းမီဒီယာများကို စည်းရုံးရန်။
၂။ လေ့လာသူများ။
၃။ အစည်းအဝေးများ ဖြစ်မြောက်စေရန် လှုံ့ဆော်စည်းရုံးပေးခြင်း။
၄။ ပြည်သူလူထု ပါဝင်ဆောင်ရွက်စေခြင်း။

**အဖွဲ့ဝင်များ-**
၁။ ဂုဏ်ထူးဆောင် ကြီးကြပ်သူ - ပါမောက္ခ စောထွန်းအောင်ချိန် (တသီးပုဂ္ဂလ)
၂။ ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ - Rev မက်သရူးအေး (ကရင်ဖွံ့ဖြိုးရေး ကွန်ရက် - Karen Development Network)
၃။ ပူးတွဲ-ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ - နန့် ခင်အေးဦး (ဘဏ္ဍာရေးမှူး ပူးတွဲ/ ကရင်ဖွံ့ဖြိုးရေး ကော်မီတီ)
၄။ ပူးတွဲ-ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ - နော်စူစန်နာ လှလှစိုး (Karen Women's Action Group)
၅။ အဖွဲ့ဝင် - စော ထရူး ဘလဒ် (တသီးပုဂ္ဂလ)
၆။ အဖွဲ့ဝင် - စော ကဲနက် ဝေသော် (တသီးပုဂ္ဂလ)
၇။ အဖွဲ့ဝင် - စောအလန် စောဦး (တသီးပုဂ္ဂလ)
၈။ အဖွဲ့ဝင် - မန်းကျော်ညွန့် (တသီးပုဂ္ဂလ)
၉။ အဖွဲ့ဝင် - စောကျော်စွာ (Karen Affairs Committee)
၁၀။ အဖွဲ့ဝင် - နန်းမြင့်တင်။ Karen Affairs Committee
၁၁။ သတင်းဖြန့်ဝေပြန်ကြားသူ - ညောညော (အတွင်းရေးမှူး လုပ်ငန်းတာဝန်လည်း ပံ့ပိုးထမ်းဆောင်ပေးသည်/ တသီးပုဂ္ဂလ)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၂၂/၉/၂၀၁၁ | မဲဆောက်၊ ထိုင်းနိုင်ငံ | စောဒေ့ါလေးမူ (အတွင်းရေးမှူး-၂) | စောဖိုးနီ၊ စောဗစ်တာ | အလွတ်သဘော ဆွေးနွေးပွဲဖြစ်သည်။ KNU ခေါင်းဆောင်များက အစိုးရ ကိုယ်စားလှယ်အဖွဲ့ထံသို့ သူတို့အနေနှင့် ပြည်နယ်အဆင့် |

| | | | | | |
|---|---|---|---|---|---|
| | | | | | အရာရှိများဖြင့် ငြိမ်းချမ်းရေး မဆွေးနွေးလိုကြောင်း၊ အကြောင်းမှာ သဘောတူညီချက် ရနိုင်ရန် လုပ်ပိုင် ခွင့်အာဏာ မရှိသည့်အတွက် ကြောင့် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အစည်းအဝေးသို့ ခရစ်ယာန် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ လွှတ်တော်အမတ် စောဘိုးနီတို့လည်း တက်ရောက်ခဲ့ကြသည်။ |
| ၂ | ၂၇/၉/၂၀၁၁ | | ဗိုလ်မှူးစိုးစိုး၊<br>ဗိုလ်ချုပ်<br>မူတူးဆေးဖိုး၊<br>ဖဒို ရော်ဂျာခင်၊<br>ဒေးဗစ်ထော | ယခင်ကရင်<br>ပြည်နယ် ဥက္ကဋ္ဌ<br>စောခင်စိုး | ဖာပွန်ဒေသတွင် ဖွံ့ဖြိုးရေး လုပ်ဆောင်ခွင့်ပြုရန် စာယူဆောင် လာခဲ့သည်။ အလားတူ ကရင်ပြည်နယ် ဝန်ကြီးချုပ်ထံမှလည်း ခွင့်ပြုချက် စာယူဆောင် လာခဲ့သည်။ |
| ၃ | ၉/၁၀/၂၀၁၁ | မဲဆောက်၊<br>ထိုင်းနိုင်ငံ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ပဏာမ အကြိုဆွေးနွေးမှု |
| ၄ | ၁၉/၁၁/၂၀၁၁ | မဲဆိုင်၊<br>ထိုင်းနိုင်ငံ | | ဦးအောင်မင်း | တရားဝင်မဟုတ်သည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ရရှိသည်။<br><br>အကျိုးဆောင်များတွင်- ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်မောင်သန်းနှင့် ဦးဟန်ညောင်ဝေတို့ ပါဝင်သည်။ |
| ၅ | ၆/၁၂/၂၀၁၁ | မဲဆောက်<br>ထိုင်းနိုင်ငံ | ဒေးဗစ် တာကပေါ | ဦးအောင်မင်း၊<br>အစိုးရအကြံပေး-<br>ဒေါက်တာနေဝင်း<br>မောင်၊<br>ဦးလှမောင်ရွှေ | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ ဆွေးနွေးပွဲတွင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် သက်ရောက်မည့် ဥပဒေများနှင့် သဘောတူညီချက်များကို ဆွေးနွေးကြသည်။<br><br>အခြားကရင် ကိုယ်စားလှယ်များတွင် - KNU စစ်ဦးစီးချုပ် ဗိုလ်ချုပ်မူတူး ဆေးဖိုး၊ ဖဒို စောဒေးဗစ်ထော၊ ဖဒို အားတိုး၊ ဖားအံခရိုင် ဥက္ကဋ္ဌ စော အောင်မော်အေး၊ KNU ကျန်းမာရေးဌာန တာဝန်ခံ ဖဒို စောရော်ဂျာခင်၊ KNU ဗဟိုကော်မတီဝင် စောသောသီရိ တို့ တက်ရောက်ကြသည်။ |
| ၆ | ၂၀/၁၂/၂၀၁၁ | မဲဆောက်<br>ထိုင်းနိုင်ငံ | ဒေးဗစ်ထော KNU<br>ငြိမ်းချမ်းရေးအဖွဲ့ | | ဒေးဗစ်ထော၊ ကွယ်ထူးဝင်း၊ ဖဒို ရော်ဂျာ၊ ဗိုလ်ချုပ်မူတူး ဆေးဖိုး။ |

| | | | | | |
|---|---|---|---|---|---|
| ၇ | ၁၂/၁/၂၀၁၂ | ဖားအံ၊ ကရင်ပြည်နယ် | ဗိုလ်ချုပ်မူတူး ဆေးဖိုး | ဦးအောင်မင်း | အချက် ၁၁-ချက်ပါ ပြည်နယ် အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| ၈ | ၂၄/၃/၂၀၁၂ | မဲဆောက် | နော်စီဖိုးရာစိန် | ဦးအောင်မင်း၊ ဦးအောင်လွင်၊ ဦးခင်ရီ | ကြိုတင်ပြင်ဆင်မှု အစည်းအဝေး ဖြစ်သည်။<br><br>အခြား KNU ခေါင်းဆောင်များ- ဖဒိုဒေးဗစ်ထော၊ ဗိုလ်ချုပ်မူတူး ဆေးဖိုး၊ တူးတူးလေး၊ မဲအေစိန်၊ စောမူ၊ ဖဒို ရော်ဂျာခင်။ |
| ၉ | ၅/၄/၂၀၁၂ | ဖားအံ၊ ကရင်ပြည်နယ် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အပစ်အခတ်ရပ်စဲရေး ကြီးကြပ်ရေး ဥပဒေများနှင့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး ဆွေးနွေးသည်။ |
| ၁၀ | ၆/၄/၂၀၁၂ | ရန်ကုန် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၃ ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| ၁၁ | ၇/၄/၂၀၁၂ | နေပြည်တော် | နော်စီဖိုးရာစိန် | သမ္မတ ဦးသိန်းစိန် | ချစ်ကြည်ရေး လည်ပတ်တွေ့ဆုံမှု ဖြစ်သည်။ |
| ၁၂ | ၈/၄/၂၀၁၂ | ရန်ကုန် | နော်စီဖိုးရာစိန် | ဒေါ်အောင်ဆန်း စုကြည် | |
| ၁၃ | ၁၀/၄/၂၀၁၂ | ပဲခူး နှင့် ဖားအံ၊ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အပစ်အခတ်ရပ်စဲမှု ဆက်လက် ထိန်းသိမ်းရေးနှင့် ဆက်ဆံရေးရုံး များ ဖွင့်လှစ်ရေး ကိစ္စများ ဆွေးနွေး ကြသည်။ ဖားအံနှင့် ထားဝယ်ရှိ ကေအဲန်ယူ ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ် ၂ စီး ပေးအပ် သည့် အခမ်းအနားလည်း ကျင်းပသည်။<br><br>KNU ကိုယ်စားလှယ်များတွင်- စစ်ဦးစီးချုပ် စောမူတူးဆေးဖိုး လည်း တက်ရောက်သည်။<br><br>အစိုးရကိုယ်စားလှယ်များတွင်- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးခင်ရီ၊ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ အခြားအရာရှိများ တက်ရောက်ကြ သည်။ |
| ၁၄ | ၂၆/၆/၂၀၁၂ | မဲဆောက်၊ ထိုင်းနိုင်ငံ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး ကိစ္စ အဓိက ဆွေးနွေးသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၅ | ၆/၈/၂၀၁၂ | မြဝတီ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ပြင်ဆင်မှု အစည်းအဝေး ဖြစ်သည်။<br><br>ကရင်ကိုယ်စားလှယ်များတွင်- ဖဒို စောသောသီဘွဲ၊ နော်မေဦးနှင့် စောအောင်ဝင်းရွှေတို့ တက်ရောက်ကြသည်။<br><br>အစိုးရကိုယ်စားလှယ်များတွင်- လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီ၊ ဦးစိုးသိန်း နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းတို့ ပါဝင်သည်။<br><br>အကျိုးဆောင်များ- Myanmar Egress မှ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်း၊ Dawei Princess Company မှ ဦးငွေစိုး၊ ဦးကိုကိုမောင်နှင့် ဖနီး မစုတို့ တက်ရောက်ကြသည်။ |
| ၁၆ | ၃-၄/၉/၂၀၁၂ | ဖားအံ၊ ကရင်ပြည်နယ် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အချက် ၃၄ ချက်ပါ ကျင့်ထုံးများ (code of conduct) ကို မူအရ သဘောတူညီသည်။ နောက်ထပ် အဆင့်မြင့်အရာရှိများနှင့် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်သည်။<br><br>အစိုးရတပ်စခန်းများ ကရင်ပြည်နယ်အတွင်း တည်ရှိနေမှု အသေးစိတ်ကိစ္စများကို ဆွေးနွေးကြသည်။<br><br>အစိုးရကိုယ်စားလှယ်များတွင်- လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီ၊ ဦးစိုးသိန်း နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းတို့ ပါဝင်သည်။<br><br>အကျိုးဆောင်များတွင်- ပြည်တွင်းမှ ၄ ဦးနှင့် နိုင်ငံခြားသား ၃ ဦး ပါဝင်သည်။ ဦးလှမောင်ရွှေလည်း တက်ရောက်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ၅-၆/၁/၂၀၁၃ | နေပြည်တော် | ဗိုလ်ချုပ် မှူတူးဆေးဖိုး | ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဒု-သမ္မတ စိုင်းမောက်ခမ်းနှင့် ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ<br><br>ဆက်လက်ဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေး သဘောတူညီမှု အကောင်အထည်ဖော်ရေးကိစ္စများ |
| ၁၈ | ၁၄/၆/၂၀၁၃ | ရန်ကုန် | ဗိုလ်ချုပ် မှူတူးဆေးဖိုး | ဦးအောင်မင်းနှင့် MPC | တံခါးပိတ် အစည်းအဝေး ဖြစ်သည်။ |
| ၁၉ | ၁၅/၆/၂၀၁၃ | MPC ရန်ကုန် | စောတာဒိုမူး | MPC အရာရှိများ၊ နည်းပညာအဖွဲ့ | ကျင့်ထုံးများနှင့် ပတ်သက်၍ နစ်ဖက်ကိုယ်စားလှယ် အဖွဲ့များက ဇူလိုင်လတွင် နောက်တစ်ကြိမ် တွေ့ဆုံရန် ရှိသည်။ KNU ၏ နည်းပညာအဖွဲ့ ကျင့်ထုံးများဆိုင်ရာ ခေါင်းဆောင်- |
| ၂၀ | ၂၃/၈/၂၀၁၃ | ရန်ကုန် | RCSS + KNU | MPC | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးသည်။ |
| ၂၁ | ၃၁/၈/၂၀၁၃ | နေပြည်တော် | RCSS+KNU+ CNF ဗိုလ်ချုပ် မှူတူးဆေးဖိုး၊ ဗိုလ်မှူးတူးတူး လေး၊ ဗိုလ်မှူး စိုင်းလ၊ ဗိုလ်မှူး စိုင်းမိန်း | ဒု-သမ္မတ စိုင်း မောက်ခမ်း၊ ဒု-ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဦးအောင် မင်းနှင့် ဦးသိန်း ဇော် | အလွတ်သဘော ဆွေးနွေးပွဲ ဖြစ်သည်။ အောက်တိုဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး ရရှိနိုင်မည်ဟု မျှော်မှန်းသည်။<br><br>(၁) အပစ်အခတ် ရပ်စဲရေး အတွက် သံန္နိဌာန်ချမှတ်ခြင်း၊<br>(၂) နိုင်ငံရေးဆွေးနွေးပွဲ အတွက် နစ်ဖက်စလုံးလက်ခံသည့် အခြေခံမူဘောင်၊<br>(၃) ညီလာခံတွင် အင်အားစု အားလုံး ပါဝင်နိုင်မှု၊<br>(၄) KNU-RCSS တို့က တင်ပြသည့် ကြားကာလလုပ်ငန်း အစီအစဉ်များ ဆွေးနွေးသည်။ |
| ၂၂ | ၂၈/၉/၂၀၁၃ | နေပြည်တော် | ဗိုလ်ချုပ်မှူတူး ဆေးဖိုးအပါအဝင် KNU ခေါင်းဆောင် ၉ ဦး | ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းကော်မီတီ နှင့် ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | အလွတ်သဘော ဆွေးနွေးမှု ဖြစ် သည်။ KNU ခေါင်းဆောင် ၉ ဦးက အစိုးရနှင့် ကာချုပ်ကို နေပြည် တော်တွင် ဒုတိယအကြိမ် တွေ့ဆုံသည်။ |
| ၂၃ | ၁၉/၁၀/၂၀၁၃ | နေပြည်တော် | ဖဒို မန်းငြိမ်းမောင် | ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီနှင့် ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ ရန်ကုန်နှင့် ကျန်မြို့များ တွင် ဗုံးများပေါက်ကွဲနေမှုကိစ္စ ဆွေးနွေးသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၄ | ၈/၁၁/၂၀၁၃ | ထားဝယ် | KNU တပ်မဟာ ၄ မှ ကိုယ်စားလှယ် ၆ ဦး | တနင်္သာရီတိုင်း ဝန်ကြီးချုပ် ဦးမြတ်ကို | အချက် ၄ ချက် သဘောတူညီသည်။<br><br>၁။ အစိုးရတပ်များက ၁၉၉၇ တွင် သိမ်းဆည်းခဲ့သည့် KNU ထိန်းချုပ်ရာကျေးရွာများသို့ ပြန်ရန်။<br>၂။ ဒေသတွင်း လှုပ်ရှားမှုများအတွက် စစ်တပ်ဆက်ဆံရေး အရာရှိနှင့် ညှိနှိုင်းရန်<br>၃။ ကျောင်းများတွင် ကရင်ဘာသာ သင်ကြားခွင့်ပြုရန်<br>၄။ ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | KNU ခေါင်းဆောင် နော်စီဖိုးရာစိန် က NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်တွင် တွေ့ဆုံသည်။ (၈/၄/၂၀၁၂) |

| | | | |
|---|---|---|---|
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | USA<br><br><br><br><br><br><br>MPSI<br>Norwegian<br>People's Aid<br><br><br><br><br><br><br><br>Nippon Foundation | KNU ခေါင်းဆောင်များက အမေရိကန်သံအမတ်ကြီး ဒဲရစ် မစ်ချယ်နှင့် ဖားအံတွင် တွေ့ဆုံသည်။ (၁၁/၁/၂၀၁၃) လက်ရှိ နိုင်ငံရေးအခြေအနေနှင့် အပစ်အခတ် ရပ်စဲရေး ဆောင်ရွက်နေမှုများ ဆွေးနွေးခဲ့သည်။<br><br>ကျောက်ကြီးစီမံချက်။ ။ ပြန်လည်အခြေချနေထိုင်သူ ကရင် ပြည်တွင်းဒုက္ခသည်များကို ရိက္ခာ၊ လယ်ယာစိုက်ပျိုး ရေး ကိရိယာများ ကူညီပေး သည်။ နော်ဝေ ပြည်သူများ အကူအညီ (NCA) မှ ထောက်ပံ့ပေးပြီး၊ CIDKP (ကရင် ပြည်တွင်းဒုက္ခသည်များ ကော်မီ တီ) က လုပ်ငန်း အကောင် အထည် ဖော်သည်။<br><br>ပြည်တွင်းဒုက္ခသည်များကို ရိက္ခာ ထောက်ပံ့ပေးရန် သဘောတူညီသည်။ |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | ကရင်လက်နက်ကိုင်တပ်ဖွဲ့များ သွေးစည်းညီညွတ်ရေး ကော်မီတီ (KNU, DKBA, KPC, Karen BGFs) |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | ထားဝယ်မင်းသမီး ကုမ္ပဏီက မြန်မာ အစိုးရနှင့် KNU တို့အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ကမကထပြုပေးခဲ့သည်။ ဆွေးနွေးပွဲများ ကုန်ကျစားရိတ်နှင့် ငြိမ်းချမ်းရေးအဖွဲ့ ခရီးသွားလာမှု ကုန်ကျစားရိတ်များကိုလည်း ရန်ပုံငွေ ကျခံပေးခဲ့သည်။ ထားဝယ်တွင် KNU ဆက်ဆံရေးရုံး တည်ထောင်ရန် ကုန်ကျစားရိတ်နှင့် လည်ပတ်မှု စားရိတ်များလည်း ပေးခဲ့သည်။ ကုမ္ပဏီလူကြီး ဦးကိုကိုမောင် နှင့် စီမံဒါရိုက်တာ ဦးငွေစိုး (ယခင် စစ်တပ် အရာရှိဟောင်း) တို့က အစောပိုင်း ဆွေးနွေးမှုများကို တက်ရောက် ခဲ့ကြသည်။ |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |

| | | | | |
|---|---|---|---|---|
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | D | ကျင့်ဝတ် (code of conduct) ၃၄ ချက် |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | D | အစိုးရတပ်များ နေရာရွှေ့ပြောင်းပေးရေး<br><br>၇/၉/၂၀၁၂ KNU ထိန်းချုပ်ရာဒေသများရှိ အစိုးရ စစ်စခန်း ၃၀၀ အနက်၊ ၉၀ ကို ရွှေ့ပြောင်းပေးရန် တောင်းဆိုထားသည်။ |
| ၇ | လေ့လာသူများ | | | နိုင်ငံအဆင့် သတင်းမီဒီယာများကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်နှင့် ဖြစ်ပေါ် တိုးတက်မှုများနှင့် ပတ်သက်၍ တိကျသည့် သတင်းများ ဖော်ပြပေးရန် ခွင့်ပြုသည်။ |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | D | ကရင် ဘက်ပတစ် ကွန်ဗင်းရှင်း (မြန်မာနိုင်ငံ) က KNU မှ အရာရှိများ၊ ထိုင်း-မြန်မာအခြေစိုက် အရပ်ဖက်လူမှု အဖွဲ့များကို ဖိတ်ခေါ်၍ လက်ရှိအစိုးရနှင့်ဆောင်ရွက် နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ရှင်းပြ သည်။ (၁၇/၁၁/၂၀၁၂) |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | ✓ | (၁၉/၃/၂၀၁၂) မြန်မာအစိုးရက KNU ဗဟိုကော်မီတီ ဝင် မန်းငြိမ်းမောင်ကို လွှတ်ငြိမ်းချမ်းသာခွင့် ပြုသည်။ |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | A | → | ကျောက်ကြီး စီမံချက် |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | → | KNU, DKBA, KPC, Karen BGFs များအကြား ပူးပေါင်းဆောင်ရွက်မှု ရှိသည်။ |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | A | | ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ပံ့ပိုးပေးရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများတွင် ဒေသခံများ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် အပြည့်အဝ ပံ့ပိုး ထောက်ခံမှု ရယူရန်။ |

| | | | | |
|---|---|---|---|---|
| ၂၀ | ဖွံ့ဖြိုးရေး ကြီးပမ်းဆောင်ရွက်မှုများ | A | | အရပ်သားများအတွက် ပြန်လည်နေရာချထားရေး၊ မြေမြုပ်မိုင်း ပြဿနာများကို ဖြေရှင်းပေးရန်။ KNU မှ အစိုးရထံ အဆိုပြုရန် မြေယာမူဝါဒ- မကြာသေးမီက ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် စီးပွားရေးလုပ်ငန်းများကြောင့် ခိုးယူ၊ သိမ်းယူ ခံခဲ့ရသော မြေများကို ကာကွယ်မှုပေးရန်။ ဤအချက်မှာ KNU ခေါင်းဆောင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများ အကြား ၂-ရက်ကြာ ဆောင်ရွက်ခဲ့သည့် ဆွေးနွေးပွဲရလဒ်ဖြစ်သည်။ ဤအဖွဲ့က မြေယာသိမ်းဆည်းခံရမှုများကို မှတ်တမ်းပြုစုသွားရန် သဘောတူသည်။ (၂၅/၇/၂၀၁၃) |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေးပြဿနာများ | A | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၄၀ စီး အခွန်လွတ်နှင့် ကားအစီး ၈၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | ✓ | တနင်္သာရီတိုင်းတွင် မူလတန်းကျောင်းများ၌ ကရင်ဘာသာ သင်ကြားစေရန် သဘောတူညီမှုရသည်။ |

| | | | | |
|---|---|---|---|---|
| ၂၆ | အခြား<br><br>ပညာရေး<br><br><br><br><br><br><br>ကျန်းမာရေး | | →<br><br><br><br><br><br><br><br><br>→ | ပညာရေး - ကရင်ပြည်နယ် အစိုးရက ထုတ်ပြန်ကြေညာရာတွင် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်၌ ကျောင်းအိုဟောင်းများအစား ကျောင်းသစ် ၉၅ ကျောင်းကို ဆောက်လုပ်မည် ဖြစ်သည်။ ဖားအံမြို့နယ်ကို အဓိကထားသည်။<br>ကရင်ပညာရေးဌာန နှင့် ကရင်ဆရာများ အလုပ်အဖွဲ့က အစိုးရထိန်းချုပ်ရာဒေသတွင် ဆရာဖြစ် နွေရာသီသင်တန်း ကျင်းပသည်။ တနင်္သာရီတိုင်း အရှေ့ဖက်ပွေ့ဖိုးကလား ကျေးရွာတွင် ဖြစ်သည်။<br><br>KNU ကျန်းမာရေးဌာနနှင့် အစိုးရ၏ ကရင်ပြည်နယ် ကျန်းမာရေးမှူးတို့ ဧပြီလတွင် တွေ့ဆုံကြပြီး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီသည်။ (၄/၄/၂၀၁၃) မေလ ၂၃ ရက်နေ့ တွင် KNU ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန အရာရှိများနှင့် အစိုးရ၏ ကရင်ပြည်နယ် ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာန အရာရှိများ တွေ့ဆုံ၍ ကရင်ပြည်နယ် အတွင်း ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် ချမှတ်နိုင်သည်။<br><br>KNLA ကထုတ်ပြန်ကြေညာရာတွင် ထိုင်းဘတ်ငွေ ၁၀၀,၀၀၀ (ဒေါ်လာ ၃၁၀၀) မတည်မှုဖြင့် Big Tiger Foundation ကို ဆင်းရဲသူများအပေါ် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် တည်ထောင်ခဲ့ကြောင်း သိရသည်။ ကော့ကရိတ်မြို့နယ်ရှိ ဆေးရုံအများတွင် ဤဖောင်ဒေးရှင်း ရုံးခွဲများကို ဩဂုတ်လ ၃၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ KNU က ကော့ကရိတ်မြို့နယ်တွင် ဆေးပေးခန်းတစ်ခုကို နိုဝင်ဘာ ၂၀၊ ၂၀၁၃ တွင် ဖွင့်လှစ်ခဲ့သည်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဇန်နဝါရီလ ၃ ရက်၊ ၂၀၁၃ ခုနှစ်- သမ္မတဦးသိန်းစိန်နှင့် ပတ်သက်၍ KNU ၏ ထုတ်ပြန်ကြေညာချက်
- ဇန်နဝါရီလ ၉ ရက်၊ ၂၀၁၃ ခုနှစ်- ကရင်အမျိုးသား အစည်းအရုံး ဦးသိန်းစိန်နှင့် တွေ့ဆုံသည့်အပေါ် ထုတ်ပြန်ကြေညာချက်

- ဇူလိုင်လ ၁၇ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် RCSS ပူးတွဲ ကြေညာချက်။
- ဇူလိုင်လ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် Geneva Call အဖွဲ့ ကြေညာချက် (ကရင်ဘာသာဖြင့်)
- ဇူလိုင်လ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် Geneva Call အဖွဲ့ ကြေညာချက် (မြန်မာဘာသာဖြင့်)
- ဇူလိုင်လ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် Geneva Call အဖွဲ့ ကြေညာချက် (အင်္ဂလိပ်ဘာသာဖြင့်)
- စက်တင်ဘာလ ၂၆ ရက်၊ ၂၀၁၃ ခုနှစ်- KNU သတင်းထုတ်ပြန်ချက် (အင်္ဂလိပ်ဘာသာဖြင့်)
- စက်တင်ဘာလ ၂၆ ရက်၊ ၂၀၁၃ ခုနှစ်- KNU သတင်းထုတ်ပြန်ချက် (မြန်မာဘာသာဖြင့်)
- အောက်တိုဘာလ ၂၅ ရက်၊ ၂၀၁၃ ခုနှစ်- မကြာသေးမီက ပုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ KNU ခေါင်းဆောင်မှု အရေးပေါ် အစည်းအဝေး သတင်းထုတ်ပြန်ချက် (အင်္ဂလိပ်ဘာသာဖြင့်)
- အောက်တိုဘာလ ၂၅ ရက်၊ ၂၀၁၃ ခုနှစ်- မကြာသေးမီက ပုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ KNU ခေါင်းဆောင်မှု အရေးပေါ် အစည်းအဝေး သတင်းထုတ်ပြန်ချက် (မြန်မာဘာသာဖြင့်)
- အောက်တိုဘာလ ၂၆ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် RCSS ပူးတွဲ ကြေညာချက်။ (အင်္ဂလိပ်ဘာသာဖြင့်)
- အောက်တိုဘာလ ၂၆ ရက်၊ ၂၀၁၃ ခုနှစ်- KNU နှင့် RCSS ပူးတွဲ ကြေညာချက်။ (မြန်မာဘာသာဖြင့်)
- နိုဝင်ဘာလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်- KNU တပ်မဟာ ၆ က ထုတ်ပြန်ကြေညာချက် ပြုခြင်း။ (မြန်မာဘာသာဖြင့်)

## KNU/KNLA Peace Council
## ကေအဲန်ယူ-ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ

http://www.karenpeacecouncil.com/

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၂၀၀၇ ခုနှစ်။ ဇန်နဝါရီလ ၃၁ ရက်။
**ဌာနချုပ်-** ထိုးကော့ကိုး၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။
**လှုပ်ရှားဒေသ-** ထိုးကော့ကိုးကျေးရွာ၊ ကော့ကရိတ်မြို့နယ်နှင့် မဲလထကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်။
**ခန့်မှန်းအင်အား-** ၂၀၀ အောက်။
**ခေါင်းဆောင်-** ဗိုလ်ချုပ် ဌေးမောင် (ဗိုလ်ချုပ် ထိန်မောင်ဟုလည်း သိရှိကြသည်။)

KNU/KNLA ငြိမ်းချမ်းရေးကောင်စီသည် ၂၀၀၇ ခုနှစ်တွင် ကေအဲန်ယူ ဗဟိုကော်မီတီ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မြန်မာ စစ်တပ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်သောကြောင့် KNU တပ်မဟာ-၇ တပ်မှူး ဗိုလ်မှူးချုပ် ဌေးမောင် ကို ထုတ်ပယ်ပြီး နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည်။ ဗိုလ်ချုပ်ဌေးမောင်က ထိုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မြန်မာ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး၊ သူ၏ တပ်မဟာ-၇ ကို၊ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီ အဖြစ် အသွင်ပြောင်းခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)-**

ဥက္ကဋ္ဌ- စောဌေးမောင် ခေါ် စောထိန်မောင်။
နိုင်ငံခြားရေးဌာန- ဒေါက်တာ တင်မိုသီ လက်လမ်း
စစ်မစ်ရှင် အဖွဲ့ဝင်- ဗိုလ်မှူးချုပ် ယဉ်နု
** ဒေါက်တာ တင်မိုသီသည် NCCT အဖွဲ့ဝင် ဖြစ်သည်။*

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သစ်-** ဖေဖော်ဝါရီလ ၇ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၉-ခုမြောက်** အဖွဲ့ ဖြစ်သည်။
**အဆင့် ၁-** ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။
**ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်။

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-**
စောဌေးမောင်၊ ဒေါက်တာ တင်မိုသီ လက်လမ်း၊ စောယဉ်နု၊ ဒေါက်တာ နော်ကဖောထူး၊ စောအယ်ကော်ထူး၊ စောဂျိုးဆက်ဖ်၊ ဒေါက်တာစောအောင်သန်း၊ နော်ကရင်မ။

**ဆက်ဆံရေးရုံးများ**
၁။ မြဝတီ
၂။ ဘုရားသုံးဆူ၊
၃။ ကော့ကရိတ်၊
၄။ မောတောင်နှင့်
၅။ ကော့သောင်းမြို့များ။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၇/၂/၂၀၁၂ | နေပြည်တော် | စောဒွေးမောင် | ဦးအောင်သောင်း | အချက် ၇-ချက်ပါ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက် လက်မှတ်ရေးထိုးသည်။<br><br>KPC ကိုယ်စားလှယ်များ- ဗဟိုကော်မီတီဝင်များဖြစ်သည့် ဒေါက်တာ တင်မိုသီ၊ စောယဉ်နု၊ ဒေါက်တာ နော်ကပေါ်ထူး၊ ဦးစော အယ်ကျော်ထူး၊ စောဂျီးဆက်ဖ်၊ ဘုန်းတော်ကြီး ဒေါက်တာ စော အောင်သန်း၊ နော်ကရင်မ<br><br>အစိုးရ ကိုယ်စားလှယ်များ- ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ခရမ်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်သိန်း၊ ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း၊ ဒု-ရှေ့နေချုပ် ဦးထွန်းထွန်း ဦး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ ဒု-ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ဦးစောခင်စိုးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ဝင်များ။ |
| ၂ | ၂၁/၁/၂၀၁၃ | ဖားအံ၊ ကရင်ပြည်နယ် | စောဒွေးမောင် | ဦးအောင်မင်း | အစိုးရက KPC ကို နိုင်ငံရေးပါတီ တစ်ခု ထူထောင်ရန်၊ လက်နက်ချရန် တိုက်တွန်းသည်။ သို့သော်လည်း KPC က ငြင်းပယ်၍ ဤကိစ္စများကို နောက်ပိုင်းတွင် ဆက်လက် ဆွေးနွေးသွားမည် ဖြစ်သည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |

| | | | |
|---|---|---|---|
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | ၁၀/၂/၂၀၁၂ တွင် ဒေါ်အောင်ဆန်း စုကြည်နှင့် တွေ့ဆုံသည်။<br><br>၁၀/၃/၂၀၁၂ တွင်KNU တွဲဖက် အတွင်းရေးမှူး စောလှငွေနှင့် တွေ့ဆုံသည်။ |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | Nippon Foundation, USA. |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | အဖွဲ့ဝင်<br><br>အဖွဲ့ဝင် | ကရင်လက်နက်ကိုင် အဖွဲ့များ သွေးစည်းညီညွတ်ရေး ကောင်စီ (KNU, DKBA, KPC, Karen BGFs)<br><br>ကရင်ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ကော်မီတီ (KUPC)-- ကရင်လက်နက်ကိုင်အဖွဲ့များ၊ လူမှု အဖွဲ့များ၊ နယ်ခြားစောင့်တပ်များ ပါဝင်သည်။ |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အဖွဲ့ဝင်များကို မဲလထနှင့် ထိုကော့ကိုးဒေသများတွင် နေထိုင်ခွင့်ပြု ထားသည်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |

| | | | | |
|---|---|---|---|---|
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | D | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | ရွှေ့ပြောင်း ဒုက္ခသည်များ ပြန်လည် အခြေချနေထိုင်လာပါက အစိုးရမှ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပမ်းဆက်သွယ်ရေး၊ ရေ နှင့် လျှပ်စစ်မီး ရရှိရေးတို့ကို အလျင်အမြန် အကူညီပေးသွားမည်ဖြစ်သည်။<br>ဒေသတည်ငြိမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အကူညီပေးသွားမည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | KNU, DKBA, Karen BGFs များနှင့် ပူးပေါင်းဆောင်ရွက်နေသည်။ |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | D | | ထိုင်းနိုင်ငံမှ ခေါင်းပုံဖြတ်မှုကို ရှောင်ရှားနိုင်ရန် သတ္တုတူးဖော် ရာဖွေမှုများနှင့် ကျွန်းသစ်ကုန်သွယ်ခွင့် လိုင်စင်ပိုမိုတောင်းဆိုထားသည်။ |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | ✓ | | |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | D | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဖေဖော်ဝါရီလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်။ KNU/KNLA Peace Council မှ ဒေါ်အောင်ဆန်းစုကြည်သို့ ပေးစာ
- ဧပြီလ ၂၈ ရက်၊ ၂၀၁၀ ခုနှစ်။ KNU/KNLA Peace Council မှနေ၍ အစိုးရအဆင့်အသီးသီးသို့ ကြွယ်ဝဖွံ့ဖြိုးသည့် အနာဂတ် ဖြစ်ပေါ်လာစေရေး လုပ်ဆောင်ပါရန် တောင်းဆိုချက် (KNU/KNLA ငြိမ်းချမ်းရေး ကောင်စီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲသို့ ပဏာမတင်ပြဆွေးနွေးချက်)
- ဧပြီလ ၇ ရက်၊ ၂၀၁၀ ခုနှစ်။ KNU/KNLA Peace Council ၏ မြန်မာ့တပ်မတော်နှင့် ဧပြီလ ၂၂ ရက်နေ့နောက်ဆုံးထား၍ ပူးပေါင်းရန် တောင်းဆိုချက်အပေါ် ပြန်ကြားချက်
- ဧပြီလ ၄ ရက်၊ ၂၀၁၀ ခုနှစ်။ နယ်ခြားစောင့်တပ်ဖွဲ့(BGF) ကိစ္စ ငြင်းပယ်ရခြင်း အကြောင်းအချက်များ

## National Democratic Alliance Army
## အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်



**အစိုးရက ခေါ်ဆိုသည့်အမည်-** ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ အမှတ် (၄)
**အခြားအမည်-** မိုင်းလားအဖွဲ့

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၈၉ ခုနှစ်။
**ဌာနချုပ်-** မိုင်းလား၊ ရှမ်းပြည်နယ် အရှေ့ပိုင်း။
**ထိန်းချုပ်ဒေသ-** မိုင်းလား၊ ရှမ်းပြည်နယ် အရှေ့ပိုင်း (အထူးဒေသ-၄)
**ခန့်မှန်းအင်အား-** ၃, ၀၀၀+
**ခေါင်းဆောင်-** စိုင်းလင်း (ဦးစိုင်းလင်း သို့မဟုတ် လင်မင်းရှန် Lin Mingxian ဟုလည်း သိရှိကြသည်။)

အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်- အရှေ့ပိုင်း ရှမ်းပြည်နယ် (NDAA-ESS) သည် မိုင်းလား အခြေစိုက် တိုင်းရင်းသား လက်နက်ကိုင် အပစ်အခတ် ရပ်စဲရေးအဖွဲ့တစ်ခု ဖြစ်သည်။ ဗမာပြည် ကွန်မြူနစ်ပါတီမှ တပ်များ ခွဲထွက်ပြီးနောက်ပိုင်း ၁၉၈၉ ခုနှစ်တွင် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူခဲ့သည်။ ယခင် CPB လက်အောက်ခံ တပ်များဖြစ်ခဲ့သည့် MNDAA, UWSA, NDA-K တို့နှင့် နီးစပ်သောဆက်ဆံရေး ရှိသည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)-**

- ဥက္ကဋ္ဌ- စိုင်းလင်း ခေါ် Sai Leun
- ဒု-ဥက္ကဋ္ဌ- စံဖဲ/ Hsan Per
- အထွေထွေအတွင်းရေးမှူး- စဝ်ဆဲန်လ
- အတွင်းရေးမှူး- ဦးခမ်းမောင်

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သစ်-** စက်တင်ဘာလ ၇ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **ဒုတိယမြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၁ ခုနှစ်)
**ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ၁၉၈၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်။

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** အလှည့်ကျ ဖြစ်သည်။
**ဆက်ဆံရေးရုံးများ-** ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မန္တလေး (အသစ်ပြန်လည် ဖွင့်လှစ်ခြင်း ဖြစ်သည်။)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၇/၉/၂၀၁၁ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် | စံဖဲ | ဦးအောင်သောင်း | အချက် ၇-ချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက် |

| | | | | | |
|---|---|---|---|---|---|
| ၂ | ၈/၁၀/၂၀၁၁ | မိုင်းလား၊<br>ရှမ်းပြည်နယ် | စံဖဲ | ဦးအောင်သောင်း | မိုင်းလားအဖွဲ့ကို ၎င်း၏ ဆက်ဆံရေး ရုံးများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အထူးဒေသ ၄ အတွင်း ပိုမို ကောင်းမွန်စေရန် ဝန်ထမ်းများ ပြန်လည် ခန့်အပ်ပေးမည်။ တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်မည်။ သဘောတူညီချက် လက်မှတ်ရေး ထိုးသည်။<br><br>အခြားအစိုးရ ကိုယ်စားလှယ်များ- ဦးသိန်းဇော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်းပြည်နယ် ရှေ့နေချုပ် ဦးမောင်မောင် |
| ၃ | ၂၇/၁၂/၂၀၁၁ | မိုင်းလား<br>ရှမ်းပြည်နယ် | စိုင်းလင်း | ဦးအောင်သောင်း | အချက် ၆-ချက်ပါ ပြည်ထောင်စု အဆင့် သဘောတူညီချက်<br><br>အခြားသော NDAA ကိုယ်စားလှယ် များ- ဒု-ဥက္ကဋ္ဌ ဦးစံဖဲ နှင့် အတွင်းရေးမှူး ဦးခမ်းမောင်<br><br>အခြားအစိုးရ ကိုယ်စားလှယ်များ- ဦးသိန်းဇော်၊ ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးဝင်းထွန်းက အထူး ဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒု-ဥက္ကဋ္ဌ ဦးစံဖဲ၊ အတွင်းရေးမှူး ဦးခမ်း မောင်တို့နှင့် တွေ့ဆုံကြသည်။ |
| ၄ | ၆/၁၀/၂၀၁၂ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် | စိုင်းလင်း | ကာချုပ်<br>မင်းအောင်လှိုင် | မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီသည်။ |
| ၅ | ၃/၁၂/၂၀၁၂ | မိုင်းလား၊<br>ရှမ်းပြည်နယ် | စိုင်းလင်း | ဦးအောင်မင်း | ကျွန်းသစ် တန်ချိန် (၁၀,၀၀၀) ထုတ်လုပ်ရန် တောင်းဆိုသည့် အနက်မှ တန် ၁,၀၀၀ ထုတ်လုပ်ခွင့် ပေးသည်။ ရေအားလျှပ်စစ် တည် ဆောက်ရန်နှင့် သတ္တုတွင်းလုပ်ငန်း များ လုပ်ကိုင်ရန် ခွင့်ပြုသည်။<br><br>အခြား အစိုးရကိုယ်စားလှယ်များ- ဦးသိန်းဇော်၊ သမ္မတရုံး ဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ ရှမ်းပြည်နယ် |

| | | | | | |
|---|---|---|---|---|---|
| | | | | | ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ တြိဂံတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထွန်းဦး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုး |
| ၆ | ၉/၅/၂၀၁၃ | မိုင်းလား | NDAA | UPWC ဒု-ဥက္ကဋ္ဌ ၃ ဦးသိန်းဇော် | ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူမှုနှင့် ဒေသတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေး စီမံကိန်းများကိစ္စ ဆွေးနွေးသည်။ |
| ၇ | ၃/၉/၂၀၁၃ | ကျိုင်းတုံ | NDAA | ဦးရွှေမန်း | ချစ်ကြည်ရေးခရီး |
| ၈ | ၄/၁၀/၂၀၁၃ | ပန်ဆန်း | NDAA | UPWC | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။<br>သန်းခေါင်စာရင်းနှင့် မှတ်ပုံတင် ထုတ်ပေးရေးကိစ္စများ ဆွေးနွေးသည်။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | | |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | | |
| ၅။ | စစ်ရေးမဟာမိတ် | | ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက မိုင်းလားဒေသသို့ လာရောက်ခဲ့သည်။ (ဒီဇင်ဘာ ၆-၉/၂၀၁၂) RCSS/SSA ခေါင်းဆောင်များလည်း လိုက်ပါလာခဲ့သည်။ |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | တရုတ်နိုင်ငံ |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | တက်ရောက်သူ | ရန်ကုန်၊ ရွှေဂုံတိုင်တွင်ပြုလုပ်သည့် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း အစည်းအဝေးသို့ နိုဝင်ဘာ ၂၆၊ ၂၀၁၂ တွင် တက်ရောက်သည်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |

| | | | | |
|---|---|---|---|---|
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | A | | နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မည်။ |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | D | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | D | | သတ္တုမိုင်း၊ ကျောက်မီးသွေး၊ ရွှေ ရှာဖွေတူးဖော်ရေး လုပ်ငန်းများ လုပ်ခွင့်ပေးရန် တောင်းဆိုထားသည်။ |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A<br><br><br><br>D<br><br><br>D<br><br><br>D | | NDAA ဒေသအတွင်း ခရီးသွားလုပ်ငန်း၊ သတ္တုတွင်း လုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ငန်းများ တိုးတက်လာ စေရေး ပူးပေါင်း ဆောင်ရွက်သွားရန်။<br><br>ပြင်ပမှ စီးပွားရေးအုပ်စုများ NDAA ဒေသအတွင်း လာရောက် ရင်းနှီးမြှုပ်နှံခွင့်ပြုရန်။<br><br>သဘာဝ သယံဇာတများကို စူးစမ်းလေ့လာနိုင်ရန် သုတေသနပညာရှင်များ စေလွှတ်ပေးရန်။<br><br>ကျွန်းသစ် တန်ချိန် ၁၀, ၀၀၀ ထုတ်ယူရောင်းချ ခွင့်ပြု ရန်။ အခြားသစ်မာ တန်ချိန် ၁၀,၀၀၀ ကိုလည်း ထုတ် ယူ ရောင်းချခွင့်ပြုရန်။ |

| | | | | |
|---|---|---|---|---|
| | | D<br><br><br>D<br><br><br>D | | NDAA က ထိန်းချုပ်သည့် နယ်စပ်ဂိတ် ဖွင့်လှစ်ခွင့်ပြုရန်နှင့် နယ်ခြားဂိတ် အခွန်အခများ ခံစားခွင့်ပြုရန်။<br><br>ကုလသမဂ္ဂနှင့် အဲန်ဂျီအိုများကို ဒေသဖွံ့ဖြိုးရေး အတွက် လာရောက်ခွင့်ပြုရန်။<br><br>NDAA ဒေသသို့ ဆန်၊ လောင်စာဆီနှင့် ငွေကြေး ထောက်ပံ့ပေးရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | D | | ထိုင်းနှင့် တရုတ်ခရီးသွားများအတွက် ခရီးသွားလုပ်ငန်း ဖွင့်လှစ်ပေးရန်။ |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၅ စီး အခွန်လွတ်နှင့် ကားအစီး ၅၀ အတွက် လျော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | A<br><br><br><br>A | | ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ NDAA ထိန်းချုပ်ဒေသတွင် ဖွံ့ဖြိုးတိုး တက်လာစေရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန်။<br><br>NDAA ဒေသတွင်း အစိုးရရုံးများ လည်ပတ်နိုင်ရေး အတွက် အစိုးရအရာရှိများ စေလွှတ်ပေးသွားရန်နှင့် NDAA ဆက်ဆံရေးရုံးများတွင် အလုပ်လုပ်ကိုင်နိုင်ရန် အဖွဲ့ဝင်များကို အစိုးရထိန်းချုပ်ဒေသများသို့ စေလွှတ် သွားနိုင်ရန်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | အစိုးရ၏ ၁၅-နှစ် မူးယစ်ဆေး ကင်းစင်စေရေး အစီ အစဉ် (၁၉၉၉-၂၀၁၄) တွင် NDAA မှ ပါဝင်ဆောင် ရွက်သွားရန်။ |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ် ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်။ NDAA, UWSA နှင့် SSPP/SSA တို့က အစိုးရအနေဖြင့် KIO/KIA အပေါ် ထိုးစစ်ဆင်နေမှု ရပ်ဆိုင်းရန်နှင့် နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုပြုရန် ပူးတွဲထုတ်ပြန်ကြေညာသည်။

# မွန်ပြည်သစ်ပါတီ
## New Mon State Party

http://www.nmsp.info/



UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

လက်နက်ကိုင်တပ်ဖွဲ့- မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (MNLA)

**အကျဉ်းချုပ်**

**တည်ထောင်သည့်နေ့စွဲ-** ၁၉၅၈ ခုနှစ်။ ဇူလိုင်လ။
**ဌာနချုပ်-** ရေးချောင်းဖျား၊ မွန်ပြည်နယ်။
**လှုပ်ရှားဒေသ-** သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူ၊ မြိတ်-ထားဝယ်၊ ကျိုက်မရော မြို့နယ်များ။
**ခန့်မှန်းအင်အား-** ၈၀၀+ (အရံအင်အား ၂, ၀၀၀ ခန့်ရှိသည်။)
**ခေါင်းဆောင်-** နိုင်ထောမွန်

မွန်ခွဲထွက်ရေး လိုလားသူများက မွန်ပြည်သူ့တပ်ဦး (MPF) ကို ထူထောင်ခဲ့ကြသည်။ ဤအဖွဲ့ကို နောက်ပိုင်းတွင် ပြန်လည် စုဖွဲ့၍ မွန်ပြည်သစ်ပါတီ (NMSP) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှစ၍ မွန်ပြည်နယ်၏ အရှေ့ပိုင်း တောင်တန်းဒေသများနှင့် တနင်္သာရီတိုင်း၏ အချို့သောဒေသများတွင် မွန်ပြည်သစ်ပါတီက ထိန်းချုပ်လှုပ်ရှားနေခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်၊ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့သည်။

မွန်ပြည်သစ်ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ၂၀၀၈ ခုနှစ်ထိတိုင် အမျိုးသားညီလာခံအတွင်းမှ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ နယ်ခြားစောင့်တပ်ဖွဲ့ရန် အစိုးရက တောင်းဆိုမှုအပေါ် ငြင်းဆန်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် ဧပြီလနောက်ပိုင်းတွင် စစ်အစိုးရနှင့် ဆက်ဆံရေးပြတ်တောက်သွားခဲ့သည်။ သို့သော်လည်း လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်သည်အထိ အခြေအနေ မဆိုးရွားသွားခဲ့ပေ။ ယမန်နှစ်က ဆွေးနွေးမှုများမှစတင်၍ နောက်ထပ်အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့သည်။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနှင့် အစိုးရထံမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ၂၀၁၂ ခုနှစ် မတိုင်မီတွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပါမည်ဟူသည့် ကတိကဝတ်ကို ရရှိနိုင်ခဲ့သည်။ ထိုအခါ ပြည်ထောင်စု အဆင့်တွင် အင်အားစုအားလုံး ပါဝင်သည့် နိုင်ငံရေးစေ့စပ် ဆွေးနွေးမှုများ စတင်နိုင်မည် ဖြစ်သည်။

မူလတွင် မြန်မာစစ်တပ်က ဤအုပ်စုကို မွန်ပြည်နယ်အတွင်း စစ်စခန်း ၁၂ ခု သတ်မှတ်၍ ထိန်းချုပ်မှုအခွင့်အရေး တစုံတရာ ပေးခဲ့သေးသည်။ အထူးသဖြင့် ရေးမြစ်တလျှောက်ရှိ စခန်းများနှင့် သထုံခရိုင်မြောက်ပိုင်းတွင် တစ်ခု၊ မော်လမြိုင်ခရိုင်အတွင်း တစ်ခု ဖြစ်သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်း ၁၇ ခုကိုလည်း ပြုလုပ်ခွင့်ပေးခဲ့သေးသည်။ ဥပမာအားဖြင့် သစ်ထုတ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ရွှေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအပြင် မလေးရှားနှင့် စင်္ကာပူရှိ ကုမ္ပဏီများနှင့်လည်း ကုန်သွယ်ရေး သဘောတူညီမှုများ စသည်တို့ကို ခွင့်ပြုပေးခဲ့သည်။

မြန်မာ-ထိုင်းနယ်စပ်တွင် ဒုက္ခသည်စခန်း ၃-ခု တည်ထောင်ထားခြင်းကိုလည်း မြန်မာအစိုးရက အသိအမှတ်ပြုထားသည်။ ဤစခန်းများကို ဟလော့ခနီ၊ ဘီးရီး နှင့် ထားဝယ်တို့တွင် အခြေပြုထားသည်။ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မီတီ (MRDC) က ရန်ပုံငွေ ရှာဖွေထောက်ပံ့နေပြီး၊ ထိုင်းနယ်စပ်တလျှောက် ဒုက္ခသည်များဆိုင်ရာ ကူညီပံ့ပိုးရေး

အဖွဲ့ကြီး (TBBC) က နယ်စပ် ဖြတ်ကျော်၍ ကူညီထောက်ပံ့ပေးနေသည်။ ယခုအခါ နယ်စပ်တလျှောက် ကူညီထောက်ပံ့ရေးအသင်း (TBC) ဟု အမည် ပြောင်းလဲခဲ့သည်။

မူလတွင် မြန်မာစစ်တပ်က မွန်ပြည်သစ်ပါတီကို ကျပ် ၄ သန်း (အမေရိကန်ဒေါ်လာ ၃၅၀၀ ခန့်) လစဉ် စီးပွားရေးအကူအညီအဖြစ် ထောက်ပံ့ရန် သဘောတူညီထားခဲ့သည်။ ထိုအခါ နိုင်ငံရေးအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်နိုင်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက အမျိုးသားညီလာခံကို သပိတ်မှောက်ပြီး နောက်ပိုင်း ဖြတ်တောက်လိုက်သည်။ ကျန်စီးပွားရေးလုပ်ပိုင်ခွင့်များလည်း ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဥပမာအားဖြင့်- အမြတ်အစွန်း ကြီးသည့် သစ်ထုတ်လုပ်ငန်းကို ၁၉၉၇ ခုနစ်တွင် မွန်ပြည်သစ်ပါတီက NLD ကို ထောက်ခံထားသည့် မဲသရောထ ထုတ်ပြန်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည့်အတွက်ကြောင့် ရပ်ဆိုင်းခဲ့သည်။

မွန်ပြည်သစ်ပါတီက KNU နှင့်အတူ လက်တွဲတိုက်ပွဲဝင်နေပြီး၊ တိုင်းရင်းသား တပ်ပေါင်းစုအတော်များများတွင်လည်း အဖွဲ့ဝင် ဖြစ်သည်။ ၎င်းတို့မှာ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ် (DAB)၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) တို့ ဖြစ်သည်။ DAB နှင့် NCUB တို့တွင် ဒီမိုက ရေစီ အုပ်စုများလည်း ပါဝင်ဖွဲ့စည်းထားသည်။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ (မွန်တော်လှန်ရေးနေ့) တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ဖွဲ့စည်းမည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**အမှုဆောင်ကော်မီတီဝင်များ ၂၇ ဦး-**

ဥက္ကဋ္ဌ - နိုင်ထောမွန်
ဒု-ဥက္ကဋ္ဌ - နိုင်ဟံသာ (ခေါ်) နိုင်ဟောင်းဆာ
အထွေထွေအတွင်းရေးမှူး - နိုင်အောင်မင်း
တွဲဖက်-အတွင်းရေးမှူး (၁) - ဗိုလ်ချုပ် ကျော်ရွှေ
အဖွဲ့ဝင် - နိုင်တလညီ
အဖွဲ့ဝင် - ဒု ဗိုလ်မှူးကြီး အမ် စိုက်ချန်း (မော်လမြိုင်ရုံး တာဝန်ခံ)
အဖွဲ့ဝင် - ဗိုလ်မှူးကြည်စန်း (မော်လမြိုင် ဆက်ဆံရေးရုံး တာဝန်ခံ)

**ဗဟို စစ်ကော်မရှင် ၇ ဦး**

စစ်ဦးစီးချုပ် - ဗိုလ်မှူးချုပ် လယီဂကောင်း
ဒု-စစ်ဦးစီးချုပ် - ဗိုလ်မှူးကြီး ဗညားမဲ့စန်း
အဖွဲ့ဝင် - ဒု-ဗိုလ်မှူးကြီး ဟံသာ
အဖွဲ့ဝင် - ဒု-ဗိုလ်မှူးကြီးစံအေး

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အပစ်အခတ်ရပ်စဲရေး အသစ် သဘောတူညီချက်-** ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၈-ခုမြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ
**ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်။
**နယ်ခြားစောင့်တပ် အစီအစဉ်ကို ငြင်းပယ်မှု-** ဧပြီလ၊ ၂၀၁၀ ခုနှစ်။
**အပစ်အခတ် ရပ်စဲရေးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု-** ၂ကြိမ်
**ဒုက္ခသည် စခန်း-** ဘန့်ဒုံယန်း (ထိုင်းနိုင်ငံတွင်း)
**ပြည်တွင်း ဒုက္ခသည်စခန်းများ-** ဟလော့ခနီး၊ ဘလိုက်ဒွန်ဖစ်၊ ချိုင်းတိုက်၊ ပနန်းပိန် (မြန်မာနိုင်ငံတွင်း)

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-**
နိုင်ငံပြင်ပတွင် တရားဝင် ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့။ နိုင်ဟံသာ၊ နိုင်တလညီ၊ နိုင်ဟွန်ဆာဘွန်ထိုင်း။

**နိုင်ငံတွင်းတွင် တရားဝင် ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့-** နိုင်ထောမွန်၊ နိုင်တလညီ၊ ဗိုလ်ချုပ်ဇေယျ၊ နိုင်အောင်မင်း (အထွေထွေ အတွင်းရေးမှူး) နှင့် ဗိုလ်မှူးချုပ် လယီဂကောင်း။

**ဆက်ဆံရေးရုံးများ**
မွန်ပြည်သစ်ပါတီက (နဝတ) စစ်အစိုးရနှင့် ၁၉၉၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်၊ ဆက်ဆံရေး ရုံးများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် မွန်ပြည်သစ်ပါတီက နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ငြင်းပယ်ခဲ့ပြီးနောက်ပိုင်း၊ ရုံးအားလုံး ပိတ်လိုက်ရသည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်အသစ် ရေးထိုးပြီးနောက်တစ်နေ့တွင် ဆက်ဆံရေးရုံးများအားလုံး ပြန်၍ ဖွင့်ခဲ့သည်။

၁။ မော်လမြိုင် *
၂။ မုဒုံ
၃။ သံဖြူဇရပ်
၄။ ရေး
၅။ ရေဖြူ (ရားဖူးကျေးရွာ)
၆။ ဘုရားသုံးဆူ *
၇။ ကျိုက်မရော
၈။ ဇင်းကျိုက် (ပေါင်မြို့နယ်)
၉။ မြိတ်
၁၀။ မြဝတီ *
* စီးပွားရေးရုံးများ ဖြစ်သည်။

**မွန်ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး အဖွဲ့**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်း ဟိုတယ်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စောင့်ကြည့်ကြီးကြပ် ရေး ဆွေးနွေးပွဲသင်တန်းကို ၂၀၁၃ ခုနှစ်၊ ဖွန်လ ၇ ရက်နေ့တွင် ကျင်းပပြီးနောက် မွန်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး စောင့်ကြည့် ကြီးကြပ်ရန်အတွက် အဖွဲ့ဝင် ၁၅ ဦးကို ရွေးချယ်ခဲ့ပါသည်။

မွန်ပြည်နယ်အစိုးရမှ လူမှုရေးဝန်ကြီးနှင့် စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး၊ ကရင်ပြည်နယ်မှ မွန်ရေးရာဝန်ကြီး၊ နိုင်ငံရေး သမားများ၊ မွန်ပြည်နယ်မှ လွှတ်တော်အမတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ လူငယ်အုပ်စု များမှ ကိုယ်စားလှယ် ၁၂၀ ခန့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၆/၁၀/၁၁ | ရေးမြို့နယ်၊ ခလရ (၆၁) တပ်ဝင်း | နိုင်တလညီ၊ | မွန်ပြည်နယ် နယ်စပ်/ လုံခြုံ ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင် | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။<br><br>အစိုးရအနေနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲကြောင်း ကြေညာရန်၊ တိုင်းရင်း သားများ စုဖွဲ့ထားသည့် UNFC တပ်ပေါင်းစုနှင့် နိုင်ငံရေးပြဿနာ များကို ဖြေရှင်းဆွေးနွေးရန် အကြံ ပြုခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| | | | | | အခြား မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်များ- နိုင်ဗညားလယ်၊ ဒု-ဗိုလ်မှူးကြီး နိုင်ဟောင်းဆာ<br><br>အခြား အစိုးရဖက်မှ ကိုယ်စားလှယ်များ- အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ထွန်းထွန်းညီ၊ မွန်ပြည်နယ် မြူနီစီပါယ် အရာရှိများ။ |
| ၂ | ၁၃/၁၁/၁၁ | ရေးချောင်းဖျား၊ မွန်ပြည်သစ်ပါတီ ဌာနချုပ် | နိုင်ထောမွန် | မွန်ပြည်နယ် အစိုးရမှ စေလွှတ်သည့် ကိုယ်စားလှယ် ၅ ဦးပါအဖွဲ့ (ငြိမ်းချမ်းရေး အကျိုးဆောင်) | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။<br><br>မွန်ပြည်သစ်မှ အခြားခေါင်းဆောင်များ- နိုင်ရော့စ၊ နိုင်ဟံသာ<br><br>အစိုးရဖက်မှ ကိုယ်စားလှယ်များ- ယခင်မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် နိုင်တင်အောင်နှင့် ဗဟိုကော်မီတီဝင်ဟောင်း နိုင် စိုးမြင့်၊ မွန်ဒီမိုကရေစီအဖွဲ့ချုပ် (NMDF) မှ ဗဟိုအလုပ် အမှုဆောင် နိုင်သက်လွင်၊ ဒေါက်တာ မင်းကြည်ဝင်း၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆရာတော် ဘဒ္ဒန္တကေတုမာလာ။ |
| ၃ | ၂၂/၁၂/၁၁ | စံခလပူရီ၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ | ဦးအောင်မင်း | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ အခြားမွန်ကိုယ်စားလှယ်များ- နိုင်ဟောင်းဆာ ဘွန်ထိုင်း၊ နိုင်ဗညားလယ်၊ နိုင်ရွှေသိန်း |
| ၄ | ၁/၂/၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရသ | ဦးအောင်မင်း | အချက် ၅-ချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက် ရရှိသည်။<br><br>မွန်ပြည်သစ်ပါတီမှ အခြားကိုယ်စားလှယ်များ- ဗိုလ်မှူးချုပ် လယီဂကောင်း၊ နိုင်တလညီ၊ ဗိုလ်မှူး စန်းအေး၊ နိုင်အာကာ။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ- ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင်မောင်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ |

| | | | | | |
|---|---|---|---|---|---|
| | | | | | စစ်ဦးစီး ပထမ တန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ မွန်ပြည်နယ်အစိုးရ အတွင်းရေးမှူးနှင့် အရာရှိများ။ |
| ၅ | ၂၅/၂/၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရော့စ | ဦးအောင်မင်း | အချက် ၄ ချက်ပါ ပြည်ထောင်စု အဆင့် သဘောတူညီချက် ရရှိသည်။<br><br>မွန်ပြည်သစ်ပါတီမှ အခြားကိုယ်စားလှယ်များ- ဗိုလ်မှူးချုပ် လယီဂကောင်း၊ နိုင်တလညီ၊ ဗိုလ်မှူး စန်းအေး၊ နိုင်အာကာ။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ- ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင်မောင်ဝင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒု-ဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ငွေးမြင့်အောင်၊ စစ်ဦးစီး ပထမတန်း ကာချုပ် (ကြည်း) ရုံး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ စစ်ဦးစီး ပထမ တန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ် ရှေ့နေချုပ်နှင့် အရာရှိများ။ |
| ၆ | ၁၁/၄/၁၃ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်အောင်မင်း<br>နိုင်တလညီ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ အပစ်အခတ် ရပ်စဲရေး အကောင် အထည်ဖော်ရေး<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ဝင် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မောင်ဝင်း၊ ကာချုပ်ရုံးမှ ဒု-ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ မွန်ပြည်နယ် နယ်စပ်/လုံခြုံ ဝန်ကြီး ဗိုလ်မှူးကြီး ငွေးမြင့်အောင်၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ |

| | | | | | |
|---|---|---|---|---|---|
| | | | | | အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဒု-ဗိုလ်မှူးကြီး ကျော်မြင့်၊ မွန်ပြည်နယ် အစိုးရ အတွင်းရေးမှူးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး ကြီးကြပ်ရေးရုံးမှ ဦးရွှေသောင်း။ |
| ၇ | ၄/၈/၁၃ | မော်လမြိုင် မွန်ပြည်နယ် | NMSP | MPC နည်းပညာအဖွဲ့ | အလွတ်သဘော ဆွေးနွေးပွဲဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုး သည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုး သည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် များ<br><br>၈၈-မျိုးဆက်ကျောင်းသားများအဖွဲ့ ခေါင်းဆောင်များ မွန်ပြည်နယ် လာရောက် လည်ပတ်စဉ်တွင် တွေ့ဆုံခဲ့သည်။ (နိုဝင်ဘာလ ၁၁ ရက်၊ ၂၀၁၂ ခုနှစ်) |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | နိပွန် ဖောင်ဒေးရှင်း |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | အမျိုးသားညီလာခံတစ်ခု ကျင်းပရန် ပြင်ဆင်နေသည်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ် မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရပြီးနောက် နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတိုင်အောင် ကျန်တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများအားလုံးနှင့် အပစ်အခတ်ရပ်စဲရေး မရရှိနိုင်ပါက အပစ်အခတ် ရပ်စဲ ထားသည့် အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အစိုးရ ကိုယ်စားလှယ်တို့အကြား နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။ |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | D | | |

| | | | | |
|---|---|---|---|---|
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | နိုင်ငံအဆင့် နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအင်အားစုများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေး အပေးအယူပြုမှု အပေါ် အခြေခံ၍ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို ဆက်လက်ဆွေးနွေးသွားရန်။ |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | D | | |
| ၆ | စစ်ရေး ဆက်ဆံမှု | A | | မွန်ပြည်နယ်အတွင်းနှင့် အပစ်အခတ်ရပ်စဲရေးနှင့် သက်ဆိုင်သည့်ဒေသများတွင် စစ်တပ်အင်အား ထပ်မံမတိုးချဲ့ရန်။ |
| ၇ | လေ့လာသူများ | A | | ဆွေးနွေးပွဲများတွင် လေ့လာသူများ တက်ရောက်ခွင့်ပြုရန်။ |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | ✓ | ပြည်သူများနှင့် ထိတွေ့ဆက်ဆံခွင့်ရှိရန်နှင့် အပြန်အလှန် ကူညီနိုင်ရန်။<br>ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ခွင့် ရှိရန်။<br>သတင်းမီဒီယာဌာနများ၊ သတင်းဌာနများနှင့် ဆက်သွယ်ခွင့် ရှိရန်။<br>နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများကို အခြေအနေ လိုအပ်ချက်နှင့်အညီ ရလဒ်များကို ပြည်သူသို့ တင်ပြအသိပေးနိုင်ရန်။<br>တွေ့ဆုံဆွေးနွေးပွဲ မတိုင်မီတွင် နိုင်ငံခြား သံတမန်များနှင့် ညှိနှိုင်းဆွေးနွေးခွင့် ရှိရန်။ |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | ✓ | မွန်ပြည်သစ်ပါတီမှ အကျဉ်းချခံထားရသူများနှင့် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို စာနာထောက်ထားမှုဖြင့် ပြန်လွှတ်ပေးရန်။<br>နိုင်မျိုးသွေးနှင့် နိုင်ယက္ခအပါအဝင် အကျဉ်းကျခံနေရသော ပါတီအဖွဲ့ဝင်များအား ပြန်လွှတ်ပေးပြီး ဖြစ်သည်။ (၂၀၁၂) |
| ၁၁ | လူ့အခွင့်အရေး | A | | စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်းမှအပ နှစ်ဖက်စလုံးမှ အဓမ္မလုပ်အားခိုင်းစေမှုများကို ရှောင်ရှားရန်။<br>မြန်မာစစ်တပ်က မြေသိမ်းထားသည့် ပြဿနာများအပေါ် ဖြေရှင်းပေးရန်။ |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |

| | | | | |
|---|---|---|---|---|
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | ✓ | မွန်ပြည်သစ်ပါတီက ၂၀၁၂ ခုနှစ်တွင် ထူထောင်ထားသည့် ရာမညယူနိုက်တက် ကုမ္ပဏီအမည်အောက်တွင် ဆောက်လုပ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး၊ ကျွန်းသစ်လုပ်ငန်းများ လုပ်ကိုင်လျက် ရှိသည်။ |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | | | |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၅ စီး အခွန်လွတ်နှင့် ကားအစီး ၅၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | D | ✓ | |
| ၂၆ | အခြား | A | | ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် တည်ငြိမ် ဖွံ့ဖြိုးမှု ရရှိလာစေရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရအကြား အပစ်အခတ် ရပ်စဲရေးဖော်ဆောင်နိုင်သည့် အခါ ပူးပေါင်းဆောင်ရွက်သွားရန်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊ → = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်။ မွန်ပြည်သစ်ပါတီက ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်နေမှုအပေါ် ထုတ်ပြန်ကြေငြာချက် ပြုခဲ့သည်။
- ၂၀၁၂ ခုနှစ်၊ ဖွန်လ ၁၉ ရက်။ အကယ်၍ နေပြည်တော်ရှိ အစိုးရက တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးနှင့် ယခုနှစ်ကုန် နောက်ဆုံးထား၍ နိုင်ငံရေး ဆွေးနွေးမှုမရှိပါက၊ မွန်ပြည်သစ်က အစိုးရနှင့်ချုပ်ဆိုထားသည့် ၄-လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပြန်လည်ချိုးဖောက်မည်ဟု ခြိမ်းခြောက်ကြောင်း ပါတီအတွင်းရေးမှူးက ပြောဆိုသည်။
- ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်။ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌက ကချင်များကို ဆက်လက် စစ်ထိုးနေသမျှ ကာလပတ်လုံး၊ သူတို့အဖွဲ့အနေဖြင့် အပစ်အခတ် ရပ်စဲရေး သဘာတူညီချက် လက်မှတ်ရေးထိုးမည် မဟုတ်ဟု ထုတ်ဖော်ပြောဆိုသည်။

## National Socialist Council of Nagaland-Khaplang
## နာဂ အမျိုးသားဆိုရှယ်လစ် ကောင်စီ (ကပ်ပလန်)



**အစိုးရမှ ခေါ်ဆိုသည့်အမည်-** NSCN-K

**အကျဉ်းချုပ်**
**တည်ထောင်သည့်နေ့စွဲ-** ၁၉၈၀ ခုနှစ်။ ဇန်နဝါရီလ ၁ ရက်။
**ဌာနချုပ်-** ရွေ့ပြောင်းဌာနချုပ်။
**လှုပ်ရှားဒေသ-** စစ်ကိုင်းတိုင်းဒေသကြီးရှိ လဟယ်၊ လေရှီး၊ ခန္တီး၊ နန်းယွန်းဒေသများ။
**ခန့်မှန်းအင်အား-** ၅၀၀ အောက်။
**ခေါင်းဆောင်-** အက်စ် အက်စ် ကပ်ပလန် (SS Kaplan)

NSCN-K အဖွဲ့သည် အိန္ဒိယအရှေ့မြောက်ပိုင်း ပြည်နယ်များနှင့် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းရှိ နာဂလူမျိုးများနေထိုင်ရာဒေသများကို ပြည်ထောင်စု တည်ဆောက်နိုင်ရေး တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် နာဂအဖွဲ့ ၂-ဖွဲ့ ကွဲသွားသည်။ NSCN-K ကို အက်စ် အက်စ် ကပ်ပလန်က ဦးဆောင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ လဟယ်နှင့် နန်းယွန်း မြို့နယ်များတွင် အခြေစိုက်သည်။ NSCN-IM မှာမူ အိုက်ဆက် ချီဆီ ဆု (Isak Chisi Swu) နှင့် သူယန်ဂလန်း မွေဗာ (Thuingaleng Muivah) က ဦးဆောင်၍ အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ ခုနှစ်မှစ၍၊ မြန်မာအစိုးရတပ်များနှင့် NSCN-K တို့အကြား လက်နက်ကိုင်တိုက်ခိုက်မှုများ မရှိခဲ့ပါ။ ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်ပိုင်း၊ ၎င်းတို့၏ရဲဘော် အများအပြားက အဖွဲ့ကို စွန့်ခွာသွားကြသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
- ဥက္ကဋ္ဌ- အက်စ် အက်စ် ကပ်ပလန် (SS Kaplan)
- အထွေထွေအတွင်းရေးမှူး- ဒါလီ မန်းဂရူးအို (Dali Mangru Ao)
- စစ်ဦးစီးချုပ်- ခိုလီး ကွန်းရက် (Khole Konyak)
- CEC အဖွဲ့ဝင်- ဦးကျော်ဝမ်းစိန်

အပစ်အခတ် ရပ်စဲပြီးချိန်မှစ၍ ထူးခြားသော ဖြစ်ပေါ်တိုးတက်မှုများ မရှိပါ။ တိုင်းရင်းသား အစည်းအဝေးများတွင်လည်း ပါဝင်တက်ရောက်ခြင်း မရှိပါ။ သို့သော်လည်း အစိုးရက ကား ၁၅ စီးအခွန်မဲ့ တင်သွင်းခွင့်နှင့် ကား ၃၀ စင်းကို သက်ညှာသည့် အခွန်နှုန်းထားဖြင့် တင်သွင်းခွင့် ရရှိခဲ့သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ဧပြီလ ၉ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၁၂-ခုမြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၁-** ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။


**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မသိရှိရ။

**ဆက်ဆံရေးရုံးများ-** စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီး။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၉/၄/၁၂ | ခန္တီး၊ စစ်ကိုင်းတိုင်း ဒေသကြီး | Y. Wangtin Naga (ဗိုင် ဝမ်းတင် နာဂနှင့် အခြား ၆ ဦး) | စစ်ကိုင်းတိုင်း နယ်စပ်/လုံခြုံ ဝန်ကြီး ဗိုလ်မှူး ကြီး ကြည်နိုင် | ပြည်နယ်အဆင့် ဆွေးနွေးပွဲ<br><br>အချက် ၅-ချက်ပါ အပစ်အခတ်ရပ်စဲ ရေး သဘောတူညီချက်<br><br>အစိုးရ အခြားကိုယ်စားလှယ်များ- စစ်ကိုင်းတိုင်း ဝန်ကြီးချုပ် ဦးသာအေး |
| ၂ | ၁၆/၈/၁၃ | MPC ရန်ကုန် | NSCN-K မှ ကိုယ်စားလှယ် ၄ ဦး | ဦးအောင်မင်း | NSCN-K မှ ကိုယ်စားလှယ်များက ခန္တီးတွင် ဆက်ဆံရေးရုံးခွဲဖွင့်ရန် နှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေး ခဲ့ကြသည်။ |

# Pa-Oh National Liberation Organization
# ပအိုဝ့် အမျိုးသား လွတ်မြောက်ရေးအဖွဲ့



**လက်နက်ကိုင်တပ်ဖွဲ့-** ပအိုဝ့်အမျိုးသား လွတ်မြောက်ရေးတပ်မတော်
**အင်တာနက်စာမျက်နှာ-** www.pnlo.org
**ဆက်သွယ်ရန်-** pnlopower@gmail.com

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၂၀၀၉ ခုနှစ်။
**ဌာနချုပ်-** ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုမုန်းရှိ လေဗွားစခန်း။
**လှုပ်ရှားဒေသ-** ရှမ်းပြည်နယ်ရှိ ဆီဆိုင်၊ ဟိုပုန်း၊ နမ့်ဆမ်၊ လင်းခေး၊ မောက်မယ်ဒေသများ။
**ခန့်မှန်းအင်အား-** ၄၀၀+
**ခေါင်းဆောင်-** ခွန်မြင့်ထွန်း

PNLO ကို ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ (PPLO) နှင့် ယခင် PNLO ခေါင်းဆောင်များ ပေါင်းစည်းထူထောင်ကြခြင်း ဖြစ်သည်။ PPLO အဖွဲ့ကို ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်၊ မိခင်အဖွဲ့အစည်းဖြစ်သော ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ့်အမျိုးသား အဖွဲ့ချုပ် (PNO) က စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်၊ လက်နက်ကိုင် တော်လှန်ရေး ဆက်လက်လုပ်ဆောင်ရန်အတွက် ထူထောင်ခဲ့သည်။ ယခင် PNLO မှာ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှ ခွဲထွက်လာခဲ့သည့် အဖွဲ့ဖြစ်ပြီး ဗိုလ်မှူးချုပ် ခွန် တီဆောင်က ဦးဆောင်သည်။ ယင်း PNLO အဖွဲ့ကို ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ထူထောင်ခဲ့သည်။

ယင်း ၂-ဖွဲ့ကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၇-၉ ရက်နေ့များတွင် ကျင်းပသော ပအိုဝ့်အမျိုးသား ညီလာခံတွင် တရားဝင်ပေါင်းစည်းမိပြီး၊ ဖွဲ့စည်းပုံအသစ်ဖြင့် PNLO/PNLA ကို ဖွဲ့စည်းကြသည်။ PNLO အဖွဲ့ ဖွဲ့စည်းပုံဥပဒေကိုလည်း ရေးဆွဲခဲ့ကြသည်။ တက်ရောက်သူများထဲတွင် ပအိုဝ့် လူငယ်အဖွဲ့၊ ပအိုဝ့် အလုပ်သမားသမဂ္ဂ၊ ဦးခွန်မြင့်ထွန်း (၁၉၉၀ ရွေးကောက်ပွဲတွင် သထုံမြို့နယ်မှ လွှတ်တော်အမတ်) စသည့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ NCUB နှင့် PDC မှ ခွန်တင်ဆွေလည်း တသီးပုဂ္ဂလ တက်ရောက်သည်။ ဗိုလ်မှူးကြီးခွန်ဥက္ကာကို ဥက္ကဋ္ဌအဖြစ်ရွေးချယ် တင်မြှောက်ကြပြီး၊ ဗိုလ်မှူးချုပ် ခွန်တီဆောင်မှာ ဒု-ဥက္ကဋ္ဌ ဖြစ်သည်။ ညီလာခံက PNLO အမည်ကို ရွေးချယ်ခဲ့သည်။ အကြောင်းမှာ "တတိယတော်လှန်ရေး"အတွက် PNLO ၏ စွမ်းဆောင်ကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုသောကြောင့် ဖြစ်သည်။

ပထမအကြိမ် PNLO ကွန်ဂရက်ကို လေဗွားစစ်စခန်းတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၆ မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး၊ ဗဟိုကော်မီတီ အသစ်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းကော်မီတီတွင် ခွန်မြင့်ထွန်းက ဥက္ကဋ္ဌ ဖြစ်လာသည်။ ယခင်ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ခွန်ဥက္ကာနှင့် ဗိုလ်မှူးချုပ် ခွန်တီဆောင်တို့မှာ နာယကများအဖြစ် တင်မြှောက်ခဲ့ကြသည်။

လက်ရှိ PNLO ၏ ဌာနချုပ်မှာ မဲဟောင်ဆောင် (ထိုင်းနိုင်ငံ) နှင့် ကပ်လျက် နယ်စပ်တွင် တည်ရှိသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ-**

နာယက - ဗိုလ်မှူးကြီး ခွန်ဥက္ကာ။ ဗိုလ်မှူးချုပ် ခွန်တီဆောင်။ ခွန်တက်လူ။
ဥက္ကဋ္ဌ - ခွန်မြင့်ထွန်း
ဒု-ဥက္ကဋ္ဌ - ဗိုလ်မှူးကြီး ခွန်သူရိန်
အထွေထွေအတွင်းရေးမှူး - ဗိုလ်မှူးကြီး အောင်ကျော်။
တွဲဖက်-အထွေထွေအတွင်းရေးမှူး-၁ - ခွန်သောမတ်စ်
တွဲဖက်-အထွေထွေ အတွင်းရေးမှူး-၂ - နန်းနွယ်နွယ်
CEC အဖွဲ့ဝင် - ခွန်တင်ရွှေဦး
CEC အဖွဲ့ဝင် - ဒု-ဗိုလ်မှူးကြီး ခွန်အုန်းမောင်
CC အဖွဲ့ဝင် - ခွန်ထွန်းတင်
CC အဖွဲ့ဝင် - ဒု-ဗိုလ်မှူးကြီး ခွန်ကျော်ထင်
CC အဖွဲ့ဝင် - ဒု-ဗိုလ်မှူးကြီး ခွန်ဆွေထို
CC အဖွဲ့ဝင် - နန်းဖြူပြာ
စစ်ဦးစီးချုပ် - ဗိုလ်မှူးကြီး ခွန်သူရိန်

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၁၃-ခုမြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ (မတ်လ ၂၃၊ ၂၀၁၃ ခုနှစ်)
**အပစ်ရပ်ပြီးနောက် တိုက်ပွဲများ ဖြစ်ပွားမှု-** မရှိပါ။

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့**
(PNLO ငြိမ်းချမ်းရေး တည်ဆောက်ရေးအဖွဲ့
ပြည်နယ်အဆင့် ကိုယ်စားလှယ် ၇ ဦး)
၁။ ခေါင်းဆောင်။ ခွန်မြင့်ထွန်း
၂။ ဒု-ခေါင်းဆောင်။ ဗိုလ်မှူးကြီး ခွန်သူရိန်
၃။ ဗိုလ်မှူးချုပ် ခွန်တီဆောင် (အဖွဲ့ဝင်)
၄။ ဒု-ဗိုလ်မှူးကြီး ခွန်ကျော်ထင် (အဖွဲ့ဝင်)
၅။ ခွန်အို (အဖွဲ့ဝင်)
၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၇။ ဒု-ဗိုလ်မှူးကြီး ခွန်ဆွေထို (အဖွဲ့ဝင်)

**ပြည်ထောင်စုအဆင့် ကိုယ်စားလှယ် ၁၂ ဦး**
၁။ ခေါင်းဆောင် ဗိုလ်မှူးကြီး ခွန်ဥက္ကာ
၂။ ဒု-ခေါင်းဆောင်။ ခွန်မြင့်ထွန်း
၃။ ဗိုလ်မှူးကြီး ခွန်သူရိန် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူးကြီး အောင်ကျော် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်တင်ရွှေဦး (အဖွဲ့ဝင်)
၇။ ဒု-ဗိုလ်မှူးကြီး ခွန်ဆွေထို (အဖွဲ့ဝင်)
၈။ ခွန်ထီး (အဖွဲ့ဝင်)
၉။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၁၀။ ခွန်သောမတ်စ် (အဖွဲ့ဝင်)
၁၁။ နန်းနွယ်နွယ် (အဖွဲ့ဝင်)
၁၂။ နန်းမြင့် (အဖွဲ့ဝင်)

**ဆက်ဆံရေးရုံးများ**

၁။ တောင်ကြီး (၂၆-၁-၂၀၁၃)
၂။ သထုံ (၂၁-၈-၂၀၁၃)
၃။ မောက်မယ် (၈-၁၂-၂၀၁၃)
၄။ ဆီဆိုင် (မကြာမီ ဖွင့်လှစ်မည်။)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၂၃/၁၂/၁၁ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ | ဦးအောင်မင်း | PNLO နှင့် UNFC အတွက် ငြိမ်းချမ်းရေး အလွတ်သဘောဆွေးနွေးမှုမှနေ၍ အကြိုပဏာမ ဆွေးနွေးမှု ပေါ်ပေါက်လာသည်။<br><br>PNLO ဥက္ကဋ္ဌ ခွန်ဥက္ကာက ပြောရာတွင် UNFC အဖွဲ့ဝင်များဖြစ်သည့် အခြားတိုင်းရင်းသားအဖွဲ့များ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း ၎င်းတို့က လေ့လာမည်ဟု ဆိုသည်။ အစိုးရနှင့်လည်း သီးခြားတွေ့ဆုံမည်။ အခြားအဖွဲ့များ တင်ပြသည့် ပြဿနာများကို သိရှိနိုင်ရန် ဖြစ်သည်။ |
| ၂ | ၅/၂/၁၂ | ချင်းမိုင် ထိုင်းနိုင်ငံ | ခွန်မြင့်ထွန်း<br>ခွန်သူရိန်<br>ခွန်ထွန်းတင် | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>နှစ်ဖက်စလုံးက တရားဝင် ပြည်နယ်အဆင့် ဆွေးနွေးပွဲ လာမည့်လတွင် ပြုလုပ်ရန် သဘောတူကြသည်။ |
| ၃ | ၂၂/၄/၁၂ | ဖုန်းဖြင့် | ပိုလ်မှူးကြီး<br>ခွန်ဥက္ကာ | ဦးအောင်မင်း<br>(ဘန်ကောက်) | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>နှစ်ဖက်စလုံးက တရားဝင် ပြည်နယ်အဆင့် ဆွေးနွေးပွဲ လာမည့်လတွင် ပြုလုပ်ရန် သဘောတူကြသည်။ |
| ၄ | ၂၇/၆/၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ၊<br>ခွန်မြင့်ထွန်း၊ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>အချက် ၇-ချက်ပါ သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးကြသည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ- လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၂၈/၇/၁၂ | ရန်ကုန် | ခွန်မြင့်ထွန်းနှင့် ခွန်သူရိန် | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>လာမည့် ပြည်နယ်အဆင့် တရားဝင် ဆွေးနွေးပွဲ သဘောတူညီချက် အတွက် ကိစ္စများကို ဆွေးနွေးကြ သည်။ ၎င်းအစည်းအဝေးနောက်ပိုင်း တွင် PNLO ငြိမ်းချမ်းရေးကိုယ်စား လှယ်အဖွဲ့က နိုင်ငံတွင်းသို့ လေ့လာ ရေးခရီးစဉ် တစ်ခု ပြုခဲ့သည်။ (တောင်ကြီးနှင့် သထုံမြို့နယ်) |
| ၆ | ၂၅/၈/၁၂ | တောင်ကြီး၊ ရှမ်းပြည်နယ် | ခွန်မြင့်ထွန်းနှင့် ခွန်သူရိန် | ဦးအောင်မင်း | ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ် ရေးထိုးသည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်မှ ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင် မြတ်နှင့် အစိုးရအရာရှိများ၊ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ်မှ တပ်မှူး ဗိုလ်ချုပ် စိုးထွဋ်နှင့် အဆင့်မြင့် စစ် အရာရှိများ။ |
| ၇ | ၂၃/၃/၁၃ | MPC ရန်ကုန် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ခွန်မြင့်ထွန်းနှင့် ဗိုလ်မှူးကြီး သူရိန်၊ CEC အဖွဲ့ဝင်များ | ဦးအောင်မင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးခင် မောင်စိုး၊ ဦးဝင်း ထွန်း၊ ဦးအုန်း မြင့်၊ ရှမ်းပြည် နယ် ဝန်ကြီးချုပ် စဝ် အောင်မြတ် | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက် အရေးကြီးသည့် အချက် ၁၀-ခုတွင် ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ် ဆေးဆန့်ကျင်ရေး နှင့် ဒေသဖွံ့ဖြိုး ရေး၊ အပစ်အခတ်ရပ်စဲမှု ဆက် လက်ဆောင်ရွက်ရေးနှင့် နိုင်ငံရေး ဆွေးနွေးပွဲများကိစ္စတို့ ပါဝင်သည်။ |
| ၈ | ၂/၉/၁၃ | တောင်ကြီး | RCSS, PNO, PNLO | ဦးရွှေမန်း ဦးသိန်းဇော်၊ ဗိုလ်ချုပ်အောင် သန်းထွဋ် | အလွတ်သဘော ဆွေးနွေးမှုဖြစ် သည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည် ဓါဝင်ငွေဘဏ္ဍာ ၅၀% ကို ရှမ်း ပြည်နယ်တွင် သုံးနိုင်ရန် ပြောသည်။ |
| ၉ | ၂၀/၉/၁၃ | တောင်ကြီး | RCSS, SSPP, PNLO | ဦးအောင်မင်း | အလွတ်သဘော ဆွေးနွေးမှုဖြစ်သည်။ ရှမ်း၊ ကယား၊ မွန် ယုံကြည်မှုတည် ဆောက်ရေး ဆွေးနွေးပွဲ ပြင်ပတွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၁-၂၃ ရက်များတွင် တွေ့ဆုံကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | ၅-၆/၉/၁၃ | တောင်ကြီး | ခွန်မြင့်ထွန်းနှင့် ခွန်တင်ဆွေဦး | ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးစိုးသိန်းနှင့် ဦးသန်းငွေ | အလွတ်သဘော ဆွေးနွေးမှုဖြစ် သည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော်ရေး၊ တစ်နိုင်ငံ လုံး အပစ်ရပ်စဲရေး၊ သန်းခေါင်စာရင်း တွင် ပါဝင်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြသည်။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | ရှမ်း၊ ကယား၊ မွန် ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးပွဲ |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | နိပ္ပွန် ဖောင်ဒေးရှင်းက ဆန်အိတ် ၁၂၀၀ ကို PNLO အဖွဲ့သို့ လှူဒါန်း သည်။ |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | A | | PNLO/PNLA တပ်ဖွဲ့နေရာများကို ဆက်လက်ထိန်းသိမ်း ထားရန်။ သတ်မှတ်နေရာများတွင်သာ နေထိုင်ရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ သတ်မှတ် ဧရိယာပြင်ပသို့ လက်နက်ကိုင်ဆောင်သွားလာခြင်း မပြုရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ လက်မှတ်ရေးထိုး သဘောတူညီထားသည့် ကျင့်ထုံး လုပ်နည်းများ ချိုးဖောက်မှုရှိပါက၊ ဆွေးနွေးကြရမည် ဖြစ်သည်။ တပ်ဖွဲ့များ၏ စားနပ်ရိက္ခာ၊ အဝတ်အထည် နှင့် အမိုးအကာများ ထောက်ပံ့ပေးရေးကို ပူးတွဲစီမံရန်။ |
| ၇ | လေ့လာသူများ | | | |


| | | | | |
|---|---|---|---|---|
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | ✓ | * ၂၂-၇-၂၀၁၂။ ဦးအောင်မင်း၏ ဖိတ်ကြားမှုကြောင့် PNLO ၏ အဖွဲ့ဝင် ၇ ဦးပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ၁၀-ရက်ကြာ (ဇူလိုင် ၂၂ မှ ၃၁ အထိ) အလည်အပတ် သွားရောက်ခဲ့သည်။ လူပုဂ္ဂိုလ်များ၊ ပြည်နယ်ရှိ ပအိုဝ်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပအိုဝ် တက်ကြွလှုပ်ရှားသူများနှင့်လည်း တိုင်ပင်အကြံရယူသည့် ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့သည်။ သူတို့က PNO (ပအိုဝ်အမျိုးသား အဖွဲ့ချုပ်) နာယက ဦးအောင်ခမ်းထီနှင့် PNO ဥက္ကဋ္ဌ၊ အခြားအဆင့်မြင့် PNO ခေါင်းဆောင်များထံ သွားရောက် တွေ့ဆုံခဲ့ကြသည်။ PNO ဌာနချုပ်တွင် ပအိုဝ် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် တိုင်ပင် အကြံရယူသည့် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ တောင်ကျောင်းကြီး ဆရာတော်ကိုလည်း ဖူးမျှော်တွေ့ဆုံခဲ့သည်။ မွန်ပြည်နယ်၊ သထုံမြို့သို့သွား၍ ပအိုဝ်လူထုများ၊ ပအိုဝ် ဘုန်းတော်ကြီးများ၊ သထုံရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD-သထုံ) နှင့် ဆွေးနွေးပွဲများလည်း ကျင်းပခဲ့သည်။ |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | D | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | စိုက်ပျိုးရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၁၅ စီး အခွန်လွတ်နှင့် ကားအစီး ၃၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |

| | | | | |
|---|---|---|---|---|
| ၂၄ | မီဒီယာ | A | | ပအိုဝ်း သတင်းမီဒီယာ ထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။<br>သီးခြားလွတ်လပ်သည့် ပအိုဝ်းသတင်းနှင့် မီဒီယာအဖွဲ့အစည်း ထူထောင်နိုင်ရေးအတွက် တောင်းဆိုထားသည်။ |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | မူးယစ်ဆေးစွဲမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် KNPP/ ABSDF တို့နှင့် တရားမဝင် ပူးပေါင်းဆောင်ရွက်မှု ရှိသည်။ |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၄ ခုနှစ်။ တအဲန်း (ပလောင်) ၅၁ ကြိမ်မြောက် တော်လှန်ရေးနေ့ ပြည်သူသို့ ပန်ကြားချက်
- မေလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်။ PNLO ပထအကြိမ် ကွန်ဂရက် ထုတ်ပြန်ကြေညာချက်
- မတ်လ ၂၆ ရက်၊ ၂၀၁၃ ခုနှစ်။ အမျိုးသားနေ့ သဝဏ်လွှာ
- မတ်လ ၂၃ ရက်၊ ၂၀၁၃ ခုနှစ်။ PNLO ပြည်ထောင်စုအဆင့် သဘောတူညီချက် (မြန်မာဘာသာဖြင့်)
- မတ်လ ၂၃ ရက်၊ ၂၀၁၃ ခုနှစ်။ PNLO ပြည်ထောင်စုအဆင့် သဘောတူညီချက် (အင်္ဂလိပ်ဘာသာဖြင့်)
- ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။ PNLO ၏ နှစ်သစ်ကူး ထုတ်ပြန်ကြေညာချက်။
- ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၁၁ ခုနှစ်။ PNLO နှစ်ပတ်လည် အစည်းအဝေး ထုတ်ပြန်ကြေညာချက်
- စက်တင်ဘာလ ၂၁ ရက်၊ ၂၀၁၀ ခုနှစ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့အတွက် PNLO ထုတ်ပြန်ကြေညာချက်
- ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ပအိုဝ်းအမျိုးသားနေ့အတွက် PNLO ၏ ထုတ်ပြန်ကြေညာချက်
- ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ပအိုဝ်း အမျိုးသားနေ့အတွက် ဂုဏ်ပြုသဝဏ်လွှာ

## Shan State Progress Party/Shan State Army
## သျှမ်းပြည် တိုးတက်ရေးပါတီ





UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း)
**အစိုးရကခေါ်ဆိုသည့် အမည်-** ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၃

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၆၄/၁၉၈၉ ခုနှစ်။
**ဌာနချုပ်-** ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျေးသီးမြို့နယ် ဝမ်ဟိုင်းတွင် ဌာနချုပ် အခြေစိုက်သည်။
**လှုပ်ရှားဒေသ-** ရှမ်းပြည်နယ်ရှိ နမ့်ခမ်း၊ လန်ခို၊ သီပေါ၊ ကျောက်မဲ၊ မိုင်းရှူး၊ တန့်ယန်း၊ မုန်းယိုင်၊ ကျေးသီး၊ လားရှိုး မြို့နယ်များ။
**ခန့်မှန်းအင်အား-** ၄, ၀၀၀+
**ခေါင်းဆောင်-** ဒုဗိုလ်ချုပ်ကြီး ပန်ဖ။

ရှမ်းတော်လှန်ရေးကို မေလ ၂၁ ရက်နေ့ ၁၉၅၈ ခုနှစ်တွင် စတင်ခဲ့သည်။ ၁၉၆၀ ခုနှစ် ဧပြီလ တွင် ရှမ်းပြည် လွတ်မြောက်ရေး တပ်မတော် (SSIA) ကို ဖွဲ့စည်း ခဲ့ကြသည်။ ၁၉၆၄ ခုနှစ် ဧပြီလ ၂၄ ရက်တွင် (SSA)ကို မဟာဒေဝီ စဝ်နန်းဟိန်ခမ်း မှ ဦးဆောင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ ယင်းတပ်ဖွဲ့ကို နယ်ခြားစောင့်တပ် (BGF) အဖြစ် အသွင်ပြောင်းရန် ၂၀၁၀ တွင် ဖိအားပေး ခံရသည်။ ဖိအားပေးမှုအပေါ် တပ်မဟာ ၃ နှင့် ၇ တို့ကလက်ခံခဲ့ကြပြီး၊ ဒုဗိုလ်ချုပ်ကြီး ပန်ဖ ဦးဆောင် သည့် တပ်မဟာ ၁ က ငြင်းပယ်ခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ-**

အထွေထွေအတွင်းရေးမှူး - စဝ် ခွန်ဆိုင်း
စဝ် ခေးတိုင်း
အတွင်းရေးမှူး-၁ - စဝ်ခမ်းတီး
ပြောရေးဆိုခွင့်ရှိသူ - စဝ် စိုင်းလ
အဖွဲ့ဝင် - စဝ် နော်လိတ်။ စဝ်စိုင်းဘထွန်း။
ဗဟိုကော်မီတီဝင် -၃၁ ဦး။
စစ်ဦးစီးချုပ်- စဝ်ပန်ဖ
* စဝ်စိုင်းဘထွန်းသည် NCCT အဖွဲ့ဝင် ဖြစ်သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၇-ခုမြောက်** အဖွဲ့ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)
**ယခင် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်-** ဇက်တင်ဘာလ ၂ ရက်၊ ၁၉၈၉ ခုနှစ်။

**အပစ်ရပ်စဲပြီးနောက် တိုက်ပွဲများ ဖြစ်ပွားမှု-** ၂၀၁၂ ခုနှစ် (၁၃၀ ကြိမ်)၊ ၂၀၁၃ ခုနှစ် (၇၁ ကြိမ်)

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** အလှည့်ကျ ဖြစ်သည်။

**ဆက်ဆံရေးရုံးများ**
၁။ လားရှိုး (ဖွင့်ပြီး၊ တာဝန်ခံ- ကိုလတ်)
၂။ တောင်ကြီး (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်ဇော)
၃။ ခိုလမ် (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်လွင်)
၄။ မူဆယ် (မဖွင့်ရသေး)
၅။ တာချီလိတ် (အတည်မပြုနိုင်)

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၂၉/၁၀/၁၂ | နေပြည်တော် | စဝ်နော်လိတ်ခ် | ဦးအောင်မင်း | SSPP က မြန်မာအစိုးရကို ဝမ်ဟိုင်း အနီးရှိ နေရာ ၄-ခုမှ တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုသည်။<br><br>အစိုးဖက်မှ အခြားကိုယ်စားလှယ်- လွှတ်တော်အမတ် ဦးသိန်းဇော် |
| ၂ | ၂၈/၁/၁၂ | တောင်ကြီး | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးအောင်သောင်း | ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်<br><br>အခြား SSA-N ၏ ကိုယ်စားလှယ် များ- စဝ်ခေးတိုင်<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူး ကြီးအောင်သူ၊ ရှမ်းပြည်နယ်အစိုးရ မှ အရာရှိ ၄ ဦး။ |
| ၃ | ၂၂/၆/၁၂ | မန္တလေး | မသိရ | မသိရ | SSA နှင့် မြန်မာအစိုးရတပ်တို့ အကြား အပြင်းအထန် တိုက်ပွဲဖြစ် ပွားပြီးနောက် အရေးပေါ် အစည်း အဝေးကို ဇွန်လ ၁၇၊ ၂၀၁၂ တွင် ကျင်းပသည်။<br><br>SSPP/SSA အခြေစိုက်စခန်း ၂-ခုမှ အစိုးရတပ်များ ပြန်ဆုတ်ပေးရန် သဘောတူညီသည်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ မိုင်းရှူးမြို့နယ် တွင်းရှိ ကွန်နမိုင်နှင့် လွယ်ဖဖုန်း ဒေသများ ပါဝင်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၁၀/၁၀/၁၂ | လားရှိုး၊ အရှေ့<br>မြောက်ပိုင်း<br>စစ်ဌာနချုပ် | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးအောင်မင်း | SSPP/SSA မိသားစုဝင်များနှင့် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ အတွက် ကျေးရွာသစ်များကို ပူးပေါင်း ဆောင်ရွက်ရန် နှစ်ဖက်စလုံးက သဘောတူညီသည်။ SSPP/SSA က ဖမ်းမိထားသော မြန်မာအစိုးရစစ်သား များကို ပြန်လွှတ်ပေး၍ လဲလှယ်နိုင် ရေး အတွက် စီစဉ်ဆောင်ရွက်သွား မည်။<br><br>အစိုးရက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆန်အိတ် ၁,၀၀၀ နှင့် လက်တွန်း ထွန်စက် ၂-လုံးကို ကူညီ ထောက်ပံ့သည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ဦးသိန်းဇော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ်၊ ဗိုလ်ချုပ် အောင်စိုး၊ ဗိုလ်ချုပ် မင်းနောင်၊ ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း၊ ဦးအုန်းသန်းနှင့် ဦးအေးမြင့်နောင်၊ ဒု-ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊<br><br>အကျိုးဆောင် (အစိုးရဖက်မှ)- ဦးလှမောင်ရွှေ။ |
| ၅ | ၃၁/၁၀/၁၂ | ခိုလမ်၊<br>ရှမ်းပြည်နယ်<br>အလယ်-ရှေ့<br>စစ်ဌာနချုပ် | ဗိုလ်မှူးကြီး ခွန်ဆိုင်း | အလယ်-ရှေ့<br>စစ်ဌာနချုပ်<br>တိုင်းမှူး ဗိုလ်ချုပ်<br>မင်းနောင် | အောက်ပါအချက်များအပေါ်တွင် သဘောတူညီကြသည်။ SSPP/SSA က ခိုလမ်တွင် ဆက်ဆံရေးရုံးပြန် ဖွင့်မည်။ SSPP စခန်းအနေဖြင့် တဆမ်ပူး လေ့ဆိပ်နေရာမှ ရွှေပြောင်း ရန် မလိုအပ်ပေ။ မိုင်းရှူးဧရိယာတွင် ခဲနှင့် ပတ္တမြား တူးဖော်ခွင့်ပြုသည်။<br><br>အခြား SSA-N ကိုယ်စားလှယ်များ- စဝ်နော်လိတ်၊ စိုင်းကျော်ဝင်း၊ ဗိုလ်မှူးခါးမောင်း။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- စစ်ဦးစီး ပထမတန်း မျိုးထွဋ်ဦး၊ ဗိုလ်မှူးရဲရင့်ဝင်း၊ ဗိုလ်မှူး ကောင်းကျော် (ထောက်လှမ်းရေး) |
| ၆ | ၂၁/၂/၁၃ | လားရှိုး<br>ရှမ်းပြည်နယ် | ဗိုလ်မှူးနော်လဲ | အရှေ့မြောက်<br>တိုင်းစစ်ဌာနချုပ်<br>တိုင်းမှူး ဗိုလ်ချုပ်<br>အောင်စိုး | မကြာသေးမီက ဖြစ်ခဲ့သည့် တိုက်ပွဲ များကိစ္စ ဆွေးနွေးသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၇ | ၃/၄/၁၃ | လားရှိုး ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး ခွန်ဆိုင်း | လှျပ်စစ်စွမ်းအင် -၂ ဝန်ကြီး ဦးခင်မောင်စိုး၊ ကုန်သွယ်/စီးပွား ဝန်ကြီး ဦးဝင်းမြင့်၊ စစ်တပ် အရာရှိ ကြီးများ | အရေးပေါ် အစည်းအဝေးဖြစ်သည်။ SSPP က သူတို့ထိန်းချုပ်ရာဒေသ တွင်းမှ မြန်မာစစ်တပ် စစ်ကြောင်း ပြန်ဆုတ်ပေးရန် တောင်းဆိုသည်။ အစိုးရ ကိုယ်စားလှယ်များက သမ္မတထံ ပြန်လည်တင်ပြပေးမည် ဟု ကတိပေးကြသည်။ |
| ၈ | ၁၁/၅/၁၃ | တန့်ယန်း၊ မြောက်ပိုင်း ရှမ်းပြည်နယ် | စဝ်ခေးတိုင်၊ စဝ် ခမ်းမိန်း၊ (ဆက်ဆံ ရေးရုံး) စဝ် အောင်လှ (ဆက်ဆံရေးရုံး) စဝ်ခမ်းမောင်း (CC)၊ စဝ်ရွှေလှ (အတွင်းရေးမှူး)၊ စဝ်နော်လိက် | ဦးသိန်းဇော် | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ သဘော တူညီချက်ပါ ၄-ချက်ကို ဆက်လက် ကိုင်ဆုပ်ကိုင်ရန် သဘောတူညီကြ သည်။ ပြဿနာများကို ငြိမ်းချမ်းစွာ ဖြစ်ရှင်းရန်၊ နစ်ဖက်စလုံးက ပြည်သူ လူထုများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေ ရန်၊ ထိန်းချုပ်ရာဒေသ နယ်နိမိတ် သတ်မှတ်မှုများအတွက် စစ်တပ် ခေါင်းဆောင်များနှင့် တွေ့ဆုံရန်ဖြစ် သည်။<br><br>ဝန်ကြီးများ ဖြစ်သည့် ဦးဝင်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်ကျော်ဝင်း၊ စဝ်အောင်မြတ် (ရှမ်းပြည်နယ် ဝန်ကြီးချုပ်)၊ တြိဂံတိုင်းမှ ဗိုလ်ချုပ် သန်းထွန်းဦး၊ ဗဟို အရှေ့ပိုင်းတိုင်း မှ ဗိုလ်မှူးချုပ်မင်းနောင်၊ အရှေ့မြောက် တိုင်းမှ ဗိုလ်မှူးချုပ် အောင်စိုး၊ ရှမ်း ပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဦးစံ ရွှေအောင် တို့ တက်ရောက်ကြသည်။ |
| ၉ | ၁၃/၇/၁၃ | လားရှိုး ရှမ်းပြည်နယ် | စဝ်ခွန်ဆိုင်း | ဦးသိန်းဇော် | တည်ထောင်ပြီးဖြစ်သည့် ငြိမ်းချမ်း ရေး၊ တည်ငြိမ်ရေး၊ ယုံကြည်မှုနှင့် စည်းကမ်းထိန်းသိမ်းရေး ကိစ္စများကို ပိုမိုခိုင်မာအောင် ပြုသည်။ ချစ်ကြည် ရေး တည်ဆောက်သည်။ SSPP အဖွဲ့အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ တက်လှန်းနိုင်ရန် လိုအပ်သော ပြင် ဆင်မှုများ ပြုလုပ်ဖို့ တိုက်တွန်းသည်။ |
| ၁၀ | ၆/၉/၁၃ | လားရှိုး ရှမ်းပြည်နယ် | SSPP | ဦးရွှေမန်း၊ ဦးသိန်းဇော်၊ အမတ်များ | အလွတ်သဘော ဆွေးနွေးမှု ဖြစ် သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၂၀/၉/၁၃ | တောင်ကြီး၊ ရှမ်းပြည်နယ် | RCSS, SSPP, PNLO | ဦးအောင်မင်း | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ ရှမ်း၊ ကယား၊ မွန် ယုံကြည်မှု တည်ဆောက်ရေး ဆွေးနွေးပွဲပြင်ပ တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁-၂၃ တွင် တွေ့ဆုံကြသည်။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၅။ | စစ်မဟာမိတ် | | |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | တက်ရောက်သူ | ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ခြင်း ရှမ်းညီလာခံ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | အဖွဲ့ဝင် | CSSU |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ်မှုများ

| | | | | |
|---|---|---|---|---|
| **တွေ့ဆုံဆွေးနွေးမှု** | | | | |
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | ပင်လုံစာချုပ်ပါ သဘောတူညီချက်များ၊ ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အတွက် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုခြင်း။ |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | SSPP/SSA စစ်သားများကို ဝမ်ဟိုင်းနှင့် အခြားယာယီ နေရာများတွင် အခြေစိုက်ရန် ခွင့်ပြုသည်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |

| | | | | |
|---|---|---|---|---|
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စများ၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့များ ရှင်သန်ရပ်တည်နိုင်ရေး၊ ဒေသတွင်း ရေရှည် ငြိမ်းချမ်းရေး တည်တံ့စေရေး အတွက် ဆက်လက်၍ ဆွေးနွေးသွားမည်။<br><br>SSPP/SSA မိသားစုဝင်များ အပါအဝင်၊ လူ ၃,၅၀၀ ကို မိုင်းရှူးမြို့နယ်၊ မုန်းကောင်းမြို့နယ်ခွဲသို့ ပြန်လည်နေရာ ချထားခဲ့သည်။ သူတို့က မိသားစုဝင်များ သက်မွေးဝမ်းကျောင်းကိစ္စများ၊ သယ်ယူပို့ဆောင်ရေး ကိစ္စများ၊ နေထိုင်မှု အဆင့်အတန်း ပိုမိုကောင်းမွန်စေရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြေလွတ်မြေရိုင်း ဖော်ထုတ်ရေးကိစ္စများ၊ ရေရှည် သီးပင်၊ စားပင် စိုက်ပျိုးရေး ကိစ္စများလည်း ဆွေးနွေးထားသည်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊<br>→ = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်။ SSPP/SSA က ဗဟိုကော်မီတီ အစည်းအဝေးနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာ သည်။
- ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်။ SSPP ဗိုလ်ချုပ်ဆေထင်နှင့် 7 Days News တို့ တွေ့ဆုံမေးမြန်းခန်း ပြုသည်။
- ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၈ ရက်။ SSPP/SSA က တစ်နှစ် နှစ်ကြိမ်ကျင်းပသည့် အစည်းအဝေး ထုတ်ပြန်ကြေညာချက်ပြုသည်။
- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်။ NDAA, UWSA နှင့် SSPP/SSA တို့က KIO အပေါ် ထိုးစစ်ဆင်နေမှု ရပ်ဆိုင်းရန် နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန် ပူးတွဲကြေညာချက် ထုတ်ပြန်သည်။

## Restoration Council of Shan State/ Shan State Army
## သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ



သျှမ်းပြည်တပ်မတော် (တောင်ပိုင်း)
http://www.rcssanc.org
http://www/taifreedom.com

**အစိုးရက ခေါ်ဆိုသည့် အမည်-** သျှမ်းပြည်တပ်မတော် (တောင်ပိုင်း)

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၆၄/၁၉၉၆ ခုနှစ်။
**ဌာနချုပ်-** ရှမ်းပြည်နယ်တောင်ပိုင်း၊ လွယ်တိုင်းလန်း ဒေသ
**လှုပ်ရှားဒေသ-** ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟိန်း၊ ရပ်စောက်၊ မောက်မယ်၊ မိုင်းကောင်း၊ နမ့်ဆမ် ဒေသများ။
ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျောက်မဲ၊ နမ့်ခမ်း ဒေသများ။
**ခန့်မှန်းအင်အား-** ၆, ၀၀၀+
**ခေါင်းဆောင်-** ဒုဗိုလ်ချုပ်ကြီး ယွတ်စစ်။

SSA-S ကို သျှမ်းပြည် ညီညွတ်သော တော်လှန်ရေး တပ်မတော် (SURA) မှ ဒုဗိုလ်ချုပ်ကြီးယွတ်စစ်က ဖွဲ့စည်းခဲ့သည်။ ပင်မ SSA (ယခုအခါ SSA-N ဟုလည်း ခေါ်သည်) က မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုသွားသည်ကို သူတို့က ဆန့်ကျင်၍ ရပ်တည်ခဲ့ကြသည်။ SURA သည် မူးယစ်ရာဇာ ခွန်ဆာဦးဆောင်သည့် မုန်တိုင်းတပ်မတော် (MTA) မှ ခွဲထွက်လာသည့် အုပ်စုဖြစ်ပြီး၊ မူလက သျှမ်းပြည်တပ်မတော်မှ ဖြစ်သည်။

**ဆက်နွယ်နေမှုများ-** ဗမာပြည်ကွန်မြူနစ်ပါတီ (BCP)၊ သျှမ်းပြည် ညီညွတ်သော တော်လှန်ရေး တပ်မတော် (SURA)၊ မုန်တိုင်းတပ်မတော် (MTA)။

သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) က လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲများ ကျင်းပသည်။ ၂၀၁၄ တွင် ဖေဖော်ဝါရီလတွင် ဒုဗိုလ်ချုပ်ကြီးယွတ်စစ် ပင် နောက်ထပ် ၄-နှစ်သက်တမ်းအတွက် RCSS ဥက္ကဋ္ဌအဖြစ် ပြန်၍ အရွေးချယ်ခံရသည်။

**ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင် ၁၁ ဦး-**
ဥက္ကဋ္ဌ နှင့် စစ်ဦးစီးချုပ် - ဒုဗိုလ်ချုပ်ကြီး ယွတ်စစ်
ဒု-ဥက္ကဋ္ဌ ၁ - ဗိုလ်ချုပ် စိုင်းယီ
ဒု-ဥက္ကဋ္ဌ ၂ - ဗိုလ်မှူးကြီး ခေးငိန်း (Kherh Ngeun)
အထွေထွေအတွင်းရေးမှူး - ဒု-ဗိုလ်မှူးကြီး စီရိ (Siri)
ပြောခွင့်ရပုဂ္ဂိုလ် - ဗိုလ်မှူးကြီး စိုင်းလ
အရပ်ဖက်အုပ်ချုပ်ရေးအကြီးအကဲနှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် - ဗိုလ်မှူးချုပ် ပေါင်းခေး (Pawng Kherh)
အရှေ့ပိုင်း စစ်ဌာနချုပ် တပ်မှူး - ဗိုလ်ချုပ် ကွမ်းဇိန်း (Gawn Zeun)

** RCSS သည် ရှမ်းပြည် ညီညွတ်ရေးကော်မီတီ (CSSU) ၏ အဖွဲ့ဝင်လည်း ဖြစ်သည်။ CSSU ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ CSSU ၏ အဖွဲ့ဝင်များအဖြစ် သျှမ်းပြည် ပြန်လည်တည်ဆောက်ရေး ကောင်စီ (RCSS)၊ သျှမ်းပြည်နယ် ပူးတွဲလှုပ်ရှားရေး ကော်မီတီ (SSJAC- SNLD နှင့် SSPP တို့၏ ညွန့်ပေါင်းအဖွဲ့ ဖြစ်သည်။)*

*ရှမ်းအမျိုးသား ဒီမိုကရေစီ ပါတီ (SNDP) နှင့် အခြား လူမှုအဖွဲ့အစည်း ၁၃ ခုတို့ ပါဝင်ကြသည်။)*

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် **၄-ခုမြောက်** အဖွဲ့ ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)
**အပစ်ရပ်စဲပြီးနောက် တိုက်ပွဲများ-** ၂၀၁၂ - (၆၈ ကြိမ်)၊ ၂၀၁၃ - (၇၆ ကြိမ်)

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-**
ဗိုလ်မှူးချုပ် ပေါင်းခေး (Pawng Kherh)- အဓိက ဦးဆောင်ဆွေးနွေးသူ

**ဆက်ဆံရေးရုံးများ**
၁။ တောင်ကြီး (၂၂-၂-၂၀၁၂)
၂။ ကျိုင်းတုံ (၂၂-၂-၂၀၁၂)
၃။ တာချီလိတ် (၂၉-၂-၂၀၁၂)
၄။ မိုင်းတုံ (၂၉-၂-၂၀၁၂)
၅။ ခိုလမ် (၂၁-၃-၂၀၁၂)
၆။ မူဆယ် (စီးပွားရေး ဆက်ဆံရေးရုံး)

ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၁၉/၁၁/၂၀၁၁ | ထိုင်း-ရှမ်း နယ်စပ် | ဒုဗိုလ်ချုပ်ကြီး ယွတ်စစ် | ဦးအောင်မင်း | တရားမဝင် အပစ်အခတ်ရပ်စဲမှု<br><br>SSA-S ၏ အခြားကိုယ်စားလှယ်များ- စဝ်ခွန်ဆိုင်း<br><br>အကျိုးဆောင်များ- ဦးနေဝင်းမောင်၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးတင်မောင်သန်း၊ ဦးဟန်ညောင်ဝေ။ |
| ၂ | ၂/၁၂/၂၀၁၁ | တောင်ကြီး | စိုင်းလူ | ဦးအောင်မင်း | အချက် ၈-ချက်ပါ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်<br><br>အစိုးရ၏ အခြား ကိုယ်စားလှယ်များ- ဦးခင်မောင်စိုး၊ ဗိုလ်မှူးကြီး အောင်သူ (ပြည်နယ် နယ်စပ်/ လုံခြုံ ဝန်ကြီး)၊ ရှမ်းပြည်နယ် တရားသူကြီးချုပ်-ဦးမောင်မောင်၊ စစ်ဦးစီး-ပထမတန်း တြိဂံတိုင်း စစ်ဌာနချုပ်- ဗိုလ်ချုပ် ဇော်ထွန်းညွန့် |

| | | | | | |
|---|---|---|---|---|---|
| ၃ | ၁/၁/၂၀၁၂ | တောင်ကြီး | | ဦးခင်မောင်စိုး | ပြင်ဆင်ရေး အစည်းအဝေး |
| ၄ | ၁၆/၁/၂၀၁၂ | တောင်ကြီး | စင်ပေါင်ခေး | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၁-ချက်ပါ သဘောတူညီချက်<br><br>အစိုးရဖက်မှ<br>အခြားကိုယ်စားလှယ် များ-<br>သစ်တောဝန်ကြီး ဦးဝင်းထွန်း၊ အမှတ် ၂- လျှပ်စစ်ဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်- ဦးစဝ်အောင်မြတ်၊ ဒုတိယ ကာကွယ်ရေးဝန်ကြီး ဦးဇော်ဝင်း၊ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် နယ်စပ်/လုံခြုံ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးကြီး ကျော်စိုးလင်း၊ တြိဂံတိုင်း စစ်ဦးစီး ပထမတန်း ဗိုလ်မှူးကြီး ဇော်ထွန်းမြင့်၊ အလယ်-အရှေ့ပိုင်း စစ်ဌာနချုပ် စစ်ဦးစီး-ပထမတန်း ဗိုလ်မှူးကြီး ဇော်မင်းအေး။ |
| ၅ | ၁၉/၅/၂၀၁၂ | ကျိုင်းတုံ | ဒုဗိုလ်ချုပ်ကြီး ယွတ်စစ် | ဦးအောင်မင်း | အချက် ၁၂ ချက်ပါ သဘော တူညီချက်<br><br>မြန်မာနိုင်ငံ ဒု-ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ စွမ်းအင်ဝန်ကြီး ဦးသန်းဌေး၊ လျှပ်စစ်-၂ ဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ် အောင်မြတ်၊ အရှေ့ပိုင်းတိုင်း တပ်မှူး ဗိုလ်ချုပ်စိုးထွဋ်၊ အလယ်-အရှေ့ပိုင်း တိုင်း တပ်မှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနောင်၊ တြိဂံတိုင်း တိုင်မှူး ဗိုလ်ချုပ် သန်းထွန်းဦး၊ ဒု-ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် နယ် စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ကာချုပ်ရုံးမှ ဗိုလ်မှူးကြီး ကျော်စိုးဝင်း |

| | | | | | |
|---|---|---|---|---|---|
| ၆ | ၂၈/၁၀/၂၀၁၂ | တာချီလိတ် | စင်ပေါင်းခေး | ဗိုလ်မှူးကြီး အောင်သူ (ရှမ်းပြည်နယ် နယ်စပ်/လုံခြုံ ဝန်ကြီး) | သုံးပွင့်ဆိုင် ၉-ချက်ပါ မူးယစ်ဆေး တိုက်ဖျက်ရေး သဘောတူညီချက်- RCSS, အစိုးရနှင့် UNODC<br><br>လေ့လာသူ။ ဂျေဆင် အီးလေး (Jason Eligh) (UNODC-Myanmar) |
| ၇ | ၁၀/၆/၂၀၁၃ | နေပြည်တော် | ဒုဗိုလ်ချုပ်ကြီး ယွတ်စစ် | ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဦးစိုးသိန်း | ဦးသိန်းစိန်က လက်နက်ကိုင် အုပ်စု များအကြား နေရာချ ထားရန်၊ ပြန်လည် အခြေချမှုများ ပြုနိုင်ရန်၊ အလုပ်အကိုင် ဖန်တီး ပေးရန်၊ ပညာရေး နှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ အတွက် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောသည်။ ဖွဲ့စည်းပုံဥပဒေပြင်ရေး အတွက် လွှတ်တော်က ဆက် လက် ဆောင်ရွက်မည်။ RCSS က ပြောရာတွင် သူတို့တိုက်ပွဲဝင် နေခြင်းသည် ပြည်ပေါင်းစု ပြည်ထောင်စု အတွက် မဟုတ်။ ဖက်ဒရယ်၊ ဒီမိုကရေစီ၊ ကိုယ်ပိုင် ပြဌာန်းခွင့်၊ ပါဝင်ခွင့်များအတွက် ဖြစ်ကြောင်း ပြောသည်။ |
| ၈ | ၁၂/၇/၂၀၁၃ | ချင်းမိုင် ထိုင်းနိုင်ငံ | | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ |
| ၉ | ၁၅/၈/၂၀၁၃ | MPC ရန်ကုန် | ဗိုလ်မှူးကြီး စိုင်းလ | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။<br><br>တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများကိုစွ ဆွေး နွေးကြသည်။ RCSS က သူတို့တပ် စခန်းနေရာများမှ မြန်မာစစ်တပ် များ ရုပ်သိမ်း ပေးရန် ထပ်၍ တောင်းဆိုသည်။ |
| ၁၀ | ၂၃/၈/၂၀၁၃ | ရန်ကုန် | RCSS+ KNU | MPC နည်းပညာ အဖွဲ့ | တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်ကို ဆွေးနွေး ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၃၁/၈/၂၀၁၃ | နေပြည်တော် | RCSS+ KNU+CNF (ဗိုလ်ချုပ်မှူးတူး စေးဖိုး၊ ဗိုလ်မှူး တူးတူးလေး၊ ဗိုလ်မှူးစိုင်းလနှင့် ဗိုလ်မှူးစိုင်းမိန်း) | ဒုသမ္မတ စိုင်း မောက်ခမ်း၊ ဒု-ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဦးအောင် မင်း၊ ဦးသိန်းဇော် | ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီ ဥက္ကဋ္ဌ စိုင်းမောက်ခမ်းက အောက် တိုဘာလတွင် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ် ရပ်စဲရေး ရရှိနိုင်မည်ဟု မျှော်မှန်း သည်။ (၁) အပစ်အခတ် ရပ်စဲရေး အတွက် သံန္နိဋ္ဌာန်ချမှတ် ခြင်း၊ (၂) နိုင်ငံရေးဆွေးနွေးပွဲ အတွက် နှစ်ဖက်စလုံးလက်ခံသည့် အခြေခံမူဘောင်၊ (၃) ညီလာခံ တွင် အင်အားစု အားလုံး ပါဝင်နိုင်မှု၊ (၄) KNU-RCSS တို့က တင်ပြ သည့် ကြားကာလလုပ်ငန်း အစီအစဉ်များ ဆွေးနွေးသည်။ |
| ၁၂ | ၂/၉/၂၀၁၃ | တောင်ကြီး | RCSS, PNO, ရလလဖ | ဦးရွှေမန်း၊ ဦးအောင်သန်းထွန်း | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ |
| ၁၃ | ၇/၉/၂၀၁၃ | ချင်းမိုင် ထိုင်းနိုင်ငံ | RCSS+ KNU | ဦးအောင်မင်း ဦးခင်ရီ | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။<br><br>တိုင်းရင်းသား လက်နက်ကိုင် ၁၄ ဖွဲ့၏ တစ်နိုင်ငံလုံးအပစ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို အစိုးရ၏ နည်းပညာထောက်ကူ အဖွဲ့ဖက်မှ မူအားဖြင့် သဘောတူ သည်ဟု ပြောသည်။ |
| ၁၄ | ၂၀/၉/၂၀၁၃ | တောင်ကြီး | RCSS, SSPP, PNLO | ဦးအောင်မင်း UPWC | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ ရှမ်း၊ ကယား၊ မွန် ယုံကြည်မှု တည်ဆောက်ရေး ဆွေးနွေးပွဲပြင်ပ တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁-၂၃ တွင် တွေ့ဆုံကြသည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | |
| ၅။ | စစ်မဟာမိတ် | | |

| | | | |
|---|---|---|---|
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | မူးယစ်ဆေး တိုက်ဖျက်ရေးအတွက် RCSS နှင့် UWSA တို့သည် ဒုတိယအကြိမ် တွေ့ဆုံကြပြီး၊ အစားထိုးသီးနှံ စိုက်ရန် အစီအစဉ်ချသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၈-၂၉။ |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | RCSS ၏ ဆက်ဆံရေးတာဝန်ခံသည် SNLD ဥက္ကဋ္ဌဦးခွန်ထွန်းဦးနှင့်အတူ NDAA သို့ ချစ်ကြည်ရေးခရီးသွား ရောက်သည်။ |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | တက်ရောက်သူ | ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ခြင်း ရှမ်းညီလာခံ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။ ရန်ကုန် တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် တက်ရောက်သည်။ |
| ၉။ | မိတ်ဖက်အင်အားစုများ | မူးယစ်ဆေး<br>တိုက်ဖျက်ရေး<br>အဖွဲ့ဝင်<br>UNODC<br>MPSI | ရှမ်းပြည် ညီညွတ်ရေး ကော်မီတီ (CSSU)<br>PNLO မူးယစ်ဆန့်ကျင်ရေး မဟာမိတ်<br>သုံးပွင့်ဆိုင် မူးယစ်ဆန့်ကျင်ရေး<br>သဘောတူညီချက်<br><br>ပြည်တွင်းဒုက္ခသည် လိုအပ်ချက်<br>အကဲဖြတ်မှု |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**တိုးတက် ဖြစ်ပေါ်မှုများ**

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | A | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | ဆွေးနွေးညှိနှိုင်းထားသည့် ဧရိယာပြင်ပသို့ လက်နက်များ သယ်ဆောင်သွားလာမည် ဆိုပါက၊ ပူးပေါင်းဆောင်ရွက်ရန်။<br>နစ်ဖက်သဘောတူညီထားသည့် နေရာများတွင်သာ နစ်ဖက်တပ်များ နေထိုင်ကြရန်။<br>ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် သတ်မှတ်ထားသည့် နေရာများကိစ္စ ဆက်လက်ဆွေးနွေးမည်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |

| | | | | |
|---|---|---|---|---|
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | A | | နစ်ဖက် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရန်။<br>နစ်ဖက်အဖွဲ့အစည်းက သင့်တော်သည့်သူများ ရွေးချယ်ပြီး နောက်ပိုင်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်း ၌ စောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရန်။<br>ရှမ်းပြည်နယ်မှ ပညာရှင်များဖြင့် RCSS က အစည်းအဝေး တစ်ခု ၂၂-၂၃ ဩဂုတ်လ၊ ၂၀၁၂ ခုနှစ်တွင် ကျင်းပ၍ လူရိုသေရှင်ရိုသေ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော အပစ်အခတ်ရပ်စဲရေး စောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းစေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များက အစိုးရစစ်တပ်မှသော်လည်းကောင်း၊ တော်လှန်ရေး တပ်များမှသော်လည်းကောင်း၊ အပစ်ရပ် ချိုးဖောက်မှုများကို စောင့်ကြည့်ကြမည် ဖြစ်သည်။ |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | ✓ | RCSS သည် နိုင်ငံအနှံ့အပြားရှိ တသီးပုဂ္ဂလ ပြည်သူများ၊ အုပ်စုများ၊ ရပ်ရွာများနှင့် လွတ်လပ်စွာ တိုင်ပင်အကြံဉာဏ် ရယူနိုင်သည်။<br>အောင်ဆောက် (Awng Hseuk) ဦးဆောင်သည့် အဖွဲ့ငယ်သည် ထိုင်း-မြန်မာနယ်စပ်မှ မြောက်ပိုင်း ၁၆-ကီလိုမီတာ အကွာတွင်ရှိသည့် ပုန်ပါကျင်တွင် လူထုအစည်းအဝေးပြုလုပ်ပြီး၊ သာမာန်ပြည်သူများထံမှ အခွန်ကောက်ခြင်း၊ စစ်သားစုဆောင်းခြင်းကို SSA က ဆောင်ရွက်တော့မည်မဟုတ်ဟု ကြေညာခဲ့သည်။ (၁၉-၀၁-၂၀၁၂)<br>လာမည့် ၂၀၁၃ ခုနှစ်အတွင်း အစိုးရနှင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင် ရေးအတွက် RCSS က တိုက်တွန်းဆောင်ရွက်သွား မည် ဖြစ်သည်။ (၁၄-၁၂-၂၀၁၂) |
| ၉ | တရားဝင် ဖြစ်စေမှု | A | | RCSS/SSA ကို တရားမဝင် အဖွဲ့အစည်းအဖြစ်မှ လုံးဝ ပယ်ဖျက်ရုပ်သိမ်းနိုင်ရေးအတွက်၊ နစ်ဖက်အကြား ယုံကြည်မှု တည်ဆောက်သွားမည်။ |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | A | ✓ | အကျဉ်းချ ခံထားရသည့် RCSS/SSA အဖွဲ့ဝင်များနှင့် ထောက်ခံသူများကို (ရာဇဝတ်မှုနှင့် ကျခံနေရသူများမှ လွဲ၍) ပြန်လွှတ်ပေးမည်။ |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | A | | အဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် RCSS ထိန်းချုပ်ဒေသတွင် နေထိုင်သူများကို နိုင်ငံသား စိစစ်ရေး ကဒ်ပြား များ ထုတ်ပေးမည်။ |

| | | | | |
|---|---|---|---|---|
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | RCSS/SSA အဖွဲ့ဝင်များ လုံလောက်စွာ ဝင်ငွေရရှိရန် အစိုးရက ကူညီပံ့ပိုးမည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | A | X | ရှမ်းတောင်တန်းချယ်ရီ အမည်ဖြင့် ကုမ္ပဏီ ၆-ခုကို ၂၀၁၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တည်ထောင်ခွင့် ပြုသည်။ ၎င်းတို့က ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ကျောက်မြက်နှင့် ကုန်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း၊ ကုန်ထုတ်လုပ်ရေးနှင့် ဟိုတယ် လုပ်ငန်းများ လုပ်ဆောင်ကြမည် ဖြစ်သည်။<br>သျှမ်း ပြည်တပ်မတော် (RCSS/SSA) ခေါင်းဆောင်များ က ၇-ရက်ကြာ စီးပွားရေး လေ့လာရေးခရီးကို အစိုးရငြိမ်း ချမ်းရေးအဖွဲ့ ဖိတ်ခေါ်မှုဖြင့် လာရောက်ခဲ့သည်။ ရထား ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုအဖွဲ့၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ၇ ဦးပါ RCSS/SSA အဖွဲ့သည် ရန်ကုန်၊ မန္တလေးသို့ သွားရောက် ခဲ့ကြပြီး၊ အဖွဲ့ဝင် ၃ ဦးပါ အဖွဲ့သည် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်သို့ သွားရောက်ခဲ့ကြသည်။<br>အစိုးရက ခွင့်ပြုထားသော်လည်း အစိုးရစစ်တပ်က RCSS ကို စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ ခွင့်မပြုသေးပေ။ |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | A | | RCSS ထိန်းချုပ်ဒေသတွင် အထူးစီးပွားရေးဇုန် တည်ဆောက်မည်။ |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | နိုင်ငံတွင်းသို့ ၁၀-ရက်ကြာ လာရောက်လေ့လာမှုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ မှ ၂၄ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ ၎င်းကာလအတွင်း ပြည်ထောင်စု အဆင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ ရှမ်း နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့သည်။ |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | အဲန်ဂျီအို အဖွဲ့များ၊ နိုင်ငံတကာ အဲန်ဂျီအို အဖွဲ့များနှင့် ပူးပေါင်း၍ RCSS/SSA က အကူအညီများ ရရှိအောင် ဆောင် ရွက်သည်ကို ခွင့်ပြုသည်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျှော့ပေါ့အခွန်နှုန်ထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | A | | RCSS/SSA ကို တိုင်းလွတ်မြောက်ရေး သတင်း အေဂျင်စီ ဖွင့်လှစ်နိုင်ရေးအတွက်၊ မီဒီယာဥပဒေ အသစ်ထွက်ရှိ ပြီးသည့်နောက်တွင် ခွင့်ပြုသွားမည်။ |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | D | ✓ | |


| | | | | |
|---|---|---|---|---|
| ၂၆ | အခြား | | | အစိုးရက RCSS/SSA ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးသွားမည်။ |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | A | X | မိုးနဲနှင့် မိုင်းပန်မြို့နယ်များတွင် အစိုးရ၊ RCSS နှင့် UNODC တို့က ကွင်းဆင်းစစ်တမ်းကောက်ခြင်းကို ဆောင်ရွက်သွားမည်။ |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊ → = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဒီဇင်ဘာလ ၂၃၊ ၂၀၁၃ ခုနှစ် - UNDOC ၊ မြန်မာအစိုးရတို့နှင့် စမ်းသပ် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းအပေါ် RCSS ၏ သုံးသပ်ချက် (မြန်မာဘာသာဖြင့်)
- ဒီဇင်ဘာလ ၂၃၊ ၂၀၁၃ ခုနှစ် - UNDOC ၊ မြန်မာအစိုးရတို့နှင့် စမ်းသပ် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းအပေါ် RCSS ၏ သုံးသပ်ချက် (အင်္ဂလိပ်ဘာသာဖြင့်)
- ဒီဇင်ဘာလ ၉၊ ၂၀၁၃ ခုနှစ် - RCSS ခေါင်းဆောင် ယွတ်စစ်နှင့် တွေ့ဆုံမေးမြန်းမှု။
- နိုဝင်ဘာလ ၉၊ ၂၀၁၃ ခုနှစ် - ဘုံရပ်တည်ချက် ၁၁-ချက်နှင့် ပတ်သက်၍ RCSS ၏ ထုတ်ပြန်ကြေညာချက် (မြန်မာဘာသာဖြင့်)
- နိုဝင်ဘာလ ၉၊ ၂၀၁၃ ခုနှစ် - ဘုံရပ်တည်ချက် ၁၁-ချက်နှင့် ပတ်သက်၍ RCSS ၏ ထုတ်ပြန်ကြေညာချက် (အင်္ဂလိပ်ဘာသာဖြင့်)
- နိုဝင်ဘာလ ၂၊ ၂၀၁၃ ခုနှစ် - RCSS ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုင်းလ 7 Days News နှင့် တွေ့ဆုံမေးမြန်းမှု
- အောက်တိုဘာလ ၂၆၊ ၂၀၁၃ ခုနှစ် - KNU နှင့် RCSS ပူးတွဲထုတ်ပြန်ကြေညာချက်။ (မြန်မာဘာသာဖြင့်)
- အောက်တိုဘာလ ၂၆၊ ၂၀၁၃ ခုနှစ် - KNU နှင့် RCSS ပူးတွဲထုတ်ပြန်ကြေညာချက်။ (အင်္ဂလိပ်ဘာသာဖြင့်)
- အောက်တိုဘာလ ၁၊ ၂၀၁၃ ခုနှစ် - RCSS က မြန်မာအစိုးရနှင့် တပ်မတော်အနေဖြင့် ကတိကဝတ်များ အတိုင်း လိုက်နာရန် တောင်းဆိုခြင်း။
- ဇူလိုင်လ ၁၇၊ ၂၀၁၃ ခုနှစ် - KNU နှင့် RCSS ပူးတွဲထုတ်ပြန်ကြေညာချက်။
- ဇွန်လ ၂၉၊ ၂၀၁၃ ခုနှစ် - UPWC နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် RCSS ၏ ထုတ်ပြန်ကြေညာချက်။
- ဇန်နဝါရီလ ၂၆၊ ၂၀၁၃ ခုနှစ် - မူးယစ်ဆေး အသုံးပြုမှုနှင့် ရောင်းဝယ်ဖောက်ကားမှု ဆန့်ကျင်ရေး နိုင်ငံတကာနေ့ နှင့် ပတ်သက်၍ ကြေညာချက်
- ဇန်နဝါရီလ ၁၉၊ ၂၀၁၃ ခုနှစ် - ဌာနချုပ် လွယ်တိုင်းလန်းတွင် ၁၃ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး RCSS ၏ ထုတ်ပြန်ကြေညာချက်

## Ta'ang National Liberation Army
## တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော်

www.palaungland.org/eng
www.pslf.tnla.blogspot.com



UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT အဖွဲ့ဝင် ဖြစ်သည်။

နိုင်ငံရေးအဖွဲ့အစည်း။ PSLF (နောက်ဆုံး ပလောင်နိုင်ငံရေးအုပ်စုဖြစ်သည်။
၂၀၀၅ ခုနှစ်တွင် လက်နက်ချသွားခဲ့သည့် PSLO အဖွဲ့နှင့် မလွဲမှားသင့်ပေ။)

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** ၁၉၉၂ ခုနှစ်။ ဇန်နဝါရီလ။
**ဌာနချုပ်-** ရွှေပြောင်း ဌာနချုပ်။
**လှုပ်ရှားဒေသ-** ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်၊ လားရှိုး၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ မန်ဆန်၊ မန်းပန် ဒေသများ။
**ခန့်မှန်းအင်အား-** ၁,၅၀၀ +
**ခေါင်းဆောင်-** တာအိုက်ဖုန်း (ဉက္ကဋ္ဌ)။ တာဘုန်းကျော် (အထွေထွေ အတွင်းရေးမှူး)

ယခင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO/A) သည် အစိုးရနှင့် ၁၉၉၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် လက်နက်ချ အပ်နှံခဲ့သည်။ ပြီးနောက် ပလောင် ခေါင်းဆောင် တာအိုက်ဖုန်း နှင့် တာဘုန်းကျော်တို့က လစ်ဟာနေသည့် ကွပ်လပ်ကို ဖြည့်ဆည်းသည့်အနေဖြင့်၊ အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်း၍၊ PSLF အမည်ဖြင့်ပင် မြန်မာ စစ်အစိုးရကို ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ TNLA သည် PSLF ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည်။ လက်ရှိတွင် TNLA က KIA ၊ SSPP/SSA တို့နှင့် လက်တွဲ၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အစိုးရကို ဆန့်ကျင်တိုက်ခိုက်လျက် ရှိသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးသည့် နောက်ပိုင်းတွင်၊ အစိုးရက ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင် (တအောင်းဟုလည်း ခေါ်ဆိုသည်) တို့၏ နေထိုင်ရာဒေသများကို အသိအမှတ်ပြု၍ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ သတ်မှတ်ပေးခဲ့သည်။ သို့သော်လည်း ဤဒေသသည် ဖွံ့ဖြိုးမှု အလွန်နေးကွေးဆဲဖြစ်၍၊ ဆေးရုံနှင့် ကျောင်းများ အနည်းငယ်သာ ရှိကြသည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ-**

ဉက္ကဋ္ဌ - တာအိုက်ဖုန်း
အထွေထွေအတွင်းရေးမှူး - တာဘုန်းကျော်
စစ်ဦးစီးချုပ် - တာ ဟွဒ် ပလန် (Tar Hoi Plarn)

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရရှိသေးသော အဖွဲ့ ဖြစ်သည်။
**တိုက်ပွဲများ-** (၂၀၁၂)- ၈၀+ အကြိမ်၊ (၂၀၁၃)- ၁၂၀+ အကြိမ်

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မရှိပါ။

**ဆက်ဆံရေး ရုံးများ-** မရှိပါ။

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၃၁/၇/၂၀၁၃ | မူဆယ် ရှမ်းပြည်နယ် | ဒု-ဗိုလ်မှူးကြီး တာဘုန်းကျော် တာခူလန်း | ဦးအောင်မင်း ပြည်သူ့လွှတ်တော် လူမှုစီးပွား ဖွံ့ဖြိုး ကော်မီတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ | ပဏာမပြင်ဆင်မှု အစည်းအဝေး ဖြစ်သည်။ |
| ၂ | ၁၄/၁၀/၂၀၁၃ | ရွှေလီ၊ တရုတ် နိုင်ငံ | ဒု-ဗိုလ်မှူးကြီး တာဘုန်းကျော် | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ |

**တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု**

| | | | |
|---|---|---|---|
| ၁။ | UNFC | အဖွဲ့ဝင် | |
| ၂။ | NCCT | အဖွဲ့ဝင် | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုး သည်။ |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီချက် လက်မှတ်ရေးထိုး သည်။ |
| ၅။ | စစ်မဟာမိတ် | | KIO/KIA |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

**တိုးတက်ဖြစ်ပေါ်မှုများ**

PSLF ဗဟိုကော်မီတီ အစည်းအဝေး (ဩဂုတ်လ ၆-၈၊ ၂၀၁၂ ခုနှစ်) မှ တောင်းဆိုချက်များ-

၁။ တအောင်းဒေသတွင် စစ်ရေးထိုးစစ်များ ရပ်စဲရန်။

၂။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာရန်။

၃။ တိုင်းရင်းသားအင်အားစု အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်။

**ထုတ်ပြန်ကြေညာချက်များ**

- နိုဝင်ဘာလ ၅၊ ၂၀၁၃ ခုနှစ်- အစိုးရစစ်တပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားနေမှုအပေါ် TNLA ၏ ထုတ်ပြန် ကြေညာချက်။
- ဩဂုတ်လ ၄ ရက်၊ ၂၀၁၃ ခုနှစ်- PSLF/TNLA က မန်တုံမြို့နယ်တွင် လူထုတွေ့ဆုံပွဲ ကျင်းပခြင်း။
- ဩဂုတ်လ ၁ ရက်၊ ၂၀၁၃ ခုနှစ်- မူဆယ်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် PSLF/TNLA ၏ ထုတ်ပြန် ကြေညာချက်။
- ဇူလိုင်လ ၃၁၊ ၂၀၁၃ ခုနှစ်- မူဆယ် အစည်းအဝေးတွင် TNLA ၏ အချက် ၉ ချက်ပါ အဆိုပြုချက်။

- ဇူလိုင်လ ၂၆၊ ၂၀၁၃ ခုနှစ်- TNLA နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီ တွေ့ဆုံမှု အပေါ် ထုတ်ပြန်ကြေညာချက်
- ဖေဖော်ဝါရီလ ၈၊ ၂၀၁၃ ခုနှစ်- သမ္မတထံသို့ အပစ်အခတ် ရပ်စဲရေးဆွေးနွေးရန် ဖိတ်ခေါ်သည့် ပေးစာ
- ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၁၃ ခုနှစ်- အကြိမ် ၅၀ မြောက် ရွှေရတု ပလောင် အမျိုးသား တော်လှန်ရေးနေ့ အတွက် ထုတ်ပြန်ကြေညာချက်
- ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၃ ခုနှစ်- အကြိမ် ၅၀ မြောက် ရွှေရတု ပလောင် အမျိုးသားတော်လှန်ရေးနေ့ အတွက် ထုတ်ပြန်ကြေညာချက်
- စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၂ ခုနှစ်- ငြိမ်းချမ်းရေးအတွက် ပလောင်အဖွဲ့အစည်းများ၏ ထုတ်ပြန် ကြေညာချက်
- အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ PSLF က ပလောင် ပြည်သူများသို့ တိုက်တွန်းနိုးဆော်ချက်
- ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၂ ခုနှစ်။ ၄၉ ကြိမ်မြောက် ပလောင် အမျိုးသားတော်လှန်ရေးနေ့အတွက် PSLF ၏ ထုတ်ပြန်ကြေညာချက်

## United Nationalities Federal Council
## ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ကောင်စီ

**အစိုးရခေါ်သည့်အမည်-** UNFC

**အကျဉ်းချုပ်**
**တည်ထောင်သည့်နေ့စွဲ-** ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၁၁ ခုနှစ်။
**ဌာနချုပ်-** ချင်းမိုင်၊ ထိုင်းနိုင်ငံ။

UNFC သည် နောက်ဆုံးဖွဲ့စည်းသည့် တိုင်းရင်းသားလူမျိုးစုများ၏ တပ်ပေါင်းစု ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး ကော်မီတီ (CEFU) ကို ပြန်လည်ဖွဲ့စည်း၊ အမည်ပြောင်း၍ ပေါ်ထွက်လာခြင်း ဖြစ်သည်။ UNFC က မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ကိုယ်စားပြု၍ ဆောင်ရွက်လိုသည်။

**ယခင်ဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့များ-** အမျိုးသား ဒီမိုကရက်တစ် တပ်ဦး (NDF) ၁၉၇၆- လက်ရှိ။ တိုင်းရင်းသားလူမျိုးစုများ ကောင်စီ (ENC) ၂၀၀၁-လက်ရှိ။

**ဦးတည်ချက်**
UNFC က မြန်မာနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်လိုသည်။ ၎င်းတို့က တိုင်းရင်းသားဒေသများကို ခုခံကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) ကို တည်ထောင်ထားပြီး ဖြစ်သည်။

**အဖွဲ့ဝင် ၁၁ ဖွဲ့ပါဝင်သော မဟာမိတ်အဖွဲ့ ဖြစ်သည်။**
UNFC အဖွဲ့ဝင်များ (CEFU တွင်လည်း ပါဝင်ကြသည်။)

၁။ ကချင် လွတ်မြောက်ရေး အဖွဲ့(KIO)
၂။ မွန်ပြည်သစ် ပါတီ (NMSP)
၃။ သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSPP/SSA)
၄။ ကရင်အမျိုးသား အစည်းအရုံး (KNU)
၅။ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP)
၆။ ချင်း အမျိုးသား တပ်ဦး (CNF)

**အဖွဲ့ဝင်သစ် ၆ ဖွဲ့**

၁။ လားဟူ ဒီမိုကရက်တစ် ယူနီယံ (LDU)
၂။ ရခိုင် အမျိုးသားကောင်စီ (ANC)
၃။ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)
၄။ တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) (ပလောင်ပြည်လွတ်မြောက်ရေး တပ်ဦး PSLF ဟု လည်းခေါ်သည်။)
၅။ ဝ အမျိုးသား အဖွဲ့ချုပ် (WNO)
၆။ (ယခင် ၆ ဖွဲ့မြောက် အဖွဲ့သစ် ကချင်အမျိုးသား အစည်းအရုံး (KNO) က KIO နှင့် ပူးပေါင်းလိုက်သည်။)
၇။ မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA)

## UNFC ၏ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုအဖွဲ့

၁။ ဖဒိုမန်းမန်းမန်း (KNU)
၂။ ဗိုလ်မှူးကြီး ဂျီနော်င်း (KIO)
၃။ ဦးအောင်ဆန်းမြင့် (KNPP)
၄။ ဦးခွန်မြင့်ထွန်း (PNLO)
၅။ နိုင်ကွဲပောင်းမွန် (NMSP)
၆။ ဦးထွန်းဇော် (ANC)
၇။ စောအောဘောမူ ကူသေး (KNU)

## ဘက်စုံ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် နိပွန်ဖောင်ဒေးရှင်းနှင့် နားလည်မှု စာချွန်လွှာ

### ဖွဲ့စည်းပုံ

အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းက လူပုဂ္ဂိုလ် ၂ ဦးမှ ၄ ဦးကို တာဝန်ပေး စေလွှတ်၍ UNFC ကောင်စီတွင် ကိုယ်စားပြု ပါဝင်စေသည်။ လက်ရှိ UNFC ကောင်စီတွင် အဖွဲ့ဝင် ၂၇ ဦးရှိသည်။ ယင်းအနက်မှ ၁၀ ဦးကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့အဖြစ် ရွေးကောက်တင်မြှောက်သည်။

ဖက်ဒရယ် ပြည်ထောင်စု တပ်မတော် (ဒီဇင်ဘာ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းသည်။)

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (၂၀၁၁ ခုနှစ်)**

| တာဝန် | ၂၀၁၁ | | ၂၀၁၂ - ၂၀၁၃ | |
|---|---|---|---|---|
| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီး အန်ဘန်လ | KIO | ဗိုလ်ချုပ်ကြီး အန်ဘန်လ | KIO |
| ဒု-ဥက္ကဋ္ဌ ၁ | ဗိုလ်ချုပ်ကြီး ဂေါ်ရီ ဇော်ဆိုင်း | KIO | ခွန် အေဘယ်တွဲဒ် | KNPP |
| ဒု-ဥက္ကဋ္ဌ ၂ | ခွန် အေဘယ်တွဲဒ် | KNPP | ဒေးဗစ် သာကပေါ် | KNU |
| အထွေထွေ အတွင်းရေးမှူး | နိုင်ဟံသာ | NMSP | နိုင်ဟံသာ | NMSP |
| တွဲဖက် အတွင်းရေးမှူး- ၁ ပြောရေးဆိုခွင့်ရှိသူ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | PNLO | ဖဒိုမန်းမန်းမန်း | KNU |
| တွဲဖက် အတွင်းရေးမှူး- ၂ | ရွှေမျိုးသန့် | KNPP | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | PNLO |
| အဖွဲ့ဝင် | မန်းငြိမ်းမောင် | KNU | ဒေါက်တာခင်မောင် | ANC |
| အဖွဲ့ဝင် | ဒေါက်တာလဂျာ | KIO | ဒေါက်တာလဂျာ | KIO |
| အဖွဲ့ဝင် | ဒေါက်တာရွှေခါး | CNF | နော်စီဖိုးရာစိန် | KNU |
| အဖွဲ့ဝင် | ဘောမ်ဝန် လာရော် (Bawmwang Laraw) | KNO | နိုင်ကွဲပောင်းမွန် | NMSP |

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၂၃/၁၂/၂၀၁၁ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးပွဲမတိုင်မီ အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ |
| ၂ | ၉/၁၁/၂၀၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ၊ ခွန်ဥက္ကာနှင့် အခြား UNFC ခေါင်းဆောင်များ | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။<br><br>အကျိုးဆောင် (အစိုးရဖက်မှ)- ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် |
| ၃ | ၂၀/၂/၂၀၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ | ဦးအောင်မင်း | အချက် ၅ ချက်ပါ ပူးတွဲကြေညာချက်<br><br>တိုင်းရင်းသားဒေသများတွင် အစိုးရနှင့် နိုင်ငံတကာ စီမံကိန်းများကို အနာဂတ်တွင် မည်သို့မည်ပုံ အကောင်အထည်ဖော်ကြမည်ကို ဆွေးနွေးကြသည်။<br><br>နိုင်ငံရေးဆွေးနွေးပွဲအတွက် အချိန်ဇယား |
| ၄ | ၁၃/၇/၂၀၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ၊ ဖဒို မန်းမန်းနှင့် အခြား ခေါင်းဆောင်များ | MPC နည်းပညာ အဖွဲ့ | ကြိုတင်ပြင်ဆင်မှု အစည်းအဝေး ဖြစ်သည်။<br><br>ငြိမ်းချမ်းရေး ဆွေးနွေးမှု လမ်းပြမြေပုံကို ဆွေးနွေးသည်။ ကြားဝင်ဖျန်ဖြေသူများ၊ အဖွဲ့အစည်းများ။<br><br>နိုင်ငံတွင်း ရေရှည်ငြိမ်းချမ်းရေး အတွက် UNFC က နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည်။ |
| ၅ | ၂၇/၈/၂၀၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC နည်းပညာ အဖွဲ့ | MPC နည်းပညာ အဖွဲ့ | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးမှု အတွက် ဆွေးနွေးကြသည်။ |
| ၆ | ၈/၉/၂၀၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC | ဦးအောင်မင်း၊ ဦးခင်ရီ၊ MPC ကိုယ်စားလှယ် ၁၃ ဦး | အစိုးရ၏ အချက် ၈ ချက်ပါ လမ်းပြမြေပုံနှင့် UNFC ၏ ၆-ချက်ပါ လမ်းပြမြေပုံအပေါ်၊ အခြေခံမှု ဘောင်အပေါ် ဆွေးနွေးကြသည်။ အစိုးရက အောက်တိုဘာ တတိယ အပတ်တွင် တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေး သဘောတူညီနိုင် မည်ဟု ကြေညာသည်။ |

**UNFC အစည်းအဝေးများ**

| | | | |
|---|---|---|---|
| ၂၉/၇/၂၀၁၃ | ချင်းမိုင် ထိုင်းနိုင်ငံ | MNDAA, NBF, UWSA, NDAA | |
| ၇/၁၀/၂၀၁၃ | ချင်းမိုင် ထိုင်းနိုင်ငံ | UNFC အဖွဲ့ဝင်အားလုံး | အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲ အခြေခံမူဘောင်နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်ရေးကိစ္စ ဆွေးနွေးသည်။ |
| ၂၂/၁၁/၂၀၁၃ | ချင်းမိုင် ထိုင်းနိုင်ငံ | UNFC, RCSS, WGEC | ၁။ ဦးခင်မောင်ဆွေ (NDF)<br>၂။ ဒေါ်သန်းသန်းနု (ဒီမိုကရေစီပါတီ-မြန်မာပြည်)<br>၃။ ဦးမျိုးညွန့် (ဒီမို/ငြိမ်းချမ်းရေးပါတီ)<br>၄။ စိုင်းအိုက်ပေါင်း (SNDP)<br>၅။ ဦးဇော်အေးမောင် (RNDP)<br>၆။ စောထွန်းအောင်မြင့် (ရန်ကုန်-ကရင်ရေးရာဝန်ကြီး)<br>၇။ နိုထန်ခတ် (စစ်ကိုင်းတိုင်း ချင်းရေးရာဝန်ကြီး)<br>၈။ ဦးဖိုဇမ်း (CNP)<br>၉။ စိုင်းညွန့်လွင် (SNLD)<br>၁၀။ ဦးနေမျိုးဝေ (မတူကွဲပြား/ ငြိမ်းချမ်းခြင်းပါတီ)<br>၁၁။ နန်းခင်ထွေးမြင့် (NLD)<br>သူတို့က ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ် တပ်မတော် ကိစ္စ ဆွေးနွေးကြသည်။ အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲများအတွက် ယုံကြည်မှုတည်ဆောက်ရေး ကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။ |

**ဆွေးနွေးပွဲများ (Workshops)**

- ဇန်နဝါရီလ ၁၃-၁၅၊ ၂၀၁၄ ခုနှစ်- UNFC နှင့် NCCT တို့က ကျင်းပသည့် နိုင်ငံရေးအခြေခံမူဘောင် ဆိုင်ရာ ဆွေးနွေးပွဲ။
- ဇန်နဝါရီလ ၉-၁၁၊ ၂၀၁၄ ခုနှစ်- UNFC နှင့် NCCT တို့က ကျင်းပသည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ဆိုင်ရာ ဆွေးနွေးပွဲ။
- ဒီဇင်ဘာလ ၂-၅၊ ၂၀၁၃ ခုနှစ်- မြောက်ပိုင်း အိုင်ယာလန်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ရလဒ်ဖြစ်သော လုံခြုံ ရေးကဏ္ဍ ပြုပြင် ပြောင်းလဲမှုအပေါ် ဆွေးနွေးပွဲ
- နိုဝင်ဘာလ ၂၄၊ ၂၀၁၃ ခုနှစ်- ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ UNFC နှင့် နိုင်ငံရေးပါတီများ ဆွေးနွေးပွဲ
- အောက်တိုဘာလ ၇-၁၀၊ ၂၀၁၃ ခုနှစ်။ ချင်းမိုင်တွင် UNFC က အရေးပေါ် အစည်းအဝေး ကျင်းပသည်။
- ဇူလိုင်လ ၂၉-၃၁၊ ၂၀၁၃ ခုနှစ်- UNFC ညီလာခံ ကျင်းပသည်။
- ဇူလိုင် ၅-၇၊ ၂၀၁၃ ခုနှစ်- အာချေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှ သင်ခန်းစာများ ဆွေးနွေးပွဲ

**လမ်းပြမြေပုံများ**

နိုင်ငံရေးလုပ်ငန်းစဉ် ၆-ချက်ပါ ငြိမ်းချမ်းရေး လမ်းပြမြေပုံ (၂၇-၀၉-၂၀၁၂)။ အစိုးရ၏ ငြိမ်းချမ်းရေး လမ်းပြမြေပုံအပေါ် အခြားရွေးချယ်စရာ နောက်ထပ်နည်းလမ်းတစ်ခု ဖြစ်သည်။

၁။ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးနှင့် လူငယ်ထု အပါ အဝင် civil societies တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီး "နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်" (Framework for Political Dialogue) တွင် ပါဝင်မည့် အချက်အလက်များကို သဘောတူ ချမှတ်ရန်။

၂။ ပြည်ထောင်စုအစိုးရ ကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ စုစည်း ထားသော ကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေး၍ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The

Framework of Political Dialogue) သဘောတူညီချက် ရရှိရန်။
ထိုသို့ပြုလုပ်ရာတွင် -

(က) ဘက်နှစ်ဘက်မှ လက်ခံနိုင်သောနေရာတွင် ဆွေးနွေးရန်။

(ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေး အဖွဲ့ထားရှိရန်နှင့် သဘောတူညီချက်များကို အများပြည်သူသိရှိအောင် လွတ်လပ်သော မီဒီယာများမှ တဆင့် ပူးတွဲထုတ်ပြန်ရန်။

၃။ ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအင်အားစုများ အကြား တွေ့ဆုံဆွေးနွေးပွဲမှ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက်ရရှိပြီးမှ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သော်လည်းကောင်း၊ လူမျိုးအလိုက် သော်လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်း ညှိနှိုင်း သဘောထား ရယူသွားရန်။

၄။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် civil societies အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော တိုင်းရင်းသားလူမျိုးစုံ ညီလာခံ တစ်ခုကို ခေါ်ယူကျင်းပသွားရန်။

၅။ တိုင်းရင်းသား အင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရ လှုပ်ရှားနေကြသော နိုင်ငံရေး အင်အားစုများ၏ ကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားစု သုံးစုစလုံး လက်ခံနိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓာတ်ကို အခြေခံသော ပြည်ထောင်စုညီလာခံကြီးတစ်ရပ် ကျင်းပသွားရန်။ ထိုညီလာခံကြီးမှ ချမှတ်သော သဘောတူညီချက်များကို "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက်" (Union Accord) အဖြစ် သဘောတူ လက်မှတ်ရေးထိုးရန်။

၆။ "တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord) ကို အချိန်အတိအကျ သတ်မှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်သွားရန်။

**တောင်းဆိုချက်များ-**

**UNFC က အဓိကပြဿနာ ၄-ရပ်ကို ဆွေးနွေးရန် ၂၀၁၂ ခုနှစ်တွင် တောင်းဆိုထားသည်။**

၁။ UNFC နှင့် အစိုးရတို့ ဂျပန်နိုင်ငံတွင် နိပွန်ဖောင်ဒေးရှင်း၏ စောင့်ကြည့်ကူညီမှုအောက်တွင် ဆွေးနွေးပွဲတစ်ခု ကျင်းပနိုင်ရေး စီစဉ်ရန်။
၂။ ရခိုင်ပြည်နယ်တွင် လူအုပ်စုများ အချင်းချင်းအကြား ဖြစ်ပွားနေသည့် ပဋိပက္ခအတွက် နည်းလမ်းအဖြေရှာရန်။
၃။ UNFC ၏ အချက် ၆-ချက်ပါ ငြိမ်းချမ်းရေး လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန်။
၄။ ကချင် လွတ်မြောက်ရေး အဖွဲ့နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများ အဆုံးသတ်စေရန်။

**တရားမဝင် သဘောတူညီချက် (နိုဝင်ဘာလ ၉ ရက်၊ ၂၀၁၂ ခုနှစ်)**

၁။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်။
၂။ နိုင်ငံရေးဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်လုံးတစ်စည်းတည်း ဆွေးနွေးရန်။ ခွဲခြားဆွေးနွေးမှု မပြုရန်။
၃။ လာမည့်လတွင် ရန်ကုန်မြို့၌ တည်ထောင်ထားသော မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (Myanmar Peace Center) တွင် စီစဉ်ထားသည့် ဆွေးနွေးပွဲ၌၊ တရားဝင် ဆွေးနွေးကြသည့်အခါ အောက်ဖော်ပြပါ ခေါင်းစဉ်များ ဆွေးနွေး ရန်။ (နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံမူဘောင်၊ အချိန်ဇယား၊ နည်းပညာ ပံ့ပိုးကူညီမှုနှင့် ထောက်ပံ့ရေး ကိစ္စများ။)

**နိုင်ငံရပ်ခြား လှုပ်ရှားမှုများ**

**ဧပြီလ ၂၄ ရက်၊ ၂၀၁၂ ခုနှစ်- (ဂျပန်နိုင်ငံ၊ တိုကျိုမြို့)** - UNFC ၏ အလုပ်အမှုဆောင် အဖွဲ့ဝင် ၃ ဦးဖြစ်သော၊ ဒေါက်တာ

လဂျာ၊ ခွန်ဥက္ကာနှင့် စောဒေးဗစ် သာကပေါတို့သည် တိုကျိုသို့ သွားရောက်၍၊ ဂျပန်အစိုးရနှင့် ပြောဆိုဆွေးနွေးခဲ့ကြသည်။ UNFC ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေ၊ လက်ရှိ ပဋိပက္ခဖြေရှည်း ပြေလည်စေရေးတွင် UNFC ၏ အခန်းကဏ္ဍ၊ မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိစ္စများကို ပြောဆိုဆွေးနွေးခဲ့ကြသည်။

**စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်- (အမေရိကန်ပြည်ထောင်စု) -** KNU အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေးဗစ် သာကပေါ နှင့် UNFC တွဲဖက်အတွင်းရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ခွန်ဥက္ကာတို့ ဦးဆောင်ကြသည့်၊ UNFC နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) တို့ ပူးတွဲကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ ၎င်းခရီးစဉ်တွင် သူတို့က အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂ အရာရှိများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်- UNFC နိုင်ငံခြားရေးအဖွဲ့ဝင် စဝ် ဆွေမန် ဂရိုင်း (UNFC စစ်ဖက်ရေးရာ)၊ လအောင် နှင့် NCUB ၏ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ် ကိုမိုးချမ်းတို့ ပါဝင်ကြသည်။

**ဧပြီလ ၁-၅ ရက်၊ ၂၀၁၃ ခုနှစ်- (ဂျပန်နိုင်ငံ၊ တိုကျို) -** UNFC အဖွဲ့ဝင်များက ဂျပန်နိုင်ငံသို့ သွားရောက်၍ ဂျပန်ဝန်ကြီးချုပ် အသစ်နှင့် တွေ့ဆုံသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများထံ လူသားချင်းစာနာမှု အကူအညီအသစ်များ ပေးပါရန် ဆွေးနွေးသည်။

**မေလ ၂၀၁၃ ခုနှစ်- (UK) -** အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အန်ဘန်လ၊ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာ ဦးဆောင်၍ UNFC အဖွဲ့ဝင်များက ယူနိုက်တက် ကင်ဒမ်း နိုင်ငံသို့ သွားရောက်ခဲ့သည်။ မြောက်ပိုင်း အိုင်ယာလန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာသည်။ သူတို့နှင့်အတူ ဦးဆော်လမွန် (CNF)၊ ဦးဆော်လမွန် (လားဟူ)၊ ဘောမ်ဝန်း လာရော် (Bumwam Laraw) (KIO) နှင့် ALP မှ အဖွဲ့ဝင်တစ်ဦး လိုက်ပါခဲ့သည်။


**ထုတ်ပြန်ကြေညာချက်များ**

- ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၃ ခုနှစ်- ကချင်ပြည်နယ်အတွင်း ထိုးစစ်များနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်။
- ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- UNFC နှစ်ပတ်လည် အစည်းအဝေး ထုတ်ပြန်ကြေညာချက်။
- ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- UNFC ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန သတင်းထုတ်ပြန်ကြေညာချက်
- ဇန်နဝါရီလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်- UNFC နှင့် NCUB တို့က ကြေညာချက်များ ထုတ်ပြန်ကြသည်။ သမ္မတ ဦးသိန်းစိန်က ကချင်ပြည်နယ် ထိုးစစ်အပေါ် UNFC နှင့် NCUB တို့က ပြစ်တင် ရှုံ့ချခဲ့ကြပြီး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် နောက်ပြန်ဆုတ်သည့် ခြေလှမ်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။
- ဇူလိုင်လ ၉ ရက်၊ ၂၀၁၃ ခုနှစ်- UNFC ထုတ်ပြန်ကြေညာချက် (မြန်မာဘာသာဖြင့်)
- ဇူလိုင်လ ၁၄ ရက်၊ ၂၀၁၃ ခုနှစ်။ နည်းပညာ ပံ့ပိုးကူညီမှု အဖွဲ့များ တွေ့ဆုံမှုအပေါ် UNFC ၏ ထုတ်ပြန်ကြေညာချက်။
- ဩဂုတ် ၁ ရက်၊ ၂၀၁၃ ခုနှစ်- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး တိုင်းရင်းသားညီလာခံ နှင့် ပတ်သက်၍ UNFC ၏ ထုတ်ပြန်ကြေညာချက်။
- စက်တင်ဘာလ ၈ ရက်၊ ၂၀၁၃ ခုနှစ်- မြန်မာအစိုးရနှင့် UNFC တို့၏ ပူးတွဲကြေညာချက် (မြန်မာ/ အင်္ဂလိပ်)
- စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- UNFC နှင့် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းအဖွဲ့ (UPWC) တို့၏ ပဏာမပြင်ဆင်မှု အစည်းအဝေးအပေါ် ထုတ်ပြန်ကြေညာချက် (မြန်မာ/ အင်္ဂလိပ်)
- အောက်တိုဘာလ ၁၁ ရက်၊ ၂၀၁၃ ခုနှစ်- UNFC အရေးပေါ်ကောင်စီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်
- အောက်တိုဘာလ ၁၁ ရက်၊ ၂၀၁၃ ခုနှစ်- လိုင်ဇာ ထိပ်သီးစည်းဝေးပွဲနှင့် မြစ်ကြီးနား အစည်းအဝေးများနှင့် ပတ်သက်၍ UNFC ၏ ထုတ်ပြန်ကြေညာချက် (အင်္ဂလိပ်)

- အောက်တိုဘာလ ၁၂ ရက်၊ ၂၀၁၃ ခုနှစ်- လိုင်ဇာ ထိပ်သီးစည်းဝေးပွဲနှင့် မြစ်ကြီးနား အစည်းအဝေးများနှင့် ပတ်သက်၍ UNFC ၏ ထုတ်ပြန်ကြေညာချက် (မြန်မာ)
- နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၃ ခုနှစ်- UNFC ၏ ထုတ်ပြန်ကြေညာချက် (၅/၂၀၁၃) (အင်္ဂလိပ်)
- နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၃ ခုနှစ်- UNFC ၏ ထုတ်ပြန်ကြေညာချက် (၆/၂၀၁၃) (အင်္ဂလိပ်)
- နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၃ ခုနှစ်- UNFC နှင့် UNA တို့၏ ပူးတွဲ ထုတ်ပြန်ကြေညာချက် (မြန်မာ/ အင်္ဂလိပ်)
- နိုဝင်ဘာလ ၂၇ ရက်၊ ၂၀၁၃ ခုနှစ်- UNFC ၏ ထုတ်ပြန်ကြေညာချက် (၇/၂၀၁၃) (မြန်မာ/ အင်္ဂလိပ်)

# United Wa State Party
# ဝ ပြည် သွေးစည်းညီညွတ်ရေး ပါတီ





**နိုင်ငံရေးအဖွဲ့အစည်း-** ဝ ပြည် သွေးစည်းညီညွတ်ရေး ပါတီ (UWSP)
**လက်နက်ကိုင်တပ်ဖွဲ့-** ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)
**အစိုးရမှ ခေါ်ဆိုသည့်အမည်-** ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၂

**အကျဉ်းချုပ်**
**တည်ထောင်သည့်နေ့စွဲ-** ၁၉၈၉ ခုနှစ်။
**ဌာနချုပ်-** ပန်ခမ်း (ပန်ဆန်းဟုလည်း ခေါ်ဆိုကြသည်။)
**လှုပ်ရှားဒေသ-** ပန်ဆန်း၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန် ဒေသများ။
**ခန့်မှန်းအင်အား-** ၃၀, ၀၀၀ (အရံ ၁၀,၀၀၀)
**ခေါင်းဆောင်-** ပေါက်ယူချန်း (Bao You Xiang)

UWSP က ၂၀၀၈ ဖွဲ့စည်းပုံအရ ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝဝိုင်း၏ မြို့နယ် ၆-ခုကို စီမံအုပ်ချုပ်နေသည်။ ဤဒေသ၏ တရားဝင်အမည်ကို အမိန့်ကြေညာစာဖြင့် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာ ခဲ့သည်။ UWSP က အစိုးရ၏ နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းရန် အစိုးရ၏ တောင်းဆိုချက်ကို ၂၀၀၉ ခုနှစ်တွင် ငြင်းဆန်ခဲ့သည်။ UWSP က တရုတ်နိုင်ငံနှင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ နီးကပ်သောဆက်ဆံရေး ရှိသည်။ ထို့အပြင် တရုတ်စာကိုလည်း အဖွဲ့အစည်း၏ တရားဝင် ရုံးသုံးစာအဖြစ် အသုံးပြုနေသည်။

UWSP ၏ လက်နက်ကိုင်တပ်သည် ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ဖြစ်ပြီး၊ ခန့်မှန်းအင်အား ၃၀,၀၀၀ နှင့် အရံပြည်သူ့စစ်အင်အား ၁၀,၀၀၀ ခန့် ရှိသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်များတွင် အင်အားအကြီးဆုံးဖြစ်ပြီး၊ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေး အမ်ဖီတမင်းများ ကုန်သွယ်ရောင်းဝယ်မှုတွင် အဓိကပတ်သက်နေသည့် အဖွဲ့ဟုလည်း သတင်းများက ဆိုကြသည်။ သို့သော်လည်း UWSA ထိန်းချုပ်ရာဒေသများကို မူးယစ်ဆေးကင်းစင်ဇုန် အဖြစ် ကြေညာထားသည်။ ယင်းအဖွဲ့က အင်အားကြီးမားသည့် စီးပွားရေးကုမ္ပဏီအုပ်စု ဖြစ်သော ဟုံတာဝင်းကုမ္ပဏီကို (ယခင်က ဟုန်ပန်း အုပ်စုဟု ခေါ်သည်။) ပိုင်ဆိုင်ထားသည်။ မူလက ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) ၏ အဖွဲ့ဝင်များအဖြစ် စတင်စုစည်းခဲ့ခြင်း ဖြစ်ပြီး၊ ၁၉၈၉ ခုနှစ် ဗကပ ပြိုကွဲပြီးနောက်ပိုင်းတွင် UWSP ကို ထူထောင်ခဲ့ကြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ UWSP/UWSA က ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကို ရှမ်းပြည်နယ်အတွင်းရှိ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်း၊ နားဖန်၊ မက်မန်း၊ ပန်ဆန်း (ပန်ခမ်း) မြို့နယ်များဖြင့် ဖွဲ့စည်းထားသည်။

UWSA တပ်က ထိုင်း-မြန်မာနယ်စပ်တွင် တပ်မ ၅-ခု နှင့် တရုတ်မြန်မာနယ်စပ်တွင် တပ်မ ၃ ခု ရှိသည်။
**ထိုင်း-မြန်မာနယ်စပ်တွင်-**
၁။ ၇၇၈ တပ်မ
၂။ ၇၇၂ တပ်မ
၃။ ၇၇၅ တပ်မ
၄။ ၂၄၈ တပ်မ
၅။ ၅၁၆ တပ်မ

**တရုတ်-မြန်မာနယ်စပ်တွင်-**
၁။ ၃၁၈ တပ်မ
၂။ ၄၁၈ တပ်မ
၃။ ၄၆၈ တပ်မများ ရှိနေသည်။

**ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ-**

ဥက္ကဋ္ဌ - ပေါက်ယူချန်း
ဒု-ဥက္ကဋ္ဌ - ရှောက်မင်းလျံ (Xiao Mingliang a.k.a. Shauk Min Lyan)
စစ်ဦးစီးချုပ် - ပေါက်ယူချန်း
ဒု-ဦးစီးချုပ် - ကျောက် ကျုံးတန်း (Zhao Zhingdang)
ပြောရေးဆိုခွင့်ရှိသူ - ဦးအောင်မြင့်
ပြင်ပဆက်ဆံရေး တာဝန်ခံ - ကျောက် ကော်အန်း (Zhao Guo-ann)
ပြင်ပ ဆက်ဆံရေး ဒု-တာဝန်ခံ - ဆမ်ခွန်
တရားသူကြီးချုပ် - လီ ကျောက်ကော် (Li Zhao Guo)
ဘဏ္ဍာရေးနှင့် စီးပွားရေးတာဝန်ခံ - ပေါက်ယူလျန် (Bao You Liang)

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်**
**အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး **ပထမဦးဆုံး** သဘောတူညီသည့်အဖွဲ့ ဖြစ်သည်။
**အဆင့် ၂-** ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၁ ခုနှစ်)
**ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်-** မေလ ၉ ရက်၊ ၁၉၈၉ ခုနှစ်။

၂၀၀၉ ခုနှစ်မှစ၍ မြန်မာအစိုးရစစ်တပ်နှင့် ရံဖန်ရံခါဆိုသလို တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။ နှစ်ဖက်စလုံးမှ ထိတွေ့တိုက်ပွဲများကို တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိပေ။

**အပစ်ရပ်ပြီးနောက် တိုက်ပွဲများ ဖြစ်ပွားမှု-** မရှိပါ။

**တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့-** မသိရပါ။

**ဆက်ဆံရေး ရုံးများ**
၁။ လားရှိုး
၂။ တန့်ယန်း
၃။ ကျိုင်းတုံ
၄။ တာချီလိတ်
၅။ တောင်ကြီး
၆။ မန္တလေး
၇။ ရန်ကုန်

**ဆွေးနွေးပွဲများ**

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၆/၉/၂၀၁၁ | ကျိုင်းတုံ | ပေါက်ယူလျန်း | ဦးအောင်သောင်း | အသစ်သော ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်<br><br>အခြားအစိုးရကိုယ်စားလှယ်များ- ဦးသိန်းဇော် |
| ၂ | ၁/၁၀/၂၀၁၁ | လားရှိုး | ရှောက်မင်းလျှံ | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ<br><br>UWSP က ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။ ဆွေးနွေးသည့်အချက်များတွင်- ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်ရန်။ ဝန်ထမ်းများ ပြန်လည်ပို့ထားရန်။ အစိုးရနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး နှိမ်နင်းရေး ဆောင်ရွက်ရန်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် လုပ်ဆောင်ရန်။ စက်မှု-စီးပွားရေးဇုန်များ ထူထောင်ရန် တို့ ပါဝင်သည်။<br><br>သက်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။ |
| ၃ | ၂၆/၁၂/၂၀၁၁ | ပန်ဆန်း | ရှောက်မင်းလျှံ | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် အချက် ၆-ချက်ပါ သဘောတူညီချက်<br><br>အစိုးရအဖွဲ့ ကိုယ်စားလှယ် ဦးအောင်သောင်းက UWSP ကို လာမည့် နှစ်ဆန်းပိုင်းတွင် ဖြစ်လာနိုင်သည့် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ရန် တိုက်တွန်းသည်။ |
| ၄ | ၉/၅/၂၀၁၂ | ပန်ဆန်း | မသိရ | မသိရ | အစိုးရအရာရှိများက ရှမ်းပြည်နယ်၊ ပန်ဆန်းသို့ လာရောက်ကြပြီး၊ UWSP ခေါင်းဆောင်များနှင့် တွေ့ဆုံကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၁၇/၈/၂၀၁၂ | ဝိန်းကောင်နှင့် ပန်ဆန်း | ရှောက်မင်းလျှံ | ဒု-နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း | ဝ ဒေသသို့ ဗိုလ်ချုပ်ဇော်ဝင်း၏ တရားဝင်လာရောက်လည်ပတ်မှု ဖြစ်သည်။<br><br>ဩဂုတ်လ ၁၇ ရက်နေ့တွင် ပန်ဆန်း၌ ရှောက်မင်းလျှံ၊ ပေါက်ယူရှီ၊ ကျောက်ကျုံးတန်း (Zhao Zhongdang)၊ ပေါက်ယူလျန်း၊ အိုက်လုံး၊ ကျောက်ကော်အန်း (Zhao Guo-ang)၊ ဦးအောင်မြင့်၊ ပိုလိုင်ခမ်း၊ အခြားခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ |
| ၆ | ၆-၁၀-၂၀၁၂ | ကျိုင်းတုံ | ရှောက်မင်းလျှံ | မြန်မာ့တပ်မတော်မှ ဒု-ဗိုလ်ချုပ်မှူးကြီးစိုးဝင်း | နှစ်ဖက်စလုံးက မူးယစ်ဆေးဝါးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။ |
| ၇ | ၁၆/၁၁/၂၀၁၂ | ပန်ဆန်း | ရှောက်မင်းလျှံ | မြန်မာစစ်တပ် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုး | ချစ်ကြည်ရေးခရီးဖြစ်ပြီး၊ UWSP ၏ ဟုန်ပန်းကုမ္ပဏီ၏ စက်ရုံများသို့လည်း သွားရောက်လည်ပတ်သည်။ |
| ၈ | ၄/၁၂/၂၀၁၂ | ပန်ဆန်း | ရှောက်မင်းလျှံ | ဦးအောင်မင်း | စီးပွားရေးနှင့် ဖွံ့ဖြိုး ရေးကိစ္စများကို အဓိကထား ဆွေးနွေးကြသည်။<br><br>မုန်းမောဒေသ- အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ<br>ဦးသိန်းဇော်၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ရေးရာ ဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး သိန်းဌေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ တြိဂံတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သန်းထွန်းဦး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုး။ |
| ၉ | ၂၀/၃/၂၀၁၃ | လားရှိုး | ရှောက်ဆမ်းခွန် | ဦးအောင်မင်း | ရှမ်း-ကယား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး အစည်းအဝေး ပြင်ပတွင် တွေ့ဆုံမှု ဖြစ်သည်။<br><br>ဝ၏ သီးခြားပြည်နယ်တောင်းဆိုမှုကို ပြည်ထောင်စုလွှတ်တော်မှသာ ဆုံးဖြတ်နိုင်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | ၁၂/၇/၂၀၁၃ | ကျိုင်းတုံ | ကျောက်ကော်အန်း (ပြင်ပဆက်ဆံရေး) | UPWC | ပြဿနာကိစ္စ ဆွေးနွေးမှု သဘောတူညီချက် ၅ ချက်ရရှိ |
| ၁၁ | ၃/၉/၂၀၁၃ | ကျိုင်းတုံ | UWSA | ဦးရွှေမန်း | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။ |
| ၁၂ | ၄/၁၀/၂၀၁၃ | ပန်ဆန်း | ရှောက်မင်းလျံ | ဦးသိန်းဇော်နှင့် နယ်စပ်ရေးရာ ဝန်ကြီး ဒုဗိုလ်ချုပ်ကြီးသိန်းဌေး | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။<br>ဦးသိန်းဇော်က သန်းခေါင်စာရင်းကောက်ခံရေး၊ မှတ်ပုံတင်ကဒ်၊ ဒေသဖွံ့ဖြိုးရေး၊ ဝဒေသတွင် အစိုးရဝန်ထမ်းများ လုပ်ကိုင်ခွင့်ပြုရေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကိစ္စ အပါအဝင် အချက် ၉ ခု ကို အဆိုပြုသည်။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁။ | UNFC | | |
| ၂။ | NCCT | | |
| ၃။ | လိုင်ဇာ တိုင်းရင်းသားညီလာခံ ၁ | | |
| ၄။ | လောခီးလာ တိုင်းရင်းသား ညီလာခံ ၂ | | |
| ၅။ | စစ်မဟာမိတ် | | NDAA, MNDAA |
| ၆။ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | |
| ၇။ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈။ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉။ | မိတ်ဖက်အင်အားစုများ | | ရှမ်း-ကယား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှု တည်ဆောက်ရေး ညီလာခံ |
| ၁၀။ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | | |

## တိုးတက် ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက် နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | | | |
| ၆ | စစ်ရေး ဆက်ဆံမှု | A | | နှစ်ဖက်တပ်ဖွဲ့များအကြား နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ ဆက်လက် ဆွေးနွေးသွားရန်။ ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။ |

| | | | | |
|---|---|---|---|---|
| ၇ | လေ့လာသူများ | | | |
| **နိုင်ငံရေး** | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | |
| ၉ | တရားဝင် ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသား လွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသား အခွင့်အရေး | D | | ပို၍ တိုင်းရင်းသားအခွင့်အရေးများ ရှိသည့်၊ ပို၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာဏာရှိမည့် မြို့နယ်များ ဖြစ်စေရေး။<br><br>ဝအထူးဒေသ (၂) အတွင်း မြို့နယ်များမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံ၊ လွှတ်တော်များအတွင်း ကိုယ်စားပြုနိုင်ရေး အတွက် ဆက်လက်ဆွေးနွေးသွားရန်။ ဝ ဒေသအတွင်း သူတို့၏ ကိုယ်စားလှယ်များ လျော်ကန်စွာ ကိုယ်စား ပြုနိုင်ရန်။ |
| ၁၃ | အမျိုးသားနေ့ | | | |
| **ပြန်လည်နေရာချထားရေး** | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင် ကဒ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| **စီးပွားရေး** | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ ကုမ္ပဏီ | | ✓ | စီးပွားရေးလုပ်ငန်း။ ဟုန်ပန်း ကုမ္ပဏီ (၁၉၈၉ ခုနှစ်တွင် တည်ထောင်သည်။) သည် ဝ တို့ ပိုင်ဆိုင်သည့်ကုမ္ပဏီ ဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် သော်တာဝင်းကုမ္ပဏီ အဖြစ် အမည် ပြောင်းလဲခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ကျောက်မျက်၊ သတ္တု၊ လောင်စာဆီ၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်သွယ်ရေး လုပ်ငန်းများ၊ ရေသန့်စက်နှင့် ကုန်တိုက်များ၊ လေကြောင်းလိုင်း၊ ဟိုတယ်နှင့် ဘီယာစက်ရုံများကို လုပ်ကိုင်ဆောင်ရွက်နေသည်။ ဤအုပ်စုသည် ပန်ဆန်းတွင် အခြေပြုပြီး၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ တာချီလိတ် နှင့် မော်လမြိုင် တွင်တွင် ရုံးများဖွင့်လှစ်ထားသည်။ ပေါက်ယူချန်း၏ သားမက်၊ ဟိုချွန်တင် (Ho Chun Ting) [အိုက်ပော် ခေါ် ရှောက်ပော် ဟုလည်း သိကြသည်။] သည် ဝ လူမျိုးစီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီး၊ ရန်ကုန် အဲယားဂေး လေကြောင်းလိုင်း၏ အဓိကပိုင်ဆိုင်သူနှင့် အမှုဆောင် ဒါရိုက်တာလည်း ဖြစ်သည်။ ထို့အပြင် ဟိုတယ် အမြောက်အများ လုပ်ကိုင်နေသည့် တက်ခမ်းကုမ္ပဏီ လီမိတက်၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။<br><br>သော်တာဝင်းကုမ္ပဏီ၏ လက်ခွဲကုမ္ပဏီများအဖြစ် (၁) တက်ခမ်းကုမ္ပဏီ လီမိတက်၊ (၂) မြန်မာတကောင်း ကုမ္ပဏီ လီမိတက်၊ (၃) မိုင်းမောဂ်ကုမ္ပဏီ လီမိတက် တို့ ရှိနေသည်။ |

| | | | | |
|---|---|---|---|---|
| ၁၈ | အထူးစီးပွား/ စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | • ရေတို နှင့် ရေရှည် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရန် သဘောတူညီသည်။<br>• ဝ အထူးဒေသရှိ တိုင်းရင်းသားလူငယ်များ အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေးအတွက် ပြည်ထောင်စုအစိုးရက တိုး၍ ကူညီသွားရန်။<br>• အသိဉာဏ်နှင့် အတွေးအခေါ်များ ဖွံ့ဖြိုးစေမည့် ပညာရေးကို ဦးစားပေး ဆောင်ရွက်သွားရန်။ လူငယ်များကို သက်မွေးမှုပညာများ ဖြည့်ဆည်းသွားရန် နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။<br>• ဝအထူးဒေသအတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် ပြည်ထောင်စုအစိုးရ က ပံ့ပိုးကူညီသွားရန် သဘောတူညီသည်။ ကုသရေး၊ ကြိုတင်ကာကွယ်ရေး၊ ပညာပေးရေး လုပ်ငန်းများ အပါအဝင် ဖြစ်သည်။ |
| ၂၁ | ဖွံ့ဖြိုးရေး- ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး- အင်တာနက် | | | |
| ၂၃ | ကားလိုင်စင် ကိစ္စ | | ✓ | ကား ၄၀ စီး အခွန်လွတ်နှင့် ကားအစီး ၈၀ အတွက် လျော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| **လူမှုရေး** | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသား ဘာသာ သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| **မူးယစ်ဆေးဝါး** | | | | |
| ၂၇ | မူးယစ်ဆေး ပပျောက်စေရေး | | | |
| **သဘာဝပတ်ဝန်းကျင်** | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |
| A= ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းလက်မှတ်ရေးထိုးခြင်း။ D= တောင်းဆိုချက်၊ → = စတင်နေပြီ။ ✓ = ရရှိပြီး ဖြစ်သည်။ X = ဆုံးရှုံး မရရှိ။ | | | | |

**ထုတ်ပြန်ကြေညာချက်များ**

- ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ်- UWSP နှင့် SSPP တို့က KIO/KIA အပေါ် ထိုးစစ်ဆင်နေခြင်းကို ရပ်ဆိုင်း၍ နိုင်ငံရေး ဆွေးနွေးပွဲများ ပြုပါရန် ပူးတွဲကြေညာချက် ထုတ်ပြန်သည်။
- ဩဂုတ်လ ၂ ရက်၊ ၂၀၁၂ ခုနှစ်- SSA-S နှင့် UWSA ဝနှင့် ရှမ်းတပ်မတော် တပ်မှူးများက တောင်ပိုင်းရှမ်းပြည်နယ်တွင် "နားလည်မှုလွဲမှား၍" ဖြစ်ပေါ်ခဲ့ရသော ၎င်းတို့တပ်ဖွဲ့နှစ်ခုအကြား တင်းမာမှုများ လျော့ကျသွားပြီ ဖြစ်ကြောင်း ပြောသည်။
- ဇွန်လ ၁၆ ရက်။ ၂၀၁၁ ခုနှစ်- မြန်မာစစ်တပ်နှင့် RCSS/SSA ၊ KIA ၊ KNLA တို့အကြား ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲ များနှင့် ပတ်သက်၍ UWSA ၏ ထုတ်ပြန်ကြေညာချက်။

# အစိုးရ၏ ငြိမ်းချမ်းရေး အစီအစဉ်

**၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်။**
**သမ္မတဦးသိန်းစိန်က တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကို**
**စကားပြော ဆို ဆွေးနွေးရန် ဖိတ်ခေါ်လိုက်သည်။**
**(ကြေညာချက် အမှတ် ၁/ ၂၀၁၁)**

သမ္မတဦးသိန်းစိန်က တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေး လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခုအဖြစ် ကတိကဝတ် ပြုခဲ့ပြီး၊ လက်နက်ကိုင် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးရေး အတွက်လည်း လိုအပ်သည့် အဓိကကျသော အခြေအနေများကို သတ်မှတ်ခဲ့သည်။ ယင်းအဖွဲ့များကို နယ်ခြားစောင့်တပ် အဖြစ် အသွင်ပြောင်းရန် ယခင်က တောင်းဆိုထားမှုကိုလည်း ရပ်ဆိုင်းခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများနှင့် သဘောထားကွဲပြားနေမှုများကို ဖြေရှင်းနိုင်ရန် အမျိုးသားညီလာခံကြီး တစ်ရပ် ခေါ်ဆိုမည်ဟုလည်း ပြောကြားလာခဲ့သည်။ ထို့အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော် နှစ်ရပ် ပူးပေါင်း ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မီတီကလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် အစီအစဉ်များကို ရေးဆွဲလာခဲ့သည်။

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ**
**(၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည်။ အမိန့်အမှတ် ၁၂/၂၀၁၂)**

နောက်ဆုံးပြင်ဆင် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးကော်မီတီကို ဗဟိုကော်မီတီအဖြစ် ဖွဲ့စည်းထားပြီး၊ မူဝါဒများ ချမှတ်ပေးပါသည်။ လုပ်ငန်းကော်မီတီက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ နှင့် ယင်းချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော်ကြပါသည်။ ဗဟိုကော်မီတီ (UPCC) ကို သမ္မတဦးသိန်းစိန်က ဦးဆောင်ပြီး၊ လုပ်ငန်းကော်မီတီ (UPWC) ကို ဒု-သမ္မတ စိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ယင်းသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မီတီ မဖွဲ့စည်းမီက၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို အဖွဲ့ ၂-ခုက လုပ်ကိုင်နေကြပြီး၊ ယင်းတို့ကို ဦးအောင်မင်း နှင့် ဦးအောင်သောင်းတို့က အသီးသီး ဦးဆောင်နေကြပါသည်။ သူတို့၏လုပ်ငန်းများကို ပထဝီအနေအထားအရ ခွဲခြားထားပါသည်။ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန (MPC) ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများကို အထောက်အကူ ပေးနိုင်ရန် ဖွဲ့စည်းခဲ့ပါသည်။

**လုပ်ငန်းဆောင်တာများ -** ၂၀၁၃ ခုနှစ်တွင် အစိုးရက ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ငြိမ်းချမ်းရေး အစီအစဉ်ကို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသို့၊ တစ်နိုင်ငံလုံး သဘောတူညီမှု တစ်ခု (National accord) သို့ ဦးတည်သည့် နိုင်ငံရေး ဆွေးနွေးပွဲများဆီ ပြောင်းလဲခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) က အပစ်အခတ်ရပ်စဲရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ပေးပြီး၊ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက ပင်မဆွေးနွေးညှိနှိုင်းသူ အဖြစ်တာဝန်ယူပါသည်။ ၎င်းတို့ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) နည်းပညာ ထောက်ကူအဖွဲ့က ထောက်ကူပေးပါသည်။ ထို့အပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံ ဆွေးနွေးမှုများ ပြုပါသည်။ အစိုးရ နှင့် တိုင်းရင်းသားအုပ်စုများအကြား ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု တည်ဆောက်ရာ၌ လည်းကောင်း၊ ပြည်သူလူထုသို့ အသိပညာပေး ထိတွေ့ရာ၌ ငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် အရေးပါသည့် တာဝန်များယူရပါသည်။ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့်မူဝါဒများကို အကောင်အထည်ဖော်ရာတွင်၊ MPC၊ အစိုးရဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်း ဒေသကြီး ဝန်ကြီးချုပ်များက တာဝန်ယူ ဆောင်ရွက်ပါသည်။ လူသားချင်းစာနာမှု ပံ့ပိုးကူညီမှုလုပ်ငန်းများကို ပြည်နယ် ဝန်ကြီးချုပ်များနှင့် ပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီးများက ကြီးကြပ်ပေးပြီး၊ လိုအပ်သော ငွေကြေးကို နိုင်ငံခြား အလှူရှင်များနှင့် အဖွဲ့အစည်းများက ကူညီပေးကြသည်။ အခြား အရေးပါသည့် ဝန်ကြီးဌာနများမှာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့ ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ နှင့် MPC အဖွဲ့ကို ဦးအောင်မင်းက ဦးဆောင်ပြီး ဆွစ်ဇာလန်နှင့် ယူနိုက်တက် ကင်းဒမ်း၊ အိုင်ယာလန်၊ အမေရိကန်ပြည်ထောင်စု နိုင်ငံများသို့ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို လေ့လာရန် ၂-ပတ်ကြာ ခရီး သွားရောက်ခဲ့သည်။

**ရန်ပုံငွေများ -** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ရန်ပုံငွေ မည်မျှရသည်ကို အတိအကျ မသိနိုင်ပါ။ ကနဦးတွင် ၂၀၁၁ ခုနှစ်၌ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်စတင် လုပ်ဆောင်ချိန်တွင်၊ အစိုးရက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ဘတ်ဂျက်မှ ခွဲဝေသတ်မှတ်ပေးခြင်း မပြုခဲ့ပါ။ ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ကျပ် တစ်သန်း စတင်သတ်မှတ်ခဲ့ပြီး၊ ယင်းငွေမှာ နေပြည်တော်တွင် လွှတ်တော်ဆောက်လုပ်မည့် ရန်ပုံငွေများမှ လွှဲပြောင်းသုံးစွဲခဲ့ခြင်း ဖြစ်သည်။ မြန်မာ့ အလင်း သတင်းစာတွင် ဖော်ပြချက်အရ အစိုးရဝန်ကြီးများ၊ လွှတ်တော်နှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များက လူ သားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဦးသိန်းစိန်က မေတ္တာရပ်ခံခဲ့ သည့် ငြိမ်းချမ်းရေးကိစ္စ ပံ့ပိုးမှုအတွက် အလှူရှင်များအုပ်စု (PDSG) က ရန်ပုံငွေအတွက် အဓိကကျပါသည်။ ရန်ပုံငွေ ကို နည်းလမ်းများစွာမှ ပေးပို့ခဲ့ကြသည်။ အချို့ကို MPC မှ တဆင့်လည်းကောင်း၊ ကျန်ငွေများကို နယ်စပ်ရေးရာ ဝန်ကြီး ဌာန၊ ကျန်ဝန်ကြီးဌာနများမှ တဆင့် ထောက်ပံ့ပေးခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် သမ္မတက အစိုးရ၏ ငြိမ်းချမ်းရေး အစီအစဉ်အတွက် ကျပ်ငွေ သန်း ၇၀၀၀ ကို ၂၀၁၄ ခုနှစ်၊ အစိုးရ ရသုံးခန့်မှန်းခြေ ငွေစာရင်း (ဘတ်ဂျက်) တွင် တင်ပြတောင်းဆိုခဲ့သည်။)

| ၂၀၁၁-၁၃ | ၂၀၁၃- |
|---|---|
| *အဆင့် ၃ ဆင့် ငြိမ်းချမ်းရေး အစီအစဉ် -*<br>၁။ ပြည်နယ်အဆင့်- အပစ်အခတ် ရပ်စဲရေး၊ ဆက်ဆံရေး ရုံးများ ထူထောင်ရေး၊ လက်နက်မကိုင်ဘဲ တစ်ဦး၏ နယ်မြေတွင်းသို့ ခရီးသွားလာနိုင်ရေး။<br>၂။ ပြည်ထောင်စုအဆင့်- ယုံကြည်မှု တည်ဆောက်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ် ရေး စသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် လုပ်ကိုင်ရေး၊<br>၃။ ထာဝရ ငြိမ်းချမ်းရေးအတွက်- လွှတ်တော်၏ရှေ့မှောက်တွင် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေး ပါတီများ၊ လူထုလူတန်းစား ပေါင်းစုံ ပါဝင်စေ၍ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်း၊ | *တပ်မတော်က အဆိုပြုချက်များ -*<br>၁။ ငြိမ်းချမ်းရေး ရရှိရန် အမှန်တကယ် လိုလားဆန္ဒရှိရမည်။<br>၂။ သဘောတူညီချက်များတွင် ကတိပြုထားသည့်အတိုင်း တည်ရမည်။<br>၃။ ငြိမ်းချမ်းရေး သဘောတူညီချက်အပေါ် အခွင့်ကောင်း မယူရ။<br>၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရ။<br>၅။ လှုပ်ရှားဆောင်ရွက်မှုများသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းများ နှင့် အညီ ဖြစ်စေရမည်။<br>၆။ လှုပ်ရှားဆောင်ရွက်မှုများသည် အမျိုးသားနိုင်ငံရေး ဦးတည် ချက် ၃ ရပ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ ဖြစ်စေရမည်။<br><br>*သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်ချက်များ-*<br>၁။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၏ တောင်းဆိုချက်များကို ပူးပေါင်းဆောင်ရွက်၍ ညှိနှိုင်းသွားရန်။<br>၂။ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များကို ပြန်၍ အတည်ပြုရန်။<br>၃။ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် ရပြီး နောက်ပိုင်းတွင် နိုင်ငံရေး ဆွေးနွေးပွဲများကို ဆက်လက် လုပ်ဆောင်ရန်။<br>၄။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် (အင်အားစုအားလုံး ပူးပေါင်း ပါဝင်နိုင်ရေး) ပူးတွဲလုပ်ကိုင်ရန်။ |
| *ငြိမ်းချမ်းရေး ဖော်ဆောင်မှု အလုပ်အဖွဲ့ - အပစ်ရပ်စဲရေး လမ်းညွှန်*<br>(တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့်) ငြိမ်းချမ်းရေး သဘောတူညီမှုများ ရရှိရေးအတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မီတီသည်၊ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမည်။ ပြည်ထောင်စုအဆင့် ဗဟိုအလုပ်အမှုဆောင်ကော်မီတီသို့ ပြန်လည်တင်ပြသွားမည်။<br><br>*ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု မှ ၅ ချက် -*<br>၁။ နှစ်ဖက်စလုံးမှ အပစ်အခတ် ရပ်စဲရန်။<br>၂။ သဘောတူညီထားသည့် နယ်မြေများအတွင်းတွင်သာ တပ်များ နေထိုင်ကြရန်။<br>၃။ သတ်မှတ်ထားသော ဒေသအပြင်သို့ လက်နက်များ ယူဆောင် သွားလာခြင်းကို တားမြစ်သည်။<br>၄။ နှစ်ဖက်စလုံးက သဘောတူညီထားသည့် နေရာများတွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန်။ (လက်နက်များ ခွင့်မပြုပါ)<br>၅။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးပွဲများ ရှေ့ဆက် နိုင်ရေး အတွက်၊ အဖွဲ့အစည်းတိုင်းက တရားဝင် ကိုယ်စားလှယ်များ ရွေးချယ်ဖွဲ့စည်းသွားရန်။ ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးမှုများ အတွက် အချိန်နှင့် နေရာကို ညှိနှိုင်းသတ်မှတ်သွားရန်။ | |

| | |
|---|---|
| <u>*ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းဆွေးနွေးမှု မူ-၈ ချက် -*</u><br>၁။ ပြည်ထောင်စုအတွင်း ထာဝရလက်တွဲနေထိုင်ရန်။<br>၂။ အမျိုးသားနိုင်ငံရေးဦးတည် ချက် ၃ ရပ်ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို လက်ခံရန်။<br>၃။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင် ရွက်ရန်<br>၄။ မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရန်။<br>၅။ နိုင်ငံရေးပါတီ ဖွဲ့စည်း၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ရန်။<br>၆။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ခံ၍ လိုအပ်သည့် ပြင်ဆင်မှုများကို လွှတ်တော်မှတဆင့်၊ အများ၏ ကျေလည်မှု ဆန္ဒဖြင့် ဆောင်ရွက်သွားရန်။<br>၇။ ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်း လုံးဝ ဝင်ရောက်၍ ဖွဲ့စည်းပုံဥပဒေနှင့် အညီ နေထိုင်၊ လှုပ်ရှား၊ လုပ်ကိုင်သွားရန်။<br>၈။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လက်နက်ကိုင်တပ်ဖွဲ့ တစ်ခုတည်း ရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်။ | |

| | **အစိုးရ** | **လွှတ်တော်** | **တပ်မတော်** |
|---|---|---|---|
| ကာ/လုံ (၁၁)<br>အမျိုးသား<br>ကာကွယ်ရေးနှင့်<br>လုံခြုံရေးကောင်စီ | ၁။ သမ္မတ ဦးသိန်းစိန်<br>၂။ ဒု-သမ္မတ ဦးဉာဏ်ထွန်း<br>၃။ ဒု-သမ္မတ စိုင်းမောက်ခမ်း<br>၄။ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏ မောင်လွင် | ၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း<br>၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် | ၇။ ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်<br>၈။ ဒု-ကာချုပ် ဒု-ဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>၉။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေလွင်<br>၁၀။ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကို<br>၁၁။ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း |
| ကာ/လုံ (၁၁)<br>အမျိုးသား<br>ကာကွယ်ရေးနှင့်<br>လုံခြုံရေးကောင်စီ<br><br>မူဝါဒများ<br>ရေးဆွဲသည်။ | သမ္မတ ဦးသိန်းစိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။<br><br>၁။ ဒု-သမ္မတ ဦးဉာဏ်ထွန်း [(၁၆/၈/၁၂) တွင် ဦးတင်အောင် မြင့်ဦးကို အစားထိုးခဲ့သည်။]<br>၂။ ဒု-သမ္မတ စိုင်းမောက်ခမ်း<br>၃။ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်<br>၄။ သမ္မတရုံးညွှန်ကြားရေးမှူး ဦးမင်းဇော် | ၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း<br>၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် | ၇။ ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်<br>၈။ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကို<br>၉။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေလွင် [ဗိုလ်ချုပ်ကြီးလှမင်းကို အစားထိုးခဲ့သည်။]<br>၁၁။ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ချုပ် ကြီး သက်နိုင်ဝင်း [ဗိုလ်ချုပ်ကြီး သိန်းဌေးကို အစားထိုးခဲ့သည်။] >> |

| | | | |
|---|---|---|---|
| **UPWC (၅၂) ဦး**<br>ပြည်ထောင်စု<br>ငြိမ်းချမ်းရေး<br>လုပ်ငန်း ကော်မီတီ<br><br>မူဝါဒကို အကောင်<br>အထည်ဖော်ခြင်း | **ဥက္ကဋ္ဌ-** ဒုသမ္မတ စိုင်းမောက်ခမ်း<br>ဒု-ဥက္ကဋ္ဌ- သမ္မတရုံးဝန်ကြီး<br>ဦးအောင်မင်း<br>အတွင်းရေးမှူး - အစိုးရရုံး<br>ညွှန်ကြားရေး မှူးချုပ်<br>ဦးဇော်သန်းသင်း<br><br>ဝန်ကြီး ၈-ဦး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး<br>ဦးအုန်းမြင့်<br><br>သမ္မတရုံးဝန်ကြီး- ဦးစိုးသိန်း<br>မီးရထား ပို့ဆောင်ရေးဝန်ကြီး-<br>ဦးသန်းဌေး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဝန်ကြီး- ဦးခင်ရီ<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီး-<br>ဦးဝင်းထွန်း<br>လျှပ်စစ်စွမ်းအင် ဝန်ကြီး-<br>ဦးခင်မောင်စိုး<br>နယ်စပ်ရေးရာ ဒု-ဝန်ကြီး-<br>ဗိုလ်ချုပ် မောင်မောင်အုန်း<br>[၂၀၁၃၊ အောက်တိုဘာ ၂၈<br>တွင်၊ ဗိုလ်ချုပ် ဇော်ဝင်းကို<br>အစားထိုးသည်။]<br>တရားသူကြီးချုပ်- ဦးထွန်းထွန်းဦး<br><br>**ပြည်နယ်/တိုင်းဝန်ကြီးချုပ် ၁၀ ဦး**<br>ဦးလဂျွန်ငန်ဆိုင်း (ကချင်ပြည်<br>နယ်)၊ ဦးခင်မောင်ဦး ခေါ်<br>ဦးဘူးရယ် (ကယားပြည်နယ်)၊<br>ဦးဇော်မင်း (ကရင်ပြည်နယ်)၊<br>ဦးဟုန်ငိုင်း (ချင်းပြည်နယ်)၊<br>ဦးသာ အေး (စစ်ကိုင်းတိုင်း)၊<br>ဦးမြတ်ကို (တနင်္သာရီတိုင်း)၊<br>ဦးဉာဏ်ဝင်း (ပဲခူးတိုင်း)၊<br>ဦးအုန်းမြင့် (မွန်ပြည် နယ်)၊<br>ဦးလှမောင်တင် (ရခိုင် ပြည်နယ်)၊<br>ဦးစဝ်အောင်မြတ် (ရှမ်းပြည်နယ်)။ | **ဒု-ဥက္ကဋ္ဌ-** ဦးသိန်းဇော်<br>(လွှတ်တော်ကိုယ်စားလှယ်၊<br>ပြည်သူ့လွှတ်တော်<br>တိုင်းရင်းသား လူမျိုးများရေးရာ<br>နှင့် ပြည်တွင်းငြိမ်းချမ်းရေး<br>ကော်မီတီ ဥက္ကဋ္ဌ)<br><br>**တိုင်းရင်းသားအမတ် ၁၈-ဦး**<br><br>**ပြည်သူ့လွှတ်တော်**<br>ဒေါ်ဒွဲဘူ (ကချင်)၊ ဦးစိုးရယ်<br>(ကယား)၊ ဦးစောသိန်းအောင်<br>(ကရင်)၊ ဦးခွန်လိန်း (ချင်း)၊<br>ဒေါ်မိယဉ်ချမ်း (မွန်)၊ ဦးဘရှိန်<br>(ရခိုင်)၊ ဦးစတိဖန် (ရှမ်း)၊<br>ဦးလှထွန်း (နာဂ)၊ ဦးကျင်ဝမ်း<br>(ဝ)<br><br>**အမျိုးသားလွှတ်တော်**<br>ဦးစခုန်တိန့်ယိန်း (ကချင်)၊<br>ဦးဆန်းရယ် (ကယား)၊<br>ဦးစောထွန်း မြအောင်<br>(ကရင်)၊ ဦးပေါ်လျံလွင် (ချင်း)၊<br>ဦးစောအုန်း (မွန်)၊ ဦးအုန်းတင်<br>(ရခိုင်)၊ ဦးစိုင်းကျော် ဇောသန်း<br>(ရှမ်း)၊ ဦးမြတ်ကို (နာဂ)၊<br>ဦးစိုင်းပေါင်းနတ် (ဝ) | **ဒု-ဥက္ကဋ္ဌ-** ဒု-ကာချုပ်နှင့် ကာချုပ်<br>(ကြည်း) ဒု-ဗိုလ်ချုပ်မှူးကြီး<br>စိုးဝင်း<br><br>**စစ်တိုင်းမှူး ၁၁ ဦး**<br>ဗိုလ်မှူးချုပ် ထွန်းထွန်းနောင်<br>[ဗိုလ်ချုပ် ဇေယျာအောင်ကို<br>အစား ထိုးသည်။]<br>မြောက်ပိုင်းတိုင်း<br>ဗိုလ်ချုပ်အောင်ကျော်ဇော<br>(အရှေ့ မြောက်တိုင်း)<br>ဗိုလ်မှူချုပ် မြင့်မော်<br>[ဗိုလ်ချုပ်စိုးထွန်း ကို<br>အစားထိုးသည်။] အရှေ့ပိုင်းတိုင်း<br>ဗိုလ်မှူးချုပ်မြတ်ထွန်း<br>[ဗိုလ်မှူးချုပ် ထွန်းထွန်းနောင်ကို<br>အစားထိုးသည်။] အလယ်-<br>အရှေ့ပိုင်းတိုင်း<br>ဒု-ဗိုလ်ချုပ်သန်းထွန်းဦး၊<br>တြိဂံတိုင်း<br>ဒု-ဗိုလ်ချုပ်တင်မောင်ဝင်း၊ အရှေ့<br>တောင်တိုင်း<br>ဒု-ဗိုလ်ချုပ် ခင်မောင်ဌေး၊<br>ကမ်းရိုး တန်းတိုင်း<br>ဗိုလ်မှူးချုပ် အောင်လင်းဒွေး၊<br>[ဒုဗိုလ် ချုပ် စိုးလွင်ကို<br>အစားထိုးသည်။]<br>အနောက်မြောက်တိုင်း<br>ဒု-ဗိုလ်ချုပ် ညီညီစော၊<br>တောင်ပိုင်းတိုင်း<br>ဒု-ဗိုလ်ချုပ်စောထွန်း၊<br>[အလယ်ပိုင်း တိုင်းတွင်<br>အစားထိုးခန့်အပ်သည်။]<br>ဗိုလ်မှူးချုပ် လူအေး၊ [ဗိုလ်ချုပ်<br>စိုးသိန်းကို အစားထိုးခန့်သည်။]<br>အနောက်တောင်တိုင်း |

## မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုဌာန
## (Myanmar Peace Centre)

မြန်မာနိုင်ငံ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်ပြီး နိုင်ငံတော် သမ္မတရုံးသို့ အစီရင်ခံရသည်။

**လိပ်စာ-** အမှတ် (၁၁)၊ ရွှေလီလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ရုံးစတင်ဖွင့်လှစ်သည့်ကာလ-** ၂၀၁၂ ခုနှစ်။ နိုဝင်ဘာလလ (၃) ရက်။

**အကြီးအမှူး-** ဦးအောင်မင်း (သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး)

**လုပ်ငန်းဆောင်ရွက်သူများ-** ဦးစိုးသိန်း (သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး)၊ ဦးခင်ရီ (လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး)


ဒေါက်တာ ကျော်ရင်လှိုင် (ပညာရှင်)၊ ဦးလှမောင်ရွှေ (Myanmar Egress)၊ ဦးအောင်နိုင်ဦး (ဗဟု ဖွံ့ဖြိုးမှုအဖွဲ့)၊ ဒေါက်တာ မင်းဇော်ဦး (ပညာရှင်)၊ ဦးကျော်စိုးလှိုင်၊ ဦးတင်မောင်သန်း (မြန်မာ Egress)

MPC ၏ နည်းပညာ ထောက်ကူပြုအဖွဲ့။ ဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်း၊ ဦးကျော်စိုးလှိုင်၊ ဒေါက်တာ မင်းဇော်ဦး၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးအောင်နိုင်ဦး၊ ဦးညိုအုန်းမြင့်၊ ဒေါက်တာ အင်ဒရူး ငွန်ကျုံးလျန်၊ ဒေါက်တာနော်ရီဘက်ကာ ထင်။

မြန်မာအစိုးရသည်၊ နော်ဝေအစိုးရ ဦးဆောင်သည့် ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များအုပ်စုနှင့် သဘောတူညီချက် တစ်စိတ်တစ်ပိုင်းအဖြစ်၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တို့ကို အထောက်အကူပြုရန် တည်ထောင်ထားခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုလိုသည့် အလှူရှင် အစိုးရများနှင့် နိုင်ငံတကာ အဲန်ဂျီအို (NGOs) များအတွက် ကနဦး လုပ်ငန်းစဉ်များနှင့် တစ်ထိုင်တည်းဝန်ဆောင်မှုပေးရေး ဌာန (one stop service) တစ်ခုအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့အပြင် ၎င်းသည် အစိုးရတာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အလှူရှင်များ၊ NGOsများ တွေ့ဆုံရန်၊ ညှိနှိုင်းရန်တို့အတွက် စင်မြင့်ပလက်ဖောင်း တစ်ခုသဖွယ် တာဝန်ထမ်းဆောင်သည်။

MPC ကို မူလက ဦးဝိစာရလမ်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော် အမှန်တွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှသာ ဖွင့်လှစ်နိုင်ခြင်း ဖြစ်သည်။ ဥရောပသမဂ္ဂ (EU) က (ငြိမ်းချမ်းရေး အတွက် ပံ့ပိုးပေးရေး အလှူရှင်အုပ်စုဝင်တစ်ဦးအဖြစ်) ကနဦးရန်ပုံငွေ ယူရို ၇၀၀,၀၀၀ ဖြင့် စတင်ခဲ့ပြီး၊ မြန်မာအစိုးရက အိမ်လေးလုံးကို ရုံးဖွင့်ရန် ပေးခဲ့သည်။ ဖွင့်ပွဲ အခမ်းအနားသို့ ဥရောပသမဂ္ဂ ဥက္ကဋ္ဌ Barroso တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ဂျပန်အစိုးရထံမှ အမေရိကန်ဒေါ်လာ ၁.၂ သန်းကို ရုံးလည်ပတ်စားရိတ်အတွက် ထပ်မံရရှိသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် လွှတ်တော်မှ ငြိမ်းချမ်းရေးရန်ပုံငွေအဖြစ်၊ ကျပ်သန်း ၁,၀၀၀ ကို တောင်းခံခဲ့သည်။ MPC က ကျပ်သန်း ၁၀၀ ကို ကြိုတင်သုံးစွဲပြီး ဖြစ်သည်။

**မျှော်မြင်ချက်**
မြန်မာငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန (MPC) သည် မြန်မာပြည်၏ မတူ ကွဲပြားခြားနားသော လူမျိုးစုံ ပါဝင်နိုင်သည့် ငြိမ်းချမ်းသော နိုင်ငံတော်ပေါ်ပေါက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။




*MPC diagram အမ်ပီစီ ဖွဲ့ စည်းပုံ ဒိုင်ယာဂရမ်*

**လုပ်ငန်းတာဝန်**
မြန်မာနိုင်ငံသားအားလုံး ကောင်းမွန်သော အကျိုးခံစားခွင့် ရရှိစေရန်အတွက် အလုံးစုံသော နိုင်ငံရေးပြေလည်မှု ရရှိရန် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖော်ဆောင်ပေးနိုင်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန (MPC) သည် မူဝါဒ အကြံပေးခြင်း၊ မဟာဗျူဟာအဆင့် လမ်းညွှန်မှု ပေးခြင်း အပြင် အဓိကကျသော နယ်ပယ် ၅- ခုတွင် အစိုးရ၏ လုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသော တာဝန်များကို ဆောင်ရွက်သည်။

(၁) အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း။
(၂) ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် နိုင်ငံရေးဆွေးနွေး စကားပြောဆိုမှု။
(၃) ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အထောက်အကူပေးခြင်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း။
(၄) ပေါင်းကူး နှင့် လူထုဆက်ဆံရေး။
(၅) မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှုများ

**အဆင့် ၁-** နိုဝင်ဘာ ၂၀၁၂ - ဖေဖော်ဝါရီ ၂၀၁၃ ခုနှစ်

**အသေးစိတ် ရည်မှန်းချက် ၁-** အပစ်ရပ် သဘောတူညီချက် ခိုင်မာစေရန် ထိရောက်သော စောင့်ကြည့်လေ့လာမှုနှင့် စတင်အကောင်ဖော်ခြင်း
**အသေးစိတ် ရည်မှန်းချက် ၂-** နိုင်ငံရေး စကားပြောဆို ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန်အတွက် အစီအစဉ်များ ဖြစ်ပေါ် တိုးတက်လာစေရန် ကျယ်ပြန့်သည့် အရေးပါသော သက်ဆိုင်သူအားလုံးနှင့် ဆွေးနွေးအကြံရယူခြင်း
**အသေးစိတ် ရည်မှန်းချက် ၃-** ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များသည်၊ အပစ်ရပ် သဘောတူညီချက်ပေါ်တွင် ယုံကြည်မှု တိုးတက်လာစေပြီး၊ ရေရှည် နိုင်ငံရေးလုပ်ငန်းစဉ်အတွက်ပါ ယုံကြည်မှု တည်ဆောက်ပေးသည်။
**အသေးစိတ် ရည်မှန်းချက် ၄-** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူလူထု အကျယ်အပြန့် နားလည်သဘောပေါက်လာစေရန် တည်ဆောက်ပေးသည်။
မြန်မာနိုင်ငံ မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှု စင်တာ(MMAC) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောက်တွင် လုပ်ငန်းကို အားဖြည့်ပေးရန်၊ တိကျသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပြီး၊ လူသားချင်းစာနာမှု အခြေခံအောက်တွင် မြေမြှုပ်မိုင်း တူးဖော်ရေး အထူးစီမံကိန်းကဲ့သို့ တိကျသောစီမံကိန်းများ လုပ်ဆောင်သည်။

**အဆင့် ၂-** မတ် ၂၀၁၃ မှ ဩဂုတ် ၂၀၁၄ ခုနှစ်အထိ

# Nationwide Ceasefire Coordination Team (NCCT)
# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့

**အကျဉ်းချုပ်**
**တည်ထောင်သည့် ရက်စွဲ-** နိုဝင်ဘာလ ၂ ရက်၊ ၂၀၁၃ ခုနှစ်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ကျင်းပသည့် လိုင်ဇာညီလာခံတွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပြီး၊ NCCT သည် အဖွဲ့ဝင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက၊ အစိုးရ၏ ငြိမ်းချမ်းရေး ဆွေးနွေးမည့်အဖွဲ့ နှင့် တွေ့ဆုံသည့်အခါ ကိုယ်စားပြုမည် ဖြစ်သည်။ NCCT သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်သည်အထိ ယာယီ ဖြစ်သည်။ ထိုအခါ ယင်းကို နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲရေးနှင့် တွေ့ဆုံဆွေးနွေးရေး ကော်မီတီဖြင့် အစားထိုးမည် ဖြစ်သည်။ အဓိက အားဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၄ ခုမှ ထောက်ပံ့ထားသော ရန်ပုံငွေဖြင့်၊ နိုပွန်ဖောင်ဒေးရှင်းမှ အခြားအထွေထွေ ထောက်ပံ့ပေးမှုများဖြင့် လည်ပတ်ဆောင်ရွက်နေသည်။ (ဥပမာ- အစည်းအဝေး ကျင်းပရန် နေရာငှားပေးခြင်းမျိုး ဖြစ်သည်) ချင်းမိုင် အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်ရှိ အယ်လ်ပိုင်း ဂေါက်ရိုက်အပန်းဖြေစခန်းတွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ က ကျင်းပခဲ့သည်။

သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်က လိုင်ဇာတွင် ပြုလုပ်သော NCCT ၏ အစည်းအဝေး တက်ရောက်သော်လည်း အချက် ၁၁ ချက်ပါ ဘုံရပ်တည်ချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပေ။ အကြောင်းမှာ ၎င်းက ရှမ်းပြည်နယ် ညီညွတ်ရေး ကော်မီတီထံ ပြန်လည်ညှိနှိုင်း အတည်ပြုချက် ရယူရန်လိုအပ်သောကြောင့် ဖြစ်သည်။ UWSA နှင့် NDAA ကို အစည်း အဝေးသို့ ဖိတ်ကြားခဲ့သော်လည်း၊ တက်ရောက်လာခြင်း မရှိပေ။

**အဖွဲ့ဝင် အဖွဲ့အစည်းများ**

၁။ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)
၂။ ရခိုင် အမျိုးသားကောင်စီ (ANC)
၃။ ရခိုင် တပ်မတော် (AA)
၄။ ချင်းအမျိုးသား တပ်ဦး (CNF)
၅။ ကရင်အမျိုးသား အကျိုးပြု ဒီမိုကရေစီ တပ်မတော် (DKBA)
၆။ ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO)
၇။ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP)
၈။ ကရင် အမျိုးသား အစည်းအရုံး (KNU)
၉။ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီ
၁၀။ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU)
၁၁။ မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA)
၁၂။ မွန်ပြည်သစ်ပါတီ (NMSP)
၁၃။ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ (PNLO)
၁၄။ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)
၁၅။ သျှမ်းပြည် တိုးတက်ရေးပါတီ (SSPP)
၁၆။ ဝအမျိုးသား အဖွဲ့ (WNO)
* RCSS က လက်မှတ်ရေးထိုးခြင်း မရှိပါ။

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်များ**

| စဉ် | အမည် | တာဝန် | မိခင် အဖွဲ့အစည်း |
|---|---|---|---|
| ၁ | နိုင်ဟံသာ (နိုင်ဟောင်းဆာ) | အဖွဲ့ခေါင်းဆောင် | NMSP |
| ၂ | ဖဒို ကွယ်ထူးဝင်း | ဒု-ခေါင်းဆောင် ၁ | KNU အထွေထွေအတွင်းရေးမှူး |
| ၃ | ဗိုလ်ချုပ်ဂွမ်မော် | ဒု-ခေါင်းဆောင် ၂ | KIO ဒု ဦးစီးချုပ် |
| ၄ | ဒု-ဗိုလ်မှူးကြီး ကျော်ဟန် | အဖွဲ့ဝင် | AA |
| ၅ | ဒေါ် စောမြရာဇာလင်း | အဖွဲ့ဝင် | ALP CEC အဖွဲ့ဝင် |
| ၆ | ဦးထွန်းဇော် | အဖွဲ့ဝင် | ANC အထွေထွေ အတွင်းရေးမှူး |
| ၇ | ဒေါက်တာ ဆလိုင်းလျှံမှုန်း ဆာခေါင်း | အဖွဲ့ဝင် | CNF သဘာပတိအဖွဲ့ |
| ၈ | ဗိုလ်မှူးကြီး စောလှံ့လုံ | အဖွဲ့ဝင် | DKBA |
| ၉ | ရွှေမျိုးသန့် | အဖွဲ့ဝင် | KNPP အတွင်းရေးမှူး -၂ |
| ၁၀ | ဗိုလ်ချုပ် ဒေါက်တာတင်မိုးသီ လက်လန်း | အဖွဲ့ဝင် | KPC နိုင်ငံခြားဆက်ဆံရေး |
| ၁၁ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | အဖွဲ့ဝင် | PNLO နာယက |
| ၁၂ | စိုင်းဘထွန်း | အဖွဲ့ဝင် | SSPP, CEC အဖွဲ့ဝင် |
| ၁၃ | တာအိုက်ညွှန့် | အဖွဲ့ဝင် | WNO အတွင်းရေးမှူးချုပ် |

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အစည်းအဝေးများ**

**အဓိက အစည်းအဝေးများ-** လိုင်ဇာ ညီလာခံ (အောက်တိုဘာ ၃၀-နိုဝင်ဘာ ၂၊ ၂၀၁၃ ခုနှစ်)
လောခီးလာ ညီလာခံ (ဇန်နဝါရီလ ၂၀-၂၅၊ ၂၀၁၄ ခုနှစ်)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉-၁၁ တွင် ချင်းမိုင်၌ NCCT က ၃ ရက်ကြာ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃-၁၅ တွင် NCCT က နိုင်ငံရေး အခြေခံမူဘောင် ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် မြန်မာ အစိုးရ အစည်းအဝေးများ**

| စဉ် | နေ့စွဲ | နေရာ | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များ | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အကြောင်းအရာ |
|---|---|---|---|---|---|
| ၁ | ၄-၅/၁၁/၁၃ | မြစ်ကြီးနား | အဖွဲ့ ၁၈ ခုမှ ကိုယ်စားလှယ်များ | ဦးအောင်မင်း ဦးသိန်းဇော် | အစိုးရက တစ်နိုင်ငံလုံးအပစ်ရပ် သဘောတူညီချက် တတိယ မူကြမ်းကို တင်ပြသည်။ |
| ၂ | ၂၆/၁၁/၁၃ | ချင်းမိုင် | NCCT | | အစိုးရက တင်ပြသည့် တစ်နိုင်ငံလုံးအပစ်ရပ် သဘောတူညီချက် တတိယ မူကြမ်း၊ လိုင်ဇာသဘော တူညီချက်တို့ကို သုံးသပ်ဆွေးနွေး ကြသည်။ ဖက်ဒရယ် တပ်မတော် ကိစ္စ |
| ၃ | ၁၅/၁၂/၁၃ | ရန်ကုန် | NCCT | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၂၉/၁၂/၁၃ | ချင်းမိုင် | NCCT | ဦးအောင်မင်းနှင့် MPC နည်းပညာ အဖွဲ့ | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။<br><br>တစ်နိုင်ငံ လုံးအပစ်ရပ် သဘော တူညီချက် တစ်မူတည်း ဖြစ်စေရေး ဆွေးနွေးကြသည်။ |
| ၅ | ၁၈/၁/၁၄ | | NCCT | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ |

**ထုတ်ပြန်ကြေညာချက်များ**

၁။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်။ NCCT က လောခီးလာညီလာခံ ထုတ်ပြန်ကြေညာချက် ပြုသည်။

၂။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ အချက် ၁၁ ချက် ပါ ဘုံရပ်တည်ချက်

# နောက်ဆက်တွဲ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၅/၁/၁၃ | နေပြည်တော် | KNU | ချစ်ကြည်ရေး | ဗိုလ်ချုပ်မူတူးစေးဖိုး | ဒု-သမ္မတ စိုင်းမောက်ခမ်း | |
| ၂ | ၅/၁/၁၃ | နေပြည်တော် | KNU | ပြည်ထောင်စု အဆင့် | ဗိုလ်ချုပ်မူတူးစေးဖိုး | သမ္မတဦးသိန်းစိန် | |
| ၃ | ၆/၁/၁၃ | ဘုရင့်နောင် ရိပ်သာ နေပြည်တော် | KNU | ပြည်ထောင်စု အဆင့် | ဗိုလ်ချုပ်မူတူးစေးဖိုး | တပ်မတော်ကာချုပ် ဒု-ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | |
| ၄ | ၉/၁/၁၃ | နေပြည်တော် | KNU | ကျင့်ဝတ်ဆိုင်ရာ | ဗိုလ်ချုပ်မူတူးစေးဖိုး | တပ်မတော်ကာချုပ် ဒု-ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | |
| ၅ | ၂၂/၁/၁၃ | မြဝတီ၊ ကရင်ပြည်နယ် | DKBA | ပြည်ထောင်စု အဆင့် | ဗိုလ်ချုပ်စောလားပွယ် | ဦးအောင်မင်း၊ ဗိုလ်ချုပ် မောင်မောင်အုန်း | |
| ၆ | ၄/၂/၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | KIO | ပြင်ဆင်ညှိနှိုင်းရေး | ဦးဆွမ်လွတ်ဂမ် | ဦးအောင်မင်း | တရုတ်သံ အမတ်၊ KNU, RCSS, EBO & ENC ကိုယ်စားလှယ်များ |
| ၇ | ၁၃/၂/၁၃ | နေပြည်တော် | အဖွဲ့စုံ | ချစ်ကြည်ရေး | KNU, RCSS, SSPP, KPC, PNLO, NMSP, CNF, DKBA, NSCN-K | သမ္မတဦးသိန်းစိန် | |
| ၈ | ၁၉/၂/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | RCSS | အလွတ်သဘော တွေ့ဆုံမှု | ယွတ်ဆတ် | ဦးအောင်မင်း | |
| ၉ | ၂၀/၂/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC | ပဏာမအကြို | နိုင်ဟံသာ | ဦးအောင်မင်း | Yohei Sasakawa |
| ၁၀ | ၂၁/၂/၁၃ | မြဝတီ၊ ကရင်ပြည်နယ် | KNU | အလွတ်သဘော တွေ့ဆုံမှု | ဗိုလ်ချုပ်မူတူးစေးဖိုး | ဒု-သမ္မတ စိုင်းမောက် ခမ်း | |
| ၁၁ | ၂၁/၂/၁၃ | လားရှိုး ရှမ်းပြည်နယ် | SSPP | ပြဿနာကိစ္စ | SSPP ငြိမ်းချမ်းရေး တည်ဆောက်မှု အလုပ်အဖွဲ့ဝင် ဗိုလ်မှူးနော်လိတ် နှင့် လားရှိုး ဆက်ဆံရေးရုံးမှ အရာရှိများ | အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး | |
| ၁၂ | ၁၁/၃/၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | KIO | ပဏာမအကြို | ဦးဆွမ်လွတ်ဂမ် နှင့် KIA ဒု-ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော် | ဦးအောင်မင်းနှင့် ဒုဗိုလ်ချုပ်ကြီး မြင့်စိုး | KNU, PNLO, RCSS, NDAA, NMSP ခေါင်း ဆောင်များနှင့် တရုတ်သံ ၃ ဦး၊ PCG မှ ကိုယ်စားလှယ် ၄ ဦး။ |
| ၁၃ | ၂၀/၃/၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | UWSA | အစည်းအဝေး ပြင်ပတွင် တွေ့ဆုံ | ရှောက်ဆမ်းခွန် (Xiao Hsarm Khun) | ဦးအောင်မင်း | |
| ၁၄ | ၂၃/၃/၁၃ | MPC ရန်ကုန် | PNLO | ပြည်ထောင်စု အဆင့် (သဘောတူညီချက်ရ) | ခွန်ဥက္ကာ | ဦးအောင်မင်း | လူငယ်၊ အမျိုးသမီးနှင့် အလုပ်သမား ရေးရာ ကိုယ်စားလှယ်များ ပါဝင် |
| ၁၅ | ၂၈/၃/၁၃ | ဖားအံ၊ ကရင်ပြည်နယ် | KNU | အလွတ်သဘော တွေ့ဆုံမှု | KNU ခေါင်းဆောင်များ | ဦးအောင်မင်း | |
| ၁၆ | ၃/၄/၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | SSPP | ပြဿနာကိစ္စ | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးခင်မောင်စိုး (လျှပ်စစ်စွမ်းအား ၂ ဝန်ကြီး)၊ ဦးဝင်းမြင့် (ကုန်သွယ်/ စီးပွား) ဝန်ကြီး၊ မြန်မာ့တပ်မတော် အဆင့်မြင့် ခေါင်းဆောင်များ | |
| ၁၇ | ၄/၅/၁၃ | ဖားအံ | DKBA | ပြဿနာကိစ္စ | ဗိုလ်မှူး မောင်လေး | ကရင်ပြည်နယ် နယ်စပ်ရေးရာ နှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင် | |
| ၁၈ | ၆/၅/၁၃ | နေပြည်တော် | DKBA | ပြဿနာကိစ္စ | ဗိုလ်မှူး မောင်လေး | ဦးအောင်မင်း | |
| ၁၉ | ၉/၅/၁၃ | မိုင်းလား | NDAA | ပဏာမပြင်ဆင်မှု | ခေါင်းဆောင်များ | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်း ကော်မီတီ ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော် | သန်းခေါင်စာရင်း ကိစ္စ |
| ၂၀ | ၁၀/၅/၁၃ | ပန်ဆန်း | UWSA | ပဏာမပြင်ဆင်မှု | ရှောင်မင်းလျှံ (Xao Min Liang) နှင့် ပေါက်ယိုယီ (Pao Yo Yi) | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်း ကော်မီတီ ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော် | သန်းခေါင်စာရင်း ကိစ္စ |
| ၂၁ | ၁၁/၅/၁၃ | ဆုံဆည်းမြိုင်၊ မြဝတီ၊ ကရင်ပြည်နယ် | DKBA | ပဏာမပြင်ဆင်မှု | ဗိုလ်ချုပ်စောလားပွယ် | MPC မှ ဒေါက်တာမင်းဇော်ဦး နှင့် ဦးအောင်နိုင်ဦး | |
| ၂၂ | ၁၁/၅/၁၃ | တန့်ယန်းမြို့ ရှမ်းပြည်နယ် | SSPP | ပြဿနာကိစ္စ | စဝ်ခေးတိုင်း | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်း ကော်မီတီ ဒု-ဥက္ကဋ္ဌ ဦးသိန်းဇော် | ရှမ်းလွှတ်တော် အမတ် ၂ ဦး |
| ၂၃ | ၁၃/၅/၁၃ | MPC ရန်ကုန် | RCSS | ပြဿနာကိစ္စ | ဗိုလ်မှူး စိုင်းလောင်ဆိုင်း | ဦးအောင်မင်း | |
| ၂၄ | ၁၈/၅/၁၃ | RCSS | RCSS | ပဏာမပြင်ဆင်မှု | ဗိုလ်မှူး စိုင်းလောင်ဆိုင်း နှင့် ဗိုလ်မှူးစိုင်းမြင့် | ဦးအောင်မင်း | |
| ၂၅ | ၂၁/၅/၁၃ | MPC ရန်ကုန် | ABSDF | အလွတ်သဘော တွေ့ဆုံမှု | ကျော်ကိုနှင့် ဆန်နီ မဟိန္ဒာ | ဦးအောင်မင်း | |
| ၂၆ | ၂၈/၅/၁၃ | မြစ်ကြီးနား၊ ကချင်ပြည်နယ် | KIO | ပဏာမပြင်ဆင်မှု (သဘောတူညီချက်) | ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ် ဂွမ်မော် | ဦးအောင်မင်း၊ ဒုဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် ဝန်ကြီးများ (ကိုယ်စားလှယ် ၄၄ ဦး) | ကုလသမဂ္ဂမှ ဗိဂျေးနမ်ဘီးယား၊ တရုတ်သံရုံးမှ Lu Zhi ၊ PCG ကိုယ်စားလှယ်များ၊ တိုင်းရင်း သား ၉ ဖွဲ့ မှ ကိုယ်စားလှယ်များ |
| ၂၇ | ၁၀/၆/၁၃ | နေပြည်တော် | RCSS | ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မီတီ | ဗိုလ်ချုပ်ကြီးယွတ်စစ် | သမ္မတဦးသိန်းစိန် | ဦးခွန်ဆိုင်း |
| ၂၈ | ၁၄/၆/၁၃ | ရန်ကုန် | RCSS | အလွတ်သဘော တွေ့ဆုံမှု | ဗိုလ်ချုပ်ကြီးယွတ်စစ် | MPC | |
| ၂၉ | ၁၅/၆/၁၃ | ရန်ကုန် | KNU | ကျင့်ဝတ်ဆိုင်ရာ | ဖဒိုစောတာဒိုမူး နှင့် ဖဒို စောလှထွန်း | MPC မှ အရာရှိများ | |
| ၃၀ | ၂၀/၆/၁၃ | လွိုင်ကော် | KNPP | ပြည်ထောင်စုအဆင့် (သဘောတူညီမှု) | ခူးဦးရယ်၊ ဘီထူး | ဦးအောင်မင်း၊ ဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် (ကစထ-၂) နှင့် ကိုယ် စားလှယ် ၁၈ ဦး | US သံရုံးဝန်ထမ်း များ |
| ၃၁ | ၁၂/၇/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ABSDF | ပဏာမပြင်ဆင်မှု | ABSDF နည်းပညာ အထောက်အကူပြုအဖွဲ့ | MPC နည်းပညာပိုင်း အဖွဲ့ | |
| ၃၂ | ၁၂/၇/၁၃ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် | UWSA | ပြဿနာကိစ္စ | ကျောက်ကန်း (Zhou Guang) | ဦးသိန်းဇော် | |
| ၃၃ | ၁၃/၇/၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | SSPP | အလွတ်သဘော တွေ့ဆုံမှု | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးသိန်းဇော် | |
| ၃၄ | ၁၃/၇/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC | အကြိုတွေ့ဆုံမှု | UNFC ၏ နည်းပညာ အထောက်အကူပြု အဖွဲ့ | MPC နည်းပညာ အထောက်အကူပြု အဖွဲ့ | |
| ၃၅ | ၃၁/၇/၁၃ | မူဆယ်၊ ရှမ်းပြည်နယ် | TNLA | အကြိုတွေ့ဆုံမှု | ဒု-ဗိုလ်မှူးကြီး တာဘုန်း ကျော် | ဦးအောင်မင်း | SSPP, NMSP, KIA, ပလောင်လူငယ်များနှင့် ရပ်မိရပ်ဖများ |
| ၃၆ | ၄/၈/၁၃ | မော်လမြိုင်၊ မွန်ပြည်နယ် | NMSP | အလွတ်သဘော တွေ့ဆုံမှု | နိုင်တလညီ၊ နိုင်ကြည်ဆန်း နှင့် နိုင်အမ်စိုက်ချမ်း | ဦးလှမောင်ရွှေ၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးအောင်နိုင်ဦး၊ ဦးညိုအုန်းမြင့် | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ ရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။ |
| ၃၇ | ၅/၈/၁၃ | MPC ရန်ကုန် | ABSDF | ပြည်နယ်အဆင့် (သဘောတူညီမှု) | သံခဲ | ကရင်ပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင် | ၈၈-မျိုးဆက် ကျောင်းသားများ အဖွဲ့မှ ကိုမင်းကို နိုင်နှင့် ကိုမြအေး၊ နီပွန်ဖောင်ဒေးရှင်း နှင့် Centre for Peace and Conflict Studies မှ လေ့လာသူများ |

နောက်ဆက်တွဲ ၂ - အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ၂၀၁၃ တွင် တွေ့ဆုံမှု စုစုပေါင်း (စာမျက်နှာ ၁)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၈ | ၁၀/၈/၁၃ | MPC ရန်ကုန် | ABSDF | ပြည်ထောင်စုအဆင့် (သဘောတူညီမှု) | သံခဲ | ဦးအောင်မင်း နှင့် ဦးသိန်းဇော် | UNA ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ၊ မြန်မာအမျိုး သားကွန်ဂရက်ပါတီ၊ ၈၈-မျိုးဆက်မှ ခေါင်းဆောင်များ၊ နိပ္ပန်ဖောင်ဒေးရှင်း နှင့် Centre for Peace and Conflict Studies မှ လေ့လာသူများ |
| ၃၉ | ၁၅/၈/၁၃ | MPC ရန်ကုန် | RCSS | အလွတ်သဘော ဆွေးနွေးမှု | ဗိုလ်မှူး လောဂ်ဆိုင်း | MPC မှ ဦးလှမောင်ရွှေ၊ ဦးအောင်နိုင်ဦး နှင့် ဒေါက်တာမင်းဇော်ဦး | |
| ၄၀ | ၁၆/၈/၁၃ | MPC ရန်ကုန် | KNPP | အလွတ်သဘော ဆွေးနွေးမှု | KNPP အတွင်းရေးမှူး-၂ ရွှေမျိုးသန့် | MPC မှ ဦးလှမောင်ရွှေ | |
| ၄၁ | ၁၆/၈/၁၃ | MPC ရန်ကုန် | NSCN-K | အလွတ်သဘော ဆွေးနွေးမှု | NSCN-K မှ ကိုယ်စား လှယ် ၄ ဦး | ဦးအောင်မင်း | |
| ၄၂ | ၁၈/၈/၁၃ | ဖားအံ | အဖွဲ့စုံ | ပြဿနာကိစ္စ | KNU မှ ဗိုလ်ချုပ် စောဂျော်နီနှင့် BGF မှ ဗိုလ်မှူးချုပ် စောထွန်းလှိုင် | | |
| ၄၃ | ၂၃/၈/၁၃ | ရန်ကုန် | RCSS, KNU | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး | RCSS, KNU | MPC | |
| ၄၄ | ၂၇/၈/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး | UNFC နည်းပညာအဖွဲ့ | MPC နည်းပညာအဖွဲ့ | |
| ၄၅ | ၃၁/၈/၁၃ | နေပြည်တော် | အဖွဲ့စုံ KNU, RCSS | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး | KNU, RCSS and CNF ကိုယ်စားလှယ်များ | ဒု-သမ္မတ စိုင်းမောက်ခမ်း နှင့် ဒု- ဗိုလ်ချုပ်မှူးကြီး စိုးဝင်း | အလွတ်သဘော ဆွေးနွေးပွဲ |
| ၄၆ | ၂/၉/၁၃ | တောင်ကြီး | RCSS | ချစ်ကြည်ရေး | RCSS, PNLO | ဦးရွှေမန်း၊ ဦးသိန်းဇော် နှင့် ဦးအောင်သန်းထွဋ် | |
| ၄၇ | ၃/၉/၁၃ | ကျိုင်းတုံ | UWSA | ချစ်ကြည်ရေး | UWSA, NDAA | ဦးရွှေမန်း၊ ဦးသိန်းဇော် | |
| ၄၈ | ၆/၉/၁၃ | လားရှိုး | SSPP | ချစ်ကြည်ရေး | SSPP | ဦးရွှေမန်း၊ ဦးသိန်းဇော် | |
| ၄၉ | ၇/၉/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | RCSS, KNU, WGEC | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး | RCSS, KNU | ဦးအောင်မင်း၊ ဦးခင်ရီ နှင့် MPC အရာရှိများ | |
| ၅၀ | ၈/၉/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | UNFC | ပဏာမအကြို ဆွေးနွေးပွဲ | UNFC | ဦးအောင်မင်း၊ ဦးခင်ရီ | UNA, ABSDF, PNLO, နိပ္ပန်ဖောင် ဒေးရှင်း |
| ၅၁ | ၉/၉/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ALP | အလွတ်သဘော ဆွေးနွေးပွဲ | ဦးခိုင်စိုးနိုင်အောင် | ဦးအောင်မင်း၊ ဦးခင်ရီ | |
| ၅၂ | ၁၁/၉/၁၃ | ရန်ကုန် | KNU, RCSS | တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး | ဖဒိုကွယ်ထူးဝင်း၊ ဗိုလ်မှူးစိုင်းလောဂ်ဆိုင်း | ဦးအောင်မင်း နှင့် MPC အရာရှိများ | |
| ၅၃ | ၁၆/၉/၁၃ | မြစ်ကြီးနား | KIO | အလွတ်သဘော ဆွေးနွေးမှု | KIO နည်းပညာအဖွဲ့ | MPC နည်းပညာအဖွဲ့ | |
| ၅၄ | ၂၀/၉/၁၃ | တောင်ကြီး | RCSS, SSPP, PNLO | အစည်းအဝေးပြင်ပ တွေ့ဆုံမှု | RCSS, SSPP, PNLO | ဦးအောင်မင်း | ရှမ်း၊ ကယား၊ မွန် ယုံကြည်မှု တည်ဆောက်ရေး ဆွေးနွေးပွဲ တက်ရောက်စဉ် တွေ့ဆုံကြသည်။ |
| ၅၅ | ၂၈/၉/၁၃ | နေပြည်တော် | KNU | အလွတ်သဘော ဆွေးနွေးမှု | ဗိုလ်ချုပ် မူတူးစေးဖိုး | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် MPC | |
| ၅၆ | ၂/၁၀/၁၃ | မြစ်ကြီးနား | KIO | ကြိုတင်ပြင်ဆင်မှု | KIO နည်းပညာအဖွဲ့ | ဦးအောင်မင်း နှင့် MPC အရာရှိများ | |
| ၅၇ | ၄/၁၀/၁၃ | ပန်ဆန်း | UWSA, NDAA | အလွတ်သဘော ဆွေးနွေးမှု | ရှောက်မင်းလျှံနှင့် အခြား ခေါင်းဆောင် ၄၀ ဦး | ဦးသိန်းဇော် (MP)၊ ဗိုလ်ချုပ်သက်နိုင်ဝင်း (ဝန်ကြီး နယ်စပ်ရေးရာ)၊ ဗိုလ်ချုပ် အောင်စိုး (အရှေ့ မြောက်တိုင်း စစ်ဌာနချုပ်)၊ စဂ်အောင်မြတ် (ရှမ်းပြည်နယ် ဝန်ကြီးချုပ်) | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး နှင့် သန်းခေါင်စာရင်းကိစ္စ ဆွေးနွေးခဲ့ကြသည်။ |
| ၅၈ | ၈/၁၀/၁၃ | မြစ်ကြီးနား | KIO | ကြိုတင်ပြင်ဆင်မှု (သဘောတူညီချက်) | ဦးဆွမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဂွမ်မော် | ဦးအောင်မင်း၊ ဗိုလ်ချုပ်ကြီး မြင့်စိုး | ကုလ၊ တရုတ် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစု၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ ကိုယ်စားလှယ်များ |
| ၅၉ | ၁၄/၁၀/၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | TNLA | အလွတ်သဘော ဆွေးနွေးမှု | ဒု-ဗိုလ်မှူးကြီး တာအိုက်ဘုန်း | MPC နည်းပညာအဖွဲ့ | အပစ်အခတ်ရပ်စဲရေးကိစ္စ ဆွေးနွေး |
| ၆၀ | ၁၉/၁၀/၁၃ | နေပြည်တော် | KNU | ပုံးပေါက်မှုကိစ္စ | ဖဒိုမန်းငြိမ်းမောင် | ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီနှင့် ဗိုလ်ချုပ်သက်နိုင်ဝင်း | |
| ၆၁ | ၂၁/၁၀/၁၃ | လွိုင်ကော် | KNPP | ပြည်ထောင်စုအဆင့် (သဘောတူညီချက်) | ခူးဦးရယ်နှင့် ဗိုလ်ချုပ် ဘီထူး | ဦးအောင်မင်း၊ ဗိုလ်ချုပ် စိုးထွဋ် (အရှေ့ပိုင်းတိုင်း စစ် ဌာနချုပ်) | အချက် ၇ ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ |
| ၆၂ | ၄/၁၁/၁၃ | မြစ်ကြီးနား | NCCT | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး | လက်နက်ကိုင်အဖွဲ့ ၁၈-ခု | ဦးအောင်မင်း၊ ဦးသိန်းဇော် | မစ္စတာဗီဂျေး နမ်ဘီးယား နှင့် တရုတ် ကိုယ်စားလှယ်များ လေ့လာသူ တက်ရောက်သည် |
| ၆၃ | ၈/၁၁/၁၃ | ထားဝယ် | KNU | အလွတ်သဘော ဆွေးနွေးမှု | KNU တပ်မဟာ ၄ မှ ကိုယ်စားလှယ် ၆ ဦး | တိုင်းဝန်ကြီးချုပ် ဦးမြတ်ကို နှင့် တနင်္သာရီတိုင်း အစိုးရ အဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦး | |
| ၆၄ | ၈/၁၁/၁၃ | ရန်ကုန် | ALP | အလွတ်သဘော ဆွေးနွေးမှု | ခိုင်သုခ | MPC နည်းပညာအဖွဲ့၊ ဦးလှမောင်ရွှေ | |
| ၆၅ | ၈/၁၁/၁၃ | ရန်ကုန် | ABSDF | အလွတ်သဘော ဆွေးနွေးမှု | ကိုဆန်နီမဟိန္ဒာ | MPC နည်းပညာအဖွဲ့၊ ဦးလှမောင်ရွှေ | |
| ၆၆ | ၉/၁၁/၁၃ | ရန်ကုန် | ABSDF, ALP | အလွတ်သဘော ဆွေးနွေးမှု | ကိုဆန်နီမဟိန္ဒာ (ABSDF) နှင့် ခိုင်သုခ (ALP) | MPC နည်းပညာအဖွဲ့၊ | |
| ၆၇ | ၁၄/၁၁/ ၁၃ | လွိုင်ကော် | KNPP | အလွတ်သဘော ဆွေးနွေးမှု | ခူးဦးရယ် | ကယားပြည်နယ် ဝန်ကြီး | |
| ၆၈ | ၂၀/၁၁/ ၁၃ | နေပြည်တော် | ABSDF | ပြည်ထောင်စု အဆင့် | ကိုသံခဲ | ဦးအောင်မင်း | |
| ၆၉ | ၂၂/၁၁/ ၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | NCCT နိုင်ငံရေး ပါတီများ | အလွတ်သဘော တွေ့ဆုံမှု | ဗိုလ်ချုပ်ဂွမ်မော်၊ NCCT ခေါင်းဆောင် များ နှင့် ရန်ကုန်မှ နိုင်ငံရေးပါတီများ | MPC မှ ဦးညိုအုန်း မြင့် | နိပ္ပန်ဖောင်ဒေးရှင်း မှ ယိုပေး ဆာဆာကာဝါ |
| ၇၀ | ၂၃/၁၁/ ၁၃ | ရန်ကုန် | UNFC | ချစ်ကြည်ရေး | နိုင်ဟံသာ၊ ဦးအေဘယ်တွဒ်၊ ဒေးဗစ်သာကပေါ | ဦးအောင်မင်း | နိပ္ပန်ဖောင်ဒေးရှင်း မှ ယိုပေး ဆာဆာကာဝါ |
| ၇၁ | ၁၅/၁၂/ ၁၃ | ရန်ကုန် | NCCT | တစ်နိုင်ငံလုံး အပစ် ရပ်စဲရေး | NCCT မှ ခေါင်းဆောင် များ | ဦးအောင်မင်း | တစ်နိုင်ငံလုံး အပစ်ရပ်ရေးတွင် စာချုပ်မူ (single text document) ဖြစ်စေရန် ဆွေးနွေးကြ သည်။ |
| ၇၂ | ၁၈/၁၂/ ၁၃ | တောင်ငူ | KNU | ပုံးပေါက်ကွဲမှုကိစ္စ | ဗိုလ်မှူးစောရော်ဂျာခင် (ကာကွယ်ရေးဌာန) | နယ်စပ်ရေးရာ လုံခြုံ ရေးမှ အရာရှိများ နှင့် ရဲအရာရှိများ | ပုံးများ ပေါက်ကွဲမှု နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ |
| ၇၃ | ၂၉/၁၂/ ၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | NCCT | အလွတ်သဘော တွေ့ဆုံမှု | NCCT ခေါင်းဆောင် များ | ဦးအောင်မင်း | တစ်နိုင်ငံလုံး အပစ်ရပ်ရေးတွင် စာချုပ်မူ (single text document) ဖြစ်စေရန် ဆွေးနွေးကြသည်။ |
| ၇၄ | ၃၀/၁၂/၁၃ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | RCSS | အလွတ်သဘော တွေ့ဆုံမှု | RCSS မှ ကိုယ်စားလှယ် ၅ ဦး | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်း ကော်မီတီ | |

နောက်ဆက်တွဲ ၂ - အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ၂၀၁၃ တွင် တွေ့ဆုံမှု စုစုပေါင်း (စာမျက်နှာ ၂)

# နောက်ဆက်တွဲ ၂ - တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် ၁၁ ချက်

update: http://www.knuhq.org/statements/11-Point%20Laiza%20Agreement%20-%20Eng.pdf

**တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ ဘုံရပ်တည် ချက်**

**အဖွင့်စကား** (အတည်ပြုချက် ရယူရန်)

**၁။ အခြေခံမူများ**

- ၁။ ၁။ ငြိမ်းချမ်းရေးသို့ ဦးတည်ခြင်း
- ၁။ ၂။ ပင်လုံစာချုပ်ကို အသိအမှတ်ပြုခြင်း
- ၁။ ၃။ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု
- ၁။ ၄။ (အနာဂတ်) ဖက်ဒရယ် တပ်မတော် ဖွဲ့စည်းခြင်း
- ၁။ ၅။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း
- ၁။ ၆။ တန်းတူညီမျှမှု
- ၁။ ၇။ အင်အားစုအားလုံး ပါဝင်နိုင်ခြင်း (Inclusiveness)
- ၁။ ၈။ ညှိနှိုင်းသဘောတူညီမှု
- ၁။ ၉။ ပူးတွဲ အကောင်အထည်ဖော်ခြင်း
- ၁။ ၁၀။ ပွင့်လင်းမြင်သာခြင်း နှင့် တာဝန်ယူ တာဝန်ခံခြင်း

**၂။ ဦးတည်ချက်များ**

- ၂။ ၁။ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန်
- ၂။ ၂။ တိုက်ရိုက် ရန်လိုတိုက်ခိုက်နေမှုများကို ရပ်ဆိုင်းရန်
- ၂။ ၃။ နှစ်ဖက် အပြန်အလှန် သဘောတူညီထားသည့် စစ်ရေးကျင့်ထုံးများအတိုင်း လိုက်နာစေရန်။
- ၂။ ၄။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ယခင် သဘောတူညီထားချက်များ အားလုံးကို အသိအမှတ်ပြုရန်နှင့် ငြိမ်းချမ်းရေးသို့ ဦးတည်စေမည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ် ရန်။
- ၂။ ၅။ အကျယ်အပြန့်သော နိုင်ငံရေးဆွေးနွေးမှုများ ပြီးသည့်နောက်၊ တိုင်းရင်းသားပြည်နယ်များကို အခြေပြုထားသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်။

**၃။ ဘုံ လမ်းပြမြေပုံတစ်ရပ် ရေးဆွဲရန်** (ညှိနှိုင်းဆွေးနွေးရန်)

- ၃။ ၁။ အင်အားစုအားလုံး ပါဝင်နိုင်သည့် "နိုင်ငံအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု" အခြေခံမူဘောင်တစ်ခု ကို ညှိနှိုင်းရန်
- ၃။ ၂။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း
- ၃။ ၃။ နိုင်ငံအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်။
- ၃။ ၄။ အမျိုးသားညီလာခံ တစ်ရပ်ကို ပင်လုံစိတ်ဓါတ်၊ အခြေခံမူများနှင့်အညီ ပြည်ထောင်စု သဘောတူညီ ချက် လက်မှတ်ရေးထိုးနိုင်ရန် အတွက် ကျင်းပခြင်း။
- ၃။ ၅။ ပြည်ထောင်စု သဘောတူညီချက်ကို အသိအမှတ်ပြုရန်

၃။ ၆။ ပြည်ထောင်စု သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်။

**၄။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ထည့်သွင်းရမည့် အခြေခံ ပြဿနာကိစ္စများ** (ညှိနှိုင်းဆွေးနွေးရန်)

၄။ ၁။ စစ်ရေးကိစ္စများ

၄။ ၂။ ဆက်ဆံရေးရုံး ကိစ္စများ

၄။ ၃။ နိုင်ငံအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် သဘောတူညီချက်များ

၄။ ၄။ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခြေခံမူဘောင်ကို အသိအမှတ်ပြုခြင်း

၄။ ၅။ အရပ်သားများကို ကာကွယ်ပေးခြင်း

၄။ ၆။ စစ်ဖက်ဆိုင်ရာ လိုက်နာရမည့် ကျင့်ထုံးများနှင့် ပတ်သက်၍ သဘောတူညီချက်

**၅။ အကောင်အထည်ဖော်ခြင်း** (ညှိနှိုင်းဆွေးနွေးရန်)

၅။ ၁။ အပစ်အခတ်ရပ်စဲရေးကို နှစ်ဖက်ပူးတွဲ ကြီးကြပ်စောင့်ကြည့်ရန် လုပ်ငန်းစဉ်

၅။ ၂။ နိုင်ငံရေး ဆွေးနွေးပွဲကို လမ်းညွှန်တည့်မတ်ရန် ပူးတွဲကော်မီတီ

၅။ ၃။ သီးခြားလွတ်လပ်သော လူ့အခွင့်အရေး ကော်မီတီ

၅။ ၄။ သဘောတူညီထားသည့် အချိန်ဇယား

**၆။ ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းများ**

၆။ ၁။ မှန်ကန်သည့် သဘောထားနှင့် ညှိနှိုင်းဆွေးနွေးရန် လိုလားမှု

၆။ ၂။ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်မှု

**၇။ မတရားအသင်းတွင် ထည့်သွင်းထားခြင်းမှ ပယ်ဖျက်ပေးရေး** (ဖော်ပြပေးရန်)

**၈။ အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းများ** (ညှိနှိုင်းဆွေးနွေးရန်)

**၉။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခြင်း**

**၁၀။ သဘောတူညီချက်ကို အသိအမှတ်ပြုခြင်း**

**၁၁။ အထွေထွေ**

ဘုံရပ်တည်ချက်အတိုင်း အတူတကွ အကောင်အထည်ဖော်သွားကြရန် အောက်ဖော်ပြပါ ခေါင်းဆောင်များက လက် မှတ်ရေးထိုးကြပါသည်။

**လက်မှတ်များ**

| စဉ် | အမည် | တာဝန် | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ခိုင်သုခ | အထွေထွေအတွင်းရေးမှူး | ရခိုင်လွတ်မြောက်ရေးပါတီ |
| ၂ | ဦးထွန်းဇော် | အထွေထွေအတွင်းရေးမှူး | ရခိုင် အမျိုးသားကွန်ဂရက် |
| ၃ | ဗိုလ်မှူးချုပ် ထွန်းမြတ်နိုင် | စစ်ဦးစီးချုပ် | ရခိုင်တပ်မတော် |
| ၄ | ပူး ဇင်ကျုံး | အထွေထွေအတွင်းရေးမှူး | ချင်း အမျိုးသား တပ်ဦး |
| ၅ | ဗိုလ်ချုပ် စောမိုးရှေ | ဒု-ဦးစီးချုပ် | ဒီမိုကရေစီ ကရင်အမျိုးသား အကျိုးပြု တပ်မတော် |
| ၆ | ခွန် အောဘယ်တွဒ် | ဥက္ကဋ္ဌ | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| ၇ | စောမူတူး စေးဖိုး | ဥက္ကဋ္ဌ | ကရင်အမျိုးသား အစည်းအရုံး |


| | | | |
|---|---|---|---|
| ၈ | ဗိုလ်မှူးကြီး စောကျော်ဒါး | အတွင်းရေးမှူး | KNU/KNLA ငြိမ်းချမ်းရေးကောင်စီ |
| ၉ | ကျားခွန်ဆာ | ဥက္ကဋ္ဌ | လားဟူ ဒီမိုကရက်တစ်အဖွဲ့ |
| ၁၀ | ဖုန်တော့ရှင် | | မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် |
| ၁၁ | နိုင်ဟံသာ | ဒု-ဥက္ကဋ္ဌ | မွန်ပြည်သစ်ပါတီ |
| ၁၂ | ခွန်မြင့်ထွန်း | ဥက္ကဋ္ဌ | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ |
| ၁၃ | ဗိုလ်မှူးကြီး တာအိုက်ဖုန်း | ဥက္ကဋ္ဌ | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး |
| ၁၄ | စဝ်ခွန်ဆိုင်း | အထွေထွေ အတွင်းရေးမှူး | ရှမ်းပြည်တိုးတက်ရေးပါတီ |
| ၁၅ | တာ့ မဟာ | ဒု-ဥက္ကဋ္ဌ | ဝအမျိုးသား အဖွဲ့ချုပ် |
| ၁၆ | ဇောင်းဟာရာ | ဥက္ကဋ္ဌ | ကချင် လွတ်မြောက်ရေးအဖွဲ့ |
| ၁၇ | ဗိုလ်ချုပ်ကြီး အင်ဘန်လ | ဥက္ကဋ္ဌ | ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ် ကောင်စီ (UNFC) |

*မှတ်ချက် - သျှမ်းပြည် ပြန်လည်တည်ဆောက်ရေး ကောင်စီ (RCSS) က ဘုံရပ်တည်ချက်များနှင့် ပတ်သက်၍ အပြည့်အဝ သဘောတူညီသော်လည်း၊ လက်မှတ်မရေးထိုးပါ။ အကြောင်းမှာ မကြာသေးမီကမှ အသစ်ဖွဲ့စည်းသည့် ရှမ်းပြည်နယ် ညီညွတ်ရေးကော်မီတီ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်) တွင် ယင်းက အဖွဲ့ဝင်ဖြစ်ပြီး၊ သဘောတူညီချက်ကို လက်မှတ်မရေးထိုးမီ ပြန်လည်တင်ပြ အတည်ပြုစရာ ရှိသောကြောင့် ဖြစ်ပါသည်။*


**လေ့လာသူများ**

၁။ ဦးဟန်ညောင်ဝေ၊ ဥရောပ-မြန်မာရုံး
၂။ ယုဇော်ခေါင်၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့
၃။ အင်ရှန် စန်းအောင်၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့

## နောက်ဆက်တွဲ ၃ - တိုင်းရင်းသားလူမျိုးများ ပူးပေါင်းဆောင်ရွက်မှု အလုပ်အဖွဲ့ (WGEC) ၏ အခြေခံမူဘောင်




## ပင်လုံ ၂ နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ ဖွဲ့စည်းပုံများ



# ပင်လုံ ၂ လမ်းပြမြေပုံ

**၇** — ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်အား ဆက်လက်ကျင်းပသွားရန်။

**၆** — ၂၀၁၅ — ရွေးကောက်ပွဲ

**၅** — ဒီဇင်ဘာ ၂၀၁၄ — ပြည်ထောင်စု သဘောတူညီချက်

**၄** — ဇန်နဝါရီ/ ဒီဇင်ဘာ ၂၀၁၄

## ပင်လုံပြည်ထောင်စုညီလာခံ

- ညီလာခံသည်တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်၏ အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ ကျယ်ပြန့်သော ပါဝင်မှုရှိစေရမည်။ (အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားများ၊ အတိုက်အခံနှင့်ဒီမိုကရေစီ အင်အားစုများမှ ၃၀၀ ကျစီ၊ စုစုပေါင်း ၉၀၀ ပါဝင်တက်ရောက်မည်။)
- ပင်လုံပြည်ထောင်စုညီလာခံတွင် ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းပေးနိုင်မည့် ပြည်ထောင်စုသဘောတူညီချက် မူကြမ်းရေးဆွဲမည်။

**၃** — ဒီဇင်ဘာလ ၂၀၁၃

### CEASEFIRE PROCESS

**နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများ**

**လက်နက်ကိုင်အဖွဲ့ အစည်းများအား လေ့လာစောင့်ကြည့်သည့် ပြည်နယ်နှင့် ဒေသဆိုင်ရာ ပူးတွဲကော်မတီများ**

**အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ၊ ထိုကော်မတီမှ** အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာများအား အကောင်အထည်ဖေါ်ခြင်းကို ကြီးကြပ်ရန်။

**လူ့အခွင့်အရေး ကော်မတီ**

ထိုကော်မတီမှ ဒေသဆိုင်ရာ လွတ်လပ်သည့် အစီအရင်ခံစာများ ထုတ်ဝေခြင်း၊ လူ့အခွင့်အရေး ဆိုင်ရာနှင့် လူသားချင်း စာနာထောက် ထားရေးဆိုင်ရာ ဥပဒေများ ချိုးဖောက်ခြင်း စောင့်ကြည့်ခြင်း တို့ ပြုလုပ်မည်။

### ငြိမ်းချမ်းရေး ဖြစ်စဉ်

**ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာ ငြိမ်းချမ်းရေး လေ့လာစောင့် ကြည့်ရေး ကော်မတီများ**

**ပြည်နယ်နှင့်တိုင်းဒေသ ပူးတွဲကော်မတီများ**

ဖွံ့ဖြိုးရေး၊ လူသားချင်း စာနာထောက်ထား ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်ရန်။

**ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲ အတွင်းဝန်များ**

တာဝန်များမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖေါ်ခြင်းကို ကြီးကြပ်ရန်၊ ဖြစ်ပေါ်လာသော ပြဿနာများဖြေရှင်းခြင်းနှင့် ကြိုတင် ကာကွယ်ခြင်း၊ လူသားချင်းစာနာထောက် ထားခြင်းဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများ၊ နိုင် ငံရေးတွေ့ဆုံဆွေးနွေးခြင်းနှင့် ပြုပြင်ပြောင်း လဲရေးဖြစ်စဉ်များ ဖြစ်မြောက်စေရေးအတွက် ပြင်ဆင်ခြင်း၊ ပြည်နယ်တိုင်းဒေသ ငြိမ်းချမ်းရေး နှင့်လေ့လာစောင့်ကြည့်ရေး ကော်မတီများအား ထောက်ပံ့ရန်တို့ဖြစ်သည်။

### တွေ့ဆုံဆွေးနွေးရေး ဖြစ်စဉ်

**လုပ်ငန်းအဖွဲ့များနှင့် ဆွေးနွေးမည့် အကြောင်းအရာများဆိုင်ရာ ကော်မတီများ**

ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နောက်ခံသမိုင်းကြောင်းများ လေ့လာပြုစုခြင်း၊ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်ရန်။

**တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီနှင့် အတွင်းဝန်များရုံး**

ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နောက်ခံသမိုင်းကြောင်းများ လေ့လာပြုစုခြင်း၊ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်ရန်။

**အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင် ကော်မတီ**

အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အတိုက်အခံနှင့်ဒီမိုကရေစီအင်အားစုများမှ ထိပ်သီးခေါင်းဆောင် ၂၈ယောက်စီပါဝင်သည်။

အဓိကတာဝန်များမှာ ဆုံးဖြတ်ချက်များအတွင် ပြင်ဆင်ပေးခြင်း၊ ပင်လုံညီလာခံမှ သဘောတူညီ ချက်များ ရရှိရန်အတွက် တင်သွင်းမည့် အဆိုပြုလွှာများအား စုစည်းပေးခြင်း။

**၂**

## ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲ ထိပ်သီး ကော်မတီ

သဘောတူညီချက်တွင် လက်မှတ်ရေးထိုးသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။
တာဝန်များမှာ အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ၊ ပူးတွဲ ငြိမ်းချမ်းရေး အတွင်းဝန်များနှင့် အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဆိုင်ရာ ပူးတွဲကော်မတီများအား ခန့်အပ်ခြင်း။

**၁** — မေလ ၂၀၁၃

## တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်

အစိုးရနှင့် စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားများ၊ အတိုက်အခံနှင့် ဒီမိုကရေစီအင်အားစုများမှ ထိပ်သီးခေါင်းဆောင်းများမှ လက်မှတ်ရေးထိုးရမည်။